
www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


သူတို့အရေး
၄။ ဒေအာင်သန်းထွန်း

ရွှေချစ်သူမှ ရွှေချစ်သူသို့
၁၀။ ဝင်းငြိမ်း

ရွှေမင်းသား၊ ရွှေမင်းသမီး
၁၆။ ဝင်းငြိမ်း
စိတ်ကြိုက်တွေနဲ့
ခြေလှမ်းမယ့် နေမင်း

One Minute Interview
၂၄။ နှင်းဝတ်ရည်ထက်
ကိုရွှေ၊ နိုင်မြင့်၊ ပန်းရိပ်ဖြူ၊
ရွှေသင်၊ မာန်(တောင်လုံးပြန်)၊
နော်(ကျောက်တိုင်)၊
မေ(လားရှိုး)

ရွှေအမှတ်တရ
ဝင်းငြိမ်း ၅၆။
နဝမအကြိမ်မြောက်
ရွှေအမြုတေစာပေဆု

လူမှုစိန်းကျင်
ဝင်းငြိမ်း ၈၂။
အသက်ရှည်ချင်လို့
စွန့်လွှတ်ခဲ့တာပါဆိုတဲ့
မောင်ယဉ်တွေ

ရွှေရှမ်ရှင်
လင်းမိုင်ဦး ၄၄။
ရန်ကုန်တက္ကသိုလ်မှာ
ရိုက်တဲ့
မာလာဆောင်က ချစ်ပုံပြင်
မိုးကျော်ထွန်း ၅၀။
နင်စေရင်
မိုးကျော်ထွန်း ၇၆။
ဒုတိယမြောက်
ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း

နိုင်ငံတကာစာမျက်နှာ
ဒေါ်နည်းညီမ်း ၃၈။
အင်္ဂလိပ်နားဂျူလီနှင့်
တွေ့ဆုံခြင်း

ရွှေနှလုံးသား
၁၈။ ဆေးဆေး
ပျော်ရွှင်ခြင်း
ငှက်ကလေးများ

ရွှေဝတ္ထု
၁၂၄။ မြစ်ကျိုးအင်း
မျှော်လင့်ခြင်းကို
မှုးတဲ့ညနေ
၁၃၀။ မှူးဆက်ပိုင်၊ ရွှေတောင်၊
ဒို့အမျိုးစာနည်
ပီပါပေသည်
၁၄၀။ မြင့်သန်း
နိယာမကျောင်းထွက်တို့၏
နောက်ဆုံးမိတ်ဆုံစားပွဲ
၁၆၂။ မကျည်းတာန်
(မြို့ငကော်)
ကာရန်လွဲသံစဉ်
ပိုးကြိုးမျှင်
၁၈၀။ ကျော်ညိုလှိုင်
(ကျော်ဆက်)
ညဥ့်ဦးယံ၊
သန်းခေါင်ယံ
လင်းကြက်တွေ
တွန်သော်လည်း
၁၈၈။ ကျွဲရှုံးပို့
(ပိုးမွှားရေးအကျူးပိုက်)
တစ်ထွာတစ်မိုက်မျှသာ
ရှိသော်လည်း
၂၁၂။ ပန်းရေကျိုး (ပိုးလှုက်)
ပန်းတိုင်းဆိုလည်း
ပဒိုင်းမရှယ်

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
၁၀၂။ ကြူကြူသင်း
ချစ်ပီတောက်ဦး
၁၁၆။ မောင်သော်က
ခဲချက်ပုံကြမ်း




www.burmeseclassic.com

www.burmeseclassic.com





**ရွှေအသစ်**

.................... ၂၂၈
.................... ၂၃၄
.................... ၂၄၀
.................... ၂၄၆

**ရွှေဝတ္ထုရှည်စ/ဆုံး**

[illegible] ၁၅၂
အုတ်နံရံပေါ်က
ရေးထားတဲ့စာ

[illegible] ၂၀၀
[illegible]
ချစ်ကြွေး
ကူညီဆပ်လိုသည်

**ရသစာတမ်း**

[illegible] ၁၉၄
[illegible]
အဆင်းရထား

**ရွှေအခန်းဆက်ဝတ္ထုရှည်**

[illegible] ၂၅၂
တောမင်းသမီး

**ရွှေသုတ**

၉၆ [illegible]
စာကောင်းကင်က
လင်းလက်ကြယ်

၁၃၆ [illegible]
[illegible]
'ဗုဒ္ဓေါ...ဗုဒ္ဓေါ...
အိုးတုတ်နှင့်မျှော'
ရှင်းတမ်း

၁၄၈ [illegible]
စကားသမုဒ္ဒရာထဲမှာ(၂)

၁၆၈ [illegible]
လက်ဝဲသုန္ဒရ၊
မဲဇာရွှေလီနှင့်
အော်ခက်စတြာ

၂၁၀ [illegible]
အမြန်လမ်းမကြီး၊
ရွှေအမြုတေစာပေဆုပေးပွဲ၊
ပဋ္ဌာန်း၊
ပရိတ်ကြီး ၁၁ သုတ်နှင့်
ကျွန်မ



Email :
nyeinfamily@gmail.com

E-mail :
zabutalu@gmail.com
Available at :
iTune Store



www.burmeseclassic.com

www.burmeseclassic.com

# သရုပ်ဆောင် ဆုရှွန်းလဲ့ ထိမ်းမြားမင်္ဂလာဆောင်နှင်း

စင်ကာပူနိုင်ငံမှာ နေထိုင်တဲ့ ဇေယျာဝင်းနဲ့ သရုပ်ဆောင် ဆုရှွန်းလဲ့တို့ရဲ့ မင်္ဂလာညှော်ခံပွဲကို ဇွန်လ ၅ ရက်နေ့ မနက် ၉ နာရီအချိန်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

❑



ပန်းမယ်လေးတို့ ဦးဆောင်ပြီး မင်္ဂလာအခမ်းအနား ပြီးပြီး
မင်္ဂလာမောင်နှံတို့ ဝင်ရောက်လာခဲ့ပါတယ်

မိုးဒီနွမ်းဝေ၊ ခင်မြတ်မော်မြင့်နဲ့ ဆုပန်ဒွါတို့ကလည်း
မင်္ဂလာပွဲသို့ လာရောက်ချီးမြှင့်ခဲ့ပါတယ်

ခင်လေးနွယ်နှင့် မေကဗျာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



အကယ်ဒမီ (ဒေါ်)မြတ်မွန်

# သူတို့အကြောင်း



## ရုပ်ရှင်သရုပ်ဆောင် ပြန်လုပ်ဖြစ်တဲ့ အကယ်ဒမီ မြတ်မွန်

စာရေးဆရာကြီး ဒါရိုက်တာ ဦးသာဓု ရိုက်ကူးခဲ့တဲ့ ကကြိုးရေကာ ဇာတ်ကားနဲ့ ရုပ်ရှင်လောကကို ဝင်ရောက်ခဲ့ပြီး သရုပ်ဆောင် ထူးချွန်ဆု ဆွတ်ခူးခဲ့တဲ့ ဒေါ်မြတ်မွန်က သရုပ်ဆောင် ဒါရိုက်တာ လူမင်း ရိုက်ကူးတဲ့ နှီဒီလူး ရုပ်ရှင်ဇာတ်ကားမှာ ပြန်လည် သရုပ်ဆောင်ခဲ့တယ်လို့ သိရပါတယ်။ ☐

## အွန်လိုင်းမှ သီချင်းများ ဝယ်ယူနိုင်

ဒေါက်တာ ကိုကိုလွင် တည်ထောင်ထားတဲ့ Myanmar Music Store မှ ကြိုက်နှစ်သက်ရာ မြန်မာသီချင်းများကို ထွက်ရှိတဲ့အချိန်နဲ့ တစ်ပြေးညီ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ PARK ROYAL Hotel မှာ ကျင်းပတဲ့ စာနယ်ဇင်းရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ စီးရီးများကို အယ်လ်ဘမ်အလိုက်ဖြစ်စေ တစ်ပုဒ်ချင်းဖြစ်စေ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ အင်တာနက် ဆက်သွယ်မှုရှိတဲ့ ဘယ်နေရာကမဆို ဝယ်ယူနိုင်မှာဖြစ်ပြီး ငွေပေးချေမှုစနစ်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အသုံးပြုနေတဲ့ ငွေချေစနစ်များနဲ့ ပေးချေနိုင်မှာ ဖြစ်ပါတယ်။ ☐



Myanmar Music Store စာနယ်ဇင်းရှင်းလင်းပွဲ တက်ရောက်လာကြသူများ

www.burmeseclassic.com

www.burmeseclassic.com




## ပြည်သူ့ဂုဏ်ရည်ဆု ပေးပွဲကျင်းပ

မြန်မာနိုင်ငံ ပြင်ပကို ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားများက ပြည်တွင်းမှာ လူမှုရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ လုပ်ဆောင်နေတဲ့ ပုဂ္ဂိုလ်များအား ပြည်သူ့ဂုဏ်ရည်ဆုအမည်နဲ့ ချီးမြှင့်နေခဲ့တာ ပဌမအကြိမ်သို့ တိုင်ခဲ့ပါပြီ။

မူလက အမေရိကန် ပြည်ထောင်စုသို့ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားများသာ စုစည်းချီးမြှင့်ကြတာ ဖြစ်ပေမဲ့ ယခု ကိုရီးယား၊ အင်္ဂလန် အစရှိတဲ့ နိုင်ငံများသို့ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားများပါ ပါဝင်လာပြီဖြစ်ပါတယ်။

ပဌမအကြိမ်မြောက် ပြည်သူ့ဂုဏ်ရည်ဆုပေးပွဲကို ဇွန်လ ၁ ရက်နေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ တော်ဝင်နှင်းဆီခြံမှာ ကျင်းပခဲ့ရာ ပြည်သူ့ဂုဏ်ရည်ဆုကို ဆရာမ သန်းမြင့်အောင်၊ အထူးဆုများကို One More အဖွဲ့၊ ပန်းစကားအဖွဲ့နဲ့ ခင်နှင်းကြည်သာတို့ကို ချီးမြှင့်ပေးခဲ့ပါတယ်။ ❑

## ရမ္မက်ဇောကို အဆက် ဖြတ်

ရွှေအမြုတေမဂ္ဂဇင်းမှာ ဆရာ ဝင်းငြိမ်း ဘာသာပြန်ဆို ဖော်ပြနေတဲ့ **ရမ္မက်ဇော** အခန်းဆက်အတ္ထုပ္ပတ္တိက အခန်း ၈ ပြီးဆုံးတဲ့အထိ ၁၇ လ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ နောက်ထပ် ၁၇ လစာ လောက် ကျန်နေသေးတဲ့အတွက် ဆရာ ဝင်းငြိမ်းက အခန်းဆက်အဖြစ် ဖော်ပြရမှာကို စာဖတ်ပရိသတ်အား အားနာတဲ့အတွက် လုံးချင်းအဖြစ်သာ ထုတ်ဝေဖို့ ဆုံးဖြတ်လိုက်ပြီး ဆက်လက် မဖော်ပြတော့ပါဘူး။ ❑



အဲလစ်ဇဘက်တေလာနဲ့ ရစ်ချတ်ဘာတန်



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာသတို့သား အောင်မျိုးသူနဲ့
မင်္ဂလာသတို့သမီး လှမျိုးသဉ္ဇာနွယ်


# သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ် ထိမ်းမြားမင်္ဂလာ ဆောင်နှင်း

ဗိုလ်ကြီး အောင်မျိုးသူ နဲ့ သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်တို့ရဲ့ မင်္ဂလာဧည့်ခံပွဲကို မေလ ၃၀ ရက်နေ့ မနက် ၉ နာရီအချိန်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆိပ်ဒိုးနားဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

□


www.burmeseclassic.com

www.burmeseclassic.com






မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင် ဦးနှင်းမိုး




မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင် ဦးအောင်မြင့်မြတ်

## ၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု

၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်း အရုံးမှ တာဝန်ယူ ကျင်းပသွားမှာဖြစ်တဲ့အတွက် ပထမ ဆုံးအကြိမ် အစည်းအဝေးကို ဇွန်လ ၃ ရက်နေ့ မနက် ၁၀ နာရီအချိန်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှာ ကျင်းပခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း ရုံ တင်ပြသခဲ့တဲ့ မြန်မာရုပ်ရှင်ကား ၁၄ ကားရှိတယ်လို့ သိရပါတယ်။ ❑

## မေမြတ်နိုးကို ပွဲဦးထွက် ကြော်ငြာရိုက်မယ့် ဒါရိုက်တာ

Asia Pacific အလှမယ် ပြိုင်ပွဲမှာ အမြင့်ဆုံးဆုဖြစ်တဲ့ အလှမယ်သရဖူရယူခဲ့တဲ့ မေမြတ်နိုးကို ဒါရိုက်တာ စင်ရော်မောင်မောင်က ပထမဦးဆုံး ကြော်ငြာကို မန္တလေး မြို့မှာ ဇွန်လ ၁၇ ရက်နေ့က စတင် ရိုက်ကူးမယ်လို့ သိရပါတယ်။ မန္တလေးမြို့မှ ရွှေနဂါးမင်း ရွှေဆိုင်ကြော်ငြာဖြစ်တယ်လို့ ဆိုပါတယ်။


■ အောင်သန်းထွန်း



www.burmeseclassic.com



ဆင်ဆေဝင့်ကျော်　　စန္ဒီမြင့်လွင်



ဦးလေးငြိမ်း…

မတ်၊ ဧပြီထုတ် ရွှေတွေကိုဖတ်ပြီး ပြောချင်တာတွေက တော့ အများကြီးပါပဲ။ ဆရာ နန္ဒာကိုး(ဆင်ဖြူကျွန်း)ရဲ့ ကြောင်ရုပ်ကလေးရဲ့ ရာဇဝင် က ယနေ့ခေတ် ရှေ့နေ၊ တရားသူကြီးတွေရဲ့ ပုံရိပ်တွေကို ထင်ဟပ်စေပါတယ်။ တရားသူကြီးတွေ တရားမရှိတော့တဲ့အခါ ပြည်သူလူထုရဲ့ အားကိုးစရာက အရှုံ တရား မဟုတ်တော့တဲ့ အာဏာနဲ့ငွေ ဖြစ်လာပါတယ်။ တရားသူကြီးတွေ သေတဲ့အခါ အများစုက ပြိတ္တာဘဝ ရောက်ကြတယ်ဆိုတဲ့စကား ကျွန်တော် အကြွင်းမဲ့ ယုံတယ် ဦးလေး။ ဆရာမ ယုယရဲ့ သေးစိုးသောလက်က ကြည်နူးစရာ ကောင်းသလောက် ဆရာ ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)ရဲ့ သူညဝါး ချွေးနှင့် အစေအပါးကတော့ တပည့်ဆိုးတစ်ယောက်ရဲ့ လက်အောက်ခံဘဝ ပြန်ရောက်ရမယ့် ဆရာတစ်ယောက်ရဲ့ဘဝက ရှေ့ဆက်တွေးရင် ရင်မောစရာပါ။ ဆရာမ ပန်းရိပ်ဖြူရဲ့ ရေခဲပန်းပုနဲ့ ဆရာ လူခါးရဲ့ မြစ်လက်တက်များကိုလည်း သဘောကျပါတယ်။ ကျွန်တော့်စိတ်ထဲ ဆရာ လူခါးက စာပေလောကထဲ ဝင်လာတာ မကြာသေးတဲ့ ပါရမီရှင်တစ်ယောက်လို့ ထင်ပါတယ် ဦးလေး။

ဧပြီလရွှေမှာ ဆရာ မြတ်သူ့ကိုင်းသွင်ရဲ့ ဝတ္ထုကို ပြန်လည်ဖော်ပြပေးတဲ့အတွက် ရွှေကို ကြည်ညိုလေးစားမိပါတယ်။ ဆရာ မောင်သန်းဆွေ(ထားဝယ်)ရဲ့ ဘုန်းကြီးပျံမှင့် ယောင်ကျူးခြင်း အနုပညာက မှတ်သားဖို့ ကောင်းပါတယ်။ ကောလင်းကိုကိုလတ်ရဲ့ ဓာစ်ဘွတ်မ်ယဉ်ကျေးမှုက ကျွန်တော်တို့ကို သတိပေးနေသလိုပါပဲ။ ဖတ်ရခဲ့တဲ့ ဆရာ ဝင်းဦးရဲ့ ဝတ္ထုကို ဖတ်ရတဲ့အတွက် ကျေးဇူးပါ။ ဆရာ မောင်နှင်းပန်း၊ ဆရာ ညီငယ်လေးတို့ရဲ့ ဝတ္ထုရှည်တွေကိုဖတ်ရတာ နွေပူပူမှာ အဲယားကွန်းဖွင့်ထားတဲ့အခန်းထဲဝင်ပြီး အိပ်လိုက်ရသလို အရသာရှိလိုက်တာ။

ဦးလေးရေ… မကြာသေးခင်က စာရေးဆရာတချို့



www.burmeseclassic.com

www.burmeseclassic.com






မြင့်မြတ်  နှင်းသူဇာနဲ့ နန်းမြတ်ဖြိုးသင်း

စာပေဟောပြောခွင့် ပိတ်ပင်ခံရတဲ့အကြောင်းတွေ ကြားရတာ စိတ်မကောင်းစရာပါ။ ဒီပြဿနာတွေမှာ လက်ရှိအစိုးရရဲ့ ကိုင်တွယ်ဖြေရှင်းပုံတွေက ဒီမိုကရေစီနဲ့ ကျွန်တော်တို့နိုင်ငံဟာ လုံးဝ မသက်ဆိုင်သေးကြောင်း ပြသနေသလိုပါပဲ။ မကြာခင်မှာ ကျင်းပတော့မယ့် ရွှေဆုပေးပွဲက ကျွန်တော့်ခန့်မှန်းချက်တွေနဲ့ တိုက်ဆိုင်နေမလားဆိုတာ ရင်ခုန်စွာ စောင့်ကြည့်နေမိပါတယ်။

ဦးလေးငြိမ်းနှင့် ရွှေအဖွဲ့သားအားလုံး ကျန်းမာပျော်ရွှင်ကြပါစေ။

နေလင်းထွေး၊ချောင်းဦး၊

*စာပေလွတ်လပ်ခွင့်ဆိုတာ ကျွန်တော်တို့ အပြည့်အဝ ခံစားရသေးတဲ့ အခွင့်အရေးတစ်ခုပါ။ မသေခင်မှာတော့ လွတ်လပ်ခွင့် အပြည့်အဝရတာကို မြင်သွားချင်ပါသေးတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ စာရေးသူများဘက်ကလည်း စည်းကမ်းရှိဖို့တော့ လိုပါလိမ့်မယ်။ ကိုနေလင်းထွေး ခန့်မှန်းတာ ဘယ်သူတွေလဲဆိုတာ မသိရပေမဲ့ အခု ပွဲသတင်းအပြည့်အစုံ ဖော်ပြပေးလိုက်ပြီဖြစ်လို့ တိုက်ဆိုင်မှုရှိမရှိ သိနိုင်ပြီဖြစ်ပါတယ်။*

❑

မင်္ဂလာပါ ဆရာ ဦးဝင်းငြိမ်းခင်ဗျား

စား၊ ဝတ်၊ နေ၊ ရေးဆိုတဲ့ ရေးလေးရေးကို ကြိုးစားအားထုတ်ရင်း အမောပြေအဖြစ် အပန်းဖြေရတာက ရွှေအမြုတေပါဆရာ။ ဘဝမှာ အပျော်ဆုံးနေ့ သုံးနေ့ဆိုပေမဲ့ အမှတ် ၂၉၂ (မတ်-၂၀၁၄) ရွှေအသစ်ကဏ္ဍမှာ မညီမျှသောမျဉ်းပြိုင်များနှင့်... ဝတ္ထုတို ရွေးချယ်ဖော်ပြခဲ့တာကြောင့် ကျွန်တော့်မှာတော့ အပျော်ဆုံးနေ့လေးနေ့ ဖြစ်ခဲ့ရပါပြီ။

ဆရာ(ဦး)မျိုးမြင့်ညိမ်း၊ ဆရာမ မသီတာ(စမ်းချောင်း)တို့က "ကျွန်တော်တို့က ရွှေစာမျက်နှာပေါ် နေရာပေးပြီးရင် အဲဒီစာရေးဆရာ၊ ဆရာမ ဘာတွေဆက်လုပ်နေပြီလဲဆိုတာ ရင်ခုန်စွာစောင့်ကြည့်နေတာပါ" ဆိုတဲ့ စကားကြောင့် ကလောင်ကို ကျစ်ကျစ်ပါအောင် ကိုင်မိဖို့ သတိတရ ဖြစ်မိရပါတယ်။

စာရေးဆရာကြီး(ဦး)မြသန်းတင့်ပြောသလို "စာရေးခြင်းအလုပ်ဆိုတာ ခဏတစ်ဖြုတ် လမ်းကြုံလို့ ဝင်လုပ်တဲ့အလုပ်မျိုး မဟုတ်" လို့ တစ်သက်လုံး ခံစားချက်ရှိနေသရွေ့ ရေးနေမှာပါလို့ ဆရာ၊ ဆရာမအား ပြန်ကြားလိုပါတယ်။ နောက်ပြီး ဆရာရေ ကျွန်တော့်ဝတ္ထုပါတဲ့ ၂၉၂ ကို အစအဆုံးဖတ်ကြည့်မိတော့ ဆရာရယ် ကျွန်တော့်ဝတ္ထုက အညံ့ဆုံးဖြစ်နေတယ်။ ဖတ်ရင်း ရှေ့မှာ ဘာလာမယ်ဆိုတာ သိနေလို့လားတော့ မသိဘူးပေါ့ ဆရာရယ်။ ဆရာတို့အဖွဲ့ မျက်စိမှားပြီးထည့်လိုက်သလားပင် အောက်မေ့မိပါတယ်။ ဆရာ မောင်အင်း(ဥတ္တံ)ရဲ့ ဇန်းရင်ကွဲ လောက် သဘောမကျမိပါဘူး။

လက်ဆောင်စာအုပ် လက်ထဲရောက်တော့လည်း ကျွန်တော့်ကိုယ် ကျွန်တော်သာ စာအုပ်ကို တသသ၊ တမြဲမြဲ လုပ်နေပေမဲ့ ဘယ်သူကမှ အရေးလုပ် ဝမ်းသာဟန်မပြ၊ သဘောကျ ဟန်မပြ၊ လယ်ကြားက ဟင်းရွက်တစ်ခါချက်ရခဲ့တာလောက်ပင် ဘဝင်မကျတတ်တဲ့ မိသားစုကြားနေရတာဆိုတော့ ဆရာရယ် တွေးသာ ကြည့်ပါတော့။ "ဒီစာချည်းပဲကြည့်မနေနဲ့" လို့ပင် အဆူခံရပါသေးတယ်။

နောက်ပြီး ရွှေကို လစဉ်ဖတ်ရဖို့ဆိုတာကလည်း ဖိုးကုန်းမြို့မှာက "စေတနာ" ဆိုတဲ့ စာအုပ်အငှားဆိုင်တစ်ဆိုင်ပဲ ရှိတာဆိုတော့ "လစဉ်တင်ပါ၊ လကျော်ရင် ကျွန်တော် ဝယ်ပါ့မယ်၊ ဘယ်သူ့မှ မရောင်းပါနဲ့" လို့ ခခယယ ပြောပြီး ဖတ်ရတာပါ။ လစဉ် စာအုပ်ဝယ်တိုင်းမှာလည်း အိမ်က "လုပ်ပြီ စာအုပ်ဝယ်လို့ကို မပြီးနိုင်ဘူး" လို့ အဆူခံရသေး။ တစ်ခါတလေ စေတနာက လအတော်ကြာမှ ရတော့ စာမူတွေကို (၂၁/၂၃) ပြောင်းပို့ရမယ့်အစား (၁၅၈/၁၆၈)ကို ပို့မိလို ပို့မိနေ။ ပြီးမှ သက်ပြင်းတွေ အခါခါချ။ အဆူတွေကလည်း ခံရတော့ မျက်ရည်တွေ အခါခါ ကျရပေါ့ဆရာရယ်။



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းစနိုင်သိန်း

ချမ်းချမ်း



ဘယ်လိုက ဘာပဲဖြစ်ဖြစ် 'တစ်လမှ တစ်ခါ၊ နှစ်လမှ တစ်ခါ မဂ္ဂဇင်းထဲမှာပါတဲ့ ကဗျာစာမူခနဲ့ ထမင်းမဝမှန်းသိပေမဲ့ နောက် မဆုတ်တတ်ကြတာ ကဗျာဆရာတွေပါ' ဆိုတဲ့ (ကဗျာရေးဆရာ အမည်ကတော့ ကျွန်တော့်၏မှတ်ဉာဏ် ညံ့ဖျင်းမှုကြောင့် မမှတ်မိ) ကဗျာလေးလိုပဲ ကျွန်တော့်ကိုယ် ကျွန်တော် အသည်းထဲ စွဲထားပါတော့တယ်ဆရာ။

စာရှည်တယ်လို့တော့ မထင်လိုက်ပါနဲ့ဆရာ။ ရင်ဖွင့်စရာဆိုလို့ ဆရာတို့ရဲ့ ရွှေချစ်သူကဏ္ဍလေးတစ်ခု ရှိလို့ပါ။

ဆရာ ဦးဝင်းငြိမ်းနှင့် ဝိုင်းတော်သူ ဝိုင်းတော်သားအားလုံး ကျန်းမာကြပါစေ…ဟု…။

**အောင်နန်းမွှေး၊သရက္ကွဲ၊**
**ကန့်ဘလူမြို့နယ်၊ သရက္ကွဲကြီးရွာ။**
**စစ်ကိုင်းတိုင်းဒေသကြီး။**

***ကိုယ်ချင်းစာပါတယ်ဗျာ။ စာဖတ်ချင်တဲ့သူကတော့ အခက်အခဲတွေ ဘယ်လောက်ပဲရှိရှိ စာကို ကြိုးစားပြီး ဖတ်မှာပါပဲ။ အခက်အခဲကြားက အားပေးနေတဲ့ ကိုအောင်နန်းမွှေးကိုလည်း ကျေးဇူးတင်ပါတယ်။***

❑

**ဆရာ ဦးဝင်းငြိမ်းရှင့်**

ကျွန်မက ရွှေအမြုတေမဂ္ဂဇင်းရဲ့ ပရိသတ်တစ်ယောက်ပါ။ ရွှေအမြုတေကို လတိုင်း ငှားပြီးဖတ်ပါတယ်။ အခု မေလထုတ် ဟိန်းဝေယံမျက်နှာဖုံးနဲ့ မဂ္ဂဇင်းကို ဖတ်ပြီးပါပြီ။ သူများတွေလို အကျိုးအကြောင်းဆီလျော်အောင် မရေးတတ်လို့ ပေးစာမရေးဖြစ်တာပါ။ အခုလထုတ် မဂ္ဂဇင်းထဲမှာ ဝတ္ထုကောင်းလေးတွေ တော်တော်များများပါတယ်။ အကြိုက်ဆုံးကတော့ **လရိပ်အောက်ကမိုးတိမ်၊ နှံသာကျွန်းက လွှမ်းပုံပြင်၊ ပက်ပက်စက်စက် နဲ့ အမိန့်** ဆိုတာလေးကို ကြိုက်ပါတယ်။ ပြီးတော့ ရှိမီယိုနဲ့ဂျူးလီယက်ဇာတ်လမ်းလေးကို ပြန်ဖတ်ရလို့ ပီတိဖြစ်ရပါတယ်။ ရှိမီယိုလုပ်တဲ့မင်းသား ဒေါက်ကာလပ်စ်



www.burmeseclassic.com

www.burmeseclassic.com





အိချောပို၊ Bunny Phyoe နဲ့ လွှမ်းပိုင်

ဘုတ်က အရမ်းချောတယ်နော်။ စွမ်းဇာနည်နဲ့တောင် တူသလိုလိုပဲ။

ဆရာရှင့်၊ ဆရာ့မဂ္ဂဇင်းက ကာဗာတွေမှာ မွေးနေ့ရှင် သရုပ်ဆောင်တွေကို လနဲ့တိုက်ပြီး တင်နေကျမို့ မနှစ်က ၈ လပိုင်းမှာ ကာဗာမတင်လိုက်ရတဲ့ စွမ်းကို ကာဗာတင်ပေးဖို့ တောင်းဆိုပါတယ်ရှင်။ ကျွန်မက စွမ်းရဲ့ပရိသတ်တစ်ယောက်မို့ ဩဂုတ်လတိုင်း စွမ်း ပါမပါ စောင့်ကြည့်နေကျပါ။ မနှစ်ကတော့ စွမ်းနဲ့ဆက်သွယ်မရလို့ မဂ္ဂဇင်းအဖုံး မရိုက်ရဘူးလို့ သိရပါတယ်။ အခုနှစ်တော့ ၈ လပိုင်းအမီ ဆက်သွယ်ပြီးတော့ ကာဗာတင်ပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ် ဆရာ။

ဆရာလည်း ကျန်းမာရေးအထူးကောင်းမွန်ပြီး စာပေတာဝန်တွေကို စိတ်ချမ်းသာစွာနဲ့ ဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်ဆရာ။

စွမ်းနဲ့အင်တာဗျူး ထည့်ဖြစ်ရင် ဖုန်းနံပါတ်နဲ့သူ့ရဲ့လိပ်စာလေးမေးပေးပါ ဆရာရှင့်။

ရွှေအမြုတေမဂ္ဂဇင်း ထာဝစဉ်တည်တံ့ပါစေ။

ရှိသေလေးစားစွာဖြင့်

**မပေါက်ပွင့်နီနီ**

**သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။**

***ဟုတ်ကဲ့ စွမ်းနဲ့ ဆက်သွယ်ထားပါတယ်။ ရှန်လအတွင်းမှာတော့ မော်လမြိုင်မှာ ရောက်နေပြီး မကြာခင် ရန်ကုန်ပြန်လာဖို့ ကိစ္စရှိတဲ့အတွက် သူ မရောက်ခင် သုံးရက်လောက်ကြိုပြီး ကျွန်တော့်ကို ဖုန်းဆက်သွယ်ပါမယ်လို့ ပြောထားပါတယ်။ ဒီနှစ်မှာတော့ စွမ်းရဲ့ပုံ ကြည့်ရမှာ သေချာသလောက်ရှိပါတယ်။***

❑

**ဦးဝင်းငြိမ်းခင်ဗျာ....**

ရွှေအသစ်များ ကလောင်အမည်အတွက် အကြံပေးချင်ပါတယ်။ အများလေးစားရတဲ့ ဆရာ၊ ဆရာမတွေနဲ့ အခြားအနုပညာသည်တွေကို ထိခိုက်ဖို့မရည်ရွယ်ပါ။ ကလောင်အမည်တွေမှာပါတဲ့ လက်သည်းကွင်းတွေအကြောင်းပြောချင်လို့ပါ။ ရွေးချယ်စာရင်းတွေ၊ ဝတ္ထုတိုစုစည်းမှုတွေကို ကြည့်ရင် လက်သည်းကွင်းအတော်များများ တွေ့ရပါတယ်။ လက်သည်းကွင်းထည့်ရတဲ့ ရည်ရွယ်ချက်ကို စဉ်းစားကြည့်ရင် ကလောင်အမည်တူမှာစိုးလို့ ကြိုတင်ပြီးခွဲခြားထားတာလို့ ထင်ပါတယ်။ အချို့ကတော့ အမည်တူရှိနှင့်နေပေမဲ့ အခြားအမည်မပြောင်းချင်တာကြောင့် နောက်ကတစ်ခုခု ထပ်ထည့်လိုက်တာပါ။ ဥပမာ ကိုနေဝင်း(မန္တလေး)၊ မေခလာ(စတီးရီယို) လိုမျိုးပေါ့။ ကျွန်တော့် သဘောအရဆိုရင်တော့ ဝင်းငြိမ်း၊ ဟိန်းလတ် စတဲ့အမည်တွေကို ဘယ်လောက်ပဲကြိုက်နေနေ၊ နောက်က လက်သည်းကွင်းနဲ့ တစ်ခုခုထပ်ဖြည့်ပြီး ကလောင်အမည်မယူသင့်ဘူး ထင်ပါတယ်။ ရွေးစရာ အများကြီးပါ။ အိချောပို၊ ထူးအိမ်သင်၊ ကောထန်မောရီရယ် စသဖြင့်သူများနဲ့ မတူအောင် ရွေးထားကြတာကို အတုယူစေချင်ပါတယ်။ ကိုယ် သိပ်ထည့်ချင်နေတဲ့ ဝိသေသရှိတယ်ဆိုရင်လည်း အမည်ရဲ့ ရှေ့ကထည့်တာ ပိုပြီးတော့များ မှန်သလားလို့ပါ။ ဥပမာ ဇန်းမော်တင်အောင်၊ လူထုဦးလှ၊ နန်းတော်ရှေ့ဆရာတင်၊ ဆရာဝန်တင်ရွှေ စသဖြင့်ပေါ့။ ဝိသေသနှစ်ခု၊ သုံးခုတောင် လက်သည်းကွင်းနဲ့ ထည့်နေကြတာလည်း တွေ့ရပါတယ်။ လက်သည်းကွင်းထဲမှာ ဘာထည့်ရင်ကောင်းမလဲလို့ အရင်စဉ်းစားနေတဲ့စာပေဝါသနာရှင်တွေနဲ့လည်း ကြုံဖူးပါတယ်။ မလိုအပ်ဘူး ထင်လို့ပါ။

**ဝင်းမြင့်(CE)**

***ကလောင်နာမည်ယူရာမှာ သတိထားကြဖို့ ရွှေအသစ်များကို ကျွန်တော် မကြာခဏ သတိပေးတတ်ပါတယ်။ လက်သည်းကွင်းနဲ့ ထည့်ကြတာကတော့ ကွဲကွဲပြားပြား ရှိအောင်ဖြစ်ပါလိမ့်မယ်။ 'ဝင်းငြိမ်း'ကလောင်နာမည်လည်း အရည်***



www.burmeseclassic.com

www.burmeseclassic.com



အောင်ရဲလင်း



မိစန္ဒီ

*တူပေါ်ဖူးပါတယ်။ သူက 'မောင်ဝင်းငြိမ်း'လို့ ရေးပါတယ်။ အကြောင်းအရာချင်းကလည်း ဆန့်ကျင်ဘက် ဖြစ်တာကြောင့် မသိသူတချို့က ကျွန်တော် ရေးတယ်လို့ ထင်ကြပါတယ်။ အတတ်နိုင်ဆုံး နာမည်တူ မရှိရင်တော့ အကောင်းဆုံးပါပဲ။*

❑

ဆရာ ဦးဝင်းငြိမ်း

ဒီတစ်ပတ် အလင်းတန်းဂျာနယ်ဖတ်မိတော့ နဝမအကြိမ်မြောက် ရွှေအမြုတေဆုပေးပွဲမှာ ဗိစ နှစ်ပြည့် ဆရာ ဦးဝင်းငြိမ်းကို ကျန်းမာလန်းဖြာစွာ တွေ့ရလို့ ဝမ်းသာမိပါတယ်။ ပြီးတော့ မြန်မာနိုင်ငံရဲ့ အထင်ကရ ဆရာတော်နှစ်ပါးဖြစ်တဲ့ ဆရာတော် အရှင်ဆန္ဒာဓိကနဲ့ ဆရာတော် ရဝေနွယ်(အင်းမ) တို့နဲ့အတူတွဲပြီး ဓာတ်ပုံထဲမှာတွေ့ရလို့ အံ့သြဝမ်းသာရသလို ဆရာတို့ကို ချီးမွမ်းဂုဏ်ယူမိပါတယ်။ ရွှေဆုရှင်တွေနဲ့အတူတွဲ ရိုက်ကူးထားတဲ့ ဆရာတော်နှစ်ပါးနဲ့ ဆရာ ဦးဝင်းငြိမ်းပုံကို ကြည့်ရင်း ကြည်နူးမျက်ရည်လည်မိပါတယ်။


ဆရာရေ... မရှင်းတာလေးတစ်ခု မေးချင်ပါတယ်နော်။ အလင်းတန်းဖတ်ကြည့်လိုက်တော့ ရွှေဆုတွေထဲမှာ ဆုရငွေသားကျပ်တွေ မတူတာကို တွေ့ရပါတယ်။ ရသစာတမ်းဆုရှင် ဆရာ နိုင်မြင့်က ဆုငွေ ကိုးသိန်းခွဲသာရပြီး၊ ဝတ္ထုတိုဆုရှင် ဆရာမ ပန်းရိပ်ဖြူက ဆုငွေကျပ် တစ်ဆယ့်ငါးသိန်းရှစ်ထောင် တောင်ရတယ်ဆိုတော့ ဘာကြောင့်ချီးမြှင့်ငွေ မတူတာလဲဆိုတာ သိချင်ပါတယ်။ ဆုငွေအပြင် အခြားပေးတဲ့ အမှတ်တရလက်ဆောင်တွေကော တူညီပါရဲ့လား။

အရင်တစ်ပတ်က အလင်းတန်းဂျာနယ်မှာ အများစု ခန့်မှန်းကြတဲ့ ဆရာမ အသင် ဆုရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ဆရာမ အသင်က ကွင်းစကွင်းပိတ်နဲ့ ရွှေသင်လို့ဆိုတော့ ရွှေမှာပဲ ရွှေနှလုံးသားရေးတဲ့ ရွှေသင်နဲ့ အတူတူပဲလို့ ယူဆမိပါတယ်။ ဟုတ်ပါသလားဆရာ။ အသက်ငယ်ရွယ်ချောမောသလို စာအရေးလည်းကောင်းတဲ့ ဆရာမ အသင်



www.burmeseclassic.com

www.burmeseclassic.com




ထွန်းထွန်း(Examplez)



စိုးပြည့်သဇင်၊ မိုးအောင်ရင်နဲ့ နန်းဆုရတီစိုး

(ရွှေသင်)ကို တွေ့ရတော့ တစ်ချိန်က ဆရာမ ငွေဇင်ယော်ဦး (မိုးကုတ်)ကို တွေ့ရသလိုပါပဲ။

အခြားဆုရတဲ့သူတွေ အားလုံးအတွက်လည်း ဝမ်းသာပါတယ်။ အလင်းတန်းမှာ ခန့်မှန်းခံရပြီး ဆုမရကြတဲ့ အသစ်တွေထဲက နေ(ပင်လယ်ပြာ)၊ ရေအေး၊ လင်းယဉ်နွဲ့(မြို့သစ်ကလေး)၊ ခန့်ညီဖေတို့အတွက်လည်း ထပ်မံကြိုးစားစေချင်ပါတယ်။ ဝတ္ထုရှည်ဆုကို **သဂ္ဂဏယ်ကျွန်းသားနဲ့** ဆရာ မင်းဝေဟင် ရလိမ့်မယ်လို့ ထင်မိပေမဲ့ ဆရာ မာန်(တောင်လုံးပြန်) ရသွားတော့လည်း ဝမ်းသာမိပါတယ်။ ပြောရရင် **မာတ်ပုံ** တော၊ **သဂ္ဂဏယ်ကျွန်းသား** ကိုပါ ကြိုက်ပါတယ်။

စင်ကာပူကနေ ဆုတက်ယူတဲ့ ဆရာမ မေ(လားရှိုး)ကိုလည်း ချီးကျူးပါတယ်။ ရွှေရဲ့ ဖွဲ့ဆုရှင် ဆရာ နော်(ကျောက်တိုင်) ရွှေနှလုံးသားဆုရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ဆုအမျိုးအစား ၆ ဆုအတွက် ဆုငွေစုစုပေါင်း ၇၂ သိန်းကျော် ချီးမြှင့်တဲ့ ဆရာ ဦးဝင်းငြိမ်းလည်း ၆၈ နှစ်မြောက် မွေးနေ့မှသည် အသက် ၁၀၀ ကျော်ရှည်ပြီး စာပေအကျိုးဒီထက်မက ဆောင်ရွက်နိုင်ပါစေလို့ မွေးနေ့လက်ဆောင် ပါးချင်ပါတယ်။

ကျွန်တော်လည်း ဘိုဘိုလေး(ဆေး-၂)ကလောင် နာမည်နဲ့ ရွှေအသစ်ကိုပို့ဖို့ ဝတ္ထုတို ၃ ပုဒ် ရေးပြီးပါပြီ။ ပြင်ဆင်ပြီးရင် မေးလ်ကနေပဲ ပို့လိုက်ပါ့မယ်ဆရာ။ ပြောရရင်တော့ ရွှေအသစ်ဝတ္ထုတိုတွေကို လန့်ပါတယ်ဆရာ။

ရွှေရဲ့ ထာဝရပရိသတ်
ဒေါက်တာ လင်းထွဋ်ဘိုဘို
လင်းဆေးခန်း၊
တောင်ဥက္ကလာပမြို့နယ်။

***ဆုတစ်ခုနဲ့တစ်ခု မတူတာကတော့ ပြင်ပက စေတနာရှင်များ ထည့်ဝင်ကြရာမှာ သူတို့သန့်ရာသန့်ရာ ဆုများအတွက် ထည့်ဝင်ကြတာဖြစ်လို့ တစ်ဆုနဲ့တစ်ဆု မတူတာ ဖြစ်ပါတယ်။ ဆုနဲ့အတူ ပေးအပ်တဲ့ 5 Plus မှစက်၊ Zar & Zar မှ ဆေးဝါးများကတော့ အတူတူပဲ ဖြစ်ပါတယ်။***

❑

**မင်္ဂလာပါ ဆရာ ဦးဝင်းငြိမ်းခင်ဗျာ…**

ရွှေအမြုတေ (၂၀၁၄၊ ဖွန်) ရွှေဝတ္ထုကဏ္ဍမှာ ဖော်ပြပေးလိုက်တဲ့ ဆရာ မာန်(တောင်လုံးပြန်)ရဲ့ **ရုစ်တစ်ဆယ် ဆယ့်နှစ်** ကတော့ ထိချက်ပြင်းတယ်ဆရာရေ။ တကယ့်ကိုကောင်းတယ်ဗျာ။ ဆရာမာန်ရဲ့ ကလောင်လက်ကလည်း သွက်လှပါရဲ့ခင်ဗျာ။ ကျွန်တော်တော့ တော်တော့ကို 'ဟတ်'ထိတယ်ဆရာရေ။

တစ်ဆက်တည်း ရွှေအမြုတေပေးစာကဏ္ဍကနေ တစ်နိုင်ငံလုံး ရွှေပရိသတ် အပါအဝင် အားလုံး အားလုံးသော စာဖတ်ပရိသတ်ကြီးကိုလည်း ညွှန်းချင်ပါတယ်။ ဆရာ မာန်(တောင်လုံးပြန်)ရဲ့ အဲဒီဝတ္ထုလေးကို မပျက်မကွက် ဆက်ဆက်မြည်းစမ်းကြည့်ပါလို့။ ဆရာ ဦးဝင်းငြိမ်းခင်ဗျာ၊ ကျွန်တော်တော့ ဆရာ မာန်(တောင်လုံးပြန်)ရဲ့ အဲဒီဝတ္ထုကို 'ရွှေ'ဆုအတွက် အခုကတည်းက မဲကြိုပေးလိုက်ပြီဆရာ။

ဆရာ ဦးဝင်းငြိမ်းနဲ့ ရွှေဝိုင်းတော်သားများ ကျန်းမာချမ်းသာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။


ကျော်ဇောဟိန်း၊ရွှေပြည်သာ၊
ကိုမိုးဇော်
အမှတ်(၄၀၄/က)၊ ၅/၃၃/၁၀ ရပ်ကွက်၊
ရတနာသီရိလမ်းမ၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

***၂၀၁၄ ဖွန်လမှာ ပါတာဆိုတော့ နောက်တစ်နှစ်ဆုအတွက် အစပဲရှိပါသေးတယ်။ တရုတ်ဆပ်ကပ်ဆရာကြီးပြောသလို 'စုထက်စု လှစွမ်းကောင်းတွေ'ပေါ်လာနိုင်သေးတာကြောင့် စောင့်ကြည့်တာပေါ့ဗျာ။***

■

**ဝင်းငြိမ်း**

www.burmeseclassic.com



# စိတ်ကြိုက်တွေနဲ့ ခြေလှမ်းမယ့် နေမင်း


ဝင်းပြုံးမိုး

ဓာတ်ပုံ - ကိုလင်း(Studio-K)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်
သိမီခဲ့တဲ့ မြန်မာ့ရုပ်ရှင်
ရွှေရတုနောက်ပိုင်း
ကာလများမှာ
ရုပ်ရှင်ရိုက်တယ်ဆိုတာ
ရုပ်ရှင်ခြံကြီးများထဲမှာ
ရိုက်ကူးကြတာပါ။
အသက်တန်းကျောင်းသားဘဝ
မန္တလေးမှာနေစဉ်က
မန္တလေး
ရုပ်ရှင်ကုမ္ပဏီကြီးက
မန္တလေးမြို့ရဲ့
မြောက်ပိုင်းဖြစ်တဲ့
နှင်းဆီခြံရပ်ကွက်မှာ
မန္တလေးရုပ်ရှင်ခြံဆိုပြီး
တခမ်းတနား
ရှိခဲ့ဖူးပါတယ်။
ရွှေမန်းရုပ်ရှင်ခြံကတော့
မန္တလေးမြို့
အရှေ့ပိုင်းမှာရှိပြီး
ရွှေမန်းရုပ်ရှင်ခြံရယ်လို့
ထင်ရှားပါတယ်။
မန္တလေးရုပ်ရှင်ခြံမှာ
ဘဝသံသရာ
ဇာတ်ကားတွေအစ
ရိုက်ကူးခဲ့တာ
ကျွန်တော်တို့အရွယ်
ရောက်ချိန်မှာ ဝင်းဦး
ခင်သန်းနုတို့
သရုပ်ဆောင်ကြတဲ့
မောင်တို့ချယ်ရီမြေ
ရုပ်ရှင်ဇာတ်ကား
ရိုက်ကူးတာကို
ထမင်းမေ့ဟင်းမေ့
သွားကြည့်နေခဲ့ဖူးပါတယ်။
ရွှေမန်းရုပ်ရှင်ခြံထဲမှာတော့
ဒါရိုက်တာကြီး
ဦးချစ်ခင်က စာရေးဆရာ
အောင်လင်းရဲ့ အရိုင်းစံပယ်
ရုပ်ရှင်ဇာတ်ကား





www.burmeseclassic.com

www.burmeseclassic.com

လာ ရိုက်တာ ကြဲဖူးပါတယ်။ တကယ့် ဇာတ်ဝင်ခန်းကို ကြည့်ခဲ့ရတာပါ။ အကြီးဆုံးဖြစ်တဲ့ 'မ'(ဝါဝါဝင်းရွှေ)ကို အငယ်ဆုံးဖြစ်တဲ့'မော်'(သန်းသန်းဆင့်)က ပါးရိုက်တဲ့အခန်းပါပဲ။

စာနယ်ဇင်းသမားဖြစ်လာပြန်တော့ ရန်ကုန်မြို့က အမျိုးသားရုပ်ရှင်ခြံ၊ သာခုကုန်ကြပြီး ရုပ်ရှင်သမားတွေက●တိုက်အစစ်တွေမှာ သွားရောက်ရိုက်ကူးကြရပါတယ်။ ရိုက်ပါများလာတော့ ဆက်တင်တွေက ထပ်၊ ဘယ်အိမ်ဆိုတာ ပရိသတ်က မှတ်မိနေကြပြီ။ စတူဒီယိုထဲမှာ အသံဖမ်းသလိုမျိုး ရှင်းရှင်းလင်းလင်းမရှိဘဲ ကျီးသံ၊ ငှက်သံ၊ ကားသံတွေနဲ့ ကျွန်တော်တို့ဘာက်ကူးပြီး ရိုက်ကြတယ်လို့ သတင်းကြားပါတယ်။ နှစ်တိုင်းနှစ်တိုင်း ပြင်ဦးလွင်မှာ ရိုက်နေကျတာဆိုတော့ ပြင်ဦးလွင်ရဲ့မြင်ကွင်းတွေကလည်း ပရိသတ်အတွက် ရိုးအီစပြုလာပြီကိုး။

ရွှေပိုင်လေးက မျက်နှာလုံးရှင်အမြင် ကျွန်တော် ချော မှုမ်းလာတဲ့ နေမင်းလည်းတော့ ဦး ကြိုက်တာလုံးပါဆိုပြီး ပုံ ၃၀၀ လောက် ကျွန်တော့်ကွန်ပျူတာထဲကို ထည့်ပေးခဲ့ပါတယ်။ ဒီတော့မှ အခြေအခြေပါတော့တယ်။ နေမင်းနဲ့ စကားပြောဖြစ်တာတွေကတော့---

❑

နေမင်း ပြင်ဦးလွင်ကို တက်သွားတော့ ဘယ်နှကား



ရုပ်ရှင်ခြံ၊ မဟာဝိဇ္ဇာဗိုရ်ရုပ်ရှင်ခြံ၊ စိန်မောင်ရုပ်ရှင်ခြံ အစရှိတဲ့ ရုပ်ရှင်ခြံပေါင်းများစွာကို ကျင်လည်ခဲ့ရပြန်ပါတယ်။ အများဆုံးရောက်ဖြစ်တဲ့ အမျိုးသားရုပ်ရှင်ခြံမှာ ဒါရိုက်တာ ဦးအောင်မြင့်မြတ်တို့ စတူဒီယိုကြီးထဲမှာ ဆက်တင်တိုက်ဆောက်ပြီး ရိုက်ခဲ့တာတွေ၊ တဲဆောက်ပြီး ရိုက်ခဲ့တာတွေ အများကြီး မြင်ခဲ့ကြုံခဲ့ရပါတယ်။ အခုတော့ ဖြင့် ဒီခြံကျယ်ကြီးတွေ အားလုံးက အိမ်ရာစခန်းတွေဖြစ်ကြည့်နေရပါတယ်။

မေလရောက်ပြီဆိုရင် ရန်ကုန်မှာက ကျောကော့အောင် ပူတတ်တာကြောင့် ရှိသမျှ သရုပ်ဆောင်တွေ ပြင်ဦးလွင်ကို တက်ပြီး ဗီဒီယိုကား ၅ ကား၊ ၆ ကားရိုက်ကာ နွေကို ရှောင်ကြပါတယ်။ အဲဒီသရုပ်ဆောင်များထဲမှာ နေတိုး၊ ပြေတီဦးတို့ကအစ နေမင်းတို့လို မင်းသားငယ်များ အဆုံး သွားရောက်ရိုက်ကူးကြတာပါ။ ဒီနှစ်မှာ လူမင်းတို့ကတော့ တောင်ကြီးပြင်ဦးလွင်မှာ ရောက်ရှိနေပြီးတယ်လီဖုန်းအဆက်အသွယ်မရ၊ ဓာတ်ပုံဆရာ ကိုလင်း (Studio-K)၊ ပြင်ဦးလွင်ကို လိုက်သွားတဲ့ကိုင်အောင် နေမင်းကို ဖမ်းမမိဖြစ်ခဲ့ရပါတယ်။ ရွှေအမြုတေစာပေဆုပေးပွဲ ကျင်းပတဲ့ မေ ၂၈ ရက်မှ နေမင်းက ရန်ကုန်ကို ပြန်ရောက်လာခဲ့ပါတယ်။ ပွဲမှာမောသမျှ အပန်းမဖြေနိုင်သေးဘဲ နေမင်းကို အဖိအရ ဖမ်းရပါတယ်။ ရွှေအမြုတေ ရိုးခန်းကို သူ ရောက်လာရိုက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တက်သွားခဲ့ပြီး ဘယ်နှကားပြီးလာခဲ့သလဲ။

ကျွန်တော် တက်သွားတုန်းကတော့ ရွှေစင်ဦးအတွက် ၄ ကား၊ သစ္စာနှင်းဆီအတွက် ၂ ကားရိုက်မယ်ဆိုပြီး တက်သွားတာပါ။ တကယ်ရိုက်တဲ့အခါကျတော့ ၅ ကားပဲ ရိုက်ပြီး ပြန်ဆင်းလာခဲ့တယ်။

ဒါရိုက်တာတွေကရော—

ရွှေစင်ဦး ၄ ကားမှာ ၃ ကားက ကိုရွှေခဲရွှေ(ကာ)



www.burmeseclassic.com

www.burmeseclassic.com



ပြီးပါ။ သရုပ်ဆောင်တွေ
[illegible]
ပါပေမဲ့ အဲဒီဇာတ်ထုကို
ရိုက်တော့လည်း
ဇာတ်ညွှန်းက ကျွန်တော်
ရည်ရွယ်ထားတဲ့
ပုံစံမဟုတ်တော့ဘဲ
ပြောင်းသွားတယ်။
သာမန်ဇာတ်တစ်ပုဒ်ပဲ
ဖြစ်သွားတယ်။
ကျွန်တော့်ဇာတ်တွေကလည်း
သမားရိုးကျ
ကောင်လေးတစ်ယောက်နဲ့
ကောင်မလေးတစ်ယောက်
ချစ်ကြ ကြိုက်ကြ
သာမန်ဇာတ်တွေပါပဲ။
တစ်ပုဒ်ကတော့

ခေါ်ဆိုတာလို့ ဆိုနိုင်တယ်။ အဲ့ဒီမှာ ရုပ်ရှင်ကား တစ်ကား ကို ရိုက်ပြီးပြသခဲ့တာပါ။ ဆိုင်ကယ်တွေ ကားတွေနဲ့ စွန့်စွန့်စားစားရိုက်ထားတယ်။ အဲဒီကားထဲမှာ မော်တော် ကားကို ဆိုင်ကယ်နဲ့ လိုက်ပြီး ကားပေါ်ခုန်တက်တဲ့အခန်း တောင် ရိုက်ခဲ့တယ်။ ပထမ တော့ လူစားထိုးပြီး သရုပ် ဆောင်မယ်လို့ပဲ။ ဒါပေမဲ့ [illegible] ကြောင့် ကိုယ် တိုင်ပဲ ရိုက်လိုက်တယ်။ တစ် ခုခုဖြစ်ရင်လည်း [illegible] ဖြစ် တော့မယ်ဆိုတော့ [illegible] မှ [illegible] စိတ်ပိုင်း ဖြတ်ပြီး လုပ်လိုက်တာပါ။

အဲဒီ ဇာတ်ဝင်ခန်းက တော့ တော်တော်စွန့်စွန့် စားစား လုပ်လိုက်ရတာပါ။ တကယ်ရိုက်တဲ့ အချိန်မှာ ကျွန်တော် လှမ်းခွဲလိုက်တဲ့ နေရာက မြုတ်သွားလို့ ပြန်ဆွဲ ရတယ်။ အရုပ်တွေ ပြန်ကြည့် တဲ့အခါတော့ တော်တော်လှ တယ်။

အနောက်တိုင်းက ကား တွေမှာ မင်းသားတွေ စွန့်စား တယ်ဆိုတာက အများအား ဖြင့် လူစားထိုးပြီး လုပ်ကြ တာ စတန့်မန်းတွေပေါ့။ နေမင်းတို့က ကိုယ်တိုင်လုပ် တာဆိုတော့ အန္တရာယ်တော့ များတယ်။

ကျွန်တော်လည်း စဉ်း တော့ စဉ်းစားပါတယ်။ အဲဒီ ဇာတ်ဝင်ခန်းကို နောက်ဆုံး ဖြစ်ခါနီးမှ တိုင်း သမ္မေ သတ္တာပဲဆိုပြီး ရိုက်လိုက်တာ ပါ။ တစ်ခုခုဖြစ်ရင်လည်း ရန် ကုန်ကျမှ ကုမယ် စဉ်းစား ထားတာပါ။ ဆိုင်ကယ်က



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော် ငယ်ငယ်ကတည်းက ကျွမ်းကျွမ်းကျင်ကျင် စီးခဲ့တာဆိုတော့ သိပ်ပြဿနာမရှိပါဘူး။

အဲဒီလိုမျိုး ကြိုတင်စီစဉ်ထားတဲ့ ဇာတ်တွေမဟုတ်ဘဲ ကြုံရာကျပန်းကို ရိုက်ကူးလိုက်ရတာဆိုတော့ ကောင်းမှကောင်းပါ့မလားလို့ နေမင်းစိတ်ထဲမှာ သံသယမရှိဘူး ဘူး။

သံသယတော့ ရှိပါတယ်။ ဒါပေမဲ့ သမားရိုးကျ အခွေငှားကြည့်နေတဲ့ ပရိသတ်၊ ကျွန်တော့်သီးခြားပရိသတ်မဟုတ်ဘူးပေါ့၊ သူတို့ကျတော့ တချို့ကျွန်တော်တို့ ကြိုက်တဲ့ကားတွေကို သူတို့ကမကြိုက်ဘူး။ ကျွန်တော်တို့ မကြိုက်တဲ့ကားတွေကို သူတို့က ကြိုက်နေပြန်ရော။ အဲဒါကို ထုတ်လုပ်တဲ့သူတွေက သိတယ်။ ဒီလိုလူတန်းစားက ဘယ်လိုကားမျိုးကို ကြိုက်တယ်ဆိုတာ သိထားတော့ ကျွန်တော်တို့ ကြိုက်တာထက် သူတို့ကြိုက်တာကို လုပ်ပေးလိုက်ရတာတွေလည်း ရှိပါတယ်။

အဲဒါကြောင့် ကိုယ်ကြိုက်ခြင်းမကြိုက်ခြင်းထက် သူတို့ ကြိုက်တာကို လုပ်ပေးရတယ်။ ရတဲ့ဇာတ်ကောင် စရိုက်ကို ပီပြင်အောင် ကြိုးစားဖို့သာ ကျွန်တော်တို့ တာဝန်ဖြစ်သွားတယ်။ ဥပမာ ကျွန်တော့်ဆံပင်ဆိုပါတော့ အရင်တုန်းက ထိုးထိုးထောင်ထောင်ပုံစံကို သူတို့က မကြိုက်ဘူး။ ဆံပင်အရှည်ကို သေသေသပ်သပ် ဖြီးထားတာကိုပဲ ကြိုက်ကြတာကြောင့် အခု ကျွန်တော့်ဆံပင်ပုံစံ ပြောင်းထားရတယ်။





www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက အသံ။ ကျွန်တော်က အသံကို တိုးတိုးပြောပြီး ဒိုင်တင်ကို များများလုပ်တယ်။ ဒိုင်ယာလော့ဂ် ပရိုသတ်က အသံကို မြည့်မြည်ကြားစေချင်လို့ ပေါ့လို့ မှတ်ယူထားတယ်။ ဒါပေမဲ့ သူတို့က ဒိုင်တင် လုပ်တာထက် အသံကျယ်ကျယ်ကို ကြားချင်ကြတယ်။ ဒါကြောင့် အခု ဒိုင်ယာလော့ဂ် အသံကို ကျစ်ကျစ် ကျယ်ကျယ်ပြောပေးရတယ်။

အသံကျယ်ကျယ် ပြောလို့လည်း မရတော့ဘူး။ [illegible] မပြောတော့ဘဲ အသံကျယ်ကျယ် ပြောပေးရတယ်။

**သရုပ်ဆောင် တစ်ယောက်အနေနဲ့ ကိုယ် သရုပ်ဆောင်ချင်တဲ့ ဇာတ်ကောင်စရိုက်မျိုးပါဝင်တဲ့ဇာတ်ကြောင်း ဝတ္ထုကြီးတင်စုဆောင်းထားတာမျိုး မလုပ်ဘူးလား။**

အရင်တုန်းကတော့ ကျွန်တော် လုပ်ပါတယ်။ အခုတော့ မလုပ်ဖြစ်တော့ ကြာပြီ။ ဒါပေမဲ့ ကိုယ်တိုင်က ကိုယ့်ကိုယ်ကို ပြင်ဆင်လာပြီ။ ကိုယ့်စိတ်ကြိုက်ပေါက်တဲ့ ဇာတ်ကောင်စရိုက်တွေမှာ ပုံသွင်းပြီး သရုပ်ဆောင်ရတာကို ကျွန်တော် စိတ်ကျေနပ်တယ်။ ကိုယ်တိုင်ရှိနေတာ ဖြစ်တော့မယ်ဆိုတာ နားလည်လာတယ်။ အချိန်ယူရမယ်ပေါ့။

ကျွန်တော် ကံကောင်းတယ် ပြောရမလား မသိဘူး။ ကျွန်တော် အဲဒီလိုစဉ်းစားတဲ့အချိန်မှာ ဗီဒီယိုဈေးကွက် ပျက်လာပြီး အရင်တုန်းက တစ်လတစ်ကား မျက်မကွက် တောင်းဆိုနေကြတဲ့ ထုတ်လုပ်သူတွေက ခုလတော့ ကားများနေလို့ နောက်လမှ ရိုက်တော့မယ်ဆိုတာမျိုးတွေ ဖြစ်လာကြတယ်။ အဲဒီလိုဖြစ်သွားတာကို ကျွန်တော်ကတော့ ကျေးဇူးတင်ရမလိုပါပဲ။ နောက်ထပ်ပြင်ဆင်ရမယ့် ခြေလှမ်းတွေအတွက် ပြင်ဆင်ချိန်ရသွားလို့ပါပဲ။

**ဒါဆို နေမင်းက ဘာတွေပြင်ဆင်နေပြီလဲ။ ဇာတ်တွေရှာနေပြီလား။ ရွေးနေပြီလား။**

ကျွန်တော် အရင်တုန်းကတည်းက ပြင်ဆင်ထားတာတွေ ရိုက်ဖြစ်တာတွေ အများကြီး ရှိပါတယ်။ ဥပမာ ဂျောက်ဂျက်ရဲ့ သီချင်းကို ဇာတ်လမ်းဆင်ပြီး ရိုက်မယ်ဟာမျိုးဆိုရင် ဇာတ်ညွှန်းကအစ အကုန်ပြင်ဆင်ပြီးသားပါ။ ဇာတ်ကောင်စရိုက်ကလည်း ကျွန်တော့်စိတ်ကြိုက်ပါ။ အဲဒီလို ဇာတ်မျိုး ကျွန်တော့်လက်ထဲမှာ ကိုင်ထားတာ သုံးလေးပုဒ်လောက် အသင့်ရှိပါတယ်။

**သရုပ်ဆောင် တစ်ယောက်အနေနဲ့ ဘာဇာတ်မျိုး လိုမယ်လို့ထင်ပါတယ်။ နေမင်း ဘာဇာတ်ဖြစ်သလား။**

ဇာလည်း [illegible]ဖြစ်ပါ




www.burmeseclassic.com

www.burmeseclassic.com

ဘူး။ တစ်ပေ သုံးကားရိုက်
[illegible]ယ်ဆိုတဲ့ [illegible]ထဲကို ဝင်
သွားတဲ့အခါ [illegible]ရှင်က တစ်
လတစ် ကား[illegible] ကားသာ
ရိုက်နေတဲ့ ကျွန်တော့်အတွက်
အချိန် ဘယ်လိုမှမရတော့
ဘူး။ စာမဖတ်ဖြစ်တော့ဘူး။
မကြိုက်တဲ့ စာတ[illegible]
[illegible]
တစ်ခု တင်သွားတယ်။ [illegible]
သွားလို့ [illegible]ဘူး။
[illegible]
နောက်ထပ်မကြိုက်တဲ့စာ
တစ်ပုဒ်ကို ရိုက်ချိုးတော့မှာ
ဆိုတော့ စိတ်ပိန်းမှုတွေ များ
ပါတယ်။
[illegible]
[illegible]

နှစ်ခုစလုံးကာပဲ။ အဲဒီလို
တွဲသွားတာတွေကလည်း
အများကြီးမို့ ကျွန်တော်
ဘယ်လိုဖြေရမှန်းတောင်
မသိဘူး။
ကျေးဇူးပါပဲ နေမင်း။
စိတ်ကြိုက်
စာတ်ကလေးတွေနဲ့
[illegible]ကို ဆနွှဖြည့်
[illegible]
■
ဝင်းညိုမိုး





www.burmeseclassic.com

www.burmeseclassic.com

# မထည့်ဖြစ်တဲ့ စာကို ရေးခဲ့သူ

နှင်းဝတ်ရည်ထက်

နဝမအကြိမ် ရွှေအမြုတေ စာပေဆုပေးပွဲရဲ့ ပထမဆုံးဆုဖြစ်တဲ့ ကဗျာဆုကို ကြေညာရာမှာ ပီတောက်ပွင့်သစ် မဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ ဆရာ ကိုရွှေးရဲ့ မထည့်ဖြစ်တဲ့စာ က ဆုရရှိသွားပါတယ်။ စာပေစိစစ်ရေးရှိစဉ် ကာလက စာရေးဆရာများ အနေနဲ့ သူတို့ပြောချင်တာတွေကို သွယ်သွယ်ဝိုက်ဝိုက် ဖုံးကာဖိကာ ပြောခဲ့ကြရပေမဲ့ အစိုးရသစ်ပြောင်းလဲချိန်မှာ ပြောချင်တာတွေကို ပွင့်ပွင့်လင်းလင်း ပြောခွင့်ရလာပြီ ဖြစ်တဲ့အတွက် စာပေပုံစံများဟာလည်း ပြောင်းလဲလာခဲ့ပါပြီ။ ဆရာ ကိုရွှေးရဲ့ကဗျာမှာ ပြည်သူပြည်သားများ ကြုံတွေ့နေရတဲ့ ဒုက္ခတွေကို ထင်ပြထားပါတယ်။

ဆုရတဲ့အတွက် ဆရာ့ရဲ့ ခံစားချက်။

ဒီလိုမျိုးလုပ်ပေးနိုင်တဲ့ ဆရာ ဦးဝင်းငြိမ်းနဲ့ ရွှေအမြုတေအဖွဲ့ကို အရမ်းကျေးဇူးတင်ပါတယ်။

ဆုပေးပွဲကြီးအပေါ်မှာကော ဆရာ့အမြင်။

ခမ်းခမ်းနားနား ထိုက်ထိုက်တန်တန် လုပ်ပေးနိုင်တာကို ကျေနပ်တယ်။

ဆရာ ဒီကဗျာလေးကို တည်ဆောက်ဖြစ်ပုံလေးကို ပြောပြပါအုံး။

ရွေးကောက်ပွဲပြီးတဲ့ အချိန်မှာ သမ္မတအသစ်တက်လာပြီး မိန့်ခွန်းပြောတယ်။ ဆင်းရဲသားတွေ လျှော့ချမယ်တဲ့၊ ဆင်းရဲသား ပပျောက်ရေးတို့ လျှော့ချရေးတို့ကို မိန့်ခွန်းတွေထဲ ထည့်ပြောတယ်။ သူပြောပြီးမှပဲ တလွဲတွေဖြစ်လာတယ်။ ဒါပေမဲ့ ပြည်သူလူထုတွေ အခြေခံလူတန်းစားတွေကတော့ မျှော်လင့်နေကြတယ်။ အဲ့ဒါကို အခြေခံလူတန်းစား မိန်းကလေးတစ်ယောက်အနေနဲ့ သူ့အစ်ကို သူ့ရည်းစားကို စာလှမ်းပို့တဲ့ ပုံစံမျိုး ရေးထားတယ်။ မြစ်ဆုံတွေ အပိတ်ခံရတဲ့ဟာက စပြီးတော့ ဆင်းရဲသားလျှော့ချမယ်ဆိုတဲ့ကြားထဲက တိုးလာတာတွေ အခွန်တွေ များလာတယ်။ အဲ့ဒါတွေကို ပြောပြချင်တာ။ အချိတ်ခွန်မှာ စည်းကြပ်မယ်လို့ ပြောနေတယ်။ အဲ့ဒီကြားထဲက ဆင်းရဲသားတွေဘက်က ပြောပြတယ်။ တကယ့် တကယ် ဒုက္ခတွေကို အခြေခံလူတန်းစားတွေပဲ ခံစားနေရတာ။ အဲ့ဒီအဖြစ်အပျက်တွေကို စာထဲမှာ ထည့်ရေးတယ်။ ဒီစာလေး ရေးပြီးတာတောင်မှ စာပို့ခတွေက မထင်မှတ်လောက်အောင် လေးငါးဆလောက် တက်သွားတဲ့အတွက် အဲ့ဒီစာလေးကို မထည့်ဘဲ သိမ်းထားတယ်။ အဲ့ဒီဟာလေးကို ခေါင်းစဉ်လိုမျိုး ရေးထားတာ။

ယနေ့ခေတ် ကဗျာတွေ နဲ့ပတ်သက်ပြီး ဆရာ့အမြင်လေးကို ပြောပြပါ။ ကဗျာရဲ့ ရစ်တည်ချက်ပေါ့။

ကဗျာရဲ့ ရပ်တည်ချက်ကို ပြောမယ်ဆိုရင် ရှိနေကြတဲ့ ကဗျာအစုစုက



နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆု ကဗျာဆုရ ကဗျာဆရာ ကိုရွှေးကို ကဗျာဆရာ အောင်ဇင်မင်းက ဆုချီးမြှင့်ပေးခဲ့ပါတယ်




www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview

## ကြုံရာခုံရာတစ်မိနစ်တာ



အကြောင်းအရာစုံသလို ပုံသဏ္ဌာန်လည်းစုံတယ်။ ကဗျာရေးတဲ့ဝါဒတွေ အများ ကြီးရှိကြတယ်။ အားလုံးက အနုပညာအားကောင်းသလို နိုင်ငံရေးဘက်မှာလည်း ကိုယ်အပါအဝင် ကိုယ့်ဒေသမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို တင်ပြတဲ့သူတွေ လည်း အများကြီးပဲ လူငယ်တွေဘက်က ကဗျာတွေလည်း အရမ်းကောင်းလာတယ်။

**ကဗျာမျိုးဆက်သစ် လူငယ်တွေအတွက်လည်း ဆရာ အကြံပေးပါဦး။**

အနုပညာအပေါ်ကို ရိုးသားရမယ်။ ကြိုးစားရမယ်။ များများဖတ်မယ်။ များများ ရေးလာမယ်။

**ဆရာ့ကို ကဗျာဆရာ စစ်စစ်လို့ပြောတယ်။ ကဗျာဆိုတာက အနုပညာထဲမှာဆိုရင် အနုပညာကြေးကအစ အနိမ့်ဆုံးဖြစ်တယ်။ ဒါပေမဲ့ ကဗျာကိုပဲ ရူးရူးသွပ်သွပ် လုပ်ကြတဲ့ သူတွေရှိတယ်။ ကဗျာဆရာစစ်စစ်လို့ သတ်မှတ်ခံရတဲ့ ဆရာက အဲ့ဒီအပေါ်မှာ ဘာများပြောချင်လဲ။**

ကဗျာကို ကျွန်တော် အရမ်းချစ်ပါတယ်။ နှစ်ပေါင်းများစွာ ဖက်တွယ်ပြီး လုပ်လာခဲ့တာပါ။ ကဗျာဆိုတာက ဘဝရပ်တည်ဖို့ မလွယ်ဘူးလေဗျာ။ အခြားစားဝတ်နေရေးအတွက် အလုပ်တစ်ခုကို လုပ်ရတယ်။ အဲလိုလုပ်နေရင်းနဲ့ပဲ အစ်စိုက်မတော်မတ် ရေးလာခဲ့တာပါ။

**ယနေ့ခေတ်ရေးနေတဲ့ ကဗျာတွေနဲ့ အရင်တုန်းက ရေးခဲ့တဲ့ကဗျာတွေနဲ့ အပြောင်းအလဲလေးကို ရှင်းပြပါဦး။**

ဘယ်ခေတ်ဖြစ်ဖြစ် ကဗျာတွေထဲမှာ ကိုယ့်နိုင်ငံအရေး၊ ကိုယ့်ခံစားချက်တွေကိုပဲ ဖွဲ့တည်ကြတာတွေ ချည်းပါပဲ။ တည်ဆောက်မှု ပုံသဏ္ဌာန်တွေ၊ စကားလုံး အသုံးအနှုန်းတွေသာ အားကောင်းလာပြီး ပြောင်းလဲလာတာပါ။

■ နှင်းဝတ်ရည်ထက်

www.burmeseclassic.com

www.burmeseclassic.com

# ရှက်ဖျင်တဲ့ အခိုးခံလိုက်ရသူ

**နှင်းဝတ်ရည်ထက်**

နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆု ပေးပွဲမှာ ရသစာတမ်းဆုကို ဆရာ နိုင်မြင့်က ရှက်ဖျင်တဲ့ အခိုးခံ လိုက်ရပြီ နဲ့ ဆွတ်ခူးရရှိသွား ခဲ့ပါတယ်။ ဝတ္ထုရှည်ဆု တစ်ကြိမ်ရရှိဖူးတဲ့ ဆရာ နိုင်မြင့်ကို တွေ့ဆုံမေးမြန်းတဲ့အခါ - ဆုချီးမြှင့်တဲ့အပေါ် ဆရာ့ခံစားချက်။

အမှန်အတိုင်း ပြောရင် မမျှော်လင့်ဘဲ ရလာတဲ့ အတွက်ကြောင့် တော်တော် လေးကို ပျော်ရွှင်မိပါတယ်။

ဆရာ ဆုရခဲ့တဲ့ အတ်ဆေးနဲ့ပတ်သက်ပြီး ဘယ်လို ခံစားတည်ဆောက် ခဲ့သလဲဆိုတာကိုလည်း ရှင်းပြပေးပါဦး။

ရှက်ဖျင်တဲ့ အခိုးခံလိုက်ရပြီ ကို ကျွန်တော်ရေးခဲ့တဲ့ အကြောင်းလေးကတော့ ကျွန်တော် စင်ကာပူက ကလေးတွေဟာ အမေဗမာ၊ အဖေဗမာတော့ မွေးလာတယ်။ ဒါပေမဲ့ ဗမာစကားကို ပြောတတ်ပေမဲ့ ဗမာစာကို မရေးတတ်တော့ဘူး။ တချို့ ဗမာစကား



နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆု ရသစာတမ်းဆုရ စာရေးဆရာ နိုင်မြင့်ကို စာရေးဆရာ မောင်ရှင့်မာ(ကျောင်းကုန်း)က ဆုချီးမြှင့်ပေးခဲ့ပါတယ်

ပြောတတ်တဲ့ ကလေးတွေ တောင်မှ ဘယ်လိုဖြစ်ကုန်သလဲ ဆိုတော့ ဗမာစကားကို ဟုတ် တိပတ်တိ ဟန်ကျပန်ကျ ပြော တတ်တာ မဟုတ်ဘူး။ ကျွန်တော်တို့ အင်္ဂလိပ်စကား ပြောသလိုမျိုးပေါ့။ အဲဒီလို ပြောနေတာတွေရဲ့ အဓိက အကြောင်းအရင်းက ကျွန်တော် တို့ဟာ ဘဝတိုးတက်ရာ တိုး တက်ကြောင်းအတွက် သူ့ရွှေး နိုင်ငံကိုသွားပြီးတော့ နေထိုင် တယ်။ နောက် ဥပမာ ကျွန်တော်တို့ နိုင်ငံမှာ ကိုရီး ယားယဉ်ကျေးမှုတွေ စိုးလွှမ်း နေတယ်။ စင်ကာပူ ယဉ် ကျေးမှုတို့၊ ကိုရီးယားယဉ် ကျေးမှုတို့ အဲဒီလို ဘာတ် ပေါင်းစုံကနေ ကျွန်တော်တို့ နိုင်ငံကို စိမ့်ဝင်လာတယ်။ အဲဒီအခါကျွန်တော်တို့ရဲ့ မူပိုင် ယဉ်ကျေးမှုတွေ တစ်စတစ်စ ယုတ် လျော့လာခဲ့ရတဲ့အပေါ် မှ တည်ပြီး ဒီရသစာတမ်းကို ရေးသားခဲ့ခြင်း ဖြစ်ပါတယ်။

အတ်ဆေး(ရသစာတမ်း) ရဲ့ ဦးတည်ချက်ကိုလည်း ရှင်းပြပေးပါဦး။

ရသစာတမ်းက ဆောင်းပါးနဲ့ ဝတ္ထုကြားမှာ ရှိ နေတဲ့ စကားပြေအမျိုးအစားပါ။ ဆရာ ဦးအောင်သင်းပြော သလို ရသစာတမ်းဟာ ရေး ရတာ လွယ်တယ်လို့လည်း ပြောလို့ရတယ်၊ ခက်တယ်လို့ လည်း ပြောလို့ရတဲ့စာပေအမျိုး အစားပါ။ အထူးသဖြင့် ဒီလို မျိုး ရသစာတမ်းစာပေအမျိုး အစားနဲ့ ရွှေအမြုတေစာပေ ဆုရတာကို အင်မတန် ဂုဏ် ယူတယ်။

ဆရာက ဝတ္ထုတိုရေး ဆရာတစ်ယောက်လည်းဖြစ် တော့ ရသစာတမ်းနဲ့ကျ ဘယ်လို ကွာခြားမှုမျိုးရှိသလဲ ဆရာ။

နှစ်ခုစလုံးကတော့ အနု ပညာဖန်တီးမှုတွေပါပဲ။ လိုင်း ချင်း မတူဘူးပေါ့။ ဝတ္ထုတို ဆိုတာကတော့ ကိုယ်မြင်တွေ့ ကြုံတွေ့နေရတဲ့ အရာတစ်ခု ကို ဇာတ်လမ်းဆင်ပြီးတော့ ရေးမယ်ဆိုရင် ရေးလို့ရနိုင် တယ်။ ဝတ္ထုတိုက လွယ်



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
## ကြုံရာဆုံရာတစ်မိနစ်တာ



ဘယ်လို့ ပြောတာ မဟုတ်ပါဘူး။ ရသစာတမ်းဆိုတာကကျတော့ ရင်ကိုတစ်ခုခုက လာမှန်တာမျိုး ဟတ်ထိတာပေါ့။ အဲဒီလိုဖြစ်မှ ရသစာ တမ်းကို ရေးသားနိုင်တာပါ။ ကျွန်တော်တစ်ယောက်တည်း ရှုဒေါင့်နဲ့ ပြောရင်ရင်ကို တစ်ခုခုလာမှန်တဲ့ အကြောင်းတရား တစ်ခုခုရှိမှ ရသစာတမ်းကို ရေးသားနိုင်တာပါ။

**ရသစာတမ်းရှုဖတ်သကိုပြီး ဆရာအနေနဲ့ ဘယ်သူတွေကို အားကျခဲ့သလဲ။**

အားကျခဲ့တာတွေတော့ အများကြီးပဲ။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ် ကိုကအစ ဆရာအောင်သင်း၊ ဆရာမောင်ရှင်မာ(ကျောင်းကုန်း)၊ ဆရာမြေလတ်မောင်မြင့်ဆွေ၊ ဆရာ မောင်ခိုင်လတ်တို့က အားကျခဲ့ရတဲ့ ရသ စာတမ်း ဆရာကြီးတွေပါပဲ။

**ရွှေအမြုတေ စာပေဆုပေးပွဲအပေါ်မှာရော ဆရာ့အမြင်။**

သူတွေက စာဖတ်မှုမှာ အားနည်းလာကြတယ်။ ဒီ်လက်ထရောနစ် မီဒီယာတွေ အားကောင်း လာတာနဲ့အမျှပေါ့။ ကျွန်တော်တို့ရဲ့ ပုံနှိပ်မီဒီယာတွေ အားနည်းလာတာကို ဆရာ ဦးဝင်းငြိမ်းကလည်း ရွှေအမြုတေ ဆုပေးပွဲ နှစ်စဉ် ကျင်းပနေတာက မီးကြိုးပစ်တာကို ထိန်းလက်နဲ့ ကာသလိုမျိုးဖြစ်နေမလားတော့ မသိဘူး။ ဒါပေမဲ့ ဆရာဦးဝင်းငြိမ်းက သူ့အစွမ်းသူ့အစနဲ့ ရွှေအမြုတေ စာပေဆုပေးပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်တာဟာ အင်မတန် ချီးကျူးစရာကောင်းပါတယ်။

**မျိုးဆက်သစ် စာရေးဆရာတွေ အပေါ် ဘယ်လိုအကြံပြုချင်ပါသလဲ။**

စာများများဖတ်ဖို့ပဲ အကြံပြုချင်ပါတယ်။ သုတ စာပေက ဦးနှောက်ကို ရည်ရွယ်တာပါ။ ရသစာပေက နှလုံးသားကို ရည်ရွယ်ပါတယ်။ နှလုံးသားကို ရည်ရွယ်တဲ့ ရသစာပေ များများဖတ်မှသာလျှင် နှလုံးသားလှတဲ့ လူသားတွေ ဖြစ်ကြပါမယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

■ နှင်းဝတ်ရည်ထက်

www.burmeseclassic.com

www.burmeseclassic.com

# ရေခဲပန်းပုထုတဲ့ ပန်းရိုပ်ဖြူ

**နှင်းဝတ်ရည်ထက်**

ရွှေအမြုတေ ရွှေမင်း အပါအဝင် မြန်မာ့မဂ္ဂဇင်းများမှာ [illegible]လက်စွမ်းပြတဲ့ ဆရာမတွေထဲမှာ ပန်းရိုပ်ဖြူလည်း ပါဝင်ပါတယ်။

ဆရာမက ရသစာတမ်းများနဲ့ ဝတ္ထုတိုများ ဖန်တီးတာ များပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ်ကစပြီး ပန်းရိုပ်ဖြူရဲ့လက်ရာဟာ ရွှေအမြုတေစာပေဆု ဝင်တော့မယ်လို့ စာဖတ်ပရိသတ်များ မှန်းဆခဲ့ကြပါတယ်။ ဒီနှစ်မှာ ပန်းရိုပ်ဖြူက ရေခဲပန်းပု ဆိုတဲ့ ဝတ္ထုတိုနဲ့ ဆုရရှိသွားပါပြီ။

**ဆုရတဲ့အပေါ် ခံစားချက်။**

ဒီဆု ရလိမ့်မယ်လို့ မမျှော်လင့်ထားတဲ့အတွက် ဝမ်းသာပါတယ်။ ဒီနှစ်ထဲမှာ ဝတ္ထုတိုကောင်းတွေ အများကြီးပဲ ပေါ်လာပြီ။ မဂ္ဂဇင်းတွေထဲမှာလည်း လွှတ်လွှတ်လပ်လပ် ရေးခွင့်ရလာတဲ့အတွက် ခေတ်မြိုင် ခံစားမှု ထင်ဟပ်တဲ့စာတွေ တော်တော်များများ ရေးနေကြပြီလေ။

**ဆရာမရဲ့ ဝတ္ထုတို အသက်သွင်းခဲ့တဲ့ ခံစားချက်ကိုလည်း ပြောပြပေးပါဦး။**

ဒီဝတ္ထုတိုလေးက လွန်ခဲ့တဲ့ ၁၀နှစ် ကျော်လောက်က တကယ်ဖြစ်ပျက်ခဲ့တဲ့



နှဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆု ဝတ္ထုတိုဆုရ စာရေးဆရာမ ပန်းရိုပ်ဖြူကို စာရေးဆရာမ မနှင်းဖွေးက ဆုချီးမြှင့်ပေးခဲ့ပါတယ်

အဖြစ်အပျက်လေး တစ်ခုပါ။ ကျွန်မရင်ထဲ သိမ်းထားတာ တော်တော်ကြာပြီပေါ့။ အရင် ခေတ်ကာတုန်းကတော့ စိစစ်ရေးကို ကျွန်မ တော်တော်လေး ငွေကွက်နေရလို့ ရေးလို့မရဘူး။ ခေတ်ထဲမှာလည်း 'ရေခဲပန်းပု' တွေကို ဟိုမှာ ဒီမှာ တွေ့လာရတယ်။ အဲဒီအချိန်မှာ ရေးချင်စိတ်ပေါ်လာတယ်။ ကျွန်မ အမျိုးသားက ဒီဝတ္ထုလေးကို ရေးမယ် ရေးမယ်နဲ့ ခဏခဏ ပြောဖြစ်တဲ့ အခါကျတော့ သူက ကျွန်မကို ရေးသင့်ပြီလို့ ခဏခဏ တိုက်တွန်းလို့ ရေးဖြစ်ခဲ့တာပါ။ ဒီဝတ္ထုလေးကို နှစ်ပေါင်းများစွာ သိမ်းလာခဲ့ရတဲ့အတွက် အခုလက်ရှိ အနုပညာလောကမှာ တချို့သော သူတွေရဲ့ အဖြစ် အပျက်တွေလည်း တွေ့နေရတာနဲ့လို့ ရေးဖြစ်သွားတာပါ။ ဝတ္ထုလေးရဲ့ ဇာတ်ကောင်က လူတစ်ယောက်အကြောင်းပါပဲ။ ကျွန်မငယ်တဲ့ အရွယ်မှာ ကျွန်မ ဟီးရိုးကို အင်မတန် မျှော်လင့်တယ်။ ကျွန်မရဲ့ ဇာတ်ကောင် ဦး[illegible] လည်း တကယ့် ... ယောက်အနေနဲ့ ကျွန်မ မျှော်...

www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview

## ကြုံရာဆုံရာတစ်မိနစ်တာ



…င့်ခဲ့တယ်။ ဒါပေမဲ့ ကျွန်မ ဟီးရိုးက တကယ့်ဟီးရိုး
…ဟုတ်ဘူး။ ပြောမယ်ဆိုရင်တော့ ကျွန်မရဲ့ဟီးရိုးက
…မြဲတမ်း မပြုံးမပျက် ခိုင်ခိုင်မာမာနဲ့ ဟီးရိုးလို့
…င်ထားပေမဲ့ သူက ရေခဲပန်းပုမျှသာ ဖြစ်တယ်။
…ရောင်လေး နည်းနည်း ထွက်လာတာနဲ့
…ခဲတွေ အရည်ပျော်သွားသလိုပဲ။
…ဒါကို ခံစားပြီး ရေးခဲ့ရတာပါ။
**…ပေးပွဲအခေါ် အမြင်။**
…ပေးပွဲ ဖိတ်စာလေးမှာ
…ဆော်ထားသလိုပဲ
…ရသစာပေဟာ အသက်ကယ်ဖို့
…ဆော်တော် လိုနေပါသေးတယ်။
…ဆရာ ဦးဝင်းငြိမ်းက
…ရသစာပေကို သူနိုင်သလောက်
…အင်အားနဲ့ ပြန်ပြီးတော့
…ကယ်တင်နေတာပါ။ ဆရာ့ကိုလည်း
…တကယ်ကျေးဇူးတင်ပါ
…တယ်။ ရသစာပေအတွက်လည်း
…အရမ်းကျေးဇူးတင်ပါတယ်။
**…ဆက်သစ်**
**…စာရေးသူလေးတွေ**
**…အတွက်လည်း အကြံပေးပါဦး။**
ကျွန်မ စကားတော့
…ဟုတ်ပါဘူး။
ကျွန်မသဘောကျခဲ့တဲ့
ဆရာမြသန်းတင့်စကားပါ။
…စာမဖတ်တဲ့သူက
…အကန်းနဲ့တူတယ်တဲ့။
…အ၊အနဲ့ တူတယ်တဲ့။
ကျွန်မတို့ မကန်းဖို့
…အတွက်
…များများ ဖတ်ဖို့
…ဖို့ လိုပါတယ်။
■ နှင်းဝတ်ရည်ထက်

www.burmeseclassic.com

www.burmeseclassic.com

# လျှောကားထက်ပေါ်က အသင်

နှင်းဝတ်ရည်ထက်

မျိုးဆက်သစ်စာပေဆုကို ဆွတ်ခူးသွားတဲ့ ဆရာမ ရွှေသင်(အသင်)ရဲ့ လက်ရာက ထူးခြားလှပါတယ်။ ဆရာမ ဝတ္ထု ဖော်ပြခံရစဥ်ကတည်းက ဆရာ ရဲလွှမ်းက အလင်းတန်းဂျာနယ်မှာ ဒီနှစ် ရွှေအသစ်ဆုကို ရရှိနိုင်သူဟာ အသင်ကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူးလို့ ကြိုတင်ဟောကိန်း ထုတ်နိုင်တဲ့အထိ ထူးခြားပြောင်မြောက်ခဲ့ပါတယ်။ မျိုးဆက်သစ်စာပေဆုကို ဆွတ်ခူးရရှိသွားတဲ့ ဆရာမနဲ့ တွေ့ဆုံခဲ့ပါတယ်။

**ဆုရတဲ့အတွက် ခံစားချက်။**

ပြောမပြတတ်အောင်ကို ဝမ်းသာပါတယ်။

**ဆုရဖို့ရော မျှော်လင့်ထားပါသလား။**

မမျှော်ခဲ့ပါဘူး။ အားလုံးကလည်း ပြောတယ်။ ရွှေအမြုတေ စာပေဆုဆိုတာက နတ်ကြီးတယ်လေ။ တချို့ဆို အရှင်းကို နာမည်ကြီးတယ်။ တကယ့် တကယ်ကျရင် မရကြဘူးလေ။

**ဆရာမရဲ့ ဆုရဝတ္ထုနဲ့ ပတ်သက်ပြီး ဖန်တီးဖြစ်ခဲ့ပုံကိုလည်း ရှင်းပြပေးပါ။**

ကိုယ်တိုင် ကြုံခဲ့တဲ့ အဖြစ်အပျက်လေးကို အခြေခံပြီးတော့ ရေးခဲ့တာပါ။ အဲဒီဝတ္ထုလေးက ပင်ပန်းတကြီး ရေးရတာတော့ မဟုတ်ဘူး။ ကိုယ် ကြုံခဲ့ရတဲ့ အရာလေးတွေကိုပဲ စီစဉ်တကျလေး ဖြစ်အောင် ရေးလိုက်တာပါ။

**ဆရာမအနေနဲ့ရော ရွှေအသစ်ဆုအပေါ် အရင်က ထားခဲ့တဲ့ ခံစားချက်ကို ပြောပေးပါဦး။**

အရင်တုန်းကတော့ ကိုယ်နဲ့ ဘာမှ မဆိုင်သလိုပဲ။ စာတွေရေးလာတဲ့ အခါကျတော့လည်း မျှော်တော့လည်း မမျှော်လင့်ရဲပါဘူး။

**ဆုပေးပွဲအပေါ်ရော အမြင်ကို ပြောပေးပါဦး။**



နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆု မျိုးဆက်သစ်(ဝတ္ထုတို)ဆုရ စာရေးဆရာမ အသင်(ရွှေသင်)ကို ရွှေအမြုတေမဂ္ဂဇင်း စာတည်းချုပ် ဦးဝင်းငြိမ်းက ဆုချီးမြှင့်ပေးခဲ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
## ကြုံရာဆုံရာတစ်မိနစ်တာ



လူတိုင်းပြောနေတဲ့ အတိုင်းပါပဲ။
ရသစာပေက အရမ်းကို ကျဆင်းလာပြီ။
ဆက်အပြောင်းအလဲကြောင့်လားတော့
မပြောတတ်ဘူး။ စာဖတ်သူကလည်း
အားနည်းတယ်။
တစ်ဖက်က မှီပိုးပေးမယ့်
သူတွေကလည်း ရှားတယ်။
ဒီဆုပေးပွဲလေး ရှိနေတာကို
အရမ်းလည်း သဘောကျတယ်။
အရမ်းလည်း ကျေးဇူးတင်ပါတယ်။
မျိုးဆက်သစ်တွေအတွက်လည်း
အကြံပြုပေးပါဦး။
စာများများ ဖတ်စေချင်ပါတယ်။
တချို့က စာရေးချင်တယ်ဆိုပြီး
စာရေးဖို့ အရမ်းလောကြီးတယ်။
ဒါပေမဲ့ စာများများဖတ်ရမယ်။
အဲဒါကလည်း
သူများရေးတဲ့စာတွေကို
ဖတ်ပြီး အတုယူရမယ်။
ကိုယ်ရေးတဲ့စာကိုလည်း
ကိုယ်ပြန်ဖတ်ရမယ်။ စာတစ်ပုဒ်က
ချက်ချင်းရေးလိုက်တာနဲ့
ပြီးပြည့်စုံတဲ့ စာတစ်ပုဒ်
ချက်ချင်း ဖြစ်မသွားဘူး။
ဒီစာကို ရေးပြီးတာနဲ့
ကိုယ်ရေးထားတဲ့စာကို ထပ်တလဲလဲ
ဖတ်ရတယ်။ အဲဒီတော့မှ
ဘယ်နေရာမှာ ဘာလိုနေတယ်ဆိုတဲ့
ထို့အပ်ချက်တွေကို မြင်လာပြီး
ဖြည့်စွက်ရင်း ဖြည့်စွက်ရင်းနဲ့
အချိန်ကာလလေးတစ်ခုမှာ
ပြည့်စုံတဲ့ စာရူလေးတစ်ပုဒ်
ဖြစ်လာတာပါ။

■ နှင်းဝတ်ရည်ထက်

www.burmeseclassic.com

www.burmeseclassic.com

# စာတတ်ပုံရိုက်ပြတဲ့ မာန်(တောင်လုံးပြန်)

**နှင်းဝတ်ရည်ထက်**

ရွှေအမြုတေမဂ္ဂဇင်းမှာ ဆရာ မာန်(တောင်လုံးပြန်)ရဲ့ စာတိုပုံ ဝတ္ထုရှည်ဖော်ပြခဲ့ရစဉ်ကတည်းက စာချစ်သူများကြားမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားခဲ့ပါတယ်။ နောက်ခံအကြောင်းအရာက ရွှေဝါရောင်အရေးအခင်း ဖြစ်ပေမဲ့ စာရေးဆရာက ဒီစကားလုံး မပါဝင်အောင် သူ့ဝတ္ထုကို ဖန်တီးသွားနိုင်ခြင်းကိုက ထူးခြားပြောင်မြောက်နေပါတယ်။ ဆရာမာန်(တောင်လုံးပြန်)က ဝတ္ထုရှည်ဆုကို တစ်ကြိမ်ရဖူးဖြစ်တဲ့အတွက် အခု ရလိုက်တဲ့ဆုက ဒုတိယအကြိမ် ဖြစ်ပါတယ်။

**ဆုရတဲ့အတွက် ခံစားချက်။**

အတိုင်းမသိ ဝမ်းသာပါတယ်။ ရွှေအမြုတေစာပေဆုကိုဖန်တီးပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဆရာဦးဝင်းငြိမ်း၊ ရွေးချယ်ပေးတဲ့သူတွေ၊ ဖိုဝိုးပေးတဲ့သူတွေ၊ အပေါင်းအသင်းရောင်းရင်းတွေ အားလုံးကို ရင်ထဲကလှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါတယ်။

**ဆရာရေးခဲ့တဲ့ ဝတ္ထုရှည် ရဲ့ဖန်တီးမှုပုံကိုပြောပြပေးပါဦး။**

ပျော်ဘွယ်မြို့နယ်ရဲ့ တောရွာလေးတစ်ရွာကို ဟောပြောပွဲရောက်သွားတယ်။ အဲဒီအချိန်မှာ ဘုန်းကြီးကျောင်းမှာ ညအိပ်ပြီး ဖတ်ဝန်းကျင်ရှုခင်းတွေ ခံစားခဲ့တယ်။ အခုအချိန်မှာ ဖွင့်လင်းသောတဲ့အတွက် သိပ်ပြီး လျှို့ဝှက်စရာမလိုဘူး။ ကျွန်တော်တို့တိုင်းပြည်မှာလည်း ကံအားလျော်စွာ ရွှေဝါရောင်တော်လှန်ရေးဆိုတဲ့ အဖြစ်ဆိုးတစ်ခုကို အာဃာတထားဖို့ မဟုတ်ဘူး။ မုန်းတီးဖို့ မဟုတ်ဘူး။ နောင်ဒီလို အလားတူ ပြဿနာမျိုး ရှိနိုင်တယ်ဆိုတာ ဖောင်းပေးပြီးရေးထားတာ။ ဒါပေမဲ့ ရောက်လား၊ မရောက်လားတော့ မသိဘူး။

**ဝတ္ထုရှည်နဲ့ ဆုရခဲ့တာ**

အနိမ့်အမြင့်တွေ ရှိတယ်။ ဝတ္ထုတိုက စာဖတ်သူကို မျက်လှည့်ပြသလို မှောက်ထားတဲ့ခွက်ကို လှန်လိုက်လို့ရတယ်။ ကြီးမားတဲ့ လှုပ်ခါမှုတစ်ခုနဲ့ တစ်ချက်လောက်ပြလိုက်တာနဲ့ရတယ်။ အရှည်ကျတော့ စကတည်းက



နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆု ဝတ္ထုရှည်ဆုရ စာရေးဆရာ မာန်(တောင်လုံးပြန်)ကို စာရေးဆရာမ မစန္ဒာက ဆုချီးမြှင့်ပေးခဲ့ပါတယ်

ဘယ်တိုင်းပြည်မှ မကြုံလိုက်ရဘဲကြုံလိုက်ရတယ်။ အဲဒါကို လက်လွှတ်စပယ် မေ့ပစ်လို့ မဖြစ်ဘူး။ အဲဒီမှာ အနစ်နာခံခဲ့ကြရတဲ့ ဆရာတော် သံဃာတော်တွေလည်းရှိတယ်။ အဲဒါတွေကို စာတ်အိမ်ဖန်တီးပြီးတော့ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကို ရေးခဲ့တယ်။ ဒါက ဘယ်သူ့တို့မှ

**ဆိုတော့ ဝတ္ထုတိုရဲ့ အရှည်ရဲ့ တည်ဆောက်မှု ကွာဟချက်ကိုလည်း ရှင်းပြပေးပါ။**

ဝတ္ထုတိုမှာကတော့ ဝမ်းရှော့ရှိုင့်ပေါ့။ သူပေးချင်တဲ့ အကြောင်းအရာ တစ်ခုကို ပြောလို့ရတယ်။ ဝတ္ထုရှည်မှာကျတော့ စာတ်အိမ်ရှိတယ်။ စာတ်ကောင် ရှိတယ်။ စကားလုံးရှိတယ်။ စာတ်တန်ဖိုး စာတ်အိမ်တည်ပြီး ဆွဲဆောင်လာမယ်။ ဒီအထဲမှာ စာတ်ရှိန် အနိမ့်အမြင့်တွေရှိမယ်။ စာတ်ကောင်တွေရဲ့ စရိုက်တွေပါမယ်။

**ဆုပေးပွဲအပေါ် အမြင်။**

ကျွန်တော် အရင်ဆုရတဲ့ နှစ်တွေတုန်းကတော့ ပရိသတ်အားရော၊ စိတ်ပါဝင်စားတဲ့ သူတွေရော ဒီလောက် အား



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview

## ကြုံရာဆုံရာတစ်မိနစ်တာ



ကောင်းတယ်လို့ ထင်တယ်။ ဒီဘက်နောက်ပိုင်းမှာတော့ လာတဲ့ ပရိသတ်ကလည်း ဆုအပေါ်မှာ သိပ်ပြီးတော့ စိတ်ဝင်တစား မရှိဘဲ ပွဲတစ်ခုကို လာတက်တဲ့ သဘောလောက်ပဲ ရှိတယ်။ စာရေးဆရာတွေပဲ စိတ်ဝင်စားတယ်လို့ ကျွန်တော် မြင်မိပါတယ်။ ကျွန်တော့်ရဲ့ ခံစားချက်ပါပဲ။ ဆုအမြဲတော စရိတ်ပေးတဲ့ ဆရာတွေ ဒီလောက် စိုက်စိုက်ခဲခဲ စရိတ်ကြီးမားထားတာကိုတော့ အားရတယ်။ လာတဲ့ပရိသတ်ရဲ့ ခေတ်ကာလအခြေအနေတွေကိုက အခုတစ်ခုကလောက်တော့ အားမကောင်းဘူးလို့ထင်ပြီး စိတ်မကောင်းဖြစ်မိတယ်။ ဒီအတွက် နောင်များမှာလည်း ရသစာပေအပေါ်မှာ စာဖတ်ပရိသတ်ရော၊ ပိုင်ဆိုင်နေတဲ့သူတွေရော ဒီထက်ပိုပြီးတော့ စိတ်အားထက်သန်မှုတွေပြကြဖို့လည်း တောင်းဆိုချင်ပါတယ်။

**ဝတ္ထုတိုရေးသူထက် အရှည်ရေးသူက နည်းနေသလားလို့။ ဆရာ့အမြင်ကရော။**

ဝတ္ထုရှည်က ရေးပေမဲ့လည်း အရှည်မဖြစ်တာတွေ ရှိတယ်။ စကားလုံးတွေ ဆောင်းပွတယ်။ ဇာတ်အိမ်တွေမှာ လိုချင်တဲ့ အကြောင်းအရာကို မရောက်ဘဲနဲ့ ဘေးချော်ပြီးတော့ ပျက်ပြယ်သွားတာ မျိုးရှိတယ်။ ကျွန်တော်လည်း ကြုံရတယ်။ ဝတ္ထုရှည်ငါးပုဒ်လောက် ရေးပေမဲ့ တစ်ပုဒ်၊ နှစ်ပုဒ်လောက်ပဲ ကြိုက်တာမျိုးလည်း ရှိတယ်။

**မျိုးဆက်သစ် စာရေးသူတွေအတွက် အကြံပြုပါဦး။**

ကျွန်တော် ဒီအချိန်မှာ စာပေကို အားစိုက်မာန်စိုက် လုပ်ပါတယ်။ လုပ်ရတဲ့ အကြောင်းရင်းက သေခြင်းတရားကို ကြောက်လို့ပါ။ သေသခင်မှာ ကိုယ်လုပ်ချင်တာကို လုပ်မယ်။ ဒီစာပေလမ်းကြောင်းကို လျှောက်ပြီဆိုမှတော့ မဖြစ်မနေ လုပ်မယ်စိတ်နဲ့ လုပ်ရင် မျိုးဆက်သစ်တွေက ကျွန်တော်တို့ ထက်တော်တဲ့ စွမ်းအားရှိတဲ့ လူတွေ အများကြီး ပေါ်ထွက်နိုင်မယ်လို့ ယုံပါတယ်။ အခုလည်း သူတို့ပေါ်ထွက်လာတာတွေက ကြောက်ခမန်းလိလိပါပဲ။ ကျွန်တော်တို့ တုန်းကထက် အများကြီးကောင်းပါတယ်။ စာပေလမ်းကြောင်းပေါ်မှာ စာရေးဆရာအဖြစ် ရပ်တည်မယ်ဆိုရင်တော့ ကိုယ့်ကိုယ်ကို အဆင်မြင့်တဲ့လမ်းကြောင်းတစ်ခုရောက်မယ်လို့ ထင်ပါတယ်။

■ နှင်းဝတ်ရည်ထက်

www.burmeseclassic.com

www.burmeseclassic.com

# မြစ်တစ်စင်း၏ချစ်ခြင်းအလင်္ကာကို ဖွဲ့ဆိုခဲ့သူ

နှင်းဝတ်ရည်ထက်

ရွှေအမြုတေမဂ္ဂဇင်းမှာ စာရေးပါသနာပါတဲ့ ကလောင်သစ်များအတွက် ရွှေအသစ်ကဏ္ဍကို စတင်ဖွင့်လှစ်လိုက်ကတည်းက မလျှော့သောခွဲလုံ့လနဲ့ ကျူးကူတက်ကျူးခဲ ရေးဖွဲ့နေသူက ဆရာ နော်(ကျောက်တိုင်) ဖြစ်ပါတယ်။ သူ့ဝတ္ထုတွေကို အယ်ဒီတာများက လစဉ်သုံး

သပ်ပြနေကြတာကြောင့် ဖော်ပြခြင်းမခံရသေးပေမဲ့ သူ့နာမည်ကိုတော့ ရင်းနှီးနေကြပါပြီ။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း ရွှေအမြုတေမဂ္ဂဇင်းမှာ ဖော်ပြပါရှိခဲ့တဲ့ ရွှေနှလုံးသားဝတ္ထုတိုများထဲက ပရိသတ်အကြိုက်ဆုံး ဝတ္ထုကို ရွေးချယ်မဲပေးစေခဲ့ရာ ဆရာနော်(ကျောက်တိုင်)ရေးသားခဲ့တဲ့ မြစ်တစ်စင်း၏ ချစ်ခြင်းအလင်္ကာ က မဲအများဆုံး

ရရှိသွားပါတယ်။ ဒါကြောင့် ဆရာ နော်(ကျောက်တိုင်)ကို စင်ပေါ်မှာ ဒီနှစ်တွေ့ခွင့်ရကြပါပြီ။ မြစ်တစ်စင်း၏ ချစ်ခြင်းအလင်္ကာ ဖွဲ့ဆိုခဲ့သူကို တွေ့ဆုံမေးမြန်း ဖြစ်ပါတယ်။

ဆုနဲ့ ပတ်သက်ပြီး ခံစားချက်။

အရမ်းကို ပျော်တယ်။ အရမ်းဝမ်းသာတယ်။

ဆုရခဲ့တဲ့ ဝတ္ထုတိုလေးကို ဖန်တီးဖြစ်ခဲ့ပုံလေး ပြောပြပေးပါဦး။

မြစ်တစ်စင်း၏ ချစ်ခြင်းအလင်္ကာ ဝတ္ထုလေးကို ရေးဖွဲ့ခဲ့တာကတော့ စိတ်ထဲမှာ တကယ်ဖြစ်တဲ့အကြောင်းအရာလေးကို တွေးပြီး ရေးခဲ့တာပါ။ ဆရာမလေးတစ်ယောက်ကို စိတ်ထဲမှာ သံယောဇဉ်ဖြစ်နေတဲ့ ဆရာလေးတစ်ယောက်အကြောင်းကို ရေးခဲ့တာပါ။

အရင်နှစ်တွေတုန်းက ရွှေအမြုတေ စာပေဆုပေးပွဲ



၂၀၁၃-၂၀၁၄ ပရိသတ်အကြိုက်ဆုံး ရွှေနှလုံးသားဆုရ စာရေးဆရာ နော်(ကျောက်တိုင်)ကို ရွှေအမြုတေမဂ္ဂဇင်း တာဝန်ခံစာတည်း ဦးမျိုးမြင့်ညိမ်းက ဆုချီးမြှင့်ပေးခဲ့ပါတယ်




www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview

## ကြုံရာဆုံရာတစ်မိနစ်တာ



…င်းသက်ပြီး ဆရာ့အမြင်လေး ပြောပေးပါ။
…ချင်းနှစ်တွေတုန်းက ဒီဆုပေးပွဲကို
…ကနေကြည့်ပြီး လှိုက်လှိုက်လှဲလှဲနဲ့
…ဝမ်းပီတိဖြစ်ရတယ်။
…ကတော့ ရွှေမှာ နှစ်ပေါင်းများစွာ
…ဆောင် စာမူတွေ ပို့ခဲ့ပြီး
…ယ်မိခဲ့ရတယ်။ မလျှော့တဲ့ဇွဲနဲ့
…ပြီး ကြိုးစားမှုကြောင့်
…လို ဆုရရှိတဲ့အပေါ် ရော
…များ ပြောချင်ပါသလဲ။
…ဝမ်းဝမ်းသာတယ်။
ကျွန်တော် ဒါပဲပြောချင်တယ်။
…တို့လိုမျိုး စာပေလောကထဲ
…မှုကြိုးစားနေတဲ့ မျိုးဆက်သစ်
စာပေသမားတွေအပေါ်
…ယ်လို အကြံပြုချင်ပါသလဲ။
ကြိုးစားနေတဲ့
…သနာရှင်တွေကို
…ထူးပြောချင်တာက
ရွှေအမြုတေဆိုတာက
ကျွန်တော်တို့အတွက်တော့
…တ္တုတိုအတတ်ပညာတွေကို
…င်ကြားပို့ချနေတဲ့
…ကျွသိုလ်ကျောင်းကြီးလိုပါပဲ။
…မှာ ပို့ချနေတဲ့
…ရာ၊ ဆရာမတွေရဲ့
…တ်ချက်တွေကို
…လေးတစား
…သုံးသပ်ပြီး
ကြိုးစားခဲ့မယ်ဆိုရင်
…စ်နေ့ကျရင်တော့
…ောင်မှတ်တွေ ရမယ်လို့
ကျွန်တော် ပြောချင်ပါတယ်။

■ နှင်းဝတ်ရည်ထက်



www.burmeseclassic.com

www.burmeseclassic.com

# လမ်းခွဲမှာ အလှူပြုခဲ့သူ

**နှင်းဝတ်ရည်ထက်**

နှစ်တစ်နှစ်အတွင်း စိတ်ကြိုက် ရွှေအသစ်ဝတ္ထုတိုများကို စာဖတ်ပရိသတ် ရွေးချယ်ကြရာမှာတော့ လမ်းခွဲမှအလှူ ကို ရေးဖွဲ့ခဲ့သူ ဆရာမ မေ(လားရှိုး)ကို ရွေးချယ်ခဲ့ များလားလို့ သံသယ ဝင်ခဲ့ကြတဲ့အထိပါပဲ။ ပရိသတ် ရွေးချယ်ပေးလိုက်တဲ့အတွက် ရရှိခဲ့တဲ့ဆုကို ဆရာမက လည်း တန်ဖိုးထားပြီး စင်ကာပူနိုင်ငံမှ တကူးတက ပြန်လာပြီး လက်ခံခဲ့တာပါ။

**ဆုရတဲ့အတွက် ဆရာမ**

ဆုပေးပွဲကြီးကို နောင် နှစ်တွေ အများကြီး အများကြီးအထိ ရှိစေချင်တယ်။

**ဆရာမ ဆုရခဲ့တဲ့ ဝတ္ထုတိုနဲ့ပတ်သက်ပြီး ဖန်တီးဖြစ်ခဲ့ပုံကို ပြောပေးပါဦး။**

လမ်းခွဲမှအလှူ ဝတ္ထုလေးပါ။ မိတ်ဆွေတစ်ယောက်က ပြောပြချက်ပေါ့။ သူ့ယောက်ျားက သူ့ကို ရဟန်းအပြီးခံဖို့ ခွင့်တောင်းတယ်တဲ့။ သူ့ယောက်ျားကို မတားရက်ဘူး၊ မပတ်ပါနဲ့လို့လည်း မပြောရက်ဘူး။ ဖြစ်ပုံက

သူ့ယောကျ်ားက ဒုလ္လဘဝတ်ရင်းနဲ့ ရဟန်းအပြီးဝတ်ချင်တယ်ဆိုပြီး ခွင့်တောင်းလိုက်တာ။ တကယ်တမ်းတော့ ခွင့်မပေးချင်ဘူး။ ခွင့်မပေးချင်ဘဲနဲ့ သူမှာ ခွင့်ပြုလိုက်ရတဲ့အကြောင်းကို ကျွန်မကို ရင်ဖွင့်ခဲ့တာ။ ဒါပေမဲ့



၂၀၁၃-၂၀၁၄ ပရိသတ်အကြိုက်ဆုံး ရွှေအသစ်ဆုရ စာရေးဆရာမ မေ(လားရှိုး)ကို ရွှေအမြုတေမဂ္ဂဇင်း အမှုဆောင်စာတည်း မသီတာ(စမ်းချောင်း)က ဆုချီးမြှင့်နေစဉ်

သူတို့က အသက်ကြီးပြီ တစ်ယောက်တည်း မနေခဲ့ချင်လို့ ခွင့်မပြုချင်တာ။ သူတို့ရဲ့ သားသမီးတွေကလည်းခိုင်မိ ထောင်ပြုကုန်ကြပြီအခါကို သူက ရင်ဖွင့်တာကို စိတ်

ကြပါတယ်။ ဆရာမ ဝတ္ထုက အသစ် တစ်ယောက် ဆိုပေမဲ့ ရေးဖွဲ့ပုံပြေပြစ် လွန်းတာကြောင့် ဝါရင့် တစ်ယောက်ယောက်ရဲ့ ခံစားချက်။

အရမ်းကို ပျော်တယ်။ ဆုရလိမ့်မယ်လို့ လုံးဝကို မထင်ထားခဲ့ဘူး။

**ဆုပေးပွဲအပေါ် ဆရာမ အမြင်။**



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview

## ကြုံရာခုံရာတစ်မိနစ်တာ



...း ပြီး ရေးလိုက်တာ။

**...နောက်ထပ် မျိုးဆက်သစ်**
**...ပေသမားတွေအတွက်ရော**
**...များ အကြံပြုချင်သလဲရှင့်။**

...တွေ ဖတ်စေချင်တယ်။ အခုအချိန်မှာ
...သေစာပေဆိုတာကလည်း တအားကို
...ဆင်းနေတဲ့အချိန် ရောက်နေပြီလေ။
...ကျွန်မလည်း စာကိုပျိုးငယ်ငယ်ကလေးတည်းက
...ဖြစ်တာ အခုမှ ပို့ဖြစ်တာပါ။
...ကြောင့် ကျွန်မလိုပဲ
...တွေ အမြဲတမ်းပို့နေတဲ့
...ရေးသူလေးတွေကို ကိုယ်ချင်းစာမိတယ်။
...ဆုလေး ရလိုက်တော့ ကျွန်မ
...ရမ်းပျော်ပေမဲ့၊ သူတို့အပေါ်များ
...ကျွန်မ မတရားဘူးလားလို့တောင်
...စားမိတယ်။ ကျွန်မ အမှန်တိုင်း
...ပြောရရင် ရွှေအမြုတေကို ဒီဝတ္ထုလေး
...ပို့တာ ပထမဆုံးပဲ၊ ပထမဆုံးမှာ
...ဆုရတာ ရွှေဝတ္ထုတွေကို
...ဖတ်တာကတော့ ငယ်ငယ်ကလေး
...တည်းကပဲ။ ရွှေမလုပ်ခင်
...မွေးလွှာမှာထဲက လုပ်ခဲ့တာ။
...ဘယ်တိုက်ကိုမှလည်း ကျွန်မဝတ္ထုကို
...ပို့ခဲ့ပါဘူး။ ရွှေကိုပဲ ပို့ခဲ့တာပါ။

**...ဆရာမရဲ့ အနာဂတ်စာပေ**
**...ရည်မှန်းချက်လမ်းကြောင်းလေးကိုလည်း**
**...ပြောပြပေးပါဦး။**

...ကျွန်မဝတ္ထုလေး
...ဆုရတယ်ဆိုတော့ ဒီဝတ္ထုလေးထက်
...နောက်ဝတ္ထုတွေ
...ကောင်းမှာကိုတော့ စိုးရိမ်မိတယ်။
...နောက်ထပ်ရေးနိုင် ပါ့မလားပေါ့။
...ရေးတာက တော့ ရေးသွားမှာပါ။

■ နှင်းဝတ်ရည်ထက်

www.burmeseclassic.com

www.burmeseclassic.com











အင်ဂျလီနာဂျိုလီ သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ဇာတ်ကားများ

# အင်ဂျလီနာဂျိုလီ နှင့် တွေ့ဆုံခြင်း


**ဇာနည်ညီမိုး**

မနက် ၁၀ နာရီ
မိနစ် ၃၀ အချိန်မှာ
နယူးယောက်မြို့ မင်ဟက်တန်
နိုင်ဟိုက်တယ်လ်ဟိုတယ်ရဲ့
သီးသန့်အခန်းမှာ
ထက်ဝင်လှုပ်ရှားနေပါပြီ။
ဂျိုလီက မနက်စာ
မှာယူစားသုံးလိုက်ပါတယ်။
ဒီမနက်မှာ ရုပ်ရှင်ကား
နှစ်ကားအတွက် ထုတ်လုပ်သူများ၊
ဒါရိုက်တာများနဲ့
အစည်းအဝေးတွေ
ကျင်းပခဲ့ပြီးပါပြီ။ အခု ဖြင့်
သားသမီး ၆ ဦးရဲ့
ညှို့ယမ်းမှုအဖြစ်လည်း
ဆောင်ရွက်ခဲ့ရပါတယ်။
'ကျွန်မတို့က
ဒီလိုရုပ်မျိုးမှာတော့
ကလေးတွေ အလိုလိုက်ရပါတယ်။
သူတို့ကို မေ့ရှုသေးတာ

ထမင်းစားခါနီးတဲ့ရှိတဲ့နေရာပဲ ကျွန်တော့တယ်။ သမီး ဇဟာရာက သွားမဲ့
မြင်ချင်သတဲ့။ သား မက်ဒ်က သူကြိုက်တဲ့ဒိုင်နိုဆောဖြစ်တဲ့
သွားဝယ်ချင်သတဲ့။ ပြီးတော့ နယူးယောက်မြို့ရဲ့ ကမ္ဘာကျော်
ဇင်တရယ်ဥယျာဉ်ကြီးထဲမှာ လမ်းလျှောက်ချင်ကြသေးသတဲ့လေ
သူတို့အားလုံးကတော့ ထက်ကြွနေကြတာပဲ'လို့ သက်ပြင်းချရင်း
ပြောလိုက်ပါတယ်။ သူတို့မိသားစုမှာ ရှစ်ဦးပါဝင်တာမို့ တအုပ်တမကြီးပါ
ဂျိုလီ(အသက် ၃၈ နှစ်)၊ သူ့ချစ်သူ ဘရက်ပစ်(အသက် ၅၀
သား မက်ဒေါက်စ် (အသက် ၁၂ နှစ်)၊ ပက်စ် (အသက်
ဇဟာရာ(အသက် ၉ နှစ်)၊ ရှီလို(အသက် ၇ နှစ်)နဲ့ အမြွှာများဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



Maleficent ဇာတ်ကားထဲမှာ အတူသရုပ်ဆောင်ထားတဲ့ ဂျိုလီနဲ့ သမီးငယ် ဗီဗီယန်



GIA ဇာတ်ကားမှာ…



The Good Shepherd ဇာတ်ကားမှာ Matt Damon နဲ့အတူ…



Hackers ဇာတ်ကားမှာ…

နောက်စ်နဲ့ ဗီဗီယမ်(အသက် ၅ နှစ်) တို့ ပါဝင်ပါတယ်။

People မဂ္ဂဇင်းနဲ့ တွေ့ဆုံရာမှာ သူမနဲ့ ပတ်သက်သမျှကို တရင်းတနီး ပြောပြပါတယ်။ လွန်ခဲ့တဲ့နှစ်က ကင်ဆာရောဂါကာကွယ်ဖို့အတွက် ရင်သားနှစ်ဖက်စလုံး ဖြတ်ခဲ့ပုံ၊ သူမရဲ့ကလေးများအကြောင်း၊ မေလ ၃၀ ရက်နေ့မှာ ရုံတင်ပြသတော့မယ့် ရုပ်ရှင်ကားသစ်ဖြစ်တဲ့ **Maleficent** အကြောင်း၊ အတူနေခဲ့ကြတာ ၉ နှစ်ရှိပြီး မကြာခင်မှာ လက်ထပ်ဖို့ စီစဉ်နေတဲ့ သူတို့လက်ထပ်ပွဲအကြောင်း စသဖြင့် ပြောပြရင်း 'ကျွန်မဘဝမှာ ဆုံးဖြတ်ချက်ချခဲ့ရတာတွေဟာ ရဲရဲရင့်ရင့် ရင်ဆိုင်ခဲ့ရတာတွေချည်းပါပဲ။ မှားတာလည်း ရှိကောင်းရှိနိုင်ပါတယ်'လို့ ဆိုခဲ့ပါတယ်။

❑

## အမေများနေ့အမှတ်တရ

ဒီနှစ်ကြုံရတဲ့ အမေနေ့ အမှတ်တရကတော့ ကျွန်မအတွက် မှတ်မှတ်ရရဖြစ်အောင် သားတွေသမီးတွေက စီစဉ်ပေးကြတယ်။ သူတို့လုပ်နိုင်အောင် ဘရက်က ကူညီပေးခဲ့တာပေါ့။ သမီးလေး နောက်စ်က ကျွန်မကို **Maleficent** ကားထဲကပုံနဲ့ လက်စွပ်ကလေးတစ်ကွင်းပေးတယ်(ဂျိုလီက သူ့လက်စွပ်ကို ပြပါတယ်)။ ဒါလေးက တကယ့်ကို ချစ်စရာလေး။ ဗီဗီကတော့ ကျွန်မအတွက် စာရေးကိရိယာတွေနဲ့ ခေါင်းအုံးကလေးတစ်လုံး ဝယ်ပေးတယ်။ ကျွန်မရုံးခန်းမှာ အသုံးဝင်အောင်လို့တဲ့လေ။ သူတို့လေးတွေ ဖန်တီးပေးတဲ့

www.burmeseclassic.com

ပစ္စည်းတွေက ကျွန်မအတွက် ပျော်ရွှင်မှုရစေပါတယ်။ ကျွန်မတို့က ကလေးတွေကို ဩဇာသုံးပြီး ဒီလိုဝတ်၊ ဒီလိုစား၊ ဒီလိုနေလို့ ကြပ်မတ်ခဲ့ကြပေမဲ့ အမေနေ့မှာတော့ သူတို့စိတ်ကြိုက် အမေအတွက် ပစ္စည်းတွေ ဖန်တီးခွင့်ရကြပါတယ်။ ကလေးတွေက ကျွန်မကို ဝတ်ပါဆိုတဲ့ အဝတ်အစား ကျွန်မ ဝတ်ခဲ့တယ်။ သား ပက်စ်က ကျွန်မ ငယ်ငယ်တုန်းကကြိုက်တဲ့ Goofy ရုပ်အင်္ကျီဝတ်ခိုင်းတယ်။ ဗီဗီက ကျွန်မကို သရဖူတစ်ခုရှာပေးပြီး ဒါကိုလည်း ဆောင်းထားဦးဆိုတော့ ကျွန်မမှာ လူရယ်စရာကြီးကို ဖြစ်လို့။

## ၂၀၁၃ ခုနှစ် ရင်သားနှစ်ဖက် ဖြတ်ထုတ်ပြီး ကျန်းမာရေးအခြေအနေ

ကျွန်မ နေကောင်းပါတယ်။ ကာကယ့်ကို နေကောင်းတာပါ။ ကျွန်မ ရွေးချယ်ခဲ့မှုဟာ မှန်ကန်တယ်လို့ ဆိုရမယ်။ ကျွန်မလိုပဲ အမျိုးသမီးများ အနေနဲ့ ကင်ဆာရောဂါဘေးက ကင်းဝေးအောင် သတိပြုကြစေချင်တယ်။ အမေရိကန်ပြည်ထောင်စု တစ်ဝန်းမှာရှိတဲ့ အမျိုးသမီးတွေက ကျွန်မဆီကို စာတွေအများကြီး ရေးကြတယ်။ အမျိုးသားတွေ ရေးတဲ့စာတွေလည်း ဖတ်ရပါတယ်။ သူတို့စာတွေ ဖတ်ရတော့ ကျွန်မ အရမ်းကြည်နူးရတယ်။ အခုတော့ ကျွန်မ တစ်နေ့ကို အချိန်နည်းနည်းယူပြီး ကင်ဆာရောဂါသည် အမျိုးသမီးများရဲ့ ခင်ပွန်းသည်များကို အားပေးစကားပြောပါတယ်။ စာနယ်ဇင်းတချို့ကတော့ ကျွန်မဟာ မလိုအပ်ဘဲနဲ့ ခွဲစိတ်ကုသမှုခံယူတယ်လို့ဆိုကြတယ်။ ကျွန်မ လုပ်သမျှကို အကောင်းမမြင်တတ်တာနဲ့ ပတ်သက်ပြီး ကျွန်မအတွက်ကတော့ ရိုးနေပါပြီ။ ကျွန်မ နောက်ထပ် ခွဲစိတ်မှုတစ်ခု လုပ်ပါဦးမယ်။ သားအိမ်ထုတ်ခစ်မှာပါ။ ဘယ်တော့လဲ ဆိုတာတော့ မပြောနိုင်သေးပါဘူး။ ကျွန်မအမေ သေဆုံးလွန်ခဲ့တာ ရင်သားနဲ့သားအိမ် ကင်ဆာရောဂါနဲ့ပါ။



Salt ဇာတ်ကားမှာ...



Maleficent ဇာတ်ကားမှာ...



The Bone Collector ဇာတ်ကားမှာ...



Lara Croft:Tomb Raider ဇာတ်ကားမှာ...

www.burmeseclassic.com

www.burmeseclassic.com




### The Tourist နောက်ပိုင်း ပထမဆုံးရုံတင်လာတဲ့ Maleficent

ဒီကားရိုက်ရတာ ကျွန်မ နည်းနည်းတော့ စိတ်လှုပ်ရှားတယ်။ စရိုက်ပြီ ဆိုကတည်းက နောက်ပြန်လှည့်လို့ မရနိုင်တော့ဘူးဆိုတာ သိလိုက်ပါတယ်၊ ဇာတ်ကောင်စရိုက်အရ အရပ်က ၇ ပေနဲ့ မြင့်ပြီး ခေါင်းပေါ်မှာလည်း ချို(ဂျို)တွေက ပါသေးတာ။ သွားတွေကလည်း ချွန်ထက်နေအောင် ဖန်တီးထားသေးတယ်။ ပရိသတ်ကတော့ ကျွန်မပုံကို မြင်ရင် ရယ်စရာလို့ အောက်မေ့ကြမလား မသိဘူး။ ဖျော်ဖြေရေးအတွက် ဒါတွေလုပ်ခဲ့ရတာဖြစ်လို့ ပရိသတ် အပန်းပြေပါတယ်ဆိုရင် ကျွန်မလုပ်ဆောင်ရကျိုးနပ်ပါတယ်။

### သားသမီးများ ပါဝင်သရုပ်ဆောင်ခြင်း

ကျွန်မက သားသမီးတွေကို သရုပ်ဆောင်မဖြစ်စေချင်ပါဘူး။ ဒါပေမဲ့ အသက် ၄၊ ၅ နှစ်အရွယ် တခြားကလေးသရုပ်ဆောင်တွေနဲ့ ရိုက်မယ်ဆိုရင် ကလေးတွေက ကျွန်မပုံစံကို ကြောက်နေတာနဲ့ပဲ ရိုက်လို့မဖြစ်ဘူးထင်တယ်။ ကျွန်မက ဟယ်လိုလို့ နှုတ်ဆက်လိုက်တာနဲ့ ကလေးတွေက ငိုကြပြီ။ ဒါကြောင့် ဘရက်နဲ့ တိုင်ပင်ပြီး တခြားကလေးတွေထက် သမီး ဗီဗီနဲ့ဆိုရင် အဆင်ပြေလိမ့်မယ်လို့ ဆုံးဖြတ်ခဲ့ကြတာပါ။ ဘာသာသွတ်သွင်းတဲ့ အခမ်းအနားကို ရိုက်ကူးရာမှာတော့ ပက်စ်၊ ဇဟာရာတို့လည်း ပါဝင်သရုပ်ဆောင်ပေးခဲ့ကြပါတယ်။ သူတို့ဆရာမတွေက သူတို့ရဲ့အမေတွေအဖြစ် သရုပ်ဆောင်ခဲ့ကြတယ်။ အခက်အခဲတစ်ခုကို ဖြေရှင်းလိုက်တာ ဖြစ်ပေမဲ့ ကျွန်မအနေနဲ့ကတော့ မိသားစုအတွက် အမှတ်တရဖြစ်စေတဲ့ ရုပ်ရှင်ကားလို့ ထင်ပါတယ်။ ကျွန်မကို တစ်ကိုယ်ကောင်းဆန်တယ်ပဲ ဆိုကြပါစို့။ သူတို့မရှိတဲ့အခါ မှာ ကျွန်မ သရုပ်ဆောင်ရတာ ပိုပြီးကောင်းတယ်။ ဒါဟာ ကျွန်မရဲ့လျှို့



www.burmeseclassic.com

www.burmeseclassic.com

ထူးချက်ပဲ ဆိုကြပါစို့။

## ကလေးများကြောင့် ပြောင်းလဲခဲ့ရတဲ့ဘဝ

မိဘတိုင်း ကျွန်မလိုပဲ ဖြစ်မယ် ထင်ပါတယ်။ မိသားစုတစ်ခု ထူထောင်ပြီးဆိုကတည်းက ကိုယ့်ဘဝကို လုံးလုံးကြီး ပြောင်းလဲလိုက်ရတာပါပဲ။ ကိုယ်လုပ်ချင်တာထက် သူတို့လုပ်ချင်တာကို ဦးစားပေးရတယ်။ ကျွန်မကိုယ်တိုင်လည်း အဲဒီလိုဖြစ်သွားတဲ့အတွက် ဝမ်းနည်းမိပါတယ်။ ကိုယ့်ဘဝကို သူတို့လက်ထဲ အပ်လိုက်ရတာကိုး။ အမေတစ်ယောက် ဖြစ်ရတာ ကျွန်မ ဝမ်းသာသလို မိသားစုနဲ့ နေရတာကိုလည်း ကျွန်မ ကျေနပ်ပါတယ်။ သူတို့ကလေးတွေ ကြီးပြင်းအရွယ်ရောက်လာတာကို ကျွန်မတို့ ကြည့်နေရရင် ကျေနပ်နေတာပါ၊ သူတို့က တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ ကျွန်မ ဖတ်ဖူးတဲ့ဆောင်းပါးတစ်ပုဒ်မှာ သိပ္ပံပညာရှင်တစ်ဦးက ညီအစ်ကို မောင်နှမများတစ်ဦးအပေါ်တစ်ဦး ချစ်ခင်တွယ်တာမှုက မိဘများထက် ပိုတယ်လို့ဆိုတယ်။ အဲဒီစကားမှန်တယ်လို့ ကျွန်မ ယုံတယ်။ တချို့ညတွေမှာဆိုရင် အကြီးတွေက အငယ်တွေကို သူတို့သိသင့်သိထိုက်တာတွေ ပြောပြနေတာ ကျွန်မ ကြားရတယ်။ အဲဒီအခါမျိုးမှာ ကျွန်မနဲ့ဘရက် ရယ်မိကြတယ်။ တစ်ခါတလေ အိမ်စာတွေ အခက်အခဲရှိရင်လည်း တစ်ယောက်ကိုတစ်ယောက် ကူညီပေးကြတယ်။ အထူးသဖြင့် သင်္ချာပေါ့။ တစ်ခါတလေကျရင် ကျွန်မကလေးတွေက ကျွန်မကို စ,ကြတယ်။ မာမီ အိမ်စာတွေ ကူလုပ်ပေးပါတဲ့။ ကျွန်မကလည်း လုပ်ပေးမယ်ပေါ့။ အဲ…သူတို့က သင်္ချာနော်လို့ ပြောလိုက်ရင် ကျွန်မက 'ဟော့ ဟော့ သင်္ချာတော့ မမေးနဲ့၊ အင်္ဂလိပ်စာ၊ သမိုင်း ဘာကိုမှ မမေးနဲ့' အော်ရတော့တာ။

## နောက်ထပ် ဘာရိုက်မလဲ

ကျွန်မ အခု **Unbroken** ဆိုတဲ့ ဒုတိယကမ္ဘာစစ် နောက်ခံဇာတ်ကားတစ်ကား ရိုက်နေတယ်။ ဒီဇင်ဘာလရောက်တော့ ရုံတင်နိုင်မယ်ထင်တယ်။ ရိုက်ရင်းရိုက်ရင်းနဲ့မှ ကျွန်မ တွေးမိတာရှိတယ်။ ဪ…ဒီလောက်ခက်လို့လည်း လွန်ခဲ့တဲ့ ၅၆ နှစ်ကတည်းက ဘယ်သူမှ မရိုက်ခဲ့ကြတာပဲ။ ငါက ဘာဖြစ်လို့ ရိုက်မိပါလိမ့်ပေါ့။ ကျွန်မက ဒါရိုက်တာ လုပ်ရတာကို ဝါသနာပါတယ်။ တခြားသူတွေနဲ့လည်း ဘယ်လိုဇာတ်လမ်းတွေရိုက်ရင် ကောင်းမလဲဆိုတာ တိုင်ပင်ပါတယ်။ တချို့ဇာတ်တွေကိုတော့ ကျွန်မ မလုပ်သေးဘဲ ချန်ထားတာတွေ ရှိပါတယ်။ ဥပမာ-ကလီယိုပါထရာ လိုဟာမျိုးပေါ့။ အဲဒီကားကို ကျွန်မ အရမ်းရိုက်ချင်နေတာ။ အခုချိန်ထိတော့ မစဉ်းစားရဲသေးပါဘူး။ ခက်ခဲလွန်းတယ်လို့ ကျွန်မ ထင်တယ်။



## နှစ်ယောက်တွဲရိုက်မယ့် စိတ်ကူး

လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက်တုန်းက ကျွန်မတို့နှစ်ယောက်တွဲပြီး ရိုက်ဖို့ ဇာတ်တစ်ပုဒ် ကျွန်မ စဉ်းစားဖူးတယ်။ အဖျော် စဉ်းစားတာပါ။ နှစ်ယောက်တွဲပြီး မရိုက်တာ ကြာခဲ့ပြီလေ။ စမ်းတော့ ရိုက်ဦးမယ်လို့ စိတ်ကူးပါတယ်။

## မင်္ဂလာဆောင်အတွက် အစီအစဉ်များ

ကျွန်မတို့ လက်ထပ်မှာပါ။ အလောသုံးဆယ် လုပ်ဖို့မလိုသေးတာကြောင့် အလုပ်တွေနဲ့ အဆင်ပြေမယ့်အချိန်၊ ကလေးတွေနဲ့ အဆင်ပြေမယ့် အချိန်ကို ချိန်ဆနေကြတယ်။ ကျွန်မတို့မိသားစုလိုက် ဒီအကြောင်းကို မကြာခဏလည်း ပြောဖြစ်ကြပါတယ်။ ဘယ်လိုလုပ်မယ်ဆိုတာ စိတ်ကူးလည်း ရှိကြပါတယ်။ ဒီတော့ မင်္ဂလာဆောင်မယ်ဆိုတဲ့စိတ်ကူးတော့ ရှိပါပြီ။ ဘယ်တော့လဲဆိုတာကတော့ အတိအကျမပြောနိုင်သေးပါဘူး။ ကလေးတွေနဲ့ တိုင်ပင်ပြီး သူတို့စိတ်ကူးကလေးတွေကိုလည်း အကောင်အထည်ဖော်ပေးချင်ပါသေးတယ်။ ကျွန်မတို့ မင်္ဂလာပွဲအတွက် သူတို့က စီမံခန့်ခွဲသူတွေပေါ့။

## တစ်နှစ်အတွင်း အနိမ့်အမြင့်၊ အတက်အကျများမှ ရခဲ့တဲ့ သင်ခန်းစာ

ကျွန်မ အတွေ့အကြုံအရ အရာရာတိုင်းအတွက် ကြိုတင်ပြင်ဆင်လို့ မရပါဘူး။ ကိုယ် ဘယ်သူလဲ၊ ကိုယ် ဘာတွေလုပ်ခဲ့သလဲ ဆိုတဲ့အပေါ်မှာ တည်ပြီးတော့ ကြုံလာတဲ့ဟာတွေကို ရင်ဆိုင်ဖြေရှင်းရပါတယ်။

❑

အင်တာဗျူးတွေ့ခဲ့တဲ့ အင်ဂျလီနာဂျိုလီရဲ့ ပြောစကားများဖြစ်ပါတယ်။ ဂျိုလီကို ချစ်ကြတဲ့ ပရိသတ်များ သူနဲ့ပတ်သက်သမျှ ပြည့်ပြည့်စုံစုံ သိလိုက်ရတဲ့အတွက် ကျေနပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။


■

**ဇာနည်ညီမ်း**

***Ref: People.May 26.2014***

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရန်ကုန်တက္ကသိုလ်မှာရိုက်တဲ့ မာလာဆောင်ကာ ချစ်ပုံပြင်

လင်းနိုင်ဦး

အကြောင်းကြောင်းတွေကြောင့်
ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းမှာ
ကျောင်းဇာတ်လမ်းတွေ ရိုက်ကူးခွင့်
မရခဲ့တာ ကြာပြီဖြစ်ပေမဲ့
အောင်တိုင်းကျော်ဗီဒီယို
ထုတ်လုပ်ရေးအတွက်
ဒါရိုက်တာ ညွန့်မြန်မာညီညီ
အောင်ရိုက်ကူးပေးနေတဲ့
မာလာဆောင်ကာ ချစ်ပုံပြင်
ဗီဒီယိုဇာတ်ကားကို
မေလ ၂၈ ရက်နေ့က
ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းမှာ
နေရာအနှံ့ ရိုက်ကူးခဲ့တယ်လို့
သိရပါတယ်။ မာလာဆောင်ကာ
ချစ်ပုံပြင် ရိုက်ကူးဖြစ်ရခြင်းနဲ့
ပတ်သက်ပြီး ဒါရိုက်တာ
ညွန့်မြန်မာညီညီအောင်က
'ရန်ကုန်တက္ကသိုလ်မှာ
ရိုက်ခွင့်မရတာ
ကြာခဲ့ပြီ။
တော်တော်ကြာတော့
အခု အောင်တိုင်းကျော်က
ရန်ကုန်တက္ကသိုလ်ထဲမှာ
ရိုက်ခွင့်ရအောင်
သရုပ်ဆောင်
ကိုဟိန်းမင်းက
စီစဉ်ပေးမယ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ ရန်ကုန်တက္ကသိုလ်နဲ့ လိုက်မယ့် ဓာတ်တစ်ပုဒ်စဉ်းစားတဲ့အချိန်မှာ ကျွန်တော် ငယ်ငယ်တုန်းက ကြိုက်ခဲ့တဲ့ သီချင်းတစ်ပုဒ်ရှိတယ်။ ကိုဖိုးချို့ရဲ့ *အဆောင်သရဲ* ဆိုတာရှိတယ်။ အဲဒီသီချင်းလေးကို ကျောရိုးလုပ်ပြီး ကျွန်တော့် ဓာတ်လမ်းလေး ပြန်ဆင်တယ်။ ပြီးတော့ သမီးမြတ်ကျော်ကို ဓာတ်ညွှန်းရေးခိုင်းတယ်။ အဲဒီလိုနဲ့ ရိုက်နေတာပါ။ တက္ကသိုလ်ဝန်းကျင်က စာသင်ခန်းတွေမှာရော၊ မာလာဆောင်မှာရော တက္ကသိုလ် အငွေ့အသက်တွေ ပြန်လည်မြင်တွေ့ခွင့်ရအောင် တက္ကသိုလ်ထဲမှာ အများဆုံးရိုက်ဖြစ်နေပါတယ်။ တစ်ခုပဲရှိတာက ကျွန်တော်တို့ ငယ်ငယ်တုန်းကလို သစ်ပုပ်ပင်ကြီးခြေရင်းမှာ ထိုင်လို့တော့မရဘဲ သစ်ပုပ်ပင်ကို ခြံခတ်ထားတာလေးတော့ စိတ်မကောင်းစရာ ဖြစ်ရပါတယ်'လို့ ညွန့်မြန်မာညီညီအောင်က ဆိုပါတယ်။

**မာလာဆောင်ရဲ့** ချစ်ပုံပြင် ဓာတ်ကားမှာ နေတိုး၊ ဖွေးဖွေး၊ အင်ကြင်းတို့နဲ့ ဓာတ်ပို့ဓာတ်ရံများစွာ ပါဝင်သရုပ်ဆောင်ထားကြပြီး တက္ကသိုလ်ကျောင်းသားကျောင်းသူများအဖြစ် အက်စတာအဖွဲ့က ပါဝင်ကူညီပေးထားကြပါတယ်။ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်ကစာသင်ခန်းအဖြစ် တက္ကသိုလ်အတွင်းက ပထဝီဝင်ဌာနမှာ ရိုက်ကူးခဲ့တာဖြစ်ပြီး ကျောင်း





www.burmeseclassic.com

www.burmeseclassic.com

သားများကို သင်ပြပေးတဲ့ ကျောင်းဆရာအဖြစ် သမိုင်းဌာနမှ ကထိကတစ်ဦးက လည်းကူညီပြီး သရုပ်ဆောင်ပေးခဲ့တာ တွေ့ခဲ့ရပါတယ်။

ပထဝီဝင်စာသင်ခန်းထဲက ဓာတ်ဝင်ခန်းမှာတော့ နှင်းဆီ (ဖွေးဖွေး)က မာနကြီးတာ မဟုတ်ပေမဲ့ သူ့ဟာသူ သီးခြားနေတတ်တဲ့ ကျောင်းသူလေးတစ်ယောက်ဖြစ်တယ်။ ငြိမ်းချမ်းအောင်နေရာက သရုပ်ဆောင်တဲ့ နေတိုးက လည်း အေးအေးဆေးဆေး နေတတ်တဲ့ကောင်လေးပါပဲ။ ဒါပေမဲ့ နှင်းဆီကိုတွေ့ရပြီး စိတ်ဝင်စားသွားတဲ့အချိန်မှာတော့ နှင်းဆီနောက်ကိုလိုက်တယ်။ ငြိမ်းချမ်းအောင်က သူ့ရဲ့ စာသင်ခန်းမဟုတ်ပေမဲ့ နှင်းဆီရဲ့ စာသင်ခန်းကို သူ့ငယ်ချင်းများကတစ်ဆင့် စုံစမ်းပြီး သူ့အခန်းကိုသွားတယ်။ နှင်းဆီရဲ့နောက်မှာ ထိုင်တယ်။ အဲဒီနေရာကနေပြီး နှင်းဆီရဲ့ပုံကို ခဲခြစ်ပန်းချီနဲ့ ပုံတူဆွဲတယ်။ အဲဒီဓာတ်ဝင်ခန်းကို ပထဝီဝင်စာသင်ခန်းမှာ ရိုက်ကူးခဲ့ကြတာ တွေ့ခဲ့ရပါတယ်။

နေကိုးက သူ့တက်ရမယ့် စာသင်ခန်းမဟုတ်ပေမဲ့ နှင်းဆီရဲ့ စာသင်ခန်းကို လာရောက်တက်ပြီး နှင်းဆီကို ခဲခြစ်ပန်းချီ နောက်နေကြည့်ပြီး ဆွဲနေတာဖြစ်လို့ ဆရာက ဒုတိယကမ္ဘာစစ်အကြောင်း သင်ကြားလို့အပြီး ဟိုးနောက်က အတန်းထဲကို နောက်ဆုံးမှ ဝင်လာတဲ့ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com




ဆရာ့ကို ခုနကသင်လိုက်တဲ့ ဒုတိယကမ္ဘာစစ်အကြောင်း ပြန်ပြောပါ ဆိုတော့ နေတိုးက ကျွန်တော် သိသမျှကြား လိုက်တာလေးကို ပြန်ပြောပါတယ်။ အဲဒီမှာ ဆရာဖြစ်သူက မင်း ဒီအတန်းထဲက ကျောင်းသားရော ဟုတ်ရဲ့လား။ ငါ ဒီနေ့မှ မြင်ဖူးတာမော်လို့ ဆရာက မေးတဲ့အခါ နေတိုးက ဟုတ်ပါတယ် ဆရာလို့ဆိုတော့၊ ဆရာက ဟုတ်လို့လားကွ မင်းကို ဆရာ ဒီနေ့မှ မြင်ဖူးတာလို့ ပြောပြန်တော့ နေတိုးက ဒီအတန်းက မဟုတ်ဘူး ဆိုတာကို ဟုတ်တယ်လို့ ပြောတာပါဆရာလို့ ပြန်ပြောလိုက်တဲ့အခါ ကျောင်းသား ကျောင်းသူများက လှည့်ကြည့်ပြီး ဟားလိုက်ကြ ပါတယ်။ ဒီဇာတ်ကွက်မှာ ကျောင်းသားတစ်ဦးအဖြစ် ပါဝင် သရုပ်ဆောင်ခွင့်ရတဲ့ နေတိုးက တက္ကသိုလ်ဇာတ်လမ်းတွေ အရင်တုန်းက ရိုက်ခဲ့ရစဉ်တုန်းက ကျောင်းထဲမှာ ရိုက်ဖို့ ခဲယဉ်းတဲ့ အခြေအနေ ကာလရှိခဲ့တယ်။ ကျောင်းကားလေး တစ်စီး တည့်ချင်တယ်ဆိုတော့ ဒါရိုက်တာမင်းက ကျောင်းကားရိုက်ဖို့အတွက် အဆင်ပြေတယ်ဆိုလို့ တည့်ဖြစ်တာပါ။ ဒီကားက နိုးနေ့ကားလေးပါ။ ဇာတ်ဝင်ခန်း တွေက မွေးမွေးကို ကျွန်တော်က စိတ်ဝင်စားပြီး မွေးမွေးရဲ့စာသင်ခန်းထဲကို သွားတယ်။ ပြီးတော့ မွေးမွေးရဲ့နောက်က လိုက်ပြီးတော့ လိုက်ကြည့်တယ်။ ကျွန်တော်က သွားတဲ့နေရာတိုင်းမှာ ခြေဖမ်းနိုး အမြဲတမ်းရေးဖြစ်တယ်။ အခု ရိုက်နေတာကလည်း မွေးမွေးရဲ့ စာသင်ခန်းထဲကိုသွားပြီး မွေးမွေး စာသင်နေတာကို နောက်နားကနေ ခြေဖမ်းနိုးနဲ့ ပုံဖော်ဖြစ်နေတဲ့ ဇာတ်ဝင်ခန်းပါ။ ကျောင်းဇာတ်လမ်းကို ကျောင်းမှာရိုက်ရတဲ့အတွက် ကျောင်းထဲမှာဖြစ်တဲ့ ဇာတ်လမ်းတွေကို အကယ်ဆိုဝင်ခွင့်ရ၊ နေရာတွေမှာ ရိုက်ကူးခွင့်ရလို့ ကျွန်တော်တို့ ကလည်း သရုပ်ဆောင်ရတာ ကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ကြည့်လိုက်
တက္ကသိုလ်ထဲမှာပဲဖြစ်နေတော့
ရိုက်တုန်းက ကျောင်းသား
ကျောင်းသူတွေလည်း
အလွမ်းပြေကြည့်လို့ရမယ်။
အခုခေတ်လူငယ်တွေလည်း
ကြည့်ခွင့်ရမယ်။
ညီညီအောင်က ရိုးမန့်ကို
သီချင်းတွေနဲ့ပါ
မှုန်းသွားမှာဖြစ်တဲ့အတွက်
ကျွန်တော်တို့ဘက်က
အားရကျေနပ်မှုရတယ်”လို့
ကိုကိုးက ပြောပြခဲ့ပါတယ်။
ဒါရိုက်တာညီညီအောင်ကလည်း
ကျွန်တော်က
တက္ကသိုလ်ကျောင်းသား
တစ်ဦးဖြစ်လို့
ဒီအဆောက်အဦတွေကို
မြင်လိုက်ကတည်းက
တင်ဖြစ်တယ်။ အဲဒါကြောင့်
လည်း သေသေချာချာ
အချိန်ယူပြီး ရိုက်နေတဲ့အတွက်
ရုပ်တွေတောင် တော်တော်ကြာ
သွားပြီ။ ဒီဇာတ်ကားထဲမှာ
ကျွန်တော်ကြိုက်ခဲ့တဲ့
အဆောင်သရဲ သီချင်းနဲ့
*၈၂/ အင်းလျား*
သီချင်းများကို ရိန်မိုးက
ပြန်လည်ဆန်းသစ်
သီဆိုပြီး
ထည့်သွင်းပေးသွား
ဦးမယ်လို့
ဒါရိုက်တာညီညီအောင်က
ပြောပြခဲ့ပါတယ်။
■
**လင်းနိုင်ဦး**




www.burmeseclassic.com

www.burmeseclassic.com



# နှင်းစေရင်

မိုးကျော်ထွန်း

ဒါရိုက်တာ ပိုင်းရဲ့လက်ရာ ရုပ်ရှင်ဇာတ်ကားတွေ ဆက်တိုက်ထွက်လာပါပြီ။ ဇွန်လအတွင်းမှာ ရုံတင်ပြသမယ့် ရုပ်ရှင်ဇာတ်ကားကတော့ စိန်ငွေးရုပ်ရှင်နှင့်ဗီဒီယို ထုတ်လုပ်ရေးအတွက် ရိုက်ကူးပေးခဲ့တဲ့ **နှင်းစေရင်** ဆိုတဲ့ရုပ်ရှင်ဇာတ်ကားပဲ ဖြစ်ပါတယ်။ ရှုမဝ ရုပ်ရှင် ခေတ်ကာလတုန်းက **စေလိုရာစေ** ဆိုတဲ့ ရုပ်ရှင် ဇာတ်ကားတစ်ကား ပေါ်ထွက် ခဲ့ဖူးပါတယ်။ **နှင်းစေရင်** က **စေလိုရာစေ** သို့ ရုပ်ရှင်ဇာတ်ကား မဟုတ်ဘဲ ထူးထူးခြားခြား အချစ်ဇာတ်လမ်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လှုပ်ရှားမှု ခပ်ကြမ်းကြမ်း တွေ ပေါင်းစည်းထားတဲ့ ရုပ်ရှင်ကားဖြစ်ပါတယ်။ **နင်စေရင်** ဇာတ်ကားမှာ ပြေတီဦးက 'မိုးဇွေ'ခေါ် 'ဂျို' အဖြစ် သရုပ်ဆောင်ပါတယ်။ အမေမွေးစဉ်ကတည်းက 'မိုးဇွေ'လို့အမည်ပေးခဲ့ပေမဲ့ ဂျိုမွေလွန်းလို့ဆိုပြီး အမေက 'ဂျိုကောင်'လို့ ခေါ်ရာကနေ ရပ်ကွက်ကပါ 'ဂျို'လို့အမည် တွင်သွားခြင်း ဖြစ်ပါတယ်။

ဝတ်မှုံရွှေရည်က မိုးဇွေနဲ့ ခြိမ်းနားချင်း၊ မိခင်ဖြစ်သူ အကြွေးများ မဆပ်နိုင်လို့ သားအမိနှစ်ယောက် ကြွေးရှင်များကို ရှောင်ပုန်းရင်း မိုးဇွေတို့ခြံနားကို ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်ပါတယ်။ ပြောင်းတဲ့နေ့မှာပဲ အမှတ်မထင်တွေ့လိုက်တဲ့ မိုးဇွေရဲ့ အပြုံးများက ဝတ်ရည်ချို ရင်ထဲမှာ တိတ်တခိုးနေ ယူလာခဲ့ပါတယ်။

လူငယ်သဘာဝ အ သွား၊ အတူလာနေရင်း မိုးဇွေတို့နှစ်ယောက် ကျွမ်းဝင်သွားကြပြီး တ



www.burmeseclassic.com

www.burmeseclassic.com



...တ်ဆိုတစ်ယောက် မျက်...ဆက်က အပျောက်မခံနိုင်...လာကြပါတယ်။ ကံ...မှာအလှည့်အပြောင်းက...မျှော်လင့်တဲ့အချိန်မှာ ပေါ်...ါက်လာပါတော့တယ်။

မိခင်ဖြစ်သူရဲ့ကြွေးရှင်...ား ခြေရာခံမိသွားကြတာကြောင့် သားအမိနှစ်ယောက် ထွက်ပြေးကြတော့မယ့်ဆဲဆဲမှာ ဝတ်ရည်ချိုက မိုးစွေကို နှုတ်ဆက်ဖို့ လိုက်ရှာရင်း မသမာသူတစ်စုနဲ့ ကြုံရတယ်။ မိုးစွေကလည်း ဝတ်ရည်ချိုကို လိုက်ရှာနေရင်း ရေတိမ်နစ်တော့မယ်ဆဲဆဲ အချိန်ကယ်တင်လိုက်နိုင်ပါတယ်။ ဒါပေမဲ့ လူတစ်ယောက်ကိုတော့ သတ်မိသွားခဲ့ပါပြီ။ လမ်းခွဲခါနီးမှာ မိုးစွေက ဥပဒေအရ အရေးယူခံရပြီးရင် ဝတ်ရည်ချို ရှိရာကို သူ မရောက်ရောက်အောင် ပြန်ခဲ့မယ်၊ စောင့်နေပါလို့ မှာခဲ့ပြီး လမ်းခွဲခဲ့ကြပါတယ်။

နှစ်ကာလတွေ လွန်မြောက်ပြီး လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်မြောက်လာတဲ့ မိုးစွေ(ခေါ်)ဂျိုက ဝတ်ရည်ချို ရှိရာကို သွားခဲ့ပေမဲ့ ဝတ်ရည်ချိုကို မတွေ့ရတော့ပါဘူး။ ဒါကြောင့် ရန်ကုန်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရှိ အကြောင်းအရာကို
ဝင်လုပ်ရင်း
သူဌေးတစ်ယောက်ရဲ့
လူယုံယာဉ်မောင်းဖြစ်လာ
ခဲ့ပါတယ်။
သူဌေးသီဟစည်သူ
(မင်းဦး)ထံမှာ
အလုပ်လုပ်ရင်း
လူပျိုသူဌေးကို
သူ့တိတ်တိတ်ပုန်းဇနီး
နေထိုင်ရာသို့
လိုက်ပို့ရလေ့ရှိပါတယ်။
တစ်ရက်မှာတော့ သူဌေးကို
လိုက်ပို့စဉ် ဝရန်တာက
ထွက်မျှော်နေတဲ့
သူဌေးရဲ့တိတ်တိတ်ပုန်းဇနီး



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရပါတယ်။ သူ့ငယ်ချစ် ဝတ်ရည်ချို ပါပဲ။ ဒါပေမဲ့ အခုတော့ ဝတ်ရည်ချိုက ဝတ်ရည်ချို ဘဝမှာ မဟုတ်တော့ဘဲ ‘ဂါဂါ’ဆိုတဲ့အမည်နဲ့ အထောက်အပံ့ခံ တိတ်တိတ်ပုန်းမယား ဘဝကိုရောက်ရှိနေပြီပေါ့။ ဂါဂါနဲ့ ဂျိုတို့ ဘယ်လိုဆုံစည်းကြမလဲ။ ဩဇာအရှိန်အဝါ ကြီးမားလှတဲ့ သီဟာစည်သူရဲ့လက်က လွတ်နိုင်ပါမလား ဆိုတာကိုတော့ ရုံတင် ပြသချိန်မှာ ကြည့်ကြစေချင်ပါတယ်။

**နင်စေရင်** က အနုအရွ ဇာတ်ကားများမှာသာ သရုပ်ဆောင်မှုများတဲ့ ပြေတီဦးကို ခပ်ကြမ်းကြမ်း တွေ့ရမှာဖြစ်ပြီး ဝတ်မှုံရွှေရည်ကို ရိုးသား ဖြူစင်တဲ့ ဝတ်ရည်ချိုလို တစ်မျိုး၊ ကက်ကက်လန် ရန်တွေ့တတ်တဲ့ ဂါဂါ၊ သူလိုချင်တာအတွက် စပွန်ဆာပေးထားသူကို ချွဲနွဲ့တတ်တဲ့ ဂါဂါ၊ ငယ်ချစ်အပေါ်မှာ အချစ်ကြီးတဲ့ ဂါဂါအဖြစ် စရိုက်မျိုးစုံနဲ့ တွေ့ရမှာဖြစ်ပါတယ်။ ငယ်စဉ်က ရုပ်ရည်ချော မွေ့သူဖြစ်တဲ့အတွက် အနုအရွဇာတ်ကားများမှာ သရုပ်ဆောင်ခဲ့ရတဲ့ မင်းဦးကတော့ ဒီကားမှာ အရှိန်အဝါကြီးမားတဲ့ သူတစ်ဦးအဖြစ် သရုပ်ဆောင်ထားပါတယ်။

ဒါရိုက်တာပိုင်းက **နင်စေရင်** ဇာတ်ကားမှာ အထူး ပြုလုပ်ချက်တွေကိုလည်း ထည့်သွင်း ဖန်တီးထားပါ တယ်။ ဥပမာ အရာရာကို ခေါင်း၊ ပန်း လှန်ပြီး ဆုံးဖြတ်တတ်တဲ့ ဝတ်ရည်ချိုရဲ့ အကျင့်ကို ပြရာမှာ လေထဲမြောက်လိုက်တဲ့ အကြွေစေ့ကလေး လည်ပတ်နေပုံကအစ ဇာတ်သိမ်းအထိ အထူးပြုလုပ်ချက်တွေ ထည့်သွင်းထားပါတယ်။

**နင်စေရင်** ဇာတ်ကားဟာ ဒါရိုက်တာ ပိုင်းရဲ့ ၂၀၁၄ ခုနှစ်အတွင်း ရုံတင်လာတဲ့ တတိယမြောက် ဇာတ်ကားဖြစ်ပြီး သူ့ထုံးစံအတိုင်း သေသေသပ်သပ် ရိုက်ကူးထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဇာတ်ကောင်စရိုက်နှစ်မျိုး ကွဲပြားအောင် သရုပ်ဆောင်သွားတဲ့ ဝတ်မှုံရွှေရည်အတွက် သရုပ်ဆောင် ထူးချွန်ဆုဆွတ် ခူးစေနိုင်မယ့် ရုပ်ရှင်ကားတစ်ကား ဖြစ်တယ်လို့ ညွှန်းလိုက်ချင်ပါတယ်။ ■

**မိုးကျော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

အသက် ၆၀ ပြည့်တဲ့
၂၀၀၆ ခုနှစ်ကစပြီး
ချီးမြှင့်ခဲ့တဲ့ ရွှေအမြုတေ
စာပေဆုက ၉ နှစ်ခရီးကို
ပေါက်ခဲ့ပါပြီ။
ကျွန်တော့်ကို
ဒီပွဲနဲ့ပတ်သက်ပြီး
အင်တာဗျူးမေးသူများက
၉ ကြိမ်မြောက်အထိ
ဆောင်ရွက်နိုင်ပြီဖြစ်လို့
ဘယ်လိုခံစားရပါသလဲလို့
မေးတတ်ကြပါတယ်။
ကျွန်တော့် အဖြေက
လွယ်လွယ်လေးပါ။
ဆရာ၊ ဆရာမများအတွက်
ဆုတွေချီးမြှင့်ပေးနိုင်လို့
ဝမ်းသာရတာကတစ်ဖက်၊
သေမင်းဆီကို တစ်နှစ်
နီးလာတာက တစ်ဖက်
ဖြစ်တယ်လို့ ဖြေစမြဲပါ။
ဟုတ်ပါတယ်။
တစ်ကြိမ်ကျင်းပပြီးတိုင်းမှာ
ကျွန်တော့်အသက်က
တစ်နှစ် ပိုကြီးလာခဲ့ပြီကိုး။
ဒီနှစ်ပြီးရင် နောက်နှစ်
ကျင်းပနိုင်ပါဦးမလားလို့
သံသယလည်း
အမြဲရှိခဲ့တာပါ။
မေလကျော်သွားတော့မှ
ဪ...တစ်နှစ်တော့
ပြီးသွားပြန်ပြီလို့
ရင်အေးရပါတယ်။
ဒါပေမဲ့ နောက်တစ်နှစ်
ဆိုတာကလည်း
ခဏကလေးနဲ့
ရောက်လာပြန်တာပါ။
ငယ်ငယ်တုန်းကတော့
တစ်နှစ်ကုန်ဖို့ဆိုတာ
အကြာကြီးစောင့်ရတယ်။
အခုတော့ တစ်နှစ်ဆိုတာ
မြန်လှချည်လား။
ဒီနှစ် ကျွန်တော်နဲ့
အတူ ဆရာမ မစန္ဒာ၊



နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆု(ကဗျာ)ရ ကဗျာဆရာ ကိုရွှေကို ကဗျာဆရာ အောင်ဖင်မင်းက ဆုချီးမြှင့်ပေးခဲ့ပါတယ်

ရွှေအမြုတေ ကဗျာဆုရ ကိုရွှေကို ကဗျာဆရာ သစ်ကော်အိမ်နဲ့အတူ ရေးဖော်များက ဂုဏ်ပြု နှုတ်ဆက်ခဲ့ပါတယ်




ကဗျာဆရာ ကိုရွှေကို ဂုဏ်ပြုနှုတ်ဆက်တဲ့ ဦးဝင်းငြိမ်း၊ မဝိုင်း(ကုံကော်တော်ရည်စာပေ)၊ စာရေးဆရာမ သန်းမြင့်အောင်နဲ့ ကဗျာဆရာ မြေလတ်မောင်မြင့်သူ

www.burmeseclassic.com

www.burmeseclassic.com



ရုစ္ကြည့်သွားတဲ့
ဆရာ
ခင်ရေချမ်း



ကဗျာဆရာ
တိုးနေခင်မိုးလည်း
ဂုဏ်ပြု
နှုတ်ဆက်ခဲ့ပါတယ်



ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပြည်ရွှေမီတောရ)နဲ့
ဆရာတော် အရှင်ရာဇိန္ဒ(ရဝေနွယ်အင်းမ)တို့နဲ့
အမှတ်တရတွေ့ရတဲ့ ကဗျာဆရာ ကိုရွှေ



ဆုံသပ်ချက်
ကြားတဲ့
ဆရာ မျိုးမြင့်ညိမ်း



ခေတ်ရန်ကုန်မဂ္ဂဇင်းအဖွဲ့သားတွေကလည်း ကဗျာဆရာ ကိုရွှေကို ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြပါတယ်



နာမအကြိမ်မြောက် ရွှေအမြုတေစာပေဆု(ကဗျာ)ရ ကဗျာဆရာ ကိုရွှေကို
ရေးဖော်ရေးဖက် စာရေးဆရာများက ဝိုင်းဝန်းဂုဏ်ပြုနှုတ်ဆက်ခဲ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စကားပြောကြားတဲ့
ရွှေအမြုတေမဂ္ဂဇင်း စီအီးအို ဦးဝင်းငြိမ်း



ဆုရွေးချယ်ရေးအဖွဲ့ရဲ့အစီရင်ခံစာကို
ဖတ်ကြားတဲ့ စာရေးဆရာ တင့်ခိုင်



ရသစာတမ်းဆုရှင်
စာရေးဆရာ နိုင်မြင့်နဲ့
စာရေးဆရာ မင်းဝေဟင်



နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆု(ရသစာတမ်း)ရ
စာရေးဆရာ နိုင်မြင့်ကို ဂုဏ်ပြုနှုတ်ဆက်နေတဲ့ ဦးဝင်းငြိမ်း

ဆရာမ မနှင်းဖွေး၊
ဆရာ လေးကိုတင်၊
ဆရာ တင့်ခိုင်၊
ကျွန်တော့်ညီ မျိုးမြင့်ညိမ်းတို့
ပါဝင်ရွေးချယ်
ပေးခဲ့ကြပါတယ်။
ဆုတိုင်းမှာ
ကောင်းတာတွေချည်းပဲ
ဖြစ်နေတာကြောင့်
အကောင်းတွေထဲက
ရွေးချယ်ရေးအဖွဲ့ရဲ့
အကြိုက်ဆုံးတွေကို
ရွေးကြရပါတယ်။
နောက်ဆုံးရွေးချယ်မှုကတော့
ရွေးချယ်ရေးအဖွဲ့ဝင်အားလုံး
ဘဝင်ကျတဲ့ဆုတွေ
ဖြစ်ခဲ့ပါတယ်။
ဆုတွေထဲမှာ ကျွန်တော်
စိတ်အဝင်စားဆုံးကတော့



ဗိုင်းဝန်းဂုဏ်ပြုကြ
ရေးဖော်ရေးဖက်များအလယ်
စာရေးဆရာ နိုင်မြ



ရသစာတမ်းဆုရှင်
စာရေးဆရာ နိုင်မြင့်နဲ့
ဂုဏ်ပြုနှုတ်ဆက်ကြသူများ



www.burmeseclassic.com

www.burmeseclassic.com



ဒေးဝေတေမ်းဆု
ချီးညွှန်တဲ့
စာရေးဆရာ ဝေ့နိုင်ဦး



ဒေးဝေတေမ်းဆု
ဆုံးသပ်ချက်ပေါ်ကြားတဲ့
စာရေးဆရာ မောင်နှင်းဝိုင်း



နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆု(ဂုဏ်ထူးဆောင်)ရှင် စာရေးဆရာ ဝိုင်းဖြိုးကို
ဆုချီးမြှင့်ပေးတဲ့ စာရေးဆရာ ဝေးကျော်(ကျော်သူလှိုင်)



အမြဲအပျော်တွေကိုယ်စီနဲ့ နှုတ်ဆက်ရတာကြတဲ့
ရေးဖော်ရေးဖက်များအလယ်မှာ ဝေ့ရှုတဲ့ စာရေးဆရာ နိုင်မြို

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမ အမရာ(ဆေး-၁)နဲ့ ရွှေအမြုတေမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ မျိုးမြင့်ညိမ်း



ခင်ပွန်း ပြည့်ဖြိုးအောင်နဲ့အတူ ပွဲတက်လာခဲ့တဲ့ သရုပ်ဆောင် ဧမိုင်းလိ



ဦးဇော်မိုးကျော်၊ စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ)၊ ဆရာ မျိုးမြင့်ညိမ်းနဲ့ စာရေးဆရာ ရွှေနှောင်ရိုး(မန္တလေး)



ဆရာ ဦးဝင်းမြင့်နဲ့အတူ ရွှေအမြုတေ...
စာပေဆုရှင် ဦးမြင့်ကြည် ... ဒေါ်မြင့်မြင့်...
... ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ... ဝန်ကြီးများ...
ဦးအောင်ကျော်(...)

www.burmeseclassic.com

www.burmeseclassic.com



အခင်းပါးဆု
ကြေညာတဲ့
စာရေးဆရာမ
ဆင်တော(ဝမ်းချောင်း)



အခင်းပါးဆု
ဆုံးဖြတ်ချက်ဖတ်ကြားတဲ့
စာရေးဆရာမ ခင်သွေး



နှစ်စဉ်ဆုကြိုပြောင်း ရွှေအမြုတေဘာသာပြန်(ဆောင်းပါး)ရှင် စာရေးဆရာ
ဒေါက်တာညီညီလှိုင်ဖာ ဆောင်ရွက်မှုများ အမေရိကား ပြည်ထောင်စုနိုင်ငံက
လာရောက်ခဲ့ပြီး စာရေးဆရာ ... ဆုချီးမြှင့်ပေးခဲ့ပါတယ်



ဇော်ဇော်(ကုလားတော်ဝင်းညို)၊ စာရေးဆရာမ
သန်းမြင့်အောင်နဲ့ ကဗျာဆရာ မုညာဝင်



PEN America မှ
ဂျေတာ ဒီဇာနဲ့ဆရာ
မယ်သာ(ဖမ်းမချောင်း)
ပြည်သွေးနိုင်

စည္ဆာကိုနှဲ ချီးဆက်သစ်
စာပေဆုတို့ ဖြစ်ပါတယ်။
ချီးဆက်သစ်ကို
အရင် မပြောချင်ပါတယ်။
ရွှေအမြုတေပဂ္ဂနဲ့မှာ
ရွှေအသစ်ကဏ္ဍမှဖွင့်ပြီး
လွှင့်ပယ်ပရိသတ်များ
စိတ်ဝင်စားမှုရရှိလာချိန်မှာ
စာစင်ဆောင်းဆောင်းများများ
ကလည်း ကဏ္ဍသစ်
ကဏ္ဍတွေ ဖွင့်လာ
ကြပါတယ်။ အဲဒီအတွက်
ကျွန်တော်က
ကောမ်ပဲ့အမြင်
ကျေးဇူးတောင်တင်
ပါသေးတယ်။ သူတို့ဟာ
ဒီလိုကဏ္ဍမှုင်မပေါ်ကြီး
ရွှေအမြုတေတင်အောင်...
မှာသာ ကလောင်...

www.burmeseclassic.com

www.burmeseclassic.com



သားငယ်နဲ့အတူ ပျော်နေတဲ့
စာရေးဆရာမ ဖန်းနီမြူကို နှုတ်ဆက်နေတဲ့
စာရေးဆရာမ စံပယ်ဖြူနု



အမြဲပြုံးတွေကိုယ်စီဖြင့် ရေးဖော်ရေးဖက်များနဲ့အတူ
စာရေးဆရာမ ဖန်းနီမြူ



ရွှေအမြုတေစာပေဆုရှင်တို့နှင့်အတူ
စာရေးဆရာမ ချောစုဝင်း(ရွှေအသည်း)၊ မသီတာ(စမ်းချောင်း)၊ အောင်လွင်မြင့်(ကာသ)



နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆုရ စာရေးဆရာမ ဖန်းနီမြူကို
ရေးဖော် စာရေးဆရာများက ဝမ်းမြောက်စွာ နှုတ်ဆက်ခဲ့ကြပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတိုဆု ... စာရေးဆရာမ စံပယ်ဖြူနု



ဝတ္ထုတိုဆု အမှာစကားချက်ဖတ်ကြားတဲ့ စာရေးဆရာမ ...ဦးပွားရေးတက္ကသိုလ်)



နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆု(ဝတ္ထုတို)ရ စာရေးဆရာမ မင်းခိုင်မြင့်ကို စာရေးဆရာမ မနှင်းဈေးက ဆုချီးမြှင့်ပေးခဲ့ပါတယ်



ဝတ္ထုတိုဆုရှင်ကို ဂုဏ်ပြုနှုတ်ဆက်နေတဲ့ ဆရာ ဦးဝင်းငြိမ်း



ဘေးဖော်များနဲ့အတူ...

ကြတဲ့ဂါသနာရှင်ကလေးတွေ စုပြုံတိုးဝင်နေကြမှာ ဖြစ်ပါတယ်။ အခုတော့ တခြားတိုက်တွေကိုလည်း ပို့ခွင့်ရသွားကြလို့ သူတို့အတွက် အဆင်ပြေ ကျွန်တော့်အတွက်လည်း ကောင်းသွားပါတယ်။ ဆုရွေးချယ်ရေးအဖွဲ့က ရွှေအမြုတေမဂ္ဂဇင်းရဲ့ ရွှေအသစ်ကဏ္ဍကိုသာ ဖတ်တာမဟုတ်ပါဘူး။ မြန်မာမဂ္ဂဇင်းအားလုံးကို ဖတ်ကြပါတယ်။ ကလောင်သစ်များအနေနဲ့ ရွှေအမြုတေမှာဖော်ပြခံရတဲ့ ဝတ္ထုတွေက ရွေးချယ်ရေး အဖွဲ့ရဲ့ အကြိုက်ဆုံးတွေ ဖြစ်ခြင်းကြောင့်သာ

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်အကြိုက် ရွှေအသစ်တွေဖွဲ့ခဲ့ရ
စာရေးဆရာမ မေ(စေးရှိုး)ကလည်း
ရွှေအမြုတေစာစောင်(ဂျိုးဆက်သစ်)ရဲ့ စာရေးဆရာမ
ရွှေသင်ကို လာရောက်ဂုဏ်ပြုနှုတ်ဆက်ခဲ့ပါတယ်



ရွှေအမြုတေစာစောင်(ဂျိုးဆက်သစ်)ရဲ့ စာရေးဆရာမ ရွှေသင်ကို
ဂုဏ်ပြုနှုတ်ဆက်နေတဲ့ ရွှေအမြုတေမဂ္ဂဇင်း
တာဝန်ခံအယ်ဒီတာ ဆရာ မျိုးမြင့်ညိမ်း



ရွှေအမြုတေစာစောင်(ဂျိုးဆက်သစ်)ရဲ့ စာရေးဆရာမ ရွှေသင်နဲ့အတူ
စာရေးဆရာမများဖြစ်ကြတဲ့ မဆီကာ(စမ်းချောင်း)၊ ရွှေဆိပ်ညှို၊ မြသွေးနီ၊ ဟုယ



ဆုကြေညာပွဲမှာ ရေးဖော်ရေးဖက် စာရေးဆရာများကလည်း
စာရေးဆရာမ ရွှေသင်ကို လာရောက်ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြပါတယ်

www.burmeseclassic.com











ရွှေအမြုတေမှ
ကာလကောင်းသစ်တွေ
ဆုရနေကြတာပါ။
ဒီနှစ်မှာဆိုရင်
ရွှေအမြုတေမှာ ဖော်ပြခဲ့တဲ့
အသင်(ရွှေသင်)ရဲ့
လှေကားထစ် ရွှေကျ
ကောင်းကသူငို
နေ(ဝင်းလယ်ကြာ)ရဲ့
နှစ်ကောင်၊ သခင်၊
သိကျွင်ကို(မော်လမြိုင်)ရဲ့
လမ်း၊ အစိမ်းရှင့်ရှင့်ရသ၊
ရေအားရဲ့ နှစ်မွှင့်ပန်း။
ခန့်ညီမေရဲ့ ဂယ်ပေါက်
တို့ကလည်း အမြင့်အဆိုင်
အားကောင်းလှတဲ့
အနုပညာမြောက်လှတဲ့
ဝတ္ထုများဖြစ်ပါတယ်။
အားလုံးကို ချီး

www.burmeseclassic.com



ဒသမအကြိမ်မြောက် ရွှေအမျိုးသားစာပေဆု(ဝတ္ထုရှည်)ရ စာရေးဆရာ မာန်(တောင်လုံးပြန်)ကို
မြေစာရေးဆရာများက နိုင်ငံနှံ့ဂုဏ်ပြုနှုတ်ဆက်နေကြပါတယ်



ရွှေအမျိုးသား စာရေးဆရာ မာန်(တောင်လုံးပြန်)နဲ့အတူ စာပေဆရာမများဖြစ်ကြတဲ့ ရှင်းအပြင်း၊ လှဝင်းကြည်(ဂျ)၊
မျိုးမိတ်ရှိန်နှင့် စာရေးဆရာ ...



အပျော်တွေနဲ့ နိုင်ငံနဲ့ချီပြည်ကြီးရှာများအလယ်မှာ
စာရေးဆရာ မာန်(တောင်လုံးပြန်)



www.burmeseclassic.com

www.burmeseclassic.com



ဗျူှာရှည်ဆု
ကြေညာတဲ့
စာရေးဆရာမ
ချူရောင်(ရွှေ)




ဗျူှာရှည်ဆု
ချီးသပ်ချက်ဖတ်ကြားတဲ့
စာရေးဆရာမ မြသွေးနီ



နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆု(ဗျူှာရှည်)ရ စာရေးဆရာ
မာန်(တောင်လုံးပြန်)ကို စာရေးဆရာမ မစန္ဒာက ဆုချီးမြှင့်ပေးခဲ့ပါတယ်

ရေးဖော်များနဲ့အတူ . . .





ဘိုမျိုးမြင့်ညိမ်း
မာန်(တောင်လုံးပြန်)
ပန်းချီ မောင်မောင်ငြိမ်း

စဉ်းစားကြတဲ့အခါ
ရွှေအမြုတေ
စာပေဆုရဲ့မူဖြစ်တဲ့
'ခေတ်ပြိုင်ခံစားမှုရှိရမယ်' နဲ့
ချိန်ထိုးကြပါတယ်။
အဲဒီအခါမှာ အနုပညာ
မြောက်တာချင်းအတူတူ
အသင်ရဲ့ လေှကားထစ် က
ခေတ်ပြိုင်ခံစားမှု
ရာနှုန်းပြည့်ရှိတာကြောင့်
သူ့ကို ရွေးလိုက်ခြင်း
ဖြစ်ပါတယ်။
ဒီတစ်နှစ်အတွင်းမှာ
ကျွန်တော့်ထံမှာ ဖော်ပြခဲ့တဲ့
နေ(ပင်လယ်ပြာ)၊
သံလွင်ကို(မော်လမြိုင်)၊
ရေအေး၊ နေ့ညီအေဘို့ကို
ထက်ပြိုင်တည်း
မွေးလိုက်ရသလို

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမ မီချမ်းဝေ၊
စာရေးဆရာမ [illegible]နဲ့ ဦးဝင်းမြင့်



ရွှေအမြုတေမဂ္ဂဇင်းထုတ်ဝေသူ
ဦးညွှန့်လှိုင်၊ သက်ဇော်လှိုင်တို့နဲ့အတူ
ဦးဝင်းမြင့်



ဦးဝင်းမြင့်နဲ့အတူ ဇေနှာ၊ မဇေသီ၊ ဦးဆန်နီညိမ်းနဲ့ စာရေးဆရာ အဏ္ဏဝကျော်



ဦးဝင်းမြင့်ကို နှုတ်ဆက်နေတဲ့
စာရေးဆရာမ [illegible]



ယန်းချီ (ဦး)လှမြင့်ဆွေနဲ့ မိုးဝင့်ကို
နှုတ်ဆက်နေတဲ့ ဦးဝင်းမြင့်




ဆော်ပီကျော်၊ မြတ်သိမ်း၊ ကျော်မင်းထွန်း(နည်းမျိုး)၊
ဇော်မင်းရှိန်(ကျော်မင်းထွန်း)



စကားလက်ဆုံကျနေတဲ့
ချိုပြုံး၊ ပွန့်လွင်၊ ရဲအောင်

www.burmeseclassic.com

www.burmeseclassic.com



...သွန်းခင်ခင်စာပေမှ
...င်းလွင်(ကျောက်မှုထိန်း)

Gallery

ရင်းရင်းနှီးနှီးတွေ့ရတဲ့
ဒေါ်နန်းအေးသူဇာဝင်းနဲ့ ဒေါ်ခင်ဇာဇာ

ရွှေအမြုတေစာပေ... တက်ရောက်လာတဲ့
...ဆရာ ... ကြိုဆိုနေပါတယ်

...ယ်ရှစ်ရှင်နှင့်
...ထုတ်လုပ်ဖြန့်ချိရေးမှ
...နိုင်နဲ့ ဇနီး ဒေါက်တာ လှိုင်လှိုင်ဖော်

ဝမ်းသာပီတိဖြစ်မိပါတယ်။
သူတို့တွေဟာ
မြန်မာစာပေလောကမှာ
ထွန်းတောက်လာမယ့်
ကြယ်ပွင့်တွေလို့
ကျွန်တော်တင်စားရင်
မှားမယ် မထင်ပါဘူး။
သူတို့လက်ရာတွေ
မကြာခင်မှာ မဂ္ဂဇင်း
စာမျက်နှာများပေါ်
တွေ့ကြရပါလိမ့်မယ်။
ပွဲတော်နဲ့ပတ်သက်ရင်
စောစောပိုင်းက
တစ်ပြေးနေတာက
မိုးကျော်ခင်ရဲ့
**ရန်ကုန်မြစ်ရဲ့တစ်နေရာ**
ဖြစ်ပါတယ်။
ရန်ကုန်မြစ်အတွင်းမှာ
ဆိုက်ကပ်ထားတဲ့
နိုင်ငံခြားသင်္ဘောများပေါ်မှ
သင်္ဘောသားတွေအတွက်
ဘိုကိုသွားသွားပစ္စည်း
ကလေးတွေ လိုက်ရောင်း
ရတဲ့သားအဖနှစ်ယောက်ရဲ့
အဖြစ်ကိုရေးဖွဲ့ထားတာပါ။
ဆုရွေးချယ်ရေးအဖွဲ့
မျက်စိကျပါတယ်။
၂၀၁၄ မတ်လမှာ
ဖော်ပြပေးလိုက်တဲ့
ဆရာမ ပန်းရိပ်ဖြူရဲ့
ရေမဲပန်းပွ
ထွက်လာချိန်မှာတော့
ဆုရွေးချယ်ရေးအဖွဲ့ရဲ့
အာရုံထဲမှာ ပြိုင်ဖက်
တစ်ပုဒ်တိုးသွားပါတယ်။
နောက်ဆုံးအစည်းအဝေးမှာ
မိုးကျော်ခင်နဲ့ ပန်းရိပ်ဖြူကို
ချိန်ထိုးခဲ့ဦးတော့ကြပါပြီ။
မိုးကျော်ခင်ရဲ့ဝတ္ထုက
ခေတ်ပြိုင်ခံစားမှုရှိသလို
ပန်းရိပ်ဖြူရဲ့ဝတ္ထုကလည်း
ခေတ်ပြိုင်ခံစားမှု
အပြည့် ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းချို အောင်ဝိ



သန်းဝင်းထွဋ်နဲ့ ဦးမြင့်သောင်း



ဆရာ မျိုးမြင့်ညိမ်း၊ ဒီဇိုင်းပန်းချီ မြင့်မောင်ကျော်နဲ့ ပန်းချီမျိုးမြင့်



ဓာတ်ပုံ မိုးမျိုးမြင့်



ရွှေအမြုတေစာပေဆုပေးပွဲမှာ တွေ့ရ
ဓာတ်ပုံ - ကိုလင်း(Studio-K), ပြေ
ဒါရိုက်တာ ဝင်းထွန်းထွန်း၊ နေမင်းနဲ့ မြင့်မြ

www.burmeseclassic.com

www.burmeseclassic.com



ပိုးချို ပေညွှန့်စေ

ကဗျာဆရာ မောင်ဆွေးသစ်

စာရေးဆရာ ထက်မြက်နဲ့ ပန်းချီ ဝင်းတင့်

ပန်းချီကျော်သောင်းနဲ့ ဒါရိုက်တာ မိုးမွှား

ဒါရိုက်တာ
မင်းထင်ကိုကိုကြီးနဲ့
ဒါရိုက်တာ ကိုပေါက်

မိုးကျော်ဇင်က
မြန်မာမိန်းကလေး
တစ်ယောက် နိုင်ငံခြား
သဘောၤသားတစ်ဦး
ခြေဟန်လက်ဟန်နဲ့
ဆော်ကားလိုက်တာကို
ဖော်ပြထားတာဖြစ်တယ်။
ပန်းရိုပ်ဖြူရဲ့ဝတ္ထုကတော့
ကျွန်တော်တို့ ဒီနေ့
နိုင်ငံတော်မှာ တွေ့နေရတဲ့
လူတန်းစားတစ်ရပ်ကို
ဖော်ကျူးတာဖြစ်လို့
ဝတ္ထုနှမ်ပုဒ်ရဲ့အားကို
ယှဉ်ကြည့်ရာမှာ
ပန်းရိုပ်ဖြူက
သာသွားခြင်းဖြစ်ပါတယ်။
မိုးကျော်ဇင်ရဲ့ဝတ္ထုကိုလည်း
ကြိုက်ပေမဲ့
တစ်ပုဒ်သာ ရွေးရမှာဖြစ်လို့
ပန်းရိုပ်ဖြူ ရရှိခြင်းပါ။
ဝတ္ထုရှည်နဲ့
ပတ်သက်လို့ကတော့
ဆရာ မာန်(တောင်လုံးပြန်)ရဲ့
မာတ်ပုံ ကို ဖော်ပြပြီး
ကာတည်းက
တခြား ဘယ်ဝတ္ထုရှည်မှ
တိုးနိုင်မယ် မထင်ပါဘူး။
သူ့ဝတ္ထုက
နောက်ခံအဖြစ် ရွှေဝါရောင်
တော်လှန်ရေးဖြစ်တဲ့အတွက်
အားကောင်းလှပါတယ်။
ဒါပေမဲ့ ဝတ္ထုထဲမှာ
ရွှေဝါရောင်တော်လှန်ရေး
ဆိုတာ တစ်နေရာမှ
မတွေ့ရပါဘူး။
ဒါက စာရေးဆရာရဲ့
အတတ်ပညာ
ပြောင်မြောက်မှုပါပဲ။
သူ ဘယ်သူ့ကိုမှ
ဆဲမထားဘူး၊
အပြစ်ပြောမထားဘူး၊
ဖြစ်စဉ်ကို
တင်ပြသွားတာပဲ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com




ချစ်နေမင်းနဲ့ ဝေဠုတီးနှား



ရှိုင်းဝဏ္ဏသော်၊ စာရေးဆရာမ အငြိမ့်ကျောင်း(ရွှေ)
စာရေးဆရာမ ညလင်းပြုံနဲ့ ဝင်းဇော်လတ်




နီနီခင်ဇော်နဲ့အတူ Jade Dragon Junior အကအဖွဲ့ကလည်း မြူးမြူးကြွကြွ ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်




ခမ်းနှမ်းနဲ့အတူ Jade Dragon Junior အကအဖွဲ့ရဲ့ဖျော်ဖြေမှု



အိုင်ရင်းဖင်မာကလည်း ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမ
စိမ်းခမ်းနွဲ့(သာယာဝတီ)



အခမ်းအနားမှူး
စာရေးဆရာ ညီမင်းညို



ဘိုရိုးမြင့်ညိမ်း၊ မိုးမြင့်သီတာနဲ့ အင်္ဂမျိုးမြင့်ညိမ်း



ဆရာလင်းနိုင်ဦးရဲ့မိသားစုဝင်များလည်း
တက်ရောက်ခဲ့ကြပါတယ်



ပွဲတက်ရောက်လာသူများကို
ဦးဝင်းငြိမ်းက
လိုက်လံနှုတ်ဆက်ခဲ့ပါတယ်

စာဖတ်သူကသာ သုံးသပ်ရမယ့် ဝတ္ထုဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆရာမာန် (တောင်လုံးပြန်)ကို ဒုတိယအကြိမ်မြောက် ဆုချီးမြှင့်လိုက်ရခြင်း ဖြစ်ပါတယ်။ ဆောင်းပါးဆုနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့အားလုံး အားမလိုအားမရ ရှိခဲ့ကြရာက ရန့်သစ်(ဓေတ်ရနံ့) မဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ ဒေါက်တာညီညီရဲ့ ဒါသင်၊ ဒါကျက်၊ ဒါဖြေ စနစ် ဖျက်ဖို့လိုပြီကို ဖတ်လိုက်ရတော့မှ ဆောင်းပါးကောင်း တစ်ပုဒ်ရပြီလို့ ဘဝင်ကျသွားကြပါတယ်။ ဆုတွေလည်း ရွေးပြီးပါပြီ။ ရက်ချိတ်ထားတဲ့ ဆုလေ ရှန်ဂရီလာ ဟိုတယ်က တစ်ယောက်အတွက် ညစာစျေးနှုန်း ကြားလိုက်ချိန်မှာ ကျွန်တော် တော်တော်စိတ်ညစ်သွားပါတယ်။ စျေးကြီးလွန်းအားကြီးပါတယ်။ ရန်ကုန်မြို့လယ်မှာ ပရိသတ် ၄၀၀ ကျော်၊ ၅၀၀ နီးပါးလောက် ဧည့်ခံနိုင်မယ့်ခန်းမကလည်း ဒီမှာပဲ ရှိနေတယ်။ တခြားဟိုတယ်မှာ သွားလုပ်ရင် ဧည့်သည် ဒီလောက်မဆံ့နိုင်ဘူး။ သွားရေးလာရေး ခက်ခဲကြမယ်။ ဒါတွေကို တွေးထားပြီး သူတို့နဲ့အကြိမ်ကြိမ် အခန့်ဖန် ဆွေးနွေး လိုက်တော့မှ ခြေနိုင်

www.burmeseclassic.com

www.burmeseclassic.com



နဝမအကြိမ်မြောက် ရွှေအမြုတေစာပေဆုရ ဆုရှင်များနဲ့ ဦးဝင်းငြိမ်း



ဦးဝင်းငြိမ်းနဲ့အတူ အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြတဲ့ မိသားစုဝင်များ

ပွဲတက်ရောက်သူများထဲမှ ပထမအကြိမ်မှ နဝမအကြိမ်အထိ စာပေဆုရရှိခဲ့တဲ့ စာရေးဆရာ၊ စာရေးဆရာမများနဲ့အတူ ဦးဝင်းငြိမ်းနှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင်များ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်များ အမှတ်တရ



ဦး[illegible]ာမြည့်၊ ဦးဝင်းငြိမ်း၊ ဦးဆန်နီညိမ်းနဲ့ ဦးရိုးမြင့်ညိမ်း



လက်နိုင်အနေအထားကို ရောက်ရှိသွားပါတယ်။ ခြေနိုင်လက်နိုင်ဆိုတာက ကျွန်တော်တစ်ယောက်တည်းအားမဟုတ်ပါဘူး။ ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူတယ်ဆိုသလို မိတ်ဆွေများကောင်းမှုကြောင့် သိန်း ၁၅၀ ဝန်းကျင်လောက် ကုန်တဲ့ပွဲကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီနှစ် ထူးခြားချက်တစ်ခုကတော့ ကျွန်တော့်ကို နှစ်စဉ်ပံ့ပိုးကူညီပေးတဲ့ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနဲ့ ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ်အင်းမ)တို့ နှစ်ပါးကိုယ်တိုင်ကြွရောက်ချီးမြှင့်ခြင်းပါ။ အဲဒီအတွက် ဘုန်းဘုန်းတို့ကို အထူးကျေးဇူးတင်ပါကြောင်း ဒီနေရာကနေမှတ်တမ်းတင်ပါရစေ။ ကျွန်တော် စင်ပေါ်မှာ ကျေးဇူးတင်စကားပြောရင်း ဒီနှစ်ပွဲဟာ စိတ်ဖိစီးမှုအများဆုံးပွဲဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ တကယ်လည်း အပင်ပန်းဆုံးနှစ်ဖြစ်ပါတယ်။ ဒါပေမဲ့ အားလုံးကျေနပ်ကြခြင်းကြောင့် ကျွန်တော် ပင်ပန်းသမျှ တန်ပါတယ်လို့ပဲ ခံယူပါတယ်။ ဘုရားသခင်အလိုတူလို့ နောက်တစ်နှစ် နေခွင့်ရဦးမယ်ဆိုရင်တော့ ဒသမအကြိမ်မြောက် ရွှေအမြုတေ စာပေဆုပေးပွဲ ဆောင်းပါးကို ရေးခွင့်ရဦးမယ် ထင်ပါတယ်။

■

ဝင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

## ဒုတိယဆင့်ပြောက်
# ကဗ္ဗီပါ ဖိနပ်စီး ရွှေထီးဆောင်း

ပိုးဇေယျာမှုန်း

ဒါရိုက်တာ ဝိုင်းက ဆရာ မောင်သာရရဲ့ ကဗ္ဗီပါ ဖိနပ်စီး ရွှေထီးဆောင်း ဝတ္ထုကို ဗီဒီယိုအဖြစ် ပြန်ရိုက်ချင်တယ်၊ ဆက်သွယ်ပေးပါလို့ ပြောလာတဲ့အခါ ကျွန်တော် အံ့ဩသွားပါတယ်။ ဒီဝတ္ထုက ဒါရိုက်တာ မောင်ဝဏ္ဏရဲ့ ပထမဆုံး ရုပ်ရှင်ကားဖြစ်ခဲ့ပြီး အကယ်ဒမီ ဆွတ်ခူးနိုင်ခဲ့တဲ့ ရုပ်ရှင်ကား ဖြစ်ခဲ့ဖူးပါတယ်။ ဆရာ မောင်သာရ ပြောပြချက်အရဆိုရင်

www.burmeseclassic.com

www.burmeseclassic.com

အားကြောင့်လဲဆိုတော့ ပထမဦးဆုံးအကြိမ် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမယ့်သူတစ်ယောက်အနေနဲ့ ဒီဝတ္ထုကို ရုပ်ရှင်အဖြစ် ဖန်တီးနိုင်စွမ်း ရှိမယ်လို့ မယုံကြည်ခဲ့လို့ပါပဲတဲ့။ နောက်တစ်ခေါက် မောင်ဝဏ္ဏ သူ့ဆီကို ရောက်လာချိန်မှာတော့ ရေးဖော်လည်းဖြစ်၊ မောင်ဝဏ္ဏရဲ့ဖခင်လည်းဖြစ်တဲ့ ဆရာ ဦးသာနု က စာတစ်စောင်ရေးပေးလိုက်ပါတယ်။ စာရဲ့ ဆိုလိုရင်းကတော့ သူ့သားဟာ ဖခင်ဖြစ်သူရဲ့ ဝတ္ထုများစွာရှိပါလျက် ရုပ်ရှင်အဖြစ် မရိုက်ကူးလိုဘဲ ဆရာ မောင်သာရ ရဲ့ဝတ္ထုကိုမှ ရိုက်ကူးလိုတဲ့ ဆန္ဒ ပြင်းပြနေခြင်း၊ စာရေးဆရာတစ်ယောက်ရဲ့သား၊ ဒါရိုက်တာအဖြစ် ဆောင်ရွက်မယ့်တစ်ယောက်လည်းဖြစ်တာကြောင့် ဝတ္ထုကို ဖျက်လိုဖျက်ဆီး လုပ်မှာမဟုတ်ကြောင်း အာမခံ သဘောမျိုး ရေးပေးလိုက်ခြင်းပါပဲ။ ဒီတော့မှ ဆရာ မောင်သာရက မောင်ဝဏ္ဏကို လက်ခံရောင်းချပေးခဲ့တာပါ။

အခ်ိ တစ္ဆက်ကောင်ဖြစ်တဲ့ စိတ်ရောဂါ ဆရာဝန်ဒေါက်တာ ကြည်သာနေရာမှာ မြတ်လေးက သရုပ်ဆောင်ပြီး၊ စိတ်ဝေဒနာရှင်ထားနေရာမှာ မြတ်မွန်က သရုပ်ဆောင်ခဲ့တာပါ။ အဲဒီကား ဘယ်လောက်ကောင်း





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သဘောကျတာကြောင့် တစ်ထပ်တည်း လိုက်လုပ်ကြတာတွေ အကြိမ်ပေါင်းများစွာ တွေ့ဖူးပါတယ်။ ဝိုင်းကတော့ အဲဒီလို ထပ်တူကူးတာ မဟုတ်ဘဲ ကြည်သာနဲ့ ထားတို့ သံယောဇဉ်ရှိသွားကြပုံကို သူ့နည်းသူ့ဟန်နဲ့ တင်ပြသွားပါတယ်။

ဒီဗီဒီယိုကားမှာ စိတ်ရောဂါသည်ကလေးအဖြစ် သရုပ်ဆောင်ရတဲ့ ဖွေးဖွေးက ပကတိရောဂါသည်နဲ့ တူအောင် သွက်ရမယ့်နေရာမှာ သွက်၊ လေးရမယ့်နေရာမှာ လေး အံဝင်ခွင်ကျ သရုပ်ဆောင်ပေးနိုင်ပါတယ်။ မိသားစုမှာ သမီးကြီးတစ်ယောက်အနေနဲ့ တာဝန်ယူခဲ့ရာက စိတ်ဖိစီးမှုတွေ များပြားပြီး ချစ်သူနောက် လိုက်ပြေးတာကိုတောင် ညီမဖြစ်သူအတွက် လမ်းမှားပြမိပြီဆိုတဲ့အတွေးနဲ့ စိတ်ဖောက်သွားခဲ့ရတဲ့ ထားအဖြစ် ဖွေးဖွေးက အပီပြင်ဆုံး သရုပ်ဆောင်နိုင်ပါတယ်။

စိတ်ရောဂါဆရာဝန် ကြည်သာအဖြစ် သရုပ်ဆောင်တဲ့ ပြေတီဦးကလည်း ဟိုတုန်းက သရုပ်ဆောင်ခဲ့တဲ့ ဦးမြတ်လေးနဲ့ မတူ သီးခြားခွဲထွက်ပြီး သရုပ်ဆောင်သွားပါတယ်။ စိတ်ရောဂါသည်ကလေးကို "မနက်ဖြန်... မယ်"လို့ အမှတ်တမဲ့ ပြော... ခဲ့ရာက ပိုဆိုးသွားတာကြော... ကိုယ်တိုင်ခံစားရတာတွေ... ပြေတီဦး ပိုင်ပိုင်နိုင်နိုင် သရု... ဆောင်သွားပါတယ်။

ပရိသတ် ကိုယ်စ... ကျွန်တော် ကျေးဇူးတင်မိ... ကတော့ စိတ်ပျက်ငြီး... ကောင်းလှတဲ့ မြန်မာဗီဒီ...



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းများနဲ့မတူ
တစ်မူကွဲတဲ့
ဓာတ်လမ်းကို
ထုတ်ရဲတဲ့ ခရေဖြူ
ဗီဒီယိုထုတ်လုပ်ရေးနဲ့
ဒါရိုက်တာ ဗိုင်းကို
ပါပဲ။ ကျွန်တော်တို့
ဗီဒီယိုပရိသတ်များက
မြန်မာဗီဒီယိုကားတွေကို
ကျောခိုင်းပြီး
ကိုရီးယားကားမှ
ကိုရီးယားဖြစ်နေကြချိန်မှာ
မြန်မာဗီဒီယိုတွေမှာလည်း
ဒီလိုဓာတ်လမ်းကောင်းတွေ
ရှိပါတယ်ဆိုတာ
ရင်ကော့
လက်မထောင်ပြနိုင်တဲ့
ဓာတ်တစ်ပုဒ်ကို
ရိုက်ကူး ထုတ်လုပ်
ပေးလို့ပါပဲ။
ခရေဖြူရဲ့
**ကတ္တီပါဖိနပ်စီး**
**ရွှေထီးဆောင်းက**
နယ်တွေမှာတော့
ဖြန့်ချိပေးပြီးပါပြီ။
ရန်ကုန်မှာ
ဇွန်လ နောက်ဆုံးပတ်
ဖြန့်ဖြစ်လိမ့်မယ်လို့
သိရပါတယ်။
အစားကောင်း
စားဖြစ်ရင်
ချစ်တဲ့သူတွေကို
သတိရတယ်ဆိုတဲ့
စကားလို
ကားကောင်းတစ်ကား
ကြည့်ခွင့်
ရလိုက်တဲ့အတွက်
ကျွန်တော့်နည်းတူ
ကြိုက်တတ်သူတွေကို
လက်တို့
လိုက်ခြင်းပါ။
■
**မိုးကျော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com





# အသက်ရှည်ချင်လို့ ရုပ်ရှင်ကို စွန့်လွှတ်ခဲ့တာပါ ဆိုတဲ့ မောင်ယဉ်ထွေး

**ခင်းငြိမ်း**

IP Day မှာ Person of the Year ဆုချီးမြှင့်ခံရတဲ့အတွက် ဆရာဦး ဒေါ့မင်ထိုက်ကို မိတ်ဆွေများက ရန်ကုန်မြို့ ကန်တော်ကြီးဆောင်ရှိ White Rose စားသောက်ဆိုင်မှာ ဂုဏ်ပြုညစာ စားပွဲတည်ခင်းဧည့်ခံလို့ ကျွန်တော်လည်း တက်ရောက်ခဲ့ပါတယ်။ ကျွန်တော့်ဘေးမှာ လာထိုင်သောတဲ့ ဒါရိုက်တာ ကြည်စိုးထွန်းနဲ့ စကားစမြည်ပြောရင်း ဦးကြည်စိုးထွန်းက တစ်ခေတ်တစ်ခါ ဖျော်ဖြေခဲ့တဲ့ လူငယ်တစ်ယောက်ကို လက်ညှိုးထိုးပြပြီး "သူ ဘယ်သူလဲသိလား" လို့မေးပါတယ်။ သေသေချာချာ ကြည့်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်မင်းသား မောင်ယဉ်ထွေး အငယ်စားရုပ် ပေါ်လာပါတယ်။ ဒါကြောင့် မောင်ယဉ်ထွေးအငယ်စားပဲလို့ ကျွန်တော် ဖြေလိုက်တော့ ဦးကြည်စိုးထွန်းက ဟုတ်တယ်၊ အဲဒီကောင်လေးက မောင်ယဉ်ထွေး၊ စမ်းစမ်းအေးတို့ရဲ့သား ဒါရိုက်တာ အောင်နေ့ထွေးလို့ ဆိုပါတယ်။

အောင်နေ့ထွေးရဲ့လက်ရာ **Behind the Scene Documentary** ကို ၂၀၁၃ ခုနှစ် ဝသန်ရုပ်ရှင်ပွဲတော်မှာ ကျွန်တော် အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ခဲ့လို့ ကြည့်ခဲ့ဖူးပါတယ်။ ဆုပေးပွဲနေ့မှာတော့ ကျွန်တော့်ခြေထောက်ဒဏ်ရာကြောင့် မတက်နိုင်ခဲ့ပါဘူး။ ဒါကြောင့်လည်း အောင်နေ့ထွေးကို လူချင်းမဆုံဖြစ်ခဲ့တာပါ။

အောင်နေ့ထွေးကို တွေ့လိုက်တော့ သူ့အဖေ မောင်ယဉ်ထွေးကို တွေ့ဆုံမေးမြန်းချင်စိတ်ပေါ်လာတာကြောင့် တယ်လီဖုန်းနံပါတ်တောင်းယူခဲ့ပြီး ဆက်သွယ်ခဲ့ပါတယ်။ ဘုရား၊ တရားအလုပ်ကို သာအောက်ချလုပ်ကိုင်နေတဲ့ ဦးယဉ်ထွေးက ကျွန်တော့်ကို ထူးထူးခြားခြားနေရာမှာ ချိန်းပါတယ်။ မနက်ဖြန်ညနေ ၃ နာရီ ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်က ခေါင်းလောင်းကြီးနောက်မှာ ညောင်ပင်ကြီးတစ်ပင်ရှိတယ်။ အဲဒီနောက်က နေရာမှာ တွေ့ကြမယ်လို့ ဆိုပါတယ်။

ဦးယဉ်ထွေး ချိန်းတဲ့နေရာကို ကျွန်တော် သွားရောက်တွေ့ဆုံခဲ့ပါတယ်။ သရုပ်ဆောင်တော်တော်များများကို ကျွန်တော် တွေ့ဆုံမေးမြန်းခဲ့ဖူးပေမဲ့ ဒီလိုထူးခြားတဲ့နေရာမျိုးမှာတော့ တစ်ကြိမ်တစ်ခါမှ မတွေ့ဆုံဖူးတာ အမှန်ပါပဲ။

အသက် ၇၄ နှစ် အရွယ်ရှိပြီဖြစ်တဲ့ ဦးယဉ်ထွေးဟာ ငယ်မူငယ်သွေး မပျောက်သေးဘဲ ရှိနေတာကို သူ့ရုပ်ရှင်ကားများကြည့်ခဲ့ဖူးတဲ့ ကျွန်တော် မှတ်မိနေပါတယ်။

ရုပ်ရှင်မင်းသားနဲ့ မင်းသမီးဆိုတာ ချစ်ခန်းကြိုက်ခန်းကအစ ထိတွေ့ပွေ့ဖက်နေကြရတာကြောင့် တစ်ယောက်နဲ့တစ်ယောက် ပုထုဇဉ်ပီပီ ငြိစွန်းကြတာ မဆန်းလှပါဘူး။ သရုပ်ဆောင်တိုင်းကိုတော့ မဆိုလိုပါ။ မြန်မာရုပ်ရှင်ရဲ့ခေတ်ဦးဖြစ်တဲ့ အောဝမ်းခေတ်ကတည်းက (ဦး)ညွန့်မောင်နဲ့မေမြင့်၊ (ဦး)သိန်းဖေနဲ့ မေလွင်တို့ကအစ ကျော်ဟိန်းနဲ့စန္ဒာ၊ ဇော်လင်းနဲ့ စန္ဒာ၊ ဝင်းညွန့်နဲ့ ဒေစီကျော်ဝင်း၊ ဒါရိုက်တာခင်စိုးနဲ့ဒေစီကျော်ဝင်းတို့အလယ် ဇာနည်နဲ့ ကြည်လဲ့လဲ့ဦး၊ ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်အဆုံး အိမ်ထောင်ဖက်များဖြစ်ခဲ့ကြပါတယ်။ မောင်ယဉ်ထွေးတို့ရဲ့ ရှမဝရုပ်ရှင်ခေတ်မှာ မောင်ယဉ်ထွေးနဲ့ စမ်းစမ်းအေးတို့ဟာ လိုက်ဖက်ညီတဲ့ လူငယ်ဇနီးမောင်နှံများဖြစ်ကြပါတယ်။ သူတို့နဲ့ခေတ်ပြိုင် ခင်မောင်ချင်းနဲ့ စန်းစန်းဝင်းတို့လည်း ရှိပါသေးတယ်။

သရုပ်ဆောင်များဟာလည်း အသွေးအသားနဲ့ တည်ဆောက်ဖွဲ့စည်းထားတာဖြစ်လို့ သူတို့လည်း သာမန်အိမ်ထောင်သည်များလို စိတ်အခန့်မသင့်တဲ့အတွက် လမ်းခွဲကြတာတွေ ရှိပါတယ်။ ဦးယဉ်ထွေးနဲ့ စမ်းစမ်းအေးတို့လည်း သမီးတစ်ယောက်၊ သားတစ်ယောက်ထွန်းကားပြီးချိန်မှာ လမ်းခွဲခဲ့ကြပါတယ်။

အဲဒီသားလေးက အောင်နေ့ထွေးဖြစ်လာပြီး Documentary အဖြစ် မိဘနှစ်ပါးအကြောင်းကို သူ့ရင်နဲ့ရင်းပြီး ရိုက်ကူးခဲ့ပါတယ်။ ဒါကြောင့်လည်း အောင်မြင်မှု ရရှိခဲ့ပြီး အခုဆိုရင် ပြည်ပနိုင်ငံများမှာပါ သွားရောက်ပြသနေရင်းဖြစ်ပါတယ်။

ကျွန်တော်နဲ့ဦးယဉ်ထွေးတို့ မျက်နှာချင်းဆိုင်ဆုံမိချိန်မှာ ပထမဆုံးမေးဖြစ်တာကတော့ သူတို့နှစ်ယောက်စလုံးရဲ့ ပထမဆုံးရုပ်ရှင်ကားဖြစ်တဲ့ **ရွှေရင်သိမ်းသစ်** ရုပ်ရှင်ကားအကြောင်း ဖြစ်ပါတယ်။

**အစ်ကို ကျွန်တော် ကြားဖူးတာကတော့ 'ရွှေရင်သိမ်းသစ်' ဇာတ်ကားရိုက်ကူးဖို့ ရှမဝဦးကျော်က စမ်းစမ်းအေးရဲ့အသက်ပြည့်သည်အထိ စောင့်ပြီးရိုက်ခဲ့တယ်လို့ ကြားဖူးပါတယ်။ အဲဒါ ဟုတ်ပါသလား။**

ကျွန်တော်တို့ အသက်မပြည့်သေးတာလည်း ပါတယ်ပေါ့လေ။ တစ်နှ... လောက်ဇာတ်ညွှန်းကို ကျေညက်အော... ရီဟာဇယ်တွေ လေ့ကျင့်ခိုင်းထား... တယ်။ ဒီလိုဗျ ကိုဝင်းငြိမ်းရ။

ဒီကားကို ပထမဆုံး စရိုက်... ဒါရိုက်တာ ဦးသာဓုပါ။ မင်းသမီး... သူ့မင်းသမီး မြတ်မွန်ပေါ့။ ကျွန်တော်...

www.burmeseclassic.com

www.burmeseclassic.com

...တ်မှုန် လေးငါးရက်လောက် ရိုက်...ပြီး ဦးသာစုက နားဦးမယ်ဆိုပြီး နား...တာ သုံးလလောက်ကြာသွားတယ်။ ...နောက်တော့မှ သူက အစ်ကိုကြီး ...ကျော်ကို ဒီကား သူ ဆက်မရိုက်...တော့ဘူး။ တခြားသူနဲ့ ကြိုက်သလိုသာ ...ပါတော့လို့ အကြောင်းကြားတယ်။ ...တော့ အစ်ကိုကြီးကလည်း စိတ်တော်...ပျက်သွားတယ်။ ရုပ်ရှင်အလုပ် ...လုပ်တော့ဘဲ ရွှေမဝမဂ္ဂဇင်းထုတ်ဝေ ...လုပ်ငန်းကိုပဲ လုပ်တော့မယ်လို့ ဆုံး...တယ်။

နောက်တော့ ကျွန်တော့်အစ်ကို... အစ်မတွေက ရုပ်ရှင်အလုပ်ကို ...လုပ်ဖို့ ဝိုင်းပြီး တိုက်တွန်းကြ...။ (ရွှေမဝဦးကျော်က ကျွန်တော့် ... အကြီးဆုံးရဲ့ခင်ပွန်း၊ ကျွန်တော့် ...က်ဖတော်ပါတယ်။) စာရေးဆရာ ...ဖြစ်တဲ့ မင်းရှင်၊ သော်တာဆွေ၊ ...ယုန်နီတို့က ကိုယ့်ဘာသာကိုယ် ...ဖို့ ဝိုင်းပြီး တိုက်တွန်းကြတယ်။

ရွှေမဝရုပ်ရှင်ထုတ်လုပ်ရေးကနေ ...ဆရာ တင့်တယ်ကို **လာလုလု** ... ဆိုတဲ့ ရုပ်ရှင်ကားကို ဒါရိုက်တာ ...ရိုက်ကူးခိုင်းဖူးတယ်။ ဦးတင့်...က တော်တာတော့တော်ပါတယ်။ ...မဲ့ သူက အရမ်းအရက်သောက်...။ ရိုက်ကွင်းပေါ်မှာလည်း သောက်...။ ကားက တော်တော်နဲ့ မပြီးတော့ ... ပြီးသွားပြန်တော့လည်း တစ်ခုနဲ့ ...အချိတ်အဆက်မရှိ Documentary ...လို ဖြစ်နေတယ်။ မအောင်မြင်ဖူး...။ ဒီတော့ အားလုံးက အစ်ကိုကြီး ...ကျော်ကိုပဲ ကိုယ်တိုင်ဒါရိုက်တာ ... ရိုက်ကူးဖို့ တိုက်တွန်းကြတယ်။

မြတ်မှုန်နဲ့ ကျွန်တော် တွဲပြီးသရုပ်...ရင် အဆင်ပြေပြေဖြစ်နိုင်ဖို့ ရိုဟာ...အကြိမ်ကြိမ်လုပ်ထားဖို့ လိုအပ်...လို့ယူဆတာကြောင့် အစ်ကိုကြီး ... ကျွန်တော်နဲ့တွဲပြီး လေ့ကျင့်နိုင်မယ့် ...လေးတစ်ယောက်ကို ရှာတယ်။

အဲဒီတုန်းက မဂိုလမ်း(အခု ရွှေဘုံ...မ်း)ရဲ့တပ်ဖွဲ့က 'ရဲဆန်းသစ်' ဆိုတဲ့အမည်နဲ့ တီးဝိုင်းတစ်ခုရှိပြီး ဂီတ မဂ္ဂဇင်းတစ်စောင်လည်း ထုတ်တယ်။ တစ်လမှာတော့ အဲဒီမဂ္ဂဇင်းတစ်စောင်ကို စာရေးဆရာသန်းဆွေက ယူလာတော့ မျက်နှာဖုံးကို အစ်ကိုကြီးက တွေ့သွားတယ်။ ဒီမိန်းကလေး ဘယ်သူလဲလို့မေးကြည့်တော့ အဆိုကျော် ပေါက်စကလေး စမ်းစမ်းအေး ဖြစ်နေတယ်။ အစ်ကိုကြီးက ဒါ ဘယ်သူလဲဆိုတော့ အဆိုတော်မိန်းကလေး တစ်ယောက်ပါပေါ့။ သူ့ကို မေးကြည့်စမ်း။ ရုပ်ရှင်ရိုက်ဖို့ ဝါသနာပါသလားလို့။

သုံးလေးရက်လောက်နေတော့ သူ့ဘက်က ဝါသနာပါပါတယ်လို့ အဖြေရတယ်။ ဒါနဲ့ သူ့ကို ခေါ်ပြီး မြတ်မှုန်နေရာကနေ ကျွန်တော်နဲ့လေ့ကျင့်ခိုင်းတာပေါ့။ သူနဲ့လေ့ကျင့်ပြီး မြတ်မှုန်နဲ့ ရိုက်တာပါ။ မြတ်မှုန်နဲ့ ကားရိုက်တဲ့ ကိစ္စပျက်သွားတော့ စမ်းစမ်းအေးလည်း နားပေါ့။

ကျွန်တော် ကိုယ်တိုင်ကလည်း မင်းသားလုပ်ဖို့ရယ်လို့ ရည်ရွယ်ချက်မရှိခဲ့ပါဘူး။ ကျောင်းတက်နေရင်း တစ်ရက် ကျောင်းကပြန်တော့ အစ်ကိုကြီး ဦးကျော်က ဧည့်ခန်းထဲမှာ ထိုင်စောင့်နေတယ်။ ကျွန်တော်က လွယ်အိတ်ကို ပစ်ချခဲ့ပြီး အခန်းထဲဝင်သွားတော့ အစ်ကိုကြီးက ကျွန်တော့်လွယ်အိတ်ထဲက ပစ္စည်းတွေကို ထုတ်ကြည့်တယ်။ အဲဒီမှာ လျှောက်လွှာတစ်စောင် ကျွန်တော် ဖြည့်ထားတာ တွေ့သွားတယ်။

အဲဒီကာလတုန်းက ကိုဝင်းငြိမ်း မှတ်မိမလား မသိဘူး။ မြန်မာပြည်ကို ကူမင်တန်တရုတ်ဖြူတွေ ကျူးကျော်ရန်စနေချိန်ပေါ့။ အဲဒီတော့ တပ်မတော်က လူငယ်လူရွယ်တွေ အလိုရှိတယ်ဆို ပြီး ဗိုလ်သင်တန်းလျှောက်လွှာတွေ ယူနိုင်းချိန်ပေါ့။ ကျွန်တော်ကလည်း သူငယ်ချင်းတွေနဲ့အတူ ဗိုလ်သင်တန်းတက်ချင်တာကြောင့် ပုံစံယူလာပြီး ဖြည့်ထားတာပါ။ အဲဒီပုံစံကို အစ်ကိုကြီး ဦးကျော် တွေ့သွားတယ်။

အစ်ကိုကြီးက မောင်ထွေး လာပါဦး။ မင်းက အလုပ်လုပ်ချင်လို့လားလို့ မေးတယ်။ ကျွန်တော်က သူငယ်ချင်းတွေနဲ့အတူ လုပ်မယ်လို့ စဉ်းစားလို့ပါ။ လူကြီးတွေ သဘောမတူရင်တော့ မလျှောက်ပါဘူးလို့ ဖြေလိုက်တယ်။ အစ်ကိုကြီးက မလျှောက်ပါနဲ့တော့ကွာ။ အစ်ကိုကြီး ရုပ်ရှင်ရိုက်မယ်။ မင်း မင်းသားလုပ်ပါဆိုတာကြောင့် ကျွန်တော် မင်းသား ဖြစ်လာခဲ့တာပါ။

**အဲဒီမှာ ပထမဆုံး ရိုက်ဖြစ်တာက 'ရွှေရင်သိမ်းသစ်' ပေါ့နော်။ ဇာတ်က ဘယ်သူ့ဇာတ်လဲ။**

ဟုတ်ပါတယ်။ ဇာတ်က အစ်ကိုကြီး မန္တလေးမှာ နေတုန်းက ထုတ်ဝေခဲ့ဖူးတဲ့ **အပျိုလုပ်မယ်** ဆိုတဲ့ဝတ္ထုပါ။ သူကိုယ်တိုင် ဇာတ်ညွှန်းရေးဖို့အတွက် လောပိတရေအားလျှပ်စစ်စက်ရုံမှာ အင်ဂျင်နီယာဖြစ်တဲ့ စာရေးဆရာ သိပ္ပံဘထွေးအိမ်မှာ သွားတည်းပြီး ရေးတာပါ။ ကျွန်တော့်ကိုလည်း လိုက်ခဲ့လို့ ခေါ်သွားတာကြောင့် ပါသွားပါတယ်။ ကျွန်တော်က လက်နှိပ်စက် ရိုက်တတ်တော့ သူ ရေးပြီးသားဇာတ်ညွှန်းတွေကို လက်နှိပ်စက် ရိုက်ပေးရပါတယ်။



www.burmeseclassic.com

ပြီးသွားတော့ ရန်ကုန် ပြန်လာကြပြီး မိသားစုဝင်တွေနဲ့တိုင်ပင်တယ်။ ပန်းချီဆရာ ဦးဘရင်ကလေး၊ စာရေးဆရာ မင်းရှင်၊ သော်တာဆွေ၊ ရန်ကုန်ဘဆွေနဲ့ တခြားဆရာတွေကို ကျွန်တော်တို့ နှစ်ယောက်ကို အကဲခတ်ကြည့်ပါဆိုပြီး ရန်ကုန်ဘဆွေရဲ့ သုခုမတင်းကုပ်အခန်းမှာ ကျွန်တော်တို့က သရုပ်ဆောင်ပြရတယ်။

ကျွန်တော်တို့ သရုပ်ဆောင်ပြပြီးတဲ့ နောက်မှာ အကဲခတ်တဲ့ဆရာတွေက ဦးကျော်ရာ…ခင်ဗျား ဘယ်သူ့မှ ငှားမနေနဲ့တော့ ဒီကောင်လေး၊ ဒီကောင်မလေးနဲ့ပဲ ရိုက်ပေတော့။ သူတို့က ခင်ဗျားဇာတ်ကို ကျေနေပြီဖြစ်တဲ့အပြင် ဇာတ်လမ်းထဲကအတိုင်း ဆယ်ကျော်သက်ကလေးတွေ ဖြစ်တာကြောင့် ရိုက်သာရိုက်ပါလို့ တိုက်တွန်းကြတယ်။ ဒါနဲ့ပဲ အစ်ကိုကြီးလည်း အားတက်သွားပြီး ရိုက်မယ်လို့ ဆုံးဖြတ်ချက်ချလိုက်တာပဲ။ မောင်ယဉ်ထွေး၊ စမ်းစမ်းအေးလို့ ရဲရဲတင်း ကြေညာလိုက်တယ်။ အဲဒီကားကအစ ကျွန်တော်တို့နှစ်ယောက်စလုံး မင်းသား၊ မင်းသမီးဖြစ်လာခဲ့ကြတာပဲ။

**ကျွန်တော် မှတ်မိသလောက် ရှမဝက ထုတ်တဲ့ကားမှန်သမျှမှာ မောင်ယဉ်ထွေး၊ စမ်းစမ်းအေးတို့အတွဲပဲ သရုပ်ဆောင်ကြတယ်။ တခြားမင်းသမီးနဲ့ တွဲတာဆိုလို့ 'မေတ္တာစာတစ်ပုဒ်'ပဲ ရှိတယ်ထင်တယ်။ ခင်ယုမေနဲ့ တွဲတာလေ။**

**လေချိုတသွေးသွေး၊ လုလင်ငယ်သွေး၊ ရင်ဝယ်တသိမ့်သိမ့်** စတဲ့ကားတွေ ဆက်တိုက်ရိုက်ခဲ့တယ်။ **မေတ္တာစာတစ်ပုဒ်** မှာ ခင်ယုမေနဲ့ သရုပ်ဆောင်ခဲ့ပြီး ဆရာ အောင်လင်းရဲ့ဝတ္ထု **ရွှေဝတ်မှုန်** မှာတော့ ဒေစီကျော်ဝင်းနဲ့ သရုပ်ဆောင်ရတယ်။

အပြင်ကုမ္ပဏီနဲ့ဆိုရင် အေဝမ်းမောင်လှမျိုးရိုက်တဲ့ **မုန်းမေ့လေသလား** ဆိုတဲ့ စစ်ကား။ အဲဒီကားကတော့ ခင်သန်းနု၊ ထားထားနွယ်တို့နဲ့။ အေဝမ်းကြည်အေး ရိုက်တဲ့ **ရာသက်ပန်** ဇာတ်ကားမှာတော့ စန္ဒာတို့၊ ချစ်စံပယ်တို့နဲ့ သရုပ်ဆောင်ရတယ်။

**အစ်ကို နောက်ဆုံးသရုပ်ဆောင်ခဲ့တဲ့ကားက ဘာကားလဲ မှတ်မိသေးလား။**

**ရွှေဝတ်မှုန်** က နောက်ဆုံးကားပါ။ ဒီကားပြီးတော့ စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းရဲ့ **ပုဏ္ဏက** ဝတ္ထုကို ရိုက်ဖို့စီစဉ်ကြတယ်။ စလည်း ရိုက်နေပါပြီ။ အဲဒီအချိန်မှာ အစ်ကိုကြီး ဆုံးသွားတယ်။ ကျွန်တော် တော်တော်စိတ်ဓာတ်ကျသွားတယ်။ **ပုဏ္ဏက** ကို ဆက်ရိုက်ဖို့ စီစဉ်သေးတယ်။ အဲဒီအချိန်မှာ ကျွန်တော် ခရီးကအပြန် အူပေါက်သွားတဲ့အတွက် ဆေးရုံတင်လိုက်ရတယ်။

ဆေးရုံမှာ ရှိနေတုန်း ညစဉ်ညတိုင်း အဘ ဘိုးမင်းခေါင်က အိပ်မက်ပေးပြီး မင်း အသက်ရှည်ချင်ရင် ရှေးဟောင်းဘုရားတွေ ပြုပြင်ပါလို့ ပြောတယ်။ နေ့နေ့ညည ဒီစကားသံပဲ ကြားနေတယ်။ ကျွန်တော် အစကတော့ မယုံပါဘူး။ ဒါပေမဲ့ အူပေါက်သွားတာ လက်တွေ့ဖြစ်နေတော့ ရုပ်ရှင်အလုပ်ကို နားလိုက်ပြီး အဘရဲ့အမိန့်အတိုင်း ရှေးဟောင်းဘုရားတွေကို လိုက်ပြုပြင်ပြီး သာသနာပြုတဲ့အလုပ်ကိုပဲ လုပ်တော့တယ်။ ကျွန်တော်ပြင်လာတဲ့ ဆင်းတုတော်တွေ မနည်းတော့ဘူး။ ရွှေတိဂုံ ရင်ပြင်ပေါ်မှာတော့ အများဆုံးပေါ့၊ ပဲခူး၊ ရွှေတောင်၊ လက်ပံတန်း၊ အင်းစိန်၊ သနပ်ပင်၊ ခရမ်းတို့မှာလည်း အများကြီးပါပဲ။ အားလုံးပေါင်း အဆူ ကိုးဆယ်ကျော်လောက်ရှိပြီ။


**အစ်ကိုတို့နှစ်ယောက် သားသမီးတွေရလာတော့ ကိုယ့်လို အနုပညာရှင် မဖြစ်စေချင်ဘူးလား။**

ဖြစ်စေချင်တာပေါ့။ သမီးကြီးက ပထမတော့ လုပ်မလိုလိုပဲ။ နောက်တော့ မလုပ်တော့ဘူး။ အခုလည်း အမေရိကန်ပြည်ထောင်စုမှာ မြန်မာအမျိုးသားကလေးတစ်ယောက်နဲ့ အိမ်ထောင်ကျနေပါပြီ။ သားငယ်ကတော့ ကိုဝင်းငြိမ်းသိတဲ့အတိုင်း ဒါရိုက်တာ တစ်ယောက်ဖြစ်လာပါပြီ။

**အောင်နွေထွေးကို ဇာတ်လမ်းရိုက်ဖို့ရော မတိုက်တွန်းဘူးလား။**

ကားကြီးရိုက်ဖို့ ကျွန်တော် တိုက်တွန်းပါတယ်။ တဖြည်းဖြည်းတော့ ရိုက်ပါလိမ့်မယ်။ သူကိုယ်တိုင် စိတ်ဝင်စားမှုလည်း ကောင်းမှာကိုး။

**ကျွန်တော်တို့ရုပ်ရှင်လောကမှာ လူကြီးသရုပ်ဆောင်တွေ ရှားပါးကုန်ပြီ။ အစ်ကို့အနေနဲ့ အဖေခန်း၊ ဦးလေးခန်း**



www.burmeseclassic.com

www.burmeseclassic.com



**သရုပ်ဆောင်ဖို့များ စိတ်မဝင်စားတော့ဘူးလား။**

ကျွန်တော် သရုပ်ဆောင်လုပ်ရမအားလို့ အိပ်မက်ထဲမှာ အဘကို မေးဖူးပါတယ်။ အဘက ခေါင်းယမ်းပြတယ်။ ဒါတွေပြောရင် ကျွန်တော့်ကို ခေါက်နေတယ်လို့ ထင်ကြလိမ့်မယ်။ ကျွန်တော် သိသလောက် ရုပ်ရှင်မင်းသားကြီး ဦးမြင့်အောင်လည်း ကျွန်တော့်ကို အိပ်မက်ရဖူးပါတယ်။ ဒါကြောင့် သရုပ်ဆောင်အလုပ်ကို စွန့်လွှတ်ပြီး ဘာသနာပြုလုပ်ငန်းတွေ သွားလုပ်နေတာကို သမီးဖြစ်တဲ့ မို့မို့မြင့်အောင်က ကားပြန်ရိုက်ဖို့ခေါ်တာကြောင့် ပြန်ရိုက်တယ်လေ။ နှစ်ကားလောက်ပဲ ရိုက်လိုက်ရတယ်။ သေပါရော့လား။ ကျွန်တော် အသက်ရှည်ချင်တယ်ဗျာ။ ဒါကြောင့် အဘ သဘောမတူတဲ့သရုပ်ဆောင်အလုပ်ကို မလုပ်တော့တာပါ။

**ရုပ်ရှင်အလုပ်ကို စိတ်ပျက်သွားတာလား။ ရုပ်ရှင်ကော ကြည့်ဖြစ်သေးလား။**

တစ်ခါတလေတော့ ကြည့်ဖြစ်ပါတယ်။ စိတ်ပျက်သွားတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုနေ ပြန်ရိုက်မယ်ဆိုရင် ကိုယ့်ကုမ္ပဏီနဲ့ကိုယ် မဟုတ်တော့ဘဲ လူစိမ်းတွေနဲ့ ဆက်ဆံရမှာဆိုတော့ အားငယ်တာတော့ အမှန်ပဲ။ အဲဒါလည်း ပါတယ်ပေါ့။

**အစ်ကို့ကို ကလေးကလားမေးခွန်းမေးတယ်လို့မထင်ပါနဲ့။ နှစ်ယောက်စလုံး အနုပညာရှင်ဖြစ်နေတဲ့အတွက် သိချင်တာ ရှိလို့ပါ။**

ရတယ်၊ မေးပါ။

**အစ်ကိုက တခြားမင်းသမီးတွေနဲ့ သရုပ်ဆောင်တဲ့အခါ၊ မစမ်းအေးက တခြားမင်းသားတွေနဲ့ သရုပ်ဆောင်တဲ့အခါ တစ်ယောက်ကိုတစ်ယောက် သဝန်ကြောင်တာမျိုး ရှိဖူးပါသလား။**

ကျွန်တော်ကတော့ မရှိဘူးဗျ။ အဲ…သူကတော့ ရှိတယ်လို့ ပြောရမယ်။ ဟိုတုန်းက ရိုက်ကွင်းဆိုတာ ညနေ ၅ နာရီထိုးရင် ဖြုတ်တာပဲ။ ၆ နာရီထိုးလို့မှ ကျွန်တော် အိမ်ပြန်မရောက်သေးရင် မစမ်းအေးက တယ်လီဖုန်းဆက်တော့တာပဲ။ ကျွန်တော်က လုပ်ငန်းသဘောအရ လိုအပ်လို့ ဆက်နေပေးပါဦးဆိုရင် နေရတာပဲလေ။ ပြန်မလာသေးရင် သူက အစ်ကိုကြီး ဦးကျော်အထိ ဖုန်းဆက်တိုင်တာ။ အဲဒီတော့ အစ်ကိုကြီးက ကျွန်တော့်ကို ရိုက်ကွင်းပေါ်ထိ ဖုန်းဆက်ပြီး ဆူပူကြိမ်းမောင်းတော့တာပဲ။ ကျွန်တော်ကတော့ သူ နောက်ကျနေရင်လည်း လုပ်ငန်းသဘောကိုနားလည်နေတော့ ဘာမှ မဖြစ်ပါဘူး။

**အစ်ကိုတို့ခေတ်က ရုပ်ရှင်ကားတစ်ကားရိုက်ရင် ဘယ်လောက်များ ကြာပါသလဲ။**

အစ်ကိုကြီး ဦးကျော် ရိုက်ရင်တော့ တစ်နှစ်လောက်အထိ ကြာတယ်။ အရမ်းမြန်တဲ့ အောဝမ်းမောင်လှမျိုးတို့ ရိုက်ရင်တော့ သုံးလလောက် ကြာတတ်တယ်။

**စိတ်မရှိပါနဲ့။ အစ်ကိုတို့နှစ်ယောက် ဘာကြောင့် လမ်းခွဲခဲ့ကြတာလဲ။**

ကျွန်တော်တို့နှစ်ယောက် ရန်ဖြစ်ပြီး လမ်းခွဲခဲ့ကြတာ မဟုတ်ပါဘူး။ စောစောကပြောသလို ကျွန်တော် အူပေါက်ပြီး ဆေးရုံက ဆင်းလာတော့ မစမ်းအေးက အိမ်မှာနေရတာ အသက်ရှူကျပ်တယ်။ နှလုံးထဲက အောင့်တယ်။ ဒါကြောင့် သူ့အမေအိမ် ခဏပြန်နေဦးမယ်လို့ပြောပြီး ပြန်သွားတာပဲ။ ရက်နည်းနည်းကြာလာတော့ ကျွန်တော့်ကို အတွေ့လည်း မခံတော့ဘူး။ အဆက်အသွယ်လည်းမလုပ်တော့ဘူး။ ကျွန်တော် ခုနစ်ကြိမ်လောက်အထိ သူ့ကို တွေ့ပြီးမေးဖို့ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ သူက ကျန်းမာရေးကိုပဲ အကြောင်းပြပြီး ရှောင်နေခဲ့တာကြောင့် နောက်တော့ ကျွန်တော် လက်လျှော့လိုက်တာပါ။ ရန်ဖြစ်လမ်းခွဲတာမျိုး မဟုတ်ပါဘူး။

**ကျေးဇူးတင်ပါတယ် အစ်ကိုရယ်။ ရွှေတိဂုံရင်ပြင်ပေါ်မှာ ဘုရား၊ တရားအလုပ်တွေလုပ်နေတဲ့ အစ်ကို့ကိုအတိတ်က ဖြစ်ရပ်တွေ ပြန်တူးဆွမိသလိုဖြစ်သွားရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် အစ်ကို။**

■

ဝင်းငြိမ်း

www.burmeseclassic.com





'Three for Tragedy လို့ လတ်ပြောခဲ့တဲ့ အဓိပ္ပာယ်ကို ကျွန်တော် နားလည်ပါပြီ' နောက်ဆုံးအကြိမ် ပြောခဲ့သော ဖုန်းထဲမှ ကိုချမ်း၏ အဖျားခတ်တုန်ယင်ချင်သော စကားသံသည် လတ်ကို ညပေါင်းများစွာ နှိပ်စက်နိုင်ခဲ့သည်။ ကိုချမ်း၏ လတ်အပေါ် တွယ်ငင်မှုကို အထင်အရှား သိနိုင်စေခဲ့ပေမဲ့ လတ်အတွက် နာကျင်ခံစားနိုင်မှု အပေးနိုင်ဆုံးစကားကိုမှ ကိုချမ်း ပြောထွက်နိုင်ခဲ့သည်ပဲ။

ပိတ်ထားလိမ့်မည်ဟု တပ်အပ်သိနေပြီးဖြစ်ပါ၍ ကျက် အကျင့်ပါနေသော မျက်ဝန်းတို့က ပုဏ္ဏရိက်ပ ၃ကို ကျော်ပြီး အဝါရောင် ပြတင်းတံခါးကို မော့ကြည့်မိသည်။ သူ မရှိနိုင်သည့်အချိန်မို့ အနည်းငယ် ရဲတင်းစွာပင် ရပ်ငေးနေမိသေးသည်။ ထိုခဏမှာတော့ သူသည် စေ့စေ့ပိတ်ထားတတ်သော ပြတင်းတံခါးတစ်ခုအတွင်းမှာ အမြဲနေတော့မည့်သူပဲလားဟု ဝမ်းနည်းစွာ တွေးမိသွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်စိတ်အတွေးနှင့် ကိုချမ်းလည်း လတ်ကြောင့် နာကျင်ဝမ်းနည်းနေတယ်လို့ ငဲ့ညှာမိသည့်ခဏမှာတော့ ကိုချမ်းကို အပြစ်မတင်ချင်တော့။ ထာဝစဉ် အေးချမ်းနေတတ်သော သူ့ကမ္ဘာလေးထဲမှာ ကိုချမ်း ပျော်မွေ့နေစေဖို့ လတ်က အစဉ်လိုလားခဲ့သူပဲလေ။

❑

ရွှေးဟောင်းရိပ်သာလမ်းထဲမှ ပြည်လမ်းထိ တစ်ယောက်တည်း တိတ်ဆိတ်စွာ လျှောက်လာမိရင်း ဒီလမ်းလေးပေါ်မှာ အဖန်တလဲလဲ လျှောက်ခဲ့သော လူနှစ်ယောက်၏ခြေရာလေးတွေကို ယောင်ယမ်း ရှာဖွေနေမိသည်။ ဒီလမ်းလေးပေါ်မှာပဲ ကိုချမ်းကို လတ် စတွေ့ခဲ့သည်။ ခဏမြင်ရုံနှင့် လူတစ်ဖက်သားကို ကူးစက်သွားနိုင်သော ကိုချမ်းမျက်ဝန်း၏ အေးချမ်းတည်ငြိမ်မှုကို ပထမဆုံးအကြိမ်မှာပင် လတ် အမှတ်ပေးမိခဲ့သည်။

'ကိုချမ်း ဒါ ငါ့ညီမ လတ်သဇင်၊ ငါသွားပြီးရင် သူ အစားထိုး လုပ်အားပေး ဝင်လိမ့်မယ်၊ စိတ်မပူနဲ့'

ထိုစဉ်က လတ်အစ်မ ဝမ်းကွဲ မစံပယ်တို့၏ စကားဝိုင်းတွင်းမှာ အမြဲကြားဖူးနေကျ 'ချမ်းမြေ့သျှံ' ဆိုသည့် ကိုချမ်းကို တွေ့တွေ့ချင်းမှာပင် လတ်က ခင်မင်နှစ်လိုခဲ့သည်။ ဆင်ခြေဖုံးရပ်တွေက ပညာဒါနသင်တန်းနှစ်ခုကို ဦးဆောင်ပေးနေသည့်ပညာရှင်အဖြစ် ဝင်ငွေရှာနိုင်သော သူ့ကိုယ်ပိုင်အချိန်၏ ထက်ဝက်ကို ပရဟိတ အလုပ်တွေထဲ

**ဒီညခင်းလို
အဓိပ္ပာယ်မဲ့
ကောင်းကင်ပြင်ကို
ငေးမော
ဝမ်းနည်း
နေတတ်မှုသည်
ကိုချမ်းနှင့်
ဝေးကွာနေရသော
ဥပေက္ခာတရား၏
အကျိုးကြောင့်ပဲ
ဖြစ်လိမ့်မည်**

နှစ်ထားသည့် ကိုချမ်းသည် လတ်တို့ မြို့နယ်အသင်း၏ လူကြီးလူငယ်စကားဝိုင်းတိုင်းမှာလည်း ချီးကျူးခံ ပုဂ္ဂိုလ်လေးမို့ ကိုချမ်းနာမည်ကိုတော့ လတ်က ရင်းနှီးခဲ့ပြီးသားပင်။

'လတ် ကူညီပေးလှူရမယ့်အချိန်အတိုင်း လတ်မှာလည်း ထပ်တူညီတဲ့ ပျော်ရွှင်မှု ပီတိကို ရလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်'

လတ်ကို ကိုချမ်း ပထမဆုံး ပြောခဲ့သည့်စကားသည် လွန်ခဲ့သော နှစ်နှစ်တာက လတ်၏ဒိုင်ယာရီထဲမှာ နေရာယူနိုင်ခဲ့သည်။ ကျောင်းတစ်ဖက်နှင့် ကွန်ပျူတာသင်တန်းတစ်ခု၏ သင်တန်းနည်းပြ လတ်အတွက် ကိုချမ်း၏ပညာဒါနကျောင်းမှာ တစ်ပတ်လျှင် နေ့ဝက်စာပင်မရှိသော သင်တန်းချိန်တစ်ခုသည် အပန်းမကြီးစေခဲ့ပါ။ ပညာတော်သင် ထွက်သွားသည့် မစံပယ် မရှိသည့်နောက် တစ်ယောက်တည်းဖြစ်နေသော ကြီးကြီးအိမ်ကို အလည့်ကျလာစောင့်အိပ်ပေးရသော လတ်နှင့် ခြေချင်းကပ်လျက် ကိုချမ်းတို့ ခင်မင်ရင်းနှီးချိန် ဝိုရခဲ့ပါသည်။ ပြည်လမ်းပေါ်ရှိ သူ့ရုံးကနေ လမ်းလျှောက်ပြန်ဝင်လာတတ်သော ကိုချမ်းနှင့် ဗုဒ္ဓဟူးညနေတိုင်း အိမ်ပြန်လာနေကျ လတ်တို့ ဒီရိပ်သာလမ်းကလေးကို အတူလျှောက်ဝင်လာမြဲဖြစ်ခဲ့သည်။ ညနေ ၆ နာရီဝန်းကျင်မှ ၅၁ နံပါတ်ကားပေါ်မှ ဆင်းလာသော လတ်ကို ရုံးရှေ့ကနေ ကိုချမ်း ရပ်စောင့်ပေးတတ်ခဲ့သည်။

'ကျွန်တော်က ဗုဒ္ဓဟူးနဲ့ သောကြာ ညနေဆို ပုံမှန်အိမ်ပြန်ဖို့ အချိန်ရတယ်။ လတ်လည်း ဒီရက်တွေမှ လာပါလား၊ မဟုတ်ရင် တစ်ယောက်တည်းဆို မှောင်နေပြီ'

ကိုချမ်း ဒီလိုပဲ ပြောရသေးသည်။ လတ်က တစ်ပတ်လျှင် ဒီနှစ်ရက် ကြီးကြီးအိမ်မှာ လာအိပ်ရမည့် ဂျူတီကို တခြား မောင်နှမတွေဆီက လဲယူခဲ့သည်ထိ ကိုချမ်းကို ခင်မင်ခဲ့မိသည်။ ပုံမှန်သာဆို သင်တန်းတစ်ဖက်၊ ကျောင်းတစ်ဖက်နှင့် မြေနီကုန်းအိမ်ကနေ ခြောက်မိုင်ခွဲခြကို လာစောင့်ပေးရတိုင်း မောပန်းတတ်မြဲ လတ်သည်လည်း ကိုချမ်းကြောင့်သာ ဒီရက်လေးနှစ်ရက်ကို တန်ဖိုး ထားတတ်လာသည်။ တစ်ခါ တစ်ရံ သူစောင့်ပေးဖို့ မအား သည့်နေ့များမှာ ခြကို စော စောသွားဖို့ ဖုန်းဆက်လေ တတ်သည့် ကိုချမ်း၏ ပွင့် ပေးတတ်မှုကိုလည်း လတ် ကြည်နူးတတ်ခဲ့သည်။

❑

'လတ်တို့ငယ်ငယ်က မှူလတန်းကျောင်းလေးရဲ့ ရှေ့မှာ စကြာပန်းပင် ခုနစ်ပင် ရှိတယ်မို့လား၊ ကျွန်တော် ငယ်ငယ်က အဲဒီ အပင်ပေါ် က ပန်းစားတဲ့ ပေါက်ဖတ်ပိုး ကောင်တွေကို လိပ်ပြာလု တမ်းဆော့ဖို့ လိုက်လိုက်ဖမ်း ခဲ့တာ မှတ်မိနေတယ်'

ကိုချမ်း ငယ်စဉ် ... ငယ်တန်းတစ်နှစ်သာ နေခဲ့ ... သော လတ်၏ဇာတိ ဘီးခ ... ကျောင်းလေးအပေါ် အမှ ... ထားနိုင်ဆဲ ကိုချမ်း၏ စွဲမြ ... ကို လတ် အံ့သြကျေနပ် ... သည်။ နိုင်ငံတကာအဆ ... ရုံးတစ်ရုံးမှာ အိုင်တီပညာ ... တစ်ယောက်အဖြစ် ကိုချ ... ကို မြင်ထားမိလျှင် ကိုချမ ... ဆန်းကြယ်သော အဘိ ... အမြင်တွေသည် သူ၏ ... ဇာတရား များလှသော ... နှလုံးသားကို မြင်နိုင်စေ ... မည်ဟု လတ်ထင်သည ... ကိုချမ်းနှင့် နှစ်ယောက်တ ... လျှောက်ဖူးသော အေး ... လူလူ မွေ့ပျော်ချင်စရာ အ ... လျှားကန် ညနေခင်းတ ... မှာ လတ်ကို သူ ... သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဒီလို သဘာဝအလှ ...ရားတွေကို အပူအပင် ...ကင်းနဲ့ ဘာအတွေးမှ ...ဘဲ ခံစားရတတ်သလား'

မေးခွန်းကို လတ် ရုတ် ...ရက် နားမလည်နိုင်ခဲ့။

'လတ်က!! ခံစားလို့ရ ...ပေါ့ ကိုချမ်းရဲ့၊ လတ်က ...ကို ပူပင်ရမှာလဲ'

လတ်စကားအဆုံးမှာ ...မ်းက လမ်းလျှောက်နေ ...ပ်ပြီး လှပစိမ်းစိုနေသော ...င်းပြင်ပေါ်မှာ ထင်ထင် ... မြင်ရအောင် တွန့်လိမ် ...နေသည့် အရွက်ခြောက် ...တွေကို အမှတ်မဲ့စိတ်နှင့် ...ယ်လိုက်ရင်း အင်းလျား ...ပြင်ဆီ ခပ်ကြာကြာ ငေး ...သည်။

'အင်း ခံစားချက်ဆိုပေ ...ါလည်း ကံကောင်းခြင်း ...မျိုးပဲလို့ ပြောလို့ရတာ ... တစ်ခါတစ်ခါကျတော့ ...တော်လည်း အေးချမ်း ...မြင်နဲ့ တစ်ကိုယ်စာ ...ပျော်ရွှင်ချင်ပြီ။ ဒါပေ ...ည်း ကိုယ် မြင်ယူခံစား ...နေမိတဲ့ ဘဝတွေကြား ... ဒီလို အေးအေးလူလူ ...ပျော်ရွှင်ဖို့ မလွယ်တော့ ... ထင်ပါရဲ့'

လတ်ကိုပြောနေသည် ... ဟုတ်ရဲ့လားဟု ထင်ရ ...င် ခံစားချက်တစ်မျိုးနှင့် ...င်းနေသော ကိုချမ်းမျက် ...တွေကိုငေးရင်း လတ် ...ည်း ဝမ်းနည်းလာဖူး ...ည်။ ကိုချမ်း၏ စိတ် ...တွေးကို အားလုံး လိုက်မမီ ...င်ပေမဲ့ ကိုချမ်းဘေးမှာ ... နိုင်သမျှ အစွမ်းအစနှင့် ...ညီပေးသွားဖို့ကို လတ် ...တိတ်တိတ်လေး ဆုံးဖြတ်

ကိုချမ်း
မျက်ဝန်းတွေမှာ
လတ်အပေါ်
ချစ်ခင်
တွယ်မက်မှုကို
လတ် မြင်ရသည်
လတ်တို့
နှစ်ယောက်
အတွက်
ပျော်ရွှင်ဖွယ်ရာ
အချိန်တွေရဲ့
အစဟု
လတ်
တွေးထင်ခဲ့ပေမဲ့
မမျှော်လင့်ဘဲ
အဆုံးသတ်လည်း
ဖြစ်သွား
နိုင်သေးကြောင်းကို
တော့
လတ် မသိခဲ့ရိုး
အမှန်ပင်

ချက်ချခဲ့မိသည်။ ထိုနေ့ကစ လတ်၏စိတ်သည် ကိုချမ်းပေါ်မှာ သိပ်မျက်နှာလိုက်တတ်နေပြီဟု ကိုယ့်ကိုယ်ကို တိတ်တိတ်လေး လတ် ဝေဖန်ခဲ့မိသည်။ စောင့်ဆိုင်းသည်းခံဖို့ ခဲယဉ်းတတ်သော လတ်သည် လတ်အနားမှာ ရှိတာကိုမေ့ပြီး စာကြည့်တိုက်မှာ၊ သူ့အိမ်က အလုပ်ခန်းမှာ သူလိုချင်တဲ့စာအုပ်တွေကြားထဲ၊ အလုပ်တွေကြားထဲ တမေ့တမြော မေ့မြောနစ်မျောနေတတ်သော ကိုချမ်း၏ လေးနက်သည့်မျက်ဝန်းတွေကို ငေးမောရင်း အံ့သြဖွယ် နှစ်သိမ့်နိုင်ခဲ့သည်။

'ဆောရီး လတ် ပျင်းနေပြီလား' လို့ ကိုချမ်းမေးတော့မှ သူ့ဘေးမှာ အလုပ်တွေကူရင်း ပျော်မွေ့နေမိသော ကိုယ့်အဖြစ်ကို လတ် သတိပြုမိရသည်။

❑

'လတ်နဲ့ကျွန်တော်က စိတ်ချင်း နီးစပ်တယ်။ လတ်ကိုကြည့်လိုက်ရင် စိတ်မာပြီး တင်းမာတဲ့ သဘောရှိပေမဲ့ လတ်မှာ သဘာဝကို တော်တော်လေး ချစ်မြတ်နိုးစိတ်ရှိတယ်'

ရုတ်တရက် မိုးပြေးရွာသွားသည့် တစ်ညနေက မြေသင်းနံ့ကို နှစ်သက်လို့ မြေနီလမ်းလေးပေါ် ရွေးလျှောက်နေသော လတ်နောက်ကို အပြေးလိုက်လာရင်း ကိုချမ်း ပြောခဲ့သည်။

'ငှက်ကလေးတွေ ပျံတာမြင်ရင် လတ်ပျော်သွားတတ်တာ၊ သစ်ပင်တွေကြားထဲ လတ် အချိန်ဖြုန်းနေတတ်တာ၊ တစ်ယောက်တည်း လျှောက်သွားနေပေမဲ့ စိတ်ဝင်စားမှုတစ်ခုခုနဲ့ အထီးကျန်မဆန်တတ်တာဟာ သဘာဝကို ချစ်မြတ်နိုးတတ်တဲ့ စိတ်အခြေခံကြောင့်ပဲ'

'ကိုချမ်းက သိလှချည့်လား'

'ဒါတွေက ကျွန်တော် ခံစားရတတ်တာတွေပဲလေ။ စ,ခင်ကတည်းက လတ်ကို ကျွန်တော့်စိတ်နဲ့တူတယ်လို့ သတိပြုမိခဲ့တယ်။ ဒါပေမဲ့ မတူစေချင်တာ တစ်ခုတော့ ရှိတယ်'

တိုးသက်သွားသော ကိုချမ်းအသံကြောင့် လတ် လှည့်ကြည့်တော့ ကိုချမ်း ပြုံးနေခဲ့သည်။

'ဒီလိုလူတွေက ကိုယ်ချစ်တဲ့သူတွေကိုတော့ ဂရုမစိုက်တတ်ကြဘူး၊ မချစ်တတ်ကြဘူးလေ။ ဒါကိုသိတာတော့ မိန်းကလေးတစ်ယောက်က ကျွန်တော့်ကို စွပ်စွဲသွားဖူးလို့ပါ။ အသေးစိတ် ကရုဏာထားတတ်တဲ့ သဘာဝတရားကို ခံစားချစ်ခင်တတ်တဲ့ လူတစ်ယောက်ရဲ့အချစ်ကို သိပ်ပိုင်ဆိုင်ချင်ခဲ့တယ်တဲ့။ ဒါပေမဲ့ ချစ်စရာတွေ၊ ကရုဏာတရားတွေ အရမ်းများတဲ့ နှလုံးသားက ချစ်သူတစ်ယောက်တည်းကို သီးသန့် အလေးမထားတတ်ဘူးဆိုတာ သူ သိသွားပြီတဲ့'

'ကိုချမ်းချစ်သူလား'

လတ်ရဲ့အမေးကို ဒီ့ထက် မဖြေပါရစေနဲ့လို့ အဆုံးသတ်သွားသော ကိုချမ်းကို ကြည့်ပြီး လတ်ရင်ထဲမှာ တစ်ခုခု ဆုံးရှုံးသွားသလိုပင်။ နံနက်ခင်းတွေမှာ သစ်ပင်တွေနှင့် အလုပ်ရှုပ်နေတတ်ပြီး၊ နေ့နှစ့်စုဝ သူရဲသင်တန်းကျောင်းတွေ၊ ရုံးအလုပ်တွေ ကြားမအားလပ်နိုင်သော ကိုချမ်းမှာ ချစ်သူတစ်ယောက်နှင့် ပတ်သက်သော ခံစားချက်လေးတွေနှင့်ဟု လတ်တွေးဖို့ မေ့နေခဲ့မိသည်။ လတ်အတွက်တော့ ကိုချမ်း၏ နှလုံးသားသည် မိန်းမတစ်ယောက်ကိုချစ်တတ်ဖို့ တစ်ခါမျှ မမျှော်လင့်ခဲ့ဖူးပေမဲ့ ဒီလို မျှော်လင့်ခဲ့သော တစ်ယောက် ကိုချမ်းမှာ ရှိနေခဲ့သည်ဆိုတာကတော့ လတ်ကို ယိုင်နဲ့သွားစေသည်။သူ့ဘေးမှာ အစစအရာရာ ကူညီ



www.burmeseclassic.com

www.burmeseclassic.com

ဖြည့်ဆည်းပေးချင်နေတတ်သော လတ်စိတ်ကို လေးစားအထင်ကြီးမှု သက်သက်ဟု တံဆိပ်နှိပ်ထားမိတာ မှားနေပြီလားဟု ထိုခဏမှာ လတ်နာကျင်စွာ တွေဝေသွားမိသည်။

'လတ် ချစ်သူတစ်ယောက်ကို လေးလေးနက်နက် ချစ်ခဲ့ဖူးလား'

သီချင်းစိတ်ပြင်းပြသော အရောင်တစ်မျိုးနှင့် ကိုချမ်းမျက်ဝန်းတွေကို ထိုနေ့က ပထမဆုံးအကြိမ် ဝမ်းနည်းနာကျင်စွာ လတ် မော့ကြည့်ဖြစ်ခဲ့သည်။

'ကိုချမ်းလိုပဲ လျှို့ဝှက်ချက်ပေါ့ မပြောပြနိုင်ပါဘူး'

စိမ်းညို့သွားသော မျက်ဝန်းတွေကို ငေးကြည့်မိသည့် ထိုခဏမှာ လတ်အပေါ် ကိုချမ်း နားလည်ပေးနိုင်ဖို့ကို ဘာကြောင့်များ ပြင်းပြင်းရှရှ လတ် မျှော်လင့်မိပါလိမ့်။

❑

'ကိုချမ်း မပြောချင်တာက ရွှန်းလဲ့ကို ငဲ့လို့ဖြစ်ပါလိမ့်မယ်။ သူသာ ရွှန်းလဲ့ကို အခုမှ ချစ်သွားတယ်ဆိုရင်တောင် အခုထိ အခွင့်အရေးတွေ အများကြီးပါ ။ ရွှန်းလဲ့က ခုထိ သူ့ကို စောင့်နေသလိုပဲ။ ဘယ်သူနဲ့မှ တွဲတာမရှိသေးဘူး။ မစံပယ့်သူငယ်ချင်း အဆိုတော် ရွှန်းလဲ့ကိုတော့ လတ် သိတယ်မို့လား၊ ဖိုးချမ်းက ဒါတွေတောင် လတ်ကို ပြောပြတယ်ဆိုတော့ ငါ့ညီမလေးအပေါ် မရိုးတော့ဘူးထင်တယ်။ ရွှန်းလဲ့ ခံစားခဲ့ရတာကိုငဲ့လို့ ဒီအကြောင်းတွေက မစံပယ်တို့ သူငယ်

တစ်ဘဝလုံး
အတွက်
ကိုးကွယ်
ချင်ခဲ့သော
နှလုံးသား
တစ်စုံကို
အဝေးက
ငေးမော
မြတ်နိုးရုံနှင့်
လတ်
ကျေနပ်ခဲ့ဖူးပေမဲ့
အခုတော့
အိပ်မက်
မဟုတ်တော့

ချင်း အဖွဲ့အတွင်းကလွဲရင် သိတဲ့သူ မရှိဘူးလေ'

ထိုတစ်ယောက်ကို ကိုချမ်း ချစ်ခဲ့လားဆိုတာကို ပြင်းပြင်းပြပြ သိချင်နေသော စိတ်ကြောင့် လှမ်းမေးမိသော မစံပယ်၏ E-mail ပြန်စာကို ဖတ်ပြီး လတ် ရင်တထိတ်ထိတ် ခုန်လာသည်။ ရွှန်းလဲ့။ လတ်တို့ ပထမနှစ် ကျောင်းသူဘဝက နှစ်သက်ခဲ့ဖူးသည့် လှပဖျို့မျစ်သော တေးသံရှင်တစ်ယောက်။ ကိုချမ်း စာကြည့်ခန်းမှ ပြက္ခဒိန်တစ်ခုကို မြင်ယောင်ရင်း၊ တစ်ခါတစ်ရံ ကြားရတတ်သည့် သီချင်းသံအချို့ကို အမှတ်ရရင်း လတ် ရင်ထဲမှာ ထိထိခိုက်ခိုက် ဝမ်းနည်းလာရသည်။ ထိုနေ့ညနေက အင်းလျားကန်ကိုဖြတ်ပြန်လာသည့် ငှက်ကလေးသုံးကောင်ကို လတ်မော့ကြည့်တော့ ကိုချမ်းက စ,သည်။

'ဘယ်လိုလဲ ကဗျာဆရာမကြီးရဲ့ တစ်ကောင်တည်း ပျံလာတုန်းက One for Sorrow လို့ အော်ခဲ့တယ်။ နှစ်ကောင်တွဲ ပျံလာရင် Two for Joy လို့ အော်ခဲ့တယ်။ အခု သုံးကောင်ဆိုတော့ ဘယ်လိုအော်မှာလဲ'

လတ်မျက်ဝန်းထဲမှာတော့ ငှက်ကလေးသုံးကောင်ကို မမြင်ရတော့။ မြူးကြွလှပသော အသံသာ မိန်းမချောလေးတစ်ယောက်၊ အထင်ကြီးလေးစားခဲ့ဖူးသော မျက်ဝန်းနက်တို့ပိုင်ရှင်နှင့် ဝမ်းနည်းရိပ်စွန်းနေသော မှန်ထဲက မျက်ဝန်းတစ်စုံ။

'Three For Tragedy'

ခပ်အက်အက် လတ်အသံအဆုံးမှာ ကိုချမ်းက အံ့သြသွားသလို လှမ်းကြည့်သည်။

'နှစ်ဦးတည်း ပျော်နေသူတွေကြားကို တတိယတစ်ဦးဝင်လာမယ်ဆိုရင် သုံးဦးလုံးအတွက် ကြေကွဲစရာပဲလို့ လတ် ထင်တယ်'

'လတ်စကားက အဆန်းပဲ။ ကျွန်တော် လိုက်မမီတော့ဘူး'

ဒီတုန်းက လတ်စကားကို ကိုချမ်း နားမလည်နိုင်ခဲ့ခြင်းသည် တစ်ချိန်ချိန်မှာ လတ်ကို ထိခိုက်နာကျင်စေနိုင်လိမ့်မည်ဟု လတ် ကြိုမသိခဲ့မိပေ။

❑

အထီးကျန် မဆန်တတ်ဘူးလို့ ကိုချမ်း အမှတ်ပေးခဲ့သော လတ်၏ ဒီညခင်းလို အဓိပ္ပာယ်မဲ့ ကောင်းကင်ပြင်ကို ငေးမောဝမ်းနည်းနေတတ်မှုသည် ကိုချမ်းနှင့် ဝေးကွာနေရသော ဥပေက္ခာတရား၏ ဒဏ်ကြောင့်ပဲ ဖြစ်လိမ့်မည်။ အလုပ်များနေလို့ အကြောင်းပြချက်နှင့် ရိပ်သာလမ်းလေးထဲကို လတ် မပြန်ဖြစ်သောနေ့တွေမှာ ကိုချမ်းလည်း လတ်ကို သတိရနေလိမ့်မည်ဟုတော့ လတ် နားလည်နေမိ ပြန်သည်။ တိတ်ဆိတ်နေသည့် ညဥ့်ယံမှာ ဘယ်အခန်းက ဖွင့်နေမှန်းမသိသော *ပိုလာဘာလီ* သီချင်းသံသည် လေညင်းနှင့်အတူ လွင့်ဝဲလာသည်။ ဒီသီချင်းသံ ကြားရ နှင့် သမုဒ္ဒရာမခြားဘဲ ကိုချမ်းကို နင့်သည်းစွာ လွမ်းဆွတ်လာသည်က လတ်၏ အ အလမ်းကြောင့်သာဖြစ်လိမ့်မည်။ ညနေ နေဝင်ရီတရော အချိန် လယ်ကွင်းတွေကြား မှာ ဒီသီချင်းလေးကို ကိုချမ်း နှင့်အတူ ထူးဆန်းစွာ လတ် နားထောင်ခဲ့ရဖူးသည်။ တစ်လမှာ နှစ်ရက် ကိုချမ်း စာသွားသင်ပေးတတ်သော တိုက်ကြီးနယ်ထဲမှ ဓမ္မရိပ် ကျောင်းကို လတ် အတူလိုက် သွားသည့်နေ့က ကွန်ပျူတာ ဆင်ပေးစရာတွေ အတွက် ကျောင်းမှာ ညအိပ်ကျန် မည့် ကိုချမ်းက လတ်အ မှာ ကျောင်းနှင့်လှမ်းသော ကားလမ်းမကို လိုက်ပို့ ခဲ့သည်။ ကျောင်းမှ စက်ဘီးနှင့် ဆိုင်ကယ်ကို



www.burmeseclassic.com

www.burmeseclassic.com

...ကြိုက်တာရွေးလို့ ...ချမ်းပြောတော့ လတ် ...သွားခဲ့သည်။

'ကိုချမ်း ပင်ပန်းနေလိမ့် ... ဆိုင်ကယ်နဲ့ပဲ သွားမယ် ...'

ကိုချမ်းက စက်ဘီးကို ...လာကာ မြေနီလမ်း ... နင်းထွက်လာရင်း ...ခုံမှ လတ်ကို ငုံကြည့် ... ပြောခဲ့သည်။

'လတ် စိတ်ထဲက ...တော်နင်းတဲ့ စက်ဘီးကို ...စီးချင်တယ်ဆိုတဲ့စကား ... နားထောင်လိုက်တာ ...'

...လတ်အတွေးနှင့် ထပ် ... ဟက်ဟက်ပက်ပက် ... ရယ်မိသည်။

'အခုချိန်မှာ ကျွန်တော် ...တင်နေတာ တစ်ခုရှိ ... ကျွန်တော့်ကို နား ...ပေးတတ်တဲ့ ကျွန်တော် ... သဘာဝညီတဲ့ လတ်ကို ...တော့်အနားကို ပို့ပေးတဲ့ ...ကြမ္မာကိုလေ'

ကိုချမ်း၏ တိုးတိတ် ... အသံနောက်မှာ ပိုလာ ... သီချင်းသံသည် ကား ...ကိုသွားရာ လမ်းဘေး ...ချောက်ရှိ လယ်စောင့်တဲ ...ယ်လေးတွေထံမှ ဆင် ...ကပ်ပေါ်လာသည်။ ရေဒီ ...လာသော သီချင်းသံ ... ကားလမ်းမကြီးပေါ် ...ကပ်သည်ထိ ကြားနေရ ... ညနေခင်း လေနုအေး ...ကြားမှာ ကိုချမ်းကျော ...ကို ခေါင်းမှီနဲ့ နိုချင်မိ ...အောင် သီချင်းသံက ...ကို ဖြားယောင်းနိုင်ခဲ့ ...။

ကားလမ်းပေါ်မှာ နှုတ်ဆက်စကားဆိုရင်း လတ်မော့ကြည့်မိသော ကိုချမ်းမျက်ဝန်းတွေမှာ လတ်အပေါ် ချစ်ခင်တွယ်မက်မှုကို လတ် မြင်ရသည်။ လတ်တို့နှစ်ယောက်အတွက် ပျော်ရွှင်ဖွယ်ရာ အချိန်တွေရဲ့အစဟု လတ်တွေးထင်ခဲ့ပေမဲ့ မမျှော်လင့်ဘဲ အဆုံးသတ်လည်း ဖြစ်သွား နိုင်သေးကြောင်းကိုတော့ လတ် မသိခဲ့ရိုးအမှန်ပင်။

❑

'ကိုချမ်းမြွေနဲ့ နင် ဘယ်လိုပတ်သက်လဲ လတ်၊ ငါတို့အသင်း လူငယ်အဖွဲ့ ဂုဏ်ပြုပွဲနေ့က ကိုချမ်းမြွေ ရောက်လာသေးတယ်။ စကားဝိုင်းမှာ ဝေယံအစ်ကိုက ကိုချမ်းမြွေ့ရဲ့ကျောင်းအကြောင်းတွေ မေးရင်း နင့်ကျောင်းနာမည်ကို သူ့အမှတ်မရတော့ ဝေယံ့ကောင်မလေး လတ်လတ်လတ်လတ်လေ၊ သူလည်း အဲဒီကျောင်းမှာ လုပ်အားပေးဝင်နေတယ်လို့ ပြောတော့၊ တစ်ယောက်က လတ်သခင်လို့လည်း ထောက်လိုက်ရော ကိုချမ်းမြွေမျက်နှာ အရမ်းပျက်သွားတာပဲ။ တောက်လျှောက်မျက်နှာ မကောင်းဘူး ပြန်သည်ထိ။ အဲဒါ နင်ရှင်းပြဖို့လိုရင် ရှင်းပြလိုက်ဦး ဘာမှ မဟုတ်ဘဲနဲ့'

ငယ်သူငယ်ချင်း ခင်မွန်လှမ်းသတင်းပေးစဉ်က လတ်လည်း စိတ်ရှုပ်သွားမိသေးသည်။ ဝေယံနှင့်လတ်ကို ဝေယံတို့အသိုင်းအဝိုင်းက ခုထိ ခွဲမမြင်နိုင်သေးတာ တခြားသူတွေအမြင်ကို လတ် မသိပေမဲ့ အမြဲရယ်စရာလိုသာ လတ်က သတ်မှတ်ခဲ့မြိပင်။ လတ်တို့မြို့လေးမှာ ဝေယံတို့နေခဲ့စဉ် ကလေးဘဝကတည်းက ဒီနှစ်ယောက်ကြီးလာရင် ပေးစားမယ်ဟု အမြဲစတတ် နောက်တတ်သော ဝေယံ့အစ်ကိုနှင့် အစ်မသည် လတ်နှင့် ဝေယံ တက္ကသိုလ်တစ်ခုတည်းမှာ ပြန်ဆုံတော့လည်း သဘောတူတုန်းပင်။ သူ့အိမ်ကအဘော်နှင့် သဘောထားပြောင်းလဲချင်သော ဝေယံ့အပေါ် သူငယ်ချင်းထက် မပိုခဲ့လို့ ဝေယံပင် ချစ်သူရနေပေမဲ့ သူ့အစ်ကိုတွေကတော့ နှုတ်ကျိုးတုန်းပင်။ ခင်မွန်က ရှင်းပြဖို့လိုရင် ဆိုပေမဲ့ တိုက်ကြီးက ပြန်လာကတည်းက မတွေ့ရသေးသော ကိုချမ်းက လတ်တို့ကို အရင်တွေ့သွားခဲ့သည်။ ရန်ကုန်ရောက်ခိုက် ကြီးကြီးတို့ဆီ လိုက်လည်သော ဝေယံနှင့် ရယ်မောလျှောက်နေခိုက် ကားတစ်စင်းက ဟွန်းသံတစ်ချက်ပြုရင်း ကျော်တက်သွားသည်။ တစ်ခါတစ်ရံမှ အသုံးပြုတတ်သော ကိုချမ်းအိမ်မှ ကားထဲတွင် မှုန်မှိုင်းသော အကြည့်တစ်ချက်နှင့် ကိုချမ်းတစ်ယောက်တည်း။ ကြီးကြီးတို့အိမ်ရောက်တော့ အိမ်အကူကောင်မလေး ထူးလယ်က သတင်းပေးသည်။

'ကိုကြီးချမ်းလေ မလတ်ကို ဖုန်းဆက်မေးတာ သုံးခါတောင်၊ နောက်ဆုံးတစ်ခါတော့ သမီးပြောလိုက်တယ်။ ညမှ ဆက်တော့၊ သူ့ရည်းစားနဲ့သွားတာဆိုတော့ ကြာရင်ကြာမှာလို့'

အဲ့ဒီပေါက် ထူးလယ်သည် သူ့တကာ၏ အချစ်ရေးကိစ္စတွေ စိတ်ဝင်စားတတ်ပြီး ရှယ်တူနှစ်ယောက်တွဲသွားတာနှင့် အတွဲပင် ထင်တတ်မြဲ။ ကြီးကြီးတို့၊ မစံပယ်တို့ စနောက်တာ အတည်ထင်ပြီး ဝေယံကိုလည်း လတ်ချစ်သူအဖြစ်က တစ်ပြားမှ အလျှော့မပေးသူပင်။ အားလုံးဆုံပြီး ကိုချမ်းတော့ တစ်မျိုးထင်တော့မှာပဲဟု လတ် ရင်မောမိပေမဲ့ ဒီလောက်ထိ ကိုချမ်း အထင်အမြင်လွဲသွားလိမ့်မည်ဟု လတ် မတွေးမိခဲ့ရိုးအမှန်ပင်။ ထိုညက ခံစားထိခိုက်နေဟန် ကိုချမ်းအသံကိုလည်း လတ် နားမလည်နိုင်ခဲ့။ Three for Tragedy ဆိုတာ လတ်၏ ဝမ်းနည်းမှုသက်သက်ပေမဲ့ ဒီလို ယောကျ်ားနှစ်ယောက်နှင့် ပတ်သက်နေသယောင် လတ်ကို ကိုချမ်း အထင်ရိုင်းစေခဲ့တာအတွက်တော့ လတ်ရင်မှာ တကယ်ပဲ နာကျင်မိသည်။

သူ့ထက်ငယ်သော လတ်အပေါ် ကျွန်တော်လို့ အမြဲလေးစားစွာသိမ်မွေ့တတ်သည့်၊ နှစ်ယောက်အတူ သွားတိုင်း သူ့ခြေလှမ်း မြန်မြန်တွေနောက် လတ် လိုက်မမိခဲ့လျှင် 'ဆောရီး လတ်ကို ကျွန်တော် မစောင့်မိဘူး' ဟု ငဲ့ညှာတတ်သည့်၊ ရှားပါးလှသည့်သူ့အချိန်တွေ ကြားက စင်ရော်တွေ အစာသွားကျွေးသည့် လတ်၏ ဝါသနာ မြစ်ပြင်ခရီးကို အမြဲအဖော်ပြုပေးပြီး စင်ရော်တွေ ကြားက လတ်ကို ပြုံးကြည့် ကြည်နူးနေတတ်သည့် ကိုချမ်းအံ့မှ လတ်မျှော်လင့်ခဲ့တာ လတ်နှလုံးသားကို နားလည်ပေး



www.burmeseclassic.com

www.burmeseclassic.com

နိုင်မှုတစ်ခုတည်းပင်။ အချိန်များစွာ ကိုချမ်းဘေးမှာ လတ်ရှိနေခဲ့တာအတွက် လတ်ပြန်ရတာက ဒီလို အထင်ရိုင်းမှုတစ်ခုမျှသာလားဟု လတ်ဝမ်းပန်းတနည်း တွေးမိလာသည်။ ပိတ်ထားသည့်တံခါးကို ဖွင့်မကြည့်ဘဲ အထင်တစ်ခုနှင့် ကိုချမ်း တွေဝေနေမည်ဆိုလျှင် မိန်းကလေးဖြစ်သည့် လတ်က ရပ်တန့် ဝမ်းနည်းရရုံအပြင် ဒီထက် အခွင့်မရှိတော့ပြီ။ ကိုချမ်း၏ဘေးမှာ အားလုံး နားလည်ဖြည့်ဆည်းပေးနိုင်ခဲ့ပေမဲ့ ဒီတစ်ကြိမ်မှာတော့ လတ်၏ မိန်းမသားမာနကို တန်ဖိုးထား နားလည်ပေးရမည့်၊ ခံစားသိတတ်ရမည့်သူက ကိုချမ်းပဲဟု လတ်ကိုယ်တိုင်က နာကျင်စွာ ရပ်နေချင်ခဲ့ပြီ။

❑

'မိလတ် ဒီတစ်ခါ ပြဿနာတော့ အစ်မကို အသိမပေးပါလား။ ရှင့် ကိုချမ်းဆီက အီးမေလ် ရောက်လာတယ်။ သူ မခံစားနိုင်တော့လို့ပါတဲ့။ လတ်ဆီက သူသိတာ အမုန်းပဲဆိုတဲ့စကားလည်း မကြားရဲလို့ မစံပယ်ကိုပဲ မေးချင်တယ်ဆိုလို့ လတ်နဲ့ ဝေယံ ဘာမှမဆိုင်တာ ပြောပြလိုက်တယ်။ အခု လတ်ကို အထင်လွဲမိတာတွေအတွက် သူ့ကို လတ်စိတ်ဆိုးနေမလား ကြောက်နေလေရဲ့။ ဖိုးချမ်းက ကျန်တာတွေ တော်သလောက် ဒါမျိုးမှာ သိပ်ရှော်တဲ့သူဆိုတော့ ငါ့ညီမလေးပဲ သည်းခံပေးလိုက်ပါ။ လတ်ရဲ့သံယောဇဉ်လည်း မစံပယ် သိပါတယ်။ ပြီးတော့ ဖိုးချမ်းမေးလို့ Three for Tragedy ဆိုတာ ရွှန်းလဲ့နှင့်ပတ်သက်တဲ့ လတ် ခံစားချက်သက်သက်လို့ ပြောပြလိုက်တယ်။ လတ်ဆီ ဖုန်းမဆက်ရဲလို့တဲ့။ ဗုဒ္ဓဟူး ညနေမှာ သူ စောင့်နေမယ်၊ ဆက်ဆက် ပြန်လာပေးပါတဲ့။

မစံပယ်၏ E-mail ကို ဖတ်ပြီး လတ်စိတ်တို့ ပေါ့ပါးပျော်ရွှင်လာရသည်။ လှချင်းနီးနီးကို တစ်မြေရပ်ခြားက အကူအညီယူပြီး ဖြေရှင်းနေသည့် ကိုချမ်း၏ သတ္တိကောင်းမှုကိုလည်း လတ်ရယ်မောမိသည်။ ဒါသည်ပင် လတ်ချစ်သည့် ကိုချမ်းအစစ်ပဲဟု ငဲ့ညှာတွေးမိသည်။ တစ်ဘဝလုံးအတွက် ကိုးကွယ်ချင်ခဲ့သော နှလုံးသားတစ်စုံကို အဝေးက ငေးမောမြတ်နိုးရုံနှင့် လတ် ကျေနပ်ခဲ့ဖူးပေမဲ့ အခုတော့ အိပ်မက်မဟုတ်တော့ပေ…။

❑

ပြည်လမ်းပေါ်က ဗုဒ္ဓဟူးညခင်းလေးသည် မာကျူရီမီးရောင်အောက်မှာ ပုံမှန်နေ့များလိုပင် လှုပသက်ဝင်နေသည်။ လွန်ခဲ့သော ညနေတချို့မှာ မျှော်လင့်ချက်မဲ့ ဝမ်းနည်းခဲ့ဖူးသည့် လတ်ခြေလှမ်းတွေသည် အခုတော့ ရင်ခုန်သံစည်းချက်နှင့်အညီ နှလုံးသားတစ်ခုဆီသို့ ဦး တည်နေခဲ့ပြီ။ ရိပ်သာလမ်း လေးထဲ ချိုးဝင်စမှာပင် ညင် သာသော လတ် အမြဲမျှော် လင့်ဖူးသော ခြေသံကို ကြား ရသည်။ အင်းလျားကန်ကို ဖြတ်ပျံလာသည့် နောက်ဆုံး စုံတွဲ ဖြစ်နိုင်သော အိပ်တန်း ပြန် ငှက်နှစ်ကောင်က အသံ ပေးရင်း သစ်ပင်တွေကြား မှာ ဖြတ်ပျံသွားခိုက်

'Two for Joy'

သာယာတိုးတိတ်သော အသံရှင်သည် လတ်ရှေ့ ရောက်ရှိလာခဲ့သည်။……

■ ဆေးဆေး




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ

ကွန်ပျူတာဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကော တိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း။ နာမည်ပေးလက်ဆွ ဘြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည် (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဝိုလ်ဝိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

**(နာမည်ပေးလုပ်ငန်းဆိုင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ**

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊ ၀၉-၇၃၁၇၇၇၃၁၊ ၀၉-၅၁၇၄၂၂၆

**Website: www.baydathukhuma.com**




www.burmeseclassic.com

www.burmeseclassic.com



**ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဇမ္ဗူဒီပ ဒေါက်တာအရှင်ဆေကိန္ဒ**

စီးပွားရေး နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမှုအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမှုအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။



**မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးဇေအးနိုင်(ဘီအေ)**

လူ့အတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းချက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမဩဝါဒများကို ပေးလိုသည့်အခါ မိမိ့စကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပိုမိုထိရောက်နိုင်ကြောင်း လမ်းညွှန်ထားပါသည်။



**ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဓါတုဗေဒ)**

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြက်နသူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။



**အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့**

နည်းပြ သရုပ်ပြများ၊ စီမံခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ အငြိမ်းနယ်တရားသူကြီးများ၊ ၃-ဦးစီးမှူးများ၊ ၃-အကောက်ခွန်မှူးများ၊ ၃-စိမံကိန်းမှူးများ၊ စသည့်ဌာနဆိုင်ရာ အရာရှိငယ်များနှင့် မြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေပညာသုတနှင့် မြန်မာစာဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



**ထောရပါဒ်ရှုထောင့် - မင်းနှင့်(ဗော်ကျွန်း)**

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျားရှိမလာ၊ ဘာတရားထူးမှုလည်းမရနိုင် သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမှန်ဖြစ်ကြောင်း ဖော်ပြထားသည်။



**မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ**

အရာရာ၌ ယောက်ျားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက်ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ ကိသာဂေါတမီ၊ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃကောသိ၊ ဥတ္တရာနှင့် သိရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

**အလင်းသစ်**

အလင်းသစ်စာပေ၊ အခန်း-ဖ၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၁၀၂။

ထွက်ပြီ

Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com



# စာကောင်းကင်က လင်းလက်ကြယ်

## မင်္ဂလာရွှေမောင်း

graphic design by ရွှေ aung kyaw @ 2014

ဝတ္ထုနဲ့ အက်ဆေး၊ ဆောင်းပါးနဲ့ အက်ဆေးတို့ရဲ့ ခြားနားခြင်း နယ်နိမိတ်စည်းဟာ အလွန်ကို ပါးလျားလာပါတယ်။ ဟိုတုန်းကတော့ 'စာညွှန့်'လို့ခေါ်ခဲ့ကြတယ်။ ပြီး'အစမ်းစာ'လို့လည်း ပြောကြပါတယ်။ အဲဒါတွေဟာ အခု 'အက်ဆေး'တွေပဲ ဖြစ်မယ်ထင်ပါတယ်။ အမိကပြဿနာကတော့ စာရေးဆရာတွေဟာ 'အကန့်အသတ်'တွေကို ရိုက်ချိုးလာကြတာပဲ။ အနုပညာဖန်တီးမှုမှာ ရင်ထဲက ထွက်ကျလာတဲ့အတိုင်း ဖော်ပြမယ်။ အဲဒါကို အက်ဆေးပဲခေါ်ခေါ်၊ ဝတ္ထုလို့ပြောပြော။ အဲဒါဟာ သူ့ရဲ့အနုပညာတစ်ခုလို့ ခံယူလာကြတယ်။ ဒီမှာတင် စည်းရယ်၊ ကမ်းရယ်၊ သတ်မှတ်ချက်တွေဟာ တဖြည်းဖြည်းမှိန်ဖျော့လျော့နည်းလာတယ်။

ရွှေမောင်းက နဂိုကတည်းက မတောက်တခေါက်သမားတစ်ယောက်ဆိုတော့ ဝင်မပါရဲပါဘူး။ ဒါက အခြေခံရှိတဲ့သူတွေ၊ ဝမ်းစာပြည့်တဲ့သူတွေက ဆွေးနွေးရမယ့်ဥစ္စာလေ။

ကဲ-ဒီတော့ 'ဝတ္ထု'ဆိုတာ ဘာလဲ။ 'ဆောင်းပါး'ဆိုတာကကော။ ပြီးလူတွေ သိပ်ပြောနေတဲ့ အက်ဆေးဆိုတာကရော။ 'ဆောင်းပါး'ဆိုတာ အကြောင်းအရာ အချက်အလက်ကို အခြေခံပြီး ရေးသားခြင်းဖြစ်ပေမဲ့ အဲဒီအကြောင်းအရာ အချက်အလက်များဟာ စာရေးသူရဲ့ကိုယ်တွေ့ဖြစ်ရမယ်လို့ မဆိုလိုပါဘူး။ 'သတင်း' နဲ့ ဆောင်းပါးဟာ မတူပါဘူး။ 'သတင်း'မှာ စာရေးသူရဲ့အမြင်ကို

ရွှေအာသစ်
ဝတ္ထုတွေထဲက
ကျစ်ကျစ်
လျစ်လျစ်
သိပ်သိပ်
သည်းသည်း
ရေးသားပြီး
စာဖတ်သူကို
Message
ပေးနိုင်တဲ့
ညတာရာလင်း
(ထားဝယ်)ရဲ့
ဖြောင့်ချက်ကို
ညွှန်းချင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com

## အက်ဆေးအရေးကောင်းတဲ့ မောင်ရင့်မာ (ကျောင်းကုန်း)ရဲ့ **ရန်သူများကိုလေးစားခြင်း** ကိုလည်း မဖြစ်မနေ ဖတ်ကြည့်ပါလို့ ညွှန်းချင်ပါတယ်

ညွှန်းသွင်းရေးသားခွင့် မရှိသလေ။ ဆောင်းပါးမှာတော့ စာရေးသူရဲ့ အတွေးအမြင် ကို ရေးသားခွင့် ရှိပါတယ်။ 'အက်ဆေး'မှာတော့ အကြောင်းအရာ အချက်အလက် တစ်စုံတစ်ရာအကြောင်း ရေးသားတာမှန်ပေမဲ့ အဲဒီအကြောင်းအရာ အချက်အလက်တကယ်မှန်ခြင်းက ပဓာနကျဖို့ မလိုပါဘူး။ ပဓာနကျတာက ရေးသူရဲ့'အတွေး'သာဖြစ်ပါတယ်။ ဘာသာစကား ထိန်းကျောင်းနိုင်မှုဟာ အက်ဆေးရေးတဲ့ အညီးပညာပိုင်းမှာ လိုအပ်ပါတယ်။ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ စာရေးဆရာကြီးတစ်ဦးက'ဇာတ်ကောင်'ပါရင် အက်ဆေး မဟုတ်ဘူးလို့ ပြောဖူးပါတယ်။ အဲဒီလိုတော့ ဟုတ်မယ် မထင်ပေါင်။

၂၀၁၄ ခုနှစ် မေလထုတ် ရွှေအမြုတေမဂ္ဂဇင်းမှာ ဖော်ပြထားတဲ့ မြင့်သန်းရဲ့ **'ဆောင်းပါး၊ ဖန်တီးစာ၊ ဝတ္ထုတိုစသဖြင့်'**ဟာ ဆောင်းပါး၊ အက်ဆေးနဲ့ ဝတ္ထုတိုကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာထားတဲ့ စာပေဆောင်းပါးပါ။

ဆရာ မြင့်သန်းက အက်ဆေးနဲ့ပတ်သက်လို့ အခုလို ရေးသားထားပါတယ်။

'ရေးသားသူ၏အသိ၊ အမြင်၊ အတွေးကိုသာ သာမန်စာဖတ်သူတို့အတွက် ရေးသားဖော်ထုတ်ထားခြင်းဖြစ်သည်။ အက်ဆေးတွင် အပြန်အလှန် စကားပြောများထက် တစ်ဦးတည်းက ပြန်လည်ဖော်ထုတ်ပြောကြားသော အပြောများကိုသာ တွေ့ရသည်။ အက်ဆေးများတွင် ရေးသူ၏ အတွေးများကသာ ပဓာနဆိုခဲ့စေကာမူ ပညာရပ်အခြေခံအားဖြင့် ရေးသားသော အက်ဆေးများတွင် အချက်အလက်၏ မှန်ကန်မှုသည် အရေးပုံစံကဲ့သို့ပင် အရေးကြီးသည်'တဲ့။

'ဝတ္ထုတို'နဲ့ ပတ်သက်ပြီး ဆရာမြင့်သန်းက'အရေးအသားမှာ ဖန်တီးရေးသားသည့်ရေးသားသူ၏ ဖန်တီးနိုင်စွမ်းသည် အဓိကဖြစ်သည်။ မည်သို့သောဝတ္ထုမဆို ဖန်တီးမှုကို အခြေခံသည်။ ဝတ္ထုမှာ ဖန်တီးစာဖြစ်သည်'လို့ ဆိုပါတယ်။

ဒီလ ရွှေအသစ် ဝတ္ထုတွေထဲက ကျစ်ကျစ်လျစ်လျစ် သိပ်သိပ်သည်းသည်း ရေးသားပြီး စာဖတ်သူကို Message ပေးနိုင်တဲ့ ညတာရာလင်း(ထားဝယ်)ရဲ့ **မြောင့်ချက်**ကို ညွှန်းချင်ပါတယ်။

ဝတ္ထုတိုတွေထဲက ပထမဦးဆုံး ညွှန်းချင်တာက မင်းဝေဟာင်ရဲ့ **လရိပ်အောက်**



www.burmeseclassic.com

www.burmeseclassic.com

> သူရသဝါ ကတော့ ဝတ်စုံ ပြောင်းပြီး ပြက်လုံး ထုတ်နေကြတဲ့ အုပ်ချုပ်သူတွေရဲ့ စိတ်ယဉ်ကျေးမှုကို ဖော်ထုတ် ဖွင့်ချ သရော် ထားပါတယ်

**ကမ္ဘာမီမှု**ပါ။ ကိုယ်စိုက်လာခဲ့တဲ့ ကန်စွန်းခင်းထဲက ကန်စွန်းရွက်တွေကို ညကြီးသန်းခေါင် ခိုးခူးခဲ့မိလို့ မြွေကိုက်ပြီးသေတဲ့ ကလေးမလေးရဲ့ အသုဘကို လူမသိ၊ သူမသိ ချရပုံလေးကို ကြေကွဲဖွယ် ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ ဒီနေ့ လူသိအများဆုံး ကိစ္စတစ်ခုကို ဝတ္ထုတိုတစ်ပုဒ်အဖြစ် သွန်းလုပ်ပြတဲ့ မင်းဝေဟင်ရဲ့ အရည်အချင်းကို ဘာပဲပြောပြော အသိအမှတ်ပြုရပါလိမ့်မယ်။

ရွှေမောင်း အကြိုက်ဆုံး ဝတ္ထုတိုကတော့ ငွေဇင်ယော်ဦး(မိုးကုတ်)ရဲ့ **ရွာကိုမပြန်ချင်ဘူး**ပါ။ အတတ်ပညာရော၊ အနုပညာပါ ပြည့်မီလှတဲ့ ငွေဇင်ယော်ဦးဟာ ဒီဝတ္ထုမှာ ရှုးတူးပေါတော ကျေးလက်ရဲ့ သမီးပျိုလေး ထိပ်တင်ထားကို ထုဆစ်ပုံဖော်ထားပုံက သိပ်လှပါတယ်။ ဖတ်ကြည့်ပါ။ စာရေးသူရဲ့ စေတနာကို မြင်တွေ့ရပါလိမ့်မယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်က မြန်မာဝတ္ထုတိုတစ်ပုဒ်ဟာ ဘယ်အဆင့်အထိ ရှိခဲ့တယ်ဆိုတာ သိရအောင် ကြည်အေးရဲ့ **လွမ်းအိပ်မက်**ကို ဖတ်ကြည့်ပါလို့ ညွှန်းလိုက်ပါတယ်။

*၂၀၀၄ မေ၊ ရွှေအမြုတေ*

❑

လက်မှတ်တစ်ချက်ထိုးလိုက်တာနဲ့ သိန်းထောင်သောင်း ရပါတယ်လို့ ပြောရင် စာဖတ်သူ ယုံမှာလား။ တကယ်ရှိခဲ့ပါတယ်။ 'ပါမစ်စီးပွားရေး'လေ။ တကယ်အလုပ်လုပ်တဲ့လူ၊ လုပ်မယ့်လူတွေက သူတို့တစ်တွေကို 'ငွေ'ပေးနေရတယ်။ ဒီလိုပါပဲ။ စာပေမှာလည်း တကယ်မဟုတ်ဘဲ ထုတ်ဝေခွင့်ရထားတဲ့ လူတွေရှိသလို၊ ထုတ်လို့ အရှုံးအမြတ်ကိစ္စမှာ အရှုံးဒဏ် မခံနိုင်လို့ ရပ်ပစ်ရတဲ့လူတွေလည်း မနည်းပါဘူး။ တကယ်တော့ 'ထုတ်ဝေခွင့်'ဆိုတာ အဲဒီအလုပ်ကို တကယ်လုပ်နေတဲ့၊ လုပ်နိုင်တဲ့သူတွေကို ပေးရတာမျိုးပါ။

ဒီလ 'ခေတ်ရနံ့' မဂ္ဂဇင်းအမှတ်(၁) ထွက်လာတယ်။ ခေတ်ရနံ့ဟာ ရနံ့သစ်ကို ထုတ်ခွင့်မရလို့ ပြောင်းလဲထုတ်ဝေတဲ့ မဂ္ဂဇင်းတစ်စောင်ပါ။ ပြောရရင်တော့ လမ်းလျှောက်တတ်ပြီး ကိုယ်တိုင်လမ်းလျှောက်ပြလိုက်တဲ့ ပထမဦးဆုံး လျှောက်လမ်းလေးပါ။ ဒီတော့ ရွှေမောင်းတို့လို လူတွေအဖို့တော့ စေ့စေ့စပ်စပ် ဖတ်ရပါတယ်။ ဒီလ ခေတ်ရနံ့ဟာ ဟိုတုန်းက ရနံ့သစ်ထက်တောင် အကြောင်းအရာစုံပါတယ်။

မြန်မာ့သမိုင်းမှာ အတ္တကို လွှတ်ချထားပြီး အများရဲ့အကျိုးကို သယ်ပိုးခဲ့တဲ့ သူ ယုံကြည်ရာကို ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ပြောရဲ၊ ရေးရဲတဲ့ သတင်းစာဆရာကြီး၊ စာရေးဆရာ၊ နိုင်ငံရေးသမား ဦးဝင်းတင် ကွယ်လွန်သွားခဲ့ပါပြီ။လူတစ်ယောက်ရဲ့ တန်ဖိုးဆိုတာ သူအသက်ရှင်စဉ် လူ့အဖွဲ့အစည်းအတွက် ဘာတွေလုပ်ခဲ့သလဲဆိုတာနဲ့ပဲ တိုင်းတာကြပါတယ်။ စေတနာရှင်မကြီး မာသာထရီဇာရဲ့ အသုဘမှာ ကမ္ဘာ့အရပ်ရပ်က ခေါင်းဆောင်တွေ၊ နိုင်ငံရေးသမားတွေ လာကြသလို၊ ပြည့်တန်ဆာတွေ၊ သူတောင်းစားတွေ၊ ကိုယ်ရေပြားရောဂါသည်တွေလည်း လာကြတယ်။ အဲဒါ လူတစ်ယောက်ရဲ့ 'တန်ဖိုး'မဟုတ်လား။ ဆရာ ဦးဝင်းတင်ရဲ့ အသုဘကလည်း လူပေါင်း သိန်းချီလာကြတယ်။ တချို့ကျတော့ အသက်ရှင်တုန်းက ဘုန်းမီးနေလ တောက်ပခဲ့ပေမဲ့ သေလည်းသေရော လူအစိတ်တောင် မရှိဘူး။ အသုဘလိုက်ပို့သူတွေကို ပြောတာပါ။

အဲ ဦးဝင်းတင်နဲ့ တွေ့ဆုံခန်းမှာ ယမင်းမြတ်အေးရဲ့ မေးခွန်းလေးတွေက ဘာတွေလဲ။ ဆရာက ဘယ်လို ဖြေထားသလဲ။ ဖတ်ကြည့်ပါလို့ တိုက်တွန်းချင်ပါတယ်။ ၇/၈၅ ပေဖူးလွှာမှာပါတဲ့ အောင်သင်းရဲ့ **ဆုံလည်ကုလားထိုင်ပေါ်မှာ**ကိုလည်း ညွှန်းချင်ပါတယ်။ ရွှေမောင်းကပဲ အောင်သင်းခရေဇီမို့လို့လား၊ ဆရာကပဲ စာရေးသိပ်တတ်နေလို့လား သိရအောင် စာဖတ်သူကိုယ်တိုင် ဖတ်ပြီး အဖြေရှာကြည့်လိုက်ပါလား။

ဝတ္ထုထဲကတော့ သင်းရီရဲ့ **လက်တွဲဖော်**ကို ညွှန်းချင်ပါတယ်။ ဒီဝတ္ထုဟာ ဆရာသင်းရီရဲ့ ဘဝဖြတ်သန်းမှုပဲ ဖြစ်မယ်ထင်ပါတယ်။ အိမ်ထောင်ဦးစီးတစ်ယောက် ကိုယ်ယုံကြည်ရာကို စိတ်ချလက်ချ လုပ်ကိုင်နိုင်ဖို့ဆိုတာက အိမ်ထောင်ဖက် အမျိုးသမီးရဲ့ နားလည်လက်ခံနိုင်မှုက လိုပါသေးတယ်။ ဒီဝတ္ထုမှာ **လက်တွဲဖော်**ရဲ့ နားလည်မှုနဲ့ ချစ်ခြင်းမေတ္တာကို ဖော်ကျူးထားပါတယ်။ ဖတ်ကြည့်ပါဦး။

အက်ဆေးအရေးကောင်းတဲ့ မောင်ရင့်မာ(ကျောင်းကုန်း)ရဲ့ **ရန်သူများကို လေးစားခြင်း**ကိုလည်း မဖြစ်မနေ ဖတ်ကြည့်ပါလို့ ညွှန်းချင်ပါတယ်။ ရန်သူကို အပြတ်ချေမှုန်းမယ်ဆိုတဲ့ စိတ်မျိုးက လူတိုင်းမှာ ရှိနိုင်ပေမဲ့ ရန်သူကို လေးစားတဲ့စိတ်မျိုးကတော့ စိတ်ယဉ်ကျေးသူတွေမှာသာ ရှိတတ်ပါတယ်။ ဆရာ မောင်ရင့်မာက အက်ဆေးမှာ မင်းပေါင်ရဲ့ နာရေးသတင်းကို ကြားတဲ့

www.burmeseclassic.com

www.burmeseclassic.com

ရာဇာဓိရာဇ် ရှိုက်ကြီး
ငင် ငိုကြွေးပုံနဲ့ ဗိုလ်စောစ်
နဲ့ ဗိုလ်ချုပ်အောင်ဆန်း
ကြပုံတွေကို သက်သေ
ရေးပြခဲ့တယ်။ ဆရာ့ရဲ့
လေးကိုလည်း ဖတ်ကြည့်
ဦး။

'ရန်သူကို လေးစား
အမှတ်ပြုတတ်ခြင်း
နှင့် ကျွန်တော်တို့သည်
ချမ်းရေးအကြောင်းကို
ခွင့်မရှိဘူးဟုထင်သည်။
ချမ်းရေးမဆိုထားနှင့်
တစ်ယောက်နှင့် လက်
ဆက်ဖို့ပင် မဖြစ်နိုင်ဟု
တော်ထင်သည်' တဲ့။

*၂၀၁၄ မေ ခေတ်ရှန်*

❑

ဒီလ စုံနဲ့သာမှာ ပထမ
ညွှန်းချင်တာက အဖွင့်
ပါ။ ကျော်ရဲ့ **အတိုက်**
**တ်တွေကြားထဲက**
**အခံ**ပါ။ အတိုက်
တွေကြောင့်ပဲ အတိုက်
ဟာ အရောင်လက်လာခဲ့
။ အတိုက်အခိုက်တွေ
ကြောင့်ပဲ အတိုက်အခံဟာ
တန်ခွာ နေရာတချို့
ခဲ့တယ်။ ......။
အခံတွေဟာ အမှန်
နန်းတော်ဆီ အာဏာရှူး
ကို ဦးမညွတ်ဘဲ ချီတက်
မှာ အရှိမ ရည်မှန်းချက်
ဖို့ အန္တရာယ်ဖုန်ထဲက
ယ်တကူတော့ ရုန်း
နိုင်ကြောင်း အိတ်ဖွင့်
ပေးပို့လိုက်ရခြင်းပါ' တဲ့။

ရုံနဲ့သာမဂ္ဂဇင်းမှာ
ပါနေကျ သရော်စာနှစ်
မောင်မှန်နဲ့ သူရသဝါ
စာတွေပါ။ ဒီလ မောင်မှန်
စာပေဆုကို သရော်ထား
တယ်။ သူရသဝါက

တော့ ဝတ်စုံပြောင်းပြီး ပြက်လုံးထုတ်နေကြတဲ့ အုပ်ချုပ်သူတွေရဲ့ စိတ်ယဉ်ကျေးမှုကို ဖော်ထုတ်၊ ဖွင့်ချ၊ သရော်ထားပါတယ်။ စုံနဲ့သာမှာ ဒီနှစ်ပုဒ်ဟာ လစဉ်စောင့်ဖတ်ရမယ့် စာနှစ်ပုဒ်လို့ ဆိုချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟာသထဲမှာ Satire ဟာ အမြင့်ဆုံး ဖြစ်နေလို့ပါပဲ။

စုံနဲ့သာအက်ဆေးတွေထဲက ပထမဦးဆုံး ညွှန်းချင်တာက မေဇော်ရဲ့ **ကျူထရံတွေကာရံလည်းအိမ်...**ပါ။ ဒီအက်ဆေးလေးဟာ ကမ္ဘာပေါ်မှာ ပြန်စရာ အိမ်မရှိတဲ့ လူဦးရေ သန်း ၁၀၀ ကို ရည်ညွှန်းရေးသားထားတဲ့ အက်ဆေးတစ်ပုဒ်ပါ။ မြို့ပြလူနေမှုထဲမှာ ရှန်းကန်လှုပ်ရှားနေကြရသူတွေအတွက် ညနေစောင်းတာနဲ့ နေစရာအိမ်ကို ပြန်ကြရတယ် မဟုတ်လား။ အဲဒီမှာမှ ကျောခင်းစရာနေရာတစ်နေရာမှ မရှိတဲ့လူတွေ အများကြီး ရှိနေသေးပါတယ်။ စာရေးဆရာက သူ့အက်ဆေးမှာ အိမ်ကို အနက်အဓိပ္ပာယ်ဖွင့် ဆိုပြထားပါတယ်။ ဖတ်ကြည့်ပါဦး။

မောင်ခိုင်လတ်ရဲ့ **ကျွန်တော်နှင့် အမည်မသိ လူတစ်ယောက်အကြောင်း** ဟာ ကရင်အမျိုးသားကြီးတစ်ဦးရဲ့ ပုံရိပ်ကို ရေးဖွဲ့ထားတဲ့ အက်ဆေးတစ်ပုဒ်ပါ။ ပုံရိပ်ဆိုလို့ ဖထီးရဲ့ Character ကို ဖွဲ့ဆိုတာမျိုးတော့ မဟုတ်ပါဘူး။ ပြောရရင် ဖထီးရဲ့Personality ကို ဖွဲ့ပြတာပါ။ အက်ဆေးအရေးကောင်းတဲ့ ဆရာမောင်ခိုင်လတ်ဟာ သူ့အက်ဆေးကို သေသေသပ်သပ် လှလှပပ နိဂုံးချုပ်ထားပါတယ်။ ဖတ်ကြည့်ပါဦး။

ရတနာသိင်္ဃရဲ့ **ပန်းကလေးများ** ဟာ စာသင်ခန်းထဲက ထွက်ကျသွားပြီး အလုပ်လုပ်နေတဲ့ ကလေးငယ်တွေရဲ့ ဘဝကို ပုံဖော်ရက်ဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ ရန်ကုန်မြို့ တစ်မြို့လုံးမှာရှိတဲ့ **သာမန်လက်ဖက်ရည်ဆိုင်တိုင်း**လိုလို အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေကို စားပွဲထိုးအဖြစ် မြင်တွေ့နေရပါတယ်။ အဲဒါက မြန်မာနိုင်ငံရဲ့ အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်နေတာပဲ။

*၂၀၁၄ ဧပြီ စုံနဲ့သာ။*

❑

ဒီလ မဟေသီမဂ္ဂဇင်းမှာ ဖော်ပြပါရှိတဲ့ သာထက်အောင်ရဲ့ **ကိုယ့်ဂိုးကိုယ်သွင်းရဲ့ကြသူများ**ဟာ ဘောလုံးလောက ခေါက်ဆွဲစားခဲ့ကြတဲ့ အကြောင်းကို ရေးသားထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ ပြီးခဲ့တဲ့ ဆီးဂိမ်းမှာ မြန်မာဘောလုံးအသင်း ရှုံးနိမ့်ခြင်းအပေါ် ဝေဖန်သံမျိုးစုံကို ကြားခဲ့ရပါတယ်။ ဆရာသာထက်အောင်က အဲဒီအပေါ်အခြေပြုပြီး နိုင်ငံတော်က ထောက်ပံ့မှုမရှိဘဲ အောင်မြင်ခဲ့တဲ့ ဟိုတုန်းက မြန်မာဘောလုံးအသင်းနဲ့ မိသားစုဆင်းရဲကျပ်တည်းမှုကြောင့် ကိုယ့်ဂိုးကိုယ်သွင်းပေးခဲ့ကြရတဲ့ ဘောသမားတွေကို ဒီဆောင်းပါးမှာ ကိုယ်တွေ့ထောက်ပြခဲ့ပါတယ်။ ၅၀၀၀ လောက်ရလို့ ကိုယ့်ဂိုးကိုယ်သွင်းခဲ့ကြသူတွေကို ဆဲဆိုပြီး ဆေးလိပ်တို ပြောင်းဖူးရိုးတွေနဲ့ အပစ်ခံခဲ့ရပါတယ်။ ခုခေတ် သန်းပေါင်းများစွာယူပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေးကွင်းမှာ ကိုယ့်ဂိုးကိုယ်သွင်းနေကြတဲ့လူတွေကို ပြည်သူတွေ ဘယ်လို အရေးယူကြမလဲတဲ့။

မောင်ကျော်သာ(ပဲခူး)ရဲ့ **တချွေနဲ့ ဟာဘာစ်တေးဗယ်ရုန်** ဟာ ဒီနေ့လွှတ်တော်ရဲ့ ပုံရိပ်၊ ပြည်သူ့ကိုယ်စားလှယ်ကြီးတွေရဲ့ အရည်အချင်းတွေကို ဖော်ထုတ်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ မောင်ကျော်သာဟာ လစဉ်နီးပါး မဟေသီမှာ **တချွေ** ကို ဇာတ်ကောင်ထားရေးသားပါတယ်။ လွှတ်တော်ထဲမှာ အိပ်ငိုက်တဲ့ ကိုယ်စားလှယ်၊ လွှတ်တော်ထမင်းမစားနိုင်သူတွေ၊ ၅၉ (စ)ကို မိမိဆန္ဒမရှိဘဲ၊ ယုံကြည်မှု မရှိဘဲ ကန့်ကွက်နေသူတွေကိုပါ ဖော်ပြထားပါတယ်။ ရွှေမောင်းကြိုက်မိတာက သူ့ရဲ့ နိဂုံးလေးပါ။ **စာဖတ်သူတွေအတွက် ချန်ထားပေးခဲ့ပါတယ်။**

ဆင်လှရဲ့ **သတင်းအလှူ**ကို ညွှန်းချင်ပါတယ်။ ကိုယ်သိထားတဲ့ အကြောင်းအရာကို ပြည်သူအကျိုးရှိမယ်ထင်လို့ မျှဝေတာဟာ သတင်းအလှူပဲပေါ့။ စာရေးသူက ကိုရင်လေးကို ဆွမ်းကပ်ရင်းသတင်းစာလှူပုံ ဖော်ပြပါတယ်။ ဟုတ်ပါ

www.burmeseclassic.com

တယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အရွေ့ဘက် တွန်းတင်ခဲ့တာ မီဒီယာတွေပါပဲ။ ဒီနိုင်ငံမှာ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းထောက်အလုပ်ဟာ အချိန်မရွေး ခေါင်းစဉ်အမျိုးမျိုး တပ်ထားတဲ့ ပုဒ်မတွေနဲ့ ထောင်ထဲကို ရောက်သွားနိုင်ပါတယ်။ အပြောအဆို မယဉ်ကျေးတဲ့လူကြီးတွေကို ဆုံးမတာမျိုး၊ အလုပ်အကိုင်ညံ့ဖျင်းတဲ့ ဌာနဆိုင်ရာတွေကို ဝေဖန်တာမျိုးပေါ့။ တစ်ခုပြောချင်တာက အဲဒီ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းထောက်တွေကတော့ သူဌေးမဖြစ်နိုင်တာ သေချာပါတယ်။ ကိုယ်ကျိုးမဖက်ဘဲ အများအတွက် ထောက်ပြဝေဖန်နေတဲ့ အဲဒီလူတွေကို အားပေးရမယ့်အစား ကိုယ့်ကျိုးစီးပွားကိုသာကြည့်ပြီး တိုင်းပြည်အနာဂတ်ကို ထည့်မတွက်ကြတာဟာ ကမ္ဘာ့အလယ်မှာ ရှက်စရာဖြစ်နေကြပြီလေ။ မြန်မာနိုင်ငံကို လာလည်တဲ့ ဂျပန်နိုင်ငံသားတစ်ယောက်က 'မင်းတို့နိုင်ငံက သတင်းစာ၊ ဂျာနယ်တွေက ဒီလောက်ရေးနေတာတောင် မင်းတို့ လူကြီးတွေ မရှက်ကြဘူး။ ငါတို့လူမျိုးဆိုရင် ရှက်လို့ ကိုယ့်ကိုယ်ကို သတ်သေကုန်လောက်ပြီ'တဲ့။

ယုဒါရဲ့ **အမေ** ဟာ မိခင်မေတ္တာဘွဲ့ ဝတ္ထုတိုလေးပါ။ ဘယ်တော့မှ မရိုးနိုင်တဲ့ မြင့်မြတ်တဲ့ မဟာလူသားကြီးရဲ့ ပေးဆပ်ခြင်းကို လှလှပပ သီကုံးထားတဲ့ ဝတ္ထုပါပဲ။ တချို့က ဇာတ်နာအောင် ဖန်တီးထားတယ်လို့ ဆိုနိုင်ပေမဲ့ ရွှေမောင်းကတော့ အစားထိုးမရတဲ့ မိခင်ရဲ့ အကြင်နာ၊ မိခင်ရဲ့ မေတ္တာကို ဖော်ကျူးနိုင်ခဲ့လို့ နှစ်သက်တယ်လို့ ဆိုချင်ပါတယ်။

*၂၀၁၄ မေ မဟောသီ*

❑

ဒီလ ရတီမှာပါတဲ့ ဆောင်းဝင်းလတ်ရဲ့ **အတိုးကြီး** ဟာ အသက် ၆၀ ကျော် အငြိမ်းစားတစ်ဦးရဲ့ ကူညီဖေးမမှုနဲ့ အဲဒီဖေးမမှုကြောင့် တုံ့ပြန်လာတဲ့ မေတ္တာတရားကို ရေးဖွဲ့ထားတဲ့ ဝတ္ထုပါ။ သိကြတဲ့အတိုင်းပါပဲ။ ဆရာ ဆောင်းဝင်းလတ်ဟာ ဘာမဟုတ်တဲ့ အရာလေးကို ဝတ္ထုတိုတစ်ပုဒ် လှလှပပ သွန်းလုပ်တတ်တဲ့ စာရေးဆရာတစ်ဦးပါ။ ဖတ်ကြည့်ပါဦး။

နန္ဒာစိုး(ဆင်ဖြူကျွန်း)ရဲ့ **ရွှေဘုံပေါ်က ပြတဲ့တရား** ဟာ သောကရိပ်မြုံ အိမ်ဂေဟာကြီး အခေါင်အချုပ် မဟောသီကြီးရဲ့ ဘဝဖြတ်သန်းမှုကို သင်ခန်းစာယူလောက်ဖွယ် ခြယ်မှုန်းပြထားတဲ့ ဝတ္ထုတစ်ပုဒ်ပါ။ စိုင်ကော်လို့ ချုံပေါ်ရောက်သွားတဲ့ ဆီးသီးသည် မဗျိုင်းတစ်ယောက် သူတစ်သက်လုံး မမျှော်လင့်ခဲ့တဲ့ ဥစ္စာနေ... သူ့ကို အဖေနဲ့ အမေ... တောင် အဖေနဲ့ အမေရယ်လို့ မသိတော့ဘဲ မဝရေစာ ကျွေး... ခဲ့ပြီး ကွယ်လွန်သွားရပုံကို ရေးဖွဲ့ထားတဲ့ ဝတ္ထုပါ။

သူရဿဝါရဲ့ **စိတ်... ယုံကြည် ဆက်လက်၍သာ... အားပေးပါမည် အမ်ပီတီ** ဟာ... မြန်မာ့ဆက်သွယ်ရေးကို... သရော်ထားတဲ့ သရော်စာ... တစ်ပုဒ်ပါ။ ဖတ်ကြည့်ပါ။ သူရဿဝါရဲ့ သရော်ချက်... တွေ ဘယ်လောက်ထိမိသလဲ... ဆိုတာ သိရအောင်ပေါ့။

*၂၀၁၄ မေ ရ...*

■

မင်္ဂလာရွှေမောင်း...

ဘာသာစကား သင်တန်း

**English Language Classes**

**U San Lin Tun**

B.E (Metallurgy),Y.I.T
M.A(Thesis),ITBMU

**Basic English Conversation**
**Vocabulary Enrichment Course (Basic)**
**Phonetics**
**Basic Writing Course (Academics)**
**Advanced English/Creative Writing Course**

**Chinese Language Classes**

**Daw Moe Moe Lwin**

B.A (History)
Dip in Chinese ( Y.U.F.L )

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော (၂) လ... ပုံမှန် (ရေး၊ ဖတ်၊ ပြော) တန်းခွဲသစ်ရှိသည်၊
ကျောင်းသူ၊ ကျောင်းသား၊ ရုံးဝန်ထမ်းများအတွက် တရုတ်စာ 4 skills တတ်မြောက်စေရန် သင်ကြားပေးသည်၊

သင်တန်းတည်နေရာ

၃၃၇ (စတုတ္ထထပ်)၊ မဟာဗန္ဓုလလမ်း၊ (လမ်း - ၄၀ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
✆ 01 245211, 01 251850, 09 49329071, 09 250280028



www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေတိုက်




# ပန်းဝက်ပါ

## ဝိုလ်ကလေးတင့်အောင်

၃၀၀၀ ကျပ်

ထွက်ပြီ

# ရွှေအမြုတေ

## ဘက်ရွေးစင်ဝတ္ထုရှည်စုစည်းမှု - ၄

င်ဝတ္ထု၊ ကြူးနှစ်၊ မင်းလူ၊ ကိုငြိမ်း(မန္တလေး)၊
ခင်းကုန်းညွှန့်မှူး၊ ဒေါင်းနေမင်း၊ မိချမ်းဝေ၊
ကိုး(ဆင်ဖြူကျွန်း)၊ မာန်(တောင်လုံးပြန်)၊
ွန်းသစ်၊ မောင်နှင်းပန်း

၃၀၀၀ ကျပ်



ဖြန့်ချိရေး လင်းလွန်းခင်စာပေ

တ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့


ဖုန်း -၀၁-၂၇၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၅၃၀ ၊ ၀၉- ၄ ၂၁၅ ၁၉ ၅၁

www.burmeseclassic.com

www.burmeseclassic.com

ချစ်ပိတောက်ဦး

# ကြာကြာသည်း



www.burmeseclassic.com

www.burmeseclassic.com



၁။

ဝိနည်းလွတ်လို့
လွှမ်းတက်လိုက်သည့်နှင့်
ချမ်းမော့[illegible]
[illegible]
ကြားလိုက်ရ၏။ နီဝင်း အလိုလို
ကိုယ်ရှိန်သတ်သွားမိ၏။
ရင်ထဲမှာလည်း လှုပ်ခနဲ။
ချမ်းမောင်၏အသံကို
ကြားလိုက်ရုံမျှနှင့်
ဘာကြောင့်
ရင်ခုန်သွားရမှန်း
နီဝင်း မသိပေ။
"လာလေ နီဝင်း"
ထိုစဉ် ချမ်းမောင်ဦးက
လှမ်းခေါ်၏။ စားပွဲဝိုင်း[illegible]
[illegible]
ဝိုင်းထဲတွင် [illegible]
[illegible]
[illegible]
ခါအပြင် [illegible]
[illegible]
ယဉ့်ရဲ့ရှုမြစ်ကြောင်းတွေပါ
အကဲခတ်လိုက်မိ၏။
ရုပ်အင်္ကျီလက်ကို
ခေါက်တင်ရင်း
ချမ်းမောင်နှင့်
အစေးဆုံးနေရာ
မနိုင်ဦးသောတွင်
နီဝင်း ရှေ့ထိုင်လိုက်၏။
[illegible] ချက်လုံး
ခင်ကြည့်လိုက်သဖြင့်
နီဝင်း မျက်နှာပူသွား၏။
"နီဝင်း နောက်ကျပါတယ်"

အမှတ် ၂၅၊ ဇူလိုင်၊ ၂၀၁၄

ရုပ်စုံမဂ္ဂဇင်း

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း
စာရေးဆရာမ [illegible] ရေးသားပြီး
၁၉၈၁ ခုနှစ်၊ [illegible]
အမှတ် (၁၉) တွင် ဖော်ပြခဲ့သည့်
"ချစ်ပိဘောကျိုး" ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ချမ်းမောင် လှမ်းပြောသည်။

'အမေ့ကို ဆိုင်လိုက်ဖွင့်ပေးနေရသေးတာ။ ခုနစ်နာရီဆို၊ ခု ငါးမိနစ်တောင် လိုသေးတယ်'

မီးရောင်တွင် လက်ပတ်နာရီကို မြှောက်ကြည့်ရင်း ခပ်ပြတ်ပြတ်ဖြေလိုက်သည်။ ဝိုင်းထဲ မျက်လုံးပြန်ရောက်တော့ ယဉ်နွဲ့မှု အလှပြင်ထားပုံကို အသေးစိတ်ကြည့်ပြီးသားဖြစ်သွား၏။ ပန်းနုရောင်မျက်နှာ၊ နီရဲသောနှုတ်ခမ်း၊ မျက်ခုံးပုံစံ လှလှကလေး၊ ဆံပင်လှိုင်းတွန့်။ အို အားလုံးကိုပဲ နီဝင်း လေ့လာပြီးသား ဖြစ်သွား၏။ ဟင်း ဒါကြောင့် ဇော်မျိုးတို့က ပြောတာ။ အခုပြောင်းလာတဲ့ ယဉ်နွဲ့မှုဆိုတဲ့ ကောင်မလေးက သိပ်ချောတယ်တဲ့။ သူ့ကိုပါ ရအောင် စည်းရုံးရမယ်တဲ့လေ။ ခုတော့ ဇော်မျိုးတို့ စည်းရုံးရေးကောင်း၍ ထင်သည်။ သူတို့ဝိုင်းထဲ ပါနေပြီ။ ပါသမှ ချမ်းမောင်လို ခပ်တည်တည်နေတတ်သော လူမျိုးကတောင်မှ အရေးတယူ၊ အလေးတမူ။

'နီဝင်း သိပြီးပြီမဟုတ်လား၊ ယဉ်နွဲ့မှုလေ။ အီကို စက္ကူင်းရီးယားက…'

ဇော်မျိုးက ပြုံးစပ်စပ်နှင့် နီဝင်းဘက် လှည့်မိတ်ဆက်ပေးလိုက်၏။

'သိပ်လှတဲ့သူဆိုတော့ တို့တွေက သိပြီးသားပါ။ တကယ်ပါပဲ၊ မယဉ်နွဲ့မှုက အနီးကပ်ကြည့်တော့ ပိုတောင်လှသေး'

ရယ်သံများက စီခနဲ ပေါ်လာ၏။

နောက်တစ်ခါ အစည်းအဝေးလုပ်ရင် နွဲ့မှုတို့အိမ်မှာ ဖိတ်ပြီး နီဝင်းကို စပယ်ရှယ်ကျွေးရမယ်ဟု ယဉ်နွဲ့မှုက ခပ်ရှင်ရှင် ကလေးပြော၏။ ကျွန်တော်တို့လည်း ချန်မထားခဲ့ပါနဲ့ဗျာဟု ဇော်မျိုးက စပ်ဖြဲဖြဲ ဝင်ပြော၏။

'အို မချန်ပါဘူး၊ အားလုံးပါတာပေါ့။ ဒါပေမဲ့ နီဝင်းကိုတော့ အထူးလေ'ဟု ယဉ်နွဲ့မှုက ပြုံးလျက် ဆက်ဖြေသည်။ ပြုံးတော့ ပိုလှသည်။

'လှတယ်လို့ ပြောတဲ့လူကို အထူးကျွေးမယ်ဆိုရင်တော့ ကျွန်တော်တို့ကလည်း ပြောပါ့မယ်ဗျာ'

ခင်မောင်ဝင်းက ကြားဖြတ်ပြောပြန်သည်။

'ဟုတ်တယ် ဟုတ်တယ်'ဟု သန်းဆွေက ထောက်ခံ၏။

နီဝင်းတို့ရုပ်ကွက်၌ လူငယ်
ကျား၊ မပေါင်း ၄၀ ကျော် ရှိသည်
မည်သည့်ကိစ္စရှိရှိ ကြီးကြီးငယ်ငယ်
လူငယ်အားလုံး စုပေါင်းဆောင်ရွက်
စုပေါင်းတာဝန်ယူ စသည်ဖြင့် ညီညာကြသည်

သူတို့ဝိုင်းသည် လွတ်လပ်ပေါ့ပါးစွာ ရယ်သံမောသံ၊ ပြောသံဆိုသံတို့ဖြင့် စီစီညံနေတော့၏။

မကြာမီအတွင်း မေနိုင်ဦးတို့၏ ဧည့်ခန်းထဲတွင် နီဝင်းတို့အဖွဲ့သားတွေနှင့် ပြည့်သွားသည်။ မေနိုင်ဦးတို့ အမေက လက်ဖက်သုပ်ပွဲတွေ လာချပေးသည်။

'အခု ခေါ်တဲ့ ဆွေးနွေးပွဲကလေးကတော့…'

ချမ်းမောင်စကားစတော့ ခင်မောင်ဝင်းက 'အဟမ်း အဟမ်း'ဟု တမင် ချောင်းဟန့်သံပြု၏။ ချမ်းမောင်က မျက်နှာထားကြီးနှင့် ငဲ့ကြည့်တော့မှ မျက်နှာပိုးသတ်သွား၏။

'သိကြတဲ့အတိုင်း နှစ်စဉ်ဆင်နွှဲနေကျ ကျွန်တော်တို့ ရပ်ကွက်ရဲ့ မဟာသင်္ကြန်'

ထုံးစံအတိုင်း မေနိုင်ဦးတို့မိန်းကလေးဝိုင်းက တီးတိုးတီးတိုး။ ယဉ်နွဲ့မှုကတော့ နည်းနည်း စိမ်းနေသေး၍လား မသိ၊ ချမ်းမောင်ပြောသမျှကို ငြိမ်၍ နားထောင်နေသည်။ အခြားအဖွဲ့သားတွေ ဆွေးနွေးသည်ကိုလည်း စိတ်ပါဝင်စားစွာ နားစွင့်နေသည်။

ခင်မောင်ဝင်းနှင့် ဇော်မျိုးတို့ကတော့ ယဉ်နွဲ့မှုကို တစ်ချီ တစ်ချီ ခိုးခိုးကြည့်နေကြလေသည်။

❑

၂။

'တစ်နှစ်ဆိုတာ ဘာမှ မကြာလိုက်ဘူးကွနော်'

လက်ဖက်ရည်ကို တစ်ကျိုက် မော့သောက်လိုက်ပြီး ဇော်မျိုးက မှတ်ချက်ချ၏။

'အေးကွ အချိန်နဲ့ ဒီ… သည် လူကို မစောင့်၊ ပိုက်… နဲ့ စာမေးပွဲသည် ခင်မောင်ဝင်း… ကို မစောင့်ဆိုတာ သိပ်မှန်တာ… ပဲ'

ဆယ်တန်း တတိယ… ဖြေထားပြီးသူ နီဝင်းနှင့် ဘ… ခင်မောင်ဝင်းက ရွတ်နော… နောက်ပြော၏။

'နီဝင်း၊ ချမ်းမောင်တို့ လာမယ်တဲ့လား'

နီဝင်းက အာရုံကို ပြန်စုကာ သူတို့ဘက်လှည့်လိုက်… ခေါင်းညိတ်ပြလိုက်၏။ ဇော်မျိုးက-

'မလာလို့ ဖြစ်မှမဖြစ်တာ၊ ပို့စကတ်ရွေးဖို့ ပိုက်ဆံ… သူတို့ ယူခဲ့မယ့်ဟာပဲ'ဟု ပြော၏။

နီဝင်းတို့တစ်တွေ 'ငွေစန္ဒာ'ပုံနှိပ်တိုက်ရှေ့ရှိ လက်… ရည်ဆိုင်တွင် လာစောင့်နေကြခြင်းဖြစ်သည်။ ပို့စကတ်က… များရလျှင် အဖွဲ့ဘဏ္ဍာငွေရအောင် လှည့်ရောင်းရဦး… ထိုမှ အမြတ်ငွေနှင့် ရပ်ကွက်ထဲမှ အလှူခံရငွေများကို… ပြီး ရပ်ကွက် မဟာသင်္ကြန်ပွဲကို လူငယ်များ စုပေါင်းကျင်…

www.burmeseclassic.com

www.burmeseclassic.com

ကြည်ဖြစ်သည်။

'ဒီနေ့ ရကိုရမှ ဖြစ်မယ်'

'ရမှာပါ နီဝင်းရ၊ ငါတို့လည်း ဟိုကောင်တွေကို ပြန် သူတို့ကျောင်းတွေမှာ ရောင်းပေးဖို့ ပြောထားတာ'

'ဝယ်ကြပါ့မလားကွာ'

သန်းဆွေက ပူပူပင်ပင်ပြော၏။ သူက လိုက်ရောင်းသည့် အဖွဲ့ထဲပါသည်။

'ဝယ်မှာပါဟ၊ နင်ကလည်း ပါးစပ်ပုပ်ကြီးနဲ့ ပြောပြန်ပြီ။ ငါတို့ ပို့စကတ်ကလေးက သိပ်လှတဲ့ဟာ'

နီဝင်းသည် ခွန်းတုံ့ပြန်ရင်း ပို့စကတ်ကလေးကို မြင်ယောင်လာသည်။

အနီရောင် ဝတ်စုံနှင့် ကောင်မလေး လှလှကလေးကို ကောင်လေးက ပိတောက်ခက်ကလေး ကမ်းပေးနေပုံဖြစ်သည်။ ကျောဘက်တွင် ကဗျာလေး ပါသေးသည်။

*'ရွှေစင်တစ်ခက်*

*မောင့်ရဲ့လက်ဆောင်*

*ချစ်တွက်ရည်စူး*

*ပိတောက်ဦး'* တဲ့။

ဒီကဗျာကလေးကို ချမ်းမောင်နှင့် နီဝင်းတို့ စပ်တူရေးဖွဲ့ ကြခြင်း ဖြစ်သည်။

'မင်းတို့ကဗျာက ပေါ့လွန်းတယ်ကွာ' ဟု တင်ထွန်းက ဆန်ခဲ့သေး၏။ နီဝင်းက-

'ဘာသိလို့လဲ တင်ထွန်းရ၊ ဒါမျိုးမှ ကောင်မလေးတွေ ကြိုက်မှာ'

နီဝင်းဖြေပုံကြောင့် ချမ်းမောင် ပြုံးသွားသည်။

ငြင်းတော့လည်း ငြင်းစရာ မမြင်၊ ကောင်မကလေး တွေက စကားလုံးလှလှနှင့် ကဗျာကလေးများကို သဘောကျ ကြသည်။ သူတို့ကိုယ်တိုင်တော့ ဖြစ်ဖြစ်မြောက်မြောက် ရေးတတ်ကြ။ မြန်မာစာ ဒုတိယနှစ်တွင် တက်နေသူ မနိုင်ဦးတစ်ယောက်သာ ခပ်ရေးရေးတေးတေး၊ သူက နီဝင်းနှင့် တင်ထွန်းကို အလွန်အားကျသည်။ သိပ်တော်တာပဲကွာ၊ သိပ် တော်တာပဲ ဟု မကြာခဏ ဖွင့်ဟ ချီးကျူးလေ့ရှိသည်။

'နီဝင်းရာ မေ့လည်း သင်ပေးစမ်းပါ' ဟု နားပူလေ့ ရှိ၏။ ချမ်းမောင် ရေးတတ်မှန်း သိသော်လည်း ချမ်း မောင်က ခပ်တည်တည် နေတတ်သောကြောင့်လား မပြော အသင်ခိုင်းသည်ကို မကြား။ နီဝင်းကလည်း သူငယ် ချင်းကို ဖြစ်မြောက်စေချင်လှပါသည်။ သို့ရာတွင် ကာရန်မှန် အောင်သာ သင်ပေး၍ရပြီး အတွေးကျစ်လျစ်ဖို့နှင့် စကားလုံး ရွေးချယ်တတ်ဖို့ကျတော့ နီဝင်း သင်မပေးတတ်။ နီဝင်းကိုယ် တိုင် မနည်းကြီး အားထုတ်နေရသည့်ကိစ္စမို့ ဘာမျှမတတ် နိုင်တော့။

တင်ထွန်းကတော့ မနိုင်ဦးလို မြန်မာစာ အဓိက ဖြစ် သည့်အပြင် သူဦးလေးတစ်ယောက်ကလည်း နိုင်ငံကျော်

စာရေးဆရာကြီးတစ်ဦး ဖြစ်လေသည်။ ထို့ကြောင့် သူက ပင်ကို ဗီဇပါလာကာ ၁၀ တန်းကတည်းက စာနယ်ဇင်းတွေ မှာ ကလောင်သွေးဖြစ်ခဲ့သည်။ ကဗျာအတော်များများ ပုံနှိပ် စာလုံးဖြင့် ဖော်ပြခြင်း ခံခဲ့ရပြီးပြီ။ ထို့ကြောင့် နှစ်စဉ် သူတို့ သံချပ်အဖွဲ့ထွက်လျှင် တင်ထွန်းက ပင်တိုင်သံချပ်ရေးဆရာ။ လိုအပ်သည်များကို ဖြည့်စွက်ခြင်း၊ ပိုနေသည်များကို ဖြတ် ပစ် ခြင်း စသည်များကိုမူ တင်ထွန်း ဦးလေး၏ အကူအညီကို ယူရသည်။ ယခုနှစ်အတွက် သံချပ်တွေလည်း စိစစ်ရေး တင်ပြီးခဲ့ပြီ။ တိုက်ရုံသာ ကျန်တော့သည်။

အဓိကကတော့ ငွေရေးကြေးရေးပင်တည်း။

'ပို့စကတ် ရောင်းချိန် အရက် ၂၀ ပဲ ရှိတော့တယ် ကွ'

'ဟုတ်တယ်၊ ဒီကြားထဲ နှစ်ဆန်းတစ်ရက်နေ့ သင်္ကြန် ပူဇော်ပွဲအတွက်လည်း စီစဉ်ရဦးမယ်။ ဒီနှစ် ၇၀ ကျော် နှစ် ယောက်တိုးလာတယ်'

'ဒါဆို ခြောက်ယောက်ပေါ့။ တဘက်တစ်ထည်စီရယ်၊ အားဆေးတွေရယ် ကန်တော့မှာဆို'

'အေးလေ၊ အဲသလို ဆုံးဖြတ်ထားတာပဲဟာ'

'ပို့စကတ် အကုန်ရောင်းရမှ ငါးထောင်ရမှာ'

'အရင်းက နှစ်ထောင့်ငါးရာနော်'

'ဒီ့ပြင် စေတနာရှင်တွေ လှူတာ လာဦးမှာပါ။ မနှစ်က အဲဒါကိုက သုံးထောင်လောက်ရတာပဲ'

နီဝင်းက ဘတ်စ်ကားလက်မှတ်ကလေးပေါ်တွင် ချတွက်နေ၏။

'သံချပ်အဖွဲ့က ၁၂ ယောက်လား'

'ကမယ့် သုံးယောက်ပါဆိုရင် ၁၅'

'ကတဲ့လူတွေအလွတ် ကျန်လူတွေက တစ်ယောက်ကို တစ်ရာထည့်မှ ဝတ်စုံဖိုးလောက်မှာ'

'အောင်မာ၊ ထမင်းစရိတ် ဘယ်သွားထားမှာလဲ။ လေး ရက်အတွက် မနှစ်က ထောင့်ခြောက်ရာ ကုန်တာ'

နီဝင်းတို့ရပ်ကွက်၌ လူငယ် ကျား၊ မပေါင်း ၄၀ ကျော် ရှိသည်။ မည်သည့်ကိစ္စရှိရှိ၊ ကြီးကြီးငယ်ငယ် လူငယ်အားလုံး စုပေါင်းဆောင်ရွက်၊ စုပေါင်းတာဝန်ယူ စသည်ဖြင့် ညီညာကြ သည်။ ကျရာနေရာ၊ ပေးရာတာဝန် ကျေပွန်အောင် ဆောင်ရွက် နိုင်ကြသဖြင့် လူကြီးတွေကလည်း လူငယ်တွေကို အလိုလိုက် နေရာပေးကြသည်။ အပြန်ပြန် အလှန်လှန် အားကိုးကြ၊ အား ပေးကြနှင့်။

'အင်း မနှစ်က ဒီလိုအချိန်ပေါ့၊ ချမ်းမောင်နဲ့ ခင်သဇင်တို့ သမီးရည်းစားအဖြစ်က ပြတ်စဲကြတာ'

ခင်မောင်ဝင်းက ကောက်ကာငင်ကာ ပြောလိုက်၏။

နီဝင်း သူ့ကို လှည့်ကြည့်လိုက်၏။ ဆံပင်တိုထဲသို့ လက်ထိုးဖွရင်း ခပ်ဆတ်ဆတ်ပြော၏။

'အလကားပါဟာ'


www.burmeseclassic.com

www.burmeseclassic.com

'ဘာ အလကားလဲ'

နီဝင်းကို ဇော်မျိုးက ဖြတ်မေးလိုက်၏။

'အဲဒီ ခင်သဇင်ဆိုတာကို ပြောတာ၊ သူပဲ ဖွတ် သူ့ကို စိတ်ဝင်စားအောင်လုပ်၊ နောက် သူပဲ ချမ်းမောင်ကို ပစ်သွား၊ အလကားမိန်းမ'

နီဝင်းအဖြေကိုကြားတော့ ဇော်မျိုးက သဘောကျစွာ ရယ်သည်။ ရယ်ရင်း-

'နီဝင်းရာ၊ ပြောလိုက်ပုံကတော့ အဟုတ်ပဲ'ဟု ပြော လိုက်သေး၏။ ခင်မောင်ဝင်းက ပြုံးစစ။

'ယောက်ျားလေးတွေကလည်း မိန်းကလေးလှလှဆိုရင် စိတ်ဝင်စားလိုက်ကြတာပဲ။ ငါဖြင့် အချစ်ဆိုတာကို နားကို မလည်နိုင်တော့ဘူး'

ဒီစကားကို နီဝင်းဆိုတော့ ခင်မောင်ဝင်းက မရယ်ဘဲ မနေနိုင်တော့။

'နီဝင်းရာ၊ နင် မေနိုင်ဦးကို ဘာဖြစ်လို့ ချစ်သလဲ၊ အဲသလိုပေါ့'

'ဟ ဘာဆိုင်သလဲ'

'ဆိုင်တာပေါ့ နီဝင်းရ၊ နင်လည်း မေနိုင်ဦးကို လှလို့ ချစ်တာပဲ မဟုတ်လား။ ဘယ်တော့မဆို နင့်ကြည့်လိုက်ရင် မေ့ဘေးနားမှာချည်း'

နီဝင်း မျက်နှာကြီး ရဲသွား၏။

'ဒါက ငါ့သူငယ်ချင်းက သိပ်ခင်ဖို့ကောင်းလို့ပဲဟာ။ မေက ဒီ့ပြင်ကောင်မလေးတွေနဲ့ မတူဘူးကွ၊ စိတ်သဘော ထား မြင့်မြတ်တယ်'

ရှည်လျား နက်မှောင်သော မျက်တောင်တို့က
နီဝင်း၏ မျက်လုံးကြီးများကို ဖုံးထားသည်
မျက်လွှာသာ ဝင့်၍ကြည့် လိုက်ပါက
ကြယ်နှစ်ပွင့်က လက်ခနဲ တောက်ပလာစမြဲ

'တော်စမ်းပါ၊ လှလို့ မင်းတွဲနေတာပါ နီဝင်းရာ။ တစ်လောက သူတို့ကျောင်းက အကောင်တစ်ကောင် အိမ် အလည်လိုက်လာတာ မင်းပဲ ကောလွှတ်လိုက်တာ မဟုတ် လား။ လက်သီးနဲ့တောင် ထိုးလွှတ်မလို့ဆို'

ထိုအကြောင်းကို ပြန်တွေးမိ၍ပဲလား မသိ၊ နီဝင်း လက်သီးဆုပ်လိုက်မိ၏။ သူ့ကို ဇော်မျိုးတို့၊ ခင်မောင်ဝင်းတို့ ဘာကြောင့် ဒီလောက် အသေးစိတ် ပြောနေကြမှန်း နားလည် လိုက်၍လည်း ခံပြင်းသလိုလို ဖြစ်သွား၏။

ဇော်မျိုးက မျက်နှာကလေး ရဲ၍ မျက်လွှာမသိမသာ ချကာ ငြိမ်သွားသည့် သူငယ်ချင်းကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်။

ရှည်လျား နက်မှောင်သော မျက်တောင်တို့က နီဝင်း၏ မျက်လုံးကြီးများကို ဖုံးထားသည်။ မျက်လွှာသာ ဝင့်၍ကြည့် လိုက်ပါက ကြယ်နှစ်ပွင့်က လက်ခနဲ တောက်ပလာစမြဲ။ မျက်အိမ်မို့မို့ကလေးနှင့် မျက်လုံးအောက်အရစ်က ဖောင်း ဖောင်းကလေး၊ နှာတံက မပေါ်လွင်လှသော်လည်း ပိပိပြား ပြားကြီးတော့ မဟုတ်။ နှုတ်ခမ်းနှစ်လွှာက ပါးသည်။ တစ်ခုခု ကို စိတ်လိုက်မာန်ပါ ပြောလျှင် အပေါ်နှုတ်ခမ်းကလေးက အရင်ချွန်တက်လာစမြဲ။ အသားဖြူသဖြင့် မျက်ခုံးတို့က နက်ရုံ မက စိမ်း၍ပင်နေသည်။

မိန်းကလေး ပီပီသသ ဝတ်စားဆင်ယင်နေထိုင်လျှင် အတော့်ကို ချောမယ့်ကောင်မလေးဟု ဇော်မျိုး ကျိတ်၍ မှတ် ချက်ချနေမိ၏။

သို့သော် သူတို့အားလုံးက နီဝင်းကို မိန်းကလေး တစ် ယောက်လို ဆက်ဆံသည်ထက် သူတို့လို ဘဝတူ ယောက်ျား လေးကဲ့သို့သာ ဆက်ဆံနေမိကြကြောင်း သူတို့ပင် သိကြလေ သည်။

ဒါကလည်း သူတို့အပြစ် မဟုတ်ပေ။ ရှပ်အင်္ကျီကို အစဉ်သဖြင့် ဝတ်ကာ ဘယ်နေရာမဆို သွားရဲ လာရဲ၊ ဘာကို မဆို ပြောရဲဆိုရဲရှိတတ်သူ နီဝင်းပုံစံကိုက မိန်းကလေးနှင့် မတူ။ တခြား မိန်းကလေးများလို အလှလည်း မပြင်တတ် သဖြင့် ပို၍ ထူးခြားနေသည်။

'ဟော ဟိုမှာ ချမ်းမောင်တို့ လာနေပြီ'

လှမ်းကြည့်လိုက်တော့ ချမ်းမောင်ဘေးမှာ ယှဉ်တွဲမှု[illegible] ပါလာ၏။ ဘယ်မှာများ ဆုံလာ ကြတာပါလိမ့်။

နီဝင်း မျက်နှာလွှဲကာ [illegible] နွေးကြမ်းငှဲ့ထည့်ပြီး သောက် လိုက်၏။

'အားလားလား…[illegible] လိုက်တာဟယ်'

❑

၃။

'အားလားလား၊ ပူလိုက်တာဟယ်'

နီဝင်းက ငွေဖလားကြီးထဲမှ လက်ကိုင်ပဝါကိုယူ[illegible] ချွေးသုတ်လိုက်ရာက ညည်းသည်။ သနပ်ခါး၊ ပေါင်ဒါကင်[illegible] သော သူ့မျက်နှာကလေးမှာ ရဲတွတ်နေ၏။

'ဟုတ်တယ်၊ အိမ်ပြန်နားကြမလား။ ညနေစောင်း[illegible] ပြန်ထွက်မယ်လေ၊ နေက တော်တော်ပြင်းတာ'

ချမ်းမောင်က အားလုံးကို ခြုံ၍မေးသည်။ သို့သော် သူ့အကြည့်က နီဝင်းအပေါ်မှာ။

'နားလို့ မဖြစ်သေးပါဘူး။ ရောင်းရက်က [illegible] တော့တာ မဟုတ်ဘူး။ ပိုစကတ်က တစ်ထောင်လောက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

သေးတာ'

နီဝင်းကပင် ချက်ချင်း ငြင်းလိုက်၏။

'ဒါဖြင့် မညည်းနဲ့'

'အောင်မယ်၊ ဘယ်သူက ညည်းလို့လဲ'

'နီဝင်းပဲ ညည်းနေတာ၊ အားလုံးကြားသားပဲ'

ချေင်နောက်ချင်စိတ်ဖြင့် ချမ်းမောင်က မျက်နှာကို ကလွဲရင်း ပြောသည်။ နီဝင်း စိတ်တိုသွား၏။ ဆံပင်တို ခါသွားအောင် ခေါင်းကို လှည့်ပစ်ရင်း-

'နေပူလို့ ပူတယ်ပြောတာ ညည်းတာလား ကိုချမ်းမောင် အရိပ်ထဲမှာနေပြီး အကကျင့်ရတဲ့ လူလောက်တော့ စိမ်ကျမလဲ'

မေနိုင်ဦးတို့အိမ်မှာ အက တိုက်နေသည့် ယဉ်နွဲ့မူကို ချမ်းမောင်သိသည်။ တမင်အရွဲ့တိုက် ပြောမှန်းလည်း သည်။ နီဝင်း ဘယ်လောက် ယောကျ်ားဆန်သည် ပြော ယောကျ်ားလေးလိုနေနေ၊ တစ်ချိုတစ်ချိုမှာတော့ မိန်း လေးစရိုက်၊ မိန်းကလေး အမူအကျင့်ကတော့ ပေါ်ပေါ် တတ်သည်ပင်။ သူပြုံးချင်စိတ်ကို သိုဝှက်ထားလိုက်၏။

'နို့…အစကတည်းက ကိုယ် ပြောသားပဲ။ နီဝင်းလည်း ပါလို့။ မပြောဘူးလား'

'အို…မကချင်ပါဘူး'

'ကျောက်မြောင်းက ငါတို့ သူငယ်ချင်းကားမှာ အခြောက် ယောက်က မင်းသမီးလိုဝတ်ကမှာတဲ့ကွ။ ငါတို့ဆီမှာ င်းက မင်းသားလိုဝတ်ကရင် ယဉ်နွဲ့မူနဲ့ဆို ဘာပြော င်းမလဲ'

'ခင်မောင်ဝင်းနော်၊ သေမယ်'

နီဝင်းသည် လမ်းမကြီးအလယ်တွင် ကလေးလေးလို နေသည်။

ခင်မောင်ဝင်းက ဖင်ကိုတွန့်၍ ပြေးဟန်ပြု၏။

'လာဟေ့ ရှေ့ကအိမ်ဝင်မယ်'

ချမ်းမောင်က ဦးဆောင်၍ ဝင်သွား၏။

တံခါး မျောက်လက်ကို တချပ်ချပ် အသံပြု၍ အိမ်ရှင်ကို ရ၏။ အဟာမ်း၊ အဟာမ်းဟုလည်း ချောင်းသံပေးကြရ၏။

'ဩော်၊ ဘာကိစ္စပါလိမ့်'

လွယ်အိတ်ကိုယ်စီ လွယ်လျက် ချွေးသံတရွှဲရွှဲနှင့် ငယ်ငါးယောက်ကို အိမ်ရှင်အဒေါ်ကြီးက စူးစမ်းသည်။ လိုလိုလားလား ရှိဟန်တော့မတူ။

ချမ်းမောင်က တိုက်ပုံကို ဆွဲစေ့ကာ တကယ့် လူကြီး ဖြင့်-

'ကျွန်တော်တို့ ရပ်ကွက်က နှစ်စဉ်ကျင်းပနေကျ မဟာ ကြိန်ပွဲတော်…'

'ဩော်…အင်း အင်း၊ အလှူငွေ ငါးမူးထည့်ပါတယ်'

နီဝင်းပိုက်ထားသည့် ငွေဖလားကြီးထဲသို့ ငါးမူးစေ့ လေး ဂျလောက်ခနဲ ခုန်ဆင်းလာ၏။

'ဒီလိုပါ ဒေါ်ဒေါ်၊ ကျွန်တော်တို့ ပို့စကတ်ကလေးတွေ လိုက်ရောင်းတာပါ'

ခင်မောင်ဝင်းက ရှင်းပြရန် ကြိုးစားလိုက်သော်လည်း မအောင်မြင်။

'ကန်တော့ပါသေးရဲ့ကွယ်၊ အဒေါ် မဝယ်သေးပါဘူး'

ပြီးပြီ၊ စကားကုန်ကို ကြားလိုက်ရပြီးပြီ။

အဒေါ်ကြီး တံခါးပြန်ပိတ်၍ လှည့်ဝင်သွားပြီ။

'ဘယ့်နှယ် မိန်းမကြီးမှန်း မသိပါဘူး'

ငွေဖလားကြီးထဲက ဆယ်တန်၊ ငါးကျပ်တန်များမှ ငါးမူးစေ့ကလေး တစ်စေ့ကို ငုံ့ကြည့်ရင်း နီဝင်း မှတ်ချက်ချ ၏။ ငါးမူးစေ့ကလေးက သနားစဖွယ် မော့ကြည့်နေ၏။

'အသစ်ပြောင်းလာတဲ့လူတွေ ထင်တယ်။ ရပ်ကွက် အကျိုးဆောင်နေတဲ့ တို့လူငယ်အဖွဲ့ကို သိဟန်မတူဘူး။ နေနှင့် ဦး၊ မီးလန့်မှသိမယ်။ ဒီအဘွားကြီးအိမ်က ပစ္စည်းဆို ဘာမှ သယ်မပေးဘူး။ ပစ်ကိုထားမယ်'

ဇော်မျိုးက ပေါက်တတ်ကရ ပြောနေ၍ 'ဟယ်၊ အဲသလို ကြီးတော့ မပြောပါနဲ့။ မပြောကောင်း မဆိုကောင်း'ဟု နီဝင်း အလန့်တကြား တားလိုက်၏။

'ချမ်းမောင်ရေ၊ ယဉ်နွဲ့မူတို့တိုက်ရောက်ရင် ရေခဲရည် တောင်းတိုက်ကွာ၊ မင်းနဲ့က ပြေလည်ပါတယ်'

ဒီစကားကြားတော့ နီဝင်းရင်ထဲ ပို၍ပူလာ၏။

❑

၄။

'ခက်တယ် မိန်းမ,မဟုတ်၊ ယောကျ်ားမဟုတ်။ နှင့်အဖေ သာရှိရင် မလွယ်ဘူး'

ကြက်သွန်နီများကို ပါးပါးလှီးပေးနေရ၍ မျက်ရည်တရွှဲရွှဲ ဖြစ်နေရသည့်အထဲ နားကလည်း မချမ်းသာရ။

'မိန်းကလေး ပိပိသသများ နေစမ်းပါလား နီဝင်းရယ်၊ ခုတော့ နေရာတကာ လတ်လျား လတ်လျားနဲ့။ ဒီရှပ်အင်္ကျီကြီး တွေ မဝတ်ပါနဲ့ဆိုလည်း ပြောမရ။ ဆံပင်တိုမထားပါနဲ့ဆို လည်း နားမထောင်၊ ဆယ်တန်းအောင်အောင် ကြိုးစားပါဆို လည်း မကြိုးစား'

အမေတို့ ဆူမိပြောမိပြီဆိုလျှင် ဆုံးစကို မရှိတော့။ ဝုန်း ဒိုင်းနှင့် ထရိုက်လိုက်ခြင်းကိုသာ နီဝင်း ခံချင်သေးသည်။ သည်လို တဖျစ်တောက်တောက် ပြောဆိုနေခြင်းကို လုံးဝ နားမခံနိုင်။

စသည့်ပြဿနာက သင်္ကြန်ပွဲအတွက် သံချပ်တိုင်သည့် ပထမဆုံးညက အိမ်သုံးရေဖြည့်ရန် မေ့သွားခြင်းက စ,သည်။ နီဝင်းတို့ ရပ်ကွက်မှာက ယခုလို နွေဦးပေါက်ကစပြီး သုံးရေ ရှားပါးတတ်သည်။ အိမ်ပေါ်ရေတိုင်ကီအထိ ရေကမတက် သဖြင့် လမ်းထိပ်ဘုံပိုင်က ရေဆွဲရသည်။

ကဆုန်၊ နယုန်လောက်ဆိုလျှင် လမ်းထိပ် ဘုံပိုင်က တောင် ရေမရတတ်တော့။ ပေတစ်ရာလမ်းမကြီးကို ကျော်



www.burmeseclassic.com

www.burmeseclassic.com

ပြီး နိမ့်ရာ အောက်ဘက်လမ်းတွင် သွားပြီး သူငယ်ချင်းတွေနှင့် ရေစည်တိုက်ရသည်။ မတိုက်လိုက တစ်စည်သုံးကျပ်။ နီဝင်းတို့ သားအမိသုံးယောက်ကတော့ ငွေကို အလွန်တွက်ချက်စိစစ် သုံးနေရသည့်ဘဝမို့ ရေစည်လှည်းကို နီဝင်းကိုယ်တိုင် တွန်းရသည်။ နီဝင်း မရှက်ပါ။ တွန်းလည်း တွန်းနိုင်ပါသည်။ သို့ပေမဲ့ မနေ့ညကတော့ နီဝင်း လုံးဝကို သတိမရတော့။ တစ်နေ့လယ်လုံး ပို့စကတ် လိုက်ရောင်းထားရ၍ ပင်ပန်းသည်ကတစ်ကြောင်း၊ ညဦးပိုင်းကစပြီး ညဆယ်နာရီလောက်အထိ အကတိုက်ရာတွင် သူ စိတ်ဝင်စားနေခဲ့မိ၍ တစ်ကြောင်း ရေခပ်ရန် သူမေ့ခဲ့၏။ အမေ့ဆိုင်ကို ကူသိမ်းပြီး ပြန်လာမှ အမေ ရေချိုးမည်ပြုခါမှ စဉ့်အိုးထဲ ရေနည်းနေသည်ကို အမှတ်ရတော့၏။

'ညတိုင် ပြန်လာရင်လည်း ဆယ်နာရီ၊ ဆယ့်တစ်နာရီ။ မနေ့ညကဆို အိမ်ရောက်ပြီးမှ ပြန်ထွက်ချင်သေးတာ။ ငါ မသိဘူး မှတ်သလား'

'ဟာဗျာ အမေကလဲ ထွက်လို့လားဗျ၊ ထွက်လည်း မထွက်ဘဲနဲ့'

ခပ်ဆတ်ဆတ် ဆင်ခြေတက်မိ၏။

'အေး ထွက်ရင်လည်း ငါက နားရင်းတီးတော့မှာ။ သူ့ကိုယ်သူ ကာလသားကျလို့'

အမေကလည်း တကယ် ကြုံးဝါးနေသည်။

'အမေကလည်းဗျာ၊ ကျွန်တော် တစ်ယောက်တည်းလည်း မဟုတ်ပါဘူး။ က,တဲ့ ကောင်မလေးတွေလည်း ဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီမှ ပြန်ကြရတာပါ။ ဟိုးဘက်လမ်းက ကောင်မလေး လှလှလေးဆို သူ့အမေကိုယ်တိုင်လာပို့တာ။ အမေတို့လို ဆူမနေပေါင်ဗျာ'

နီဝင်းက စိတ်ညစ်ညစ်နှင့် လျှောက်ပြောလိုက်မိ၏။

'ဟဲ့ သူများတွေကို ဘယ်သူကမှလည်း မပြောရဲ၊ မဆိုရဲကြဘူး နီဝင်းရဲ့။ သူတို့တစ်ခုခုဖြစ်ရင် သိုင်းမယ့် ဝိုင်းမယ့်ဆွေတွေမျိုးတွေ၊ ဂုဏ်တွေ ဒြပ်တွေက တစ်ပုံကြီး။ အမေတို့မှာက ဒီသားအမိသုံးယောက်တည်းရှိတာ'

နီဝင်း နှာခေါင်းရှုံ့မိ၏။ စိတ်အားငယ်စရာတွေကို အမေဘာဖြစ်လို့များ ပြောပြောနေတာပါလိမ့်။ သူတို့သားအမိတစ်တွေကို ဒီအရပ်ထဲမှာ ဘယ်သူကမှလည်း ချိုးချိုးနှိမ်နှိမ်

ရှပ်အင်္ကျီကို အစဉ်သဖြင့် ဝတ်ကာ
ဘယ်နေရာမဆို သွားရဲ လာရဲ
ဘာကိုမဆို ပြောရဲဆိုရဲရှိတတ်သူ
နီဝင်းပုံစံကိုက မိန်းကလေးနှင့် မတူ

ဆက်ဆံကြသည်မဟုတ်။ လက်သုပ်သည်ဆိုပေမဲ့ အမေ့ကို ဘယ်သူကမှ အထက်စီးနှင့် ဆက်ဆံသည်ကို မတွေ့ရဖူးခဲ့။

'သမီးများ တစ်ခုခု အပြောအဆို ခံရရင် အမေ ရင်ကွဲရမှာ။ တစ်ခုခုဖြစ်သွားမယ်ဆိုရင် အမေ သေမှာ သိရဲ့လား'

ခက်ပြီ။ အမေ့ကြောင့် ခက်နေပြီ။ နီဝင်း ပို၍ စိတ်ရှုပ်လာရပြီ။

'နေပါဦး အမေရဲ့၊ ကျွန်တော့်ကို ဘယ်သူက ဘာပြောလို့လဲ။ ကျွန်တော်ကကော ဘာတွေဖြစ်နေလို့လဲ။ အမေစိတ်ပူမယ့်သာ ပူနေတာ၊ ကျွန်တော့်ကိုယ် ကျွန်တော် ထိန်းနိုင်ပါတယ် အမေရ။ ညတိုင် ပြန်တယ်ဆိုပေမဲ့လည်း ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါဘူး။ ဟိုကောင်တွေ အမြဲလိုက်ပို့တာပါ'

'ဘယ်ကောင်တွေလဲ'

အမေက ငရုတ်သီးမှုန့် ထောင်းနေရာက ဖြတ်မေးလိုက်ပြန်၏။

'ဇော်မျိုးတို့၊ ချမ်းမောင်တို့ပေါ့ အမေရ၊ သူတို့ အမြဲပါပါတယ်'

အမေ သက်ပြင်းချသည်။ နီဝင်းကို မသိသား ဆိုးရွားရန်ကောဟူသော အကြည့်ဖြင့် ကြည့်သည်။

'ဟဲ့ အဲဒါ မိန်းကလေးတွေမှ မဟုတ်ဘဲ နီဝင်းရဲ့ ယောကျ်ားလေးတွေပဲဟာကို'

အမေ ခပ်ကျိတ်ကျိတ် ကြိမ်းသည်။

နီဝင်းက ဆံပင်ကို လက်ဖြင့် ထိုးဖွရင်း-

'ဟာဗျာ၊ ဘာမှန်းလဲ မသိဘူး။ ခက်လိုက်တာ'ဟု မပွင့်တပွင့် ညည်းလိုက်မိသည်။

'ကဲ အမေ ဘာလုပ်ပေးရဦးမလဲ ပြော'

အမေက သူ့ကို မော့ကြည့်၏။

'အာလူး ပြုတ်ပြီးပြီလား'

'ပြီးပြီဗျ'

'ဒါဖြင့် ပုစွန်ခြောက်ထောင်း၊ နောက်ဖေးက တောင်းထဲမှာ ပုစွန်ခြောက် တစ်ဆယ်သား ဝယ်ခဲ့တာ ရှိတယ်၊ အဲဒါပြီးရင် ညီမလေး ဂါဝန်နှစ်ထည် ဖွပ်လိုက်၊ ဟုတ်လား'

'ကောင်းပါပြီဗျာ၊ အားလုံးလုပ်မယ် စိတ်ချ'

❑

၅။

'မဟုတ်သေးဘူးကွ၊ အဲဒီနေရာမှာ အင်နဲ့အားနဲ့ အော်မှာ'

သံချပ်အဖွဲ့ ညွှန်ကြားရေးမှူး တင်ထွန်းက နေရာ ထရပ်လိုက်၏။ သူကိုယ်တိုင် သရုပ်ဆောင်ပြမည့်သဘော နီဝင်းတို့က ဝိုင်း၍ လက်ခုပ်ဩဘာပေးလိုက်ကြ၏။

www.burmeseclassic.com

တင်ထွန်း ပုဆိုးကို ပြင်ဝတ်သည်။

သံချပ် စာရွက်ကို လက်ကကိုင်ရင်း အားယူသည်။ ဒါပုံစံက ပိုင်ပိုင်နိုင်နိုင် ရှိလှ၏။

*'မိန်းကလေးများ သိစေချင်'*
*ဝတ်စားဆင်ယင် ဆင်ခြင်တတ်ဖို့'*
*'ရွှေရင်လည်ပင်းကို ပုံဆန်းထွင်*
*အစ်ကို၊ အဘများပင် မြင်ဝံ့ပါဘူး'*
*'ခြေသလုံးတစ်ဝက် ထဘီဆင်*
*အမဲရိုးထင်ကာ ခွေးတွေကိုက်လိမ့်'*
*'မြန်မာ့အလှ တို့ရိုးရာ*
*ယဉ်ကျေးတာဟာ ရတနာတစ်ပါး'*

ခေါင်းကိုမော့လိုက်၊ လက်သီးလက်မောင်းတန်းလိုက်၊ ခြေကိုဆောင့်လိုက်ဖြင့် တင်ထွန်းက သံချပ်ကို အားမာန်အပြည့် ဖြင့်ဖော်ပြလိုက်၏။ လက်ခုပ်သံများ ညံသွားပြန်၏။

'တကယ်တော်တယ်၊ အဟုတ်ကိုတော်တယ်။ ဒီနှစ် တော့ မင်းပဲ သံချပ်တိုင်ပါတော့ တင်ထွန်းရာ'

'မဟုတ်ဘူးကွ၊ နောက်တက်မယ့်ကလေးတွေ စင်တင် ပေးချင်လို့ တစ်ဆင့် တစ်ဆင့် လက်ကမ်းပေးသွားရမယ့် အချိန်ရှိတယ်။ ရမှာပါ၊ ရသွားမှာပါ။ ကဲ အောင်ကျော်စိုး လေ့ကျင့်လုပ်ကြည့်ပါဦး။ အစ်ကို၊ အဘများပင် မြင်ဝံ့ပါဘူးဆိုတဲ့ နေရာမှာ မျက်လုံးကို လက်ဝါးနဲ့ကာ၊ လက်ချောင်းကြားထဲက မှ ချောင်းကြည့်နေတဲ့ပုံ လုပ်ရမှာနော်။ ဒါ အပီလုပ်တတ်ရင် ဟာသကွက်ပဲ။ ရအောင်လုပ်'

တင်ထွန်းကိုတော့ နီဝင်းတို့ အစဉ်အောချယူရသည်။ သူများ မမြင်သည့်အကွက်ကလေးများကို သူ မြင်သည်။ သူများ မလုပ်တတ်သည့် သရုပ်ကို သူ ဖော်တတ်သည်။ ဒါမျိုးက သင်ပေး၍ရမည် မထင်။ သံချပ်စပ်ကြစဉ်ကိုက သူက အတိအလင်း ဆိုသည်။

'ကျွန်တော်တို့က အသက် နှစ်ဆယ်ပတ်ဝန်းကျင်မှာရှိတဲ့ လူငယ်အဖွဲ့ပဲဟာ။ ဒီတော့ လူငယ်တွေရဲ့ အကျိုးကျေးဇူးရှိရာ အကြောင်းကိုပဲ အဓိက ဦးတည်ပြီးတော့ စပ်ကြရအောင်။ ဒီနည်းပါးပါး ပြုပြင်ရေးလေးတွေတော့ ပါမှာပေါ့လေ။ သို့သော်မဲ့ လူငယ်ကိုပဲ ဦးစားပေးကြရအောင်၊ မကောင်းဘူး လား'ဟု အကြံပြုခဲ့၏။

သူ ပြောခဲ့သည့်အတိုင်း ရေးလာသည့်သံချပ်က လူငယ် အကျိုးပြု များသည်။ အဆိုးမြင်ဝါဒထက် အကောင်းမြင် ဝါဒကို သူ လက်ကိုင်ပြုထားသည်။ ပြုပြင်စရာကို လှလှပပ လေးတင်ပြသည်။ ဆင်ခြင်စရာကို ပီပီပြင်ပြင် ထုတ်ဖော် ပြသည်။

'တင်ထွန်းရယ်၊ ဒီသံချပ်တွေ နင်ကိုယ်တိုင် စပ်တာ ဆိုရင်တော့ သိပ်ကို တော်တာပဲလို့ ငါ ချီးကျူးချင်တယ်'ဟု နီဝင်းကပြောမိရာ သူက အသံမထွက်အောင် ဆဲသည်။ မေနိုင် ကိုက မယုတ်နဲ့နော်ဟု ကြိမ်းသည်။

'ရှဲဒိုးဝတ္ထုပဲ ရှိပါသေးတယ်ဟ။ သံချပ်မှာတော့ ရှဲဒိုး မရှိသေးပါဘူး။ ငါ့ဦးလေးကလည်း လိုတာ ပိုတာသာ ကြည့်လုပ်ပေးတာပါ။ ခွေးကောင် နီဝင်း'ဟု ပြန်၍ ရှင်းသည်။

ပြောမည့်သာ ပြောရသည်၊ တင်ထွန်းမှာ အနုပညာဗီဇ ကောင်းကောင်းကြီးပါကြောင်း နီဝင်းတို့ အားလုံး သိကြသည်။ နီဝင်းတို့ရှေ့မှာတင် ကဗျာတွေ စပ်ခဲ့သည်မှာ များလှပြီ။ တစ်ခါတလေ သူက ခွေးချီး အခံပိုဒ်စပ်၊ နီဝင်းက အအုပ်ပိုဒ် ဖြည့်ရသည်။ တစ်ခါတစ်ရံ ချမ်းမောင်ရော၊ မေနိုင်ဦးပါ ပါလာကြပြီး လေးယောက်သား လေးချိုး တစ်ယောက် တစ်ပိုဒ်စီ စပ်ခဲ့ကြသည်။ ထိုအခါ တင်ထွန်းနှင့် ချမ်းမောင် တို့၏ အပိုဒ်ကလေးများသည် စကားလုံးရော၊ အတွေးရော၊ ကာရန်ရော သိသိသာသာ တောက်ပြောင်လှပ အရောင် လက်နေစမြဲ။

ပြီး ချမ်းမောင်က အသံကောင်း၊ အဆိုကောင်း။ တစ်ခါ တစ်ခါ ညဘက်များတွင် လမ်းထိပ်က အုတ်ခုံပေါ်၌ထိုင်၍ သီချင်းများဆိုနေလျှင် နီဝင်းတို့မှာ ရေစည်တိုက်ရင်း ရပ်တန့် နားထောင်ခဲ့ဖူးပေါင်းများပြီ။ ထိုအခါ သူက သီချင်းဆိုခြင်း ကို ခဏနားပြီး နီဝင်းတို့ကို ရေစည်ကူတွန်းပေးတတ်၏။

ငယ်ပေါင်းကြီးဖော်ဟုပင် ဆိုရမည်။ သူတို့တွေမှာ မွေး ကတည်းက တစ်ရပ်ကွက်တည်း အတူ နေခဲ့ကြသူများမို့ မောင်နှမဆိုလည်း ဟုတ်သည်၊ ညီအစ်ကိုဆိုလည်း ဟုတ် သည်။ တစ်ယောက်အကြောင်း တစ်ယောက် မသိတာ မရှိ သလောက်ပင်။

တစ်ခုပဲ နီဝင်း မသိလိုက်တာရှိသည်။

ချမ်းမောင်နှင့် ခင်သဇင်တို့ ဘယ်ပုံတွေ့၍ ဘယ်လိုချစ် ကြိုက်သွားကြသည့်အကြောင်း၊ နီဝင်းသိတော့ ချမ်းမောင်နှင့် ခင်သဇင်တို့ ခွာပြဲသွားကြပြီ။ သြော် နီဝင်းသိတာတော့ ရှိပါ သေးသည်။ ဆေးကောလိပ်က မယ်သစ်လွင် အလှဘုရင်မဘွဲ့ ကို ခင်သဇင် ရခဲ့သည့်အကြောင်း၊ ချမ်းမောင်ကို သူကစ၍ မိတ်ဖွဲ့ခဲ့သည့်အကြောင်း၊ သူ့မွေးနေ့တွင် ချမ်းမောင်ကို အထူး ဖိတ်ကြားခဲ့သည့်အကြောင်း စသည်တို့ ဖြစ်လေသည်။

ချမ်းမောင်အကြောင်း တွေးလိုက်မိ၍ နီဝင်း ရင်ခုန် ရပြန်၏။

သန်းဆွေကတော့ မှတ်ချက်ချခဲ့ဖူးပါသည်။

'သိပ်လှတဲ့၊ သိပ်သွက်တဲ့ ကောင်မလေးဆိုတော့ ချမ်း မောင်လည်း အူလည်လည်နဲ့ ပါသွားတာပေါ့ဟာ။ တို့ကောင် ကလည်း လူချော မဟုတ်လား။ ခုတော့ ချမ်းမောင်ထက် ပညာရော၊ ဂုဏ်ရေရော သာတဲ့ကောင် တစ်ကောင်တွေ့သွားတော့ ချမ်းမောင်ကို ထားရစ်ခဲ့တာပေါ့။ အဲမယ် အံ့ဩစရာတော့ အကောင်းသား။ ချမ်းမောင်က ဘာမှမဖြစ်သလို ခပ်တည် တည်ပဲ။ ခင်သဇင့်အကြောင်း စကားစပ်မိလို့ပြောလည်း သူနဲ့ ဘာမှမဆိုင်ခဲ့သလိုပဲ'

'ဟာ၊ ကိုယ့်မချစ်လို့ ပစ်သွားတဲ့ဟာအတွက်များ ခံစား



www.burmeseclassic.com

www.burmeseclassic.com

နေရဦးမှာလား သန်းဆွေရ။ မိန်းမတွေများ ပေါလွန်းလို့'

'တကယ်လား နီဝင်း။ မေက နင့်ကိုပစ်သွားပြီး ဒီ့ပြင် ကောင်တစ်ကောင်နဲ့ တွဲသွားရင်ကော နင် ဒီစကားမျိုး ပြော နိုင်ဦးမှာလား'

'ဘာဆိုင်လဲ'ဟု နီဝင်းပြောမိလုဆဲဆဲ သူ့နှုတ်သူ ပြန် ထိန်းထားခဲ့ရ၏။

ခက်သည်။ သူ့ကိုတော့ အားလုံးကပဲ တစ်မျိုးမြင်နေကြ ပြီ။ အထူးသဖြင့် မေနိုင်ဦးနှင့် ပတ်သက်၍။ တကယ်တော့ နီဝင်း မေနိုင်ဦးကို တခြားမိန်းကလေးတွေထက် ပိုခင်မိသည် မှာ အကြောင်းရှိ၏။ မေနိုင်ဦးက မိန်းကလေးဖြစ်သော်လည်း သူတစ်ပါးအတင်းကို မှဲ့ကာ၊ ရှဲ့ကာ၊ ခနဲ့ကာ မပြောတတ်။ ပြီးတော့ ပင်ကိုစိတ်ရင်းက ဖြူစင်သည်။ ချောမွေ့သော သူ့ ရုပ်သွင်ကဲ့သို့ပင် သူ့နှလုံးသားက လှပသည်။ ထို့ကြောင့် နီဝင်း သူ့ကို ပိုခင်သည်။ တွဲမိသည်။ သို့သော် ပတ်ဝန်းကျင် ကမူ ရုပ်အင်္ကျီကို မချွတ်တမ်းဝတ်ကာ၊ ယောကျ်ားလေးတစ် ယောက်ကဲ့သို့ ဒေါင်းတင် မောင်းတင် သွားတတ်၊ လာတတ်၊ ပြုမူကျင့်ကြံတတ်သော နီဝင်းကို တစ်မျိုးမြင်သည်။

နီဝင်းကလည်း နီဝင်းပင်။ အမြဲတမ်း မျက်နှာပြောင် ကလေးနှင့်။ ပန်းမပန်၊ သနပ်ခါးမလိမ်း။ ပြီးတော့ အကြောင်း ကိစ္စရှိ၍ တာဝန်ခွဲဝေယူကြပြီဆိုလျှင် သူက ဧည့်ခံကြိုဆိုရေး ထဲလည်း မပါ၊ အိုးတိုက် ပန်းကန်ဆေးအဖွဲ့ထဲလည်း မပါ၊ သူပါသည့်နေရာက ကုလားထိုင်သယ်တာတို့၊ ရပ်ကွက်ထဲ လှည့်ဆော်ဩတာတို့၊ ကောင်လေးတွေကြားထဲမှာ သူက စိတ်မြန်လက်မြန် စိတ်သွက်လူသွက်။

ကြာတော့လည်း ကောင်လေးတွေ အားလုံးက နီဝင်းကို မိန်းကလေးတစ်ယောက်ဟု မမြင်ကြတော့ပေ။ နီဝင်းကလည်း ထိုသို့နေရသည်ကို ပို၍ နှစ်သက်သည်။ မိန်းကလေးဘဝ ထက် များစွာ လွတ်လပ်နေသည်ကိုး။

'ရဲရဲ လုပ်ပါကွ၊ အောင်ကျော်စိုးရ။ ဘာမှ ရှက်စရာ မရှိပါဘူး၊ မင်းကလည်း ခွီး'

ဆရာကြီး တင်ထွန်း စိတ်မရှည်တော့ပြီ ထင်သည်။ နေရာမှ တစ်ခါထပြန်သည်။ စာရွက်ကို ကိုင်ကာ အောင်ကျော် စိုးရှေ့ သွားရပ်ပြန်သည်။ အိမ်ရှေ့လမ်းမပေါ်က ကျုံ့အဖွဲ့ သား ပွဲကြည့်ပရိသတ်များထံမှ တဟားဟားရယ်သံကို ကြား လိုက်ရ၏။

လမ်းမပေါ်က အဖွဲ့သားများက ရေပက်မဏ္ဍပ်ဆောက်၍ ရေပက်မည့် အဖွဲ့ဖြစ်သည်။ ထိုအထဲတွင် မုန့်လုံးရေပေါ် စတုဒိသာ တာဝန်ယူထားသည့်သူများ၊ သင်္ကြန်ပူဇော်ပွဲ စီစဉ်မည့်သူများပါသည်။ တကယ်တော့ နီဝင်းက ထိုအဖွဲ့ထဲ တွင် ပါသည်။ အက အဖွဲ့ထဲတွင် မပါ။ သို့သော် မေနိုင်ဦးတို့ အိမ်မှာမို့ သူ အိမ်ပေါ်ရောက်နေခြင်း ဖြစ်သည်။ ပြီးတော့ နီဝင်းတာဝန်က အကတိုက်သည့် မိန်းကလေးတွေ အိမ်ပြန်ပို့ ပေးရသည့် တာဝန်၊ အခြားကောင်လေး သုံးယောက်နှင့်အတူ။

ကနေ့ညတော့ အိမ်စောစော ပြန်မှ၊ နို့မဟုတ် နောက်ရက် တွေမှာ အမေ ကဖျက်ယဖျက် လုပ်နေလျှင် အခက်။ အမေ့ကို ချော့ထားရပေဦးမည်။

နာရီကို ကြည့်လိုက်မိ၏။ ဆယ်နာရီထိုးရန် ဆယ့်ငါး မိနစ်။ အမေ ဆိုင်သိမ်းလောက်ပြီ။ ပွဲတော်ရက် နီးလာသဖြင့် အမေ့လက်သုပ်စုံ ရောင်းအား ကောင်းနေသည်။ ပွဲတော်ရက် တွေအတွင်းဆိုလျှင် သည့်ထက်ပို ရောင်းကောင်းစမြဲ။ ပွဲတော် ရက်ပိုင်းတွင်တော့ ရေပက်သူများ ညနေငါးနာရီခွဲ စခန်းသိမ်း သည်မို့ နီဝင်း အမေ့ကို ကူနိုင်သည်။

'ပြန်တော့မလို့လား နီဝင်း'

နေရာမှထလိုက်သည့် နီဝင်းကို ချမ်းမောင် လှမ်းမေး လိုက်၏။ ချမ်းမောင်ဘေးမှ ယဉ်နွဲ့မူကို တစ်ချက် ပြုံးပြပြီး ခေါင်းညိတ်ပြလိုက်၏။

'နီဝင်းကလည်း စောလိုက်တာ'

ယဉ်နွဲ့မူက ပြောသည်။

'ဟုတ်သား၊ ခဏနေပါဦးတော့။ ဒီတစ်ချီအကတိုက် ပြီးရင် ယဉ်နွဲ့မူနဲ့အတူတူ လိုက်ပို့မှာပေါ့'

ချမ်းမောင်က တားသည်။

'အို၊ ကိစ္စမရှိပါဘူး သွားရဲပါတယ်၊ အဆန်းလုပ်လို့ အမေ့ဆိုင် သွားသိမ်းပေးရဦးမှာ။ ရပါတယ်'

မေနိုင်ဦးက နီဝင်းလက်ကို ဆွဲလျက် လမ်းမပေါ်အထိ လိုက်ပို့၏။ လမ်းမပေါ်ရှိ ပရိသတ်ကြားမှ ကောင်လေးတစ် ယောက်အသံကို ကြားလိုက်ရ၏။

'မေရေ၊ တယ်လှပါလား'တဲ့။ နီဝင်းက တောက်ခေါက် ကာ ဖျတ်ခနဲ လှည့်ကြည့်၏။ မေက နီဝင်းပေါင်ကို ကုတ်ဆ တား၏။ စောစောက အသံလာရာဆီမှ ကျိတ်ရယ်သံကို ကြားလိုက်ရ၏။

'မေ၊ သွား၊ အိမ်ပေါ်တက်တော့'

နီဝင်း မေ့ကို စောင့်ကြည့်နေ၏။ မေနိုင်ဦး အိမ်ပေါ်ရောက် သွားမှ အမေ့ဆိုင်ဘက် ခြေလှမ်းဖြစ်၏။ တောက်၊ အတော် ဗရုတ်ကျတဲ့ကောင်၊ ယောကျ်ားကောင်း မဟုတ်တဲ့ကောင်။ နီဝင်း မကျေနပ်ချေ။ ဘယ်သူဆိုတာ သိချင်လှသည်။

'မနီဝင်း၊ မနီဝင်း'

နောက်ဘက်မှ ခေါ်သံပေါ်လာ၏။

သူ့ကို ခေါ်သည်ဟု နီဝင်း ရုတ်တရက် မထင်မိ။ နို့ မနီဝင်းလို့ သူ့ကို ဘယ်သူကမှ ခေါ်ကြတာမှ မဟုတ်ဘဲ နီဝင်းဟာ အမြဲတမ်း နီဝင်းပဲ။

'မနီဝင်း၊ ခဏလေး'

အသံက ပိုနီးလာ၏။

နီဝင်း နောက်ဘက်သို့ လှည့်၍ ထူးထူးခြားခြား ခေါ်သော သူ့ကို ဓာတ်တိုင်မှ အလင်းရောင်ဖြင့် လှေ့လာလိုက်မိ မြင်ဖူးသလိုလိုတော့ ရှိသည်။ သို့သော် အကျွမ်းတဝင်တော့ မဟုတ်။ သူတို့ရပ်ကွက်ထဲမှ မဟုတ်။ ရပ်ကွက်ထဲက

www.burmeseclassic.com

www.burmeseclassic.com

…ကောင်တွေဆိုလည်း သူ့ကို မနီဝင်းဟု ခေါ်နေမည်မဟုတ်။ …ခြားတစ်ရပ်မှ ဖြစ်ပေလိမ့်မည်။ ဒါဖြင့် ဘာကိစ္စများပါလိမ့်။ နီဝင်း ရပ်စောင့်နေလိုက်၏။

'ကျွန်တော် မနီဝင်းတို့ အမေ့ဆိုင်မှာ လက်သုပ်စုံ စားနေ…ပါ'

သူစိမ်းလူက လက်တစ်ကမ်းအကွာတွင် ရပ်ကာ ပြောနေ…သည်။ ဒါလေး ပြောချင်ရုံနှင့်တော့ ယခုလို တကူးတက …ိုက်လာစရာ အကြောင်းမရှိ။ ပွဲတော်ကိစ္စ အတွက်ပဲလား။

'ကျွန်တော် မနီဝင်းကို လာစောင့်တာ လေးညရှိပါပြီ'

နီဝင်း မျက်မှောင်ကြုတ်သွား၏။ အကြောင်းရင်းမှန်ကို …ာတရက် တွေးလိုက်မိ၏။ နည်းနည်း တစ်မျိုးဖြစ်သွား၏။ …ဆက်တွင် တစ်ခါသာ ကြုံလိုက်ရဖူးသည့် ခံစားချက်။ …ဆဲမှာ ဒိတ်ခနဲ။ သို့သော် ချမ်းမောင်နှင့် ပတ်သက်၍ …ခဲ့သည့် ရင်ခုန်ပုံမျိုးတော့ မဟုတ်။

အနီးအနားသို့ မျက်လုံးဝေ့ကြည့်လိုက်မိ၏။

လူရှင်းနေသည်။ ဟိုး လမ်းထိပ်ဘက်မှာသာ တစ် …ောက်စ၊ နှစ်ယောက်စ။ အင်း…အားတင်းထားမှ။

'ကျွန်တော့်နာမည် ကိုကိုလေးပါ'

အလေးအနက် ပြောနေသူကို ကြည့်ရင်း ဟားချင်လာ၏။

'ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ်'

နီဝင်း ခပ်တည်တည်ပင် ပြန်ပြောလိုက်၏။ အရိပ်အကဲ ကြည့်ရသည်ကတော့ သိပ်မဟုတ်လှ။

'ကျွန်တော် မနီဝင်းကို စိတ်ဝင်စားနေတာ ကြာပါပြီ။ …ဆိုးပါနဲ့နော်။ ဒီစာလေး ယူသွားပေးပါဗျာ၊ ပြီးတော့ …ျိုးအကြောင်းလည်း သိပါရစေ'

ဆင်တိုက်ကြီး ပြောလိုက်၏။ ပြောလည်းပြော၊ ပေး…ည်းပေး။ ပြီးတော့ လှစ်ခနဲ နောက်ကြောင်းပြန် လှည့် …ထွက်သွား၏။ တော်သေး၏။

နီဝင်းသည် ဘယ်လိုက ဘယ်လို သူ့လက်ထဲ ရောက် …မှန်း မသိသည့် စာကလေးကို ကိုင်ရင်း ရပ်ကျန်ရစ်၏။

စောစောက မေနိုင်ဦး။

ခု သူ။

နီဝင်း ဟန်မဆောင်နိုင်ဘဲ အသံထွက်၍ ရယ်ချလိုက်မိ…၏။

□

၆။

'ဟယ်တော့… အဖူးတွေကို အများကြီး'

နီဝင်းသည် ချမ်းမောင်တို့ အိမ်ရှေ့မှ ပိတောက်ပင်ကို …ကြည့်ရင်း အားပါးတရ ပြောမိ၏။ မနှစ်က မပွင့်သေး၊ …နှစ်မှ စပွင့်ခြင်းဖြစ်သည်။

စိမ်းမြနေသော ပိတောက်ရွက်တွေကြားမှ အဖူးကလေး…များ တိုးထွက်နေပုံမှာ ချစ်စရာကောင်းလှသည်။ အကိုင်းတိုင်း …အဖူးတွေ၊ ပွင့်သာပွင့်လျှင် ရွှေဝါရောင်တောက်လို့ တစ်ပင်လုံး ဝင်းထိန်နေမှာ လှလိုက်မယ့် အမျိုး။ ပိတောက်ပွင့်လျှင် ချမ်းမောင်က ယဉ်ခွဲမှုကို ပန်းဆက်လိမ့်မည် ထင်သည်။

'ဟဲ့ သမီး နီဝင်းလား။ လာလေ၊ ဟိုကောင်ကြီးကတော့ အိပ်တုန်း'

ချမ်းမောင့်အမေ ထွက်လာ၍ ခေါ်သည်။

ချမ်းမောင့် အဖေကတော့ သူ့လက်သမားသုံး ကိရိယာတွေနှင့် အိမ်ပေါ်မှ ဆင်းလာသည်။ သူ သင်္ကြန်မဏ္ဍပ်ဆောက်ဖို့ သွားတော့မည်ဖြစ်ကြောင်း နီဝင်း သိလိုက်၏။ နီဝင်းတို့ အရပ်မှာတော့ အားလုံး ဝိုင်းအုံကူညီလုပ်ဆောင်ပေးလေ့ရှိသည်မှာ အကျင့်ဖြစ်နေပြီ။

'ဟင် အိပ်တုန်းလား။ တကတဲ အအိပ်ကလည်း ကြီးပါ့တော်။ အမေ နှိုးလိုက်စမ်းပါ'

ချမ်းမောင်တို့ အမေကို နီဝင်းက အမေဟုပဲ ခေါ်သည်။ ဒါကလည်း အဆန်းမဟုတ်တော့ပါ။ သူတို့တွေအားလုံး တစ်ယောက်အမေကိုတစ်ယောက် အမေဟုခေါ်ခဲ့ကြတာ လူမှန်းသိတတ်စကတည်းကဟာပဲ။

ချမ်းမောင်အမေ ချမ်းမောင်ကို နှိုးသည့် 'နီဝင်းလာနေတယ်ဟဲ့' ဟူသော အသံကို ကြားရသည်။ 'ညက တစ်နာရီထိုးမှအိပ်ရတာ၊ ဘာလာရှုပ်ပြန်လဲ မသိဘူး။ ဒီခွေးမလေးဟာ' ဟု တမင် မကြား ကြားအောင် ပြောသည်ကို နီဝင်း ကြားတော့ နှုတ်ခမ်းစူမိသည်။

'နီဝင်း လာ၊ ကောက်ညှင်းပေါင်းထားတယ်၊ စားလှည့်ဦး သမီး'

ဆားဆီနှင့် ကောက်ညှင်း လေး ငါးဆုပ် စားပစ်လိုက်၏။ ခဏနေတော့ ချမ်းမောင် မျက်လုံးကြီး နီနီဖြင့် အနားလာထိုင်၏။ အိပ်ချင်မူးတူး ဖြစ်နေပုံကြီးကို ကြည့်ကာ နီဝင်း ရယ်ချင်နေ၏။

'ငါ ညက တစ်နာရီထိုးမှ အိမ်ပြန်ရောက်တာ နီဝင်းရ'

'အောင်မယ်လေး၊ သိပါတယ်နော်။ ရွှေမင်းသမီးကို ကြပ်ကြပ်မတ်မတ် ဂရုတစိုက် အချိန်ယူ အကတိုက်ပေးနေတယ်ဆိုတာ'

လွှတ်ခနဲ ပြောလိုက်မိပြီးမှ နီဝင်း ရှက်သွား၏။ သူသည်လို တစ်ခါမျှ မပြောတတ်စဖူးခဲ့။ သူ့ကိုယ်သူ အံ့သြနေမိ၏။

'နေပါဦး၊ နီဝင်းကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ'

ချမ်းမောင်က ကြည့်နေရင်း မှတ်ချက်ချ၏။

'အေး၊ အမေလည်း ပြောမလို့၊ သမီးကြည့်ရတာ ပိုလှနေသလိုပဲ'

'ဟာ… အမေကလဲ'

နီဝင်း ပိုရှက်သွားသည်။ ပို၍ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်လိုက်မိ၏။ မလုံမလဲဟန်ကလေးနှင့်။

'အောင်မယ် ငါသိပြီ။ ဟား… ဟား… ဟား…ဟား'

ချမ်းမောင်က သူ့ကို စေ့စေ့ကြည့်ကာ အားရပါးရရယ်ပါလေတော့သည်။ နီဝင်း မနေတတ်တော့။


www.burmeseclassic.com

www.burmeseclassic.com

'အမေ၊ သေသေချာချာကြည့်ပါဦး၊ နီဝင်းက သနပ်ခါးလိမ်းလာတာ အမေရ။ အောင်မယ်၊ ပြီးတော့ သူက မိန်းမရင်စေ့အင်္ကျီကလေး ဝတ်လာတာ။ လက်စသတ်တော့ ဒါကြောင့်ကိုး။ တကယ်ဟာ နီဝင်း နင်သိပ်လှတယ် သိလား'

နီဝင်း နှလုံးသားတွေ လှုပ်ခတ်သွား၏။

ချမ်းမောင်သည် တခြား မိန်းကလေးများနှင့် သိပ်ရင်းရင်းနှီးနှီး မနေတတ်သော်လည်း နီဝင်းနှင့်ကျတော့ တစ်မျိုး။

'နင် ဒီလောက်လှမှန်း မသိလို့ဟာ၊ နို့မဟုတ်ရင် ငါ နင့်ကို အတင်း အကနိုင်းမှာ'

နီဝင်း ရင်ထဲ စူးသွား၏။

ယဉ်ရွှဲ့မူကို မြင်ယောင်လာသည်။ မနေ့ညက ချမ်းမောင်နှင့် ယဉ်ရွှဲ့မူတို့နှစ်ယောက် ဘာတွေပြောနေကြသည်မသိ။ အတော့်ကို ကြာသည်။ နှစ်ယောက်သား ခေါင်းချင်းထိမိတော့မတတ် စိတ်ပါဝင်စားစွာ ပြောနေပုံကို ကြည့်မရဖြစ်ပြီး နီဝင်းအစောကြီး ပြန်ခဲ့၏။ အမေကတောင် အံ့ဩလို့။

'ယဉ်ရွှဲ့မူက တို့ထက် အဆတစ်ရာ လှပါတယ်ဟာ၊ ပြီးတော့ သူက အရာရှိသမီး၊ တက္ကသိုလ်ကျောင်းသူ။ တို့က မုဆိုးမသမီး၊ ဆင်းရဲသား၊ ပညာမဲ့'

နီဝင်းက မီးဖိုထဲဆင်းသွားသော ချမ်းမောင့်အမေကို လှမ်းကြည့်ရင်း အသံကလေးတုန်တုန်ဖြင့်ပြောမိသည်။ မျက်နှာထားက ငိုတော့မလိုလို၊ သူ့စိတ်တွေပွဲလွင့်နေသည်။ ထိန်းမရ။

'ဟာ၊ နီဝင်း'

ချမ်းမောင်က ရှေ့သို့ တိုးလာပြီး နီဝင်းကို စေ့စေ့ကြည့်၏။ စူးစမ်းကြည့်။

'အဲဒါ ငါနဲ့ ဘာဆိုင်လို့လဲ၊ သူ့ဘာသာသူ ဘာကြီးသမီးဖြစ်နေနေ၊ ငါနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်မှာပေါ့၊ ခု မဆိုင်လည်း နောက်ဆိုင်လာမှာပေါ့၊ ခင်သဇင်လိုပဲပေါ့'

ပြောပြီး သက်ပြင်းကို ခိုးရှိုက်လိုက်မိ၏။

'ဟင်'

ချမ်းမောင် အမှတ်မထင် ရေရွတ်လိုက်မိ၏။ သူသည်နှုတ်ခမ်းပါးလေး ချွန်နေအောင် စကားဆိုခဲ့သည့် နီဝင်းကိုငေးကြည့်နေရာက သူ့မျက်လုံးတွေ မှိုင်းဝေလာသည်။ လွတ်ခနဲ ခေါ်လိုက်မိသည်။

'နီဝင်း…'

နီဝင်းက သူ့ကို စူးစူးပါအောင် ပြန်စိုက်ကြည့်လိုက်၏။ ရှည်လျားသော မျက်တောင်တို့ခြံရံထားသည့် မျက်လုံးကလေးများက တဖျပ်ဖျပ် အရောင်တောက်လျက်။

'နင် စိုးရိမ်နေတယ် မဟုတ်လား'

မေးမယ့် မေးတော့လည်း တိုက်ရိုက်ကြီး။

နီဝင်း မျက်လုံးကလေးများကို မျက်တောင်ရှည်ကြီးများက အုပ်ထားလိုက်၏။

'ဟုတ်တယ်မဟုတ်လားဟင်၊ တကယ်တော့ ငါ… ငါကလည်း နင့်ကို စိုးရိမ်နေတာပါ နီဝင်းရယ်'

'ငါ့ကို စိုးရိမ်တယ်၊ ဘာကိုလဲ'

အပြစ်ကင်းစင်လှသော၊ ပွင့်လင်းရိုးစင်းလှသော မျက်လုံးကလေးများကို ချမ်းမောင် ရင်ဆိုင်လိုက်ရပြန်၏။ တကယ့်ကိုဟန်ဆောင်မှု ကင်းသူလေးပေပဲ။

'ဩော် နီဝင်းရယ်၊ ငါလည်း သိတာပေါ့။ နင့်ကို ကိုကိုလေးက စာပေးတဲ့အကြောင်း၊ ဇော်မျိုးက ရည်းစားစကားပြောတဲ့အကြောင်း…'

'ဟာ…'

မျက်နှာဖြူဖြူကလေး ပန်းသွေးဆိုးလိုက်သလို ရဲတက်သွား၏။

ချမ်းမောင့်အမေများ တက်လာမလားဟု မီးဖိုထဲ လှမ်းကြည့်လိုက်မိသေး၏။

'အဲဒီတော့ နင် တစ်ယောက်ယောက်ကို ချစ်သွားမလားလို့ ငါ စိုးရိမ်နေမိတာပေါ့ နီဝင်းရယ်'

ချမ်းမောင်ပါ လွတ်ထွက်သွား၏။

နီဝင်း နှုတ်ခမ်းကလေး ချွန်လာ၏။ သို့သော် ဘာမှမပြောဖြစ်။ မျက်လုံးကလေးတွေ အောက်ပြန်စိုက်ကျသွား၏။ ချမ်းမောင်နှင့်ကျတော့ နီဝင်း အလွန်ပင် ရှက်နေမိပြီလေ။

'တို့ ဆယ်တန်း အတူတူ စဖြေကြတဲ့နှစ်ကို မှတ်မိတယ်မဟုတ်လား၊ နီဝင်း သချာ်ဖြေမရလို့ ငိုတုန်းကလေ၊ တို့အိမ်ကို လိုက်ပို့ပေးခဲ့တာလေ၊ နီဝင်းမှတ်မိလား'

အသာ ခေါင်းညိတ်ပြလိုက်မိ၏။

'အဲဒီကတည်းက တို့ နီဝင်းကို ချစ်နေခဲ့တာ'

'အမယ် မညာပါနဲ့၊ ဒါဖြင့် ဘာဖြစ်လို့ ခင်သဇင်နဲ့ဖြစ်ကြသေးလဲ'

စွာသံကလေးက ချက်ချင်းပေါ်ထွက်လာ၏။

ချမ်းမောင်ပြုံးသည်။ သို့သော် ကြည်ကြည်လင်လင်မဟုတ်။

'ယောကျ်ားကောင်းတစ်ယောက်အနေနဲ့ မိန်းကလေးတစ်ယောက်ရဲ့အတင်းကို မပြောပါရစေနဲ့ နီဝင်းရယ်။ လွန်တာတွေကို ခွင့်လွှတ်ဖို့ပဲ တောင်းပန်ပါရစေ။ တို့ နီဝင်းကို ချစ်ခဲ့တာ ကြာခဲ့ပေမဲ့ နီဝင်းက ကလေးလိုနေတော့ တို့ ဖွင့်မပြောရက်ခဲ့လို့ပါ။ ဒါ သစ္စာစကားပါ နီဝင်းရယ်'

ချမ်းမောင် အပြောထဲဝယ် နီဝင်းမျောပါသွား၏။ အင်းပေါ့လေ သူကတော့ ပြောတတ်မှာပေါ့ အချစ်မှာ အတွေ့အကြုံရှိပြီးသား ယောကျ်ားတစ်ယောက်ပေပဲ။ အရိုင်းမလေး နီဝင်းမှာတော့ ရင်တွေ တဖျပ်ဖျပ်ခုန်၍ မဆုံး။

ခဏ တိတ်နေသည်။

'နီဝင်း တို့ပြောတာ ယုံရဲ့လား'

'ယုံဖို့ ကြိုးစားဦးမယ်'

'ဟင် ဘာဖြစ်လို့'

'ဘာဖြစ်လို့လဲဆိုတော့ မနေ့ညက သူနဲ့ ယဉ်ရွှဲ့မူတို့…



www.burmeseclassic.com

www.burmeseclassic.com

…တွေပြောနေကြတာလဲ၊ သူတို့နှစ်ယောက် သိပ်ရင်းနှီး…'

'ဟာ ဟာ၊ တလွဲတွေတော့ ဖြစ်ကုန်ပြီ၊ ထင်တော့ ထင်… ဒါကြောင့် နီဝင်း ခုတလော တို့ကို ဘုတောတောနေ…။ ယဉ်နွဲ့မူကို ခင်မောင်ဝင်းတို့အိမ်က သိပ်သဘောကျ…ဟ၊ ခက်တာက ယဉ်နွဲ့မူက သူ့အဆက်နဲ့သူ။ ခင်မောင်…တော့ ကြိုက်တာပေါ့ဟာ၊ ဒါပေမဲ့ သူက ထိန်းရှာ…ယ်။ အဲဒီပြဿနာဟ'

နှစ်ယောက်သား လွှတ်လပ်ပွင့်လင်းစွာ ရယ်ချလိုက်မိ…။

'ဟော့ ဟော့၊ အောင်မယ်'

အော်ပြောသံနှင့်အတူ ခင်စိန်လှနှင့် သန်းဆွေတို့ အိမ်ပေါ်…က်လာကြ၏။

'ငါကဖြင့် ရှစ်နာရီကတည်းက အိမ်မှာ စောင့်နေလိုက်ရ… မလာနိုင်တာနဲ့ နီဝင်းတို့အိမ် လိုက်သွားတော့ ထွက်သွား… ကြာလှပြီတဲ့။ ချမ်းမောင်တို့ဆီဆိုလို့ သန်းဆွေကို ဝင်ခေါ်… လာခဲ့ရတာ'

ခင်စိန်လှက ကောက်ညှင်းပေါင်းကို ပလုတ်ပလောင်း…ရင်း တတွတ်တွတ် ပြောသည်။

'နေပါဦး ဘာဖြစ်လို့များ ဒီလောက်အရေးကြီးနေကြ…ပါလိမ့်'

ခင်စိန်လှက မျက်စောင်းထိုး၏။

'ဟင် ချမ်းမောင်၊ ကန်တော့ဖို့ ပစ္စည်းတွေနဲ့ ကျွေးဖို့ မွေးဖို့ ပစ္စည်းတွေ ဒီနေ့ သွားဝယ်ရမယ်လေ၊ တို့ချိန်းထားတာ မေ့နေသလား'

ချမ်းမောင် နီဝင်းကို လှစ်ခနဲ ကြည့်၏။ နီဝင်းက လျှာကလေး တစ်လစ်ထုတ်ကာ မလုံမလဲ ပြုံးနေ၏။ သူလည်း လာရင်းအကြောင်းကို မေ့နေခဲ့မိသည် မဟုတ်လား။

'ဟာ ဆောရီးကွာ သန်းဆွေ၊ ခဏလေးနော်၊ အင်္ကျီလဲလိုက်ဦးမယ်။ အမေရေ ကျွန်တော်တို့ မြို့ထဲထွက်ဦးမယ်'

နီဝင်းလည်း ရောယောင် ထလိုက်မိ၏။

'ဟယ် နီဝင်း လှလို့ပါလား'

တအံ့တသြ ရေရွတ်သံက ပြိုင်တူ။

'မိန်းမအင်္ကျီတွေ ဘာတွေ ဝတ်လို့၊ တယ်လှပါလား'

'အောင်မယ် နောက်ဆိုရင် ပန်းတောင် ပန်းတော့မှာ၊ ဘာသိလဲ။ အိမ်ရှေ့က ပိတောက်ပင်ကြီး ပွင့်ရင် တစ်ပင်လုံး သူပန်မှာတဲ့။ ဘယ်သူ့မှ မပေးရဘူးတဲ့ဗျား'

နီဝင်းက ပိုစကတ် နောက်ကျောမှ ကဗျာကလေးကို မြင်လာ၏။

'ဟင်း ချမ်းမောင်နော်'

ရှက်ပြုံးကလေးပြုံးရင်း အင်္ကျီခါးစကလေးကို ဆွဲချနေပုံကို ချမ်းမောင် ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေမိလေသည်။ ■

**ကြူကြူသင်း**

*(အမှတ် ၅၉၊ ၁၉၈၆ ခုနှစ်၊ ဧပြီလ၊ ပေဖူးလွှာမဂ္ဂဇင်း။)*

Dictionary for All

သာလွန်

အင်္ဂလိပ်-မြန်မာ

THALUN
Bookstore
Yangon

အဘိဓာန်

သာလွန်စာအုပ်တိုက်

၁၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၁၈
၅၂၉၊ ကုန်သည်လမ်းနှင့် ၁၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၀၁၈၊ ၁၈၂၂၈၀
၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့်၊ … မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၉၉၂၂၅



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/ –) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

**စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်**

ဖုန်း၀၇၂–၂၂၀၃၄၊ ၀၇၂–၂၁၅၄၁၊ ၀၉–၆၄၆၁၆၉၉၊ ၀၉–၉၁၀၄၁၇၁၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ) ဖုန်း၀၉–၉၁၀၂၁၇၈၇၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂–၁၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉–၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(၀၀ဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉–၇၃၂၀၂၀၁၀)၊

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉–၅၁၅၂၂၅၇)

ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း။ ဗဟန်းမြို့နယ်။ ဖုန်း၀၉–၅၁၂၂၀၀၃)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း။ အလုံမြို့နယ်။ ဖုန်း ၀၁–၂၂၀၅၁၉၊ ၀၉–၇၃၀၇၂၄၉၂)

ဒေါ်မြင့်မြင့်စန်း(အမှတ် ဂ၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၀–၅၁၉၅၀၉၊ ၀၉–၇၃၁၀၉၁၃၄)

ဒေါ်စန်းစန်းဦး(Real Gems)(အေ–၁၀၊ အမှတ် ၂၃–၂၅၊ ရွှေဂုံတိုင်သာ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၁–၂၅၂၂၇၂၊ ၀၉–၅၀၀၂...

ဒေါ်စန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)(အမှတ်–၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁–၂၃၀၀၄၂၇၊ ၀၁–၂၃၀၀၄၂၀)

ကလျာမဂ္ဂဇင်းတိုက်(ရုံးချုပ်)(အမှတ် ၁၆–ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁–၂၉၁၇၆)

ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံ၌ ၂၂.၆.၀၇ တွင် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ကုသရေးဌာန (Endoscopy Unit) ဖွင့်လှစ်နိုင်ရန် အောက်ပါအလှူရှင်မိသားစုက ငွေကျပ် သိန်းတစ်ထောင်တိတိ မတည် လှူဒါန်းသည်ကို အများသာဓုခေါ်ဆိုနိုင်ရန် ဖော်ပြအပ်ပါသည်။

## ENDOSCOPE အလှူရှင်

- လွယ်ဟိန်းကုမ္ပဏီ မိသားစု ငွေကျပ် သိန်း ၁၀၀၀ (သိန်းတစ်ထောင်...
  (ဩဝါဒါစရိယ ဆရာတော်ဘုရားများနှင့် အလှူရှင်မိသားစုများက ခွဲစိတ်ဆရာဝန်ကြီးများ၊ မေ့ဆေးပါရဂူများ၊ ပါမောက္ခသမားတော်များနှင့်အတူ ဖွင့်ပွဲကျင်းပခဲ့ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

ခွင့်လှစ်ထားပြီးဖြစ်သည့် သည်းခြေကျောက်တည် ဝေဒနာရှင်များကို ခွဲစိတ်ကုသပေးနေသည့် (Laparoscopy Unit) အတွက် လိုအပ်သော ခွဲစိတ်ပစ္စည်းကိရိယာများ အစားထိုးလဲလှယ်၊ ဖြည့်တင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်း အလှူရှင်အသီးသီးတို့က ကုသိုလ်ဖိတ်ကြသည်ကို ဖော်ပြအပ်ပါသည်။

## Laparoscope နှင့် အပိုပစ္စည်းအလှူရှင်များ

- ဦးမောင်မောင်ခင် + ဒေါ်ခင်ညို မိသားစု — ကျပ်သိန်း ၂၀၀
  ၁၀၃၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့။
- ဦးစံရင်(မြန်မာမှုအင်ဂျင်နီယာ) + ဒေါ်သောင်းသောင်း မိသားစု — ကျပ်သိန်း ၁၀၀
  မလွန်ထန်းလျက်တန်း၊ မန္တလေးမြို့။
- နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ်
  ဒေါက်တာ နေဇင်လတ် + ဒေါ်ခင်စန်း(CEO, AMBO Group of Cos.) မိသားစု — ကျပ် သိန်း ၇၀
- ဦးကြည်လင် + ဒေါ်ခင်မေ မိသားစု
  ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ — ကျပ် ၁၂ သိန်း
- ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)နှင့် ခွဲစိတ်ဆရာဝန်ကြီး — US$ 7000
  Dr. ဦးမင်းသိန်းသောင်း + OG ဒေါက်တာ ဒေါ်ခင်နွယ်ဝင်း မိသားစု၊ အမေရိကန်နိုင်ငံ
- ခွဲစိတ်ဆရာဝန်ကြီး Dr. Robinchan + Dr. Rosaria Pao Linelli မိသားစု၊ — US$ 7000
  အီတလီနိုင်ငံ

## ဓာတ်ခွဲခန်းဆောင် အလှူရှင်

- ဦးမြင့်သိန်း + ဒေါ်ကြူကြူဝင်း(ဦးလေးကြီး ကျောင်းဝတ်စုံ)မိသားစု — ကျပ်သိန်း ၇၀
  ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။

ချက်ဗီဇီတဒါန သံယာ့ဆေးရုံ၊ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့များ၏ ပဓာနဦးဆောင်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဒေါက်တာ ဘဒ္ဒန္တလက္ခဏမဟာထေရ်(ဒီဦးပါရဂူ)က ကျန်းမာရေးစောင့်ရှောက်ရန် တပည့် ဒကာ၊ ဒကာမများလှူဒါန်းထားကြသည့် သောမှ ဝတ္ထုငွေများကို အကျိုးများစေရန်–

## နန္ဒလေးပြည်သူ့ဆေးရုံကြီး

- နှလုံးရောဂါအထူးကုဌာနသို့ — ငွေကျပ် သိန်း ၁၀၀
- အစာအိမ်၊ အူလမ်းကြောင်း အထူးကုဌာနသို့ — ငွေကျပ် သိန်း ၁၀၀
- ကင်ဆာရောဂါကုဌာနသို့ — ငွေကျပ် သိန်း ၅၀
- အနုမြူဓာတ်ရောင်ခြည်ကုသဌာနသို့ — ငွေကျပ် ၂၅ သိန်း

ပေါင်း ငွေကျပ် ၂၇၅ သိန်းကို ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခဌာနမှူးများ လက်ဝယ်သို့ ၅-၁၄ ရက်နေ့တွင် ဆရာတော်ဘုရားကိုယ်တော်တိုင် လွှဲပြောင်းအပ်နှံလှူဒါန်းပြီး ရေစက်ချပေးတော်မူသည်ကို ဗီဇီတဒါန ကုသိုလ်ရှင်များ သာဓုခေါ်ဆိုနိုင်ရန် ဖော်ပြအပ်ပါသည်။

*(ထာဝရငွေစာရင်း ဆက်လက်ဖော်ပြပါမည်။)*

www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၂၉၆၊ ဇူလိုင်၊ ၂၀၁၄

ရုပ်စုံမဂ္ဂဇင်း

ပြန်လည်တူးဖော်ခြင်း

ရွှေအမြုတေမဂ္ဂဇင်းတွင် မြန်မာစာပေလောကမှ ထင်ရှားကျော်ကြားသော စာရေးဆရာကြီး၊ ဆရာမကြီးများ၏ လွန်ခဲ့သော နှစ်ပေါင်းများစွာက ရေးသားခဲ့သော အနုပညာလက်ရာများကို ယခုခေတ် လူငယ်များ ဖတ်ရှုနိုင်ကြစေရန်နှင့်အတူ ဆရာကြီး၊ ဆရာမကြီးများ၏ ရေးဟန်၊ တွေးဟန် လက်ရာများကိုလည်း လေ့လာစေလိုသော ဆန္ဒဖြင့် ပြန်လည်တူးဖော်ခြင်း ကဏ္ဍကို ဖော်ပြခြင်းဖြစ်ပါသည်။ ယခုလဖော်ပြမည့် စာရေးဆရာ မောင်သော်က၏ 'ခဲချက်ပုံကြွမ်း' စာစုသည် မြတ်လေးမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော စာမူဖြစ်ပါသည်။ ဆရာမောင်သော်ကသည် မြန်မာစာပေလောကတွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ ရေးသားသူအဖြစ် ထင်ရှားသူဖြစ်ပါသည်။ အထူးသဖြင့် သရော်စာများ ရေးရာတွင် ထင်ရှားသူ တစ်ဦးဖြစ်ပါသည်။ ဆရာမောင်သော်ကသည် ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရ၏ နှစ် ၂၀ ထောင်ဒဏ် ချမှတ်ခံခဲ့ရပြီးနောက် အကျဉ်းထောင်တွင် လုံလောက်သော ဆေးဝါးကုသမှု မရရှိဘဲ ၁၉၉၁ ဇွန် ၁၁ ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့ပါသည်။ ဆရာကွယ်လွန်သွားသော်လည်း ဆရာ၏ စာပေလက်ရာများမှာ ယခုကာလတိုင်အောင်ပင် ခေတ်မီလျက်ရှိဆဲဖြစ်ပါသည်။ ဆရာ၏လက်ရာကို ဖတ်ရှုလေ့လာနိုင်ရန် ဆရာ၏ဘဝဖြတ်သန်းမှု တစ်စိတ်တစ်ဒေသကို ခဲချက်ပုံကြွမ်း ရေးသားခဲ့သည့် စာစုကို ဖော်ပြလိုက်ပါသည်။

■ အယ်ဒီတာ

# ခဲချက်ပုံကြွမ်း

## မောင်သော်က

### ဘဝ စားမြုံ့ပြန်ခြင်း

'ဘဝဆိုသည်မှာ ကြမ္မာ၏တွန်းပို့ချက်သာလျှင် ဖြစ်သည်။ အနည်းငယ်သောသူများသာလျှင် ရွေးချယ်ခွင့်ရသည်။ Life is all compulsion, few have any choices 'လို့ ဆိုတာပဲဗျ။ မောင်သော်ကအဖို့တော့



www.burmeseclassic.com

www.burmeseclassic.com

သွေးထွက်အောင် မှန်တယ်လို့ ဆိုရမယ်။ ကိုယ့်ဘဝကို ကိုယ် စားမြုံ့ပြန်တဲ့အခါ ဘဝမှာ ကိုယ် ကြိုက်ရာ ရွေးချယ်ခွင့်မရခဲ့ပါဘူး။ ဘဝကြမ္မာကသာ မောင်သော်ကကို သူ ထင်သလို စိုးမိုးခြယ်လှယ်တာ ခံခဲ့ရပါတယ်။ တကယ်ဆိုတော့ မောင်သော်ကဟာ ဘဝမှာ ဆရာဝန်တစ်ယောက် ဖြစ်ချင်တဲ့ဆန္ဒရှိခဲ့ပါတယ်။ ဒါပေမဲ့ မောင်သော်ကကို ပညာသင်ပေးခဲ့တဲ့ မိဘလို အစ်ကိုက သူ့လိုပဲ အင်ဂျင်နီယာဖြစ်စေချင်တဲ့ဆန္ဒနဲ့ အင်ဂျင်နီယာအတတ်သင်စေဖို့ လိုလားခဲ့ပါတယ်။ သို့သော် မောင်သော်ကဟာ သူ ဖြစ်ချင်တဲ့ဆရာဝန်လည်း






www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မလာ၊ သူ့အစ်ကို ဖြစ်စေချင်တဲ့ အင်ဂျင်နီယာလည်း ဖြစ်မလာဘဲ မဆီမဆိုင်နဲ့ ရေတပ်ဗိုလ် ဖြစ်လာခဲ့ရပါတယ်။ ပင်လယ်မဆိုထား မြစ်ချောင်းကြီးကြီးမားမားမျှ မမြင်ဖူးတဲ့ အညာသားတစ်ယောက် ရေတပ်မှာ အရာရှိဖြစ်လာခဲ့ရခြင်းပါ။

နောက်ပြီး ဘယ်တုန်းကမျှ မရည်ရွယ်ခဲ့တဲ့ စာရေးဆရာ ဖြစ်လာရပါတယ်။ အိမ်ထောင်ရေးမှာလည်း ဒီအတိုင်းပါပဲဗျာ။ ရွေးချယ်ခွင့်နဲ့မဟုတ်ဘဲ ကံကြမ္မာရဲ့ညှပ်ပူးညှပ်ပိတ်ကြားမှာ အညှပ်ခံ အညှံ့ခံခဲ့ရတာပါ။ ဒါတော့ စာရေးဆရာများလည်း မိန်းမကြောက်ရသူများဖြစ်တဲ့အတိုင်း အကျယ်တဝင့်မပြောတော့ပါဘူးဗျာ။ မောင်သော်ကဟာ အချစ်မျက်ရည်နဲ့ အသည်းကို ရင်းနှီးစားတဲ့ စာရေးဆရာတစ်ယောက်ဆိုရင် သိပ်ကောင်းတဲ့ဇာတ်လမ်းတွေ ရှိပါတယ်။ ဘယ် မောင်သော်ကလည်း ငယ်ငယ်ကတော့ ခေသူမဟုတ်ဆိုတဲ့သူပါ။ နောက် ကြီးလာမှ ခေတာပါ။ အိမ်ထောင်ရေးသာလျှင် မဟုတ်သေးဘူး။ အသက်မွေးဝမ်းကျောင်းမှုမှာလည်း ကံကြမ္မာရဲ့ရိုင်းပျမှုကြောင့် အမှားတွေ ဆက်တိုက်လုပ်ခဲ့မိတယ်။ ဒီနေရာမှာ မောင်သော်ကရဲ့ မိတ်ဆွေ ရေတပ်စက်မှုအင်ဂျင်နီယာတစ်ယောက် ပြောခဲ့တာက ပိုသဘာဝကျတယ်။

သူက ပြောတယ်။

'ကျုပ်ဗျာ…တစ်သက်မှာ တစ်ချက်တည်းနဲ့ အမှားသုံးရပ်ကို တစ်ပြိုင်နက် ကျူးလွန်ခဲ့မိလျက်သား ဖြစ်ခဲ့တယ်။ (၁)ဘာသာရေးလိုင်း အရွေးမှားခဲ့တယ်။ (၂) အလုပ်ရွေးမှားတယ်။ (၃)ရေတပ်ထဲ ဝင်တာတောင်မှ အင်ဂျင်နီယာတပ်ဖွဲ့ကိုမှ ရွေးမိတာ မှားတယ်'လို့ ပြောခဲ့ပါတယ်။ ကုသိုလ်ကံဆိုတာ ဒီလိုပါပဲ။

ငယ်စဉ်ဆိုတာ စိတ်ကူးယဉ်အိပ်မက်တွေ မက်ခဲ့ကြဖူးပါတယ်။ မောင်သော်က ငယ်စဉ်ကတော့ စစ်ထဲဝင်ဖို့ဆိုတာ အိပ်မက်တောင် မမက်ခဲ့ပါဘူး။ မောင်သော်က အသက်အားဖြင့် ဆယ်ကျော်သက်အရွယ် မပြည့်မီမှာ ဒုတိယကမ္ဘာစစ်ကြီးဟာ ပြီးဆုံးသွားခဲ့ပါတယ်။ စစ်ကြီးပြီးတော့ မောင်သော်က အသက်ဟာ ၁၈ နှစ်တောင် မပြည့်သေးပါဘူး။ ရွှေဘိုမှာ စစ်အတွင်းက ပညာသင်ပျက်ခဲ့ရတဲ့ နှစ်တွေကို ပြန်လည်ပညာဆည်းပူးခဲ့ရပါတယ်။ စစ်ပြီးတော့ ရှစ်တန်းမှာပေါ့။ အဲဒီအချိန်က ရွှေဘိုမြို့ပေါ်မှာ မဟာမိတ်စစ်တပ်တွေ ပြည့်နေအောင်ရှိတယ်။ အဲဒီအင်္ဂလိပ်စစ်တပ်မှာ မော်တော်ဆိုင်ကယ်စီး စာပို့ဆက်သားကို မောင်သော်က သဘောအကျဆုံးပါပဲ။ စစ်တပ်မှာ သူ အကြီးဆုံးလို့ မောင်သော်ကက ထင်တာပါပဲ။ ဟုတ်တယ်လေ၊ ကြည့် သားရေဂျာကင်ဝတ် ခြောက်လုံးပြူးသေနတ် ခါးထိုးပြီး သံခမောက်နဲ့၊ မျက်နှာဖုံး မျက်မှန်နဲ့၊ သားရေလက်အိတ်နဲ့၊ တစ်နေ့လုံး တဖုံးဖုံး မော်တော်ဆိုင်ကယ်စီး လျှောက်သွားနေတာ။ သူ့ကို ပြောမယ့်လူလည်းမရှိ၊ တပ်ထိန်းကလည်း သူ့ကို မဖမ်းနဲ့၊ မောင်သော်က လူငယ်ဘဝမှာ အားအကျဆုံးဟာ အဲဒီစစ်တပ်က မော်တော်ဆိုင်ကယ်စီး စာပို့ဆက်သား Despatch Rider ပါပဲခင်ဗျား။

'ငါသာ စစ်ထဲဝင်လို့ ဒီငနဲလို ခြောက်လုံးပြူးခါးထိုး မော်တော်ဆိုင်ကယ်စီးခွင့်ရခဲ့လျှင် သိပ်ကောင်းမှာပဲ။ ဆေးလိပ်ခုံက ကောင်မလေးတွေ ရှိတဲ့ လမ်းလျှောက်ဝေ့လိုက်စမ်းမယ်'ပေါ့။ ဟုတ်တယ်လေ၊ လူငယ်ဘာဝ သူ့ကို သိပ်အားကျတယ်။ သူ့လိုပဲ ဖြစ်ချင်တယ်။

ဒါနဲ့ စစ်ထဲ ဝင်ခဲ့တာပဲ။ ဘယ်က မျိုးချစ်စိတ်တွေ ဘာတွေကြောင့်မှမဟုတ်ပါဘူး။ ခုမှ ပြောလျှင်တော့ ရတာပေါ့ဗျာ။ အဲ ကိုယ့်ကိုယ်တော့ ငဖြိုးကြီးလို့ သိနေမှာ စိတ်မလုံလှပါဘူး။ ရေတပ်ကတော့ ကံကြမ္မာရဲ့လမ်းလွှဲခံခဲ့ရတာပါ။ အဲ စာပို့ဆက်သားဘဝနဲ့ မော်တော်ဆိုင်ကယ်စီးချင်လို့ စစ်ထဲဝင်ခဲ့တဲ့ မောင်သော်ကဟာ ဗိုလ်မှူးလောက်ထိ ဖြစ်ခဲ့တယ်ဆိုတော့ တော်သင့်ပြီပေါ့ ဗျာနော်ဗျာ။ ဒီလိုပါပဲ စိုင်ကော်လို့ ချုံပေါ်ရောက်တယ် ဆိုချင်ဆိုပေါ့ဗျာ။ ကုသိုလ်ကံက ဖင့်ကော်လို့ အပေါ်ရောက်တဲ့အခါ ရောက်၊ ကုသိုလ်ကံက ခါချလို့ လှည်းလမ်းကြောင်းထဲမှာ ကျလိုကျပေါ့။ ကျတဲ့အခါလည်း ဘွတ်ဖိနပ်သဲကြိုး ကုန်းဆွဲပြီး အားယူထရတာပေါ့။

အဲ 'မြန်မာလူငယ်များ ပင်လယ်ပြင်ကို လွှမ်းမိုးနိုင်စေရမည်'ဆိုတဲ့ ကြွေးကြော်သံဆောင်ပုဒ်နဲ့အညီ ပင်လယ်ရေကြောင်းစာပေများနဲ့ တပ်လှန့်နှိုးခဲ့တဲ့ မောင်သော်က ရေတပ်ထဲရောက်လာပုံကို အလျဉ်းသင့်လို့ ပြောပြရဦးမယ်။ ပြောခဲ့ပြီကော မောင်သော်ကဟာ 'မမြင်ဖူး မူးမြစ်ထင်'တဲ့ ရွှေဘိုသားပါလို့။ ဒါပေမဲ့ ဆန်းတာကတော့ ပင်လယ်နဲ့ ဝေးဝေးတူးလိုက်တဲ့ရေတွင်းကတော့ ဆားငန်ရေတွေဗျ။ သောက်တော့ မူးရေ၊ ချိုးတော့ ဆားငန်ရေမို့ မွေးကတည်းက ဆား

မောင်သော်က လူငယ်ဘဝမှာ အားအကျဆုံးဟာ
အဲဒီစစ်တပ်က မော်တော်ဆိုင်ကယ်စီး စာပို့ဆက်သား
Despatch Rider ပါပဲခင်ဗျား။ 'ငါသာ စစ်ထဲဝင်လို့ ဒီငနဲလို
ခြောက်လုံးပြူးခါးထိုး၊ မော်တော်ဆိုင်ကယ်စီးခွင့်ရခဲ့လျှင်
သိပ်ကောင်းမှာပဲ။ ဆေးလိပ်ခုံက ကောင်မလေးတွေ
ရှိတဲ့လမ်း လျှောက်ဝေ့လိုက်စမ်းမယ်'ပေါ့။ ဟုတ်တယ်လေ
လူငယ်ဘာဝ သူ့ကို သိပ်အားကျတယ်။
သူ့လိုပဲဖြစ်ချင်တယ်၊ ဒါနဲ့ စစ်ထဲ ဝင်ခဲ့တာပဲ။
ဘယ်က မျိုးချစ်စိတ်တွေ ဘာတွေကြောင့်မှမဟုတ်ပါဘူး

www.burmeseclassic.com

သွေးထဲမှာ ပါနေတယ် ထင်တာပဲ။ ၁၉၄၇ ခုနှစ် ...င်သော်က တက္ကသိုလ်ဝင်တန်း အောင်ခဲ့တယ်။ မိဘ ... ဆင်းရဲတော့ သားတစ်ယောက်ကို တက္ကသိုလ်မပို့နိုင် ... မိဘဆိုပေမဲ့ အမိမုဆိုးမသာ ရှိပါတယ်။ ဆင်းရဲတဲ့ ...ရဲ့သားပေါ့။ အစ်ကိုလုပ်တဲ့သူက အင်းစိန် ကျီ၊ တီ၊ ... ပို့တယ်။ ကျီ၊ တီ၊ အိုင်လည်း ဝင်ခွင့်မရခဲ့ဘူး။ ဒါနဲ့ ...လို ဆွေနီးမျိုးစပ်တော်တဲ့ အဒေါ်တစ်ယောက်အိမ်မှာ ...ရပ်နေပြီး တက္ကသိုလ်မှာ သင်တန်းတွေကို ခိုးတက်နေခဲ့ ... အဲဒီခေတ်တက္ကသိုလ်က အင်မတန် အနေချောင်တယ်။ ...င်မှာလည်း ကပ်ရပ်ပြီး နေလို့ ရသေးတယ်။ ထမင်း ...ည်း ဝင်ပြီး ခွဲဝေစားလို့ရသေးတယ်။ သင်တန်းလည်း ...တက်လို့ ရသေးတယ်။ စစ်ပြီးစ အချောင်ခေတ်တက္ကသိုလ် ...

မောင်သော်က နေတာကတော့ ပြောခဲ့တဲ့ ရပ်ဆွေရပ်မျိုး ... အဒေါ်တစ်ယောက်ရဲ့နေအိမ်မှာပါ။ အဲဒီအဒေါ်က ဘယ် ...ဆိုတော့ အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်ရဲ့ ဇနီး ...ခင်ခင် ဖြစ်ပါတယ်။ အဲဒီအခါက ကင်းဘဲလ်လမ်းမှာ ...တယ်။ ဘေးအိမ်က ဆမားဒူးဝါးဆင်ဝါးနောင် နေတယ်။ ...တ်ဘက်အိမ်မှာက အသားမည်းသလောက် ယူနီဖောင်း ...အဖြူဝတ်တတ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးနေတယ်။ ဘယ် ...၊ ဘယ်တပ်ကမှန်း မောင်သော်က မသိပါဘူး။ အဒေါ် ...သူက 'ဟဲ့ တောသား၊ အဲဒါ ရေတပ်ဗိုလ်မှူး ဦးသန်းဖေ ...တာ ဟဲ့'လို့ ပြောတော့မှ သိရပါတယ်။

အများသိကြတဲ့အတိုင်း ဆရာကြီး ဦးရာဇတ်က ဇူလိုင် ...မှာ ကျဆုံးတယ်။ မောင်သော်ကက ဆရာကြီးကတော် ... ဒေါ်ခင်ခင်အိမ်ကို အောက်တိုဘာလမှာ ရောက်တယ်။ ...နည်ကြီးများ ကျဆုံးပြီးခါစမို့ ဆရာကြီး အိမ်မှာ လုံခြုံ ...အတွက် လက်နက်ကိုင်ရဲဘော်များကို အစောင့်ချထားဆဲပဲ ...တယ်။ ဝန်ကြီး အိမ်ကိုများနော် မောင်သော်ကတို့များ ...သွားချင်တော့ ဗိုလ်ချုပ်အောင်ဆန်း စီးသွားခဲ့တဲ့ ဂျစ်လီကား ... တစ်မျိုးတစ်စားတည်းကို ရန်ကုန်မြေ နင်းလျှင်နင်းချင်း ...ရပ်စီးနိုင်ခဲ့သေးတယ်။

ဆရာကြီး အိမ်မှာ အစောင့်ချထားတဲ့ ရဲဘော်တွေက ...မ်းရောင် စစ်ယူနီဖောင်းတွေ ဝတ်၊ သောင်းကျန်းမှုနှိမ်နင်း ...တပ်ဆိုတဲ့တပ်က ဖြစ်တယ်။ သူတို့အတွက် နံနက်စာနဲ့ ...ထမင်းကို သူတို့တပ်က ထရပ်ကားကြီးနဲ့ နေ့တိုင်းလာ ...တယ်။ ရဲဘော်တွေနဲ့ ရင်းနှီးနေတော့ သူတို့ထမင်းစားခွင့်ရ ... သိပ်ပျော်စရာကောင်းတာပဲ။ တိုင်းပြည်အတွက် အသက် ...ထားမှတော့ ထမင်းတော့ ကောင်းကောင်းကျွေးထားကြ ...ပေါ့။

အိမ်နောက်ဖေးက လူကြီး (ဒေါ်ခင်ခင်ရဲ့အခေါ်)ဗိုလ်မှူး ...သန်းဖေဆိုတာကဖြင့် ယူနီဖောင်းက တယ်ကောင်းဗျား။ ...ကြီးကို ကြော့နေတာပဲ။ ဒါနဲ့ အဲဒီလူကြီး လုပ်တဲ့ နေဗီဆို လား ဘာဆိုလား အဲဒီတပ်ကို ဝင်ချင်ပါတယ်လို့ ဒေါ်ခင်ခင်ကို ပူဆာရတယ်။ တစ်ညနေတော့ ဒေါ်ခင်ခင်က မောင်သော်ကကို အဲဒီဦးသန်းဖေဆိုတဲ့ လူကြီးအိမ် ခေါ်သွားပြီး-

'ဒီမှာရှင့် ကိုသန်းဖေ၊ အဲဒါ ကျွန်မ တူကလေးပါပဲ။ ဆယ်တန်းတော့ အောင်ပြီးပါပြီ။ အဲဒါ နေဗီ ဝင်ချင်လို့တဲ့။ ရှင်တို့ တပ်ထဲမှာ 'တော်...တော်...တော်...တော်...တော် ...တော်' ခရာမှုတ်တဲ့ တပ်သားလေးဘာလေး ဖြစ်နိုင်ရင် သွင်းပေးလိုက်စမ်းပါ'လို့ ပြောတယ်။ အဒေါ်လုပ်တဲ့သူက လည်း တူတောသားကို အဲဒါလောက် အထင်တကြီး ရှိရှာပါ တယ်။ အဲဒါနဲ့ အဲဒီလူကြီးက ရှုသိုးသိုးအကြည့်မျိုး မျက် ထောင့်နီကြီးနဲ့ စိုက်ကြည့်ပြီး 'အေး မင်း နက်ဖြန် နံနက်ကျရင် ငါ့အိမ် လာခဲ့၊ ငါနဲ့ တပ်ထဲ လိုက်ခဲ့'လို့ ခေါ်တာနဲ့ ရေတပ်ထဲ ရောက် ခဲ့ရတာပါပဲ။

လိုက်သာလိုက်ရတယ်၊ ခပ်ကြောက်ကြောက်ပဲ။ ဘာ ကြောင့်လဲဆို သူ့မော်တော်ကား အစိမ်းရောင် အင်ဂလီယာ အစုတ်ကလေးက ကျွန်တော်နဲ့ ရဲဘော်များ နံနက်တိုင်း ဝိုင်းတွန်းပေးနေရတာ မဟုတ်လား။ သူ့ကားစုတ်ကလေး မြင်တိုင်း ကျွန်တော်တို့ ပုန်းနေလေ့ရှိကြတယ်။ ဒီကကောင်က လူသာ ဘာမဟုတ်တယ် 'ဂျစ်လီ'ဝန်ကြီးကား စီးနေတဲ့ကောင် မဟုတ်လား။ လမ်းမှာ ကားများ ဆင်းတွန်းရဦးမှာလားပေါ့။ အင်း အဒေါ်လုပ်သူက အထင်တကြီးနဲ့ ခရာမှုတ်တပ်သား (Bugler) ဖြစ်ဖို့အတွက် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ(၈)ရက် နေ့မှာ Burma Royal Navy Volunteer Reserve(BRNVR) 'မြန်မာပြည်ဘုရင့်ရေတပ်မတော်'(အရန်တပ်ဖွဲ့)ကို ဝင်စေခဲ့ တဲ့ မောင်သော်ကဟာ တပ်မတော် (ရေတပ်)မှာ ဗိုလ်မှူး လောက်ထိ ဖြစ်ခဲ့တာကို 'မရည်ရွယ်ဘဲ စော်ကဲမင်းဖြစ်'လို့ မဆိုရင် ဘယ်လိုဆိုပါ့မလဲဗျာ။

တကယ်တော့ ဘာမှလည်း ကြီးကျယ်တာ မဟုတ်ပါ ဘူး။ လူညံ့တစ်ဦး စစ်ထဲ ဝင်ခဲ့ဖူးတာပါ။ ဒါပဲ ရှိပါတယ်။ မယောင်မလည်နဲ့ ရေတပ်ထဲ ရောက်ခဲ့ရတယ်။ အဲဒီအချိန် မှာ တပ်က တပ်ပျက်ကြီးဗျ။ လွတ်လပ်ရေးကလည်း ရတော့ မယ်ဆိုတော့ ရှုံးတဲ့ အင်္ဂလိပ်အရာရှိ၊ တပ်သားများကလည်း ထွက်တော်မူနန်းက ခွာဖို့ အသင့်ပြင်ထားပြီးသား။ အင်္ဂလိပ် ရေတပ်မှာ ဝင်ခဲ့တဲ့လူတွေကလည်း ဆုကြေး၊ လျော်ကြေး တွေရဖို့ တစ်သုတ်ကြီး ထွက်နေကြတယ်။ မောင်သော်ကတို့ လို မြန်မာပြည်လွတ်လပ်ရေးရရင် လက်နက်ကိုင်တပ်ဖွဲ့တွေ မှာ မြန်မာလူငယ်တွေ လိုတယ်ဆိုတဲ့ အတွေးနဲ့ ဝင်လာတဲ့ လူတွေကလည်း တစ်သုတ်ပြီးတစ်သုတ်ပဲ။ ကောလိပ်ကျောင်း သားတွေလည်း ပါတယ်။ မြန်မာ့ကာကွယ်ရေးတပ်မတော် လူထွက်တွေလည်း ပါတယ်။ ပြည်သူ့ရဲဘော်တွေလည်း ပါ တယ်။ ကွန်မြူနစ်တွေလည်း ပါတယ်။ ထူးခြားတာကတော့ မြန်မာလူငယ်တွေ အများအပြား ဝင်လာကြတာပဲဖြစ်တယ်။

အဲဒီမတိုင်မီကာလက ရေတပ်ဟာ အင်္ဂလိပ်အရာရှိများ



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်နဲ့ နှီးနွယ်သူများ၊ အင်္ဂလိပ်ကပြား၊ ကုလားကပြား ရခိုင်အမျိုးသားများ၊ ကရင်အမျိုးသားများသာလျှင် အများစု ဖြစ်တယ်။ အင်္ဂလိပ်စကား မပြောတတ်ရင် အနှိမ်ခံရတယ်။ ဖွန်း၊ ခက်ရင်း၊ ဓားနဲ့ မစားတတ်ရင် မျက်စောင်းထိုးခံရတယ်။ အဲဒီလိုမျက်စောင်းထိုးခံရတဲ့အထဲ အရပ်ရှည်ရှည်၊ အသား မည်းမည်း ဒီဂရီမျက်မှန်ကြီး တပ်ထားတဲ့တပ်သားသစ် တစ်ဦးက ကားလ်မာ့တ်(စ်)ရဲ့ အရင်းကျမ်းဆိုတဲ့ အင်္ဂလိပ် စာအုပ်အထူကြီးပိုက်ဝင်လာတော့ ပိုပြီးမျက်မှန်းကျိုးကြတော့ တာပေါ့။ သူ ဖတ်တတ်ရဲ့လား၊ နားလည်ရဲ့လားတော့ မသိပါ ဘူးဗျာ။ အဲဒီခေတ်လူငယ်တွေဟာ ကွန်မြူနစ်သဘောတရား သင်တန်းလေးဘာလေး တက်ဖူးမှ ခေတ်မီတယ်လို့ ယူဆတဲ့ ခေတ်ကိုး။ ဘာပဲဖြစ်ဖြစ် သဘောတရား စာအုပ်တစ်အုပ်ပိုက် ထားမှ ဂိုက်ကျတယ် ထင်ရတယ်။ အဲဒီပုဂ္ဂိုလ်ဟာ နောင် တစ်ချိန်မှာ တပ်မတော်(ကြည်း)မှာ ဗိုလ်မှူးကြီး ရာထူးအဆင့် အထိ တာဝန်ထမ်းဆောင်သွားခဲ့ပါတယ်။

တပ်ထဲ ရောက်ခါစမှာ လေ့လာကြည့်မိတယ်။ ငါတော့ ဘယ်တိုင်းပြည်များ ရောက်နေပြီလဲလို့ ထင်ရတယ်။ အင်္ဂလိပ် ကပြားတွေ-ချားလ်(စ်)ဟဲရင်တဲ့၊ ဘရိုင်ယန်ဟောက်ဆင်တဲ့၊ ဂျော့ကင်းစမင်းတဲ့၊ တိုနီအဲဗားရက်တဲ့။ အသားကတော့ နီ စပ်စပ်နဲ့ ဖြူရော်ရော်ပါ။ အင်ဂလိုအင်ဒီးယန်းကပြားတွေ အသားကတော့ မည်းနေတာပဲ။ ဗိုလ်ကြက်ချေး ခေါ်ရမှာ ပေါ့။ နာမည်ကျတော့ ဒီကတ်စထရီးတဲ့၊ ဒီဆီးလ်ဗားတဲ့၊ ဒီ မဲလိုးတဲ့၊ ဒီကူးသိုးတဲ့၊ သံလျှင်ဇေင်ကာ(ဒီဘရစ်တို)နဲ့ ဆွေမျိုး နီးစပ်နိုင်လောက်တဲ့ ပေါ်တူဂီဆက်နွယ်တွေ ထင်ပါတယ်။ အဲ ကရင်အမျိုးသားများကျတော့ အဆန်းသားဗျ။ စောရှိတ် စပီးယားတဲ့(စာလည်း တစ်လုံးမှ မတတ်ဘူး)၊ စောနပိုလီယံ တဲ့ (စစ်တိုက်ရမှာ ကြောက်လိုက်တာ)၊ စောဝါရှင်တန်တဲ့ (လွတ်လပ်ရေးလည်းရရော သူလည်း တပ်က ထွက်သွား ရော)၊ စောဖရက်ဒရစ်တဲ့။ ငါ့နှယ် ဘယ်တိုင်းပြည်များ ရောက်နေပါလိမ့် အောက်မေ့ရတယ်။ ဒီနာမည်တွေကို ကျောင်း က သမိုင်းစာအုပ်ထဲမှာသာ တွေ့ခဲ့ဖူးတာ မဟုတ်လား။

မောင်သော်ကတို့အညာမှာ မတွေ့ခဲ့ဖူး၊ မကြားဖူးခဲ့တဲ့ နာမည်ပိုင်ရှင်တွေကိုးဗျ။ အဲ တပ်ထဲရောက်လို့ တစ်လမကြာ သေးပါဘူး။ တပ်တွင်းဆေးရုံသွားတက်ရတော့မှ ရခိုင်ပြည် ရောက်နေသလား အောက်မေ့ရတော့တယ်။ တပ်မှူးက ဆရာ ဝန်ဗိုလ်မှူးကောင်းမရသူ(ကောင်းမြသူ)ရခိုင်ဆရာဝန်ကြီးတဲ့ ဆေးရုံတစ်ရုံလုံး ဆရာဝန်တွေအစ ဆေးစပ်သမား(ကွန်ပေါင် ဒါ)အထိ ရခိုင်ချည်းပါပဲ။ ဆေးရုံမှာ တစ်ပတ် တက်တာနဲ့ ရခိုင်စကားအတော် ပြောတတ်လာတယ်။ ရခိုင်စကား တတ် ထားတာဟာ အင်မတန် အသုံးကျပါတယ်။ အသံတွေ အမှန် ထွက်တတ်လာတယ်။ 'ပင့်ရစ်မနိုင် ရခိုင်မေး'ဆိုတယ် မဟုတ် လား။

မြန်မာ့လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့ကဆို တစ်ညလုံး အိပ်မပျော်ခဲ့ဘူး။ ရင်တွေ ဖိုနေခဲ့ တယ်။ မောင်သော်ကဟာ အညာသား၊ ဘုန်းကြီးကျောင်း သား၊ အမျိုးသားကျောင်းထွက် မဟုတ်လား။ ဦးအောင်ဇေ ယျနဲ့ မွေးသက္ကရာဇ်နှစ်ပေါင်း ၂၀၀ ကွာပေမဲ့ ချက်မြှုပ်တာ အတောင် ၂၀၀ ပဲ ကွာတယ်မဟုတ်လား။ ဇာတိမာန် ဇာတိ သွေးကလည်း အပြည့်ပါ။ နဂါးနီစာစဉ်ထုတ် နိုင်ငံရေးစာအုပ် ကလေးဘာကလေး အစလည်း ဖတ်ထားတယ် မဟုတ် လား။ နိုင်ငံရေးအသိကလည်း နိုးကြားနေတာပေါ့။ လွတ်လပ် ရေးရတော့မယ်ဆိုတော့ သိပ်ပျော်တာပေါ့။ မအိပ်နိုင်ဘူး။ သမိုင်းအပြောင်းအလဲကာလမှာ မောင်သော်ကဟာ သမိုင်းဝင် အဖြစ်အပျက်နဲ့ အနီးကပ်ရှိနေတတ်ပါတယ်။ အဲဒီနေ့ နံနက်က အတွင်းဝန်ရုံး(ယခုဝန်ကြီးများရုံး)မှာ ဗြိတိသျှအလံကို ဆွဲချ ပြီး ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ရဲ့အလံကို လွှင့်တင် တဲ့အခမ်းအနားကို အနီးကပ်ဆုံး မြင်တွေ့ခဲ့ရတယ်။ နံနက် ၄ နာရီ မိနစ် ၂၀(O Four Twenty) မှာ မြန်မာပြည်ရဲ့နောက်ဆုံး ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်) ဟာ မြန်မာပြည်က ရုပ်သိမ်း သွားရတဲ့ ဗြိတိသျှယူနီယံဂျက် အလံကို ပိုက်ပြီး အိမ်(န်) အမ်- အက်စ်ဘာမင်ဂန် စစ်သင်္ဘော ကြီးပေါ် တက်သွားတာလည်း အနီးကပ်မြင်တွေ့ခွင့်ရခဲ့တယ်။ တပ်ထဲရောက်နေခဲ့တဲ့ ကျေးဇူးတွေပေါ့။ ပျော်လိုက်တာ ဘာ လုပ်ရမှန်းလဲမသိဘူး။ ဒါနဲ့ မြန်မာအလံတင်တဲ့အခမ်းအနား ကနေ စိန့်ပေါလ်ကျောင်းနေရာရှိ တပ်ထဲကို (ဗိုလ်တထောင် အ·ထ·က ၆)ပြန်လာကြပြီး ဂိတ်ဝကင်းတဲမှာ ရှိနေတဲ့ သေနတ် တွေဆွဲပြီး မိုးပေါ်ထောင် ဖောက်ကြတာပဲ။ သူတစ်ချက် ကိုယ် တစ်ချက် ဘယ်နှချက် ပစ်မိကြတယ် မသိပါဘူး။ နောင် တစ်နေ့ နံနက်မှာ ကင်းတဲက ကင်းသမားတွေအားလုံး မောင်သော်ကတို့တစ်တွေ အမိန့်မရဘဲ သေနတ်ပစ်ဖောက်မှု

> ဒီမှာရှင့် ကိုသန်းဖေ၊ အဲဒါ ကျွန်မ တူကလေးပါပဲ
> ဆယ်တန်းတော့ အောင်ပြီးပါပြီ။ အဲဒါ နေဗီ ဝင်ချင်လို့တဲ့
> ရှင်တို့ တပ်ထဲမှာ 'တော်...တော်...တော်...တော်
> ...တော် ...တော်' ခရာမှုတ်တဲ့ တပ်သားလေးဘာလေး
> ဖြစ်နိုင်ရင် သွင်းပေးလိုက်စမ်းပါ'လို့ ပြောတယ်
> အဒေါ်လုပ်တဲ့သူကလည်း တူတော်သားကို
> အဲဒါလောက် အထင်တကြီး ရှိရှာပါ တယ်



www.burmeseclassic.com

www.burmeseclassic.com

ားဂတ်ခေါ် အချုပ်ခန်းထဲ တန်းဝင်ကြရတော့တာပါပဲ။ မြန်မာပြည်လွတ်လပ်ရေးရခြင်းကြောင့် ဝမ်းသာလွန်းတဲ့ တ် မောင်သော်ကဟာ ပထမဆုံး အချုပ်ခန်းထဲ ဝင်ခဲ့ရပါ ။ နေ့လယ်မှာ ဗိုလ်မှူး ဦးသန်းဖေလာပြီး ကျွန်တော်တို့ ုံးကို အချုပ်ကလွှတ်ပြီး 'လွတ်လပ်ရေးရတာ မင်းတို့က ပြုလို့ သေနတ်ဖောက်ရတာလဲကွ။ မင်းတို့သေနတ်ဖောက် ဘာဆိုင်သလဲ။ မင်းအမှေလင်ကျည်ဆန်က အလကား ယ် မှတ်နေသလား။ ခွေးမသားလေးတွေ၊ ငါ နားရင်း ိုက်ရ မကောင်းဘဲ ရှိရောမယ်' လို့ ကြိမ်းဝါးပြီး 'သွားကြ ကြ၊ ဟိုဘက်မှာ ရမ်ရာရှင် ဝေနေတယ်၊ သွားသောက် ကြ။ မူးအောင်လည်း မသောက်ကြနဲ့ဦး ခွေးမသားလေး ' ဆိုဆဲ လွှတ်လိုက်လို့ အချုပ်ခန်းက ထွက်ကြရပြီး ရမ် ်ဝေတဲ့နေရာမှာ သွားတန်းစီကြရတယ်။ အင်း… င်သော်ကလည်း အဲဒီကတည်းက 'သေနတ်မဖောက် ွားသောက်' လို့ဆိုတဲ့ ဗိုလ်မှူး ဦးသန်းဖေ အဆုံးအမမှာ ည်ရပါတော့တယ်။ ရမ်ကို အသေအလဲကြိုက်သွားပြီလေ။ င်သော်ကကို ရေတပ်ထဲသွင်းပေးခဲ့တဲ့ ဗိုလ်မှူး ဦးသန်းဖေ ယ်လွန်သူ တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးချုပ် သန်း ရဲ့ကျေးဇူးဟာ မောင်သော်ကအပေါ်မှာ ကြီးမားလှပါ တယ်။

❑

**ကျေးဇူးရှင်နှင့်ကျေးဇူးတရား**

ကျေးဇူးအကြောင်းပြောလို့ လူတိုင်းလူတိုင်းဟာ ကိုယ့် ကျေးဇူးပြုခဲ့ဖူးသူ ရှိကြမှာချည်းပါ။ ဘယ်သူမှ ကျေးဇူး ကင်းပြီး မနေနိုင်ကြပါဘူး။ ဘယ်သူမှကိုယ့်ကို ကျေးဇူး ခဲ့ပါဘူးဆိုတာတောင် မိဘနဲ့ ဆရာသမားကတော့ ရှိ ကြတဲ့သူများပါ။

ဗိုလ်ချုပ်သန်းဖေရဲ့ ကျွန်တော့်အပေါ်မှာ ပြုခဲ့တဲ့ကျေးဇူး ဖြင့် တော်တော်လည်း များခဲ့ပါတယ်။ တပ်ထဲကို ဘာဝနဲ့ ဝင်ခဲ့ရတယ်။ ရေတပ်မှာ ကြိုးမဲ့ကြေးနန်းဆက် ရေးတပ်မှာ တပ်သားပေါ့။ သင်တန်းတက်ပြီး ရခိုင်ပြည် ်၊ အင်းစိန်စစ်မျက်နှာ၊ မြစ်ဝကျွန်းပေါ်တစ်ခွင်မှာ ပြိပြိ ောင် သောင်းကျန်းသူများနဲ့ အလူးအလဲ သင်္ဘောတစ်စင်း တစ်စင်းပြောင်းပြီး စစ်ဆင်ရေးတွေမှာ ပါဝင်ခဲ့ရတယ်။ ိုက်တာ လွန်ပါရော။ စစ်တိုက်ရတာကို ပျော်စရာ င်းတယ် အောက်မေ့မိတယ်။ အရာရှိတွေကို အားတော့ ယ်။ ဖြစ်ချင်စိတ်လည်း မရှိခဲ့ဘူး၊ ဖြစ်နိုင်မယ်လည်း င်ဘူး။ ဒါပေမဲ့ မောင်သော်ကနဲ့ လုပ်ဖော်ကိုင်ဖက်တွေ ယောက်ပြီးတစ်ယောက် အရာရှိဖြစ်သွားတာ မြင်ရတော့ …ဒီကောင်တွေတောင် ဖြစ်နိုင်သေးတာ၊ ငါ ဘာလို့ နိုင်ရမှာလဲ' ဆိုတဲ့ မခံချင်စိတ်နဲ့ ဗိုလ်ရွေးအဖွဲ့ တက်ခဲ့ ။ ရေးဖြေအောင်တယ်။ အဲဒီအပတ်က လူ ၃၀ လောက် ဖြေတာ အောင်တဲ့ ၁၀ ယောက်ထဲမှာ မောင်သော်က ပါတယ်။ နံပါတ် ၅ ချိတ်တယ်။

လူတွေ့စစ်မေးဝင်ရတယ်။ ဆန်ခါတင် ၅ ယောက်ရွေး မယ်။ မောင်သော်ကကတော့ သေချာနေပြီပေါ့။ ဒါနဲ့ မောင် သော်ကအလှည့်ကျတော့ ဝင်တယ်။ ရွေးချယ်ရေးအဖွဲ့ဝင်တွေ နဲ့ မျက်နှာချင်းဆိုင် တွေ့ပြီပေါ့။ တွေ့ပါပြီဗျာ၊ ရွေးချယ်ရေး အဖွဲ့မှာ အလယ်ဆုံးမှာ ထိုင်နေသူက ဗိုလ်မှူး ဦးသန်းဖေပါ။ သူက မျက်လုံးကြီး ဖြံပြီး 'ဟင်…မင်းလား' လို့ တစ်ခွန်း တည်းပဲ ပြောပါတယ်။ နောက် သူက ဘာမှဆက်မမေးတော့ ပါဘူး။ သိလိုက်ပါတယ်။ မောင်သော်ကတော့ သွားပြီလို့။ ဟုတ်တယ်လေ၊ လွန်ခဲ့တဲ့ တစ်နှစ်ကမှ ရေတပ်မှာ ဗြူဂယ် လာလုပ်ဖို့ သူ့ဆီကို ဒေါ်ခင်ခင် ခေါ်လာတဲ့ တောသားလေး လို့ သူ မြင်နေမှာ အမှန်ပါပဲ။ အဲဒီအပတ်က လေးယောက် ရွေးပြီး ပြန်တမ်းဝင်အရာရှိ ခန့်အပ်လိုက်ပါတယ်။ အမှတ်စဉ် ၅ မောင်သော်က ပြုတ်ကျန်ရစ်ပါတယ်။ စိတ်မပျက်ပါဘူး။ နောက်ထပ်ခေါ်၊ နောက်ထပ်လျှောက်၊ နောက်ထပ်တက်ပေါ့။ ကြာတော့ ဗိုလ်ရွေးအဖွဲ့ ဥက္ကဋ္ဌကအစ အဖွဲ့ဝင်တွေပါ မောင်သော်ကကို မှတ်မိနေပါပြီ။ နောက်ဆုံးအပတ်ဝင်တော့ အဖွဲ့ဝင်တစ်ဦးက 'မင်း အရင်အပတ်က ဗိုလ်ရွေးအဖွဲ့ တက် ခဲ့သေးတယ် မဟုတ်လား' လို့ မေးတော့တယ်။

'ဟုတ်ကဲ့ခင်ဗျာ တက်ခဲ့ပါတယ်'

'ဒီ့အရင်ကကော'

'ဒီ့အရင်ကလည်း တက်ခဲ့ပါတယ်'

'မင်း ဒီတစ်ခါမရရင်လည်း နောက်ထပ်လာဦးမှာလား'

'ဟုတ်ကဲ့ လာမှာပါပဲ'

ဗိုလ်ရွေးအဖွဲ့လူကြီးများ ခေါင်းချင်းဆိုင်တိုင်ပင်ကြပြီးတဲ့ နောက်မှာ 'ဒီငနဲတော့ ဗိုလ်မရွေးလျှင် တို့တစ်တွေမှာ အေး အေးနေရမှာ မဟုတ်ဘူး' လို့ သဘောပေါက်ထင်ပါရဲ့။ သောက် မြင်ကတ်ကတ်နဲ့ ဗိုလ်သင်တန်း တက်ခွင့်ရခဲ့ပါတယ်။ နောက် တော့ ဗိုလ်ချုပ် သန်းဖေက ဒေါ်ခင်ခင်ကို ပြောပါတယ်။ 'ခင်ဗျားကောင် စွာလောင်လောင်နဲ့ အေးအေးမနေဘူး။ ကျုပ် သူ့ကို ဗိုလ်လုပ်ပေးလိုက်ရပြီ' တဲ့။ ကျေးဇူးကြီးမားလှပါတယ်။

ဗိုလ်ချုပ်သန်းဖေဟာ တော်လှန်ရေးကောင်စီအစိုးရရဲ့ ကျန်းမာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်မှာ ကွယ်လွန် သွားခဲ့ပါတယ်။ ဗိုလ်ချုပ်သန်းဖေ ကွယ်လွန်တော့ သူ့အိမ်ကို သွားခဲ့ပါတယ်။ အလောင်းက အိမ်ပေါ်မှာ ပြင်ထားပါတယ်။ လှေကားခြေရင်းမှာ ငိုယိုပြီး ဆင်းလာတဲ့ ဒေါ်ခင်ခင်နဲ့ ပက် ပင်းတိုးပါတော့တယ်။

ဒေါ်ခင်ခင်က မျက်ရည်သုတ်ရင်း-

'ဟဲ့ကောင် ဘသော်၊ မင်း ဒီလိုကောင်းတဲ့လူကြီးမျိုး ရနိုင်ပါဦးမလားဟင်။ ဟိုတစ်လောက ငါ သူနဲ့တွေ့လို့ မင်း အကြောင်း မေးကြည့်မိသေးတယ်။ သူက ရှိပါတယ်ဗျာ၊ ခင်ဗျားကောင်က သိပ်မာနကြီးတဲ့အကောင်လို့ ပြောသွားသေး တယ်' လို့ ဆိုပါတယ်။

www.burmeseclassic.com

အဲဒီမှာ မောင်သော်က တစ်ချက်တည်း ငိုင်သွားပါတော့တယ်။ 'ဟင်…ဗိုလ်ချုပ်က ငါ့ကို သိပ်မာနကြီးတဲ့ကောင်လို့ ပြောသွားတယ်ဆိုပါလား' ဆိုတဲ့ အသိက ရင်ဝကိုဆွဲမွှေ့လိုက်သလိုပါပဲ။ မောင်သော်ကဟာ ဘယ်သောအခါမှ မာနမရှိခဲ့ဘူးလို့ကိုယ့်ကိုယ်ကိုထင်ခဲ့မိပါတယ်။ လူကြီးတွေရှေ့မှာ အမြဲနှိမ့်ချနေခဲ့တယ်လို့ ကိုယ့်ကိုယ်ကို ထင်ထားခဲ့မိပါတယ်။ ခုတော့…

အပေါ်ထပ်တက်သွားပြီး ဗိုလ်ချုပ်သန်းဖေရဲ့ရုပ်ကလာပ်ပြင်ထားတဲ့ခုတင်ခြေရင်းကနေပြီး သူ့မျက်နှာကြီးကို စိုက်ကြည့်နေမိပါတယ်။ ဘာကြောင့်များ ငါ့ဗိုလ်ချုပ်က ငါ့ကို မာနကြီးတယ် ပြောသွားခဲ့ရပါသလဲ။ စဉ်းစားကြည့်မိတယ်။ ဘေးနားဝန်းကျင်က အရာရှိတွေရဲ့မျက်နှာကို အကဲခတ်ကြည့်မိပါတယ်။ သိပါပြီ၊ သိပါပြီ။ သို့သော် မောင်သော်က အသိနောက်ကျသွားခဲ့ပါပြီ။

မောင်သော်ကဟာ ကွယ်လွန်သူ ဗိုလ်ချုပ်သန်းဖေရဲ့လက်အောက်မှာ ဗိုလ်ချုပ်ရဲ့စောင်မကြည့်ရှုမှုနဲ့ ရဲဘော်ဘဝ၊ အရာရှိဘဝ ၁၇ နှစ်လောက် အမှုထမ်းခဲ့ရပါတယ်။ ဒီအတွင်းမှာ ဗိုလ်ချုပ်ကို ရုံးကိစ္စနဲ့ ရုံးမှာ တာဝန်အရ တွေ့ဆုံခဲ့တာကလွဲလို့ သူ့အိမ်ကို တစ်ခါတစ်ခေါက်မှ အဝင်အထွက်မလုပ်ခဲ့ပါဘူး။ အဲ…မောင်သော်ကသာ မလုပ်တတ်တယ်၊ ဝင်ထွက်နေကြတဲ့သူတွေက အများကြီးပါ။ အမှန်ကတော့ မောင်သော်ကဟာ သူ့ကို ရိုသေလေးစားလို့ သူ့အနားမှာ ကပ်ပြီး ပလူးခြင်း မပြုခဲ့တာပါ။ ဒါပေမဲ့ လူကြီးဆိုတာလည်း လူသားပဲဗျာ၊ သူ မောင်သော်ကကို ဘယ်လိုမြင်မလဲ။ ဒီကောင် လူကြီးမှန်း မသိတတ်ဘူးလို့ မြင်ပေမှာပေါ့။

ဗုဒ္ဓဘာသာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဝါဝင်ဝါထွက်ကာလများ၌ လူကြီးမိဘ ကိုယ့်ဆရာသမားကျေးဇူးရှင်များကို ကျေးဇူးသိတတ်တဲ့အနေနဲ့ ကန်တော့ကြရပါတယ်။ ကိုယ့်အပြစ်များ ရှိခဲ့လျှင်လည်း ဝတ်ပြုကန်တော့ဖို့၊ ဒီအတွက် ဘာအခွင့်အရေးမှ ကိုယ့်ဘက်က မျှော်လင့်မထားဘဲ ကန်တော့ခွင့်ရတာကိုပဲ ကြည်နူးခြင်းကြီးစွာနဲ့ ရိုသေစွာကန်တော့ရစမြဲပါ။ ဒါတွေကို မောင်သော်က လုပ်ခဲ့ပါသလွားတဲ့။ တစ်ခါမှ မလုပ်ခဲ့ဖူးပါ။ ဒါတွေကို မောင်သော်ကက ဖားတယ်လို့ ထင်ခဲ့တယ်။ မှားတယ်၊ မှားတယ်၊ သိပ်မှားတယ်။ ဗိုလ်ချုပ်ဟာ ကွယ်လွန်သွားတဲ့အချိန်အထိ မောင်သော်ကဆီက ကျေးဇူးသိတတ်တဲ့အနေနဲ့ ပို့ပေးတဲ့ငှက်ပျောသီးတစ်လုံး၊ နာနတ်သီးတစ်လုံးကို စားမသွားခဲ့ဖူးပါ။ ဒါပေမဲ့ ငှက်ပျောသီး၊ နာနတ်သီးတွင်မက ဆန်အိတ်၊ ဆီပုံးပါမကျန်ပို့တဲ့သူ၊ သိတတ်တဲ့သူတွေ အများကြီး ရှိခဲ့ပါတယ်။ မောင်သော်က မသိတတ်ခဲ့ပါ။ အဲဒီသိတတ်သူများနဲ့ ယှဉ်လိုက်တော့ မောင်သော်က မာနကြီးတယ်လို့ ဆိုထိုက်ပါတယ်။ မှားခဲ့ပါတယ်။ ဗိုလ်ချုပ်သန်းဖေရဲ့ရုပ်ကလာပ်ပြင်ဆင်ထားတဲ့ ခုတင်ခြေရင်းမှာ မောင်သော်ကရဲ့အမှားတွေကို မြင်ပြီး နောင်တကြီးစွာရကာ မျက်ရည်ကျခဲ့ရပါတယ်။ နောင် ဒါမျိုး မဖြစ်စေရလို့ သန္နိဋ္ဌာန်ချခဲ့ပါတယ်။

အဲဒီမှာလည်း မောင်သော်က တစ်ချို ထပ်မှားပြန်တယ်။ ဆန္ဒစောပြီး စကားကျွံမိတာပါ။ ဗိုလ်ချုပ်သန်းဖေ မရှိတဲ့နောက် သူ့နေရာကို နောက်တစ်ဦး ဆက်ခံတယ်။ အဲဒီဆက်ခံတဲ့ပုဂ္ဂိုလ်ကတော့ မောင်သော်ကတို့နဲ့ ဆရာသမားအရင်းလိုခင်မင်ရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အသက်ကလည်း သိပ်မကြီးသေးတော့ ရင်းရင်းနှီးနှီး ခေါ်နိုင်ပြောနိုင်တဲ့ဆရာသမားပါ။ ထုံးစံအတိုင်း ရာထူးတိုးမြှင့်ခံရတဲ့ ညစာစားပွဲမှာ မောင်သော်ကတို့လည်း ဆေးပေးမီးယူတက်ခွင့်ရခဲ့ကြပါတယ်။ အဲဒီမှာ မောင်သော်ကက အဲဒီပုဂ္ဂိုလ်ကြီးအနား အသာသွားပြီး ဗိုလ်ချုပ်သန်းဖေ ကွယ်လွန်စဉ်က နောင်တရခဲ့ရပုံ ဇာတ်ကြောင်းလှန်ပြီး နောင်သောအခါမှာ ထပ်မံပြီး နောင်တမရစေဖို့ မောင်သော်ကထံမှ ငှက်ပျောခိုင်လေး၊ နာနတ်သီး၊ ဒူးရင်းသီးလေးများ တစ်ခါတစ်ရံလက်ခံသုံးဆောင်ဖို့ သွားပြောမိပါတယ်။ လား လား 'ဟေ့ကောင် ငါက အခုမှ ဖြစ်ခါစရှိသေးတယ်။ မင်း ငှက်ပျောသီး စားပြီးတာနဲ့ သေရမှာလား။ ငါ မသေနိုင်သေးဘူးကွ။ မင်း ငှက်ပျောသီးလည်း ငါ့ဆီ မပို့နဲ့။ ရှိတဲ့မှပဲ။ နိမိတ်မရှိ၊ နမာမရှိနဲ့၊ သွား ရေခဲနည်းနည်းသွားယူစမ်း' လို့ ပြောလွှတ်လိုက်ပါတယ်။ ကံကောင်းလို့ နားရင်းအုပ် မခံလိုက်ရတယ်။ ဟုတ်တယ် မောင်သော်က မှားသွားပြန်ပြီ။ ငှက်ပျောသီးခိုင် ပို့တော့မှပို့ရောပေါ့။ ဘာကြောင့် စေတနာစော ပြီးသွားပြောနေရသလဲ။ ကဲ မဟုတ်တမ်းတရမ်းတွေ လျှောက်လုပ်၊ လျှောက်ပြော၊ လျှောက်ရေး။ အရိပ်သုံးပါးလည်း နား မလည်၊ လူကြီးကိုလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့သာ ရို… တတ်ပြီး လူကြီးအလိုက် မသိတတ်တဲ့ မောင်သော်က၊ မ… ပွားတာ ဆန်းသလားဗျာ။ ဘာမှ မဆန်းပါဘူး။

လူဆိုတာ အသက်အရွယ်အရ ကိုယ့်ကိုယ်ကို အထင် ရောက်လေ့ရှိကြပါတယ်။ ငယ်ငယ်ကအစ အသက် တစ်ဆယ် ငါးနှစ်အရွယ်အတွင်းမှာ မိမိသာလျှင် လောကတွင် အ… ဆုံးလို့ အထင်ရောက်လေ့ရှိကြတယ်။ အသက် ၁၅ နှစ်က… အသက်အရွယ် ၂၀၊ ၂၅ အထိ လောကတွင် မိမိသာလျှင် အချောဆုံး အလှဆုံးလို့ ထင်ကြတယ်။ အသက် ၂၅ က… အသက် ၃၀ အထိကတော့ မိမိသာလျှင် အသန်မာဆုံး… ထင်ကြတယ်။ အသက် ၃၅ နှစ်အရွယ်က အသက် ၄၅ နှ… အရွယ်အတွင်းမှာ မိမိသာလျှင် အတော်ဆုံး၊ ပညာအတတ်… ဆုံးလို့ အထင်ရောက်ကြတယ်။ အသက် ၄၅ နှစ်ကျော်… တော့မှပဲ လောကတွင် မိမိသာလျှင် အလျှော်ဆုံး၊ အညံ့ဆုံး… ကိုယ့်ကိုယ်ကို သိရတော့တယ်။ ဟုတ်ပါတယ်။ ကျွန်ုပ်လူ… ဟာ ကိုယ့်ထက် တစ်နည်းတစ်လမ်းအားဖြင့်တော့ တော်ကြ… သူတွေချည်းသာပါ။ မောင်သော်ကဟာ လူလျှော်လူ… တစ်ဦးဖြစ်ကြောင်းကို ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်မှ သိ… တော့တယ်။

■ မောင်သော…

(မြတ်လေးမဂ္ဂဇင်း…



www.burmeseclassic.com

www.burmeseclassic.com

# စာနဒီစာအုပ်တိုက်

RIVER ... HOUSE

...အုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ

...ဝီရိယ[တောင်စွန်း]
...ညီမှုအောင်ပွဲနှင့် အာဏာနည်တို့လာရာလမ်း / ၉၀၀ိ -
...ခြင်းကိုပြောင်းလဲစေခဲ့သောသာသမဂ္ဂဏနှင့်
...နုး / ၂၀၀ိ -

...)
...အာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
...etics and Philosophy of Art Criticism
...rome Stolnitz / ၂၂၀ိ -

...
...ကာလ မပွင့်ခဲ့သေးသောဘုရားများအား
...သင့်နှင့် ဘာသာရေးဖြတ်ထုံးများ / ၁၂၀ိ -
...နှင့် သီဟိုဠ်မေ့ဝတ္ထုတိုများ / ၁၅၀ိ -

...(ဝန်ကြီးဟောင်း)
...အပျက်စေဆရာကြီး ရပ်စပြုတင် / ၂၀၀ိ -

...ညီဦးတင့်ဆွေ
...စိတ်ထား / ၇၀ိ -

...(စမ်းချောင်း)
...တွက်ဆင့်ကမ်း Message to Teen / ၂၀၀ိ -
...တို့ ဆုံးဖြတ်ရမည့် အရေးကြီးဆုံးအချက်(၆)ချက် / ၂၀၀ိ -

...
...နတ်သားကြောင်နက်ရုပ်နှင့်သည်းထိတ်ဖို့ဝတ္ထုတိုများ / ၁၆၀ိ -

...ကြည်တုန်း
...ကတောင်ကန်မြောက်ကန် / ၁၂၀ိ -
...တ်မယ် / ၁၅၀ိ -

...ညွှန်မောင်မောင်
...လမ်းရေးသမိုင်းဝင်စစ်မြေပြင်ခရီးကြမ်းနှင့်
...မှတ်တမ်း / ၂၅၀ိ -

...
...နဲ့ မနီ / ၃၀၀ိ -
...မှ သရဇီသို့ / ၁၂၀ိ -
...ဆေကဗျာ ၈၀ / ၂၀၀ိ -

...(တသာတ)
...ဘုတား အရှင်တို့ဘုရား / ၁၅၀ိ -

...
...ခရေးတစ်ကြောင်းခြစ် / ၃၅၀ိ -

...အရှင်သာဓိန
...ခြေတော်ရာစက်(၁၀၈)ကွက် / ၃၀၀ိ -
...ညီတွေဘယ်ကိုရောက်နှင့်
...ရေးအတွေးဆောင်းပါးများ / ၂၀၀ိ -

- ကံထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့်
  သမိုင်းရှိခဲ့သောနေ့ရွဲများ / ၂၅၀ိ -
- နတ်ငည် (ကံထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ ကာရိုက်တာပြုပွဲ / ၂၅၀ိ -
- သာထက်အောင်
  တွေးမိသမျှ ငေးမိသမျှ ရေးမိသမျှ
  သူတို့ဆီက ကျွန်တော့အတွေးအကြံ
  (ပြုံစေတဲ့လူ့အတွေးအကြံ့ဆောင်းပါးများ) / ၃၅၀ိ -
- အဂ္ဂိန်တာရာ
  ကိုအောင်ဆန်း
  (ဗိုလ်ချုပ်တော်ပုံအတ္ထုပ္ပတ္တိ၊ ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်) / ၄၅၀ိ -
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန်NLDနှင့် သမ္မတဖောက်လမ်း / ၂၅၀ိ -
- မောင်သိန်
  ရှပ်ပွားတော်ကိုးကွယ်မှုနှင့်အကျိုးအာနိသင်များ / ၂၅၀ိ -
- ဝဏ္ဏသီရိ
  ချုပ်ရာငြိမ်းရာ / ၁၀၀ိ -
- နှစ်ဖက်လှ ဦးကျော်လွင်
  ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာအမေးနှစ်ရာအဖြေနှစ်ထောင် / ၂၅၀ိ -
  နှစ်ဘက်လှ တတ္တသိုလ်တရားများ / ၄၀၀ိ -
  မျက်မှောက်ခေတ်ဘာသာရေးနှင့်
  ကျွန်ုပ်တို့၏ သုံးသပ်ချက် / ၁၂၀ိ -

## ယခုထွက်ရှိသည့် စာအုပ်များ

- **တင်မောင်မြင့်**
  ကန်သာရေရိပ်မှာ
  In the Pond by Ha Jin / ၁၅၀ိ -
- **ပေလေးပင်နတ်မိုးတောရ အရှင်ဆန္ဒာဓိက**
  မေတ္တာစစ်သည်တော် / ၁၅၀ိ -
- **မသီတာ(စမ်းချောင်း)**
  မပြယ်မယ့် စကားများ
  IMMORTAL WORDS
  by Terry Breverton / ၃၅၀ိ -










...ရေး–စာနဒီစာအုပ်တိုက်၊ အမှတ် –၉၇၃၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့
ဖုန်း –၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။

www.burmeseclassic.com

www.burmeseclassic.com

# မြစ်ကျိုးအင်း

## မျှော်လင့်ခြင်းလိုမျိုးတဲ့ညနေ

အုံ့ဆိုင်းနေသည့်
မိုးသားတိမ်လိပ်များကြောင့်
မကြာခင် မိုးရွာနိုင်သည်ဟု
ခန့်မှန်းလိုက်မိသည်။
နေလယ်ခင်းကတည်းက
တုံးထားသော
တံခါးကောင်အုံးကို
လှွယ်အိတ်ထဲထည့်နေချိန်
သားအငယ်ဖြစ်သူက
တွေ့မြင်သွားသည်။
'သားလည်း
လိုက်ခဲ့မယ် မေမေ'
'မိုးရွာလိမ့်မယ်သားရဲ့
အိမ်မှာပဲ
စောင့်ရင်းနေခဲ့နော်'
'သားလိုက်ချင်တယ်
မေမေ'
ငိုမဲ့မဲ့မျက်နှာဖြင့်
ပြောလိုက်သော
သားငယ်၏
ဟန်ပန်ကြောင့် သူဆက်ပြီး
မတားမြစ်ချင်တော့ပေ။
'ကဲ ဒါဆိုလည်း
လိုက်တော့မေ့ပါဘျာ'
အလိုပြည့်သွားသဖြင့်
ပြုံးရွှင်သွားသော
မျက်နှာသည်
သူ့အမြဲမြင်ချင်သော
မြင်ကွင်းသာဖြစ်သည်။
သားသမီးများနှင့်
ပတ်သက်လျှင်
အလွယ်တကူ
အလိုလိုက်
မိတတ်သည်မှာ သူ၏
အားနည်းချက်လည်းဖြစ်သည်။
ထို့ကြောင့်လည်း
သားသမီးများသည်
သူ့ကိုသာ
တိုးတိုးတစ်မျိုး၊
ကျယ်ကျယ်တစ်ဖုံ
ပူဆာလေ့ရှိသည်။
တစ်ခုခု ပူဆာတိုင်းလည်း
မဖြည့်ဆည်းပေးနိုင်မချင်း
တိုးတိတ်စွာ
စိတ်မကောင်း
ဖြစ်ရခြင်းပင်။
လိုအပ်သောပစ္စည်းများကို
လွယ်အိတ်ထဲ
ထည့်နေချိန် သားငယ်က
သူ့ကျနိုခဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စိုးရိမ်နေဟန်ဖြင့် အနားက မခွာတော့ပေ။ သားငယ်အတွက် မိုးကာအင်္ကျီတစ်ထည် ထည့်လိုက်သည်။ ကွမ်းရွက်၊ ထုံးနှင့်ဗမာဆေးရွက်ကြီးထည့်ထားသော ကွမ်းထုပ်ကိုထည့်ပြီးချိန်တွင် လိုအပ်သောပစ္စည်းများ စုံသွားတော့သည်။ ထို့နောက် အနက်ရောင်ထီးအရှည်ကို လက်တစ်ဖက်က ကိုင်ကာ သားငယ်ကို လက်တွဲရင်း အိမ်မှထွက်လာခဲ့သည်။

ကတ္တရာလမ်းမကြီးအတိုင်း လျှောက်လာရင်း ရပ်ကွက်အဆုံးတွင် လမ်းဘေးဘယ်ဘက်ကို ချိုးကွေ့ကာ မြေသားလမ်းလေးထဲ လျှောက်ဝင်လာခဲ့သည်။

ထိုလမ်းသည် သန်လျင်ဘီအိုစီ ရေနံချက်စက်ရုံ၏ ရေကန်ကြီးများဆီသို့သွားသည့်လမ်းကလေးဖြစ်၏။

ဤလမ်းသွယ်ထဲတွင် မောင်ထွန်း၏ အိမ်ရှိသည်။ မောင်ထွန်းတို့အိမ်ရှေ့အရောက်တွင် ခြံဝမှလှမ်းပြီးအသံပြုလိုက်၏။

'မောင်ထွန်းရေ မောင်ထွန်း'

သူ့ခေါ်သံကြောင့် အိမ်အတွင်းပိုင်းမှ မောင်ထွန်းထွက်လာသည်။

'ဆရာပါလား။ ငါးသွားမျှားမလို့လား'

'အေးကွ၊ ပျင်းတာနဲ့ ထွက်လာတာ'

'ထိုင်ဦးမလား ဆရာ'

'မထိုင်တော့ပါဘူး။ ငါးမျှားတံတွေ ဝင်ယူတာ'

'ဟုတ်ကဲ့ ဆရာ။ ကျွန်တော် သွားယူပေးမယ်'

မောင်ထွန်း အိမ်အတွင်းပိုင်းသို့ ပြန်ဝင်သွားပြီး တာလပတ်စကို အိတ်ချုပ်ကာ ထည့်ထားသော ငါးမျှားတံများ ယူလာပေးသည်။ မောင်ထွန်း၏အိမ်သည် ကတ္တရာလမ်းမမှ ချိုးဝင်ကာစနေရာတွင် ရှိသည့်အပြင် ရေကန်များဆီသို့ သွားသည့်လမ်းပေါ်တွင် ရှိသည်။ ထို့ကြောင့် ငါးမျှားတံများကို မောင်ထွန်းအိမ်တွင်သာ အပ်ထားလေ့ရှိ၏။ ထို့ကြောင့် အခုလို ဝင်ယူခြင်းဖြစ်သည်။ မောင်ထွန်းမှ သားငယ်၏ပါးကို လိမ်ဆွဲရင်း…

> မိုးစိုသော်လည်း
> ငါးမျှားနေချိန်
> မိုးရွာလာလျှင်
> သူ ကျေနပ်သည်
> မိုးသံ
> မိုးရနံ့ကြောင့်
> ငါးများကမ်းစပ်
> ရောက်လာတတ်၏
> ဒီအချိန်က
> ငါးမျှား၍
> အကောင်းဆုံး
> အချိန်ဖြစ်သည်

'ငါ့ကောင်ကြီးရော ငါးလိုက်မျှားတာလားကွ'

'ဟုတ်ဘူး။ သားက ဖေဖေ့ကို ငါးလိုက်သယ်ပေးတာ'

သားငယ်ရဲ့အဖြေစကားကြောင့် ရယ်ကြရသည်။

'ဆရာ့သားကတော့ အားကိုးရပြီပဲဗျ'

မောင်ထွန်း၏စကားကြောင့် သူပြုံးလိုက်မိသည်။

'ကဲ သွားပြီဟေ့၊ ညနေမှပဲ အပြန်ဝင်ထားတော့မယ်'

'ဟုတ်ကဲ့ဆရာ'

ငါးမျှားတံအိတ်ကို ပခုံးပေါ်ထမ်းရင်း ထွက်လာခဲ့သည်။ တကယ်တော့ မောင်ထွန်းကို ပြောခဲ့သလို အပျင်းပြေ ငါးမျှားထွက်လာခြင်း မဟုတ်။ ဒီရက်ပိုင်းတွင် ငွေဝင်နိုင်မည့် အလုပ်တစ်ခုခု မလုပ်နိုင်သည့်အတွက် ဟင်းစားရလိုရငြား ထွက်လာခြင်းဖြစ်သည်။ ငွေဝင်နိုင်သည့် အလုပ်တစ်ခုခု ရှာမရချိန်တိုင်း အိမ်အတွက်တစ်ဖက်တစ်လမ်းက အဆင်ပြေစေရန် ငါးလာ မျှားလေ့ရှိ၏။ သူကရေရာ အလုပ်မျိုးစုံ လုပ်ကာ ဘဝတစ်လျှောက်လုံး မိသားစုကို ရှာဖွေ ကျွေးမွေးခဲ့သူဖြစ်သည်။

သားသမီးများ ငယ်စဉ်အချိန်ကတော့ သူ အဆင်ပြေခဲ့ဖူး၏။ သန်လျင်မြို့တွင် သူ့လက်ဖက်ရည်ဆိုင်အအောင်မြင်ဆုံး အရောင်းရဆုံးဖြစ်ခဲ့သည်။ ထိုအချိန်ကတော့ တပည့်တပန်းများလည်း စည်စည်ကားကားဖြစ်သည်။ မောင်ထွန်းက သူ့ဆိုင်၏ နံပြားဖုတ်သမားဖြစ်သည်။ သို့သော် လောကဓံအတက်အကျများကြောင့် သူ့ဆိုင်ယိုင်သထက် ယိုင်လာသည်။ ရောင်းအားကျလာချိန်မှာ လူတစ်အုပ်တစ်မကြီး၏ စားစရိတ်က သိသိသာသာ ဖိစီးလာသော်လည်း သူအပြုံးမပျက်အောင် ဟန်ဆောင်ထားခဲ့သေးသည်။ သို့သော် ဆိုင်က ရောင်းအားကျလာပြီး နောက်ဆုံးတွင် သူ ဆိုင်ပိတ်လိုက်ရတော့သည်။ သို့သော် သူမမှုခဲ့။ ကြုံရာအလုပ်ကို ရှာဖွေလုပ်ကိုင်ရင်း ဇနီးနှင့်သားသမီးများကို ဝမ်းဝစေခဲ့သည်။

ငယ်စဉ်ကတည်းက အဖေမဲ့သူဖြစ်ခဲ့ရတာကြောင့် သူ့သားမီးများအလှည့်တွင် ဘာမဆို အလိုလိုက်ဖြည့်ဆည်းပေးချင်စိတ် အမြဲရှိနေခဲ့သည်။ တခြားအလုပ်ရှာမရ၍ ငါးမျှားထွက်ခဲ့ရသော်လည်း သူ့သားသမီးများအားငယ်မည်ကို စိုးရိမ်သည့်စိတ်ကြောင့် မောင်ထွန်းအိမ်တွင်သာ ငါးမျှားတံတွေကို သိမ်းထားလေ့ရှိ၏။ အရွယ်ရောက်နေသော သူ့သားသမီးများ ရှက်ရွံ့အားငယ်မည်ကို မလိုလားပေ။

သဲလမ်းလေးအတိုင်း လျှောက်လာရင်း မုန့်ဆိုင်လေးကို မြင်သဖြင့် သားငယ်က သူ့ကိုမော့ကြည့်သည်။

'သား ဘာစားချင်လို့လဲ'

သူ့အမေးကြောင့် သားငယ်မျက်ဝန်းလေး တောက်ပသွားသည်။

'ဆီးထုပ်စားမယ် ဖေဖေ'

'ဒါဆို သားစားချင်တဲ့ ဆီးထုပ်ရွေးပေတော့'

သားငယ်၏ လက်ကို



www.burmeseclassic.com

www.burmeseclassic.com

ရင်း အိမ်ဆိုင်လေးရှေ့တွင် လိုက်သည်။ သားငယ်က တော့ သူစားချင်သော ဆီး ပ်များ ရွေးနေချိန်သူက ပေါ့လိပ် ၃ လိပ်ကို သေ ချာချာရွေးလိုက်သည်။ များရင်း ဆေးလိပ်ဖွာရ သည်မှာ စိတ်ကူးအသစ်လေး များထွက်လာနိုင်သလို ကတ်တစ်နေ့အတွက် ငွေရ နိုင်သည့် နည်းလမ်းများတွေ့ နိုင်ဖွယ်ရှိသည်ဟု ယုံ ကြည်မိသည်။

သူလက်ကို ဆွဲကိုင်ရင်း လာသော ဆီးထုပ်လေး ကြည့်ကာ သားငယ်ရွှင် နေသည်။

'ဖေဖေ ဖောက်ပေးရ မလား'

'ဟိုရောက်မှ စားမယ်'

'အေး…အေး'

မကြာခင်မှာပင် ရေကန် ကြီးဆီသို့ ရောက်လာသဖြင့် ကန်စောင်းတစ်နေရာတွင် နေရာယူလိုက်သည်။ ဤရေ ကန်များတွင် နှစ်ချို့ငါးကြီး များရှိသည်။ အင်္ဂလိပ်ခေတ် တည်းက တူးထားသည့် ကန်များဖြစ်၍ ရေမှော်များ၊ များ၊ ကြာပင်များဖြင့် ကန်ရေပြင်များက စိမ်းမှောင် နေ၏။ လွယ်အိတ်ထဲ ထည့် လာသည့် ပလတ်စတစ် ဗူးလေးကို ထုတ်ခင်းကာ တ်တိုတစ်ချောင်းစိုက်၍ ကို ချည်ထားလိုက်သည်။ သားငယ်ကတော့ ထီးရိပ်ထဲ ထိုင်ကာ သူ့ဆီးထုပ်ကို ဖောက်နေပြီ။

လွယ်အိတ်ထဲမှ တီ ကောင်ဘူးကို ထုတ်ကာ ငါး ချိတ်တွင် တီတစ်ပိုင်းတပ် လိုက်သည်။ အချိန်မရ၍

ကိုင်းတံကို
ရှုတ်ခနဲ
အသုတ်မှာ
ငါးတစ်ကောင်
ပါလာတိုင်း
သူ့သား၏
ပျော်ရွှင်စွာ
ဟေးခနဲ
အော်သံသည်
သူ့အပေါ်
ထားသည့်
ယုံကြည်ကိုးစားမှု
ဖြစ်သည်

ပိုးဟပ်တော့ သူ မဖမ်းနိုင်ခဲ့။ ပိုးဟပ်နှင့်မှုများလျှင် ငါးဖယ်များရတတ်သည်။ တီကောင်ကိုတော့ ငါးတော်တော်များများက ကြိုက်ကြသည်။ တီလားပီးယားငါးများမှာ တီကောင်ကို ပို၍နှစ်သက်ကြ၏။ ဤကန်ထဲတွင် တီလားပီးယားနှစ်ချို့ငါးကြီးများ ရှိသည်။ ငါးလာမှုများသူ သိပ်မရှိ၍ ငါးများမှာ ပွားများနေသည်။ သို့သော် ကန်က ကျယ်လွန်း၍ အချိန်နှိမ့်မြန်မြန်နှင့်တော့ ငါးမိရန် မသေချာ။ အိတ်ထဲမှ နောက်ထပ်ငါးမျှားတံအသေးတစ်ချောင်း ထပ်ထုတ်ကာ ငါးစာတပ်လိုက်သည်။ ဒီအသေးကတော့ ငါးဖျင်းသလက်များ၊ ငါးဘဲပြုများလို ငါးအသေးလေးများအတွက် ဖြစ်သည်။ ထိုငါးလေးတွေကို ကြော်လိုက်လျှင် ဟင်းတစ်ခွက်ဖြစ်တာကြောင့် ငါးမျှားတံကိုင်းအသေးလေးကို အပိုဆောင်ထားခြင်းဖြစ်သည်။ ငါးမျှားတံထိပ်များဖြင့် ရေထဲမှ ဒိုက်နှင့်ကြာဖက်အနည်းငယ်ကို ဖယ်လိုက်သည်။ ကွက်လပ်ဖြစ်သွားသော ထိုနေရာကို ငါးမျှားကြိုး ချလိုက်၏။

ငါးမျှားတံအရင်းပိုင်းကိုတော့ သူ့ဘေးနားတွင် စိုက်ကာ ရေပေါ်ပေါ်နေသော ဖော့တံလေးကို ကြည့်နေလိုက်သည်။ မကြာမကြာလိုက်လာဖူးသည့် သားငယ်ကလည်း ဖော့တံများကို ပိုင်းကြည့်ပေးနေ၏။ ငါးမျှားတံများနေရာတကျ ရှိပြီးသွားသဖြင့် အိတ်ထဲမှ ကွမ်းထုပ်ကိုထုတ်ပြီး တစ်ယာ ယာစားလိုက်သည်။

'ဖေဖေ ဆီးထုပ်စားမလား'

'ကွမ်းစားနေပြီသားရဲ့ မစားတော့ဘူး'

ကွမ်းနှစ်ယာနှင့် ဆေးလိပ်တစ်လိပ်ကုန်ပြီးချိန်အထိ ကိုင်းတံအသေးမှ ငါးအသေးလေးများသာ ရသေးသည်။ ငါးအကြီးတစ်ကောင်မှ မမိသေး။ သားငယ်ကတော့ သူ့ပေါင်ကို ခေါင်းအုံးကာ အိပ်ပျော်နေပြီ။ ငါးမျှားလိုက်လာတိုင်းလည်း ခဏလောက်သာ သားငယ်က နေနိုင်သည်။ ငြိမ်ငြိမ်သက်သက်နေရသည်ကြောင့် အရိပ်ထဲတွင် အိပ်ပျော်သွားတတ်သည်မှာ အကျင့်ဖြစ်နေလေပြီ။ ကိုင်းတံအသေးမှ ငါးဖျင်းသလက်ခြောက်ကောင်ခန့်ရပြီးချိန်တွင် မိုးစက်များကျလာတာကြောင့် သားငယ်ကို နိုးပြီး မိုးကာဝတ်ပေးလိုက်သည်။

မိုးစိုသော်လည်း ငါးမျှားနေချိန် မိုးရွာလာလျှင် သူကျေနပ်သည်။ မိုးသံ မိုးရနံ့ကြောင့် ငါးများကမ်းစပ်ရောက်လာတတ်၏။ ဒီအချိန်က ငါးမျှား၍အကောင်းဆုံးအချိန်ဖြစ်သည်။ မိုးက တဖြည်းဖြည်းသည်းလာသည့်အတွက် သားငယ်ကို ထီးအောက်တွင် လုံလုံခြုံခြုံထားလိုက်ရတာကြောင့် သူ့ကိုယ်တစ်ခြမ်းရွဲ့ရွဲ့စိုလာသော်လည်း သူမျက်လုံးကို ဖော့ထံမှ မဖယ်ရှားဝံ့ဘဲ စူးစိုက်ပြီး ကြည့်နေရသည်။

ကိုင်းတံကို ရှုတ်ခနဲ အသုတ်မှာ ငါးတစ်ကောင်ပါလာတိုင်း သူ့သား၏ပျော်ရွှင်စွာဟေးခနဲအော်သံသည် သူ့အပေါ်ထားသည့် ယုံကြည်ကိုးစားမှုဖြစ်သည်။ သားငယ်ပါလာသည့်နေ့တိုင်း အရင်ထက် သူ ငါးပိုရချင်သည်။ သားသမီးတွေအတွက် ဘာမှ မလုပ်ပေးနိုင်လျှင်တောင် ယုံကြည်အားကိုးမှုတော့ သူပေးနိုင်ချင်သည်။ ထိုခံစားချက်ကြောင့် ငါးမျှားတံကို မမိတ်မသုန် စူးစူးစိုက်စိုက် ကြည့်နေရ၏။

မိုးရေစက်များကြောင့် ကိုင်းတံကိုလက်ထဲသို့ ပြောင်းကိုင်ထားလိုက်သည်။ သို့မှသာ ငါးတွတ်လျှင် သူချက်ချင်းသိနိုင်မည်။ သည်းသည်းထန်ထန် မိုးရွာသွန်းနေတာ

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ငါးများမြူးထူးကာ ကန်ထဲတွင် ဟိုတစ်ပွက် ဒီတစ်ပွက်ဖြင့် ထခုန်နေကြ၏။ သို့သော် သူ့ကိုင်းတံကိုတော့ လာမဆွဲကြသေး။ ကမ်းစပ်ကို ကပ်လာသော ငါးသေးသေးလေးများသာ တစ်ကောက်ပြီးတစ်ကောင်ရနေခဲ့သည်။ သားငယ်ကတော့ အကြီးအသေး မခွဲဘဲ ငါးတစ်ကောင်ရတိုင်း ပျော်ရွှင်နေသဖြင့် အသေးတွေသာ ရနေသော်လည်း သူကျေနပ်ရပါသည်။ မိုးရွာနေသဖြင့် ညနေခင်းသည် စောစီးစွာ မှောင်စပြုနေပြီ။

ထိုအချိန်တွင် ကိုင်ထားသော ကိုင်းတံအကြီးမှ ဆတ်ခနဲ ဆတ်ခနဲ လှုပ်ရှားမှုကို ခံစားရသဖြင့် သူ အသက်ကို မှုဉ်းရှူကာ အာရုံစိုက်နေလိုက်၏။ ငါးတော့ သေချာသည်။ သို့သော် သွေးတိုးစမ်းနေသေးဟန်တူသည်။ ထိခနန်း ဆိတ်ခနန်းသာရှိသေး၏။ ငါးများချိတ်ကို လာမဟပ်သေး။ သူ စိတ်ရှည်ရှည်ဖြင့် စောင့်နေလိုက်၏။ ဒီလိုအချိန်မှာ စိတ်ရှည်မှုဖြစ်မှာကို သူသိသည်။ သူ့ဘက်က မလှုပ်ဘဲ ငြိမ်နေလိုက်တာကြောင့် ရေထဲမှ ငါးက ငါးစာကို သဘာဝအစာမှတ်ကာ ဆွဲဟပ်လိုက်သည်။ တင်းခနဲ ဖြစ်သွားသော ငါးများကြိုးကြောင့် ဒီငါးအကောင်ကြီး နိုင်သည်ကို တွက်မိ၏။

ငါးများချိတ် ချိတ်မိသွားသဖြင့် ငါးက အတင်းရုန်းကန်နေတာကြောင့် ငါးမောအောင် သူအလိုက်သင့်လျှော့ပေးလိုက်သည်။ သူဆွဲကိုယ်ဆွဲဆိုလျှင် ကြိုးပြတ်

**သားသမီးတွေ
အတွက်
ဘာမှ
မလုပ်ပေးနိုင်
လျှင်တောင်
ယုံကြည်
အားကိုးမှုတော့
သူပေးနိုင်ချင်သည်
ထိုခံစားချက်ကြောင့်
ငါးများတံကို
မဗိုတ်မသုန်
စူးစူးစိုက်စိုက်
ကြည့်နေရ၏**

သွားနိုင်သည်။ သူ့ကိုင်းတံက သာမန်ဝါးချောင်းသာဖြစ်တာကြောင့် ကြိုးကိုအလျှော့အတင်းလုပ်စရာ ဘီးလုံးမပါပေ။ ထို့ကြောင့် သူထိုင်ရာမှခပ်မြန်မြန်ထကာ ကိုင်းတံကို ကိုင်ထားရင်း ရှေ့သို့ လိုက်တိုးပေးရသည်။ ငါးကလည်း နောက်ကို လှည့်ကာ အားအင်ကုန်သုံး၍ ရုန်းကန်နေ၏။ ဒီငါးမိဖို့ အရေးကြီးသည်။ အကောင်ကြီးနိုင်တာကြောင့် အိမ်ပြန်မျက်နှာပန်းလှသလို ဟင်းစား နှစ်နပ်စာလောက် ဖူလုံသွားနိုင်သည်။

'ဖေဖေ ငါးကြီးမိပြီကွ၊ ဟေး…ဖေဖေ ငါးကြီးမိပြီ'

ကန်စပ်အထိသူ့ဆင်းသွားတာကြောင့် သားငယ်က သဘောပေါက်ပြီး ပျော်ရွှင်နေသည်။ သားငယ်၏ ဝမ်းသာတက်ကြွသံ ကြားသဖြင့် ဒီငါးကို မရရအောင်ဖမ်းရတော့မည်ဆိုတာ သူသဘောပေါက်သည်။ ငါးကလည်း သေသောကြောင့် အတင်းရုန်းကန်နေ၏။ ကြိုးပြတ်သွားမှာ စိုးတာကြောင့် ငါးခေါ်ရာနောက်ကို သူလိုက်နေရသည်မှာ ရေထဲသို့ ဒူးတစ်ဝက်ပင် မြုပ်နေပြီ။ သူ့အာရုံတစ်ခုလုံး ဒီငါးရဖို့ပဲ အာရုံစိုက်ထားသည်။ ဒါဟာ ငါးတစ်ကောင်ထက်ပိုသည်။ သူ့သား၏ ယုံကြည်မျှော်လင့်ချက်ကို အပျက်စီးမခံနိုင်။ ကိုယ့်ဘက်ကို နည်းနည်းပြန်ဆွဲလိုက်၊ ငါးရုန်းတာကို လျှော့ပေးလိုက်ဖြင့် ငါးမောအောင် သူကြိုးစားနေသော်လည်း အကောင်ကြီးသည့် ငါးဖြစ်နိုင်တာကြောင့် မမောသေးတာ ဖြစ်မည်။

သူ စိတ်ရှည်ရှည်ထား၍ ရေကန်ထဲသို့ တရွေ့ရွေ့တိုးရင်း ငါးဆွဲရာနောက်ကို လိုက်နေရသည်။ မကြာခင်ဤငါး ရုန်းရတာ မောသွားတော့မည်။ ထိုအချိန်ရောက်မှ တဖြည်းဖြည်းဆွဲတင်လိုက်လျှင် ထိုငါးကြီးကုန်းပေါ် ရောက်လာမည်။ ရေအနက်က သူ့ပေါင်ရင်းအထိ ရောက်နေသော်လည်း ငါးက ရုန်းကန်နေတုန်းပဲ ဖြစ်သည်။ ကြာလျှင် သူပါရေထဲမြုပ်သွားနိုင်တာကြောင့် စွန့်စားသည့်အနေဖြင့် ကိုင်းတံကို မလျှော့မတင်းဆုပ်ကိုင်ကာ သူ့ဘက်ကို ကြိုးနည်းနည်းပြန်ဆွဲလိုက်သည်။

ငါးမောသွားပြီထင်၏။ သူပြန်ဆွဲခေါ်ရာသို့ လိုက်ပါလာသည်။ သူ့စိတ်အာရုံတစ်ခုလုံး ကိုင်းတံပေါ်တွင်သာ တည်မှီနေသည်။ သတိကပ်၍ ကိုင်းတံကို ဖြည်းညင်းစွာ ဆွဲနေလိုက်၏။ ထိုအချိန်မှာပင် ငါးက ဖြုန်းခနဲ အတင်းရုန်းကာ လှည့်ပြေးသည်။ သူ့ဘက်ကို အဆွဲနှင့် ငါး၏ ရုန်းကန်မှုကြောင့် သူ့လက်ထဲမှကိုင်းတံ တင်းခနဲဖြစ်သွားသဖြင့် ကိုင်းတံကို လွှတ်ပေးလိုက်မိ၏။ ထို့နောက် ချက်ချင်းပင်လွှတ်ထွက်သွားသော ကိုင်းတံကို လှမ်းဆွဲဖို့ရှေ့ကို အလောတကြီး တိုးလိုက်စဉ် သူ့ခြေဖဝါးတွင် ပွခနဲဖြစ်သွားသည်။ အကောင်တစ်ကောင်ကိုက်သည်လား၊ တစ်ခုခုစူးသည်လား မသိသော်လည်း သူ့ခြေဖဝါးမှ နာကျင်မှုကို ခံစားမိသည်။

သို့သော် လတ်တလော နာကျင်မှုကို သတိမထားနိုင်ဘဲ လွှတ်ထွက်သွားသော ကိုင်းတံကိုသာရအောင်လှမ်းဆွဲလိုက်သည်။ ဆွဲယူလိုက်သော ကိုင်းတံက သူ့လက်ထဲသို့ ပေါ့ပါးစွာပါလာသည်။ သူ့ရင်ထဲ ဟာခနဲဖြစ်သွား၏။ ကိုင်းတံကို တဖြည်းဖြည်းဆွဲမလိုက်သည်။ ငါးများကြိုးပြတ်စလေးက လေထဲတွင် တန်းလန်းလွဲနေသည်။ ငါးတစ်ကောင်နှင့် အားပြိုင်မှုတွင် သူရှုံးသွားခဲ့ရပြီ။

ရင်ထဲတွင် လစ်ဟာသွားသော်လည်း သူ့မျက်ကို ခပ်ပြုံးပြုံးလုပ်ကာ သားငယ်ဘက် လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကြိုးပြတ်သွားတယ် သားရဲ့၊ နောက်တစ်ကောင် ဆယ်ဖမ်းမယ်ကွာ၊ ဒီတစ်ခါ ကြီးတာ ဖမ်းပေးမယ်'

သားငယ်ကို အာရုံပြောင်းစေရန်ပြောပြီး သူ [illegible]မ်းပေါ်တက်လာသည်။ သားငယ်ကတော့ ငါးမျှား ကြိုးပြတ်စလေးကိုသာ ငေးကြည့်နေ၏။ မြေကြီးပေါ်သို့ [illegible]အချမှပင် သူ့ခြေထောက် [illegible]နိုင်အောင် နာကျင်သွား [illegible]ဖြင့် ငုံ့ကြည့်လိုက်သည့် [illegible] ညာဘက်ခြေဖဝါးမှ သွေးများထွက်နေသည်ကို တွေ့လိုက်၏။ မြေပြင်ပေါ် ထိုင်ပြီး ခြေဖဝါးကို လှန်ကြည့်မှ ခြေဖဝါးတွင် ပြတ်ရှ [illegible]ကြီးကို တွေ့ရသည်။ ရှာနေသော မိုးနှင့်အပြိုင် သွေးများ [illegible] ဒလဟော ထွက်လာ၏။

'ဖေဖေ သွေးတွေ၊ [illegible] ဘာဖြစ်တာလဲ'

သားငယ်ကပြောရင်း သူ့အနားကို ရောက်လာသည်။ ခြေဖဝါးမှ မခံမရပ်နိုင်အောင် နာကျင်လာသဖြင့် ဒဏ်ရာ နံဘေးကို လက်ဖြင့် ခပ်တင်းတင်းဖိထားလိုက်၏။ သွေးများက မနားတမ်းထွက်နေသည်။ ရေကန်ထဲမှ ငါးမျှားပြတ်စတစ်ခုခုကို နင်းမိတာဖြစ်မည်။ ဘီအိုစီ ရေနံ ကုမ္ပဏီမှ တူးထားသော ရေကန်ဖြစ်တာကြောင့် ရေထဲတွင် သံပိုက်လုံးအပြတ်များ ရေတိုင်ကီ အစွေးများ ရှိသည်ကို သိထားလျက် ငါးမျှားနေကြောင့် သူ သတိ [illegible]ချက် လွတ်သွားချိန်မှာ ဖြစ်သွားခြင်းဖြစ်သည်။

'အီး…ဟီး…သွေး [illegible] အများကြီးပဲ'

မရပ်မနားထွက်လာသော သွေးများကို မြင်သဖြင့် သားငယ် ငိုလေတော့သည်။ သူ နာကျင်မှု ခဏမေ့ကာ-

'သား မငိုနဲ့။ သေးသေးလေး ရှတာကွ။ ဘာမှ မဖြစ်ဘူး။ ခဏနေရင် ကောင်းသွားမှာ'

သားငယ်က ခြေထောက်ကို ကိုင်ကြည့်ပြီး ဆက်တိုက်ထွက်နေသော သွေးများကိုမြင်၍ အငိုမတိတ်တော့။ ပုဆိုးအောက်နား ပတ်လည်ကို ဆွဲဖြဲကာ ပတ်တီးအဖြစ် ဒဏ်ရာကို ခပ်တင်းတင်းစည်းနှောင်လိုက်သည်။ သွေးထွက်လျော့သွားသော်လည်း နာကျင်မှုက ပို၍ပို၍ တိုးလာသည်။ ဒဏ်ရာက ကြီးသည့်အပြင် ရှရာကလည်း နက်မည်ထင်သည်။ သွေးထွက်များနေသဖြင့် အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။ ခြေဖျားထောက်ကာလျှောက်ရင်း ကိုင်းတံတွေကို သိမ်းလိုက်သည်။ ငါးအသေးလေးများ ထည့်ထားသော အိတ်ကို ဟ ကြည့်လိုက်၏။ သိပ်တော့ မနည်းလှ။ ကြော်လိုက်လျှင်တော့ မိသားစုစားလောက်နိုင်မည်။ ဒီညအတွက် ဟင်းတစ်နပ်စာရသဖြင့် သူ့အနည်းငယ်စိတ် အေးသွားရသည်။

'အရမ်းနာနေလား ဖေဖေ'

'မနာပါဘူးသားရယ်'

သူ့ခြေထောက်ကို ငုံ့ငုံ့ကြည့်ရင်း သားငယ်မျက်နှာ နွမ်းနွမ်းလေးဖြစ်နေ၏။ သူ့လက်ကို တင်းတင်းဆုပ်ကိုင်ထားသော လက်ကလေး အေးစက်နေသည်။ သူ နာကျင်နေမည်ထင်ပြီး သူ့မျက်နှာကို ခဏခဏမော့ကြည့်နေသော သားမျက်ဝန်းသည် မျက်ရည်စက်များကြောင့် ရွှန်းလဲ့နေ၏။ သားငယ်စိတ်မကောင်းဖြစ်မှာစိုး၍ ခြေဖဝါးမှ တစစ်စစ်ကိုက်လာသော ဒဏ်ရာကို အားတင်းကာ ခြေဖျားထောက်ပြီး လျှောက်လာခဲ့သည်။

တကယ်တော့ သူနာကျင်နေပါသည်။ ပြတ်ရှဒဏ်ရာမှ နာကျင်ခြင်းထက်ပိုသော နာကျင်မှုသည် ရင်ထဲမှာ ဖြစ်ပေါ်နေ၏။ ထိုနာကျင်ခြင်းမှာ သားသမီး၏အား ငယ်နေရခြင်းကိုကောင်းစွာ မနှစ်သိမ့်နိုင်သည့် ဖခင်တစ်ယောက်၏ နာကျင်မှုမျိုးဖြစ်သည်။ ထိုနာကျင်ခြင်းသည် ခြေထောက်မှ ဒဏ်ရာထက် ပို၍ အနာကျင်ရဆုံးဖြစ်ပါသည်။

မှောင်ရီပျိုးစပြုနေသည့် မြေလမ်းလေးထက်တွင် သားငယ်ကို လက်ဆွဲ၍ ငါးမျှားတံထည့်ထားသော အိတ်ကိုပခုံးပေါ်ထမ်းတော့ သူ တရွေ့ရွေ့ဖြင့် ပြန်လာခဲ့သည်။ လက်ထဲမှ လှုပ်ယမ်းနေသော အိတ်ထဲတွင်တော့ မျှော်လင့်ခြင်းများဖြင့် လဲယူထားရသော ငါးကလေးများရှိနေ၏။ ထို့ပြင် ခြေဖဝါးမှတစ်စက်တစ်စက်ကျ ကျန်ရစ်သော သွေးစက် အချို့သည်လည်း မြေလမ်းကလေးထက်တွင် တစ်စက်ချင်းကျကာ ကျန်နေခဲ့၏။ သားငယ်လေးကတော့ သူ့ ခြေထောက်မှ ဒဏ်ရာနှင့် မျက်နှာမှ နာကျင်ဟန်ကို ညှိုးငယ်နေသော မျက်ဝန်းများဖြင့်တစ်လှည့်စီ မော့ကြည့်နေလေသည်။ ■

**မြစ်ကျိုးအင်း**


**အယ်ဒီတာအဖွဲ့**


အခန်း (၃-၀၃)
တိုက်အမှတ် ၂၀/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နှို့အမျိုးဇာနည်... ဗိုဝါလေသည်

**မျှူးဆက်ပိုင်၊ ရွှေတောင်၊**

မနက် ၄ နာရီလောက်တွင် အဘဖိုးစိန် မီးလှုံနေသည့်အသံကြားရ၍ အိပ်မပျော်သည့်အတူတူ နွေးသွားအောင် မီးလှုံမည်ဟု ကြိုကျောင်း စိတ်ကူးလိုက်သည်။ ဝါးကပ်ကြားက တိုးထွက်လာသော ဆောင်းလေအေးနှင့် ဆောင်းအချမ်းကို ကြိုကျောင်းကိုယ်ပေါ် လွှမ်းခြုံထားသောလွှာချင်းစောင်ပါးပါးလေးက ဘယ်လိုမှ အနွေးဓာတ်ရအောင် ကာကွယ်မပေးနိုင်။ ဒါကြောင့် သူ ဆောင်းတွင်းကို မြန်မြန်ကုန်စေချင်လှပြီ။

'လူလေး အိပ်ဦးလေ။ အစောကြီး ရှိသေးတယ်'

ထပ်အင်္ကျီလက်ရှည်၊ ဘောင်းဘီဖင်ပြတ်နှင့် အိပ်မှုန်စုံမွှားထလာသော ကြိုကျောင်းကို အဘဖိုးစိန်က ဆီးပြောသည်။

'ချမ်းတယ် အဘရ၊ အိပ်လို့မရတော့ဘူး'

မေးရိုက်သံနှင့်ပြောလာသော မြေးဖြစ်သူကို အဘဖိုးစိန် ကရုဏာသက်စွာဖြင့် စိတ်မကောင်းဖြစ်သွားမိသည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ကြွေလွင့်သွားရသော ကြိုကျောင်းအမေ၊ သူ့သမီး အေးမြကိုလည်း သတိရမိ၏။ ကြိုကျောင်း မီးဖိုနား အသာတိုးကပ်၍



www.burmeseclassic.com

www.burmeseclassic.com

အေးစက်နေသော လက်ဖဝါးကလေးနှစ်ဖက်ကို မီးညွန့်နားကပ်ကာ အပူပေးလိုက်၏။ အပူငွေ့လေးများကြောင့် လူတစ်ကိုယ်လုံး ယခုမှပင် နေသာထိုင်သာ ရှိသွားတော့သည်။

မီးအရှိန်သေပြန်တော့ အဘဖိုးစိန်က မန်ကျည်းမြစ်တုံးတစ်တုံးထပ်ယူလာကာ မီးဆိုင်ပြန်သည်။ မနေ့ညနေက သူ လှည်းကျင်းထားသော သစ်ရွက်အမှိုက်မျိုးစုံက တစ်ညလုံးကျထားသည့် ဆောင်းနှင်းစက်တွေကြောင့် ရွဲရွဲစိုနေပြီး မီးမစွဲချင်တော့။

အဘဖိုးစိန်ကို ကူပြီး ကြံကျော်င်း မီးစွဲအောင် ဖင်ဘူးတောင်းထောင်၍ ကုန်းမှုတ်ရသည်။ ယခင်မီးစွဲလက်စသစ်တုံးရှိသည့်အတွက် မီးက ရဲခနဲ ရဲခနဲ ဖြစ်သွားသော်လည်း ခြောက်သွေ့သည့်လောင်စာ အကူမရှိ၍ မီးတောက်ဘဝသို့ အလွယ်တကူပြောင်းမသွားသေးပေ။

အဘဖိုးစိန်က အိမ်တံစက်မြိတ်အောက်တွင် စုပုံထားသည့် ဝါးတို၊ ဝါးစကလေးများကို လိုက်ကောက်ပြီး မီးဖိုနားပြန်လာသည်။

'ဟား…ဟား…ငါ့မြေး ဒါကြီးက ဘာကြီးပါလိမ့်'

'ဟာဗျာ အဘကလဲ'

ကြံကျော်င်း မီးကုန်းမှုတ်နေရာက အရှိန်ပျက်သွားသည်။ အဘဖိုးစိန်က ကြံကျော်င်း၏ ပေါင်ခွကြားကို လက်ဖြင့်အသာစမ်းလိုက်သောကြောင့်ဖြစ်၏။

'ဟား…ဟား…လူလေး ဘောင်းဘီခွက ပြဲနေပြီလား။ မျောက်ရှုံးအောင် ဆော့တဲ့ကောင် တကတဲ'

ကြံကျော်င်း အဘဖိုးစိန်ကို ရှုတည်တည် ပြန်ကြည့်ရင်း…

'ဘာမှန်းလဲ မသိဘူး အဘရာ။ လက်အေးကြီးနဲ့'

ကြံကျော်င်းစကား ကြားတော့ အဘဖိုးစိန်က အူလှိုက်သည်းလှိုက် ရယ်ပြန်သည်။

'မနက်မိုးလင်းရင် အဘကို ခဏချွတ်ပေး။ ပြန်ချုပ်ပေးမယ်။ မင်း မရှက်ဘူးလား လူလေးရာ'

ကြံကျော်င်း အဘဖိုးစိန်ကို ဘာမျှပြန်မပြောမနေတော့၊ မီးစတောက်လာပြီဖြစ်တဲ့ မီးပုံကို ကျောပေးလို့ မီးလှုံနေလိုက်သည်။

BURMESE CLASSIC

❑

လမ်းဘေးတစ်ဖက်တစ်ချက်တွင် အလံများကို ဝါးတိုင်ထောင်၍ လွှင့်ထားသည်။ လူကြီး၊ လူရွယ်၊ လူငယ်ပေါင်းစုံဖြင့် တစ်လမ်းလုံး စည်စည်ကားကားရှိနေကြသည်ကတော့ အမှန်၊ လမ်းထိပ်တွင် မြေဖြူဖြင့် စာရေးထားသည့် ဘလက်ဘုတ်အား ကုလားထိုင်တစ်လုံးကို နောက်မှီပြု၍ ခပ်ယိုင်ယိုင်ထောင်ထားသည်။ ရေးထားသည့်စာများကို စာလုံးပေါင်းဖတ်ရမည်ဖြစ်သည့်အတွက် ခုချိန် ကြံကျော်င်း မဖတ်အားလိုက်။ ထို့ကြောင့် ဘာတွေရေးထားသည်ဆိုတာကိုလည်း မသိပေ။

လူအုပ်ကြားထဲ ယောင်ပေပေရပ်နေကြသည့် သူတို့ကလေးအုပ်စု ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိသေး။ ဆည်မြောင်းမှာ ငါးစမ်းနေတုန်း ဘီယာဘူးလာခေါ်လို့သာ သူတို့အဖွဲ့တွေ ကသုတ်ကရိုက် ပါလာကြခြင်းဖြစ်သည်။ ပေကျံနေသည့် ရွှံ့များကိုတောင် ပြောင်စင်အောင် မဆေးကြောခဲ့ရ၊ ဒီကိုရောက်တော့ ဘာမှန်းမသိ စည်ကားနေသည်ကိုတော့ ကြံကျော်င်း တွေ့နေရသည်။

'ခုတစ်ခါ ယှဉ်ပြိုင်မယ့်ပွဲကတော့ ခြေသုံးချောင်းထောက် ပန်းဝင်အပြေးပြိုင်ပွဲဖြစ်ပါတယ်။ ဟုတ်ကဲ့ ခင်ဗျာ။ ဒီပြိုင်ပွဲကို ပါဝင်လိုကြတဲ့ကလေးများ ကျွန်တော်တို့ရဲ့ယောဒီပြန်ကြားရေးစားပွဲခုံမှာ ကြိုတင်လာရောက်စာရင်းပေးနိုင်ပါတယ်'

အသံချဲ့စက်က အသံကြားတော့ ဘီယာဘူးနှင့် ဂျိုကာက ကြံကျော်င်းလက်အတင်းဆွဲပြီး စာရင်းပေးရမည့်နေရာကို ပြေးသည်။ ဘာမသိ၊ ညာမသိဖြင့် ကြံကျော်င်းကတော့ ခုအချိန်ထိ ဘာလုပ်ရမှန်းကို မသိသေး။

'ဦး၊ ကျွန်တော်တို့ ပြိုင်ချင်လို့ ပြိုင်လို့ရမလား'

မိုက်ကရိုဖုန်းကိုင်ထားသည့်မျက်မှန်နှင့် ဦးလေးကြီးက ကြံကျော်င်းတို့ကလေးအုပ်စုကို သေချာစိုက်ကြည့်လာသည်။

'မင်းတို့က ဘယ်ကလဲ'

'ကန့်လန့်ကုန်းက'

ဘီယာဘူးက သွက်သွက်လက်လက်နှင့် ပြန်ဖြေသည်။ မျက်မှန်နှင့် ဦးလေးကြီးတစ်ချက်တော့ တွေကာ စဉ်းစားနေသည်။ နောက် အနီးမှဖြတ်သွားသောအသက်ခပ်ကြီးကြီး ဘဘတစ်ယောက်ကို တွေ့မှ-

'ဥက္ကဋ္ဌ…ဥက္ကဋ္ဌ၊ ဒီမှာ
ကန့်လန့်ကုန်းက ကလေးတွေ
ပြိုင်ပွဲဝင်ပြိုင်ချင်လို့တဲ့။ ဒီ
လမ်းထဲက ကလေးတွေကိုပဲ
ဝင်ပြိုင်နိုင်းရမှာလား၊ သူတို့
ကိုပါ ဝင်ပြိုင်ခွင့်ပေးရမှာလား'

ဥက္ကဋ္ဌဆိုသည့် အဘ
ကြီးကလည်း မျက်မှန်တစ်
ချက်ပင့်တင်ပြီး သူတို့ကလေး
အုပ်စုကို သေချာကြည့်ပြန်
သည်။ ကြံကျော်င်း သူတ
တောင်ဆစ်တွင် ကျန်ရှိနေ
သေးသော ရွှံ့များကို ထို
ကြီးတွေ့သွားမှာ စိုးသည့်
အတွက် လက်ကို ကျော
နောက်သို့ ဝှက်ထားလိုက်၏

သူ့နဖူးမှာ ရွှံ့ကွက်ကြီး
ရှိနေသည်ကိုတော့ ကြံကျော်င်း
မသိ။

'ပြိုင်ခိုင်းလိုက်ပါ
ကွာ။ ငါတို့ရပ်ကွက်က ငါ
လမ်းက ကြီးမှူးကျင်းပတာ
ဆိုပေမဲ့ ဘယ်ရပ်ကွက်
ဘယ်လမ်းကဖြစ်ဖြစ် ပြိုင်
ချင်တဲ့ကလေးရှိရင် ဝင်
ပြိုင်ခိုင်း။ စည်ကားသို
မြိုက်ဖို့က အဓိက'

'ကဲ…ကဲ…ကလေး
တွေ နာမည်ပြော'

'ကျွန်တော်က ဘီယာ
ဘူး၊ သူက ချက်ရူ၊ သူ
ကြံကျော်င်း'

'ဟော့ကောင် ဒီအဖွဲ့
မင်းက ဆရာကြီးလား၊ မ
နာမည်ပဲ မင်းပြော။ ကျ
ကောင်တွေ ကိုယ့်နာမည်
ကိုယ်ပြော'

ဦးလေးကြီး ဟော
လိုက်လို့ ဘီယာဘူး
တိတ်သွားရ၏။ သူ
ယောက်သည့်အတွက်
ပုံတော့ မပေါ်။

'ကျွန်တော့်နာမည်

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပါ'

'နာမည်ရင်းပြောကွ'

ကြံကျောင်း ခေါင်း ...တ်မိသည်။ သူ့နာမည်ရင်း ... သူ ရုတ်တရက်မမှတ်မိ။ ...ပေးခဲ့သော နာမည် ...ည်ရင်း)က ထွန်းမြတ် ...ည့်လား၊ ထွန်းမြတ်ထွန်း ... ယော သူ ခဏစဉ်းစား ... သတိရသည်။

'ဩော် ဟိုဟာ မောင် ...မြတ်ထွန်း'

'နောက်တစ်ယောက် ...'

'ချက်စူ'

'ဟော့ကောင် နာမည် ...လို့ ပြောနေတာ မင်း ...ကြားဘူးလား'

'မသိဘူး၊ မရှိဘူး။ ...စူပဲ ရှိတယ်'

'ဟာ ဒီကလေးကတော့'

'တဲ…တဲ မြင့်ဆောင်၊ ...ကလေးတွေနဲ့ မင်းနဲ့တော့ ...မှာမဟုတ်ဘူး။ ပေး ပေး ...စာရင်းလုပ်ပေးမယ်'

အသားဖြူဖြူ ရုပ်ချော ... ဦးလေးကြီးတစ်ယောက် ... မျက်မှန်နှင့် ဦးလေးကြီး ... ဝင်လာသည်။ အလ ...နေရင်း စိတ်တိုနေတတ် ... မျက်မှန်နှင့် ဦးလေး ...ကို ကြံကျောင်းလည်း ...ည့်မရဖြစ်လာမိ၏။

'တဲ သားနာမည်က'

'ဂျိုကာပါ။ နာမည် ...ာ မောင်ဝေယံအာကာမိုး'

'ဟာ ကောင်းလိုက်တဲ့ ...ည်ကွာ'

ဖွက်ညှိနဲ့ တထောင်း ...ောင်း၊ နေပူသတ်ထား၍ ...ရောင်အသားအရေဖြင့် ...ကြီးစွပ်ကျယ်အင်္ကျီကို ...ါအောက် ဝမ်းဆက်ဝတ်ထားသည့် ဂျိုကာ၏ နာမည်ရင်းမှာ ဝေယံအာကာမိုးဖြစ်နေသည့်အတွက် ပထမ စိတ်တိုတတ်သည့် ဦးလေးကြီးက နံ့ဘေးမှနေ၍ မဲ့ကာ၊ ရွဲ့ကာ၊ ခပ်ဟဟရယ်ကာဖြင့် ရွှတ်ချနေသေးသည်။

စာရင်းပေးပြီးသည်နှင့် ပြိုင်ပွဲဝင်မည့် ကလေး အယောက် ၂၀ ကို နှစ်ယောက်တစ်တွဲစီ တွဲခိုင်းသည်။ ချက်စူနှင့်ကြံကျောင်းက တွဲလျက်ကျ၏။ ပြီးလျှင် ချက်စူ၏ ညာဘက်ခြေထောက်နှင့် ကြံကျောင်း၏ ဘယ်ဘက်ခြေထောက်ကို ပုဆိုးစုတ်တစ်ထည်နှင့် ပူးချည်ပေးသည်။

စုစုပေါင်းအတွဲ ၁၀ တွဲဖြစ်၏။ ခြေထောက်လေးချောင်းကို သုံးချောင်းအဖြစ် တွဲချည်ထားပြီး ပန်းတိုင်ရောက်အောင် ပြေးရမည်ဖြစ်သည်။

'ဟေ့ကောင် ကြံကျောင်း ခြေထောက်တွေကို ဝီစီမှုတ်တာနဲ့ ညီညီညာညာ လှမ်းပြီးပြေးမယ်နော်၊ နောက်မကျစေနဲ့'

'အေးပါဟ၊ မင်းသာ မကျန်ခဲ့စေနဲ့'

ကြံကျောင်း ရှေ့တူရူက ပန်းဝင်ရမည့် ဖဲကြိုးကိုစိုက်ကြည့်ပြီး ဝီစီမှုတ်သံကို နားစွင့်နေလိုက်သည်။

'ရှီ…'

စပြီ။ ကြံကျောင်း ချက်စူပခုံးကို ဖက်ပြီး ပြိုင်တူပြေးသည်။ ပထမ စည်းဝါး မကိုက်သည့်အတွက် လဲမလိုဖြစ်သွား၏။ ချက်စူက ကြံကျောင်း ပခုံးကို ပြန်ဖက်ပြီး ထိန်းလိုက်ရသည်။ စစချင်းလေးငါးလှမ်းမှာတင် ပြိုင်ပွဲဝင်သည့်အတွဲ ၃ တွဲလောက် လဲကျန်ခဲ့ကြသည်။

'ဟေး ပြေးထားကွ၊ ဟုတ်ပြီ ပြေးထား မလဲစေနဲ့'

ဝိုင်းအုံကြည့်နေကြသော လူအများက သူတို့ကို လက်ခုပ်၊ လက်ဝါးတီး၍ အားပေးနေကြသည်။ ကြံကျောင်း ချက်စူ့ပခုံးကို တစ်ချက်ဆုပ်ညစ်၍ အချက်ပေးသလိုလုပ်လိုက်သည်။ ပြေးသည့်အလျင်ကို နှစ်ယောက်ပြိုင်တူ ထပ်မြှင့်လိုက်၏။ သူတို့နှင့်အတူ ချွန်ထွက်ပြီးပါလာသည့်အတွဲက ဘီယာဘူးနှင့်ဂျိုကာ။ ပန်းဝင်ခါနီးပြီ။ ကြံကျောင်းတို့အတွဲနှင့် ဘီယာဘူးတို့အတွဲ မျဉ်းတစ်ပြေးတည်းဖြစ်နေကြသည်။

ပန်းဝင်ခါနီး ၃ လှမ်းအလိုလောက်တွင် ချက်စူဆီမှ(အွန့်)ခနဲ မြည်သံနှင့်ခြေလှမ်းယိုင်ထွက်သွား၏။ သွားပြီ။ ပန်းဝင်ဖို့ ခြေတစ်လှမ်းနောက်ကျသွားပြီ။ ဘီယာဘူးတို့အတွဲက ပထမရသွားသည်။ ကြံကျောင်းနှင့်ချက်စူအတွဲက ဒုတိယ။

'တောက်၊ ဘီယာဘူး ညစ်ပတ်တယ်။ ငါ့ကို တံတောင်နဲ့ တွက်သွားတယ်ကွ'

ချက်စူက သူ့နံကြားကို ပွတ်သပ်ပြီး ဘီယာဘူးကို မကျေမနပ် ပြောနေလေ၏။ ကြံကျောင်းကတော့ ဘာပဲဖြစ်ဖြစ် ဒုတိယဆုကို ချက်စူနှင့်အတူ တစ်ယောက် ၅၀၀ ကျပ်စီ ခွဲတမ်းရသဖြင့်ပျော်နေမိသည်။

ဒုတိယပြိုင်ရမည့် ပြိုင်ပွဲက အာလူးကောက် လက်ဆင့်ကမ်းပြိုင်ပွဲဖြစ်၏။ ဒီပြိုင်ပွဲက သုံးယောက်တစ်ဖွဲ့စီ တွဲပြီး ပြိုင်ရမည်ဖြစ်သည်။ ဒီတစ်ခါ ချက်စူ၊ ဘီယာဘူးနှင့် ကြံကျောင်းတို့ တွဲမိကြသည်။ ပထမတာလွတ်မှာ တစ်ယောက်က အာလူးကောက်၍ ဒုတိယလူရှိသည့်နေရာသို့ ပြေးလာရမည်။ ထိုအာလူးကို ဒုတိယလူ လက်ထဲသို့ထည့်ပြီးလျှင် ပထမလူ၏ တာဝန်ပြီးပြီ။ ရရှိလာသော အာလူးနှင့်အတူ ဒုတိယလူက တတိယလူရှိရာသို့ ပြေးရဦးမည်။ တတိယလူ အာလူးရရှိကာမှ အာလူးနှင့်အတူ တတိယလူက ပန်းတိုင်သို့ ပြေးရမည်ဖြစ်သည်။

ဘီယာဘူးက ကြံကျောင်းကို ပထမလူနေရာမှာထား၏။ ချက်စူကို ဒုတိယလူ၊ သူက နောက်ဆုံးပန်းဝင်မည့် တတိယလူအဖြစ် နေရာယူသည်။ လက်ထဲမှာ ဆုပ်ကိုင်ထားသည့် ငွေစကလေးနှင့် ပရိသတ်တွေ၏ အားပေးသံက သူတို့သုံးယောက်စလုံးကို ခွန်အားတွေ တိုးပွားစေသည်။ ကျားကုတ်ကျားခဲ ကြိုးစားလိုက်မည်ဟု ကြံကျောင်း အားတင်းထားလိုက်၏။

'ရှီ…'

ဟော စရာတွတ်ပြီ။ ကြံကျောင်း ခြေတစ်လှမ်းနောက်ကျမခံဘဲ ရှေ့ခပ်လှမ်းလှမ်းမှာ ရှိသော အာလူးကို ပြေးကောက်သည်။ အရှိန်နှင့်ပြေးနေရာမှ စုံရပ်၍ အာလူးကောက်ရသည့်အတွက် အာလူးကောက်စဉ် အရှိန်မထိန်းနိုင်ဘဲ ကြံကျောင်းရှေ့ကို ကျွမ်းထိုးမှောက်ခုံပစ်လဲသည်။ နာကျင်မှုကိုဂရုမပြုအားဘဲ လ...

www.burmeseclassic.com

ဝါးထဲကို ပြန်ကြည့်တော့ အာလူးက ပါလာသည်။ လူးလဲထပြီး ဆက်ပြေးသည်။

ချက်စူဆီရောက်တော့ အာလူးကို လက်ပြောင်းပေးလိုက်၏။ ချက်စူကတစ်ဆင့် ဘီယာဘူးဆီ အာလူးရောက်သွားပြီ။ ဘီယာဘူး မနားတမ်းဆက်ပြေး၏။

ကြံကျောင်း ဘီယာဘူးကို ကြည့်ပြီး ရင်တထိတ်ထိတ် ခုန်နေသည်။ ဘီယာဘူးက သူတို့ထက် အပြေးမြန်သည်ကိုတော့ ကြံကျောင်းသိသည်။ ငှက်ပစ်ရင်း၊ သူတစ်ပါးခြံထဲက အသီးအနှံခိုးချူးစားရင်း လူကြီးသူမများကလိုက်လျှင် ဘီယာဘူးကို ဘယ်တုန်းကမှ ဖမ်းမမိခဲ့၊ သူတို့တွေသာ အဖမ်းခံရတာများသည်။

ဟော ဘီယာဘူး ပန်းဝင်သွားပြီ။ ပထမဆုရပြီ။ ကြံကျောင်းနှင့်ချက်စူ ထခုန်မိကြ၏။

'ဘီယာဘူးကွ၊ ဘီယာဘူးကွ'

ချက်စူက ဘီယာဘူး နာမည်ကို ပါးစပ်က ကြွေးကြော်ပြီး ကျွမ်းထိုးနေသေးသည်။ အစောပိုင်း သူ့နံပြင်ကို တံတောင်နှင့်တွတ်ခဲ့သူမှာ ဘီယာဘူး မဟုတ်လေသည့်ဟန်။

နောက်ထပ် ဂုန်နီအိတ်စွပ် အပြေးပြိုင်ပွဲမှာလည်း ချက်စူက ပထမ၊ ဂျိုကာက ဒုတိယ၊ ကြံကျောင်းက တတိယရသည်။ ဘီယာဘူးကတော့ ပန်းဝင်ခါနီးမှ အခြားပြိုင်ပွဲဝင် ကလေးတစ်ဦးနှင့် တွန်းထိုး၊ တိုက်ထုတ်ရန်ဖြစ်နေသည့်အတွက် လူကြီးများက သူတို့နှစ်ဦးစလုံးကို ပွဲပယ်လိုက်သည်။

လက်ထဲမှာ ကိုင်ထားသော ၅၀၀ တန် နှစ်ရွက်နှင့် ၁၀၀၀ တန်တစ်ရွက်ကို ကြံကျောင်း ဘယ်မှာထားရမှန်း မသိဖြစ်နေလေ၏။ နောက်ထပ်ပြိုင်ပွဲတစ်ခုခု ဝင်ပြိုင်လျှင် ပြေးရင်း၊ လွှားရင်း ထွက်ကျ ပျောက်ဆုံးသွားမည်ကို စိုးရိမ်နေမိသည်။

'ဒီတစ်ခါ ဆက်လက်၍ ယှဉ်ပြိုင်မယ့် ပြိုင်ပွဲကတော့ ဆန်ကောရွက်ပြိုင်ပွဲဖြစ်ပါတယ်။ ယောကျ်ားလေးတွေ မပါရပါဘူး။ မိန်းကလေးများ ပြိုင်ရမှာပါ'

ဆန်ကောရွက်ပြိုင်ပွဲကိုတော့ ဘေးကနေပြီး ရပ်ကြည့်အားပေးနေကြရသည်။ သူတို့ နားချိန်လည်း ရသွား၏။

'ဟုတ်ကဲ့ ခု ဆက်လက်ပြီး ယှဉ်ပြိုင်မှာကတော့ မုန့်စားပြိုင်ပွဲဖြစ်ပါတယ် ခင်ဗျား။ ကလေးတွေက လမ်းတစ်ဝက်မှာ အသင့်ရှိနေတဲ့ မုန့်များကို လမ်းတစ်ဝက်မှာပဲ ကုန်စင်အောင် စားရမှာဖြစ်ပါတယ်။ စားလို့ကုန်မှ ပန်းတိုင်ကို ဝင်ရမှာဖြစ်ပါတယ်'

ဒီပြိုင်ပွဲကိုတော့ ချက်စူတို့ ကြံကျောင်းတို့ အထူးသဘောကျမိ၏။ မုန့်လည်း စားရမည်။ အရင်ဦးဆုံး ပန်းဝင်လျှင်လည်း ဆုရဦးမည်။ ကြံကျောင်းတို့အုပ်စု ရှေ့ဆုံးမှနေ၍ ဝင်ရောက်တန်းစီလိုက်သည်။

'ဟော့ကောင်တွေ ဒီပွဲ မင်းတို့မပါနဲ့ဦး။ မင်းတို့ချည်းပဲ ဆုတွေ ရနေတာ'

မျက်မှန်နှင့် စိတ်တိုလွယ်သည့် ဦးလေးကြီးက ကြံကျောင်းတို့အဖွဲ့ကို ဆွဲထုတ်သည်။

'ဘာဖြစ်လို့ မပြိုင်ရမှာလဲ။ ကျွန်တော်တို့ကို ဥက္ကဋ္ဌဆိုတဲ့ ဘဘကြီးက ဝင်ပြိုင်လို့ပြောထားတာလေ'

ဦးလေးကြီးကို ဘီယာဘူးက ခံပြောသည်။

'ငါ . . . တယ် . . . ဒီပေါက်လွတ်ပဲစားလေးက ငါ့ကိုများ ဥက္ကဋ္ဌနဲ့လာခြောက်နေသေးတယ်။ သွား . . . သွား မပါရဘူးဆို မပါရဘူး'

ပြောပြောဆိုဆိုနှင့် သူတို့ အုပ်စုကို အပြင်သို့တွန်းလွှတ်ပြန်သည်။ ဘီယာဘူးကတော့ မကျေနပ်ဘူးဟုဆိုကာ ဥက္ကဋ္ဌဘဘကြီးကို သွားရှာပြီး တိုင်မည်ဟု ပြောသည်။ ဒီလိုနေရာမျိုးမှာ ဘီယာဘူး၏ သတ္တိက အားကိုးရ၏။ ကြံကျောင်းလည်း ခုမှနဖူးက စပ်ဖျဉ်းဖျဉ်းဖြစ်လာသည်ကို သတိပြုမိ၏။ အသာစမ်းကြည့်လိုက်တော့ သွေးစအနည်းငယ်တွေ့သည်။ အာလူးကောက် ပြိုင်ပွဲတုန်းက လဲကျခဲ့သည်ကို ပြန်သတိရမိသည်။ ဘီယာဘူးတစ်ယောက် ဥက္ကဋ္ဌဘဘကြီးနှင့် တွေ့မတွေ့တော့ မသိ။ မုန့်စားပြိုင်ပွဲက သူတို့ဝင်မပြိုင်လိုက်ရဘဲ ပြီးသွားပြီ။

ထိုပြိုင်ပွဲပြီးလျှင်ပြီးချင်း နေ့လယ်ထမင်းစားဖြုတ်ကြောင်း ကြေညာချက်ထွက်လာသည့်အတွက် သူတို့အဖွဲ့တွေအားလုံး ကိုယ့်အိမ်ကိုယ် ပြန်ကြရလေတော့သည်။

❑

'အဲဒါ လွှတ်လပ်ရေးနေ့လို့ခေါ်တယ် ငါ့မြေးရဲ့။ ဟိုးတုန်းကတော့ မြို့နယ်အားကစားကွင်းကြီးမှာ တစ်မြို့လုံးက ရှိတဲ့သူတွေ စုပြီး ပြေးပွဲပြိုင်ပွဲတွေ ခြိမ့်ခြိမ့်သဲ ကျင်းပကြတာပေါ့။ ခုတော့ လုပ်နိုင်တဲ့ ရပ်ကွက်က လုပ်၊ မလုပ်နိုင်တဲ့ ရပ်ကွက်က မလုပ်ဘူးပေါ့ မြေးရာ'

နဖူးက ဒဏ်ရာကို အဘဖိုးစိန်က ကျပ်ထုပ်ထိုးပေးရင်း ပြောလာသည်။ ဘာပွဲပဲဖြစ်ဖြစ် ကြံကျောင်းကတော့ ဆုကြေးငွေ ၂၀၀၀ ရရှိလာသည့်အတွက် ပျော်မြူးနေသည်။

သူ ထမင်းစားတုန်း ကျပ်ထုပ်ထိုးပေးနေခြင်းဖြစ်သည့်အတွက် အဘဖိုးစိန် ကျပ်ထုပ်ထိုးလိုက်တိုင်း ထမင်းလုတ်နှင့်ပါးစပ်က လွဲလွဲသွားသည်။

'တော်ပြီ အဘ ရား မထိုးနဲ့တော့။ ဒါနဲ့အဖေကော ထမင်းပြန်စားလား'

စားနေရင်းတန်းလန်းက ဖအေကို သတိတရ မေး လာသည့် မြေးကိုကြည့်ပြီး အဘဖိုးစိန် သူ့မြေးကို ကရုဏာသက်မိပြန်သည်။

'မင်း အဖေက ဘယ် တုန်းက အိမ်ကို အချိန်မှန် မှ ထမင်းပြန်စားဖူးလို့လဲ။ ဆိုက်ကားနင်းသမျှ အပြင်မှာ သောက်စားမူးရူးနေမှာပေါ့။ ကိုယ့်ဝမ်းကိုယ်ကျောင်းနေတဲ့ တစ်ဘို့သမား။ အင်း မပြော တာဘဲ ကောင်းပါတယ် မြေး ရယ်'

အဘဖိုးစိန်က ကြံ ကျောင်းကိုအဖြေပေးပြီး ပဲခွံ ကလေးကိုင်ကာ ရက်လက် ဝါးထရံကို ဆက်ရက်နေလို သည်။ ကြံကျောင်း သူ့အဘ စကားကို သူဘာသာညာညာ



www.burmeseclassic.com

www.burmeseclassic.com

...မစဉ်းစားအား၊ အစားကို ... အမြန်ဖြတ်ပြီး ငွေ ၂၀၀၀ ...ဖိုးစိန်ကိုအပ်ကာ ပြန် ...ရမည်မို့ စိတ်လောနေမိ ...ည်။

'အဘ'

'အင်း...'

'အဲဒီ ၂၀၀၀ နဲ့ အဘနဲ့ ...တော် မနက်ဖြန် အနွေး ...ည်တွေ သွားရွေးရအောင် ...'

'ငါ့မြေးက အနွေးထည် ...ချင်တယ်ပေါ့'

'ညဘက်ကျ ချမ်း ...ယ် အဘရဲ့'

'အေးပါကွာ အေးပါ၊ ...အတွက် မလိုပါဘူး။ ...အတွက် အဘသွားရွေး ... ဝယ်ပေးမယ်'

❑

နေ့လယ်ဘက်မှာတော့ ...ကျောင်းတို့ကလေးများ ...မပြိုင်ကြရတော့ပါ။ လူ ...ပွဲတွေ ဖြစ်သည့်ပိုက် ...ခြင်းပြိုင်ပွဲ၊ ဘော်လီ ...ပြိုင်ပွဲ၊ ဂျပန်ဂိုးကျဉ်း ...ပွဲများ ကျင်းပကြသည်။ ...တော့ ရှိသည်၊ ဥက္ကဋ္ဌ ...ကြီး၏ ကောင်းမှုဖြင့် ...ည်ကြိုးထိုး အပြေးပြိုင် ...တော့ ဝင်ပြိုင်လိုက်ရ ...သည်။ ထိုပြိုင်ပွဲတွင် ...ကျောင်းက နှစ်သိမ့်ဆု ... ၅၀၀ ကျပ် ထပ်ရ ...ည်။ ညနေ ၅ နာရီ ...တွင်တော့-

'(...)ကြိမ်မြောက် ...လပ်ရေးနေ့ အထိမ်း ...ပျော်ပွဲ၊ ရွှင်ပွဲကြီး ...မြင်စွာ ပြီးဆုံးပြီဖြစ်ပါ ...ကြောင်း ကြေညာအပ်ပါ ... ခင်ဗျား'ဟု ဆိုကာ ...သွားလေတော့၏။

ထပ်ရလာသော ၅၀၀ ကျပ်ကို ကြိုကျောင်း ကျစ်ကျစ်ပါအောင် ဆုပ်လို့ အိမ်ပြန်လာခဲ့လိုက်သည်။ ကံမကောင်းချင်တော့ အိမ်ပေါက်ဝတွင် ဆီးပြီး စောင့်ကြိုနေသည့် သူ့အဖေ ကိုနက်ကျော်နှင့် ပက်ပင်းသွားတိုး၏။

'ဟေ့ကောင် မင်း မနက်က ၂၀၀၀ ရတယ်ဆို။ ငါ့ကိုပေးစမ်း'

'ဟာဗျာ အဖေနဲ့ဘာဆိုင်လို့လဲ။ ကျွန်တော့် ဘာသာ ပြိုင်လို့ရလာတဲ့ဟာကို'

'ဟေ့ကောင် သောက်စကားမများနဲ့။ မင်းကိုငါ လုပ်ကျွေးနေတာ မဟုတ်လား။ မင်းပိုက်ဆံ နောက်နေ့ပြန်ပေးမယ်။ ခု အရေးကြီးလို့ ပေးစမ်း'

ကြိုကျောင်း စိတ်အတော်ညစ်သွားမိသည်။ ဆက်ပြီး တင်းခံနေလျှင် နားရင်းအအုပ်ခံရတော့မည်။ ထို့ကြောင့် အဘထံမှာ အပ်ထားသော ပိုက်ဆံကို တောင်း၍ သူ့အဖေကို ဆောင့်ဆောင့်အောင့်အောင့်နှင့်ပေးလိုက်သည်။ ဘီယာဘူး အဖေ့ကို ချွန်လိုက်တာ ဖြစ်မည်ဟုလည်း သူ အတပ်သိလိုက်၏။ ကြိုးစား ပမ်းစားရလာသော ပိုက်ဆံလေးကို နှမြောနေမိသည်။ ခုညနေရလာသည့် ပိုက်ဆံ ငါးရာကိုတော့ သူ့အဖေ မမြင်အောင် သူ ဖုက်လိုက်နိုင်၏။

'မင်း အချိုးတွေပြင်နော် ကြိုကျောင်း၊ မင်း ဘယ်သူ့အားကိုးနဲ့ ငါ့ကို အာခံချင်နေတာလဲ။ ဟွန်း ငါ လုပ်လိုက်ရ'

သူ့အဖေနှုတ်မှ လုပ်လိုက်ရဟု ပြောသော်လည်း လက်ကတော့ သူ့ကိုယ်ပေါ်သို့ တစ်ချက်ရောက်သွားသေးသည်။ အဘဖိုးစိန်ကတော့ သမက်နှင့်မြေးဖြစ်သူကြား ဝင်မပါချင်သည့်ဟန် ဝါးထရံများကို နေရာတကျ ထပ်၍ စုပုံနေလိုက်သည်။

'ဘယ်သူ့အားကိုးနဲ့' ဟူသော သမက်၏ ပြောစကားမှာ သူ့ကိုစောင်းမြောင်းပြောမှန်း အဘဖိုးစိန် သိ၏။ မြေးလေး၏ ပိုက်ဆံ ၂၀၀၀ မရှိတော့သော်လည်း မနက်ဖြန် ဝါးထရံရက်ခဖိုး တောင်းလို့ရလျှင်တော့ မြေးလေးဖို့ အနွေးထည်ကောင်းကောင်းလေးတစ်ထည် ဝယ်ပေးရမည်ဟု မှန်းထားလိုက်သည်။

ကံဆိုးအကြောင်းမလှစွာ မိခင်ရင်ငွေ့ မခိုလှုံခဲ့ရသော မြေးလေး၊ အဖိုးအေ ဝယ်ပေးသည့် အနွေးထည် ရင်ငွေ့လေးကိုတော့ ခိုလှုံခွင့်ရစေချင်သည်။

ခုညလည်း ဆောင်းအချမ်းက ပီပီပြင်ပြင် သရုပ်ပြပေလိမ့်ဦးမည်။ ယခုတောင် အအေးဓာတ်က စိမ့်စိမ့်တက်လာပြီ မဟုတ်လား။

❑

'စောသေးတယ် မြေးရဲ့။ အိပ်ဦးပေါ့'

'ချမ်းတယ် အဘရေ၊ နဖူးက အနာကလည်း နာတယ်။ အဘ မီးမဖိုသေးဘူးလား'

'ဖိုနေပြီ မြေး၊ မီးစွဲတော့မယ် ခဏလေးစောင့်'

ကြိုကျောင်း လွှာချင်းစောင်လေးကို ခန္ဓာကိုယ်နှင့် ထွေးပတ်ပြီး ကပိုကရိုနှင့်ပင် အဘဖိုးစိန် ဖိုနေသော မီးဖိုနံဘေးသို့ ဝင်ထိုင်လိုက်၏။ ဝါးကလေးများကို စုပုံပြီး မီးမွှတ်လိုက်သည့်အတွက် မီးတောက်ကလေးများ ထွက်လာသည်။ အဘဖိုးစိန်က မန်ကျည်းမြစ်တုံးတစ်တုံး သွားမ,လာပြန်သည်။ ထိုမန်ကျည်း မြစ်တုံးကို မီးစွဲသွားလျှင်တော့ မီးကျီးခဲနှင့်ပင် အပူဓာတ် အတော်လေး အားကောင်းလာမည် ထင်၏။ ခုတော့ ခိုက်ခိုက်တုန်အောင် ချမ်းနေသေးသည်။

'ဒီနေ့ ဘယ်လမ်းမှာ လွတ်လပ်ရေး လုပ်ဦးမလဲ မသိဘူးနော် အဘ'

'ကွယ် လူလေးရဲ့၊ လွတ်လပ်ရေးက တစ်နှစ်မှ တစ်ခါပဲ လုပ်ရတာလေ'

ကြိုကျောင်း အဘဖိုးစိန်ကို သေချာပြန်ကြည့်မိလိုက်၏။

'နေ့တိုင်း လုပ်လို့ မရဘူးလား အဘရာ။ မနေ့က လွတ်လပ်ရေးက ကျွန်တော့်မှာ အနွေးထည်တစ်ထည်တောင် မရလိုက်ဘူးရယ်။ ဒီနေ့လွတ်လပ်ရေးဆိုရင် အဆင်ပြေပြီ အဘရ'

ကြိုကျောင်းအပြောကို အဘဖိုးစိန်က သဘောတကျနှင့်တဟားဟား အော်ရယ်သည်။ ကြိုကျောင်းက ကြိတ်မနိုင်ခဲမရ တစ်ခွန်းညည်းတွားလိုက်သေး၏။

'တောက် နေ့တိုင်းသာ လွတ်လပ်ရေးရလို့ကတော့ ကွာ'

လောင်စာကုန်သွားသည့်အတွက် တောက်မည့် မီးခဲများကတော့ လေအဝှေ့မှာ ရဲခနဲ ရဲခနဲ။ ■

**မျှားဆက်ပိုင်၊ရွှေတောင်၊**



www.burmeseclassic.com

www.burmeseclassic.com

'တဘောင်'ဆိုသည်က အဖြစ်အပျက် အကြောင်းအရာတစ်ခုအတွက် သီချင်းဟန် ကာရန်ဖြင့် စပ်ဆိုထားသည့် စကားကို ကလေးများ အရူးများက အဖြစ်အပျက်မတိုင်မီကပင် ကြိုတင်ရွတ်ဆိုနေသည့် အရာဖြစ်သည်။ တဘောင်ယူနည်းဆိုသည်မှာ ကလေးသူငယ်များ အရူးများ ပြောသောစကားများကို လိုရာ ကိုက်၊ မကိုက် တိုက်ဆိုင် ကောက်ယူခြင်းပင်တည်း






www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာမ အမြဲရောင်(ရွှေ)တို့
ခနီးမောင်နှံက နေပြည်တော်၊
သပြေကုန်းဈေးတွင်
'လဝန်းဖြူ'စာပေဟူ၍ စာအုပ်ဆိုင်
ဖွင့်ဖူးသည်။ ယခု မရှိတော့ပါ။
ထိုစဉ်က ထိုစာအုပ်ဆိုင်သို့
စာရေးသူ အမြဲရောက်၏။
တစ်ခါတွင် စာရေးဆရာတစ်ဦး
ရေးသည့် သိုက်တာဘောင်၊
နိမိတ်ဆောင်၊ နန်းတွင်း
လျှို့ဝှက်ဖြစ်ရပ်ဆန်းများ ဟူသည့်
စာအုပ်ကို ထိုဆိုင်တွင် တွေ့၍
ဝယ်ခဲ့သည်။ စာအုပ်ကလေးမှာ
ပါးပါးလေးဖြစ်သဖြင့်
အခြားစာအုပ်များကြားတွင်
ညှပ်နေရာ သကြိန်ရှုံးပိတ်ရက်
အတွင်း စာအုပ်များ မွှေနှောက်ရာမှ
[illegible] ဖတ်ရပါသည်။
[illegible] နိမိတ်၊
[illegible] စသည်၊ တာဝေ
[illegible] ကြောင်းများကို
[illegible]
[illegible] ပါသည်။ [illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

'ဗုဒ္ဓေါ…ဗုဒ္ဓေါ… အိုးတုတ်ဖြင့်
မျှော'ဆိုသည့် တဘောင်ပေါ်လာသည်။
ဗုဒ္ဓေါဆိုသည်မှာ မင်းတုန်းမင်းနှင့်
နေ့တူနံတူဖြစ်သည်။ မင်းတုန်းမင်းသည်
မင်းသားဘဝကတည်းက
ပုတီးစိပ်ရာတွင် ဗုဒ္ဓေါဟု ရွတ်ဆိုပြီး
ပုတီးစိပ်လေ့ရှိသည်။ အိုးတုတ်
ဆိုသည်မှာလည်း မင်းဆွေမင်းမျိုးများ
ကွပ်မျက်ရာတွင် အိုးတုတ်ကြီးဆွဲပြီး
ရေတွင် မျောက်လေ့ရှိကြသည်။
'ဗုဒ္ဓေါ…ဗုဒ္ဓေါ…အိုးတုတ်ဖြင့်မျှော'
ဆိုသည်မှာ မင်းတုန်းမင်းကြီးလည်း
သေရတော့မည်ဟု ဆိုလိုခြင်းဖြစ်သည်။
ဟု ရေးသားဖော်ပြထားသည်မှာ
လွဲမှားနေပါသည်။ သို့ကြောင့်
ဤရှင်းတမ်းကိုရေး၍
ရှင်းရခြင်းဖြစ်သည်။ မရှင်းပါက
[illegible]
[illegible] ဖြစ်ပါသည်။
သို့ဆိုလျှင် ရှင်းသူက အဘယ်မှု သိ၍
ရှင်းရသနည်းဟု [illegible]
ရှင်းမည့် စာရေးသူက [illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible] (K.S.M.A.T.M) [illegible]
[illegible]
[illegible]

# "ဗုဒ္ဓေါ…ဗုဒ္ဓေါ…အိုးတုတ်ဖြင့်မျှော" ရှင်းတမ်း

**မောင်သန်းဆွေ (ထားဝယ်)**

www.burmeseclassic.com

ရွှေဘိုမိမိကြီးက ပြောပြဖူး၍တစ်ကြောင်း (ဆရာမကြီးက ထိုခေါင်းစဉ်ဖြင့်ပင်ဆောင်းပါးရေးခဲ့ဖူးပါသည်။) ထိုသူတို့သုံးဦးစလုံး၏အလိုသည် တစ်ထပ်တည်းကျနေ၍ မှန်သည်ဟု ယူဆသဖြင့် ဤရှင်းတမ်းကိုရေးရခြင်း ဖြစ်ပါသည်။

အမှန်မှာ 'ဗုဒ္ဓေါ…ဗုဒ္ဓေါ…အိုးတုတ်နှင့်မျှော'ဟုဖြစ်ပါသည်။ 'ဖြင့်' မဟုတ်ပါ။ 'နှင့်'ဖြစ်ပါသည်။ 'ဗုဒ္ဓေါ…ဗုဒ္ဓေါ…အိုးတုတ်နှင့်မျှော'ဟူသည်မှာ တဘောင်ဖြစ်ပါသည်။ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်က ဖြစ်၏။ အမရပူရမြို့တော်တွင် ပုဂံမင်းတရား စိုးစံနေချိန်ဖြစ်သည်။ ပုဂံမင်းတရားသည် တိုင်းရေးပြည်ရေး အုပ်ချုပ်မှု၌ အာရုံမထားဘဲ ကြက်တိုက်၊ ငှက်တိုက် စသည့် သတ္တဝါမျိုးစုံကို တိုက်ရသည့် ပျော်ပါးမှုများ၌သာ အာရုံထားနေပါသည်။ မြို့တော်ဝန်အဖြစ် ခန့်ထားသည့် ဘိုင်ဆပ်(အမည်ရင်းမဟုတ်)ဆိုသူကလည်း မင်းလိုလိုက် မင်းကြိုက်ခစားကာ မင်းအကြိုက် ပျော်တော်ဆက်၍သာ နေသည့်အချိန်ဖြစ်သည်။ ယင်းသို့ မြို့ဝန်၏ အပြုအမူ ဆိုးမိုက်ကမ်းကုန်မှ ပုဂံမင်းတရား ရွှေနားတော်ကြားသိပြီး ဘိုင်ဆပ်နှင့် အပေါင်းအဖော်များကို ကွပ်မျက်ပစ်လိုက်ရလေသည်။ သို့သော် ပုဂံမင်းတရားသည် အပျော်ကြူးဆဲပင်ဖြစ်သည်။ အဘယ်မျှ အပျော်ကြူးသနည်းဆိုသော် ရွှေမြို့တော်တွင် အတာသင်္ကြန်ကိုပင် ရက်ပေါင်း ၄၀ ခန့်ဆင်နွှဲသည်ဆိုသည်။ သို့ကြောင့် ပြည်သူလူထုကပုဂံမင်းတရားအပေါ် ကြည်ညိုစိတ်မရှိကြပါ။

ခမည်းတော်တူ မယ်တော်ကွဲ ညီတော်များဖြစ်ကြသော မင်းတုန်းမြို့စားမင်းသားနှင့် မင်းတပ်မြို့စား မင်းသား (နောင်အခါ ကနောင်မြို့စား မင်းသားဖြစ်လာသူ)တို့က လွှတ်တက် မင်းသားကြီးများအဖြစ် လွှတ်တော်တွင် နိုင်ငံ့တာဝန်ကို ထမ်းဆောင်လျက်ရှိနေကြသည်။ ထိုမင်းသားနှစ်ပါးသည် နိုင်ငံ့တာဝန်ကိုလည်း ကျေပွန်သည်။ ပြည်သူလူထုကလည်း ကြည်ညိုသည်။ ပြည်သူလူထု၏ ချစ်ကြည်ကိုးစားမှုကို တစ်နေ့တခြားပိုမိုရရှိလာနေချိန်ဖြစ်သည်။

ထိုသော အချိန်အခါတွင် မင်းတုန်းမင်းသားဘက်မှ ကျေးကျွန်များသည် မိမိတို့သခင် ကြီးမြင့်ရေးအတွက် တတ်နိုင်သလို အားထုတ်ကြသည်နှင့်အမျှ ပုဂံမင်း၏ ကျွန်တော်ရင်း မင်းမှုထမ်းများကလည်း သူတို့၏ အရှင်သခင် ပလ္လင်ပေါ်၌ တည်မြဲရေးကို ကြိုးစားလုပ်ဆောင်နေကြလေသည်။

ဤသို့သော အခြေအနေတွင် ပုဂံမင်းတရားဘက်မှ အာဏာရ မှူးမတ်အချို့တို့က မင်းတုန်းနှင့် ကနောင်မင်းသားတို့အပေါ် နှိမ်နင်းရန် အလို့ငှာ ဥပါယ်တံမျဉ်ဖြင့် ရာဇဝတ်မှုရောက်အောင် အကြံအဖန်ပြုလာကြသည်။ ဤသည်ကို ကြိုတင်မြင်သည့် မင်းတုန်း၊ ကနောင်ညီနောင်တို့သည် လက်ဦးမှုမခံဘဲ သက္ကရာဇ် ၁၂၁၄ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်နေ့တွင် ရနိုင်သမျှသော လက်နက်လူသူတို့ကို စုစည်းကာ ကိုယ်လုပ်တော်သားသမီးတို့နှင့်တကွ နေပြည်တော်အမရပူရမှ ထွက်လာကြလေသည်။

နောင်တော် ပုဂံမင်းတရားကို ပုန်ကန်မည့်သူ ဖြစ်လာကြသော မင်းတုန်း၊ ကနောင်ညီနောင်တို့သည် ချီတက်ခဲ့သည့် ခရီးတစ်လျှောက် အံ့ဩလောက်စရာ အင်အားစုမိကြသည်။ ငါးရက်အတွင်း ရတနာသိင်္ခ ရွှေဘိုမြို့ကို သိမ်းပိုက်နိုင်ကြသည်။ ရွှေဘိုကို အခိုင်အလုံ တပ်စွဲနေကြလေရာ၊ ထိုအချိန်တွင် ရွှေဘိုနှင့် အမရပူရ၌ မင်းပြိုင်အုပ်စိုးနေကြသကဲ့သို့ ဖြစ်နေ၏။

ထိုခေတ်က မြန်မာလူမျိုးများ လက်ခံယုံကြည်လေ့ရှိကြသော တဘောင်၊ စနည်းစကားများ တစ်စခန်းထလာကြလေသည်။

'တဘောင်'ဆိုသည်က အဖြစ်အပျက် အကြောင်းအရာတစ်ခုအတွက် သီချင်းဟန် ကာရန်ဖြင့် စပ်ဆိုထားသည့် စကားကို ကလေးများ၊ အရူးများက အဖြစ်အပျက် မတိုင်မီကပင် ကြိုတင်ရွတ်ဆိုနေသည့် အရာဖြစ်သည်။

တဘောင်ယူနည်းဆိုသည်မှာ ကလေး
သူငယ်များ၊ အရူးများ ပြောသော စကား
များကို လိုရာ ကိုက်၊ မကိုက် တိုက်ဆိုင်
ကောက်ယူခြင်းပင်တည်း။ ဥပမာ-
အလောင်းမင်းတရားသည် ယိုးဒယား
(ထိုင်း)ကို ခရစ်နှစ် ၁၇၆၀ ခုနှစ်တွင်
သိမ်းယူရန် ချီတက်သည်။ ထိုမတိုင်မီ
ကပင် ရွှေဘိုတွင် ကလေးသူငယ်များ
သည် 'မျက်ရည်ကိုသုတ်၊ နောက်ဆုတ်
ပြန်' ဟူသော တဘောင်ကို ရွတ်ဆို
ရှိကြသည်။ အလောင်းမင်းတရားသည်
ယိုးဒယား(ထိုင်း)ကို တိုက်သော
မအောင်မြင်၍ အပြန်လမ်းခရီး၌
ပြည်စံသည်။ သို့ဖြစ်၍ အလောင်းမင်း
တရား၏ တပ်တော်မှ ဘုရင့်အလောင်း
ကို ထမ်း၍ နောက်ဆုတ်ပြန်ခဲ့ရသည်။
တဘောင်အတိုင်း မှန်နေသည်ဟု ဆို
မည်ဖြစ်သည်။

ထိုသို့ အလိုအလျောက် တွင်ကျ
ထင်ရှားလာသော မှန်သည့် တဘောင်
များကဲ့သို့ မိမိတို့ ဆန္ဒရှိရာ ချီးမြှောက်
စေလိုသော (သို့မဟုတ်) နာမ်နှိမ်စေ
သောကြောင့် တမင် တီထွင်ထုတ်
လိုက်သော တဘောင်အတုများလည်း
ရှိပါသေးသည်။ သူ့အကြောင်းနှင့်
အကျိုးတရားက နည်းများမဟူ
သည်ချည်းပင်။

ရွှေဘိုမြို့တွင် ရပ်တန့်တပ်စွဲ
သော မင်းတုန်း၊ ကနောင် ညီနောင်
နှင့် လက်ရှိရွှေနန်းရှင် ပုဂံမင်း တ
တို့မည်သည့်ဘက်မှ အောင်မည်/ရှုံး
ကို မသိနိုင်သေးသော လောလော
အချိန်တွင် မြန်မာ့ရိုးရာ တဘောင်
များ သောသောညံအောင် ပေါ်ပေါ
လာသည်။ ထိုခေတ်က ယခုခေတ်
စာနယ်ဇင်းခေတ် မဟုတ်၍ စာနယ်
ဖြင့် ဝါဒဖြန့်မရသောကြောင့် တ
လွှင့်ထုတ်၍ ဝါဒဖြန့်ခြင်းလည်း ဖြ
သည်။ ထိုစဉ်က မင်းတုန်းမင်း
အတွက် ရည်ညွှန်း၍ ပုဂံမင်းတ
ဘက်မှ လွှင့်ထုတ်သော တဘော
'ဗုဒ္ဓေါ… ဗုဒ္ဓေါ… အိုးတုတ်နှ
'မင်းတုန်းဆိုလည်း တုံးလှ္တ၊



www.burmeseclassic.com

www.burmeseclassic.com

ဆိုလည်း သုဉ်းလတ္တံ့'ဟူ၏။ စကား၏ ဆိုလိုရင်းမှာ ရတနာသုံး ကြည်ညိုလေ့ရှိပြီး၊ ဗုဒ္ဓေါ… ဗုဒ္ဓေါ ဆိုကာ စိပ်ပုတီးစိပ်လေ့ရှိသော မင်း မင်းသားကို အိုးတုတ်ဖြင့် မျှောရ ည်။ (နန်းတွင်း အစဉ်အလာအရ တ်သင့်သော မင်းသွေးဟူက ရင်ပြီးလျှင် ရောမအိုးစရည်း ထည့်သွင်းခဲဆွဲလျက် မြစ်လယ် ပြီး မျှောက်ဖျက်ရမြဲ ဖြစ်သည်ကို သည်။) အဓိပ္ပာယ်မှာ ဘုရား… တနေသော မင်းတုန်းမင်းသား အလကားဖြစ်သည်။ သို့ဖြစ်၍ ည်းနှင့် ထည့်၍ ရေတွင်မျှော နေသာဖြစ်သည်ဟု ဆိုလိုသည့် ဖြစ်ပါသည်။

နောက်စကားတစ်ခွန်းမှာ မင်း ဆိုသည့်အတိုင်း မင်းဆက်တုံးလိမ့် မင်းဆက်ပျက်ပြီ၊ မင်းဆက် လိမ့်မည်၊ 'သုဉ်းသုည'ဆိုသည့် ဘာမျှမရှိ။ ဆိုလိုသည်မှာ မင်း မင်းသား မင်းမဖြစ်နိုင်ဟု ဆိုလို ဖြစ်ပါသည်။ မင်းဖြစ်ကလည်း ဆက်ပြတ်လိမ့်မည်ဟု ဆိုလိုသည်။

ဤတွင် မင်းတုန်းမင်းသားဘက် လည်း ပုဂံမင်းတရားအတွက် ညွှန်းလျက် တဘောင်စကားများ တွင်ကာ တန်ပြန်ချေပခြင်း ပြုကြ ဟု ဆိုပါသည်။

'ပုဂံ… ပုဂံ တာတေလံ' ဟူ၍ 'ပုဂံကျောက်ဖြုန်း၊ ဥတစ်လုံး' တစ်နည်း၊ 'ပုဂံဥတစ်လုံး၊ နန်းညွန့် ဟူ၍ တစ်ဖုံ မျိုးစုံအောင် တဘောင် ဖြင့် လူထုကြားသို့ ထုတ်လွှင့် ည်။ လက်နက်ချင်း ပြိုင်ဆိုင် ကြသော စစ်ပွဲများ၏ နောက် တွင် စိတ်ဓာတ်စစ်ဆင်ရေးဖြစ် စစ်တိုက်ပွဲဟုဆိုရမည်ဖြစ်သည်။

'ပုဂံ…ပုဂံ တာတေလံ' ဆိုသည့် င်ကို အထူးရှင်းရန် မလိုပါ။ တရားနှင့် မညီဘဲ လောင်း ဖြင့် ပေတေနေလေ့ရှိခြင်းကို ခြင်းဖြစ်သည်။

'ပုဂံကျောက်ဖြုန်း ဥတစ်လုံး'၊ 'ပုဂံဥတစ်လုံး နန်းညွန့်တုံး'ဆိုသည့် စကားသည် ပုဂံမင်း၏ အားနည်းချက်၊ ချွတ်ယွင်းချက်နှစ်မျိုးဖြင့် နှိမ်၍ အပုပ်ချထားခြင်းဖြစ်သည်။ ပုဂံမင်းတရား၏ မျက်နှာတော်တွင် ကျောက်ပေါက်မာ သက်သက် ရှိသည် (ပုဂံမင်းတရား၏ အစ်မတော်၊ စကြာဒေဝီမိဖုရားကြီးတွင်လည်း ကျောက်ပေါက်မာသက်သက် ရှိသည်ဟု ဆိုသည်။)။ ယင်းခေတ်က ကျောက်ရောဂါသည် အလွန်ကြောက်ရန် ကောင်းလှ၏။ ကျောက်ရောဂါ၏ နှိပ်စက်ခြင်းကို ခံကြရသည်။

သို့ကြောင့် ပုဂံမင်းတရားကို 'ပုဂံကျောက်ဖြုန်း'ဟု ခေါ်လိုက်ခြင်း ဖြစ်သည်။ 'ဥတစ်လုံး'ဆိုသည်မှာ ပုဂံမင်းတရားတွင် ယောကျ်ားအင်္ဂါ မစုံပေ။ မွေးရာပါ ဥတစ်လုံးသာရှိသည်။ ဤအချက်ကို ပြည်သူလူထုက မသိနိုင်ပေ။ သို့သော် နန်းတွင်း၌ အတွင်းသိဖြစ်ကြသည်။ သိသော်ငြားလည်း ထုတ်ဖော်ပြောရန် မသင့်သောစကားဖြစ်၏။ ယခုကဲ့သို့ တစ်ဖက်တစ်ဖက် အပုပ်ချနေချိန်တွင် ပုဂံမင်း၏ ချို့ယွင်းချက်ကို အသုံးချလိုက်ခြင်းဖြစ်သည်။ ထိုစဉ်က ပုဂံမင်းတရားသည် သက်တော် ၄၁ နှစ်ရှိပြီ။ နန်းရဆောင်ရ မိဖုရားကြီး ရှစ်ပါးနှင့် မြို့စားမိဖုရား ခြောက်ပါး စုစုပေါင်း မိဖုရား တစ်ဆယ့်လေးပါးရှိရာ အဘယ်မိဖုရားသော်မှ ရင်သွေးတော် ထွန်းကားခြင်း မရှိခဲ့ပေ။ မင်းတုန်းမင်းသားကို မင်းတုံးဟူ၍ မင်းဆက်ပျက်ပြီဟု လုပ်ကြံပြောသော ပုဂံမင်းတရားဘက်မှ ဘက်တော်သားတို့၏ လုပ်ကြံအပုပ်ချမှုကို သင်းတို့၏ ပုဂံမင်းတရားသည်လည်း ရင်သွေးတော် မထွန်းကားနိုင်သဖြင့် နန်းညွန့်နန်းလျာတုံးပြီ၊ မင်းဆက်ပြတ်ပြီဟု ပြန်၍ အပုပ်ချလိုက်ခြင်းဖြစ်ပါသည်။

ထိုအခါက တဘောင်သည် ပြည်သူကြားတွင် အလွန်တာသွားသည်။ ယင်းခေတ်က ပြည်သူတစ်ရပ်လုံးသည် မင်းမျိုးစစ်မှန်သူကိုသာ မိမိတို့ဘုရင်အဖြစ် လက်ခံလိုကြသည်။ ပုဂံမင်းတရားသည် ကုန်းဘောင်မင်းရိုး စစ်မှန်စေကာမူ နန်းလျာမထွန်းကားနိုင်သောသူဖြစ်သည်။ စစ်ကိုင်းမင်းတရား (ဘကြီးတော်ဘုရား)လက်ထက်တော်က မင်းမျိုးမစစ်သော နန်းမတော်မယ်နုနှင့် မောင်တော် မင်းသား မောင်အိုဆိုသူတို့က ရာဇပလ္လင်ပေါ်တက်ရန် ကြံကြသည်ကို ပြည်သူတစ်ရပ်လုံး နှလုံးပူပန်ခဲ့ကြရသည်မှာ ၁၅ နှစ်ခန့်သာ ရှိသေးသည်။ထို့ကြောင့် မျိုးရိုးဆိုသည့် အချက်မှာ ပူပူနွေးနွေး အရေးပါဆဲဖြစ်သည်။ 'ပုဂံဥတစ်လုံး နန်းညွန့်တုံး' ဆိုသော တဘောင်သည် ပြည်သူများ၏ စိတ်အထာကို တပ်လှန့်လိုက်သကဲ့သို့ ရှိသည်။ 'အေးဟဲ့ ဟုတ်သားပဲ၊ ပုဂံမင်းမှာ ဒါကြောင့် နန်းလျာမထွန်းကားတာကိုး၊ ဒီလိုဆိုရင် နန်းညွန့်တုံးပြီပေါ့' စသည်ဖြင့် တီးတိုးစကားများ ပြန့်ပွားလာလေသည်။

ဤတွင် တစ်ဖက်နှင့်တစ်ဖက် မင်းတုန်းမင်းသားကို ရည်ညွှန်းသော တဘောင်စကားများမှာ ဆိုသာဆိုရ၊ မင်းတုန်းမင်းသား၏ အပြစ်တစ်စုံတစ်ရာမရှိချေ။ 'ဗုဒ္ဓေါ… ဗုဒ္ဓေါ အိုးတုတ်နှင့်မျှော' ဆိုသည်ကလည်း မထိရောက်သည့်အပြင် သာသနာရေး ကိုင်းရှိုင်းခြင်းကို ပြဆိုရာရောက်နေသည်။ သာသနာရေး ကိုင်းရှိုင်းသူကို အဘယ်ကြောင့် အိုးတုတ်နှင့် မျှောရမည်နည်း။ ပုဂံမင်းတရားကို ရည်ညွှန်းသော တဘောင်သံများကား လူထုအကြည်ညိုပျက်နေသော ပုဂံမင်းတရား၏ ချို့ယွင်းချက်ကို မီးမောင်းထိုးပြသကဲ့သို့ ထိထိမိမိရှိလှပြီး ပြည်သူပြည်သားတို့၏ စိတ်အညှာကို ကိုင်လှုပ်နိုင်စွမ်းရှိသည်။

ထို့ကြောင့်ဟုပင် ထင်ပါသည်။ မင်းတုန်း၊ ကနောင် ညီနောင်နှစ်ပါးတို့သည် ပုန်ကန်ရန် ထွက်ခွာသွားသည်မှစပြီး ၄ လအတွင်းမှာပင် အရေးတော်ပုံအောင်မြင်ကာ မင်းတုန်းမင်းသား မင်းအဖြစ်သို့ရောက်ရှိလေသည်ဟုဆိုပါသည်။

■ မောင်သန်းဆွေ၊ထားဝယ်

www.burmeseclassic.com



သုံးဆယ့်ခုနစ်ဆီက အီးမေးလ်ရတယ်။ ကျောင်းသားဟောင်းတွေအတွက် မိတ်ဆုံ ထမင်းစားပွဲလုပ်မယ်လို့တဲ့။ သုံးဆယ့်ခုနစ်ဆိုတာ လူလိုသူလို၊ လူနာမည်ခေါ်ရရင်တော့ ဘောဂဗလပဲ။ ဘောဂဗလဆိုတော့လည်း ချမ်းသာတယ်။ ချမ်းသာလို့ ဘောဂဗလလို့ ခေါ်တာတော့ မဟုတ်ဘူး။ ကျောင်းတုန်းကတော့ သူ့ကို ဗာလကြီးလို့ပဲခေါ်တယ်။ တချို့ ကတော့ ဗာလန့်ကြီးလို့တောင် ခေါ်ကြတယ်။ နိယာမကျောင်းတော်မှာတော့ နာမည် မခေါ်ရလို့ ကျောင်းဝင်းအပြင်ရောက်ကာမှ ခေါ်ကြတာ။ ကျောင်းထဲမှာ နံပါတ် ခေါ်ရတယ်။ ပညာရှာဖို့လာတဲ့လူမှန်သမျှ အယုတ်အလတ် အမြတ်မရွေးတဲ့သဘော အမျိုးဘာသာ မခွဲခြမ်းတဲ့သဘောပဲ။ ကျောင်းသားတိုင်းဟာ နံပါတ်နဲ့ချည်းပဲ။ သူ့နံပါတ်က သုံးဆယ့်ခုနစ်။ သုံးနဲ့ခုနစ်ပေါင်းရင် တစ်ဆယ်ရလို့ သူ့ကို 'ဘူ' လို့ ကိုယ့်အချင်းချ အကြားမှာ ခေါ်ကြတယ်။ ဘူဆိုတော့လည်း သူက သိပ်မကြိုက်ဘူး။ မကြိုက်လည် သိပ်မတတ်နိုင်ဘူး။ နံပါတ်ရှိတဲ့ ကျောင်းသားတိုင်းမှာ အဲဒီလို မဟုတ်ကဟုတ်က နာမည် တွေရှိတယ်။ ကျွန်တော်တို့ကျောင်းထွက်တွေအချင်းချင်း ခုထိ နံပါတ်တွေကိုပဲ သုံး တစ်ယောက်ကိုတစ်ယောက် ခေါ်ကြပြောကြလေ့ရှိတယ်။ ဘောဂဗလက နိယာ ကျောင်းတော်မှာ ဘွဲ့လွန်ပညာဆက်ပြီးသင်ခွင့်မရဘူး။ ဒီကောင်က ခပ်ထူထူရယ် ခပ်ထူထူဆိုတာ ပညာဘက်မှာ၊ လူကို ဆက်ဆံရာမှာ တော်တယ်။ ရောနိုင်တယ်၊ အောက်ကျ ပေါင်းနိုင်တယ်။ ဒါကြောင့် ပိုက်ဆံသိပ်ချမ်းသာတာပဲဖြစ်မယ်။ နိယာမကျောင်းတော် က ကိုယ်အထူးပြုလေ့လာတဲ့ နိယာမရဲ့ စည်းရိုးကို ကျော်မသွားကြဘူး။ ဒီတော့လည် ကိုယ့်မာနနဲ့ကိုယ် နေကြသလိုပဲ။ အမေရိကန်ပြန် ရုရှားပြန်တွေလို သက်ဆိုင်ရာဆိုတာတွေ အတင်းလိုက်ရော။ မျက်နှာသာပေးထားတုန်း တပြုံးပြုံး။ မျက်နှာသာမရလည်း မရ စနစ်ကြီးတစ်ခုလုံးကို ဆဲတာမျိုး။ ဘုတ်ရှိသေ၊ ကျီးရှိသေဆိုတာမျိုးတွေ ကျွန်တော် ဆီကလူတွေ မလုပ်ကြဘူး။ ဒီတော့လည်း နိယာမကျောင်းတော်ကြီးဟာ ရန်သူသာရှိတ မိတ်ဆွေမရှိတဲ့ အရပ်လို ဖြစ်နေတယ်။ ဒါပေတဲ့လည်း နိယာမကျောင်းတော်က ပည ရှင်၊ ပညာတတ်တွေအဖို့ကတော့ ရန်သူဖြစ်ဖြစ်၊ မိတ်ဆွေဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ် တခြားလူတစ်ယောက်ပဲလို့ လက်ခံထားကြတယ်။ လောကကြီးရှိနေခြင်းကို လက်ခံချင် 'တခြားလူ' ရဲ့ ရှိနေခြင်းကို လက်ခံကြရမှာပဲ မဟုတ်လား။

တစ်ညနေဘက် ဆုံနေကျ ပျော်ပွဲစားရုံကလေးမှာ ဆုံကြတော့ နံပါတ်တစ်ဆယ့်ရှစ် စပြီး ပြောတယ်။ သုံးဆယ့်ခုနစ်ဆီက အီးမေးလ်ရသတဲ့။ အဲဒီတုန်းက ကျွန်တော် အီးမေးလ်မရောက်သေးဘူး။ ဘာဖြစ်လို့ သင်းက မိတ်ဆုံစားပွဲလုပ်ချင်ရတာလဲလို့ ဆယ့်နှစ်က မေးတယ်။ သူ့ဆီလည်း အီးမေးလ် မရောက်သေးဘူး။ နှစ်ဆယ့်သုံး ရယ်ရင်း ပြောတယ်။ သင်းက ပိုက်ဆံပိုနေလို့ အိတ်စိုက်လုပ်ပေးတာဖြစ်မှာ။ ခုခေ မိတ်ဆုံစားပွဲလုပ်တာ ရောဂါထနေကြတာ။ နိုင်ငံရပ်ခြား ရောက်နေတဲ့ဆရာဝန်တွေ၊ ဂျင်နီယာတွေဆို ပိုက်ဆံထောလာတာနဲ့ ဒီကိုပြန်လာပြီး မိတ်ဆုံစားပွဲလုပ်ကြတော့တ လာကြွားကြတာလည်း ပါတာပေါ့ကွာလို့ပြောတယ်။ နှစ်ဆယ့်သုံးပြောရင် ဟုတ်လေ တယ်။ သင်းက နိုင်ငံရပ်ခြား အသွားအလာရှိတယ်။ အုပ်ချုပ်ရေးတို့၊ နိုင်ငံရေးတို့ဘ လူတွေနဲ့လည်း အဆက်အဆံရှိတယ်။ နေစမ်းပါဦး၊ မင်းက ဖိတ်စာရတယ်၊ ငါ မရသေးဘူး။ အီးမေးလ်နဲ့လှမ်းပြီး ဖိတ်တာပဲ။ အားလုံးကိုစုပြီး ခလုတ်ကလေး လိုက်တာနဲ့ အီးမေးလ်တွေ တစ်ပြိုင်တည်းထွက်သွားတာပဲ၊ မဟုတ်လားလို့ ကျွန်တော မေးလိုက်မိတယ်။ တစ်ဆယ့်ရှစ်က ပြန်ဖြေတယ်။ ဗာလန့်ကြီးကို မင်းက အထင်ကြ တာကိုး။ သင်းက ပိုက်ဆံချမ်းသာပေတဲ့ ကွန်ပျူတာကို စက်ကက်တေရီနဲ့ လုပ်ရ ကိုယ်တိုင် ဘာမှမလုပ်တတ်ဘူးတဲ့။ ကျွန်တော်တို့လည်း တိုင်ပင်မထားဘဲ ရယ်လိုက် တယ်။ နှစ်ဆယ့်သုံးက ဝင်ပြောတယ်။ ချမ်းသာတာပဲ၊ ဘာများ တတ်နေစရာ ရှိ သူများကို ခိုင်းတတ်ဖို့ပဲလိုတာ၊ ခိုင်းတတ်ရင် ပြီးတာပဲ မဟုတ်လား။ ခိုင်းတတ် လုပ်တတ်ကိုင်တတ်တာပဲ။ လုပ်တတ်ကိုင်တတ်ရင်လို့ ပြောတဲ့အထဲမှာ ပညာအ



www.burmeseclassic.com

www.burmeseclassic.com

ကိုင်တာမျိုး မဟုတ်ဘူး။
ညည်လို့ လုပ်တာတဲ
တ်တာမျိုးကို ပြောတာ
ဘူးလားလို့ ပြောပြီး ကျွန်တော့်ကို
ကြည့်တယ်။ ကျွန်တော်က
တ်ပြလိုက်တုန်း
သုံးက လူရည်လည်တာလည်း
စ်မျိုးပဲကွလို့ ဝင်ပြောတယ်။
ငြိမ်သွားတယ်။ နောက်တော့
သုံးက ခေါင်းတညိတ်ညိတ်
ရှင်း တစ်နည်းအားဖြင့်တော့
သားလို့ မတင်မကျပြောတယ်။
သည်းအားဖြင့်"လို့ နှစ်ဆယ့်သုံးက
ခဲ့တာကို ကျွန်တော်တော့
ကို သဘောကျတယ်။
ဘော်တို့ထဲမှာ နှစ်ဆယ့်တစ်နဲ့
သုံးက ပညာတတ်တွေရဲ့
တတ်တွေပဲ။ ပီအိပ်ချ်ဒီတွေ
တွေ့ရတယ်။ နှစ်ဆယ့်တစ်က
မေးတယ်။ ဘာဖြစ်လို့ ခုခါမှ
အားပွဲ လုပ်ချင်ရတာလဲတဲ့။
သင်တော့လို့ ပြောပြီး
ဆယ့်ရှစ်က ခဏရပ်နေတယ်။
သင့်၊ မသင့် စဉ်းစားနေပုံပဲ။
သူကမှ ဘာမှမပြောဘဲ
ကြည့်နေကြတော့
ဆက်ပြောတယ်။ အဘိုးကြီးက
သူတော့မယ်လို့ကြားတယ်။
မယူခင် အားလုံးကို
တွေ့ချင်တယ်လို့ ဗာလန်ကြီးကို
တယ်လို့ ကြားရဖူးတယ်။
အတွက် ဟိုအကောင်က
မေးတာနေမယ်လို့ သူ့အကြားနဲ့
အသင်ကိုပေါင်းပြီး ပြောတယ်။
ကြီးဆိုတာက လက်ရှိပါမောက္ခကြီး။
ရှိလို့ဆိုရပေတဲ့ သူရွေးထားတဲ့
က်ငုတ်လက်ရင်း တပည့်
ယောက်က ပါမောက္ခအလုပ်ကို
နေတာကို အတော်ကြာနေပြီ။
မောက္ခကြီးကတော့ စာလေးဘာလေး
သင်တဲ့အခါသင်၊ အရေးကြီးတဲ့
သည်းအဝေးတွေ၊ အရေးကြီးတဲ့
ကြီးတွေနဲ့ စကားပြောဆိုရတာ

# ဒိုယာမကျောင်းသွက်တို့၏ မှောက်ခုံး မှတ်ဆုံစားပွဲ

## မြငြိမ်းသန်း



၂၀၀၄ ဇူလိုင် ရွှေအမြုတေ

www.burmeseclassic.com

မျိုးတွေလောက်ပဲ လုပ်တော့တယ်။ စာသင်တယ်ဆိုပေမဲ့လည်း နိယာမကျောင်းတော်ကြီးမှာ ပညာလာသင်တဲ့လူ အတော်နည်းနေပြီ။ အကြောင်းရင်းတစ်ခုကတော့ ဒီဘက်ခေတ်ထဲမှာ နိယာမကျောင်းတော်က ပညာမျိုးကို လူတွေ သိပ်စိတ်မဝင်စားကြတော့ဘူး။ ဒီဘက်ခေတ်မှာ ဆူလွယ်နပ်လွယ် ကြိုက်ကြတာ။ ပိုက်ဆံမြန်မြန်ဖြစ်မယ့်နည်းကို ပညာလို့ ထင်ကြတယ်။ ထင်ကြတာတောင် မဟုတ်ဘူး ယုံကြည်နေကြတာ။ ကိုယ်ကာယနှင့် ရုပ်ရည်ကို အခြေခံသော လူမှုဆက်ဆံရေး၊ အခြေခံစီးပွားရေးလုပ်ငန်း အတတ်သင်ကျောင်းဆိုတာမျိုးမှာ ဝင်ခွင့်ရဖို့ သိပ်မလွယ်ဘူး။ ဦးဖြူဆိုပြီး ပျောက်စေ ဆရာယောင်ယောင် ငနဲတွေ သိပ်အလုပ်ဖြစ်နေကြတာ။ နောက်လိုက်နောက်ပါ တပည့်တွေကို မနည်းတော့ဘူး။ ကျောင်းကြီးတွေဆို ဟည်းထနေတာ။ သမ္မတကြီးနဲ့ အမှတ်မထင်ရိုက်ထားတဲ့ ပုံတွေဆိုရင် နေရာကိုနံ့လို့။ နိယာမကျောင်းတော်မှာကတော့ နံရံတွေကို ရေညှိတက်နေပြီ။ သုတ်စရာ ဆေးဖိုးမရှိဘူး။ ဒါပေတဲ့လည်း နိယာမကျောင်းတော်က ပညာရှိများကတော့ ဆေးဖိုးမရှိဘူးရယ်လို့ မပြောကြဘူး။ ဒီလိုကျောင်းတိုက်ကြီးမျိုးဆိုတာက ဆေးမကြာသုတ်ပေးရတာမျိုး မဟုတ်ဘူး။ ခုလို ဆေးမသုတ်ဘဲ ထားတာကိုက ရင့်ကျက်မှုကို ဖော်ထုတ်တာပဲတဲ့။

ပိုဆိုးသွားတာက နိယာမကျောင်းတော်ကိုလာပြီး ပါမောက္ခကြီးနဲ့ လေပစ်လေ့ရှိတဲ့ သမိုင်းဆရာကြီးရဲ့လေကလည်း ထောက်ခံစာပေးသလို ဖြစ်သွားတယ်။ ဘယ့်နှယ်ဗျာ သမိုင်းဝင်ပစ္စည်းဆိုတာကို တန်ဖိုးထားရမှန်း မသိတဲ့ခေတ်ကို

**နိယာမကျောင်းတော်ကြီးဟာ ရန်သူသာရှိတယ်**
**မိတ်ဆွေမရှိတဲ့ အရပ်လို ဖြစ်နေတယ်။**
**ဒါပေမဲ့လည်း နိယာမကျောင်းတော်က ပညာရှင်**
**ပညာတတ်တွေအဖို့ကတော့ ရန်သူဖြစ်ဖြစ်**
**မိတ်ဆွေဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်**
**တခြားလူတစ်ယောက်ပဲလို့ လက်ခံထားကြတယ်**

ရောက်မှန်းမသိ ရောက်လာတယ်။ ကြည့်ဗျ၊ ကျုပ်တို့ သမိုင်းဝင်မြို့ကြီးဟာ နွားလောက်မျှ ခေါင်းမရှိတဲ့ကောင်တွေက ဘုရားမှန်သမျှ ရွှေမင်သုတ်၊ ရွှေထီးဆောင်းပစ်လိုက်ကြလို့ ခုတော့ ကျုပ်တို့ရဲ့ သမိုင်းဝင်မြို့ကြီးဆိုတာက တစ်ကမ္ဘာလုံးက ဝိုင်းရယ်စရာကို ဖြစ်ကရောတဲ့။ ဒီတော့ နိယာမကျောင်းတော်ရဲ့ ပါမောက္ခကြီးက ဟုတ်တာပေါ့ဗျာ။ ဒါ့ကြောင့် ကျုပ်က ဒီကျောင်းတိုက်ကြီးကို ဒီအတိုင်းထားတာတဲ့။ အဲဒီ တုန်းက ကျွန်တော်တို့က ဘွဲ့လွန်ကျောင်းသားတွေပဲ။ ဝင်မပြောရဲကြဘူး။ လက်ဖက်ရည်ဆိုင်ရောက်ကာမှ ဆရာကြီးတွေပြောတဲ့

စကားကို ပြန်လည်ဆွေးနွေးကြရတယ်။ ကျွန်တော်တို့ ကျောင်းတိုက်ကြီးရဲ့ဆောင်ပုဒ်ကိုက 'ဆွေးနွေးရင်းသာ ပညာရှာ'လို့ ဆိုထားတာကိုး။ ဒီနေရာမှာ ပြောစရာလေးက တော့ ရှိနေပြန်တယ်။ 'ဆွေးနွေးတယ်'ဆိုရာမှာ စောင့်စည်းရ တဲ့အချက်တွေလည်း ရှိနေသေးတယ်။ ဆွေးနွေးချင်တိုင်း ထဆွေးနွေးလို့ မရဘူး။ ပထမဦးဆုံးအချက်…။ ဒီအချက် ဟာ အရေးအကြီးဆုံးလည်း ဖြစ်တယ်။ ဒီပထမဦးဆုံးနဲ့ အရေး အကြီးဆုံးအချက်ကတော့ အသက်အားဖြင့် ကြီးခြင်း၊ ပညာ အားဖြင့် ကြီးခြင်းနဲ့ အတန်းအားဖြင့် ကြီးတဲ့လူတွေနဲ့ ဆွေးနွေး ရာမှာ ဆွေးနွေးတဲ့လူတွေအနေနဲ့ အသက်အားဖြင့် ကြီးခြင်း၊ ပညာအရာအားဖြင့် ကြီးခြင်းနဲ့ အတန်းအားဖြင့် ကြီးတဲ့လူတွေ ပြောဆိုတာမှန်သမျှဟာ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း မှန်ပြီးသားပဲ လို့ လက်ခံထားကြရမယ်ဆိုတဲ့အချက်ပဲ။ ဆွေးနွေးတဲ့ အကြောင်းအရာက တစ်မျိုးတည်းပဲ ဖြစ်ပါစေ။ 'ဆွေးနွေး တယ်'လို့ ခေါ်ပုံမတူဘူး။ အသက်ကြီးတယ်၊ ပညာအရာကြီး တယ် အတန်းကြီးတဲ့ လူတွေဘက်က 'ပညာပေးဆွေးနွေး တယ်'လို့ ခေါ်တယ်။ အသက်ငယ်တယ်၊ ပညာအရာနည်း တယ်၊ အတန်းငယ်တယ် ဆိုတဲ့လူတွေဘက်ကတော့ 'ပညာ ယူ ဆွေးနွေးတယ်'လို့ ခေါ်ရတယ်။

ဒုတိယအချက်ကလည်း မစောင့်စည်းလို့ မဖြစ်တဲ့ အချက်။ ဒီ အသက်အားဖြင့် ကြီးခြင်း၊ ပညာအရာအားဖြင့် ကြီးခြင်းနဲ့ အတန်းအားဖြင့် ကြီးတဲ့လူတွေဟာ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်း မှန်ပြီးသားလို့ လက်ခံပြီးတဲ့နောက် ကျန်တဲ့နှစ်ဆယ့် ငါးရာခိုင်နှုန်းဟာ မှားတယ်၊ ဒါမှမဟုတ်ရင် မှားနိုင်တယ်လို့ သဘောမထားမိဖို့ လိုတယ် ဆိုတဲ့အချက်ပဲ။ ကျန်တဲ့ နှစ် ဆယ့်ငါးရာခိုင်နှုန်းဟာ မီးခိုး ရောင်ရပ်ဝန်းလို့ လက်ခံထား တယ်။ အဖြူလည်း မဟုတ် ဘူး၊ အမည်းလည်း မဟုတ် ဘူးဆိုတဲ့ သဘောပဲ။ ဒါပေမဲ့ သတိထားစရာလိုနေတဲ့အချက် ကလည်းရှိနေသေးတယ်။ အဲဒီ က မီးခိုးရောင်က နုနုဆိုတာပဲ

အဖြူဘက်များတဲ့ မီးခိုးရောင်မျိုး။ တစ်မျိုးပြောရရင် အမှန် ဘက်များတဲ့ အနေအထားမျိုး။ ထပ်ပြီး တစ်မျိုးပြောရရင်တော့ အသက်အားဖြင့် ကြီးခြင်း၊ ပညာအရာအားဖြင့် ကြီးခြင်းနဲ့ အတန်းအားဖြင့် ကြီးတဲ့လူတွေဟာ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း မှန်ပြီးသားလို့ လက်ခံပြီးတဲ့နောက် ကျန်တဲ့ နှစ်ဆယ့်ငါးရာခိုင် နှုန်းမှာ နှစ်ဆယ့်လေးဒသမ ကိုးရှစ်ရာခိုင်နှုန်းလောက်ဟာ မှန်နေသေးတယ်လို့ လက်ခံထားပြီးကာမှ ဆွေးနွေးကြဖို့ တည့်တည့်ပြောရရင်တော့ အသက်ကြီးလို့ အထင်ကြီး ရထားတဲ့သဘောပဲ။ သာမန်လူတွေအတွက် နည်းနည်း ခေါ်



www.burmeseclassic.com

www.burmeseclassic.com

င်းခက်မယ်။ ကျွန်တော်တို့ ကျောင်းကြီးထဲမှာတော့ ဖြည်း ချင်း အလေ့အကျင့်ရလာလို့ သိပ်မခက်လှဘူး။ တော်တို့ကိုယ်တိုင် အတန်းကြီးရောက်လာတဲ့အခါ အတန်း က လူတွေကို အဲဒီလိုပဲ သဘောထားလာကြတယ်။ ခုနက တဲ့ သမိုင်းဆရာကြီးစကားကို ပြန်ကောက်ရရင်တော့ တော်တို့ လူငယ်ပိုင်းကမြင်တာဟာ ဆရာကြီးမြင်ပုံနဲ့ မတူ သမိုင်းပါမောက္ခကြီးပြောတဲ့ 'ကျုပ်တို့သမိုင်းဝင်မြို့ကြီး နွားလောက်မျှ ခေါင်းမရှိတဲ့ကောင်တွေက ဘုရားမှန် ရွှေမင်သုတ်၊ ရွှေထီးဆောင်းပစ်လိုက်ကြလို့ ခုတော့ တို့ရဲ့ သမိုင်းဝင်မြို့ကြီးဆိုတာက တစ်ကမ္ဘာလုံးက ဝိုင်း ရောကို ဖြစ်ကရော'ဆိုတာကို ပထမ ခုနစ်ဆယ့်ငါးရာခိုင် ရ မှန်တယ်လို့ လက်ခံပြီးတဲ့နောက် နောက်ထပ် နှစ်ဆယ့် ဒသမကိုးရှစ်ရာခိုင်နှုန်းပါ ပေါင်းပြီး စုစုပေါင်း ကိုးဆယ့် ဒသမကိုးရှစ်ရာခိုင်နှုန်း မှန်တယ်လို့ လက်ခံ။ ဒီတော့ သေးတဲ့ ဒသမသုညနှစ် ရာခိုင်နှုန်းထဲမှာ ပြောစရာက သေးတယ်။

ဒီလို။ သမိုင်းဆရာကြီးရဲ့စကားထဲက 'နွားလောက်မျှ ခေါင်းမရှိတဲ့ကောင်တွေ'ဆိုတာက နွားလောက်မျှ ခေါင်းမရှိ တော့ မှန်မယ်၊ ဒါပေတဲ့ တိုင်းပြည်အုပ်ချုပ်တတ်တယ်။ ပြည်အုပ်ချုပ်တဲ့ လူမှုသမျှမှာ နိယာမတစ်ခုပဲရှိတယ်။ တာဟာ တရားတယ်'ဆိုတဲ့မှုပဲ။ ဘယ်နိုင်ငံမှာ ဘယ်စနစ် သုံး အုပ်ချုပ်ခွင့်ရတဲ့လူဟာ သူလုပ်ချင်သလို လုပ်တာ 'နိုင်တာဟာ တရားတယ်'ဆိုတဲ့ နိယာမပဲ။ ဒီနိယာမမျိုး ကျွန်တော်တို့ ကျောင်းတိုက်ကြီးထဲမှာ ပြာတာမင်းစေ လေးများတောင် သိတယ်။ ဒါပေတဲ့ ပြာတာဟာ ပြာတာပဲ။ မောက္ခကြီးတွေဟာ ပါမောက္ခကြီးတွေပဲ။ ကုလားပြည်က ဆွေတစ်ယောက် ပြောဖူးတဲ့ စကားလိုပဲ။ တို့ဆီမှာ ပြော သတဲ့။ ဆိတ်ကို ညစာစားပွဲတက်တဲ့ဝတ်စုံ ဝတ်ပေးချင် ။ ဝတ်ပေးလိုက်၊ ရတယ်။ ဒါပေတဲ့ ဆိတ်ကတော့ တ်ပဲဆိုတာမျိုး။ နိယာမမျိုးစုံကို သိတာဟာ သိတာပဲ။ ပြည် အုပ်ချုပ်နိုင်လောက်အောင် အသုံးမတည့်ကြဘူး။ ကြောင့်မို့လည်း ဒီကျောင်းတိုက်ကြီးထဲမှာ ပညာအရာ ဂုဏ် ရှိစွာနဲ့ ရပ်တည်နေကြရင်း ကုန်းကြောင်းလျှောက်နေကြ ။ ခပ်လွယ်လွယ် ပြောရရင်တော့ အုပ်ချုပ်သူကို မကျော် နိုင်တဲ့ အခိုင်းခံသက်သက်ပဲ။ 'နွားလောက်မျှ ခေါင်းမရှိ အကောင်တွေ'ရဲ့ ဘာနိယာမမှာမှ အခြေမခံတဲ့ အမိန့်ဆို တို မငြင်းဆိုရဲတဲ့လူတွေပဲ။ ဒီတော့ ကျွန်တော်တို့ လူငယ် က မြင်နေတာကတော့ တိုင်းပြည်အုပ်ချုပ်ဖို့ဆိုရင် နွား ကျ်မျှ ခေါင်းမရှိတဲ့ကောင်ဖြစ်ဖို့ပဲ။ ခေါင်းထဲမှာ ဘာမျှ လ ကောင်းလေပဲ။ အထူးသဖြင့် ခပ်ညံ့ညံ့လူတွေကို ချုပ်ဖို့ အုပ်ချုပ်တဲ့လူကလည်း ခပ်ညံ့ညံ့ဖြစ်ရမှာပဲ။ တရား ခြင်ပဲ။ ညံ့တာဟာ ရှက်စရာမဟုတ်ဘူး။ ဂုဏ်ယူစရာ ည်း မဟုတ်လောက်ပေတဲ့ လူရဲ့ မွေးရာပါ အခွင့်အရေးပဲ။

နောက်တစ်ချက် ပြောစရာရှိနေတာက 'တစ်ကမ္ဘာလုံးက ဝိုင်း ရယ်စရာကို ဖြစ်ကရော'ဆိုတဲ့ အချက်ပဲ။ သေသေချာချာ စဉ်းစားကြည့်မယ်ဆိုရင် တစ်ကမ္ဘာလုံးက ဝိုင်းရယ် စရာဖြစ် လောက်အောင်ဆိုတဲ့ အနေအထားမျိုးဆိုတာက ပေါ့သေးသေး အားထုတ်မှုမျိုး မဟုတ်ဘူး။ အငြိမ့်တို့၊ ဇာတ်တို့ထဲက လူပြက် တွေရဲ့ ပြက်လုံးကိုသာ နမူနာယူကြည့်။ ပြက်လုံးတိုင်း ရယ် စရာဖြစ်မလာဘူး။ လူတိုင်းမရယ်ဘူး။ ခုဟာက တစ်ကမ္ဘာ လုံးက ဝိုင်းရယ်စရာဖြစ်တာ။ ဒီတော့ တစ်ကမ္ဘာလုံးက ဝိုင်း ရယ်စရာကို ဖြစ်လောက်အောင် အသုံးမကျတာဘဲခေါ်ခေါ်၊ ခေါင်းမရှိဘူးဘဲခေါ်ခေါ် အတော့်ကိုကြီးမားတဲ့ အောင်မြင်မှု တစ်ရပ်လို့ ပြောရမှာပဲ။ ကျွန်တော်တို့ လူငယ်ပိုင်းကတော့ နွားလောက်မျှ ခေါင်းမရှိတဲ့ကောင်တွေဆိုတဲ့ လူတွေရဲ့ အောင် မြင်မှုဟာ တို့ဆရာကြီးတွေထက်တောင် ကြီးပါသေးသလား လို့ မြင်ခဲ့မိတယ်။ တို့ဆရာကြီးတွေဟာ နွားထက် ခေါင်းရှိရုံ မကဘူး လူတော်တော်များများထက်တောင် ဦးနှောက်ကောင်း ဦးမယ်။ အသိပညာတွေ ပိုဦးမယ်။ တကယ့်နေ့စဉ်ဘဝထဲမှာ တော့ နွားလောက်မျှ ခေါင်းမရှိတဲ့ကောင်တွေကို ဘယ်လိုမှ မယှဉ်နိုင်တဲ့ လူတွေပဲလို့ မြင်လာမိခဲ့ကြတယ် (ဒီအချက်ကြောင့် ပဲ ကျွန်တော်တို့ဟာ နိယာမကျောင်းတိုက်ကြီးမှာ ပညာ ဆည်းပူးလက်စနဲ့ စခန်းသိမ်းခဲ့ကြရတာပဲ။)။

နောက်တော့ သုံးဆယ့်ခုနစ် ကိုယ်တိုင်ဖုန်းဆက်တာနဲ့ပဲ ကျွန်တော်တို့ လူသိုက်လည်း ပြန်လည်မိတ်ဆုံစားပွဲ သွားဖြစ် ကြတယ်။ သူ စီစဉ်ပေးလို့ပဲ ကျွန်တော်တို့လူသိုက် စားပွဲ သီးသန့်ရတယ်။ အမှောင်ရိပ်နားဆီမှာ မြက်ခင်းပြင်ထိပ်နားက စင်မြင့်ကလေးနဲ့နီးတဲ့ အပိုင်းမှာတော့ ဧည့်သည်တော်တွေ၊ နိုင်ငံခြားပြန်တွေ။ ဧည့်သည်တော်တွေထဲမှာလည်း နွား လောက်မျှ ခေါင်းမရှိတဲ့ကောင်တွေပါတယ်။ ကျွန်တော်တို့ ဆရာကြီးတွေလည်း နွားလောက်မျှ ခေါင်းမရှိတဲ့ကောင်တွေနဲ့ တပြုံးပြုံး။ မပြုံးလို့ကလည်း မဖြစ်ဘူး။ ဒီည ပြန်လည်မိတ်ဆုံ စားပွဲညမှာ အငြိမ်းစားယူမယ့် ပါမောက္ခကြီးကို နွားလောက်မျှ ခေါင်းမရှိတဲ့ကောင်တွေက ဘွဲ့ထူးဂုဏ်ထူးတွေ ပေးကြမှာ။ ဒီအပြုအမူကတော့ ဘယ်သူဘယ်သူကိုမျှ မထိခိုက်သလို ဘယ်သူ့ကိုမျှ အကျိုးရှိတဲ့ကိစ္စတော့ မဟုတ်ဘူး။ ဒါပေတဲ့ ပေးသူနဲ့ လက်ခံသူအကြားမှာ ဂုဏ်ယူစရာဆိုတဲ့ စကားလုံး ကလေး ကျွန်ရစ်တယ်။ ဘယ်နားမှာ ဘယ်လိုဂုဏ်ယူရမှန်း တော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော်တို့ စားပွဲမှာ ထိုင်နေတဲ့ နှစ်ဆယ့်တစ်နဲ့ နှစ်ဆယ့်သုံးကပြောလို့ သိရတာ။ တို့လူမျိုးရဲ့ စနစ်တကျ ညံ့ဖျင်းတဲ့ စရိုက်လက္ခဏာတစ်ခုက အဲဒီလိုမျိုးတွေကို မက်တာပဲလို့လည်း ပြောတယ်။ သူကြီး ခေတ်တုန်းက တောမှာ ဘုရားပွဲလုပ်တဲ့အခါ သူကြီးက လက် ပတ်ပေးပြီး ပွဲကြပ်ခိုင်းရင် ဂုဏ်ယူဝင့်ကြွားစွာနဲ့ ဖိုက်အငှားနဲ့ ဓားထိုးခံရဲတဲ့ကောင်တွေ အပုံချည်း ရှိသလိုမျိုးပဲတဲ့။ သူတို့ နှစ်ယောက်က နိယာမကျောင်းတော်မှာ ကျွန်တော့်ထက် တစ်

www.burmeseclassic.com

www.burmeseclassic.com

နှစ်စောတယ်။ ဘွဲ့လွန်ပြီးတော့ ပါရဂူဘွဲ့အတွက် မတက်တော့ဘဲ ထွက်သွားတဲ့လူတွေ။ ဒီလိုပွဲမျိုးတွေကိုလည်း မကြိုက်ဘူး။ အခုတောင် ကျွန်တော်တို့က တစ်သက်တစ်ခါလောက်ပါကွာဆိုပြီး တောင်းတောင်းပန်ပန်နဲ့ ခေါ်လာခဲ့ကြရတာ။ ပွဲမစခင် ပါမောက္ခကြီးနဲ့ နောက်ဖြစ်မယ့် ပါမောက္ခတို့ ဦးဆောင်ပြီး စားပွဲတွေဆီလျှောက်ပြီး နှုတ်ဆက်ကြတယ်။ သုံးဆယ့်ခုနစ်တို့လို မိတ်ဆုံစားပွဲကျင်းပရေး ကော်မတီဝင်တွေလည်းပါတယ်။ နောက်ဆုံးတော့ ကျွန်တော်တို့စားပွဲကို ရောက်လာကြတော့တယ်။

ဆရာကြီးခမျာ အတော်အိုရှာပြီ။ ပင်စင်သက်ပြည့်တဲ့နောက်ဆယ်နှစ်သာသာ ထပ်ပြီးလုပ်ပေးနေရသေးတာ။ ခုတော့ ခေါင်းပေါ်က လက်ကျန်ဆံပင် ကျိုးတိုးကျဲတဲက ဖွေးလို့။ လက်ပြင်ကုန်းနေပြီ။ လက်ကိုင်တုတ်အားကိုးနဲ့ လျှောက်ရတယ်။ သတိကတော့ အတော့်ကို ကောင်းပုံရသေးတယ်။ ကျွန်တော်တို့ စားပွဲဝိုင်းနားရောက်လာတော့ ကျွန်တော်တို့ အားလုံးက မတ်တတ်ရပ်လိုက်ကြတယ်။ ကျွန်တော်တို့ မျက်နှာတွေကို အမှောင်မကျတကျ အလင်းရောင်ထဲမှာ အတော်ကြာအောင် ကြည့်နေရင်း အမှောင်ထဲက တော်လှန်ရေးသမားတွေ ကိုးကွလို့ ပြောရင်း ပြုံးနေတယ်။ ကျွန်တော်တို့ကတော့ ဘာမှပြန်မပြောကြဘူး။ ဟိုတုန်းကလည်း အမှောင်ကြိုက်တယ်။ ခုလည်း အမှောင်ကြိုက်ကြတဲ့ကောင်တွေလို့ ပြောပြန်တယ်။ တစ်ဆယ့်ရှစ်ကို ဆရာကြီးက လက်ဆွဲနှုတ်ဆက်နေတုန်း နှစ်ဆယ့်သုံးဆီက အသံထွက်လာတယ်။ အလင်းထဲကို အလင်း ထဲကနေ ကြည့်တာထက် အလင်းထဲကို အမှောင်ထဲကနေ

ကြည့်တာက ပိုပြီး ကြည်လင်ပီပြင်ပါတယ် ဆရာကြီးတဲ့။ ဆရာကြီးက လန့်သွားပုံရတယ်။ ရုတ်တရက် အသံလာရာကို ကြည့်လိုက်ရင်း ဟော့ကောင်ကြီးလို့ ခေါ်လိုက်ရင်း စဉ်းစားနေပုံရတယ်။ ပြီးမှ နှစ်ဆယ်ဆိုပြီး အသံဆက်ထွက်မလာဘူး။ နောက်နားက ပါလာတဲ့ သုံးဆယ့်ခုနစ်က ထောက်ပေးတယ်။ သုံး-ပါ ဆရာကြီးတဲ့။ ဆရာကြီးလည်း သတိရသွားပုံရတယ်။ အေး အေး။ နှစ်ဆယ့်သုံး။ ဩော် မင်းက နှစ်ဆယ့်တစ်။ ဟိုအကောင်က တစ်ဆယ့်ရှစ်။ မင်းတို့လူသိုက်ကို ဆရာသတိရပြီလို့ ထပ်ပြောတယ်။ အဲဒီတုန်းမှာပဲ နှစ်ဆယ့်တစ်က ဝင်ပြော

တယ်။ အလင်းရောင်ထဲက လူတွေဟာ အလင်းရောင်မရှိရင် ပျောက်သွားကြ ပေတဲ့၊ အမှောင်ထဲက လူတွေကတော့ အ… ကတည်းက အမှောင်ထဲမှာပဲမို့ အမှောင်ထဲရောက်သွားလည်း လွယ်လွယ် ပျောက်မသွားဘူးပေါ့ ဆရာကြီးရယ်တဲ့။ ဆရာ… ကြီးက နှစ်ဆယ့်တစ်ရဲ့ လက်မောင်းကို လှမ်းကိုင်လိုက်ရင်း ဟုတ်လိုက် လေကွာ။ မင်းတို့နှစ်ယောက်ကတော့ ပီအိပ်ချ်ဒီတွေ… တစ်လှေချည်း ရထားလေတော့ ဒါမျိုးတွေ ပြောတတ်တာ… ပေါ့လို့ ပြောတယ်။ ဒီတော့ နှစ်ဆယ့်သုံးက ဖြတ်ပြော… တယ်။ ဆရာကြီး အဲဒီစကားတွေက လွန်ခဲ့တဲ့ အနှစ်သုံးဆ… ဆယ်လောက်က ဆရာကြီး ကျွန်တော်တို့ကို ပြောခဲ့တာပါတဲ့…

ကျွန်တော်တို့ရဲ့ ပါမောက္ခကြီးခမျာ အူကြောင်ကြောင်ဖြ… သွားပုံရတယ်။ ဟေ၊ ဟုတ်ကဲ့လားလို့ ပြောရင်း သူ့နောက်… ပါလာတဲ့လူသိုက်ကို ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်တယ်… နောက်တက်မယ့် ပါမောက္ခအသစ်က အသာခေါင်းညိတ်… တယ်။ ဆရာကြီးက ပြုံးလိုက်ရင်း ကျွန်တော်တို့အားလုံး… တစ်ယောက်ချင်းစီကို လှည့်ပြီး ဖြည်းဖြည်းချင်း ကြည့်လို… တယ်။ ပြီးမှ ဒီလိုဆိုတော့လည်း ဆရာက အတော်သားပဲ… သူ့ဘာသာ ပြောလိုက်သလိုလိုနဲ့ ပြောရင်း ရယ်တယ်။ ချ… ချင်းလိုပဲ ပီအိပ်ချ်ဒီတွေ တစ်လှေချည်းရထားတယ်ဆို… အကောင်နှစ်ကောင်ဆီက တစ်ကောင်ရဲ့အသံ ကြားလိုက်… တယ်။ နှစ်ဆယ့်သုံးဆီက။ ဆရာကြီးက အမြဲတော်တာ… ကျွန်တော်တို့မှာ သံသယမရှိပါဘူး။ တော်တာတွေကို ထု… မသုံးတာတစ်ခုပဲလို့ ပြောနေတုန်း အသံရပ်သွားတယ်… ကျွန်တော်ကကြည့်လိုက်တော့ သူ့ဘေးနားဆီမှာ ရပ်နေ… တစ်ဆယ့်ရှစ်က တံတောင်… အသာတွက်လိုက်တာ တွေ့… တယ်။ ဆရာကြီးတို့နောက်… က လူအုပ်ထဲက သုံးဆ… ခုနစ်နဲ့ နောက်တက်မယ့် ပါမောက္ခတို့ကလည်း ခေါ… မသာ ခေါင်းခါပြတာ တွေ့… လိုက်ရတယ်။ နှစ်ဆယ့်သုံး… ကြည့်လိုက်တော့ သူက ဘာ… မပြောလိုက်သလိုပဲ။ ဆရာ… ကတော့ အသေအချာ ကြားလိုက်ပုံမရဘူး။ ဘာတဲ့၊ ဘာတဲ့… လှမ်းမေးနေတယ်။ နှစ်ဆယ့်တစ်က ကြားဝင်ပြီး ဆရာ… ပြောတာတွေမှန်တယ်လို့ သူကပြောတာပါလို့ ပြောလို… တယ်။ နှစ်ဆယ့်သုံးနဲ့ နှစ်ဆယ့်တစ်ရဲ့ ပြဿနာက အဲဒါ… သူတို့အနေနဲ့ ဝင်ပြောဖို့လိုတယ်ဆိုရင် ပါးစပ်က ထိန်းမ… လူမျိုးတွေ။ ပြောစရာရှိရင် ပြောလိုက်ရမှ။ ချစ်လို့၊ မုန်း… ဘာဘာညာညာ မဟုတ်ဘူး။ အဲဒီတုန်းမှာပဲ အကောင်းပ… သုံးဆယ့်ခုနစ်က ကျွန်တော်တို့ပွဲစကြရင် ကောင်းမယ်… ပြီး ဆရာကြီးတို့လူသိုက်ကို ကျွန်တော်တို့စားပွဲဆီက အ…

ကြည့်ဗျ၊ ကျုပ်တို့ သမိုင်းဝင်မြို့ကြီးဟာ နွားလောက်မျှ ခေါင်းမရှိတဲ့ကောင်တွေက ဘုရားမှန်သမျှ ရွှေမင်သုတ်၊ ရွှေထီးဆောင်းပစ်လိုက်ကြလို့ ခုတော့ ကျုပ်တို့ရဲ့ သမိုင်းဝင်မြို့ကြီးဆိုတာက တစ်ကမ္ဘာလုံးက ဝိုင်းရယ်စရာကို ဖြစ်ကရော

www.burmeseclassic.com

ထုတ်သွားဖို့လုပ်တယ်။ ဆရာကြီးလည်း လှည့်ထွက်သွားမယ်လို့ ခြေလှမ်းပြင်လိုက်ရင်း အားအပြည့်တော့ ဖြည့်ကြတယ်မဟုတ်လားလို့ ပြောလိုက်ပြီးမှ လှည့်ထွက်သွားတယ်။ အပြည့်ပါပဲ ဆရာကြီးလို့ ကျွန်တော်တို့လည်း လို ဖြေလိုက်ကြပြီး အချင်းချင်းကြည့်ပြီး ပြုံးနေမိကြ

ဒီအချက်ကလေးကတော့ သိအောင်ရှင်းပြဖို့ လိုလိမ့်မယ်။ ကျောင်းတော်မှာ ဘွဲ့လွန်ပညာ ဆက်လက်ဆည်းပူး ကြတော့မယ့် အချိန်ရောက်ရင် ကျွန်တော်တို့ တစ်ဦး ရဲ့ စနစ်တွေကို ပြင်လိုက်ကြရတယ်။ စနစ်ဆိုတာက ဘွဲ့စပ်တည်ရှိနေတဲ့ "ရှိနေခြင်းစနစ်"ပဲ။ ဘွဲ့လွန်ပညာဆက် ဆည်းပူးခွင့်ရတဲ့သူတွေမှန်သမျှမှာ အလိုအလျောက် ကိရိယာဆိုတာကလေး တပ်ထားကြတယ်ရတယ်။ တွေဟာ ပညာဘက်မှာသန်တယ်။ နိယာမတစ်စုံတစ်ရာ အခြေခံပြီး အသိပညာတိုးပွားဖို့ အားထုတ်နေကြတဲ့သူတွေ လေတော့ အသက်ရှူဖို့ကိုတောင် မေ့နေတတ်ကြတယ်။ ရှူမှလည်း ဦးနှောက်ထဲကို အောက်ဆီဂျင်တို့ ဘာတို့ မှာတဲ့။ အဲဒီလိုရောက်ပါမှ ဦးနှောက်ကလည်း အလုပ် မှာတဲ့။ ဒီတော့ အခု အနားယူတော့မယ့် ပါမောက္ခကြီး ကျောင်းတော်မှာ ပညာဆည်းပူးတဲ့လူတွေအကျိုးကို ပြီး အဲဒီစက်ကလေးကို တီထွင်ခိုင်းတာပဲ။ ဘွဲ့လွန် လို့ အထက်တန်းပညာဆည်းပူးကြမယ့် လူမှန်သမျှ ကလေး တပ်ထားကြရတော့တာပဲ။ ပြဿနာတစ်ခုက လေးကို တပ်ပြီးရင် ဖြုတ်ပစ်လို့မရတော့ဘူး။ စက် တပ်လိုက်ပြီးကတည်းက နှလုံးခုန်တာတို့၊ သွေးလည် တို့ဆိုတာတွေအားလုံးဟာ စက်ကလေးကပဲ လုပ်နေ ။ ဖြုတ်လိုက်ရင် အကုန်လုံးရပ်တန့်သွားမယ်။ လွယ် ပြောရရင်တော့ ပညာရှင်၊ ပညာရှိဖြစ်လာဖို့ ဆိုတာက ရှင်နေတာ၊ အသက်ရှိနေတာနဲ့မဆိုင်တော့ဘူးလို့ ဖြစ် တဲ့အနေအထားပဲ။ ပညာရှင်၊ ပညာရှိတို့ရဲ့အလုပ်ဟာ ရှင်နေဖို့၊ အသက်ရှိနေဖို့ မဟုတ်ဘူး။ အသက်ရှင်နေတာ ပညာရှိဖြစ်နေဖို့သက်သက်ပဲ။ အသက်ရှင်နေသရွေ့ ပညာ နေရမယ်ဆိုတဲ့သဘောပဲ။ ဒီတော့ နိယာမကျောင်းထွက် ၊ ပညာရှိတွေဟာ အသက်ရှင်နေဖို့ စက်ကလေးထဲက ထရီကိုသာ မှန်မှန်အားသွင်းနေပေးဖို့ပဲ။ ဘက်ထရီက သွားရင်တောင် စက်ထဲက စွမ်းအားနဲ့ နောက်ထပ် လောက် အသက်ရှင်နေနိုင်သေးတယ်။ နိယာမတစ်စုံ ကို အခြေခံပြီး အသိပညာဖော်ထုတ်ကြတာ၊ ဆွေးနွေး ၊ ရှာဖွေကြတာသာ အဓိက။ အသက်ရှင်ဖို့က စက်နဲ့ပဲ တော့တယ်။ လူနဲ့မဆိုင်တော့ဘူး။ ဒါကြောင့် ဆရာကြီးက တော်တို့ကို အားတော့ အပြည့်ဖြည့်လာကြတယ် မဟုတ် လို့ မေးတာ။ ကျွန်တော်တို့ အနေနဲ့ကတော့ မဖြည့်ရင် တဲ့ အခြေအနေမို့ ဘက်ထရီကို အားပြည့်အောင် အမြဲဖြည့် နေရတော့တာပဲ။

ညစာစားပွဲစ တယ်။ မစားခင် စကားတွေပြောကြတယ်။ နွားလောက် ခေါင်းမရှိတဲ့ကောင်တွေဆိုတာကလည်း ပြောလိုက်ကြတာစုံလို့။ ဝမ်းထဲက ကိုက်လောက်အောင် တိုက်တဲ့လေနအေးဆိုတာမျိုး။ ကျွန်တော်တို့ကတော့ မှောင်ရိပ်ထဲမှာ တဝါးဝါးပဲ။ ကိုယ့်အချင်းချင်းတောင် သတိပေးနေရတယ်။ ကျွန်တော်တို့လူသိုက်ရဲ့ ဟားသံက သိပ်ကျယ်သွားလို့။ နောက်တော့ ကျွန်တော်တို့ပါမောက္ခကြီးလည်း ဘွဲ့တံဆိပ်တစ်ခုရတယ်။ နောက်ဖြစ်မယ့် ပါမောက္ခလည်းရတယ်။ ရလိုက်ကြသမှ သုံးဆယ့်ခုနစ်တောင် တစ်ခုရသေးတယ်။ သူကတော့ ခပ်သေးသေးရယ်။ နောက်တော့ ညစာစားပွဲအပိတ်အနေနဲ့ အငြိမ်းစားယူမယ့် ပါမောက္ခကြီးက စကားပြောတယ်။ နောက်ဖြစ်မယ့် ပါမောက္ခကတော့ နောက်နားဆီက ရပ်နေတယ်။ သိပ်ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ ဟိုလူ့ကျေးဇူးတင်၊ ဒီလူ့ကျေးဇူးတင်ဆိုတာမျိုးတွေပဲ။ ကျွန်တော်တို့ဘက်ကိုတောင် လက်နဲ့ညွှန်ရင်း ဟောဟိုမှောင်ရိပ်ထဲမှာ ကျုပ်တစ်သက်လုံး မနိုင်ခဲ့တဲ့ တပည့်တစ်သိုက်တောင် တကူးတက လာကြလို့ ကျေးဇူးတင်တယ်၊ ဝမ်းသာတယ်လို့ ပြောသေးတယ်။ ဆရာကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့လည်း ထပြီး လက်ခုပ်တီးလိုက်ကြတယ်။ ဆရာကြီးက အသိအမှတ်ပြုတဲ့အနေနဲ့ လက်ဝှေ့ယမ်းပြသေးတယ်။ ဆရာကြီးက ဆက်ပြောနေတယ်။ ပြောနေရင်း သူ့စကားလုံးတွေ ဗလုံးဗထွေးဖြစ်လာတယ်။ သိပ်ပြီး ပီပီသသ မဟုတ်ချင်ဘူး။ ကျွန်တော်တို့ဆီကနေ မြင်နေရတာကတော့ ဆရာကြီးဟာ စကားပြောနေရင်း ငိုက်ခနဲ ဖြစ်ဖြစ်သွားတယ်။ ကြည့်နေရင်းပဲ ဆရာကြီးဟာ ပျော့ခွေပြီး လဲတော့မလို ဖြစ်သွားလို့ သူ့နောက်နားမှာ ရပ်နေတဲ့ နောက်ဖြစ်မယ့် ပါမောက္ခက အသာပွေ့ထားလိုက်ရတယ်။ ကျွန်တော်တို့အားလုံးလည်း ထပြီး အဲဒီဆီ ပြေးကြတယ်။ ကျွန်တော်တို့ရောက်တော့ နောက်ဖြစ်မယ့် ပါမောက္ခရင်ခွင်ထဲမှာ ဆရာကြီးဟာ သတိမရတော့ဘူး။ နောက်ဖြစ်မယ့် ပါမောက္ခက မြေပေါ်မှာ ထိုင်ချလိုက်တယ်။ တစ်ယောက်တစ်ပေါက်ပြောနေကြတယ်။ သုံးဆယ့်ခုနစ်က ဧည့်သည်တော်တွေအထဲမှာ ဆရာဝန် မပါကြဘူးလားလို့ အော်ရင်း မေးနေတယ်။ နွားလောက်မျှ ခေါင်းမရှိတဲ့ ကောင်တစ်ကောင်ရဲ့ မိန်းမကထပြီး ကျွန်မက မီးယပ်နဲ့သားဖွားပါရဂူလို့ ပြောတယ်။ ဘာဖြစ်ဖြစ် ဆရာဝန်ဖြစ်ရင်ပြီးရော။ လာပါလို့ တစ်ယောက်က လှမ်းပြောလိုက်တာနဲ့ မီးယပ်နဲ့သားဖွား ပါရဂူမလည်း ထိုင်ရာက ထတော့မယ်လို လုပ်တယ်။

ကျွန်တော်တို့လည်း ဘာလုပ်ရမှန်း မသိဘူး။ အဲဒီတုန်းမှာပဲ နှစ်ဆယ့်တစ်က ငတုံးတွေ၊ ဒီသောက်ဆရာဝန်က ဘာလုပ်ရမှာတုံး။ ဆရာဝန်ဆိုတာ သေတာရှင်တာကို လုပ်မပေးနိုင်ဘူး။ အသက်ရှင်နေတာကို နည်းနည်းပိုရှည်အောင် အချိန်ခိုးပေးနိုင်တဲ့ သူခိုးပဲလို့ လှမ်းပြောလိုက်တယ်။ နှစ်ဆယ့်သုံး

www.burmeseclassic.com

ပါမောက္ခကြီးနားမှာ ထိုင်ချလိုက်ရင်း ဆရာကြီးရဲ့အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး စက်ကလေးကို ဆွဲထုတ်လိုက်တယ်။ စက်ကလေးရဲ့ နောက်ဘက်ကိုလှန်ပြီး ဘက်ထရီထည့်တဲ့နေရာကို ကြည့်လိုက်တယ်။ ပြီးတော့ ဝိုင်းအုံနေတဲ့ လူတွေကို ပြလိုက်တယ်။ စက်ထဲမှာ ဘက်ထရီမရှိဘူး။ ဆရာကြီးဟာ စက်ကလေးထဲက ဘက်ထရီကို သူ့ဘာသာ ထုတ်ထားလိုက်ပုံပဲ။ နောက်တော့ နှစ်ဆယ့်သုံးက စက်ကလေးကို ဆရာကြီးအိတ်ထဲ ပြန်ထည့်ပြီး ထိုင်ရာက ထလိုက်ရင်း ကျွန်တော့်ပခုံးကို လှမ်းကိုင်လိုက်တယ်။ လာ၊ သွားကြစို့လို့ ပြောတာနဲ့ ကျွန်တော်တို့အားလုံးလည်း အဲဒီနားဆီက ထွက်လာခဲ့ကြတော့တယ်။ မိတ်ဆုံစားပွဲလုပ်တဲ့နေရာဆီကို ကျောပေးပြီး ခပ်လှမ်းလှမ်းမှာရပ်ထားတဲ့ကားဆီ ထွက်လာခဲ့ကြရင်း အတော်ကြာအောင် ဘာစကားမှ မပြောဖြစ်ကြဘူး။ ကိုယ့်အတွေးနဲ့ကိုယ်ပဲ။ လမ်းပေါ်မှာကျနေတဲ့ စီးကရက်ဘူးခွံတစ်ခုကို တစ်ဆယ့်ရှစ်က ခြေထောက်နဲ့ ကန်လိုက်တဲ့ အသံတစ်ချက်ကလွဲလို့ ဘာသံမှ မကြားရဘူး။ ကားတွေရပ်ထားတဲ့နားဆီ ရောက်တော့ ရှေ့က လျှောက်သွားနေတဲ့ နှစ်ဆယ့်တစ်က ရပ်လိုက်တယ်။ ကျွန်တော်တို့အားလုံးလည်း လျှောက်နေရာက ရပ်လိုက်မိကြတယ်။ နောက်တော့ သူကပြောတယ်။ တကယ်တော့ ဆရာကြီးက တို့ကို ဆုံးမခဲ့တာပဲတဲ့။ ဘယ်သူကမှ ဘာမှ ဝင်မပြောကြဘူး။ ကျွန်တော်တို့အားလုံးဘက်ကို လှည့်လိုက်တော့ ခပ်လှမ်းလှမ်းက မီးလုံးက သူ့ကျောဘက် ရောက်သွားလို့ သူ့ကိုယ်ရဲ့ နောက်ဘက်ဆီက အလင်းရောင်တွေဖြာထွက်နေသလိုဖြစ်တယ်။ သူ့မျက်နှာနဲ့ ကိုယ်ရဲ့ရှေ့ပိုင်းကို အမှောင်ကျနေတယ်။ ဆရာကြီး ပြောချင်တာကတော့ တို့တစ်တွေဟာ ကိုယ့်အချိန်ကို ကိုယ်သိတယ်။ ကိုယ့်နေရာကို ကိုယ်သိတယ်ဆိုတာပဲလို့ နှစ်ဆယ့်တစ်ဆီက အသံထွက်လာတယ်။ ဘယ်သူကမှ ဘာမှ ဝင်မပြောတော့ သူက ဆက်ပြောတယ်။ ငါတို့ဟာ ဒီကောင်တွေလို ရာသီလိုက်လို့ အရောင်မပြောင်းတတ်ဘူး။ နိုင်ငံရေးဆိုတာဟာ အခွင့်အရေးယူတတ်ရင် မျက်နှာလွှဲခဲပစ် လုပ်နိုင်လောက်တဲ့ အခွင့်အရေးမှန်းသိပေတဲ့ မယူခဲ့ဘူး။ သားစဉ်မြေးဆက် စားမကုန်အောင် မတိုခဲ့ဘူး။ ဒါပေတဲ့ ငါတို့ဟာ ငါတို့ရဲ့ အတိုင်းအတာကို သိတယ်။ ငါတို့ရဲ့ ပါဝင်ပတ်သက်နေရတဲ့ ကာလနဲ့ အာကာသအကြောင်း သိတယ်။ ငါတို့ရဲ့ ဖြစ်-ရှိနေခြင်းကိုသိတယ်။ ဒီသိမှုတွေ ရှိနေတာကြောင့် ငါတို့ဟာ ညံ့တယ်ဆိုရင်တော့ ရင်ကော့ခံကြရုံပဲ။ ငါတို့ဟာ ဒီကောင်တွေနဲ့မတူလို့၊ အသုံးမကျကြဘူးလို့ မြင်ကြရင်ဖြင့် ဒီလိုညံ့တာ၊ အသုံးမကျတာတွေဟာ တို့ရဲ့ သိမှုမှာတည်နေတဲ့ သိက္ခာပဲမို့ ဂုဏ်ယူစရာတွေပဲလို့ တို့ဘာသာ လက်ခံကြရုံပဲတဲ့။ နှစ်ဆယ့်တစ်ရဲ့ အသံထဲမှာ ဒေါသသံပါနေတယ်။

နောက်တော့ နှစ်ဆယ့်တစ်က ကားတွေရပ်ထားတဲ့ဘက်ကို လှည့်လိုက်ပြီး လျှောက်သွားတယ်။ နောက်ဘက် တည့်တည့်က မီးရောင်က ရွေ့သွားလို့ ရုတ်တရက်ကြီး လင်းလက်သွားတယ်။ နှစ်ဆယ့်သုံးက နှစ်ဆယ့်တစ်ရဲ့အနား ရောက်အောင် ခပ်သွက်သွက် လျှောက်သွားပြီး နှစ်ဆယ့်တစ်ပခုံးပေါ် သူ့လက်တင်ထားလိုက်ရင်း နှစ်ဆယ့်တစ် စိတ်ပြေသွားအောင် စကား တစ်ခွန်း၊ နှစ်ခွန်းစ စပြောတယ်။ ကျွန်တော့်ခေါင်းထဲမှာတော့ နှစ်ဆယ့်တစ်ပြောတဲ့အထဲက 'ဒီအကောင်တွေ'ဆိုတာ ဘယ်သူဘယ်ဝါကို ညွှန်းတာပဲဆိုတာ အသေအချာသိချင်တယ်။ နောက်မှ မေးကြည့်ဦးမယ်လေလို့ တွေးကြည့်မိပေတဲ့ မမေးတော့ပါဘူးလို့ပဲ ဆုံးဖြတ်လိုက်မိတယ်။ ဆုံးဖြတ်လိုက်မိတာက ကျွန်တော်လည်း နိယာမကျောင်းတော်ထွက်။ နှစ်ဆယ့်တစ်နဲ့ နှစ်ဆယ့်သုံးလို၊ ဆရာကြီး ပြောခဲ့သလို ပီအိပ်ချ်ဒီတွေ တစ်လှေကြီး မရဘူးပေတဲ့ နာမည်နောက်မှာ ကြွက်မြီးတန်းပြ စရာတွေ ရှိနေတယ်။ ပညာတတ်စာရင်းထဲ အပြည့်မဝင်တောင် အဖျားအနားလောက်မှာတော့ စာရင်းဝင်နေသေးတယ်။

ဒီတော့လည်း 'ဒီအကောင်တွေ' ဆိုတာဟာ ဘယ်အကောင် တွေပဲဖြစ်ဖြစ်၊ သမိုင်းဆရာကြီး ညွှန်းခဲ့ဖူးတဲ့ နွားလောက်မှ ခေါင်းမရှိတဲ့ကောင်တွေပဲ ဖြစ် ဦးတော့ ကျွန်တော် မပူဘူး သိနေစရာမလိုဘူး။ သင်းတို့ တစ်တွေလို မြေးမြစ်တွေအထိ စားမကုန်အောင် ကျွန်တော်တို့ မှာမရှိဘူး။ ရွှေဝါရောင် ပိုးပုဆိုး ထည်လဲ မဝတ်နိုင်ဘူး။ လက်အုပ်ကလေးချီရင်း၊ ဘုရားတည် ရင်း လူကြည်ညိုခံရအောင် မလုပ်ဘူး။ ဒါပေတဲ့ အလကား တဲ့လေကို နောက်ဆံမတင်းဘဲ စိတ်ရှင်းရှင်းနဲ့ ရှူနိုင်တယ်။ အသက်ရှင်နေဖို့အတွက် ထည့်စဉ်းစားနေစရာ မလိုဘူး။

သေချာတာတစ်ခုကတော့ ကျွန်တော်တို့ လှသိက်အတွေး တော့ ဒီနိယာမကျောင်းထွက်တွေရဲ့ မိတ်ဆုံစားပွဲဟာ နောက် ဆုံးမိတ်ဆုံစားပွဲပဲ။ ။

တစ်ကမ္ဘာလုံးက ဝိုင်းရယ်စရာကို ဖြစ်လောက်အောင်
အသုံးမကျတာဘဲခေါ်ခေါ် ခေါင်းမရှိဘူးဘဲခေါ်ခေါ်
အတော့်ကိုကြီးမားတဲ့ အောင်မြင်မှုတစ်ရပ်လို့ ပြောရမှာပဲ
ကျွန်တော်တို့လူငယ်ပိုင်းကတော့ နွားလောက်မှ
ခေါင်းမရှိတဲ့ကောင်တွေဆိုတဲ့ လူတွေရဲ့အောင်မြင်မှုဟာ
တို့ဆရာကြီးတွေထက်တောင် ကြီးပါသေးသလား လို့
မြင်ခဲ့မိတယ်



www.burmeseclassic.com

www.burmeseclassic.com

…စာရေးဆရာ

နော်ဂို (၂၅၀၀၀၁)

ဒဓိ စာပေ

နော်ဂို ၊ ၂၅၀၀၀၁ ၏ ဘဝရသမဂ္ဂဇင်းဝတ္ထုတိုများ




အပျိုစင်
ရွှေအမြုတေ
ကလျာ
မဟေသီ
မြင်ကွင်း
ဇီဝက
စရဏ
စုံနံ့သာ
ရင်ခုန်ပြား
Family
New Style
Next မဂ္ဂဇင်းများတွင်

ပုံနှိပ်ဖော်ပြခဲ့သောဝတ္ထုတို(၁၅)ပုဒ်စုစည်းမှု

ထွက်ပြီ

၁၀၀၀ ကျပ်

…ဖြန့်ချိရေး

…77 စာပေ

… - ၀၉ ၂၅၀ ၂၆၅၉၂၅၊ ၀၉ ၄၄၀၁၄၀၂၄

www.burmeseclassic.com

www.burmeseclassic.com

**ဘာသာစကားအသွင်ကွဲပုံများ**

ကမ္ဘာပေါ်ရှိဘာသာစကားအရေအတွက်ကို အတိအကျ
မပြောနိုင်ကြသေးပါ။ အားလုံးသဘောတူညီသည့် အရေအတွက် မရသေးပါ။
အရေအတွက်ကို ဖော်ပြရာတွင် အနည်းဆုံး ၃၀၀၀ မှ အများဆုံး ၁၀၀၀၀
အထိ ကွာဟချက်ရှိနေပါသည်။ ထိုအရေအတွက် နှစ်ခုကြားတွင်
၅၀၀၀ ရှိသည်၊ ၆၀၀၀ ရှိသည်၊ ၇၀၀၀ ရှိသည် ဟူသော အဆိုများလည်း
ရှိပါသည်။ ဘာကြောင့် အတိအကျမပြောနိုင်ပါသလဲ။ ဘာသာစကား
အရေအတွက်ကို အတိအကျမပြောနိုင်သောအကြောင်း
တစ်ခုမှာ ကမ္ဘာ့ဒေသအချို့တွင်
ယနေ့တိုင် မစူးစမ်းမဖော်ထုတ်
ရသေးသော လူမျိုးများ
ဘာသာစကားများ ကျန်နေသေး
သောကြောင့် ဖြစ်သည်။
အထူးသဖြင့် အမေဇုန်မြစ်ဝှမ်း
အာဖရိက အလယ်ပိုင်းနှင့်
နယူးဂီနီတို့တွင် ထိုအခြေအနေမျိုး
ရှိနေသည်။ နိုင်ငံအများအပြားတွင်
ဘာသာစကားစူးစမ်းလေ့လာမှုများ
မပြည့်စုံသေးပါ။
အချို့ဒေသများတွင် စ
မစရသေးပါ။ ဒေသတစ်ခုတွင်
စူးစမ်းပြီးသော
ဘာသာစကားတစ်ခု
ပြောကြလိမ့်မည်ဟုထင်သော်လည်း
တကယ်သွားပြီး လေ့လာ
သောအခါမှ မစူးစမ်းရသေးသော
သီးခြားဘာသာစကားတစ်ခု
ပြောနေကြမှန်း သိရသည့်
အခြေအနေများရှိသည်ဟု
ဘာသာဗေဒပညာရှင်များ
ဆိုကြသည်။ ဘာသာစကားများ
စူးစမ်းလေ့လာသောအ
မတွေ့ရသေးသော
ဘာသာစကား
အများအပြားတွေ့ရသကဲ့သို့
တိမ်ကောပျောက်ကွယ်သွားသော
ဘာသာစကားများလည်း
အများအပြားရှိကြောင်းတွေ့ရသည်။
အနောက်ယဉ်ကျေးမှု၏ ဝါးမျိုမှုကြောင့် ပျောက်ကွယ်သွားသော အမေရိက
အင်ဒီးယန်းဘာသာစကား အများအပြား ရှိသည်။ ၁၉၆၂ ခုနှစ်တွင်
ဗင်နီဇွဲလားနိုင်ငံတွင် ရွာတစ်ရွာ၌သာ ပြောသူကျန်သော ထရူမေ(Tru
ဘာသာစကားသည် တုပ်ကွေးရောဂါပျံ့နှံ့မှုကြောင့် ပြောဆိုသူ ဆယ်ယောက်
မကျန်တော့သည့်အခြေအနေသို့ ရောက်ရသည်။ ၁၉ ရာစုက ဥရောပ





www.burmeseclassic.com

www.burmeseclassic.com

န်းဘာသာစကားတစ်ထောင်ကျော် ရှိကြောင်းတွေ့ရသော်လည်း ယနေ့ဆိုလျှင် စကား ၂၀၀ လောက်သာ ကျန်တော့သည်။ ကမ္ဘာ့ဘာသာစကားများ၏ တစ်ပုံမှာ ပြောသူတစ်ထောင်ထက်နည်းသော ဘာသာစကားများဖြစ်ပြီး ကမ္ဘာ့ စကားများ၏တစ်ဝက်မှာ ပြောသူတစ်သောင်းထက်နည်းသော အခြေအနေသို့ နေပါပြီ။ ထိုဘာသာစကားအများစုသည် နောက်နှစ် ပေါင်း ၅၀ အတွင်း ကွယ်တိမ်ကောသွားပေတော့မည်။

သိသလောက်ပြောရလျှင် ၁၉၇၀ ကျော်ကာလက ပျဉ်းမနားမြို့အနီးတွင် ိုင်'ဘာသာစကားပြောသူများရှိနေသေးသည့်အတွက် ရန်ကုန်တက္ကသိုလ် စာဌာနမှ ဒေါ်လှည္ညွန့်က ကွင်းဆင်းသုတေသနပြုပြီး မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသည်။ ယခု ထလိုင်ဘာသာစကားပြောသူ မကျန်တော့ပါ။ ပျောက် သွားပါပြီ။ ၂၀၀၀ ပြည့်နှစ်ကျော်ကာလတွင် ရောဝတီမြစ် ပထမမြစ်ကျဉ်း ဖွန်လူမျိုးများပြောဆိုသော ဖွန်ဘာသာစကားကို မြန်မာစာဌာနမှ ဦးထွန်းအောင် က ကွင်းဆင်းသုတေသနပြု၍ ပါရဂူဘွဲ့အတွက် ကျမ်းတင်သွင်းသည်။ ဖွန် များသည် ၁၉၅၈ ခုနှစ်က လူဦးရေ ၇၀၀ လောက်ကျန်သေးကြောင်း ဆရာကြီး အောင်တင်၏ဘာသာလောကကျမ်းတွင် ဖော်ပြထားသည်။ ဦးထွန်းအောင်ကျော် ပြုချိန်တွင် ဆယ်ဂဏန်းသာကျန်တော့သည်။ ယခုဆိုလျှင် ဖွန်စကားလည်း ကွယ်သွားပါပြီ။ တစ်ချိန်က 'ဇဘိန်း'ဆိုသော ဒေသိယစကားတစ်ခုရှိခဲ့ပြီး ကွယ်တိမ်ကောသွားကြောင်း ဆရာကြီးမင်းသုဝဏ်က အမိန့်ရှိဖူးပါသည်။

ဤသို့သော အခြေအနေတွင် ကမ္ဘာပေါ်ရှိ ဘာသာစကားအရေအတွက် အတိ သိရဖို့ မလွယ်ကြောင်း ပညာရှင်များက မိန့်ဆိုကြသည်။

၁၈ ရာစုအကုန်တွင် ပညာရှင်များသည် ဘာသာစကားချင်း ဆွေမျိုးစပ်သည့် ကို စတင်ဆောင်ရွက်ကြသည်။ ဘာသာစကားများကို အစုများ စုပြီး စနစ် အသေးစိတ်နှိုင်းယှဉ်ပြီး တူညီမှုကွဲပြားမှုများကို ဖော်ထုတ်ကြသည်။ သွင်ပြင် တူသော ဘာသာစကားများသည် တစ်ချိန်ကရှိခဲ့သော ရှေးဘာသာစကား ဆင်းသက်လာခြင်းဖြစ်ပြီး ထိုရှေးဘာသာစကားမှာ ယခုပျောက်ကွယ်သွားပြီး ည်ဟု ယူဆကြသည်။ သို့ဖြင့် ရှေးဘာသာစကားသည် 'မိခင်ဘာသာစကား' ဆင်းသက်လာသော ဘာသာစကားများသည် 'ညီအစ်မဘာသာစကားများ' ည်ဟူ၍ ဘာသာစကားများကို မိသားစုအဖြစ် ရှုမြင်ကာ ဘာသာစကားမျိုးရိုး နူးစမ်းဖော်ထုတ်ကြသည်။

ဥရောပတွင် ဘာသာစကားချင်း အမျိုးတော်ကြောင်း အခိုင်အမာပြောနိုင်သော သေအသင့်ရှိနေသည်။ ပြင်သစ်၊ စပိန်၊ အီတာလျံဘာသာ စကားများသည် တင်ဘာသာစကားမှ ဆင်းသက်သည်ဆိုသောသက်သေဖြစ်သည်။ လက်တင် စကားမှာလည်း မပျောက်ကွယ်သေးဘဲ သက်သေအဖြစ် အထင်အရှားရှိနေ ထိုသက်သေအရ ဥရောပ အာရှဘာသာစကားအများစုသည် ဘာသာစကား ည်းမှ ဆင်းသက်လာခြင်းဖြစ်သည်ဟု ယုံကြည်လောက်သော တွေးဆချက် အထောက်အကူပြုသည့်အထောက်အထားကို ၁၉ ရာစုအစတွင် ပညာရှင်များ ကြသည်။ ထိုရှေးဦးဘာသာစကားကို ရှေးဦး အင်ဒိုဥရောပဘာသာစကား Indo-European)ဟု အမည်ပေးကြသည်။ ထိုနည်းစနစ်ကို အသုံးပြု၍ အခြား စကားမျိုးရိုးများကိုလည်း စူးစမ်းဖော်ထုတ်ကြသည်။ ဆွေမျိုးတော်စပ်သည် ဆသော ဘာသာစကားများမှ စကားလုံးသွင်ပြင်များကို အသေးစိတ်နှိုင်းယှဉ် ီး တူသောအချက်၊ မတူသောအချက်များကို ဖော်ထုတ်ပြီးနောက် ယခုမရှိတော့ သော ရှေးဦးဘာသာစကားတွင် တွေ့ရမည့် ထိုစကားလုံး၏သွင်ပြင်လက္ခဏာ ိလည်တည်ဆောက်ကြည့်သည်။ ဘာသာစကားချင်း နှိုင်းယှဉ်သော အနှိုင်း

> ၁၉၇၀ ကျော် ကာလက ပျဉ်းမနားမြို့အနီးတွင် 'ထလိုင်' ဘာသာစကား ပြောသူများ ရှိနေသေးသည့်အတွက် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ဒေါ်လှည္ညွန့်က ကွင်းဆင်း သုတေသနပြုပြီး မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းတင်သွင်းသည်

www.burmeseclassic.com

www.burmeseclassic.com

ဘာသာဗေဒသမိုင်းကြောင်း လေ့လာသော သမိုင်းဘာသာဗေဒတို့ သည် ၁၉ ရာစုတွင် ထွန်းကားသည်။ ယခုအချိန်တွင် ကမ္ဘာ့ဘာသာစကားများ၏ မျိုးရိုးများကို ဖော်ထုတ်အမျိုးစပ်ပြီးပါပြီ။ ထိုမျိုးရိုးများတွင်ထည့်၍မရဘဲ သီးခြားလက္ခဏာဆောင်သော ဘာသာစကားများကိုလည်းသီးခြားဖော်ထုတ်ပြကြသည်။

မျိုးတူနွယ်တူ လူများတွင်တူသော သွင်ပြင်များရှိသကဲ့သို့ မျိုးတူနွယ်တူ ဘာသာစကားများတွင်လည်း တူသောသွင်ပြင်များရှိသည်ပင်ဖြစ်သည်။ ဥရောပတိုက်မှ အင်္ဂလိပ်ဘာသာစကားနှင့် အာရှတိုက်မှ ပါဠိဘာသာစကားသည် အဆက်အစပ်မရှိဟု သာမန်အားဖြင့် ထင်စရာရှိသော်လည်း ဘာသာစကားချင်း စနစ်တကျနှိုင်းယှဉ်ကြည့်သောအခါ တူညီသော လက္ခဏာများကို တညီတညွတ်တည်း တွေ့လာရသည်။ သို့ဖြင့် ပါဠိစကားနှင့် အင်္ဂလိပ်စကားသည် နေရာချင်းဝေးကွာသော်လည်း အင်ဒိုဥရောပဘာသာစကားမျိုးရိုးမှဆင်းသက်သော ဆွေမျိုးတော်သော ဘာသာစကားများဖြစ်သည်ကို ပညာရှင်များတွေ့လာရသည်။ သာဓကအားဖြင့် ပါဠိစကား မာတာ၊ ပိတာ၊ ဒန္တာ၊ နာမတို့ကို အင်္ဂလိပ်စကား maternal, paternal, dental, name တို့နှင့် နှိုင်းယှဉ်ကြည့်လျှင် တူသောသွင်ပြင်များကို တွေ့နိုင်ပါသည်။

ဘာသာစကားချင်းကွဲပြားပုံများကို လေ့လာကြည့်လျှင် မျိုးရိုးမတူသော ဘာသာစကားများသည် သိသိသာသာ ကွဲပြားကြောင်းတွေ့ရသည်။ မြန်မာ၊ ကုလား၊ အင်္ဂလိပ်တို့ လူချင်းသွင်ပြင် ကွဲပြားသကဲ့သို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြောဆိုသော ဘာသာစကားများသည် မျိုးရိုးနှစ်ခုတွင် ပါဝင်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ၊ ရှမ်း စသည့်စကားတို့သည် တိဗက်-တရုတ် မျိုးရိုး(Sino-Tibetan Language Family)တွင် ပါဝင်သော ဘာသာစကားများဖြစ်သည်။ မွန်၊ ပလောင်၊ ဆလုံ စသည့်စကားတို့သည် ဩစထရစ်မျိုးရိုး

**၂၀၀၀ ပြည့်နှစ်ကျော် ကာလတွင် ဧရာဝတီမြစ် ပထမမြစ်ကျဉ်းအနီးမှာ ဖွန်လူမျိုးများ ပြောဆိုသော ဖွန်ဘာသာစကားကို မြန်မာစာဌာနမှ ဦးထွန်းအောင်ကျော်က ကွင်းဆင်း သုတေသနပြု၍ ပါရဂူဘွဲ့အတွက် ကျမ်းတင်သွင်းသည်**

(Austric Language Family)တွင် ပါဝင်သော ဘာသာစကားများဖြစ်သည်။ မြန်မာနိုင်ငံတိုင်းရင်းသားများ၏ ဘာသာစကား မဟုတ်သော်လည်း မြန်မာနိုင်ငံတွင် အရေးပါသော ဘာသာစကားများအဖြစ် ထင်ရှားသောပါဠိနှင့် အင်္ဂလိပ်စကားတို့သည် အင်ဒိုဥရောပမျိုးရိုး(Indo European Language Family) တွင် ပါဝင်သောဘာသာစကားများဖြစ်သည်။ မြန်မာ၊ မွန်နှင့် အင်္ဂလိပ်စကားများကို နှိုင်းယှဉ်ကြည့်လျှင် မျိုးရိုးမတူသော ဘာသာစကားချင်း မည်မျှကွဲပြားခြားနားကြောင်း တွေ့နိုင်ပါသည်။

နောက်တစ်ဆင့် ကွဲပြားမှုမှာ မျိုးရိုးတူသော ဘာသာစကားချင်းကွဲပြားမှုဖြစ်သည်။ မျိုးတူနွယ်တူ မြန်မာတိုင်းရင်းသားချင်း သွင်ပြင်ကွဲပြားမှုများရှိသော်လည်း မျိုးရိုးတူသည့်အတွက် တူသောသွင်ပြင်များလည်း ရှိမည်ဖြစ်သည်။ ထို့အတူ မျိုးရိုးတူသော ဘာသာစကားများသည်လည်း ကွဲပြားခြားနား

မှုများရှိသလို တူသောလက္ခဏာများ
လည်း ရှိမည်ဖြစ်သည်။ မြန်မာစကား
နှင့်တိဗက်စကားသည် တိဗက် တရုတ်
မျိုးရိုးတူ ဘာသာစကားများ ဖြစ်သည်
အလျောက် သွင်ပြင်တူသော စကား
အပြားရှိသည်။ ပြောသူနာမ်စား
မြန်မာက 'ငါ'ဟုခေါ်သလို တိဗက်
လည်း 'ငါ' ဟုပင် ခေါ်သည်။
(အခါ)၊ ဖ(အဖ)၊ မ(အမ)၊လမ်း'
သော စကားလုံးများသည်လည်း မြန်
နှင့်တိဗက်အတူတူပင်ဖြစ်ကြောင်း
သည်။ မိုးကောင်းကင်ကို မြန်မာ
'မိုး'ဟုခေါ်သကဲ့သို့ ကချင် က'
လိစုက'မု'၊ မရူက'မုက်'၊ မုဆိုး
(မုက်)ဟုခေါ်ကြောင်း ဆရာကြီး ဦး
လတ်က နှိုင်းယှဉ်ပြထားသည်။
တူသော ဘာသာစကားချင်း သွင်
ချင်းတူကြောင်း သာဓကများဖြစ်သ

နောက်တစ်ဆင့် ကွဲပြားမှု
ဘာသာစကားတစ်ခု၏ အသွင်ကွဲ
ဖြစ်သော ဒေသိယစကား(dialect)
ကွဲပြားမှုဖြစ်သည်။ မြန်မာစကား
ပြောဆိုသူတို့၏ နေထိုင်ရာဒေသ
လိုက်၍ အသံထွက်ချင်း၊ ဝေါ
ချင်း၊ သဒ္ဒါချင်းကွဲပြားသော ဒေ
စကားများရှိသည်။ ထင်ရှား
မြန်မာဒေသိယစကားများမှာ
ထားဝယ်၊ မြိတ်၊ တောင်ရိုး၊ အင်
ဓနု၊ ယော စကားများဖြစ်သည်။
ဒေသအရအသွင်ကွဲသည့် ထိုစကား
ကို ဒေသဒေသိယ(regional
များဟုခေါ်သည်။ ကွဲပြားမှုများ
လည်း အပြန်အလှန် နားလည်နိုင်
စကားများဖြစ်သည်။

နေရာဒေသကိုအကြောင်း
ဒေသိယစကားများ ကွဲပြားသ
လူမှုအကြောင်းခံများကို အကြော
၍လည်း ဒေသိယစကားများ
သည်။ ထိုစကားများကို လူမှု
စကား(Sociolect) များဟု ခေါ်
ပညာတတ်များ၊ ကုန်သည်ပွဲစား
ကားသမားများ၊ အနုပညာသ
ကျောင်းသားလူငယ်များစသည်



www.burmeseclassic.com

www.burmeseclassic.com

…အသိုင်းအဝိုင်း အမျိုးမျိုးတွင်ပြော… အသွင်ကွဲများဖြစ်သည်။ ဒေသ…သီယစကားနှင့် လူမှုဒေသိယစကား…သည် ဘာသာစကားတစ်ခုအတွင်း…ပြားသော အသွင်ကွဲများဖြစ်သည်။

နောက်တစ်ဆင့်ကွဲပြားမှုမှာ လူ…ဦးချင်းကိုလိုက်၍ ကွဲပြားသော…သီယစကားဖြစ်သည်။ ပုဂ္ဂလဒေသိ…(Idiolect) ဟုခေါ်သည်။ ဘာသာ…တစ်ခု၊ ဒေသိယစကားတစ်ခုကို…ပြောနေသူများသည်ပင် တစ်ဦးချင်း…သွင်ကွဲမှုများရှိသည်။ တစ်ဦးချင်း…ပြောသောစကားကို လေ့လာကြည့်…ပုဂ္ဂလဒေသိယ၏သွင်ပြင်လက္ခဏာ…ကို သတိပြုမိနိုင်သည်။ မိမိကိုယ်…ညွှန်းပြောဆိုရာတွင် 'ကျွန်တော်…'ကျွန်မက' ဟု မသုံးဘဲ 'သူများက'…သုံးပုံမျိုး၊ စကားထဲတွင် 'သိတယ်…ဟုတ်လား'၊ 'ဆိုလို့ရှိရင်' ဆိုသော…များကို ခဏခဏ ထည့်ပြောပုံ…'လာမယ်ဟော့ဆိုရင် ဖုန်းဆက်လိုက်…'ဝယ်မယ်ဟော့ဆိုရင် ပြောပါ' ဟူ…ဟော့' ဆိုသော စကားကို မကြာခဏ ထည့်ပြောပုံမျိုးတို့သည် တစ်ဦးချင်းမှာ ထင်ရှားသော ပုဂ္ဂလဒေသိယသွင်ပြင်များ ဖြစ်သည်။ စကားစရုံနှင့် 'မဟုတ်ဘူး' ဟုစပုံမျိုး၊ 'ရှင်းရှင်းပြောရရင်' ဟု ပြောပုံမျိုးတို့သည်လည်း ပုဂ္ဂလဒေသိယ သွင်ပြင်များဖြစ်သည်။

နောက်ဆုံးအဆင့် ကွဲပြားမှုမှာ ဟန် (Style) ကွဲပြားမှုဖြစ်သည်။ တစ်ဦးချင်း ပြောသောစကားပင်ဖြစ်စေကာမူ နေရာတိုင်းမှာ တစ်မျိုးတည်းပြောသည် မဟုတ်ပါ။ ပြောဆိုဆက်ဆံရသည့် ပတ်ဝန်းကျင်ကိုလိုက်၍ ဟန်ကွဲပြားမြဲဖြစ်သည်။ ပုဂ္ဂိုလ်တစ်ယောက်သည် လုပ်ငန်းခွင်တွင် တာဝန်အရပြောဆိုသောအခါ အလုပ်ဆန်သော တည်တည်ခံ့ခံ့စကားမျိုးကိုပြောမည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည်ပင် အိမ်မှာမိသားစုနှင့် ပြောသောအခါ ရင်းနှီးနွေးထွေးသော၊ ပေါ့ပေါ့ပါးပါးစကားမျိုးကို ပြောမည်ဖြစ်သည်။ ငယ်သူငယ်ချင်းများနှင့်ပြောလျှင်တော့ ရယ်ရယ်မောမော၊ နောက်နောက်ပြောင်ပြောင်စကားမျိုးဖြင့် ပြောမည်ဖြစ်သည်။ ပညာရပ်ဆွေးနွေးပွဲမှာ ပြောလျှင်တော့ ပညာရပ်ဆိုင်ရာစကားများသုံးပြီး လေးလေးနက်နက်ပြောမည်ဖြစ်သည်။ လုပ်ငန်းခွင်အတွင်း အစည်းအဝေးတွင် 'ကဲ ဘော်ဒါတို့။ ရှိုးစရာတွေ ရှိုးကြရအောင်' ဟူသော ဟန်မျိုးဖြင့်ပြောလျှင် ပရိသတ်ကလက်ခံမည်မဟုတ်သကဲ့သို့၊ မိသားစုနှင့်ပြောရာတွင် 'အခုအချိန်က စပြီး ထမင်းခူးဖို့ အသိပေးပါတယ်' ဟု ပြောလျှင် ဇနီးဖြစ်သူက 'ငါ့ယောက်ျား ဘာဖြစ်လာတာပါလိမ့်' ဟု တအံ့တသြ ဖြစ်မှာ သေချာပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ပြောသည့်ပတ်ဝန်းကျင်နှင့် ပြောဟန် မကိုက်ညီသည့်အတွက်ဖြစ်သည်။

ဘာသာစကားများ၏ အသွင်ကွဲပုံများတွင် မျိုးရိုးမတူသော ဘာသာစကားချင်းအသွင်ကွဲမှု၊ မျိုးတူနွယ်တူဘာသာစကားချင်း အသွင်ကွဲမှု၊ ဘာသာစကားတစ်ခု၏ ဒေသိယစကားချင်း အသွင်ကွဲမှု၊ လူတစ်ဦးချင်း၏ စကားအသွင်ကွဲမှု၊ ပြောဆိုသည့်ပတ်ဝန်းကျင်အရ လူတစ်ဦး၏ ပြောဟန်ကွဲမှုဟူ၍ အဆင့်ဆင့် တွေ့ရသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ■ **မောင်ခင်မင်၊ဓနုဖြူ**


လောကမှိ လောကဿ ဒွါဒသစက္ခုံ ပလုဗ္ဗတိတိလောကော

**ဆရာ ဇေမျိုးရှိန် (B.A)**

**နက္ခတ္တဗေဒ လက္ခဏာ ပညာရှင်**

**ရုံးခန်းတည်နေရာ**

အမှတ် (၇)၊ ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်းထိုင်ချိန် - မနက် (၇)နာရီမှ နေ့လည် (၁)နာရီအတွင်း
အမှတ် (၄၉)၊ ဆူးလေဘုရားအဝိုင်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်းထိုင်ချိန် - - နေ့လည် (၂)နာရီမှ ည(၈)နာရီအတွင်း

09 420025649





www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့
ကျုပ်တို့
လူမျိုးတွေဟာ
မရှိင်းပါဘူးဗျာ
နှစ်သက်တမ်း
ထောင်ချီနေတဲ့
ယဉ်ကျေးမှုအထွတ်
ဘုရားရှင်ရဲ့
တရားတော်
အောက်မှာ
စိတ်ကောင်း
နှလုံးကောင်းနဲ့
နေထိုင်ခဲ့ကြတာပါ
တစ်ဦးကိုတစ်ဦး
မေတ္တာ
စေတနာတွေ
ထားတယ်
ခွင့်လွှတ်တယ်
အမှားကို
မပြုမိအောင်
စောင့်ထိန်းတယ်

ဟောသလို နှင်းတွေပြိုကျပြီး
တိတ်ဆိတ်အေးစက်နေတဲ့ ဆောင်းညတစ်ရက်။
အမှန်တော့ ဒီကိစ္စက လွန်ခဲ့တဲ့ နှစ်အစိတ်လောက်က
ဖြစ်ခဲ့တာမို့ ဓမ္မမယ်ဆို မေ့သွားလောက်ပါပြီ။
ကိုယ့်အရေးကိစ္စမှ မဟုတ်ဘဲ ဘယ်သူက ခေါင်းထဲကို
အကြာကြီး အောင်းထားချင်ကြမှာလဲ။ သိတဲ့သူကလည်း
ကျုပ်အပါအဝင် လေးငါးဦးလောက်ပဲ ရှိပါတယ်။
ဒါပေမဲ့ ကျုပ်မှာတော့ အခက်သားကလား၊
နှစ်တိုင်း ဆောင်းရာသီရောက်တိုင်း တစ်ညညမှာ


# ဒဏ်ရာနဲ့ရုပ်ပေါ်က
# ရေးထားတဲ့စာ
# ညိုထွန်းလူ။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အဲဒီတုန်းက ကြုံခဲ့ရတာကြီးကို အလိုလိုနေရင်း မတွေးချင်ဘဲ ပြန်ပြီးတွေးနေမိတယ်။ မသိချင်ဘဲ သိနေရတယ်။

အချိန်မှန်မှန် ရွေ့နေတဲ့ နာရီလက်တံတွေ၊ စက္ကန့်-မိနစ်-နာရီ၊ ပြီးတော့ ရက်တွေ၊ လတွေ၊ နှစ်တွေ ကုန်ဆုံးသွားတာတွေက နည်းတာမဟုတ်၊ အဲဒီအချိန်ကာလတွေက ရုပ်ခန္ဓာကြီးကို တိုက်စားပစ်လိုက်တယ်။ ဖရာပိုင်းရောက်နေတဲ့ ကိုယ့်ကိုယ်ကို ပြန်ပြီး ကြည့်မိတယ်။ ဒီအသက်၊ ဒီအရွယ်ထိ ဘဝတစ်ခုကို ဘယ်လိုဖြတ်သန်းလာခဲ့သလဲ။ မကောင်းမှုကို ရှောင်ပြီး ကောင်းမှုတွေကို များများဆောင်ရွက်နိုင်ရဲ့လား။

မည်းမှောင်နေတဲ့ညကို ဘာရယ်မဟုတ် ငေးစိုက်ကြည့်နေမိတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး နှင်းမြူတွေ အုပ်ဆိုင်းနေတယ်။ လမ်းနံဘေး ဓာတ်တိုင်က ဖန်ချောင်းမီးရောင်လည်း နှင်းထုထဲမှာ အလင်းဖျော့ဖျော့ပဲ ရှိနေရှာတယ်။ ကျုပ်နေတဲ့ ပတ်ဝန်းကျင်တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဘာသံမှမကြားမိလောက်အောင် တိတ်ဆိတ်နေတယ်။ အားလုံး အိပ်မောကျကုန်ပြီထင်ရဲ့။ ဒီတစ်နှစ်ဆောင်းကလည်းတော်တော် အေးတာကိုး။ စောစောအိပ်ရာ ဝင်ကြမှာပေါ့။ နောက်တစ်နေ့ ဖြည့်လို့ မပြည့်နိုင်တဲ့ ဝမ်းသမုဒ္ဒရာကြီးအတွက် လှုပ်ရှားရှာဖွေဖို့ အားအင်အသစ်တွေ မွေးကြရမှာပေါ့။ တရားကျစရာတော့ ကောင်းတယ်။ ဒီခန္ဓာကိုယ်ကြီးကို သန်စွမ်းနိုင်မာဖို့အတွက် ဒီခန္ဓာကိုယ်

နေခဲ့ရသမျှ
လူ့ဘဝဟာ
တိုတောင်းတယ်
မမြဲတဲ့
အနိစ္စတရားကို
နှလုံးသွင်းပြီး
အေးအေးချမ်းချမ်း
နေချင်ကြတယ်
အဲသလို
စိတ်နှလုံး
သိမ်မွေ့ပြီး
နေထိုင်ကြတဲ့
လူ့အဖွဲ့အစည်းဟာ
အုံကြွမှုတွေ
ဘာကြောင့်
ဖြစ်ပေါ်လာရသလဲ

ကြီးကိုပဲ ခိုင်းစားနေရတယ်။ အသက်ခန္ဓာမြဲဖို့အတွက် ခန္ဓာကိုယ်ကို လှုပ်ရှားခိုင်းစေနေရတာ။ မဟုတ်သေးဘူး။ ကိုယ့်ခန္ဓာကိုယ်ကြီးက ကိုယ့်အတွက်တင်မဟုတ်ဘူး။ ကိုယ့်မိသားစုရဲ့ စားဝတ်နေရေးကိစ္စအားလုံးအတွက် လှုပ်ရှားဆောင်ရွက်နေရရှာတာ။ အိုမင်းမစွမ်းအချိန်ရောက်မှပဲ နားနားနေနေလေး နေရတော့မယ်။ ဒါလည်း အိုဇာတာလေး ကောင်းဦးမှ၊ မဟုတ်ရင်တော့ မသေမချင်း လှုပ်ရှားနေရမှာပါ။

ခန္ဓာကိုယ်နဲ့ သေတဲ့အကြောင်းကို တွေးရင်းနဲ့ အရေပြားကို ဆွဲကုတ်ခံလိုက်ရသလိုမျိုး တွန့်ခနဲ ဖြစ်သွားမိတယ်။ ငေးမိငေးရာ တွေးငေးနေတဲ့ ကျုပ်မျက်လုံးတွေဟာ မမြင်ရတဲ့ အမှောင်ထုထဲကို ငေးစိုက်ကြည့်နေမိတယ်။ ဘယ်လိုဖြစ်တယ်မသိ ကျုပ်ကို အမှောင်ထုထဲကနေ ဆွဲခေါ်နေသလိုလို…။ ဟုတ်တယ်၊ တစ်စုံတစ်ခုက သံလိုက်ဓာတ်နဲ့ ညှို့ခေါ်နေသလိုမျိုးပါ။ ငယ်ငယ်တုန်းက ကြားဖူးတဲ့ပုံပြင်ထဲကလိုပေါ့။ စလေအညာက ပလွေဆရာရဲ့နောက်ကို ကလေးတွေ လိုက်သွားရသလို ကျုပ်ဟာ စိတ်ရဲ့ စေခေါ်ရာနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားတယ်။ ကိုယ့်ကိုယ်ကို သတိမပြုမိခင်မှာဘဲ မျက်မှောင်ကြုတ်ပြီး ရှေ့တူရူကို စူးစိုက်ကြည့်လိုက်မိတယ်။ တစ်ချိန်က ကျုပ်နေတဲ့ ရပ်ကွက်လေးကိုမြင်လိုက်ရတယ်။ ကပ်ဝင်းထရံ ခြားမထားရင် အိမ်ထရံချင်း ထိနေမတတ် အိမ်ကလေးတွေ၊ မြွေလိမ်မြွေကောက်လိုဖြစ်နေတဲ့ရပ်ကွက်ဝင်းထဲက လမ်းရဲ့ အကျယ်ကလည်း လေးငါးပေလောက်ပဲရှိမယ်။ ဒီတော့ ရပ်ကွက်ထဲက အိမ်တွေဟာ အိမ်ချင်းက လက်တစ်လှမ်းလောက်ပဲ ကွာတာမို့ ကောင်းတာဖြစ်ဖြစ် မကောင်းတာဖြစ်ဖြစ် တစ်အိမ့်တစ်အိမ် အကြောင်း အားလုံးသိကုန်ကြပါရော။ ရပ်ကွက်ဝင်းလို့ ပြောလိုက်တော့ မန္တလေးနဲ့ အနေစိမ်းသူတွေအဖို့ နည်းနည်းနားရှုပ်သွားမယ်ထင်ရဲ့။

မန္တလေးရဲ့လမ်းတွေဟာ အရှေ့အနောက်၊ တောင်မြောက် ဖြောင့်တန်းနေတယ်။ အဲဒီလမ်းတွေ တစ်ခုကို တစ်ခု အချိုးညီညီ ဖြတ်ပြီး ဖြစ်ပေါ်လာတဲ့ လေးထောင့်ကွက်ထဲကနေရာကိုဝင်းလို့ ခေါ်ကြတယ်။ 'ဝင်း'တိုင်းမှာ သူ့နာမည်နဲ့သူရှိကြတယ်။ မန္တလေးရဲ့လမ်းတွေက ဖြောင့်ဖြူးပေမဲ့ ရပ်ကွက်ဝင်းထဲက လမ်းတွေကတော့ဖြစ်သလို ဖောက်ထားတာများတယ်။ စနစ်တကျနဲ့ အရှေ့အနောက်၊ တောင်မြောက် လမ်းဖောက်ထားတဲ့ဝင်းတွေ နည်းတယ်။ ရပ်ကွက်ထဲကို လှမ်းမျှော်ကြည့်နေတဲ့ ကျုပ် မျက်လုံးတွေဟာ အသက်သုံးဆယ်ကျော်အရွယ် လူတစ်ယောက်ကို တွေ့လိုက်ရတယ်။ အဲဒါ တခြားသူ ဟုတ်ရိုးလား၊ ကျုပ်ပေါ့။ ဘယ်သူဖြစ်နိုင်မှာလဲ။ အရွယ် ကောင်းကောင်းနဲ့ ကိုယ့်ရုပ် သွင်သဏ္ဌာန်ကို ကြည့်ရင်း အမှတ်တမဲ့ပြုံးလိုက်မိတယ်။

❑

ကျုပ်တို့ရပ်ကွက်က အားလုံး ဆင်းရဲကြသူတွေ ချည်းရယ်။ ဖိနပ်ချုပ်တဲ့သူ ၁၂ ပွဲဈေးသည်၊ မြီးရှည် ရောင်းတဲ့သူ၊ သဘင်ပညာ သည်၊ မုန့်ဖုတ်သမား၊ အို- စုံလို့ စုံလို့၊ လူပေါင်းစုံ ကျုပ်တို့ရပ်ကွက်လေးဟာ ဓာတ်စကားနဲ့ပြောရရင် ဖြည် တည်လို့တောင် ရတယ် ဒါပေမဲ့ အားလုံး နေ့စဉ် တိုင်း လက်လှုပ်မှ ပါးစပ် လှုပ်ကြရတာပါ။ ကျုပ်က တော့ သူတို့တစ်တွေထက် နည်းနည်းသာတယ်လို့ နိုင်တယ်။ ကုန်စည်ဆိုင်နား



www.burmeseclassic.com

www.burmeseclassic.com

...သေးက ပွဲရုံမှာ ကိုးတန်း ...ညာလေးနဲ့ အလုပ်လုပ်နေရ ...တဲ့ စာရေးလေးဆိုတော့ ပေါ့ ...သေးသေးမှ မဟုတ်ဘဲကိုး။ ...တကယ်တော့ ကျုပ်လည်း ...ဆင်းရဲတွင်းထဲက လူတစ် ...ယောက်ပဲ။ ဘာထူးခြားတာ ...တ်လို့။ တစ်လတစ်လ ...ယ့်ဝင်ငွေလေးနဲ့ ကိုယ့် ...သားစုအတွက် လောက်င ...အောင် မနည်းသတိထား ...သုံးစွဲနေရတယ်။ အပိုသုံးဆို ...ရင် တစ်ခါတလေ ရပ်ကွက် ...ထဲက ရှိန်းအောင်တို့ဆိုင်မှာ ...တောလေးသွားကိုင်တာမျိုးပဲ ...ရှိတယ်။ ကျုပ် လက်ဖက် ...ရည်မကြိုက်ဘူး။ ကွမ်းမဝါး ...ဘူး။ ခန္ဓာကိုယ်က သွေး ...ကောင်းလာရင်တော့ ရှိန်း ...အောင်ဆိုင်မှာ တောတစ်ပိုင်း ...လောက် သွားနှိပ်တာမျိုး ...လောက်တော့ လုပ်တယ်။ ...ရှိန်းအောင်ဆိုင်က ညနေခင်း ...လောက်ကစပြီး လူစည်တယ်။ ...အမှန်တော့ ဆိုင်လို့ နှုတ်ကျိုး ...ပြီး ပြောရတာ။ နှစ်ပင်နှစ် ...ခန်းရှိတဲ့ မြေစိုက်အိမ်လေး ...ပါ။ ရှိန်းအောင်က နေ့လယ် ...လောက်ဆိုရင် အရှေ့တော ...ထဲခေါ်တဲ့ မနော်ရမ္မဘက်ကို ...သွားပြီး ဂါလန်ပုံးနဲ့ တော ...အရက်တွေ သွားယူတယ်။ ...ကျုပ်တို့ရပ်ကွက်ထဲကလည်း ...ဘယ်လောက်များ အသောက် ...သမားပေါသလဲ မသိပါဘူး။ ...နေ့တိုင်း ၂ ဂါလန်ပုံးတစ်ပုံး ...ကုန်သတဲ့။ ရှိန်းအောင်မိန်းမ ...မြူရီက အသုပ်စုံတို့၊ ဝက်ဆီ ...ကော်ကြော်တို့၊ အမဲကြော်တို့ ...ရောင်းတယ်။ ဘယ်လောက် ...အောင်ပြေလဲ၊ သူတို့အတွက် ...ငွေတွေချည်းလို့ မှတ်စရာ ...ပဲ ဘယ်ဟုတ်မှာတုံး၊ တစ်ပတ် ၂ ခါလောက်လာတဲ့ နယ်ထိန်းကတစ်ဆင့် အရှင်ကြီး၊ အရှင်လေးတို့ကို ခွဲ့ရတယ်။ အဲဒါတောင် အမူရဖို့အတွက်ဆိုပြီး ရှစ်လတစ်ခါလောက် အဖမ်းခံပြပေးရသေးသတဲ့။ ကျုပ်တို့က ရဲစခန်းတို့၊ တရားရုံးတို့ကို သွားဖို့နေနေသာသာ မျက်လုံးမော်မကြည့်ဝံ့လောက်အောင် လန့်နေတာ။ ရှိန်းအောင်ကတော့ ရိုးနေပြီ။ သူ့အချိန်ရောက်တိုင်း အဖမ်းခံပြပြီး တရားရုံးနဲ့ ရဲစခန်းသွားလိုက်၊ အိမ်ပြန်လာပြီး သူ့အလုပ်သူလုပ်လိုက်၊ ဘာများ စိတ်ပူစရာရှိလဲ။

'သောင်းတင်ရာ၊ ဒီခေတ်ကြီးမှာ မဟုတ်တာလုပ်ရင် အာစရိတွေကို ပူဇော်ဖို့ အရင်ဆုံး ရှာပြီးမှ ပိုတာလေး စားရတာဟ'

ရှိန်းအောင်ဆီက ခေတ်ဆိုတဲ့ စကားလုံးနဲ့ သူ့စီးပွားရေးကို ပြောလိုက်တော့ ကျုပ် ပြုံးမိလိုက်တယ်။ ကျုပ်တို့က ခေတ်အကြောင်းကို ကျကျနန မပြောတတ်ပါဘူး။ သိလည်း မသိပါဘူး။ တကယ်တော့ ကျုပ်တို့ ကျင်လည်ကြတဲ့ဝန်းကျင်နဲ့ ဖြတ်သန်းမှုဟာ ကျုပ်တို့ရဲ့ခေတ်ပဲ။ ရှိန်းအောင် အမြင်အတွေး၊ ကျုပ် အမြင်အတွေးတွေဟာ ကျုပ်တို့သိတဲ့၊ နားလည်တဲ့ ခေတ်အမြင် ခေတ်အတွေးတွေ။ 'လူတွေဟာ ခေတ်ကို ဖန်တီးကြတယ်။ ဒါပေမဲ့ ခေတ်ရဲ့ ပြဋ္ဌာန်းတာကို ခံကြရလို့ ခေတ်ကိုပြောင်းလဲဖို့ ကြိုးစားကြဆိုလား' ကျုပ် ကြားဖူးတာ ပြောတာပါ။ ဒါကြောင့် ထင်ရဲ့၊ တစ်ရက်တော့ နိုင်ငံရေး လှိုင်းတံပိုးကြီးက ကျုပ်တို့အားလုံးကို ဝင်ဆောင့်ပစ်လိုက်ပါပကော။

၈၄ လမ်းမှာ ဆန္ဒပြနေပြီ။ တစ်ဆင့်စကား တစ်ဆင့်ကြားရလို့ စက်ဘီးကို အသားကုန်နင်းပြီး သွားကြည့်တယ်။ အလိုလေး… လမ်းလုံးပြည့် ဆန္ဒပြနေကြတဲ့သူတွေ၊ တစ်ပါတီအာဏာရှင်စနစ် ဖျက်သိမ်းပစ်၊ ဒီမိုကရေစီအရေး ဒို့အရေး၊ တစ်ညီတစ်ညာတည်း တောင်းဆိုတဲ့ အသံလှိုင်းကြီးဟာ မိုးကောင်းကင်ကြီးကို ဖောက်ထွက်လုမတတ်ဘဲ။ ကြည့်ရင်းနဲ့ ကျုပ်စိတ်တွေ လှုပ်ရှားလာတယ်။ ဆန္ဒပြတဲ့သူတွေ အနားအထိတော့ တိုးကပ်မသွားရဲဘူး။ ထောက်လှမ်းရေးက ဓာတ်ပုံတွေဘာတွေ ရိုက်ပြီး ညအချိန် တိတ်တိတ်လေး လာဆွဲတတ်တယ်လို့ ကြားရတယ်။ ပုံမတော် ပါသွားရင် မခက်ဘူးလား။ အဲဒီညက မန္တလေးတစ်မြို့လုံး တိတ်ဆိတ်ခြောက်ကပ်သွားတယ်။ ကျုပ် အိပ်မရဘူး။ ညနေခင်းက မြင်ရတာတွေကိုပဲ စိတ်ထဲ စွဲနေတယ်။ မနက်ဖြန်မှာလည်း တစ်မြို့လုံး ဆန္ဒပြကြမှာတဲ့။ အစိုးရ မပြုတ်မချင်း ဆန္ဒတွေ ပြကြမှာတဲ့။

ရာသီဥတုကလည်း ပူပြင်းတယ်။ ဝင်းထဲက လူတိုင်းလိုလို လမ်းမဘက်ထွက်ပြီး လေအေးခံရင်း နီးစပ်ရာဝိုင်းဖွဲ့စကားပြောနေကြတယ်။ ဒီမိုကရေစီဆိုတာ ဘာမှန်း ကျုပ်မသိဘူး။ အဲဒီစကားလုံးကို အခုမှ ကြားဖူးတာ။ ဒါပေမဲ့ ဆန္ဒပြတာ မှန်တယ်ဆိုတာ ကျုပ် သိတယ်။ မကျေနပ်ချက်တွေက ကျုပ်ရင်ထဲမှာ ဆောင့်တိုးလာတယ်။ ကျုပ်ကို မွဲသွားအောင်လုပ်တဲ့ အစိုးရလေ။ ကလေးတွေ ရှင်ပြုဖို့ စုထားတဲ့ ငွေရှစ်သောင်းဟာ ၇၅ ကျပ်တန် တရားမဝင် ကြေညာလိုက်လို့ စက္ကူစုတ်ဖြစ်သွားပါရောလား။ ငွေစက္ကူ တရားမဝင် ကြေညာချက်ကြောင့် မန္တလေးတစ်မြို့လုံး ဒါတင်မကပါဘူး၊ တစ်နိုင်ငံလုံး ကျုပ်လို ခံခဲ့ရတဲ့လူမျိုးတွေ မရေမတွက်နိုင်အောင်ရှိမှာပဲ။ ကျုပ်ရင်ထဲမှာ တင်းခနဲဖြစ်သွားပြီး ချလိုက်ကြစမ်းကွာလို့ လွှတ်ခနဲ ထွက်သွားမိတယ်။

ဆန္ဒပြတဲ့ အင်အားတွေက တစ်နေ့ထက်တစ်နေ့ ပိုပြီးကြီးမားအားကောင်းလာတယ်။ ညမှာလည်း ဟောပြောပွဲတွေ ရှိတယ်။ ကျုပ်တော့ ကိုယ့်ရပ်ကွက်နဲ့နီးရင် သွားပြီး နားထောင်တာပဲ။ နိုင်ငံရေးသမားတွေ၊ ရှေ့နေတွေ၊ စာရေးဆရာတွေ ဟောကြတာ၊ နားထောင်ရတာ တယ်ကောင်းတာကိုး။ ကိုယ်သဘောကျတဲ့ စကားကြားလိုက်ရရင် လက်ခုပ်သံတွေ တဖြောင်းဖြောင်း။ ဟောပြောပွဲတွေ နားထောင်ရင်း နည်းနည်းတော့ သဘောပေါက်လာသလိုလိုရှိတယ်။ တစ်ပါတီအာဏာရှင်စနစ်ရဲ့ဆိုးယုတ်မှုတွေကို သိလာရတယ်။ ဟောပြောပွဲက ပြန်လာပြီးရင် စိတ်အားတက်ကြွလာတယ်

www.burmeseclassic.com

ဆန္ဒပြပွဲအောင်မြင်ပြီး အစိုးရ မြန်မြန်ပြုတ်ပါစေလို့ ဆုတောင်းမိတယ်။

ရက်ကြာလာတော့ တစ်နိုင်ငံလုံး အသွားအလာတွေ ပြတ်တောက်ကုန်တယ်။ လူတွေလည်း ပုံမှန်အလုပ်တွေ မရှိတော့ တစ်နေ့ကိစ္စ တစ်နေ့ဖြေရှင်းရတဲ့သူတွေအတွက် ဝမ်းရေးပြဿနာတွေနဲ့ ကြုံတွေ့လာရတယ်။ အိုး…တစ်နိုင်ငံလုံးဖြစ်နေတာဆိုတော့ ဘာတတ်နိုင်မှာလဲ။ ကိုယ့်အချင်းချင်း ရှိတာလေး ဝေစားကြရမှာပေါ့၊ စိတ်မကောင်းတာက မီးရထားအသွားအလာတွေ ရပ်သွားလို့ ဘူတာရုံမှာ သောင်တင်နေရှာတဲ့ ခရီးသည်တွေအတွက်ပါ။ သူတို့ခမျာမျှား ဈေးဆိုင်တွေ ပိတ်ထားတော့ ပိုက်ဆံရှိပေမဲ့ ဝယ်စားလို့မရ။ အတော် ဒုက္ခရောက်နေကြရှာတယ်။ တစ်ရက်က ကျုပ်တို့ ရပ်ကွက်ထဲမှာ စေတနာရှင်တစ်ဦးက ဆန်ပြုတ်လှူတော့ လူတန်းထဲမှာ လေးဆင့်ချိုင့်ဆွဲပြီး တန်းစီနေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။ သူ့ပုံပန်းသဏ္ဌာန်ကြည့်ရတာ ဆင်းရဲတဲ့ လက္ခဏာ မဟုတ်ဘူး။ ဒီလို တန်းစီရတာကို ရှက်နေဟန်တူရဲ့။ ခေါင်းငုံ့နေရှာတာ။ ဒါနဲ့ ကျုပ်က မနေနိုင်လို့ မေးကြည့်တယ်။ သူတို့မိသားစု ငါးယောက် မိုးကောင်းက ရန်ကုန် ပြန်မှာကို မီးရထား မထွက်တော့လို့ ဘူတာရုံမှာပဲ အိမ်လုပ်နေရသတဲ့။ ဝယ်စားစရာ ဆိုင်တွေမဖွင့်လို့ နေ့တိုင်း ဆန်ပြုတ်ဝေမယ့်နေရာတွေကို နားစွင့်ပြီး ဘယ်လောက်ဝေး

> တစ်နိုင်ငံလုံး
> အုံကြွ ဆန္ဒပြတယ်
> ဆိုတော့
> တစ်ပါတီ
> အာဏာရှင်စနစ်
> ခံနိုင်ရိုးလား
> အားလုံး
> ပျော်ရွှင်
> ကြတော့မယ့်
> အချိန်ရောက်ဖို့
> မဝေးတော့ဘူးလို့
> ကျုပ်
> တွေးလိုက်တယ်
> ဒါပေမဲ့. . .
> ဒါပေမဲ့. . .

ဝေး သွားပြီး တန်းစီသတဲ့။ အကြောင်းစုံသိရတော့ အလှူရှင်က လေးဆင့်ချိုင့်အပြည့် ဆန်ပြုတ်တွေ ထည့်ပေးလိုက်ရုံတင်မဟုတ်ဘဲ ချက်စားဖို့ ဆန် ၂ ပြည်ပါ ပေးလိုက်တယ်။ သာဓုပါဗျာ၊ သာဓု သာဓုပါ။

ကျုပ်တော့ မလှူနိုင်မတန်းနိုင်ပေမဲ့ သူများလှူတာကိုကြည့်ရင်း သာဓုခေါ်မိလိုက်တယ်။ တကယ်တော့ ကျုပ်တို့လူမျိုးတွေဟာ မရိုင်းပါဘူးဗျာ။ နှစ်သက်တမ်း ထောင်ချီနေတဲ့ ဗုဒ္ဓဘာသာနဲ့ ဘုရားရှင်ရဲ့တရားတော်အောက်မှာ စိတ်ကောင်းနှလုံးကောင်းနဲ့ နေထိုင်ခဲ့ကြတာပါ။ တစ်ဦးကိုတစ်ဦး မေတ္တာစေတနာတွေထားတယ်။ ခွင့်လွှတ်တယ်၊ အမှားကို မပြုမိအောင် စောင့်ထိန်းတယ်။ ညှာတာသနားကူညီကြတယ်။ လောဘနည်းတယ်။ နေခဲ့ရသမျှ လူ့ဘဝဟာ တိုတောင်းတယ်။ မမြဲတဲ့ အနိစ္စတရားကို နှလုံးသွင်းပြီး အေးအေးချမ်းချမ်းနေချင်ကြတယ်။ အဲသလို စိတ်နှလုံးသိမ်မွေ့ပြီး နေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းဟာ အုံကြွမှုတွေ ဘာကြောင့်ဖြစ်ပေါ်လာရသလဲ။ မခံနိုင်လွန်းလို့ပါ။ ဖိလွန်းတော့ ကြွဆိုသလိုပေါ့။ တန်းစီ ဆန္ဒပြနေကြတဲ့ ဒို့အရေး လူတန်းကြီးကိုကြည့်ရင်း ကျုပ်ရင်ထဲက ကြောက်စိတ်တွေ တဖြည်းဖြည်း လွင့်ပြယ်လာတယ်။ အချင်းချင်း စုပြီး စကားပြောကြတဲ့အခါ မကျေနပ်တာတွေ တရဟော အန်ထွက်ကုန်တယ်။ တကယ်ပဲဗျို့၊ ရင်ထဲမှာ မကျေနပ်တာတွေ အောင့်အည်းစုဆောင်းထားရတာ ဘယ်လောက်ရှိနေမှန်းတောင် သတိမပြုမိဘူး။ တစ်နိုင်ငံလုံး အုံကြွဆန္ဒပြတယ်ဆိုတော့ တစ်ပါတီ အာဏာရှင်စနစ် ခံနိုင်ရိုးလား၊ အားလုံး ပျော်ရွှင်ကြတော့မယ့် အချိန်ရောက်ဖို့ မဝေးတော့ဘူးလို့ ကျုပ်တွေးလိုက်တယ်။ ဒါပေမဲ့ … ဒါပေမဲ့ …။

❑

တဒိုင်းဒိုင်း ပစ်ခတ်လိုက်တဲ့ သေနတ်သံတွေက ကျုပ်တို့ရဲ့ မျှော်လင့်ချက်တွေကို ဖျက်ဆီးလိုက်ပါပကော။ စစ်တပ်က အာဏာသိမ်းလိုက်ပြီတဲ့။ ညရှစ်နာရီကျော်ရင် အပြင်မထွက်ရဘူးတဲ့။ ရေဒီယိုက စစ်ချီသီချင်းတွေ တောက်လျှောက် လွှင့်နေတယ်။ ကျုပ်တို့အားလုံး စိုးရိမ်စိတ်တွေနဲ့ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြတယ်။ မာရယ်လော တဲ့၊ တကတဲဗျာ၊ မန္တလေးမြို့ကြီးဟာ စစ်ဖိနပ်တွေအောက်မှာ နေ့ချင်းညချင်း ငြိမ်ဝပ်ပိပြားသွားရှာပါတော့တယ်။ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ ကျုပ် နားမလည်ဘူး။ လူတွေက စားဝတ်နေရေး မပြေလည်လို့ ဆန္ဒပြကြတာပါ။ တရားဥပဒေစိုးမိုးရေးလို့ ပြောတယ်။ ဆန္ဒပြကြတဲ့ အချိန်တုန်းကများ အမှုအခင်းတွေ ဘာမှမရှိသလောက်ဘဲ၊ လူတိုင်းလူတိုင်း ကိုယ့်ရွာ ကိုယ့်ရပ်ကွက်တွေကို လုံခြုံ အေးချမ်းဖို့တာဝန်ယူကြတယ်။ သတိရတာလေး ပြောရဦးမယ်။ ဆန္ဒပြတဲ့ရက်တွေတုန်းကဆိုရင် လျှပ်စစ်မီးက လည်း မှန်လိုက်တာ ညတိုင်း မန္တလေးတစ်မြို့လုံး လင်းလို့ ထိန်လို့၊ ဘယ်နေရာ ဘယ်မှာ လျှပ်စစ်မီးပျက်တယ်လို့တောင် မရှိခဲ့ဘူး။ အခုတော့ တစ်လကြာ လွတ်လပ်စွာ ပြောဆိုနေထိုင်ခွင့်တွေ အဆုံး သတ်သွားခဲ့ပါပြီ။ မာ ရှယ် လောဆိုတဲ့ အမှောင်တိုက် ကြီးက ကျုပ်တို့အားလုံးကို ဖုံးအုပ်ပစ်လိုက်ပါပြီ။ ကျုပ်တို့ ခန္ဓာကိုယ်ထဲမှာ အကြောက် တရားတွေ ပြန်ပြီး ကြီးစိုး လာခဲ့တယ်။

ညမှောင်ရီပျိုးလို့ … မပြန်နိုင်သေးရင် စိတ်ဖြောင့်

www.burmeseclassic.com

ဘူး။ စက်ဘီးကို မြန်
သွက်သွက် နင်းနေရပေမဲ့
ကျောမလုံချင်ဘူး။
နှတ်ပြောင်းဝက ကိုယ့်
လှည့်မထားဘူးလို့
လို့ရမလား။ သတ်မှတ်
တဲ့ ရှစ်နာရီထက် မိနစ်
နည်းပါးပါး စွန်းခဲ့ရင်
ပြုတဲ့ ဥပဒေချိုးဖောက်
ဖြစ်လေတော့ ကြိုက်
စီရင်လို့ရတယ်။ သေ
ပစ်သတ်လိုက်ရင်
ဘာတတ်နိုင်မှာလဲ။
သိမ်းတဲ့ အချိန်က မိုး
နီးဆိုတော့ အင်မတန်
တဲ့ကာလ၊ ကျုပ်တို့
ထဲက လမ်းမနံဘေး
သူတွေ အိမ်တံခါးပိတ်
ဘဲ ကိုယ့်အိမ်ရှေ့မှာ
နေကြတယ်။ ဒါလည်း
ချိုးဖောက်ခြင်းတဲ့၊ ရပ်
ကို ခေါ်သွားပြီး ဖား
ခိုင်းတယ်လေ။ အင်း
ဒုက္ခ။

ကျုပ်တို့မှာ ဘာလုပ်ဟဲ့
လုပ်လိုက်ရမှာပဲ။
ပ်ဟဲ့ဆိုလည်း လုပ်
ရမှာပဲ။ ငြင်းဆိုပိုင်ခွင့်
ဘူး။ အဲဒီတော့မှ လူ
တစ်ယောက်ရဲ့ လွတ်
နဲ့ လူ့အခွင့်အရေးကို
ည်သွားတယ်။ အ,
လိုက်ကြတဲ့ ကျုပ်
တွေ၊ ကိုယ့်မှာ လူ
စ်ယောက် ရပိုင်ခွင့်
လွတ်လပ်စွာ ပြောဆို
ထိုင်သွားလာခွင့်တွေ
တယ်ဆိုတာကို နား
ခဲ့ကြဘူး။ အသိဉာဏ်
ယ့်သူလည်း မရှိဘူး။
အောက်ကျနောက်
ကြရတဲ့ ကျုပ်တို့တစ်

ကျုပ် စစ်သားတွေကို မမုန်းပါဘူး။ ဒါပေမဲ့ နိုင်လိုမင်းထက် ပြုမူတဲ့ သတင်းတွေ ကြားရရင် စိတ်ထဲမှာ အခံရခက်တာပေါ့။ သဘောကောင်းတဲ့သူတွေလည်း ရှိပါတယ်။ တချို့ရပ်ကွက်တွေဆိုရင် အနေအစား ဆင်းရဲတဲ့ စစ်သားတွေ ဘဝကို သိသွားပြီး စားစရာတွေ ထုတ်ကျွေးကြတယ်။ ကျုပ်လည်း ကျုပ်တို့ရပ်ကွက်ထဲမှာ ကင်းလှည့်နေတဲ့ စစ်သားတွေနဲ့ နေ့တိုင်းဆုံနေကြတော့ ခင်မင်သွားပြီး သူတို့နဲ့ စကားပြောဖြစ်ကြတယ်။ သူတို့တစ်တွေက ရှေ့တန်းမှာ တာဝန်ကျနေရင်းနဲ့ မန္တလေးမြို့ကြီးကို ဗ·က·ပတွေ သိမ်းယူထားတယ်လို့ သူတို့အထက်အရာရှိက ပြောတာနဲ့ ရောက်လာရတာတဲ့။ ကျုပ်မှာဖြင့် အံ့သြလွန်းလို့ ပါးစပ်အဟောင်းသား ဖြစ်သွားပါရောလား။ ပြီးမှ ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲလေ။ ဘယ်မှာ ဗ·က·ပ ရှိလို့လဲ မေးလိုက်မိတယ်။ စစ်သားကလည်း ဟုတ်ပါတယ်ဗျာ၊ ကွန်တော်တို့ကလည်း အမိန့်အတိုင်း ဆောင်ရွက်ရတာပါလို့ ပြန်ပြောလိုက်တယ်။ မှန်ပါတယ်၊ သူတို့ခမျာများလည်း အမိန့်အတိုင်း ဆောင်ရွက်ကြရရှာတာပါ။ ဒါပေမဲ့ အဲဒီအမိန့်က ပြည်သူလူထုဆီကို သေနတ်ပြောင်းဝ လှည့်ခိုင်းထားတဲ့ အမိန့်ဖြစ်နေတာတော့ ဆိုးသဗျာ။

❑

ရာသီဥတုက ဆောင်းရာသီထဲ ရောက်လာလို့ ညနေ ၆ နာရီကျော်လာတာနဲ့ မှောင်ချင်လာပြီ၊ အဲဒီနှစ်က မန္တလေးဆောင်းရာသီဟာ ခါတိုင်းနှစ်တွေထက် ပိုပြီးအေးတယ်ထင်တယ်။ ညရှစ်နာရီထိုးရင် ထုံးစံအတိုင်း အိမ်တံခါးတွေ ပိတ်သွားကြရပါပြီ။ ဝင်းထဲမှာ နေကြတဲ့ သူတွေအတွက်တော့ ခြင်းချက်ပေါ့။ ကျုပ်တို့ကတော့ ဟိုအိမ်ဒီအိမ် လွတ်လွတ်လပ်လပ် သွားလာလို့ရတယ်။ လမ်းမပေါ် မထွက်မိဖို့ဘဲ လိုတယ်။ ကျုပ်လည်း သွေးတောင်းလာတာနဲ့ တစ်ခွက်တစ်ဖလားမော့ဖို့ ရှိန်းအောင်တို့ဆိုင်ကို ထွက်လာခဲ့တယ်။ အခုတလော ဘယ်လိုဖြစ်နေတယ်မသိဘူး။ ညတိုင်းလိုလို သောက်မိနေတယ်။

တစ်လမှာ တစ်ခါနှစ်ခါလောက်သောက်တဲ့ ကျုပ်စည်းကမ်းက မာရယ်လောကြောင့် ပျက်သွားပြီ။ အရင်တုန်းကဆိုရင် ဒီလိုအချိန် လမ်းထိပ်က မဲကြီးရဲ့ ကွမ်းယာဆိုင် ရောက်သွားတတ်တယ်။ ကွမ်းလေးဝါးရင်း တွေ့တဲ့လူနဲ့ စကားတွေပြောကြပေါ့။ ဒီလိုနဲ့ နှစ်ပေါင်းများစွာ ဘဝကို ဖြတ်သန်းလာခဲ့ကြတယ်။ ဒါပေမဲ့ မာရယ်လောကြီးက ကျုပ်တို့ ဘဝတွေကို ပြောင်းလဲပစ်လိုက်တယ်။ နေ့ခင်းမှာ စီးပွားရေးအတွက် ကသောကမျောရှာ၊ ညရှစ်နာရီမထိုးခင် အိမ်အရောက်ပြန်၊ ကျုပ်တို့ အားလုံး အလုပ်အားချိန်၊ နားချိန်မှာ လွတ်လွတ်လပ်လပ် တွေ့ဆုံစကား ပြောခွင့်တွေ ဆုံးရှုံး

ကုန်ပြီ၊ ခက်ဘူးလား၊

တိတ်ဆိတ်နေတဲ့ ညအမှောင်ထဲမှာ ရေဒီယိုက ဘီဘီစီသတင်းလာတာကို ကြားနေရတယ်။ ဘီဘီစီတို့၊ ဗွီအိုအေတို့၊ အာအက်ဖ်အေတို့က မိုးလုံးပြည့် မုသာဝါဒတွေဆိုလား၊ စစ်အစိုးရက ပြောနေတယ်။ ဒါဖြင့် လူတွေက ဘာဖြစ်လို့ နားထောင်နေကြတာပါလိမ့်။ ကျုပ်တို့ဝင်းထဲမှာ ရေဒီယိုဖွင့်တဲ့အိမ် လေးငါးခြောက်လုံးလောက်ရှိတယ်။ မနက်လင်းရင် ရေဒီယိုက ဘယ်မှာ ဘာဖြစ်တယ်ဆိုတဲ့ သတင်းတွေ အားလုံးပြန်ပြီး ကြားရလေ့ရှိတယ်။ ကျုပ်တို့တစ်တွေကို အဖြစ်မှန်တွေ မမြင်ရအောင် ဖုံးကွယ်ပြီး မျက်စိပိတ်ထားပေမဲ့ နားကိုတော့ ပိတ်လို့မှ မရဘဲကိုး။

ရှိန်းအောင်တို့ မိသားစု အိပ်ကြတဲ့ ခုတင်ပေါ်မှာအခန့်သား နေရာယူလိုက်တယ်။ ဒီနေရာက ကျုပ်အတွက် အထူးစပါယ်ရှယ် စီစဉ်ထားတဲ့ ဂရင်းစတင်၊ အနားမှာ ပိုးလိုးပက်လက် အိပ်ပျော်နေတဲ့ ရှိန်းအောင့်ကလေးနှစ်ယောက်ကို ခြင်ယမ်းရင်း တောတစ်ပိုင်းကို တစိမ့်စိမ့်သောက်လိုက်၊ မိသားစု ဆေးပေါ့လိပ်ဖွာလိုက်နဲ့ နတ်စည်းစိမ်ဆယ်သက်နဲ့ မလဲနိုင်အောင် ဟန်ကျနေတာပါ။ ကျန်တဲ့သူတွေကတော့ ခုတင်ရှေ့မြေကြီးပေါ်မှာ၊ ဖျာကြမ်းခင်းတဲ့နေရာမှာ စတိုင်ဖွဲ့ကြတယ်။ ဒီည ရှိန်းအောင့်ဆိုင်ကို ရောက်တာ နည်းနည်းနောက်ကျသွားတယ်။ စောရောက်နှင့်နေတဲ့ ကျော်ခင်တို့အဖွဲ့

www.burmeseclassic.com

ဆီက တစ်ယောက်တစ်ပေါက် ပြောနေကြတဲ့ အသံတွေက ဆီးကြိုနေတယ်။ ကျော်ခင်က ဖဲသမား အရပ်တကာလှည့်ပြီး ဖဲရိုက်တဲ့သူ၊ မူးလာရင် စွာကျယ် စွာကျယ် လုပ်တတ်တယ်။ သတ္တိတော့ မရှိဘူး။ တစ်ရပ်ကွက်တည်း နေပေမဲ့ သူတို့နဲ့ မရောတော့ ကျုပ်ကို နည်းနည်းရွံ့တာပေါ့။ ရှိန်းအောင့်ဆိုင်မှာ မကြာမကြာ ဆုံတတ်ပေမဲ့ သူတို့နဲ့ စကားပြောခဲတယ်။ ကျုပ်က ကိုယ့် စကားအတိုင်း သောက်ပြီး အိမ်ပြန်လေ့ရှိတယ်။ သူတို့ကတော့ ရေချိန်ထက် လွန်သွားရင် အိမ်မပြန်နိုင်ကြတော့ဘဲ မြေတလင်းမှာ ကျောခင်းပြီး အိပ်တတ်ကြတယ်။ တကယ်တော့ ကျော်ခင်တို့မှ မဟုတ်ဘူး တချို့တလေ သောက်ရင်း အိမ်မပြန်နိုင်ဘဲ ကြုံသလို အိပ်ကြတာတွေရှိတယ်။ ထူးဆန်းတဲ့ ကိစ္စမဟုတ်ဘူးပေါ့။

ဒါပေမဲ့ ဒီတစ်ညတော့ ကျုပ်ဘဝအတွက် အပြောင်းအလဲတစ်ခုဖြစ်ပြီး သေရာပါအထိ အစွဲတစ်ခု ကပ်ပါလာမယ်မှန်း သတိမထားမိလိုက်ဘူး။ ကျုပ်ရောက်လာတဲ့ အချိန်မှာ ကျော်ခင်တို့ဝိုင်းက ငြင်းကြ၊ ခုံကြနဲ့ အရှိန်ကောင်းနေပြီ။ ဒီလိုမျိုး ဖြစ်နေကျမို့ ကျုပ်ကလည်း အမှုမဲ့ အမှတ်မဲ့ နေလိုက်တယ်။ 'စွန့်မှ စားရတာကွ၊ စွန့်စားရဲရတယ်၊ သတ္တိရှိရမယ်' ဟောင်ဖွာ ဟောင်ဖွာ ပြောနေတဲ့ ကျော်ခင့်အသံက တစ်ဝိုင်းလုံးကို လွှမ်းမိုးထားတယ်။ ရုတ်တရက်တော့ ဘာအကြောင်းကိစ္စကို မှ

ရေဒီယိုက
စစ်ချီသီချင်းတွေ
တောက်လျှောက်
လွှင့်နေတယ်
ကျုပ်တို့အားလုံး
စိုးရိမ်စိတ်တွေနဲ့
တစ်ယောက်ကို
တစ်ယောက်
ကြည့်နေကြတယ်
မာရှယ်လောတဲ့
တာကာတဲဗျာ
မန္တလေးမြို့ကြီးဟာ
စစ်ဖိနပ်တွေ
အောက်မှာ
နေ့ချင်းညချင်း
ငြိမ်ဝပ်ပိပြား
သွားရှာပါ
တော့တယ်

တည်ပြီး ပြောကြတာမှန်း မသိဘူး။ ကျော်ခင့် အသံက တဖြည်းဖြည်း ကျယ်လာတယ်။ ဒီနေ့မှာ ကျော်ခင် ဖဲရိုက်တာ ငွေငါးထောင်နိုင်လာတယ်တဲ့။ သူဖဲနိုင်လာတာ ဘာဖြစ်တာမှတ်လို့၊ မဟုတ်သေးဘူး။ လေကြီးလေကျယ်ပြောတဲ့ ကျော်ခင်က ဘဝဆိုတာ အလောင်းအစားနဲ့ တူတယ်၊ ရှုံးတာလည်းရှိမယ်၊ နိုင်တာလည်းရှိမယ်။ ဒီလို ငွေငါးထောင် တစ်လုံးတစ်ခဲနဲ့ ရဖို့မလွယ်ဘူး စသည်ဖြင့်ပေါ့။ ကျော်ခင်က တော်လ်ကီတွေ လွှတ်နေတယ်။ ထားလိုက်တော့။ ကျော်ခင်ရဲ့ နောက်ဆုံးပြောလိုက်တဲ့ စကားက ကျုပ်တို့အားလုံးကို လှုပ်လှုပ်ရွရွ ဖြစ်သွားစေတယ်။ 'ဟောဒီမှာ ရှိကြတဲ့ လူတွေအားလုံး အခုချိန် ထီးလင်းတိုက်ရဲ့ အုတ်နံရံမှာ မီးသွေးခဲနဲ့ ဘယ်တော့မှ မကြောက်ဘူးကွ၊ အရှုံးမပေးဘူးကွလို့ ရေးရဲရင် ဟောဒီ ငွေငါးထောင်စလုံး ယူကွာ' တဲ့။ မဆီမဆိုင် ကျုပ်စိတ်ထဲမှာ ဖျင်းခနဲ ဖြစ်သွားတယ်။ မဟာမုနိဘုရားကြီးနားမှာရှိတဲ့ ထီးလင်းတိုက်ဟာ ကျုပ်တို့ ရပ်ကွက်နဲ့ မိုင်ဝက်လောက်ဝေးမယ်။ မာရှယ်လောထုတ်ထားတဲ့ ညအချိန်မတော်ကြီးမှာ သွားမယ်ဆိုရင် ရပ်ကွက်တွေမှာ ကင်းလှည့်နေတဲ့ စစ်သားတွေနဲ့ ဂိတ်တွေကို အဆင့်ဆင့် ဖြတ်သန်းရဦးမယ်။ ပုံမတော် သေသွားနိုင်တယ်။ ဒါကို မဖြစ်နိုင်မှန်း သိရဲ့နဲ့ ကျော်ခင်က သက်သက်မဲ့ အနိုင်ကျင့်ပြီး စိန်ခေါ်နေတာ။ ကျုပ် အတော်ဒေါသထွက်သွားတယ်။ မခံချင်စိတ်တွေ ဝုန်းခနဲ ပေါ်လာတယ်။ ဒါပေမဲ့ ကျုပ်လည်း အသက်စွန့်ပြီး ဘယ်လုပ်ရဲပါ့မလဲ။

'မဖြစ်နိုင်တာတွေ မပြော စမ်းပါနဲ့ကွာ' အောင်ဝင့်က ပြောလိုက်မှ ကျော်ခင် သွေးပိုကြွသွားတယ်။

'ဘာလို့ မဖြစ်နိုင်ရမှာလဲကွ။ ဒါမျိုးစိန်ခေါ်တာကို လက်ခံပြီး လုပ်နိုင်ရင် ကျော်ခင်တို့က ပိုက်ဆံငါးထောင် အပြင် ဆရာတင်လိုက်ဦးမှာဗျား'

သူ့စကားဆုံးတော့ အားလုံး ငြိမ်ကျသွားတယ်။ ကျုပ်လည်း ကျော်ခင် လု... တွင်ကျယ်လုပ် အနိုင်ကျင့်နေ... တာကို မခံချင်ဖြစ်ပေမဲ့ ဆေးလိပ်ဖွာပြီး ဟန်မပျက်... နေရင်း အခြေအနေကို စောင့်ကြည့်နေတယ်။ ဒီအချိန်မှာပဲ... အမှောင်ရိပ်ကျနေတဲ့ဘက်ဆီ... က အသံတစ်သံ ထွက်လာ... တယ်။ အဖီချထားတဲ့ ထောင့်... စွန်းနေရာက လူတစ်ယောက်... ရဲ့အသံ၊ ၂၅ ဝပ်အား မီး... အလင်းရောင်က အလင်း... အားနည်းနေလို့ အဲဒီလူရှိနေ... နှင့်တာ ကျုပ်မသိဘူး။

'ခင်ဗျား စိန်ခေါ်တာကို... လက်ခံတယ်။ ကျုပ်သွား... မယ်' တဲ့။

ပြောရင်းဆိုရင်း... အမှောင်ရိပ်ကျနေတဲ့ နေရာ... က အသံရှင်ဟာ ဖန်သီးမီး... ရောင်အောက်ကို ရောက်လာ... တယ်။ လူလုံးလူဖန် တုတ်... တုတ်ခိုင်ခိုင်၊ ဆံပင်ဖွာလန်ကြဲ... နေတဲ့ လူတစ်ယောက်၊ ... ဘယ်သူလဲ။ ကိုယ့်အနီးအနား... ပတ်ဝန်းကျင်က မဟုတ်တာ... တော့ သေချာတယ်။ မမြင်... လင့်ဘဲ ကြုံရလို့ ကျုပ်တို့အား... လုံး အံ့အားသင့်သွားကြ... တယ်။ အမြဲတမ်း အသံ... ကျယ်တဲ့ ကျော်ခင်ဆိုရင် ... ပြောရမှန်းမသိ ဖြစ်သွား... တယ်။ အသံကို တိတ်လို့...

အဲဒီလူက 'ဟောဒီမှာ... တဲ့သူတွေလို့ ခင်ဗျားပြော... ထားတာနော်။ ကျုပ်နဲ့လည်း... သက်ဆိုင်တယ်။ ကျုပ်သွား... မယ်' ဆိုပြီး ထပ်ပြောလို့... တယ်။

တကယ်တော့ ... ခင်က ရှိန်းအောင့်ဆိုင်မှာ

www.burmeseclassic.com

ကိုယ့်အချင်းချင်းပဲ ရှိတယ် …ပြီး စကားအနိုင်ယူချင် …နဲ့ လူလည်ကျလိုက်တာ …။ အခုတော့ သူ့စကားနဲ့သူ …ပြီးတုပ်ပြီး ဖြစ်သွားပြီ။ …ရောင်မှိန်မှိန်အောက်မှာ …ဖြတ်ပြီးရင် မလွဲမသွေ …က်မဆုတ်စတမ်းလုပ်မယ့် အဲဒီလူရဲ့ အမူအရာကို တွေ့ လိုက်ရလို့ ကျုပ်လည်း သူ့ အတွက် စိုးရိမ်သွားတယ်။

'ဟော့လူ သွားလို့ မရ ဘူး။ စစ်ကင်းတွေက အများ ကြီးရှယ်'။ ဆိုင်ရှင်ရှိန်းအောင် က စိုးရိမ်တကြီးနဲ့ လှမ်းပြော လိုက်တယ်။ ပြုံးရီကလည်း 'ဟုတ်ပါရဲ့တော်၊ ငွေငါး ထောင်နဲ့ အသက်တစ်ချောင်း …ချင်စမ်းပါနဲ့' ဆိုပြီး ပြော လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီ လူက နောက်မဆုတ်တော့ ဘူး။ ကျော်ခင်ပြောတဲ့ အတိုင်း ထီးလင်းတိုက်ရဲ့ …နံရံမှာ စာသွားရေးမယ် …။ ငွေငါးထောင်ကိုတော့ ရှိန်းအောင်က သိမ်းထားပြီး သူအသက်ရှင်ရင် ပြန်လာယူ …တဲ့။

သိပ်မကြာဘူး။ ရှိန်းအောင့်ဆိုင်ထဲက ထွက် သွားတဲ့ သူ့ကျောပြင်ကို ငေး …ရင်း ကျုပ်တို့ ကျန်ရစ်ခဲ့ ကြတယ်။ ဒီအလောင်းအစား … လူတစ်ယောက်အသက်နဲ့ …သက်နေလို့ အဲဒီလို လုပ် …ကောင်းလားလို့ ရှိန်းအောင် က ဆူတယ်။ ကျော်ခင်လည်း …အပြစ်နဲ့သူမို့ ခေါင်း …စိုက်ကျသွားတယ်။ တစ် …ဖြစ်ရင် အပြစ်က သူ့ …ပေါ် ပုံကျတော့မှာကိုး။ …မပြောတော့ဘဲ သူကတိ အတိုင်း ငွေငါးထောင်ကို ရှိန်းအောင့်ဆီအပ်ပြီး အရက် ကို လိမ့်သောက်နေတယ်။ နာရီလက်တံတွေဟာ ပုံမှန် အတိုင်း ရွေ့လျားနေတယ်။ ည ၁၁ နာရီ ရှိသွားပြီ။ အဲဒီ လူသွားတာ တစ်နာရီကျော် သွားပြီ။ ဘယ်လိုအခြေအနေ ရှိမလဲ၊ ညဟာ တိတ်ဆိတ်ပြီး ချောက်ချားဖို့ကောင်းတယ်လို့ တွေးမိလိုက်တယ်။ တော် တော်လေးကြာအောင် ထိုင်ပြီး မှ ကျုပ်လည်း အိမ်ကိုပြန်လာ ခဲ့တယ်။ အဲဒီလူအကြောင်း စိတ်ရောက်နေလို့ အရက် သောက်ထားတဲ့ အရသာ တောင် ဘယ်နားရောက်သွား မှန်း မသိတော့ဘူး။ သက် ပြင်းမှုတ်ထုတ်ရင်း အိပ်ရာ ပေါ်မှာ ပက်လက်လှန် လှဲ လိုက်တယ်။ မအိပ်နိုင်သေး ဘဲ ပိုးတိုးဝါးတားမြင်ရတဲ့ မျက်နှာကြက်ကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေမိတယ်။ အဲဒီလူ က ရှိန်းအောင့်ဆိုင်မှာ ညနေ ကတည်းက အရက်သောက် နေတာတဲ့။ ဖားကန့်က စားရ မဲ့၊ သောက်ရမဲ့ ပြန်လာလို့ အလုပ်ရှိရင်ပေးဖို့ ရှိန်းအောင် ကို ပြောသတဲ့။ ရွာမှာ သူ့ မိသားစု ဒုက္ခရောက်နေ တယ်။ သူငတ်သေမှာ အရေး မကြီးဘူး။ သူ့မိသားစု အတွက် စိုးရိမ်တယ်တဲ့။ ရှိန်းအောင်ပြောတာတွေကို တွေးရင်း အိပ်မပျော်နိုင်ဘဲ ဖြစ်နေပါတယ်။ ဒီအချိန်မှာပဲ အမှောင်ထုထဲကို အရှိန်ပြင်း ပြင်းနဲ့ ဖြတ်သန်းသွားတဲ့ သေနတ်သံတစ်ချက်ကို ကြား လိုက်ရတဲ့အခါ လန့်ဖျပ်ပြီး အိပ်ရာပေါ် ထိုင်မိလျက်သား ဖြစ်သွားတယ်။ ဘုရား တ, လိုက်မိတယ်။

'မနေ့ညက ရှမ်းပွဲနားမှာ ညအချိန်မတော်ထွက်လို့ လူတစ်ယောက် ပစ်သတ်ခံရ တာတဲ့'

ဈေးက ပြန်လာတဲ့ မိန်းမက သူကြားရတဲ့ သတင်းကို ဖောက်သည်ချ လိုက်တယ်။ ထိုင်ခုံပေါ်မှာ ငေးငိုင်ရင်း ထိုင်နေမိတယ်။ ပစ်သတ်ခံရတဲ့သူက အဲဒီလူ ဟုတ်ချင်မှ ဟုတ်မှာပါလို့ တွေးလိုက်တယ်။ အတွေး တွေနဲ့ ရှုပ်ထွေးပြီး ခေါင်း ကိုက်လာတယ်။ ညက အသောက်များတာလည်း ပါတာပေါ့။ အဲဒီအချိန်မှာ ရှိန်းအောင် ရောက်လာတယ်။ သူလည်း ကြားပြီးပြီ၊ သေ တဲ့သူကို ညကတည်းက အလောင်းကို သယ်သွားလို့ ဘယ်သူဘယ်ဝါဆိုတာ မသိ ရဘူးတဲ့။ သေနတ်သံဟာ အဲ ဒီလူကို ရည်ရွယ်ပစ်ခတ်တဲ့ အသံ မဖြစ်ပါစေနဲ့လို့ ဆု တောင်းလိုက်မိတယ်။ တကယ်တော့ ဘယ်သူ့ အတွက်မှ သေနတ်သံတွေ မထွက်စေချင်ပါဘူး။ သေ နတ်သံတွေတိတ်ပြီး အေး အေးချမ်းချမ်းနဲ့ နေချင်လှပါ ပြီ။

'ငါ့ဆီမှာ အပ်ထားတဲ့ ကျော်ခင်ရဲ့ ငွေငါးထောင်ကို ဘယ်လိုလုပ်ကြမလဲ'

ရှိန်းအောင်က မေးလိုက် တယ်။ ကျုပ်လည်း ဘယ်လို ဆုံးဖြတ်ပေးရမှန်း မသိဘူး။ သူတကယ် သေခဲ့ရိုးမှန်ရင် တစ်ခုခုတော့ လုပ်ပေးရမှာ ပါ။ ကံမကောင်းရင် သေ မယ်မှန်းသိလျက်နဲ့ ဇွတ်တိုး ချင်တဲ့သူ့ကို မိုက်တွင်းနက် တဲ့သူလို့ ပြောမလား။ ဒါပေမဲ့ သူငတ်သေမှာ အရေးမကြီး ဘူး၊ သူ့မိသားစုအတွက် စိုးရိမ်တယ်ဆိုတဲ့ သူ့စကားကို သတိရပြန်တော့ သူ့ကို လူ မိုက်လို့ ပြောရခက်ပြန်တယ်။ သူ့အကြောင်း စဉ်းစားရင်း ကိုယ့်ကိုယ်ကို ပြန်ပြီး ကြည့် လိုက်တယ်။ တကယ်တော့ ကျုပ်က လူမိုက်လူညံ့ပဲ။ ကျုပ်ရင်ထဲက ဖိအားတွေ၊ မကျေနပ်ချက်တွေကို ဘယ် လိုအဖြေရှာရမှန်း မသိဘဲ အရက်ကိုချည်း လိမ့်သောက် နေတာကော။ အာဏာမသိမ်း ခင်က လူတွေ ဆန္ဒပြခဲ့ကြ တယ်။ အခုလည်း မာရှယ် လော ဆိုတာကြီးနဲ့ ဖိနှိပ်ထား တာတောင် အချို့က သေမှာ မကြောက်၊ အဖမ်းခံရမှာ မကြောက်ဘဲ ဆန့်ကျင်ဖို့ ကြိုး စားနေကြတယ်။ ညက ဘယ်နေရာမှာ ဆန့်ကျင်ရေး စာရွက်တွေ ကပ်သွားသတဲ့။ ဘယ်မှာတော့ တန်းစီ လျှောက် ဆန္ဒပြကြပြီး စစ် ကားတွေ ရောက်လာတဲ့အခါ လူစုခွဲ ကိုယ်ယောင်ဖျောက် သွားတယ်ဆိုတဲ့ သတင်းတွေ ကြားရပြန်တယ်။ အဲဒီလို အသံတွေ ကြားရရင် ကျုပ် စိတ်ထဲမှာ သိပ်ကျေနပ်တယ်။ ပြီးတော့ ဆန့်ကျင်တဲ့ သူတွေ ကိုလည်း ဖမ်းမှာ ဆီးမှာ စိတ် ပူရပြန်တယ်။ စဉ်းစားကြည့် ဗျာ၊ သေနတ်တွေက ကိုယ့် ရင်ဝကို တည့်တည့်ချိန်ထား တာတောင် မကြောက်မရွံ့ဘဲ လုပ်နေကြတာနော်။ ဆုံးဖြတ် ချက်ချလိုက်ပြီး ဝုန်းခနဲ မတ်

www.burmeseclassic.com

တတ်ရပ်လိုက်တယ်။

'ရှိန်းအောင် ထီးလင်းတိုက်ဘက်ကို သွားကြည့်ရအောင်ကွာ'

ဟုတ်တယ်၊ သေမှာမကြောက် ရဲရဲဝံ့ဝံ့နဲ့ ဆန့်ကျင်နေကြတာကို စိတ်ထဲကနေ ကျိတ်အားပေးဖို့အတွက် ဘာဖြစ်လို့ သတ္တိမရှိရမှာလဲ။ ရှိန်းအောင်နဲ့အတူ စက်ဘီးစီးလာကြရင်း ထီးလင်းတိုက်နားရောက်တော့ သူငယ်ချင်း မောင်မောင်နဲ့တွေ့တယ်။ သူက အဲဒီနားမှာနေတာ။ 'မနေ့ညက ဒီအနားမှာ လူတစ်ယောက် ပစ်သတ်ခံလိုက်ရတယ်လို့ ကြားရတယ်၊ ဟုတ်လား။ ထီးလင်းတိုက် အုတ်နံရံမှာလည်း စာရေးသွားတာ' တဲ့။

ကိုယ်သိချင်တာလေးကို မဝံ့မရဲနဲ့ တိုးတိုးမေးလိုက်ပေမဲ့ စိတ်မလုံမိပြန်ဘူး။ တကယ်ဆိုရင် မောင်မောင်ရေ မနေ့ညက ဒီလိုဒီလို ပြဿနာ ကြုံခဲ့ရလို့ဆိုပြီး ရှင်းပြဖို့ ကောင်းတာပေါ့။ ဒါပေမဲ့ ကျုပ်တို့ကိစ္စကို တစ်ဆင့်တစ်ဆင့် လူသိများပြီး အဆင်မသင့်ရင် ကိုယ့်ကို အမှုပတ်မှာစိုးတာနဲ့ ဖွင့်မပြောဘဲ နေလိုက်တာပါ။ မျက်မှောင်ကြုတ်ပြီး နားထောင်နေတဲ့ မောင်မောင့်မျက်နှာက ဘာမှ ထူးထူးခြားခြား ပြောင်းလဲမသွားဘူး။

'ညတိုင်း သေနတ်ပစ်သံတွေ ကြားနေရတာကွ၊ ပစ်ပြီဆိုမှတော့ သေပြီပေါ့ကွာ။ အုတ်နံရံမှာ စာတွေရေးတာ၊ စာရွက်တွေကပ်တာက ငါတို့နားက ထီးလင်းတိုက်တင် မဟုတ်ဘူးကွ၊ မန္တလေးတစ်မြို့လုံးပဲ။ သူတို့က မနက်ရောက်ရင် ရေးတဲ့စာတွေ လိုက်ဖျက်၊ ကပ်ထားတဲ့ စာရွက်တွေ ဆွဲဆုတ်ပစ်တယ်။ သူတို့ ဘယ်လောက်လုပ်လုပ် ပစ်ပစ် မကြောက်ဘူး။ ဒါတွေက နေ့တိုင်း တစ်နေရာ မဟုတ် တစ်နေရာ တွေ့နေရတာ။ သေမှာမကြောက်၊ အရှုံးမပေးတဲ့စိတ်ဓာတ်ကို သေနတ်နဲ့ ချိုးနှိမ်လို့ မရဘူးကွ'

အေးစက်စက် ပြောလိုက်တဲ့ မောင်မောင်ရဲ့ စကားသံက ကျုပ်ကို ကြက်သီးမွေးညင်းတွေ ထသွားစေခဲ့တယ်။ ဟုတ်တယ်၊ ဒီလိုမျိုး အကြောက်တရားတွေ ဖိပြီး လူတွေရဲ့ စိတ်ဓာတ်ကို ချိုးနှိမ်လို့ ရပါ့မလဲ။ ဘုန်းကြီးကျောင်း အုတ်နံရံကို ကြည့်လိုက်တော့ မောင်မောင် ပြောသလိုပဲ အုတ်နံရံပေါ်က စာတွေ ဖျက်ထားတာကို တွေ့ရတယ်။ ဒါပေမဲ့ အုတ်နံရံပေါ်မှာ နောက်လည်း ရေးတဲ့စာတွေ တွေ့နေဦးမှာပါ။

အိမ်ပြန်လာကြရင်း ငွေငါးထောင်ကို ဘယ်လိုလုပ်ရမလဲလို့ ရှိန်းအောင်က မေးလိုက်တယ်။ 'ဘယ်လိုလုပ်ရမလဲ ဟုတ်လား' အသံတိုးတိုးလေး ရေရွတ်လိုက်တယ်။ ပြီးမှ 'ဘာမှစဉ်းစားမနေနဲ့ကွာ၊ မနေ့ညက တို့ဆီရောက်လာတဲ့ သူရော၊ သေနတ်နဲ့ ပစ်သတ်ခံရတဲ့ သူတွေကိုပါ ရည်စူးပြီး ဆွမ်းသွတ်ရမှာပေါ့ကွ'လို့ ပြောလိုက်တယ်။ ဒါက အသက်ရှင်ကျန်ရစ်နေတဲ့ ကျုပ်တို့အတွက် လုပ်သင့်လုပ်ထိုက်တဲ့ ဝတ္တရားပါ။ အဲဒီလိုလုပ်တာ သတင်းကြားရလို့ ဖမ်းချင်လည်း ဖမ်းကြရော့ဗျာ။ ဒီလောက်တော့ ကျုပ် သတ္တိရှိပါသေးတယ်။

■

ညို့ထွန်း


ရန်ကုန် ဆရာမြင့် (ခ) ဆရာသြဘာ



နက္ခတ္တဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအပိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။

Ph : 09 420034597




www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်သော အရွယ်လတ် အမျိုးသမီးတစ်ယောက် ဖြစ်ပေမဲ့ ပုံစံက ပေစုတ်စုတ်ပါ။ ဆံပင်ရှည်ကြီးကို မထုံးမဖွဲ့ဘဲ ကျစ်ဆံမြီးတစ်ချောင်းတည်းကျစ်ပြီး ချထားတာ တံကောက်ကွေး ထိလုရော။ အဲဒီလိုကျစ်ထားပြီးရင် သုံးလေးရက် ခေါင်းမဖြီးတော့ဘူး။ နဖူးဆံစပ်သပ်လိုက်ရင်ပြီးရော။ လူပုံစံက စိုစိုပြည်ပြည်နဲ့ မြင့်တယ်။ မျက်မှန်က လေးထောင့်ကိုင်းအနက်။ မိန်းကလေးပဲ ရွှေရောင်ကိုင်းနဲ့ မှန်ဝိုင်းကလေးတွေ၊ ဘဲဥပုံလေးတွေ တပ်ပါတော့လား။ အရွယ်လည်း နည်းနည်းနုသွားနိုင်တာပေါ့။ ခုတော့ မဟုတ်ပေါင်။ ရွှေရောင်ကိုင်းနဲ့ မျက်မှန်ဝိုင်းလေးတစ်လက် လက်ဆောင်ပေးမိပါတယ်၊ မျက်မှန်လေးကြည့်ပြီး ဘာပြောတယ်မှတ်သလဲ။

'လှပါတယ်၊ ဒါပေမဲ့ မကြိုက်ဘူး၊ မယူချင်ဘူး' တဲ့။ ပြီးတော့ ဆက်ပြောသေးတယ်။

'ရွှေရောင်ကိုင်းမျက်မှန်တွေဟာ ဂျပန်ကင်ပေတိုင်တွေကို ကိုယ်စားပြုသလိုပဲ၊ ဖက်ဆစ်တော်လှန်ရေးဇာတ်ကားတွေ ကြည့်ရင် ဂျပန်ကင်ပေတိုင်တွေ၊ ဂျပန်အလိုတော်ရိတွေ အမြဲတပ်လေ့ရှိတယ်။ အဲဒီကတည်းက ကျွန်မ ရွှေရောင်ကိုင်းတွေကို မုန်းတာ' တဲ့။


တကယ်တော့ အဲဒီအမျိုးသမီးဟာ ဖက်ဆစ်နယ်ချဲ့ခေတ်ကို မမီခဲ့ပါဘူး။ မြင်လည်း မမြင်ဖူးခဲ့လိုက်ပါဘူး။ အစွဲအလမ်းကြီးတဲ့ ခံစားချက်သက်သက်ပါ။ အဆန်းအပြား အလှပြင်ပစ္စည်းတွေ များပြားလှတဲ့

အဲဒီအချိန်မှာပဲ သူဟာ သူ့အမေရဲ့ပါးကို နောက်ကနေ သိုင်းဖက်နမ်းရင်း ပြောလိုက်တယ်။ 'အမေ သမီး ကြီးလာရင် ပိုက်ဆံလိုက်တောင်းပြီး အမေ့ကို လုပ်ကျွေးမှာ' တဲ့။ သူ့အမေက မျက်ရည်လည်ရွဲအပြုံးနဲ့ 'ကြည့်စမ်း ကြည့်စမ်း ဖေ–မလေး၊ သိတတ်လိုက်တာ' တဲ့



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ဇူလိုင် ရွှေအမြုတေ ရုပ်ရှင်မဂ္ဂဇင်း အဖုံး

www.burmeseclassic.com

www.burmeseclassic.com

ခေတ်ထဲမှာ သနပ်ခါးကို စွဲစွဲမြဲမြဲ လိမ်းပါတယ်။ ပန်းလည်း ပန်လေ့ရှိပါတယ်။ စိုစိုညိုညို အသားမှာ သနပ်ခါးဝင်းသလို ပန်းရနံ့တွေကလည်း သင်းနေလေ့ရှိပါတယ်။

'ဘယ်ပန်းကို အကြိုက်ဆုံးလဲ' မေးရင်…

'ဖြူပြီး မွှေးတဲ့ပန်း' လို့ မဆိုင်းမတွ ဖြေနိုင်ပါတယ်။ အနက်၊ အဖြူနဲ့ ရှားသွေးရောင် ခြေညှပ်ဖိနပ်ပါးလေးတွေကို စီးလေ့ရှိပါတယ်။ တခြားအရောင်တွေ စီးလေ့မရှိပါဘူး။ ခြေသည်း လက်သည်းတွေက တုံးတုံးတိတိ အရောင်အသွေးမခြယ် ပကတိပါ။

အလှအပနဲ့ ပတ်သက်ပြီး အလေးအနက်မထားပုံက အိမ့်အပြင်ဘက်ရောက်မှ ထူထူထဲထဲ မျက်ခုံးမွေးကြားက သနပ်ခါးကို လက်သည်းနဲ့ ခြစ်ချတတ်ပါတယ်။ ပါးနှစ်ဖက်ပေါ်က သနပ်ခါးကလည်း မခြောက်တခြောက်ပါ။ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ဝန်မလေးသလို၊ ညစာစားပွဲတွေနဲ့ ကြုံကြိုက်လို့ အရက်ဝိုင်းပါတယ်ဆိုရင်လည်း နှစ်ပက်သုံးပက်လောက်ကတော့ အေးအေးဆေးဆေးပါ။

အဲဒီအမျိုးသမီးကို ကိုယ် ခံစားနေမိပါတယ်။ အလှဆုံးခြယ်ပြီး အဆန်းဆုံးဝတ်နေကြတဲ့ မိန်းမတွေထဲမှာ အဲဒီမိန်းမရွယ်ကို စိတ်ဝင်စားနေမိတာပါပဲ။ အခြေတကျတည်ဆောက်ချင်တဲ့ ကိုယ့်အိမ်ထောင်ရေးမှာ ဒီအမျိုးသမီးရဲ့ ရိုးသားပွင့်လင်းမှု၊ ဟန်မဆောင် ပရိယာယ်မရှိမှုတွေကို အလေးပေး စဉ်းစား

ဘဝဆက်တိုင်း<br>
ဘဝဆက်တိုင်း<br>
သူတောင်းစားဘဝ<br>
ရောက်ရပါလို၏။<br>
အခြေအနေမဲ့ဘဝ<br>
ရောက်ရပါလို၏<br>
လို့<br>
ဘယ်သူမှ<br>
ဆုတောင်းဆုယူ<br>
မပြုလောက်ကြပါဘူး<br>
အကြောင်း<br>
ကြောင်းကြောင့်<br>
ဒီဘဝ<br>
ရောက်နေသူတွေကို<br>
ကျွန်မတို့<br>
ကိုယ်ချင်းစာ<br>
ရမှာပါ<br>
လူတစ်ယောက်<br>
အထူးသဖြင့်<br>
ကလေးတစ်ယောက်<br>
ရသင့်ရထိုက်တဲ့<br>
ပညာသင်<br>
အခွင့်အရေးကို<br>
ကျွန်မတို့<br>
လမ်းဖွင့်<br>
ရှာဖွေပေးရမှာပါ

နေမိပါတယ်။

ကိုယ်က မနက်စောစော လမ်းလျှောက်တတ်တယ်။ တစ်ရက်မှာတော့ လမ်းလျှောက်ကအပြန် အဲဒီအမျိုးသမီးရဲ့အိမ်ရှေ့မှာ ရပ်နေမိပါတယ်။ အိမ်ရှေ့လို့ ပြောရမယ့်အစား အခန်းရှေ့လို့ ပြောရမှာပါ။ သုံးခန်းတွဲတန်းလျားလေးတစ်ခုရဲ့ အစွန်ဆုံးအခန်းမှာ နေတာပါ။ နာရီကြည့်လိုက်တော့ မနက်ခုနစ်နာရီတိတိ။ ဘေးနှစ်ခန်းက တံခါးတွေဖွင့်ထားပြီး ဖြစ်ပေမဲ့ အဲဒီအမျိုးသမီးအခန်းက ပိတ်ထားဆဲ။ မိန်းမရွယ်တစ်ယောက်တန်မဲ့ ဒီအချိန်ထိ အိပ်တုန်းလားလို့ ငြိုငြင်မိချင်ချင်ဖြစ်သွားရင်း တံခါးကို နှစ်ချက်သုံးချက် ခပ်ဆတ်ဆတ် ခေါက်လိုက်မိပါတယ်။ အတွင်းက ဘာလှုပ်ရှားသံမှ မကြားရပါဘူး။ နောက်ထပ်တစ်ခါခေါက်လိုက်ပါတယ်။ ဒီတစ်ခါတော့ တော်တော်လေး အသံကျယ်သွားတာမို့ အလယ်ခန်းက မိန်းမတစ်ယောက်ထွက်လာကြည့်ရင်း…

'အိပ်ပျော်နေတုန်းထင်တယ်။ မနေ့ညက အတော်ညဉ့်နက်တဲ့အထိ မီးမပိတ်သေးဘူး၊ စာရေးနေတာနဲ့တူတယ်' လို့ ပြောပါတယ်။ အဲဒီအချိန်မှာပဲ ဂျလောက်ခနဲ မင်းတုပ်ကျသံနဲ့အတူ တံခါးပွင့်လာပါတယ်။

'စောစောစီးစီး ဘာလာလုပ်တာလဲ'

နှုတ်ဆက်မေးခွန်းက မအီမလည်ကြီးပါ။ ပုံစံကလည်း တကယ့်ကို အိပ်မှုန်စုံမွှား။ မိန်းမတစ်ယောက်ရဲ့ အလှဆုံးအချိန်ဟာ မနက်ခင်း အိပ်ရာကထချိန်ဆိုတဲ့ စကားသာ အမှန်ဆိုရင်တော့… အင်း…

တစ်အုပ်တစ်မ တစ်ထွေးကြီး ဆံပင်တွေဟာ ဖွေလျော့ပြေနော့နေပါတယ်။ အပြင်ထွက်ရင် ဘယ်တော့မှ ဝတ်လေ့ဝတ်ထ မရှိတဲ့ ဘလောက်စ်အင်္ကျီလက်ပြတ်ပါးပါးလေးကြောင့် ပခုံးသား၊ လက်မောင်းသား တင်းတင်းလေးတွေကိုတွေ့နေရပါတယ်။

ပျက်တချို့၊ ကွက်တချို့သနပ်ခါးများတင်ကျန်နေတဲ့ မျက်နှာပြင်မှာ မျက်ခုံးထူထူကြီးနှစ်စင်းက အထင်ရှားဆုံးပါ။ နှာတံရိုးပေါ်မှာတော့ မျက်မှန်ဒေါက်ရာ အညိုကွက်လေးနှစ်ခု။ အဲဒါ အလှလား ချစ်ရင်တော့ လှမှာပေါ့။ မချစ်ရင်တော့ စိတ်ပျက်စရာပါပဲ။ ပြောပါပြီကော ပေစုတ်စုတ်ပါလို့။ စိတ်ထဲမှာ လှ မလှ တွေးတောရင်း၊ ချစ် မချစ်ကိုလည်း စဉ်းစားနေမိပါတယ်။

ကိုယ့်ကိုယ်ကို ပြန်ကြည့်တော့ စပို့ရှပ်အဖြူ ဘောင်းဘီအဖြူ၊ ဝေ့ကင်ရှူးအဖြူ၊ မျက်နှာသုတ်ပဝါအသေးစား အဖြူရောင်လေးကို ဘောင်းဘီနောက်အိတ်မှာ တိုးလိုးတွဲလောင်းလေး ထိုးထည့်ထားတော့ အိပ်မှုန်စုံမွှားဖြစ်နေတဲ့ သူ့မျက်လုံးထဲမှာ ဝင်းဦးနဲ့ တူလိုက်တာလို့များ တွေးမိလေမလား အောက်မေ့မိတုန်းရှိသေးရဲ့…

'ပြောလေ၊ စောစော စီးစီး ဘာလာလုပ်တာလဲ'

မပျော့ပျောင်းတဲ့ အသံကို ထပ်ကြားလိုက်ရပြန်ပါတယ်။ သေချာတာကတော့ သူကိုယ့်ကို လုံးဝ မခံစားပါဘူး။ ကျွန်းသားခေါက်တံခါးလေးကို ချပ်ချပ်ရပ်ရပ် [illegible] ရင်း မေးနေတာပါ။

'မနက်ခင်း လမ်းလျှောက်ပြီး အပြန်မှာ လက်ဖက်ရည်အတူသောက်ရအောင် ဝင်ခေါ်တာလေ။ မတွေ့ [illegible] ကြတာလည်း ကြာပြီ မဟုတ်လား'

'ဩော် အဲသလို [illegible] ရတယ်လေ၊ သုံးမိနစ်လောက် [illegible]



www.burmeseclassic.com

www.burmeseclassic.com

မှာထိုင်။ ဒီစာအုပ်ခဏ
နေ'

ခုံပုလေးတစ်လုံးချ၊ စာ
တစ်အုပ် လက်ထဲထိုး
ပေးပြီး နောက်ဖေးခန်း
သုတ်ခနဲ ဝင်သွားပါ
ကိုယ့်မှာသာ အိုးတိုး
တမ်းနဲ့။

စားပွဲဝိုင်းလေးပေါ်မှာ
သက်စ စာရွက်တွေ ပြန့်
နေပါတယ်။ ဖယောင်း
နဲ့ မီးခြစ်က မီးပြတ်ရင်
ဖို့အဆင်သင့်။ ဘေးမှာ
ည်း စာအုပ်တွေက ပုံလို့။
လို ခေါင်းအုံးတစ်လုံးနဲ့
ာင်တစ်ထည်ကလည်း ဖရို
ပါလား။ တန်တော့ မနှေ
ညတ ဒီနားတင် သူ အိပ်
ယ်ထင်ရဲ့။

တွေးနေတုန်းမှာပဲ ပြန်
ထွက်လာတဲ့ အသံကြားလို့
ခေါင်းငုံ့ပြီး စာဖတ်ချင်ဟန်
ဆောင်နေလိုက်ရတယ်။

'မနှေ့ညက မအိပ်ဖြစ်
ဘူး။ မနက်လေးနာရီလောက်
ကျမှ စာတစ်ပုဒ်ပြီးသွား
တယ်။ အဲဒီတော့မှ ဗိုက်ဆာ
မှန်းသိတယ်။ အိမ်မှာလည်း
ကော်ဖီပဲ အဆင်သင့်ရှိတာဆို
တော့ ကော်ဖီထဲ ထမင်းတစ်
ခဲထည့်ပြီး တစ်ပန်းကန်ဖျော်
သောက်ပစ်လိုက်တယ်။ အဲဒီ
နောက် ဒီနားမှာတင် အိပ်
ပျော်သွားတာ၊ အခု ရှင်လာ
နှိုးမှပဲ နိုးတော့တယ်'

ဟင်း… တကယ့်ကို
ပေစုတ်စုတ်ပါပဲ။ မအိပ်ခင်
ခြေလက်ဆေးလို့၊ ဘုရား
ဝတ်ပြုလို့၊ ဘာမှ လုပ်ပုံမရ။

'ဘာလုပ်နေတာလဲ၊
လက်ဖက်ရည်သောက်မှာဆို
သွားမယ်လေ'

'ဪ အင်း'

ရယ်ကျဲကျဲနဲ့ ထိုင်ရာက
ထလိုက်ပါတယ်။ သူကတော့
ကျစ်ဆံမြီး မကျစ်အားဘူး
ထင်ပါရဲ့။ ဘီးကျော်ပတ်ကြီး
ပတ်ထားလိုက်တာ ဆံထုံး
ကြီးကို အယ်နေတာပဲ။ ခါး
တင်အင်္ကျီလေးနဲ့ မာစရိုက်လုံ
ချည်လေးနဲ့၊ ကတ္တီပါဖိနပ်
အနက်လေးနဲ့ တကယ့်ကို
သပ်သပ်ရပ်ရပ်။ သုံးမိနစ်
အပြင်အဆင်ပေါ့လေ။

သူ့အိမ်နဲ့ မနီးမဝေးမှာ
ရှိတဲ့ လက်ဖက်ရည်ဆိုင်ကို
ထွက်ခဲ့ကြတယ်။ ရင်ပေါင်
တန်း လျှောက်တာတောင်
သူက ကိုယ့်လက်ယာဘက်
က၊ လက်ဝဲဘက်မှာမနေ
တတ်တဲ့ မိန်းမတစ်ယောက်
ပါပဲ။ လွယ်နေကျ အိတ်တစ်
လုံးက ပခုံးမှာ တွဲလောင်း။

'အိတ်ကြီးက ထားခဲ့
တာ မဟုတ်ဘူး၊ ခဏတစ်
ဖြုတ်လေးပဲဥစ္စာ' လို့ ပြော
တော့…

'အဟက် ဒီအိတ်ထဲမှာ
မှတ်ပုံတင်၊ သန်းခေါင်စာ
ရင်း၊ အရေးကြီးတဲ့ စာရွက်
စာတမ်း အကုန်ပါတယ်။
စိပ်ပုတီးပါတယ်။ ဓားမြှောင်
ပါတယ်။ မှတ်စုစာအုပ်နဲ့
ဘောပင်ပါတယ်။ သော့တွဲပါ
တယ်။ အပြင်ထွက်လာရင်
အိမ်မှာကျန်ခဲ့တဲ့ ပစ္စည်းတွေ
အတွက် ဘာမှနောက်ဆံ
မတင်းဘူး။ လူပဲခိုးခိုး၊ မီးပဲ
လောင်လောင်၊ ရေပဲမြုပ်မြုပ်၊
မုန်တိုင်းပဲကျကျ ဖြစ်ချင်တာ
ဖြစ်၊ တစ်ခုပဲ စာအုပ်တွေလေ၊
အဲဒါပဲ နှမြောတယ်'

အတွယ်အတာနဲ့
အတွယ်အတာကင်းမဲ့သော
သဘောထားကို အောချခံစား
ရပြန်ပါတယ်။

'လက်ဖက်ရည်တင်
မဟုတ်ဘူးနော်'

'စားပါ၊ ကြိုက်တဲ့မုန့်
စား'

'ဟင့်အင်း ပဲပြုတ်နဲ့
ထမင်းဆီဆမ်း တစ်ပွဲကို
ကြက်ဥကြော်တစ်လုံးနဲ့ စား
ချင်တယ်။ ပြီးမှ လက်ဖက်
ရည်သောက်မယ်။ ပြီး
တော့…'

'ကွမ်းတစ်ယာ မဟုတ်
လား' ဖြတ်မေးလိုက်တော့…

'အဟီး' လို့ ရယ်ပါ
တယ်။ အဲဒီပေစုတ်စုတ်အမျိုး
သမီးနဲ့ အပေါင်းအသင်းလုပ်
ရတာ တကယ့်ကို မလွယ်ပါ
ဘူး။

ပဲပြုတ်နဲ့ ထမင်းဆီဆမ်း
ကို ခေါင်းမဖော်တမ်း အားရ
ပါးရစားနေတာကို အသာ
ကြည့်နေမိပါတယ်။ ထမင်းပူ
ပူ၊ ရေနွေးကြမ်းပူပူတို့ကြောင့်
နဖူးဆံစပ်နဲ့ နှာခေါင်းဖျားမှာ
ချွေးကလေးတွေ စို့နေကြပါ
တယ်။ ထမင်းတစ်ပွဲ ကုန်ခါ
နီးမှာ 'လိုက်ပွဲ' လို့ပြောတော့…

'ဟိုး ဟိုး လုံလောက်
ပြီ' လို့ ပြောပြီး အနားမှာ
အသင့်ရှိနေတဲ့ လက်ဖက်ရည်
ခွက်ကို လှမ်းဆွဲလိုက်ပါ
တယ်။ မျက်နှာပြင်လေး
တင်းနေတဲ့ လက်ဖက်ရည်ကို
တစ်ရှိုက်မက်မက် တစ်ငုံ
သောက်ချလိုက်ပြီး နှုတ်ခမ်း
ကိုလျှာနဲ့ သိမ်းလိုက်ပါတယ်။
ပြီးမှ တစ်ရှူးတစ်စ ဆွဲယူပြီး
ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်
ပါတယ်။ နှုတ်ခမ်းနီဆိုး
မထားတဲ့အတွက် နှုတ်ခမ်းနီ
ပျက်မှာ မစိုးရိမ်ရပါဘူး။

'ဒီရက်ပိုင်း ဘယ်
ပျောက်နေတာလဲ'

စကား စမေးလိုက်

တော့ ရုတ်ခြည်းပဲ ပြန်ဖြေပါ
တယ်။

'မြို့ပြင်က အမှိုက်ပုံ
ကြီးနား သွားနေတာ'

'ဘာ…'

အလန့်တကြား အော်မိ
ပါတယ်။ မြို့အပြင်ဘက်
အစွန်အဖျားမှာ တစ်မြို့လုံးက
စွန့်ပစ်ကြတဲ့ အမှိုက်ပုံကြီးရှိပါ
တယ်။ အဲဒီနားမှာ အိမ်ခြေ
ယာမဲ့ လူတစ်အုပ် တစ်စု နေ
ထိုင်ကြပါတယ်။ သိပ်သန့်တဲ့
နေရာမဟုတ်ပါဘူး။ အဲဒီလို
နေရာမျိုးကို ဘာကိစ္စနဲ့ သွား
ရတာလဲ။ ဒီမိန်းမ ရှုပ်ရှုပ်
ယှက်ယှက်ဆိုတဲ့ စိတ်ထဲက
အတွေးနဲ့ 'ဘာ' လို့ အော်
လိုက်မိတာတောင် မတုန်
မလှုပ်ပါဘူး။

'ဟုတ်တယ်၊ အဲဒီနား
မှာ စာသင်နိုင်တဲ့အရွယ်၊
ကလေးအယောက် နှစ်ဆယ်
လောက်ရှိတယ်။ သူတို့ကို စာ
သွားသင်ပေးတာ။ အရေး၊
အဖတ်၊ အတွက် တတ်အောင်
ပေါ့။ တစ်နှစ်ကြာချင် ကြာ
မယ်၊ နှစ်နှစ်ကြာချင်ကြာ
မယ်။ ကိုယ့်ထမင်းကိုယ်စား၊
ကိုယ့်စက်ဘီး ကိုယ်စီးပြီး
ပညာဒါနသွားပြုနေတာ'

'ခင်ဗျား ရူးနေလား'

'အင်း ဟုတ်ချင်ဟုတ်
ပါလိမ့်မယ်။ ဒါပေမဲ့ ထူးလာ
မယ့် အချက်ကတော့ နောက်
နှစ်နှစ်၊ သုံးနှစ်လောက်ကြာ
ရင် အဲဒီနေရာက ကလေး
တချို့ စာရေးတတ်၊ ဖတ်
တတ်လာလိမ့်မယ်။ စာဖတ်
တတ်လာရင် သူတို့ စာအုပ်
တွေကို ရှာဖွေဖတ်ရင်း ဖတ်
ရင်းနဲ့ သူတို့ဘဝတွေကို သူ
တို့ဘာသာ ပြောင်းလဲလာနိုင်
ပါလိမ့်မယ်'


www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကို စေ့စေ့စိုက်ကြည့်နေတဲ့ မျက်လုံးအစုံဟာ ယုံကြည်ချက် ခိုင်ခိုင်မာမာရှိကြောင်း ဖော်ပြနေသလိုပါပဲ။

'ခင်ဗျား… ဗျာ…'

စိတ်ပျက်စိတ်ကုန် ဖြစ်သွားတဲ့ ကိုယ့်ရဲ့အသံနဲ့ ဟန်ကို သူကတောင် ပြန်ပြီး ပြုံးကြည့်နေလိုက်ပါသေးရဲ့။

'ဘဝဆက်တိုင်း၊ ဘဝဆက်တိုင်း သူတောင်းစားဘဝ ရောက်ရပါလို၏၊ အခြေအနေမဲ့ဘဝ ရောက်ရပါလို၏လို့ ဘယ်သူမှ ဆုတောင်း ဆုယူ မပြုလောက်ကြပါဘူး။ အကြောင်းကြောင်းကြောင့် ဒီဘဝရောက်နေသူတွေကို ကျွန်မတို့ ကိုယ်ချင်းစာရမှာပါ။ လူတစ်ယောက် အထူးသဖြင့် ကလေးတစ်ယောက် ရသင့်ရထိုက်တဲ့ ပညာသင်အခွင့်အရေးကို ကျွန်မတို့ လမ်းဖွင့်ရှာဖွေပေးရမှာပါ။ အဲဒါအတွက် ကျွန်မတတ်စွမ်းသမျှ လုပ်ပေးနေတာပါပဲ'

'ဟူး…'

သက်ပြင်းချပြလည်း သူ ဂရုမစိုက်။

'သိပ်စိတ်ဝင်စားဖို့ကောင်းတာပဲ။ မိဘနဲ့သားသမီး ချစ်ခြင်းမေတ္တာ၊ မိဘကျေးဇူးဆပ်ဖို့ သားသမီးရဲ့ မျှော်မှန်းချက်။ အဲဒါတွေ သံစဉ်လွဲနေကြတယ်။ အဲဒါကို အမှတ်မထင် ရင်နင့်အောင် ခံစားတွေ့ရှိ ကြားသိလိုက်ရတယ်။ မြို့ပြင်က အုပ်စုထဲမှာ အနာကြီးရောဂါသည် လင်မယားနှစ်ယောက်ရှိတယ်။ သူတို့မှာ ကလေးနှစ်ယောက်လည်းရှိတယ်။ အကြီးမလေးက ကျောင်းထားရမယ့် အရွယ်ရောက်နေပြီ။ တစ်နေ့တော့ သူ့အမေက သူတောင်းရမ်းယူလာတဲ့ မုန့်တွေကို ချကျွေးတယ်။ ကလေးမလေးက ထိုင်ပြီး မြိန်ရေရှက်ရေစားနေတော့ သူ့အမေက အငယ်ကောင်ကို ခွံ့ကျွေးနေရင်း ပြုံးပြီး ကြည့်နေတယ်။ စားပြီး ခဏနေတော့ ကောင်မလေးက သူ့အမေခေါင်းကို သန်းရှာပေးတယ်။ တွတ်တီးတွတ်တာလည်း ပြောနေတယ်။ သဘောကတော့ တောင်းရမ်းပြီး မောပန်းပြန်လာတဲ့ အမေ့ကို ဝတ်ကြီးဝတ်ငယ် ပြုစုတာပေါ့လေ။ အဲဒီအချိန်မှာပဲ သူဟာ သူ့အမေရဲ့ ပါးကို နောက်ကနေ သိုင်းဖက်နမ်းရင်း ပြောလိုက်တယ်။ 'အမေ သမီးကြီးလာရင် ပိုက်ဆံလိုက်တောင်းပြီး အမေ့ကိုလုပ်ကျွေးမှာ'တဲ့။ သူ့အမေက မျက်ရည်လည်ရွဲအပြုံးနဲ့ 'ကြည့်စမ်း ကြည့်စမ်း ဖေ–မလေး၊ သိတတ်လိုက်တာ' တဲ့။ ကျွန်မလေ…။

'သူတို့ လူနေမှုစရိုက်နဲ့ ဘဝအခြေအနေ၊ အဲဒီဘဝအလိုက် မိဘနဲ့ သားသမီးကြား ချစ်ခြင်းမေတ္တာပြဆိုပုံ၊ အဲဒီဘဝထဲက သမီးတစ်ယောက်ရဲ့ ရှေ့မျှော်မှန်းချက်၊ အဲဒါတွေကို တွေးမိပြီး ကျွန်မရင်ထဲမှာ ကျဉ်ခနဲ နာသွားရတယ်။ အဲဒီဝေဒနာ အတွေးကို ကျွန်မ စာမဖွဲ့တတ်ဘူး။ သံစဉ်တွေ လွဲနေပြီဆိုတာတော့ ရှင်းရှင်းကြီးသိတယ်။ ဒါနဲ့ပဲ သူတို့ဘဝကို ပညာနဲ့ မြှင့်တင်ပေးမယ်လို့ ဆုံးဖြတ်ပြီး စာသွားသင်တာ။

'ကျွန်မကျောင်းလေးက အရိပ်ကောင်းတဲ့ သစ်ပင်ကြီးအောက်က မြေတလင်းပြင်ကလေးပါပဲ။ စာအုပ်၊ ခဲတံ၊ ပေတံ၊ ခဲဖျက်…အဲဒါတွေ ကျွန်မဝယ်ပေးတယ်။ စာတွေသင်ပေးတယ်။ ကဗျာတွေ သင်ပေးတယ်။ ကမ္ဘာကြီးအကြောင်း ပြောပြတယ်။ ပုံပြင်တွေ ပြောပြတယ်။ သူတို့ရဲ့ အလုပ်ချိန်…အဲလေ တောင်းရမ်းရမယ့် အချိန်နဲ့ မတိုက်ဆိုင်နိုင်အောင် အချိန်ရွေးရတယ်။ ကျွန်မ သေသေချာချာ ပြောနိုင်တာတစ်ခုက ဘယ်မိဘမှ ကိုယ့်သားသမီးကို မိမွေဖမွေအဖြစ် သူတောင်းစားဘဝကို ပေးချင်ကြမှာ မဟုတ်ဘူး ဆိုတာပါပဲ။ ဒါ့ကြောင့် ကျွန်မကို သူတို့ လိုလိုလားလား ကြိုဆိုကြပါတယ်။ စိတ်မပူပါနဲ့'

စကားရှည်ကြီး ပြောပြီး လက်ကျန်လက်ဖက်ရည်ကို ဥတ်ခနဲ မော့ချလိုက်ပါတယ်။ လက်ဖက်ရည်ဆိုင်နဲ့ တစ်ဆက်တည်းရှိတဲ့ ကွမ်းယာဆိုင်က လာပို့ထားတဲ့ ကွမ်းထုပ်ကို ဖွင့်ပြီး ကွမ်းတစ်ယာငုံလိုက်ပါတယ်။ စီစီရီရီရှိတဲ့ သွားလေးတွေဟာ ကွမ်းမစားဘဲနေရင် ပိုပြီး လှနေမှာပါပဲ။

'သူတို့ထဲမှာ ခေါင်းဆောင်ဖြစ်တဲ့ ဘကြီးအမည်က ဦးသာစိန် တဲ့။ နှာနုရိုးကျိုးနေတယ်။ ခြေထောက်တစ်ဖက်က ပတ်တီးကြီးနဲ့၊ ချိုင်းထောက် ထောက်ပြီး သွားရတယ်။ တစ်ခါတလေ ကျွန်မပြန်ချိန် နောက်ကျသွားရင် မြို့ထဲအထိ လိုက်ပို့ဖို့ အဘက လူသုံးယောက်ထည့်ပေးတယ်။ ကျွန်မက စက်ဘီးကို ဖြည်းဖြည်းမှန်မှန်စီး၊ လူသုံးယောက်ထဲမှာ ရှေ့ကကြိုသွားနှင့်တာက တစ်ယောက်၊ အလယ်ကတစ်ယောက်၊ နောက်ဆုံးက တစ်ယောက် ညှပ်ပြီး မသိမသာခပ်ခွာခွာလိုက်ပို့တာ။ အောင်မာ… အမည်ကျော်တွေမှ ဘော်ဒီဂတ်ရှိတာ မဟုတ်ဘူးနော်၊ ကျွန်မမှာလည်း ဘော်ဒီဂတ်နဲ့ သိလား…ဟား…ဟား ဟား…'

မိန်းမဆန်စွာ အားရပါးရရယ်လိုက်တဲ့အတွက် လျှံထွက်ကျလုဆဲဆဲ ကွမ်းသွေးတွေကို ကပျာကယာ လက်နဲ့ ပင့်ထိန်းလိုက်ရပါတယ်။

'ဟူး…'

သက်ပြင်းချမိရင်း ချနေမိတော့တာပါပဲ။

'သူတို့ နေထိုင်မကောင်းဖြစ်ရင် သိပ်သနားဖို့ ကောင်းတာပဲ။ ဆေးရုံက အဝေးကြီးမှာ။ ဆေးခန်းတွေကလည်း လက်မခံချင်ကြဘူး။ ဆေးဆိုင်ကဆေးတွေကိုပဲ မှန်းရမ်းဝယ်သောက်ကြရတယ်။ ဒါ့ကြောင့် ပညာအလှူ၊ ဆေးအလှူပေါ့ မကောင်းဘူးလား။ ဝါသနာပါရင် ဆေးလိုက်ကုလို့ရတယ်နော်'

သူ့စကားက ဆရာဝန်တစ်ယောက် ဖြစ်နေတဲ့ ကိုယ့်ကို မလုံမလဲ ခံစားရစေပါတယ်။ ဒါပေမဲ့ သဒ္ဓါစိတ်တော့ ပေါက်မိသလိုလိုပါ။ တကယ့် သဒ္ဓါစိတ်လား၊ သူ့ကို စိတ်မချလို့ လိုက်စောင့်ရှောက်ပေးချင်စိတ်လား ဆိုတာတော့ သိပ်မကွဲပြား



www.burmeseclassic.com

www.burmeseclassic.com

...ပါဘူး။

'ဟိုး အရင်ခေတ်က ...ရိုတန် ၇ တန်းအောင် ...ဆိုတဲ့ ဘွားဘွားတစ် ...ကလည်းရှိတယ်။ စိတ် ...ကောင်းနှလုံးကောင်း ရှိရှာပါ ...။ သူက တစ်ဖွဲ့လုံး ...ကောင်းရမ်းထွက်တဲ့အချိန်မှာ ...ကောင့်တာဝန် ယူရတယ်။ ...ကြောင့် ကြက်နှင်ပေါ့။ သူ့ ...အလုပ်ချိန်က ညနေ ၄ နာရီ ...လောက်တဲ့အချိန်ကျမှ ...။ တခြားသူ ဟုတ်ရိုး ...။ ရှင့် ဆေးခန်းဘေးနား ... ပုဆစ်တုပ်လေးထိုင်ပြီး ...စိပ်ရင်း တောင်းနေတဲ့ ...သွားပေါ့။ မျက်စိထဲ ပေါ် ...လား'

'အင်း အင်း အင်း'

သူပြောမှ မျက်လုံးထဲ ...ယောင်လာပါတော့တယ်။ ...ဖြားဖြားဝပ်လေးထိုင်ပြီး ...ရေးစာတွေ ရွတ်နေတတ် ...သော အဘွားကြီးတစ် ...ယောက်၊ သံပရာသီးလုံးခန့် ...ဆံထုံးလေးက ထိပ်တည့် ...တည့်မှာ။ သမံတလင်းပေါ် ...ကြာကြာထိုင်ရင် ကုပ်ချည့် ...သွားမှာ တွေးပူနေမိရင်း တစ် ... နှစ်ရာ၊ သုံးရာ မှန်မှန် ...လှူငွေ ထည့်ပေးခဲ့စမြဲ။

'ကလေးတွေကို အစ ... ရိုင်းတယ်လို့ ထင်ခဲ့မိ ...တယ်။ ဒါပေမဲ့ မဟုတ်ဘူး။ သိမ်ငယ်စရာကောင်းတဲ့ သူ တို့ဘဝကို မာနနဲ့ အစားထိုး ထားကြတာ။ ပြည်သူ့နီတိနဲ့ လည်း ဝေးတယ်။ သမားရိုး ကျ ပတ်ဝန်းကျင်နဲ့လည်း ကွာလှမ်းတယ်။ ဒါနဲ့ပဲ သူတို့ ဒီလိုဖြစ်နေကြတာ။ ကျွန်မတို့ တတ်စွမ်းသမျှ ဖေးမကူညီ ရမှာပဲ။ သူတို့မိဘတွေ အတွက် အလုပ်အကိုင် အခွင့် အလမ်း၊ စားဝတ်နေရေး၊ အဲဒီ အထိတော့ ကျွန်မ မစွမ်း ဆောင်နိုင်သေးဘူး။ လော လောဆယ်မှာ ကလေးတွေ စာတတ်ဖို့တော့ ကျွန်မလုပ်နေ ပြီ။ ကျန်းမာရေးနဲ့ ပတ်သက် လို့ ရုံဖန်ရံခါမှာ ရှင့်အကူအညီ လိုလာလိမ့်မယ်ထင်ပါတယ်။ အဲဒီအခါမှာ ရှင် ကျွန်မကို ကူညီနိုင်မလား၊ ဟင်...'

တော်တော် အဖြေရ ကျပ်တဲ့ မေးခွန်းပါပဲ။

'ကျွန်မလို နေ့တိုင်းသွား ပေးဖို့ မဟုတ်ပါဘူး။ တစ် ပတ်၊နှစ်ပတ် တစ်ခါလောက် ပေါ့။ ဖျားနာတဲ့လူ၊ အနာ ပေါက်တဲ့လူ၊ အဲဒါမျိုးရှိလာ ရင် ကျွန်မက ဘယ်နေ့မှာ ဆရာဝန်လာမယ် ဆိုတာမျိုး ပြောထားမယ်လေ။ ကျေးဇူး ပြုပြီး ကျွန်မကို ကူညီပါ'

မျှော်လင့်ချက်နဲ့ တောက်ပြောင်နေတဲ့ မျက်ဝန်း နက်တစ်စုံကို စူးစိုက်ကြည့်နေ မိပါတော့တယ်။ တိတိကျကျ ခံစားနေရတာတစ်ခုကတော့ ဒီမိန်းမအပေါ် အရင်လို သရိုး သရီစိတ်တွေထက် လေးစား စိတ်တွေ၊ ကြည်ညိုစိတ်တွေ ဖြစ်ထွန်းနေမိတာပါပဲ။

'မနက်ခင်း၊ ညနေနဲ့ ည ပိုင်းက ဆေးခန်းထိုင်၊ နေ့လယ်က ဆေးရုံ။ နှစ်ဆယ့် လေးနာရီ ဂျူတီရှိနေတာက ဆရာဝန်အလုပ်ပဲလို့ ပြောပြီး အချိန်အားမရှိဘူးလို့တော့ မငြင်းလိုက်ပါနဲ့။ လုပ်ရမယ့် အလုပ်တွေကို ခဏမေ့ထား လိုက်နိုင်တဲ့ အချိန်လေးဟာ လူတစ်ယောက်အတွက် အား လပ်ချိန်ပါပဲ။ အချိန်တွေဟာ ကျွန်မတို့အတွက် အဲသ လောက်တန်ဖိုး ရှိပါတယ်။ သူတို့အတွက် ခဏလေးတော့ မအားအားအောင် လုပ်ပေးပါ လို့ တောင်းဆိုချင်ပါတယ် ပလိစ်'

ရင်ဘတ်ထဲထိ ထိုး ဖောက်သိမြင်ထားသလို ပြောနေတဲ့ စကားတွေပါပဲ။ ထဘီစစ်စစ်ဝတ်တာ၊ သနပ် ခါးလိမ်းပြီး ပန်းပန်တာက လွဲရင် တစ်စက်ကမှ မိန်းမ မဆန်တဲ့ ဒီမိန်းမကို ကိုယ် မလွန်ဆန်နိုင်သလို ဖြစ်နေရ ပါတယ်။

'ကောင်းပြီလေ၊ ကိုယ် ဂျူတီအောဖ်ဖြစ်တဲ့ အချိန် လေးတွေထဲက ကြိဖန်ပြီး အချိန်ဖွဲ့ပေးပါ့မယ်။ တစ်ခု တော့ရှိတယ်။ ကိုယ် အဲဒီနေ ရာကိုသွားတဲ့အခါ ကိုယ့်ကား နဲ့ ခင်ဗျားအတူလိုက်ရမယ်'

'ဟင့်အင်း... မလိုက် ဘူး၊ မစီးနိုင်ဘူး'

ပြတ်ပြတ်သားသား ငြင်းဆန်ပါတယ်ခင်ဗျာ။ ပြီး တော့...

'ဘဝချင်း ကွာခြား ချက်ကို ပြက်ပြက်ထင်ထင် မပြချင်ပါနဲ့။ သူတို့ ဂုဏ်ယူ အားကျလိမ့်မယ်ထင်သလား။ သူတို့ သိမ်ငယ်သွားကြလိမ့် မယ်၊ အားငယ်သွားကြလိမ့် မယ်။ တစ်သားတည်းနေပြမှ သူတို့စိတ်ကို ဆုပ်ကိုင်နိုင်မှာ ပါ။ ဒါ့ကြောင့် ကျွန်မ စက် ဘီးကို ရှင်က ရှေ့က နင်း၊ ကျွန်မက ဆေးအိတ်ကိုင်ပြီး နောက်က လိုက်စီးမယ် ဘယ့်နှယ်လဲ'

ညာဘက် မျက်ခုံးထူထူ ကြီးတစ်စင်းကို ဆတ်ခနဲ ပင့် ချီမေးမြန်းလိုက်ပုံကိုပဲ တမေ့ တမော ငေးကြည့်နေမိပါ တော့တယ်။

ဒီမိန်းမရဲ့ ရင်ထဲမှာ ကိုယ်လိုချင်တဲ့ အချစ်မရှိတာ ကို အထင်းသား တွေ့မြင်နေ ရပါတယ်။ ဒီမိန်းမရဲ့ ဘဝမှာ အဲဒီလို အချစ်အတွက် အချိန် မရှိတာကိုလည်း အတိုင်း သား သိမြင်သွားရပါတယ်။ ဒီမိန်းမဟာ ဘဝများစွာတို့ရဲ့ ဟာကွက်နေရာတွေမှာ မေတ္တာတရားတွေနဲ့ ဖြည့်စွက် နေချင်တဲ့ မိန်းမတစ်ယောက် သာ ဖြစ်နေပါတော့တယ်။ ဒီလို မိန်းမမျိုးဟာ ဇနီး မယားတစ်ယောက် ဘဝမျိုး မှာ ပျော်မွေ့တတ်မှာ မဟုတ် ပါဘူး။

'ဒီ့ထက် ကျယ်ပြန့်လာ အောင် ကျွန်မ ကြိုးစားရဦး မှာပါ။ ကျွန်မနဲ့ ရှင် နှစ် ယောက်တည်း မနိုင်နင်းတဲ့ အခါ အဖွဲ့အစည်းတစ်ခု ဖေကန်ပေါ်ပေါက်လာမှာပါပဲ။

ဒါဆိုရင်...ဒီ့ထက် ဒီ့ထက်ပိုပြီး လုပ်ဆောင်နိုင် ပြီပေါ့၊ မကောင်းဘူးလား၊ ဟုတ်တယ်နော်'

'ကောင်းပါ့ဗျား၊ ဟုတ် ပါ့ဗျား'

ထွေငေါ့ခြင်းမဟုတ် ဘဲ တကယ့်ကို လှိုက်လှဲခြင်း များစွာနဲ့ ထောက်ခံလိုက်မိပါ တယ်။ ရင်ထဲမှာလည်း ရှင်း ခနဲ၊ လင်းခနဲ ဖြစ်သွားရပါ တယ်။

သေချာတာ တစ်ခုက တော့...

ဒီမိန်းမကို စိတ်နဲ့တောင် မပြစ်မှားရက်တော့တဲ့အထိ လေးစားမြတ်နိုး ချစ်ခင်သွား မိရခြင်းပဲ ဖြစ်ပါတော့တယ်။

■

**မကျည်းတန်၊လှိုင်တော်**



www.burmeseclassic.com

www.burmeseclassic.com

အငြိမ်းပွားဖွယ်ဖြစ်တဲ့
စန္ဒရား ကိုလှထွတ်နဲ့
မာမာအေးတို့ရဲ့
လက်ဝဲသုန္ဒရ
အသံသွင်းခွေ
ထွက်လာတဲ့အခါ
မြို့မကာ ဆိုနေကျ
ကြားနေကျ
လက်ဝဲသုန္ဒရနဲ့
စာသားကွဲလွဲမှု
တေးသွားကွဲလွဲမှုတွေ
ရှိလာတော့
ပရိသတ် ဇဝေဇဝါ
နားမလည်ဘဲ
ဖြစ်ခဲ့ကြတယ်




www.burmeseclassic.com

www.burmeseclassic.com

လက်ဝဲသုန္ဒရရဲ့ မဲဇာရွှေလီဟာ
သီချင်းရေးသူ မြို့မငြိမ်းရဲ့
ကိုယ်တိုင်ရေး မူရင်း
လက်ရေးမှာကိုက နှစ်ခုလုံးရဲ့
စာသားတွေ ရောထွေး
တွေ့ရပါတယ်။ ဒီမူရင်းစာသားကို
လှထုဒေါ်အမာရဲ့ **ပြည်သူချစ်သော**
**အနုပညာသည်များ** စာအုပ်မှာ
မြို့မငြိမ်း၏ မင်းလက်ဝဲသုန္ဒရ
လက်ရေးမူဆိုပြီး တွေ့ရပါတယ်။
စာရေးသူ လှထုဒေါ်အမာရဲ့
အယူအဆ တစ်စွန်းတစ်စကိုလည်း
ဖော်ပြထားပါတယ်။
ကျွန်တော့်အစ်ကိုသန်းအောင်ခိုင်ရဲ့

# လက်ဝဲသုန္ဒရ၊
# မဲဇာရွှေလီနှင့်အောက်ခက်စကြာ
## ကိုရှန်းမြိုင်(မြို့မ)



**မြို့မငြိမ်းနှင့် သူ့အနုပညာ**
စာအုပ်မှာတော့ လက်ဝဲသုန္ဒရ
သီချင်းကို စာမျက်နှာ ၂၉၉ မှာ
ဖော်ပြပါရှိပါတယ်။
ဒီသီချင်းရဲ့အောက်မှာ လက်ဝဲသုန္ဒရ
သီချင်းအတွက် မူကွဲမရှိ ဆိုပြီး
မှတ်ချက်ပြုထားပါတယ်။
ဒီစာအုပ်များရဲ့ စာမျက်နှာတွေဟာ
လက်ရှိအခိုင်အမာ ရှိပြီးသားမို့
နှစ်ခုလုံးကို လက်ခံထားကြရမယ်။



www.burmeseclassic.com

www.burmeseclassic.com

အယူအဆ ကွဲလွဲနေတာတော့ အမှန်ပဲ။ ပြဿနာတော့ ပြဿနာပဲ။ ကျွန်တော် ဂီတလိုက်စားမှု၊ လေ့လာမှုနှစ်ဦးက ဒီလို ကိစ္စတွေကို အလေးအနက် သိပ်မထား တတ်ဘူး။

အထက်ပါ ခေါင်းစီးအောက်မှာပဲ သီးသန့်ပိုင်းခြားပြီး စာရေးသူ အတွေ့ အကြုံ အယူအဆကို တင်ပြပါ့မယ်။ ဒါက အမှန်ပဲဆိုတာမျိုး မဟုတ်ပါဘူး။ စာဖတ်သူများရဲ့ ကိုယ်ပိုင်အယူအဆနဲ့ ဖြစ်နိုင်ခြေများကို စဉ်းစားရင်း လွတ်လွတ်လပ်လပ် တွေးခေါ် နားလည်ကြ ဖို့ပါပဲ။

တကယ်တော့ လူထုဒေါ်အမာရဲ့ **ပြည်သူချစ်သော အနုပညာသည်များ** ထဲက မြို့မငြိမ်းရဲ့ မင်းလက်ဝဲသုန္ဒရ လက်ရေးမူဆိုတာဟာ မြို့မငြိမ်းရဲ့ လက် ရေးမူအစစ် ဖြစ်ပါတယ်။ ဒီစာသား သက်သေများဟာ လက်ဝဲသုန္ဒရကို ပြဿနာလို့ ထင်ရလောက်အောင် ရှုပ် ထွေးစေသလို သက်သေခံအဖြစ်လည်း ရှင်းလင်းအဖြေပေးပြီးပြီလို့လည်း စာရေးသူ ထင်ပါတယ်။ မြို့မငြိမ်းရဲ့ သီချင်းရေးသားမှု၊ ရေးပေးမှု အလေ့ အထကို နားလည်ရင် ပိုပြီးတောင် ရှင်း သွားပါမယ်။

မြို့မငြိမ်းဟာ စစ်ကြိုခေတ် မတိုင် မီကတည်းက ဓာတ်ပြားလောကစာရင်း ဝင် ဂီတစာဆိုတစ်ယောက် ဖြစ်ခဲ့တယ်။ ဒီထက် အခြေခံကျတာက မြို့မတူရိယာ အသင်းကြီးရဲ့ ပင်တိုင်သီချင်းရေးသူ တစ်ဦးလည်းဖြစ်တယ်။ စီးပွားရေး ဓာတ်ပြားလုပ်ငန်းရှင်များနဲ့ အကြောင်းသင့်ရင် ရေးပေးခဲ့တဲ့ ဓာတ်ပြားသီချင်းများ ရှိသလို သူ့မြို့မအသင်းအတွက်လည်း ပွဲနေပွဲထိုင်၊ ကြည့်ချင်ပွဲများအတွက် စဉ်းစား ရေးသားပေးရတာမျိုးလည်း ရှိတယ်။

လူထုဒေါ်အမာရဲ့ **ပြည်သူချစ်သော အနုပညာသည်** စာအုပ်ထဲက မြို့မငြိမ်းရဲ့ လက်ရေးမူရင်းဆိုတာ အထက်ပါ အယူအဆကို အပြည့်အဝ ထောက်ခံနေသလိုပါပဲ။ အငြင်းပွားဖွယ်ဖြစ်တဲ့ စန္ဒရား ကိုလှထွတ်နဲ့ မာမာအေးတို့ရဲ့ လက်ဝဲသုန္ဒရ အသံသွင်း ခွေထွက်လာတဲ့အခါ မြို့မက ဆိုနေကျ၊ ကြားနေကျ လက်ဝဲသုန္ဒရနဲ့ စာသားကွဲလွဲမှု တေးသွားကွဲလွဲမှုတွေ ရှိလာတော့ ပရိသတ် ဇဝေဇဝါ နားမလည်ဘဲ ဖြစ်ခဲ့ကြတယ်။

ကျွန်တော့် အတွေ့အကြုံလေးတွေ တင်ပြပါရစေ။ ဒီဇဝေဇဝါ နားမလည် ဖြစ်ကြရတဲ့အထဲမှာ မြို့မငြိမ်းရဲ့လက်ရင်းတပည့်ကြီးများဖြစ်တဲ့ မြို့မစင်ပေါ်မှာ ဒီသီချင်းဆိုနေဆဲဖြစ်တဲ့ ဦးသိန်းတန်၊ ဦးဖူးအုံ့တို့တောင် ပါနေပါတယ်။ မြို့မငြိမ်းသား ဖြစ်တဲ့ ကျွန်တော့်ကို 'အဲဒါ …ဘယ်လိုလဲ မောင်ရွှန်း' လို့ အမေးခံခဲ့ရဖူးတယ်။ အဲဒီအချိန်က ကျွန်တော် ဂီတသက်နုသေးတော့ ကျွန်တော့်အဖြေ ကျေနပ်ဖွယ်မရှိ မရေလည်ခဲ့ဘူး။ ပြီးတော့ တစ်ခါက မြို့မစီးရီး ရန်ကုန်ကို သွားသွင်းရင်း တေးဥယျာဉ် အသံသွင်း စတူဒီယိုမှာ ဂီတစာဆို ကိုလေးလွင်နဲ့တွေ့တော့လည်း အမေးခံရဖူးတယ်။ 'ကိုရွှန်း…ကိုလှထွတ် လက်ဝဲသုန္ဒရကြီးက ဘယ်လိုလဲ' တဲ့။ ကျွန်တော်မှတ်မိ သလောက် အဲဒီတုန်းက ကျွန်တော့်တုံ့ပြန်မှုက 'ကိုလှထွတ်လည်း ပစ်စလက်ခတ် လုပ်တတ်တဲ့သူ မဟုတ်ပါဘူး။ စည်းကမ်းစနစ်ကြီးသူပါ၊ တစ်ခုခု အခိုင်အမာရှိပါ လိမ့်မယ်' လို့ အဖြေပေးခဲ့ဖူးတယ်။

ဒီတော့ ပရိသတ် နားမလည်နိုင်အောင်ဖြစ်နေတဲ့ကိစ္စကို သီချင်းရှင် မြို့မငြိမ်းရဲ့ မျိုးဆက် ကျွန်တော်အတွေ့အကြုံ အယူအဆလေးတွေနဲ့ တင်ပြဆွေးနွေးပါမယ်။ အဆုံးအဖြတ်ပေးတာ ပေးမှာမဟုတ်ပါဘူး။ မြို့မရဲ့ လက်ဝဲသုန္ဒရကတော့ မြို့မထဲ အရင်းခံ ဖြစ်ပါလိမ့်မယ်။ ၁၉၆၀ ခုနှစ် ပတ်ဝန်းကျင်လောက်က ကျွန်တော်တို့ မိသားစုနေထိုင်ရာ မန္တလေးမြို့ ၂၈ လမ်း၊ ၈၀ နဲ့ ၈၁ လမ်းကြား တရုတ်တန်းအိမ် ကျွန်တော်နေတဲ့ နောက်ဖေးအိမ် လေးမှာ စန္ဒရားတစ်လုံး ရှိပါ တယ်။ ဓားတန်း ဦးသန့်ရဲ့ စန္ဒရားပါ။ မြို့မငြိမ်းကတော့ ကျွန်တော်တို့အမေ ဒေါ်သန်း အကူအညီတောင်းခံမှုနဲ့ မြို့မ ငြိမ်းသီချင်းများ ရှာဖွေတီးခတ် စုဆောင်း၊ အသံသွင်းယူ စန္ဒရား သိမ်းမောင်လည်းတီး ပို့ခဲ့ဖူးပါတယ်။ စန္ဒရားလေး တော့ မြို့မအသင်း အစောဆုံး စန္ဒရားဆရာကြီး ဦးဘဒင်(မြို့မဥက္ကဋ္ဌလည်း လုပ်ခဲ့ဖူးပါတယ်)နဲ့ သမီးမအေးမိ လည်း ရောက်ကြတယ်။ မအေးမိက အဆို၊ ဦးဘဒင် အတီးနဲ့ မှတ်မိသလောက် မန္တာလီ သီချင်းရဲ့ အဆိုအတီးကို စတင်ကြားဖူးပါတယ်။ ဒီမတိုင်ခင်ကတော့ ဒီသီချင်း ကို ဦးသိန်းတန်ရဲ့ မူးတူးတူး ရီဝေဝေ မိန်းမဆိုပေါက်နဲ့ လက်ဖျောက်ကလေး စည်းလိုက်ရင်း အဆိုသက်သက် ကြားဖူးတယ်။

ဒီခေါင်းစီးရဲ့အောက်မှာ သက်ဆိုင်တဲ့အချက်ကို ပြောချင်တာတစ်ခုအတွက် အဲဒီအချိန်ဆီ ကျွန်တော် အတွေးရောက်သွားပါတယ်။ ကျွန်တော့်အိမ်ခန်းလေးထဲ စန္ဒရားမှာ ဦးလေးဒင်၊ လေးသိမ်း (စန္ဒရား ကိုသိမ်းမောင်)အပြင် ကိုအေးမောင်

လူထုဒေါ်အမာရဲ့ ပြည်သူချစ်သော အနုပညာသည်များ ထဲက မြို့မငြိမ်းရဲ့ မင်းလက်ဝဲသုန္ဒရ လက်ရေးမူဆိုတာဟာ မြို့မငြိမ်းရဲ့လက်ရေးမူအစစ် ဖြစ်ပါတယ်။ ဒီစာသား သက်သေများဟာ လက်ဝဲသုန္ဒရကို ပြဿနာလို့ ထင်ရလောက်အောင် ရှုပ်ထွေးစေသလို သက်သေခံအဖြစ်လည်း ရှင်းလင်းအဖြေပေးပြီးပြီလို့လည်း စာရေးသူ ထင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အခေါ် ရွှဲအေးမောင်(မျက်စိတစ်ဖက် သာမန်မဟုတ်ဘဲ ချို့ငဲ့နေလို့) ကိုလည်း ပြန်လည် မြင်ယောင်မိပါတယ်။ သူ့ကို အဓိကထားပြောမှာပါ။ ကိုအေးမောင်ဟာ မြို့မငြိမ်း စန္ဒရား လက်ထပ်သင်ပေးခဲ့တဲ့ တပည့်ရင်း၊ ဆရာရင်းပါ။ ဉာဏ်ကောင်းထက်မြက်တယ်။ အနုပညာဇ အားကောင်းတယ်။ မြို့မငြိမ်းရဲ့ စန္ဒရားအတ်စွဲလည်း ဖြစ်ပါတယ်။ မြန်မာသီချင်းကြီး၊ သီချင်းခံ အခြေခံကောင်းကောင်းနဲ့ နိုင်ခြား စန္ဒရားကျူတာ စာအုပ်များကို ပြီးပြီးပြတ်ပြတ် တီးခဲ့သူပါ။ သူတို့ခေတ်ကခေတ်ဟန်၊ ဗိုလ်ဟန် တေးသွားများကို Left Hand Accompaniment ဘယ်လက်အတွဲအဖက်မှန်မှန် Bass, Rhythm, Chord တွေပေးပြီး တီးခတ်လေ့ရှိပါတယ်။ အဲဒီခေတ်က အနောက်တိုင်းဂီတ ၁၉၃၀-၁၉၃၅ ခုနှစ် ပတ်ဝန်းကျင်ရဲ့ ကူးစက်လွှမ်းမိုးမှု အငွေ့အသက်ပါ Fox Trot နဲ့ Jazz စတိုင် တီးခတ်မှုတွေပါ။ ကျွန်တော်တို့နိုင်ငံခေတ်ဟောင်းခေတ်ပြားလောကမှာ ဆရာ အေဝမ်းခင်မောင် အများဆုံး တီးခတ်ခဲ့ပါတယ်။

ကိုအေးမောင်ကို သတိရတာက သူနဲ့ပတ်သက်တဲ့ သီချင်းတစ်ပုဒ်ကြောင့်ပါ။ ကျွန်တော့်အခန်းက စန္ဒရားမှာ စုပေါင်း ဆိုတီးဖြစ်ခဲ့ကြတဲ့ သီချင်းတွေကို Tape (တိပ်ခွေ)နဲ့ အသံသွင်းခဲ့ကြတယ်။ မေရှင် မူရင်းဆိုတဲ့ 'မင်္ဂလာမောင်မယ်' ကို အုပ်ကြီး(ဒါရိုက်တာ ဝင်းဖေ)ရဲ့ ညြဇာမြောက်တဲ့ အသံဝါဝါကြီးနဲ့ဆိုတဲ့ အခံ့အညား *မင်္ဂလာမောင်မယ်* သီချင်းလည်းပါတယ်။ မြို့မငြိမ်း သမီးလတ် ကျွန်တော့်အစ်မ အစ်မအေးက *ဖို့မှတ်တမ်း* ဆိုတယ်။ *ချစ်လွန်းတင်* ဆိုတယ်။ ဆေးကိုသန်းမောင်က *မေတ္တာ ဓာရေ* နဲ့ *နှယ်စီမ်း* ဆိုတယ်။ အတော်ကောင်းတယ်။ မြို့မက ဆိုက်ဆိုဖုန်း တူရိယာ တီးသူဖြစ်ပြီး ဂီတကို အခြေခံတကျ နားလည်တော့ အသံလည်းသိ၊ မြို့မကမို့ မြို့ဟန်လည်း သိသူပါ။ ဒိုးတီး ကိုထွန်းရင်တို့၊ ဖွေးလက် ကိုဗစိန်တို့၊ ကိုညွန့်ဝေတို့၊ (ရွှေ)ကိုသန်းမောင်တို့လည်း မြို့မငြိမ်းနဲ့ မြို့မ လက်ထွက်များဖြစ်ကြလို့ ဒီသီချင်းများ ဆိုရာမှာ သူ့အသံ၊ သူ့ဆိုဟန်နဲ့ ကောင်းကြတာချည်းပါပဲ။ မဆီမဆိုင် အဆစ်အနေနဲ့ ပျော်ဘူလာက မန္တလေးကို ရောက်နေတဲ့ မြို့မငြိမ်းတူမ ကျွန်တော့်ဇနီး မြမြ(မြမြမိုး)လည်း ကိုဘိုခင်ရဲ့ *၅/၈* သီချင်းပါ အသံသွင်းဖြစ်ခဲ့ကြတယ်။ ဒါတွေကို စန္ဒရား ကိုသိမ်းမောင် စန္ဒရား တီးပေးပါတယ်။ ပြောချင်တာက ကျောက်မဲ၊ သီပေါမှာ အနေများတဲ့ ရွှဲအေးမောင်လည်း ဒီဆုံစည်းမှုမှာပါပြီး ကိုယ်တိုင်ဆိုတီးဖြစ်တဲ့ မြို့မငြိမ်းရဲ့ *ဆင်မြို့တော်* နဲ့ *လက်ဝဲသုန္ဒရ* သီချင်းများ ဖြစ်ပါတယ်။

ကိုအေးမောင်ဟာ တစ်ချိန်က မြို့မအသင်းသား ပင်တိုင်စန္ဒရားဆရာတစ်ယောက်ဖြစ်ပြီး အကြောင်းတစ်ခုကြောင့် အသင်းပိုင် Clarinet ကို ရိုက်ချိုးခဲ့မိရာက အသင်းနဲ့အနေဝေးပြီး ကျောက်မဲ၊ သီပေါဘက်ကို ရောက်ရှိသွားပါတယ်။ ဒေသရဲ့ သဘာဝအရ ဘိန်းသုံးစွဲမှု ရှိလာပြီး ဘဝပြဿနာ ခံစားချက်အဖုံဖုံကို ဘိန်းသုံးစွဲရင်း အပြေရှာခဲ့တဲ့ အချိန်တွေနဲ့ ကုန်လွန်ခဲ့ပါတယ်။ မြို့မငြိမ်း ကွယ်လွန်ပြီး မန္တလေးရှိ သူ့ဆရာကတော်နဲ့ ကျွန်တော်တို့ မိသားစုရှိရာ ပြန်လာပြီး ဘိန်းဖြတ်တယ်။ မာစတာ(ဆရာ)အတွက် အကျိုးပြုနိုင်မယ့် ကျေးဇူးဆပ်လုပ်ငန်းတွေ လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ သူတီးခတ်သီဆိုတဲ့ သီချင်းနှစ်ပုဒ်အနက် *လက်ဝဲသုန္ဒရ* ဟာ ဒီခေါင်းစီးနဲ့ တိုက်ရိုက်သက်ဆိုင်ပါတယ်။ *လက်ဝဲသုန္ဒရ* ကို ကျွန်တော်တို့နဲ့ နီးနီးကပ်ကပ်ရှိတဲ့ မြို့အဆိုတော် ဦးသိန်းတန်ထံမှ တစ်စွန်းတစ်စ ကြားဖူးခဲ့တယ်။ ဦးသိန်းတန်က အသံအတက်အကျ Pitch ကို လိုအပ်သလို ဆိုတတ်လို့ သံကျ Melody မှန်သော်လည်း သံရောက် Pitch လွဲနေတာတွေကြောင့် *လက်ဝဲသုန္ဒရ* ဟာ သူ့ရဲ့အာလျှာမှာ အနုပညာ မမြောက်ပါဘူး။ သူက လျှာသွက်အာသွက် စာပေါင်ပုံ့ပုံ့ အားနဲ့မာန်နဲ့ အာသဆန်တဲ့ သီချင်းများနဲ့ ပိုလိုက်ပါတယ်။ ဥပမာ- *တကြိုက်ထဲကြိုက်၊ ဘင်ဂျို၊ ကြာစမ်းဗျာတို့၊ မေဓာဝီ၊ ရွှမဝ လှုပျိုသိုး၊ အိုလံပစ်* တို့လို သီချင်းမျိုးတွေပေါ့။

ကိုအေးမောင်ကတော့ ပင်ကိုပုံ သဏ္ဍာန်ကိုက ခပ်အေးအေး၊ အလွမ်းဖက်လေ့ရှိတယ်။ စကားပြောနေး တွေးဆနေတတ်သူဖြစ်တယ်။ သူတို့ဆရာ မာစတာရဲ့ နေထိုင်ပြောဆိုမှု ဟန်ပန်ကိုလည်း နှစ်သက်ကူးစက် ရယူလိုဟန်ရှိတယ်။ သူတင်မဟုတ်ပါဘူး ဆရာငြိမ်းတပည့်တွေ ကိုမြမောင်၊ ကိုပေါ၊ ကိုဘိုခင်၊ ကလာရီနက် ကိုကိုလေး တစ်ယောက်တစ်မျိုး ဒီသဘော သဘာဝတွေကို တွေ့ရတတ်ပါတယ်။ ကိုအေးမောင်ရဲ့ အနေအထိုင်မှုဟန်နဲ့ မြို့မငြိမ်းရဲ့ *လက်ဝဲသုန္ဒရ* သီချင်း ကိုယ်တိုင်တီးခတ် သီဆိုမှုဟာ အလွန်လိုက်ဖက်ပါတယ်။ စန္ဒရားကျူတာတီးတဲ့ လက်ဖြစ်လို့ စန္ဒရားခလုတ်ပေါ်က သူ့လက်တွေဟာ လှုပ်ရှားတီးခတ်တယ်လို့ မထင်ရလောက်အောင် စနစ်ကျ ညင်သာလှတယ်။ *လက်ဝဲသုန္ဒရ* တီးခတ်သီဆိုနေစဉ်မှာလည်း စန္ဒရားခလုတ်များပေါ် သီချင်းတေးသွား တီးကွက်ပုံဖော်ရင်းစာသားသဘော *လက်ဝဲသုန္ဒရ* ရဲ့ဘဝထဲ အာရုံစူးနှစ်ဝင်ရောက်နေဟန် စန္ဒရား Finger Board ကို မကြည့်ဘဲ ခေါင်းမော့ထားကာ မျက်စိမှေးပြီး ခံစားသီဆိုတယ်။ အသံသွင်းယူခဲ့တဲ့ တိပ်ခွေက မန္တလေးမြို့ ၁၉၈၀ ခုနှစ် မီးဘေးမှာ ရုတ်တရက် ရွှေ့ပြောင်းရင်း အိမ်ရှေ့ရေမြောင်းထဲကျပြီး ပျက်စီးခဲ့ရတယ်။ မြို့မငြိမ်းလိုချင်တဲ့ မြို့မတီးဝိုင်းအတွက် ရည်ရွယ်ကန့်သတ် ထုတ်ရေးပေးခဲ့တဲ့ *လက်ဝဲသုန္ဒရ* သီချင်းဟာ သူ့တပည့်ရင်း ကိုအေးမောင်က အနေနီး ကနဦး လက်ထပ်လိုဖြစ်တာကြောင့် Original ကို သူလို့ပဲ ယူဆရင် သင့်မြတ်ပါမယ်။ ဒါ ကျွန်တော့်ဂီတအယူအဆပါ။

စန္ဒရား ကိုလှထွတ်နဲ့ မာမာအေးတို့ရဲ့ *လက်ဝဲသုန္ဒရ* သီချင်းကို ပြောရအောင်။ ဒီသီချင်းကို ပထမဆုံး ကျွန်တော်နားထောင်ရတာက George ကိုကိုကြီး(မြို့မချစ်သူ)ရဲ့ မန္တလေး လျှပ်စစ်ပစ္စည်းကုန်တိုက်(ယခု အင်းဘဏ်တိုက် နာရီစင်ထောင့်)သူ့မန်နေဂျာ

www.burmeseclassic.com

www.burmeseclassic.com

အခန်း အပေါ်ထပ်မှာ သူဖွင့်ပြလို့ စတင်နားထောင်ခဲ့ဖူးပါတယ်။ အဲဒီအချိန်မှာ အဲဒီကိုရောက်နေတဲ့ မြို့မဝန်းကျင်မှ မြို့မအသင်းသားများဖြစ်တဲ့ ဖွေးလက်ကိုဗစိန်၊ ဆေး ကိုသန်းမောင်၊ ကိုညွန့်ဝေ၊ ကိုကောင်းညွန့်တို့ရဲ့ မှတ်ချက်များကလည်း အသွားတွေ၊ စာသားတွေ လွဲနေတယ်ပေါ့။ နောက်ပိုင်း ကျွန်တော် ဂီတလိုက်စားမှု ဝါလေးရင့်လာတဲ့အခါ မြင့်မြင့်ပျံတဲ့ငှက်လို ဝေးဝေးကို ဆန့်ထုတ်မြင်တတ်တဲ့ အလေ့အကျင့်ကောင်းရလာခဲ့တယ်။ ဒီဆောင်းပါး တစ်နေရာမှာ ဂီတစာဆို ကိုလေးလွင်ရဲ့အမေးကို ကျွန်တော် တုံ့ပြန်ဖြေကြားခဲ့တဲ့ စန္ဒရား ကိုလှထွတ် တီးခတ်တဲ့ *လက်ဝဲသုန္ဒရ* နဲ့ ပတ်သက်တာကို ပြောခဲ့ပါတယ်။ ကိုလှထွတ်ဟာ တစ်ချိန်က မြန်မာ့အသံဝန်ထမ်းဖြစ်ဖူးလို့ မာမာအေးကလည်း ထို့နည်းတူဖြစ်လို့ မြန်မာ့အသံ ဓာတ်ပြားတိုက်မှာ မလွဲမသွေရှိနေမယ့် *လက်ဝဲသုန္ဒရ* အမည်မဟုတ်တဲ့ မူရင်းဓာတ်ပြားအမည် *မဲဇာရွှေလီ* ဟာ သူတို့အဖို့ အတွေ့အသိဦးဟန်တူပါတယ်။ *လက်ဝဲသုန္ဒရ* အနေနဲ့ အမှတ်မှား အမည်တွင်တဲ့ သူတို့နှစ်ဦးရဲ့ အနုပညာကြိုးပမ်းမှုဟာ လေဘာတီ မမြရင်ဆိုတဲ့ *မဲဇာရွှေလီ* ပါပဲ။ ဓာတ်ပြား လေဘာတီ မမြရင်က တေးသွားသံပီပီ စာသားပီပီ ဟာဝေယံဂစ်တာ Rhythm များများနဲ့ အတွဲအဖက်ပေးသီဆိုထားပါတယ်။ လူထုဒေါ်အမာရဲ့ **ပြည်သူချစ်သော အနုပညာ** စာအုပ်

မာမာအေးရဲ့ မဲဇာရွှေလီ ဆိုသံကတော့
အဲဒီအချိန်က အရွယ်ကောင်းမို့ နုပျိုလတ်ဆတ်
နားဝင်ပီယံ ဖြစ်လွန်းလှပါတယ်။ ဒါပေမဲ့
ပိုထိမိအားကောင်းနေတာက သူမရဲ့ အဲဒီအချိန်က
အရွယ်နဲ့မလိုက်တဲ့ အနုပညာဖန်တီးမှုပါ
နုပျိုငယ်ရွယ်စဉ် အဆိုရှင်ဖြစ်ပေမဲ့ မဲဇာရွှေလီမှာ
အဝေးရောက် အပြစ်ဒဏ်ကျနေတဲ့ မင်းလက်ဝဲသုန္ဒရရဲ့
ခံစားချက်ကိုတော့ သူမလည်း ဆို့ဆို့နင့်နင့် ပို့နိုင်ပါတယ်

မှာပါတဲ့ မြို့မငြိမ်းရဲ့ Orginal လက်ရေး မူမှ အောက်ဆုံးအပိုဒ်မှ စာသားတွေ တွေ့ရမှာပါ။ ဒါပေမဲ့ သီချင်းရေးသူ မြို့မငြိမ်း က ဓာတ်ပြားသီချင်းအတွက် သီချင်းကန့်သတ်ဖွဲ့ထုတ် စီစဉ်ပေးလိုက်ပုံပါပဲ။ ကျွန်တော့်အယူအဆပါ။

မြို့မမှု လက်ဝဲသုန္ဒရကတော့ မူရင်းရတုပုံစံ *'မဲဇာတောင်မြေ ပွဲခါ ညောင်ရေ-သဲသာသောင်မြေ'* ဆိုတဲ့ သဘောနဲ့ ရတုအင်္ဂါညီသလို သီချင်းကိုလည်း အပိုဒ်နဲ့ အချိုးညီ စီစဉ်ဟန်တူပါတယ်။

ဒါက မြို့မမှု မြို့မတီးခတ်တဲ့ *လက်ဝဲသုန္ဒရ* နဲ့ လေဘာတီမူရင်းကို စန္ဒရား လှထွတ်နဲ့ မာမာအေးတို့ တီးခတ်သီဆို ထုတ်လုပ်တဲ့ *မဲဇာရွှေလီ* တို့ကို ပြန်လည်တူ ရှင်းလင်းယူဆချက်ပါ။ မာမာအေးက *'လက်ဝဲသုန္ဒရ'* ခေါင်းစဉ်နဲ့လည်း မြို့မကို စီစဉ်တဲ့ စီးရီးတစ်ခုမှာ သီဆိုဖူးတယ်။ ဒီတော့ နှစ်မူစလုံးကို သီဆိုဖူးတဲ့သူလည်း ဖြစ်တယ်။ ဒါနဲ့ပတ်သက်လို့ ၈.၆.၂၀၁၃ ခုနှစ်၊ မန္တလေးမြို့တော်ခန်းမ(၁)မှာ ကျင်းပတဲ့ 'မာမာအေးတစ်ကိုယ်တော်' ဖျော်ဖြေရေး အစီအစဉ်အတွက် မြို့မအသင်း မှာ တီးလုံးတိုက်စဉ် ကျွန်တော့်အစ်မလိုဖြစ်တဲ့ သူ့ကို 'ငါ့အစ်မ ဒါလေးတော့ အကြောင်းသင့်တုန်း ရှင်းကြဦးစို့' လို့ ပူဆာခဲ့ပါတယ်။

မြို့မလက်ဝဲသုန္ဒရမူမှာ စန္ဒရား ကိုအေးမောင်ရဲ့ တွေးတွေးငေးငေး ခံစားချက် သီဆိုတဲ့ နောက်ဆုံးပိုဒ် ပွဲညောင်ရေ စာပိုဒ်မှာ-

*'သည်ဆီရွှေနန်း ဖြောင့်တန်းမယ် သည်အနေ စိတ်မှာထင်မြင် ဦးတင် သဖျာ...'* ဆိုတဲ့ စာပိုဒ်၊ ဆိုသံ၊ ဆိုဟန်၊ ကိုယ်တိုင်တီးခတ်၊ စန္ဒရားတွဲဖက်လို ဟန်တို့ဟာ အကစားမကက် အပျော်မကက်တဲ့ ကျွန်တော်လို လူပျိုပေါက်အရွယ် ယောက်ရဲ့ရင်ထဲတောင် 'လွမ်းရသ' ခံစားချက်ဟာ စူးနင့်ပင့်ဆို့လောက်အောင်ပါ

စန္ဒရား ကိုလှထွတ်နဲ့ မာမာအေးတို့ရဲ့ *မဲဇာရွှေလီ* သီချင်းမှာတော့ ကိုလှ ထွတ်ရဲ့ မြို့မငြိမ်းရေးတဲ့ မူရင်းတေးသွားအပေါ် တေးသွားရသမပျက် သူ့ရဲ့စန္ဒရား လက်ကွက် ဖန်တီးမှုဟာ အဲဒီခေတ်က နားဆင်သူကို ဖျတ်ခနဲ ညွတ်နူးရလော အောင် ဖမ်းစားနိုင်ပါတယ် စတင် နားထောင်ခဲ့ရစဉ်က ကျွန်တော် အလွန် သဘော တယ်။ သူကလည်း သာ မဟုတ်တဲ့နှစ်ဖက်ရဂီတသမား မြန်မာမှ ကမ္ဘာ့ဂီတကို လှ မွှေ့လိုက်စားတတ်သူမို့ စန္ဒရား လက်ကွက်တွေမှာ နှစ်လိုလ ကြွယ် ခေတ်ဆန်တဲ့ မြန်မာ စန္ဒရားသံလေးများကို စီ ရီကာ ဂီတပုတီးကုံးလေး သဖွယ် ချစ်စရာတီးကွက် ဖန်တီးတတ်သူပါ။ စန္ဒရားကိုလှထွတ်လက်သံကို အာရုံစိုက်တော့ အဆိုတော် မာ အေးအသံမေ့ပြီး၊ တစ်ဖန် မာမာအေးရဲ့အဆိုသံကို အာရုံစိုက်တော့ စန္ဒရားအကူအညီ မေ့ရပြန်ပါတယ်။

မာမာအေးကလည်း မာမာအေးပါပဲ။ လေဘာတီ မမြရင်ရဲ့ အဆိုသံ၊ အဆိုဟန် အထက်ကနေရာမှာ ဖော်ပြထားပြီးပါပြီ။ မာမာအေးရဲ့ မဲဇာရွှေလီ ဆိုသံကတော့ အဲဒီအချိန်က အရွယ်ကောင်းမို့ နုပျိုလတ်ဆတ် နားဝင်ပီယံ ဖြစ်လွန်းလှပါတယ် ဒါပေမဲ့ ပိုထိမိ အားကောင်းနေတာက သူမရဲ့ အဲဒီအချိန်က အရွယ်နဲ့မလိုက် အနုပညာဖန်တီးမှုပါ။ နုပျိုငယ်ရွယ်စဉ် အဆိုရှင်ဖြစ်ပေမဲ့ မဲဇာရွှေလီမှာ အဝေးရော



www.burmeseclassic.com

www.burmeseclassic.com

အပြင်ဒဏ်ကျနေတဲ့ မင်းလက်ဝဲသုန္ဒရရဲ့ ခံစားချက်ကိုတော့ သူမလည်း ဆို့ဆို့နင့်နင့် ခံစားရပါတယ်။ အသံသွင်းတိပ်ခွေ၊ CD များရှိပြီးမို့ ကိုယ်တိုင်ခံစား နားဆင်လေ့လာနိုင်ပါလိမ့်မယ်။

လက်ဝဲသုန္ဒရရဲ့ မဲဇာရွှေလီကို ကျွန်တော့်ရဲ့ **မြို့မငြိမ်း မြန်မာသီချင်းများ MYOMA NYEIN MYANMAR CLASSICS** သီချင်းစာအုပ်မှာ မူနှစ်ခုလုံးထည့်သွင်းမယ်လို့ ရည်ရွယ်ပါတယ်။ ကျွန်တော့်ဂီတကျမ်းက Piano Pieces စန္ဒရားကွက်များဖြစ်လို့ ဒီသီချင်းနှစ်ပုဒ်အတွက် Piano Pieces စန္ဒရားတီးကွက်လိုပဲ အဓိကထားပါတယ်။ တစ်ခုက လက်ဝဲသုန္ဒရသီချင်းအနေနဲ့ မြို့မမူ။ Chorus ပိုဒ်မှာတော့ Fox Trot Rhythm နဲ့ စွက်ဖက်တီးခတ်ပါတယ်။ *မဲဇာရွှေလီ* သီချင်းမှာတော့ ကိုလှထွတ်ရဲ့စန္ဒရားလက်သံ၊ စန္ဒရားလက်ကွက်များပါရှိပြီးမို့ ကွယ်လွန်သူ နောင်တော်ကြီး ကိုလှထွတ်အတွက် အသက်ရှင်ဆဲ ဂီတသမား ညီတော်မောင်တစ်ယောက်ရဲ့ ဂါရဝ မှတ်တမ်းတစ်ခုအဖြစ် ကြိုးပမ်းခြင်းပါ။ ကျွန်တော့် Project မှာ နောင်တော်ကြီးရဲ့ ကြည်နူးနှစ်လိုဖွယ် *မဲဇာရွှေလီ* သီချင်းရဲ့ စန္ဒရားတီးကွက်ကို အခြေခံထားပါတယ်။ တချို့လည်း ကျွန်တော်တတ်စွမ်းသလို Computer Pianist ကျွန်တော့်အနေနဲ့ တီးခတ်ဖြည့်စွက်ပါတယ်။

မြို့မငြိမ်း မြန်မာသီချင်းမှာ MYOMA NYEIN MYANMAR CLASSICS PROJECT ရဲ့ အဓိကကိုက မြို့မငြိမ်းရဲ့ မြန်မာသီချင်းများကို နိုင်ငံတကာသုံး ဂီတသင်္ကေတ (Staff Notation)နဲ့ ပြုစုကာ အသုံးချ ဂီတကျမ်းစာအုပ်နဲ့ ဂီတပညာရေး Music Education အတွက် ရည်ရွယ်တဲ့ CD ခွေတစ်ခု။

ယင်းကျမ်းတွင်ပါသော တေးသီချင်းများကို Piano Piece သဘောနဲ့သော်လည်းကောင်း၊ မြို့မတူရိယာအသင်း၏ မူဟန်နှင့်သော်လည်းကောင်း မြို့မငြိမ်း အာသီသဖြစ်တဲ့ Symphony တီးဝိုင်းပုံစံနဲ့ တီးခတ်မယ့် 'ဂီတဖျော်ဖြေမှု' Music Entertainment အတွက် CD ခွေတစ်ခု၊ ပေါင်း နှစ်ခွေပါပါ့မယ်။

ဒီတော့ ကျွန်တော့် Project ဖြစ်တဲ့ မြို့မငြိမ်း မြန်မာသီချင်းဂီတကျမ်းမှာ Piano Piece ဟာ အဓိကဖြစ်ပြီး တီးခတ်သုံးစွဲသူ Users စန္ဒရားဝါသနာရှင်များအနေနဲ့ ဂီတကျမ်းပါကမ္ဘာသုံးဂီတသင်္ကေတနဲ့ ရေးထားတဲ့သီချင်းများကို ဖတ်ရှုတီးခတ်လေ့ကျင့်ပြီး တစ်ဦးချင်းလည်း Solo တီးနိုင်ပါမယ်။ ကျွန်တော် Computer Pianist စန္ဒရားသမားလိုပဲ CD မှာပါတဲ့ Symphony တီးဝိုင်းပုံစံတွေနဲ့ တီးထားတဲ့ တီးဝိုင်းတွေမှာ ဝင်ရောက်တီးခတ်နိုင်ပါတယ်။ မြို့မငြိမ်းရဲ့ *စာဆိုခံလလုံး၊ မဲဇာရွှေလီ၊ မေဓာဝီ၊ မဥ္စာမိုးရေ* စတဲ့ သီချင်းတွေမှာ ပုံစံအမျိုးမျိုး တွေ့နိုင်ပါတယ်။

ဒီခေါင်းစီးအောက်မှာမရှိဘဲ ကြားဖြတ်ပြောလိုတာက *စာဆိုခံလလုံး* သီချင်းပါ။ 'စာဆိုခံလလုံး' အနေနဲ့က ရှိသမျှ၊ နားထောင်ခဲ့ဖူးသမျှ အသံသွင်းခွေများနဲ့ ပြင်ပ ကျွန်တော်ကြားဖူးသမျှ အတွေ့အကြုံများအနက် အသင့်တော်ဆုံး အကြိုက်ဆုံးလို့ ဆိုရမယ့် *မြန်မာတို့ရောဝတီ* စီးရီးက ရိရိသန့်အဆိုနဲ့ ကိုရီနွယ် စန္ဒရားအတီးကို ရွေးချယ်ထားပါတယ်။ ကျွန်တော့်ရည်ရွယ်ချက်က စန္ဒရားအတီးပညာရှင် နောင်တော်ကြီး ကိုရီနွယ်ကို အမှတ်တရ သူ့ရဲ့ Piano Solo Pieces စန္ဒရားလက်စွမ်းပြတီးကွက်များကို မှတ်တမ်းတင် ဂုဏ်ပြုလိုခြင်းပါ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ဂီတရှုးသွပ်မှုဟာ မြို့မငြိမ်း၊ ရွှေပြည်အေးတို့က ကူးစက်လာတာဖြစ်တော့ နောင်တော်ကြီး ကိုရီနွယ်ကို စန္ဒရားအချီး နိဒါန်း Introduction မပြုစဉ်ကပင် Symphony ဟန်နဲ့ ဝိုင်းထဲအရောက် ပို့ပေးပြီးမှ သီချင်းစ လက်စွမ်းပြ တီးခတ်စေပါတယ်။ အနောက်နိုင်ငံ ဂီတပုံစံကတော့ စန္ဒရားချည်း Piano Sonata လက်စွမ်းပြပုံစံ ဖြစ်ပါတယ်။ ကျွန်တော်တို့ယဉ်ကျေးမှု၊ ကျွန်တော်တို့ဂီတပုံစံကတော့ အတီးမှာ အဆိုပါပြီး အဆိုမှာ အတီးပံ့ပိုးမှ စာသားအသွား ရသမြောက်ကြတယ်။ ဒါ့ပြင်မက Symphony တီးဝိုင်းသုံး တူရိယာပစ္စည်း၊ တူရိယာပညာရှင် မရှိမရနိုင်တဲ့ ကျွန်တော်တို့အဖို့ Computer က တူရိယာပစ္စည်း၊ တူရိယာပညာရှင်တွေ ကြိုက်သလို တစ်ပြားမှ မပေးရဘဲ ခေါ်ယူပြီး ကျွန်တော်တို့ရဲ့ဝိုင်းဖွဲ့မှု Arrangement ကို အသုံးချတီးခတ်ကြတယ်။ ကြီးကြီးကျယ်ကျယ် မြန်မာ Piano Concerto လို့ ပြောရမလားပဲ။ ဘယ်လိုပဲဖြစ်ဖြစ် စေတနာစေ့ဆော်မှုနဲ့ ဂီတရူး တစ်ယောက်ရဲ့ဂီတကြိုးပမ်းမှုလို့ မှတ်တမ်းတင်ပြုပေးစေချင်တာလေးတစ်ခုပါပဲ။

မဲဇာရွှေလီမှာတော့ စန္ဒရား ကိုလှထွတ်ရဲ့ အမှတ်ရဖွယ် လှလှပပချစ်စရာ စန္ဒရားတီးကွက်လေးတွေကို အခြေခံပြီး သူ့ကိုလည်း အဆိုတော် မာမာအေးနဲ့ သီချင်းနိဒါန်း စန္ဒရားအဖွင့် မစမီကတည်းက Symphony ဝိုင်းသံပေး စတင်ခဲ့ပါတယ်။ စန္ဒရား လှထွတ် အသက်ပြန်ရှင်လာခဲ့မယ်ဆိုရင် သို့မဟုတ် ကျွန်တော်ရေးတဲ့ ကျွန်တော့် ဂီတကျမ်းပါ ဂီတသင်္ကေတ သူ့စန္ဒရားတီးကွက်ကို တီးခတ်သူ User Pianist မည်သူမဆိုဖြစ်စေ တီးကြမယ်ဆိုရင် သီချင်း မစခင် သူတို့လည်း မဲဇာရွှေလီတောဆီ ကျွန်တော့်ရဲ့စိတ်ကူးဖွဲ့ တီးလုံးများနဲ့ အာရုံယူကြစေချင်တာပါ။ မြို့မငြိမ်းလည်း ဒီလို စဉ်းစားမိကောင်းရဲ့ပေါ့။ ကျွန်တော် ကြည်နူးခံယူလိုတဲ့ ကိုယ့်ကိုယ်ကို အားပေးမှုမှာ ဓားတန်းဦးသန့်၊ မြို့မငြိမ်း၊ ရွှေပြည်အေးတို့ အသက်ရှင်စဉ်ကဖြစ်စေ၊ တယောကိုတင်ရီတို့၊ ကျွန်တော်တို့…ဆိုတဲ့ ဂီတသမား အမျိုးအစားများဟာ Symphony ရူးအတော်ရူးခဲ့တယ်။ ဒါကလည်း ရှားရှားပါးပါးပါ။ ဘာကြောင့်လဲဆိုတော့ ဒီရူးသွပ်လိုက်စားတဲ့ ဂီတပညာရွှေအိုးဟာ ထမင်းမဖြစ်ခဲ့ဘူး။ ဘဝရပ်တည်မှု ထမင်းစားဖို့တောင် အာမခံမရှိဘူး။ မြန်မာ့ဂီတလောက မြန်မာဂီတသမားစစ်စစ်တွေဟာ ဒီအာမခံချက်မဲ့ လမ်းခရီးကို ခရီးရှည် လျှောက်ခဲ့ကြတယ်။ သေတဲ့အထိပေါ့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့နိုင်ငံနဲ့ ပတ်သက်လို့ Symphony Orchestra ဗဟုသုတလေးတွေ သတိရမိတယ်။ National Orchestra နိုင်ငံတော်သံစုံတီးဝိုင်း ကိစ္စပါပဲ။ National Orchestra ကို စတင် ဖွဲ့စည်းပါ၊ ဖွဲ့စည်းမယ်လို့ နိုင်ငံတော်အကြီးအကဲများက နိုင်ငံအတွက်အလေးထား တန်ဖိုးထားညွှန်ကြားခဲ့တယ်။ နိုင်ငံအတွက် ယဉ်ကျေးမှုရေးရာ၊ ဂီတရေးရာ ကျေနပ်ဝမ်းသာစရာ စီမံချက်ပါ။ ကျွန်တော့်ကိုလည်း အစည်းအဝေးဖိတ်လို့ တက်ရောက်ဖြစ်ပါတယ်။

Symphony Orchestra မှာပါတဲ့ Wood Wind Instrument, Brass Instrument, String Instrument နဲ့ Percussive Instrument တူရိယာ ပစ္စည်းအမျိုးမျိုးဟာ နိုင်ငံတော်သံစုံတီးဝိုင်းဖြစ်လို့ နိုင်ငံတော်အဆင့်အနေနဲ့ မှာယူဝယ်ယူနိုင်မှာမို့ နိုင်ငံအတွက် အားရဝမ်းသာစရာကြီးပါပဲ။ ဒီအစည်းအဝေးဖိတ်ကြားခံရလို့ တက်ရောက်ရတဲ့ ကျွန်တော့်အနေနဲ့ ဝမ်းသာလိုက်တာလို့ အားရပါးရ ခံစားမိတယ်။ ကျွန်တော့်

ရွှေပြည်အေးရဲ့ Symphony ပီတိနဲ့ပတ်သက်ပြီး ဤသို့ ဖော်ပြဖူးပါတယ်။

*'ဤအခါမှစ၍ ကိုညိမ်းနှင့် ကျွန်တော် တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်...* *အလွန်အမင်း ခင်မင်ရင်းနှီး အလုပ်ဌာနချင်းခြားနားသော်လည်း နှစ်ယောက်... အခါအခွင့်သင့်တိုင်း ပန်းဆိုးတန်းရှိ ဝင်းဝင်းရုံ(ယခင်စတားရုံ)နှင့် မျက်နှာချင်းဆိုင်... ထိုအခါ(ဂေဇီ) ပျော်ပွဲစားရုံ၌ တွေ့ဆုံစားသောက် ဂီတအကြောင်း ဆွေးနွေး... ရှိကြပါသည်။ သို့ကလို ဆွေးနွေးကြရင်း ကိုညိမ်း၏ ရှုအသည်းနှလုံးနှင့်တူ... ဝမ်းတွင်းမှ မျိုသိပ်ထားသည့် စကားများကို ကြားရသည့်အခါ ကျွန်တော့်မှာ အံ့... သင့်လျက် နားထောင်ရင်းမှ ဟင်းခနဲ သက်ပြင်းချလျက် 'ကိုညိမ်းရာ…ကျွန်... အကြံနဲ့တူလေခြင်းဗျာ'ဟု ထ၍ ဖက်မိပါတော့သည်။ ထိုအကြံကား အခြားမဟုတ်... ကမ္ဘာတစ်ခွင် ဗမာ(Symphony)တီးဝိုင်းကြီး ထည်ဝါစွာ ပေါ်ပေါက်လာရေး... ဖြစ်ပါသည်'* ဟူ၍ဖြစ်၏။

ထပ်ဆင့်၍(၁၉၂၅-၂၀၀၀)ခုနှစ် မြို့မစိန်ရတုအထိမ်းအမှတ် ကျွန်တော် ပြုစု... **'ကမ္ဘာသုံးသင်္ကေတနှင့် မြန်မာ့မဟာဂီတ၊ မြန်မာသီချင်း'**ဂီတကျမ်းတွင်လည်း '... မြို့မငြိမ်းနှင့် ဆရာရွှေပြည်အေးတို့၏ အာသီသ၊ ဆန္ဒခန့်ထည်ကြီးမားလိုက်ပုံ... ရင်ချင်းဆက်တမျှ ထ၍ဖက်ကာ တစ်ခုတည်းသော နှလုံးသားဖြင့်၊ တစ်ခုတည်းသော... ရည်မှန်းချက်ဖြစ်သည့်…

**'မြန်မာ့ဂီတအဆင့်မြင့် ခေတ်မီရေးနှင့် မြန်မာဂီတ သံစုံတီးဝိုင်းကြီး ပေါ်ပေါ်... ရေး'**တည်းဟူသော ကမ္ဘာနှင့် ရင်ပေါင်တန်းလိုသော၊ လူမျိုး၏ဂုဏ်သိက္ခာ၊ လူမျိုး... ဂီတရေးရာ တိုးတက်မှုများအတွက် အစီအမံကောင်းများ၊ အစီအစဉ်ကောင်းများ... မျိုးဆက်အလိုက် ကြိုးစားနိုးကြားစေလိုသော ထပ်တူညီမျှ စေတနာအဝဝနှင့် အ... ဆင့် ပန္နက်ချလိုခဲ့ခြင်းပင် ဖြစ်ပါသည်'ဟူ၍ ဖော်ပြရေးသားခဲ့ဖူးပါသည်။

ဒါက မြန်မာ့ဂီတလောက ရှေ့တန်း Pioneer လမ်းညွှန် ဂီတသမားကြီး... ဖြစ်ကြတဲ့(စာရေးသူက 'ရင်ချင်းဆက်ဂီတအမြွှာ'လို့ အမည်ပေးချင်တဲ့) သူတို့... 'Symphony အတွေး... မြို့မငြိမ်းနဲ့ ရွှေပြည်အေး... က'လို့ ဖော်ပြလိုခြင်းပါ။

ကျွန်တော့်ကို ဖိတ်ကြား... ခံရလို့ တက်ရောက်ခဲ့ရတဲ့ National Orchestra ပထမ... အစည်းအဝေးကြီးကတော့ ... ကြားရေးဌာန မြန်မာ့အသံ... တစ်ခုမှာ ကျင်းပခဲ့ပါတယ်... ဦးစီးနာယကအနေနဲ့ အဲဒီအ... က ပြန်ကြားရေးဝန်ကြီးပဲ... Symphony Orchestra ရဲ့ ...

> လက်ဝဲသုန္ဒရနဲ့ မဲဇာရွှေလီကို ကျွန်တော့်ရဲ့ မြို့မငြိမ်း မြန်မာသီချင်းများ **MYOMA NYEIN MYANMAR CLASSICS** သီချင်းစာအုပ်မှာ မူနှစ်ခုလုံး ထည့်သွင်းမယ်လို့ ရည်ရွယ်ပါတယ် ကျွန်တော့်ဂီတကျမ်းက Piano Pieces စန္ဒရားကွက်များဖြစ်လို့ ဒီသီချင်းနှစ်ပုဒ်အတွက် Piano Pieces စန္ဒရားတီးကွက်လိုပဲ အဓိက ထားပါတယ်

အစ်ကို(ကျွန်တော့်အထက် မြို့မငြိမ်းသားကြီး)ကိုအောင်ခိုင်(သန်းအောင်ခိုင်)ရေးတဲ့ **မြို့မငြိမ်းနှင့် သူ၏အနုပညာ** စာအုပ်မှာ အလင်္ကာကျော်စွာ ဆရာရွှေပြည်အေးရေးတဲ့ **ဩော်…ကိုညိမ်း…ကိုညိမ်း… တကယ့်မြို့မငြိမ်း** ဆောင်းပါးကောက်နုတ်ချက် ပါရှိပါတယ်။ ဒီဆောင်းပါးမှာ ဆရာ

ရပ်နဲ့အညီ ရှိသင့်ရှိအပ်ရှိရမယ့် တူရိယာပညာရှင် Players အင်အားတွေ ချင့်... ကြတယ်။ Orchestra ဖွဲ့စည်းပုံအတိုင်း ဘယ်တူရိယာပစ္စည်းအတွက် အ... နှယောက်၊ စုစုပေါင်းအင်အား ဘယ်လောက်ပေါ့။ Symphony ကြီးရဲ့အရည်အ... ကို မပြောနဲ့ဦး။ အရေအတွက် အင်အားမှန်းရတာကိုက ကျွန်တော်တို့ ကြည်နူး... တက်ကြတယ်။ ကျွန်တော်တို့ဆိုတာက လူကြီးပိုင်း ဂီတသမားကြီးတွေ ... ကလေးတင့်အောင်တို့၊ ဂီတလုလင်မောင်ကိုကိုတို့၊ လူလတ်ပိုင်း တယော ကိုတ... ရှုရှားပြန် ကိုမောင်မောင်တို့ …စသည် အများကြီး အပါအဝင်ပါပဲ။ အဲဒီအ... ကျွန်တော်တို့ မန္တလေး မြို့မတူရိယာအသင်းကြီးရဲ့ (၁၉၂၅-၂၀၀၀) နှစ်ပြည့်...

www.burmeseclassic.com

www.burmeseclassic.com

မြို့မရတုသဘင်အခမ်းအနားကို ရန်ကုန်အမျိုးသားဇာတ်ရုံကြီးမှာ တင်ဆက် ပြီးစီးခဲ့တဲ့ အချိန်ဖြစ်ပါတယ်။ ဗိုလ်ကလေးတင့်အောင်နဲ့ ဂီတလုလင်မောင်ကိုကိုတို့ကိုလည်း ဖိတ်ကြားခဲ့လို့တက်ရောက်အားပေးကြတယ်။ ဗိုလ်ကလေးတင့်အောင်က မြို့မစိန် ရတုသဘင်ရဲ့ဖျော်ဖြေမှုမှာ မြို့မက တင်ဆက်တဲ့ ကမ္ဘာ့ဂီတခန်းနဲ့ ကမ္ဘာ့ဂီတဟန် တင်ဆက်မှုကို National Orchestra နိုင်ငံတော် သံစုံတီးဝိုင်းဖွဲ့စည်းရေး ပဏာမ အစည်းအဝေးမှာပဲ လူကြီးတစ်ယောက်ရဲ့ဂီတအမြော်အမြင်နဲ့ ဂုဏ်ပြုပြောကြား ပါတယ်။ မြို့မစိန်ရတုသဘင်ပွဲရဲ့ တင်ဆက်မှုမှာ **တင်၊ ငြိမ်း၊ သိန်း**(နန်းတော်ရှေ့ ဆရာတင်၊ မြို့မငြိမ်း၊ ဦးဘသိန်း)တို့ရဲ့ မြို့မ ဂီတမဏ္ဍိုင် အခြေချလျှောက်လှမ်းခဲ့ပုံ ကို တင်ပြတဲ့ တစ်ခန်းရပ်ပြဇာတ်လေးတစ်ပုဒ် ပါဝင်ခဲ့ပါတယ်။

**နိဒါန်းသဝဏ်လွှာ**

**(သို့မဟုတ်)**

**စိတ်ကူးယဉ်အိပ်မက်ထဲက တကယ့်မြို့မ**…ဆိုတဲ့ ဂီတပြဇာတ်လေး ဖြစ်ပါ တယ်။ ကျွန်တော်က ကျောရိုးရေးပေးပြီး မြို့တော်မောင်ယဉ်အောင်က ပြဇာတ်ဟန်နဲ့ ဇာတ်အိမ်ဖွဲ့ ပိုင်းဝန်းပံ့ပိုးပေးပြီး ဖန်တီးတင်ဆက်ခဲ့ကြပါတယ်။

မန္တလေးမြို့မ တူရိယာအသင်းကြီး ရဲ့ ၁၉၂၅ ခုနှစ် သန္ဓေတည်ပြီး သုံးနှစ်အကြာ ၁၉၂၈ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ **မြို့မတူရိယာအသင်း စည်းမျဉ်းဥပဒေ** စာအုပ်မှာပါတဲ့ ရည်ရွယ်ချက် (၆)ခုဖြစ်တဲ့…

(က) မြန်မာသီချင်းကြီး သီချင်းခံများ ဆည်းပူးပြန့်ပွားရေး၊

(ခ) ကမ္ဘာသုံးတူရိယာများ လေ့လာသင်ကြားတတ်မြောက်ရေး၊

(ဂ) Music Note အမှတ်အသားပညာဖြင့်ရေးထားသော
တူရိယာပညာကို ဆည်းပူးလေ့လာရန်၊

(ဃ) ကမ္ဘာ့ခေတ်မီ တူရိယာတီးဝိုင်းကြီး ဖြစ်မြောက်ရေး၊

(င) ရှေးမြန်မာသီချင်းများကိုကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍
ကမ္ဘာသုံးဖြစ်သော Music Note ပညာဖြင့် ကူးပြောင်းရေးသားလေ့လာရန်၊

(စ) မြန်မာနိုင်ငံတော်အတွင်း တူရိယာအသင်းများက ဆက်သွယ်ပါလျှင်
တတ်အားသမျှ အားပေးကူညီရန်

…ဆိုတဲ့ အချက်များကို ကျောရိုးသဘောထားပြီး မြို့မဦးဘသိန်းရဲ့(မြို့မသဝဏ် လွှာ)နိဒါန်းသဝဏ်လွှာကို အခြေပြုတင်ဆက်တဲ့ နန်းတော်ရှေ့ ဆရာတင်၊ မြို့မငြိမ်း၊ ဦးဘသိန်းတို့ရဲ့ ဂီတရေးရာ အဆက်အနွယ်၊ အဆက်အသွယ်များကို စိတ်ကူးဖွဲ့ပြီး ဂီတပြဇာတ်တိုလေးအဖြစ် တင်ဆက်ခဲ့ကြပါတယ်။

အဓိကဇာတ်ကောင်အဖြစ် မြို့မငြိမ်းနေရာမှာ သူ့မြေးဖြစ်တဲ့ လူငယ်စန္ဒရား သမား ပါရမီရွှန်းကိုထားပြီး တွဲဖက်ဇာတ်ကောင်များအနေနဲ့ မြို့မငြိမ်းရဲ့တပည့် ကိုအေးမောင်(ရွှံအေးမောင်)အဖြစ်…မောင်ငြိမ်းချမ်း(စန္ဒရား-ပန်းချီဆရာကြီး ရာဟုလာရဲ့သား)၊ ဦးရင်လေးအဖြစ်…ရဲထွဋ်အောင်(တယော)၊ ရွာစားကြီး စိန်တင် ဟန်အဖြစ်…ဇော်မိုးအောင်(စိန်တင်ဟန်ရဲ့သား/ဒါးတောင် သံချောင်း)၊ ဦးဘသိန်း အဖြစ် မြို့မ တယောသမား မောင်ကိုကြီးတို့က သရုပ်ဆောင်ပေးကြတယ်။ ဂီတပြ ဇာတ်ဖြစ်လို့ ဇာတ်ဝင်ဇာတ်ကောင်တွေဟာ ဇာတ်လမ်းအရ တကယ်တီးတတ်၊ တီးကြရတယ်။

ပြဇာတ် စလျှင်စချင်းပဲ ကားလိပ်မဖွင့်မီ မြို့မငြိမ်းအဖြစ် သရုပ်ဆောင်သူ ပါရမီရွှန်းရဲ့စန္ဒရားလက်သံနဲ့ ထွက်ပါတယ်။ စန္ဒရားလက်သံ တီးလုံးဟာ ကမ္ဘာ့ဂီတ ကိုအခြေခံမှာမို့ ပါရမီရွှန်းတီးခတ်တဲ့ Franz Schubert ရဲ့ Impromtu Op.90-No.2 နဲ့နိဒါန်းပျိုးပါတယ်။ ဒီ Schubert ရဲ့ Piano Piece စန္ဒရားတီးလုံးဟာ သံစဉ် တစ်ခုပြီးတစ်ခု ဆက်ဆက်ပြီး သီထားတဲ့ ဂီတပန်းကုံးကြီးလိုပါပဲ။ တစ်နေရာရာမှာ ထစ်ထစ်ငေါ့ငေါ့၊ တုံ့တုံ့ဆိုင်းဆိုင်းဖြစ် လိုက်လို့ကတော့ ပျက်ကရော ငါးပါး မှောက်တော့မှာပါပဲ။ ဒါပေမဲ့ ဒီ Schubert ရဲ့ စန္ဒရားတီးလုံးကို အဲဒီ လူငယ်လေးဟာ တီးလုံးတိုက်စဉ် အကြိမ်ပေါင်းများစွာမှာရော၊ ပွဲလယ် မှာရော ပညာရဲရင့် ပွဲလယ်တင့်ခဲ့ပါ တယ်။ ဒါကို ဗိုလ်ကလေးတင့်အောင် ကလည်း မြို့မစိန်ရတုသဘင်တင် ဆက်မှုမှာ ကြည့်ရှုအားပေးခဲ့ရုံမျှ သာမက National Orchestra နိုင်ငံတော် သံစုံတီးဝိုင်း ပဏာမအစည်းအဝေးမှာ ကိုပဲ ချီးကျူးစကားပြောရှာတယ်။ လူငယ်ဂီတမျိုးဆက်တွေရဲ့ အနာဂတ် ဂီတလမ်းအတွက် မျှော်မှန်းအားပေးခဲ့ ဟန်တူတယ်။ အစည်းအဝေးတက် ရောက်ဖြစ်သူ ကျွန်တော့်အနေနဲ့လည်း National Orchestra အတွက် တူရိယာ ပညာရှင် Players တွေရဲ့ အရေအတွက် ပြည့်စုံရုံမျှမက အရည်အသွေး၊ အရည် အချင်းကောင်းများလည်း ပြည့်မီဖို့ လိုအပ်ကြောင်း တင်ပြဆွေးနွေးဖြစ် တယ်။

ကျွန်တော့် ဂီတပြဇာတ်အတွက် ဂီတသမားဇာတ်ကောင် လူငယ်စန္ဒရား သမားလေးဟာ Franz Schubert ရဲ့ Impromtu ကို တီးခတ်နိုင်ဖို့ အချိန်နဲ့ လုပ်အားလေ့ကျင့်မှု၊ ရင်းနှီးကြိုးပမ်းခဲ့ ရတာဟာ ၁၂ နှစ်ကြာပါတယ်။ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်တော့ ကျောင်း ဆရာဂီတသမား ကျွန်တော်လည်း အလုပ်မရှိ၊ ကျောင်းနေအရွယ် ကျွန်တော့် သား ပါရမီရွှန်းလည်း အလုပ်မရှိတော့ ကျွန်တော် တွေးမိခဲ့တယ်။ Double Negative is equal to one Affirmative ဆိုတဲ့ သီအိုရီလေးပါ။ အလုပ်မဖြစ်တဲ့ 'အနုတ်နှစ်ခု' ပေါင်းတော့ အကောင်း ဖြစ်လာမယ့် 'အပေါင်း'သဘောလေး ပါ။ အလုပ်မရှိတဲ့ ကျွန်တော်က သူ့ကို စန္ဒရားသင်ပေးမယ်။ အလုပ်မရှိတဲ့ သူက စန္ဒရားတီးခတ်လေ့ကျင့်ပေါ့။ ဒီလိုနဲ့ မြို့မစိန်ရတုသဘင် ၂၁၀၀ ခုနှစ် မှာ တင်ဆက်တဲ့ ဂီတဇာတ်လမ်း[illegible]

www.burmeseclassic.com

ဓာတ်ဝင်ဓာတ်ကောင် စန္ဒရားသမား လေးတစ်ယောက် ဖြစ်လာရဖို့ ၁၂ နှစ် ကြာ ရင်းနှီးပြုစုခဲ့ရတယ်လို့ အဲဒီ အစည်းအဝေးကြီးမှာ ကျွန်တော်တင်ပြ ဖြစ်ခဲ့တယ်။ ဒါ့အပြင် လက်ရှိအခြေ အနေမှာ ယဉ်ကျေးမှု တက္ကသိုလ်များ လည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်လို့ Orchestra အတွက် Players အင်အားအရေအတွက် ရရှိဖို့အရေးဟာ စီမံကိန်းနဲ့ ချမှတ်ဆောင် ရွက်ရင် ယဉ်ကျေးမှုတက္ကသိုလ်များဟာ ဂီတပျိုးခင်းများ ဖြစ်နိုင်ကြောင်းကို လည်း တင်ပြဖြစ်ခဲ့ပါတယ်။

ဒီနိုင်ငံတော်ရဲ့ ယဉ်ကျေးမှုရေးရာ ကဏ္ဍသစ်၊ ဂုဏ်သိက္ခာသစ်တစ်ရပ် အတွက် စတင်တည်ထောင်မယ့် နိုင်ငံ တော်သံစုံတီးဝိုင်းကြီး ဖြစ်မြောက်ရေး အစည်းအဝေးကြီးမှာ နိုင်ငံတော်အကြီး အကဲများက အရေးထား၊ အလေးထား လမ်းညွှန်လို့ ဦးစီးနာယက ပြန်ကြား ရေးဝန်ကြီးရဲ့ သြဝါဒ အကြံပြုမိန့်ခွန်း ကတော့ ကျွန်တော်တို့ တစ်သက်တာ မမေ့နိုင်လောက်အောင်ပါပဲ။

*'ဘယ်လိုပဲဖြစ်ဖြစ်၊ ဆင်ဖင်နီ မဖြစ်တောင် ဆီဝ်ဖင်နီလောက် ဖြစ်အောင်တော့ ကြိုးစားကြမယ်'* ဆိုတဲ့ မိန့်ခွန်းပါပဲ။ ပြက်ချော်ချော်နိုင်တယ် ထင်ရပေမဲ့ အမြော်အမြင်ရှိသူ လူကြီး တစ်ယောက်ရဲ့ မြန်မာမှု သြဝါဒပါပဲ။ 'သေးရာကကြီး၊ နီးရာကဝေး' ဆိုသလို ကြိုးပမ်းလျှောက်လှမ်း ကြမယ်ပေါ့။ Symphony ကြီးဖြစ်ဖို့အတွက် တိုက်ပွဲဝင်စိတ်ဓာတ်ကို ရဲရဲတောက် မြှင့်တင် ပေးလိုက်တာပါ။ ဒီနေ့ Myanmar Na tional Orchestra ကြီးဟာ Symphony အင်္ဂါရပ်နဲ့အညီ အရေအတွက် သာမက အရည်အချင်းပါ တဖြည်းဖြည်း တိုးတက်လာပါပြီ။

မတ်လ ၂ ရက်နေ့၊ ၂၀၁၃ ခုနှစ် မြန်မာ့ရုပ်မြင်သံကြားမှာ တင်ဆက်ခဲ့တဲ့ Myanmar National Orchestra ရဲ့ ကြိုးပမ်းမှုဟာ သက်သေပါပဲ။ နိုင်ငံခြားဂီတ ပညာရှင် Music Director and Conductor ဖြစ်တဲ့ Yoshi Kazu Suku Mura ရဲ့ ဦးဆောင်မှုနဲ့ တီးခတ်တဲ့ နိုင်ငံတော် သံစုံတီးဝိုင်းကြီးရဲ့ ခြေလှမ်းဟာ အတွေ့ အကြုံအသစ်တွေ၊ အတွေ့အကြုံကောင်း တွေအတွက် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး လှမ်း ကြွ ချီတက်စေခဲ့ပါပြီ။ ဒီထက် ပိုမို အားရဖွယ်အနေနဲ့ Fondamentus လို့ခေါ်တဲ့ ဂီတဆိုင်ရာ ပရောဂျက်တစ်ခုအနေနဲ့ ပြင် သစ်နိုင်ငံမှ Mrs.Odile Perceau ဦးဆောင်တဲ့ သံစုံတီးဝိုင်းနဲ့ မြန်မာနိုင်ငံမှ နိုင်ငံတော်သံစုံ တီးဝိုင်းအဖွဲ့နှစ်ခုရဲ့ ပထမအကြိမ်အဖြစ် ပူးပေါင်းတင်ဆက် မှုကို နားဆင်လိုက်ရခြင်း ဖြစ်ပါတယ်။ Handel, Bach နဲ့ Odile Perceau တို့ရဲ့ String Orchestra တီးခတ်တင်ဆက်မှုကို ၂၀၁၃ခုနှစ်၊ နိုဝင်ဘာ ၂ ရက်နေ့မှာ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံနဲ့ မန္တလေးမှာတော့ နိုဝင်ဘာ ၂၃ ရက်နေ့မှာ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြတယ်။ ဒီဂီတအဖွဲ့ရဲ့ ဂီတပွဲဟာ ဆက်လက်၍ Angkor UNESCO/APSARA လို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာ သမိုင်းဝင် ယဉ်ကျေး အမွေအနှစ်များ ထိန်းသိမ်းရေးကော်မတီရဲ့ နှစ် ၂၀ ပြည့်အနေနဲ့လည်း ကမ္ဘောဒီး ယားနိုင်ငံမှ Royal Ballet အဖွဲ့ရဲ့ ပူးပေါင်းမှုဖြင့် ကမ္ဘောဒီးယားနိုင်ငံ Angkor Wat ကျောင်းတော်ကြီးမှာ လည်း ဒီဇင်ဘာ ၅ ရက်နေ့ နဲ့ ၆ ရက်နေ့များမှာ ကျင်းပ သွားမယ်လို့သိရပါတယ်။ နိုင်ငံအတွက် ယဉ်ကျေးမှုရေးရာနဲ့ ဂီတအတွက် ဂုဏ်ယူ စရာတစ်ခုအဖြစ် ကြည်နူးဝမ်းသာမိတယ်။

မန္တလေးအမျိုးသားဇာတ်ရုံမှာ ကျင်းပတဲ့ပွဲမှာ Violin တီးခတ်သူ Anges Pyka Anne Celine Paloyan, Viola တီးခတ်သူ Helene Desaint နဲ့ Cello တီးခတ်သူ Edourd Sapey Triomphe တို့ရဲ့ Le Quatudor Equilibres String Quartet တင်ဆက်မှုဟာ နားထောင်ရခဲမျှ ဂီတခံစား ရသ ဖြစ်စေခဲ့ပါတယ်။ Com poser, Conductor Mrs. Odile Perceau ရဲ့မန္တလေး ဂီတပရိ သတ်ကို နိုင်ငံကြီးသားပီပီ နားထောင်တတ်စေဖို့ စေတနာနဲ့ Hand Sign လက်အမူရာပြပြီး တောင်းပန်လမ်းညွှန်ပေးမှုတွေ ဟာလည်း နောက်နောင် ဒီလိုပွဲ တွေမှာ နမူနာကောင်းများ ဖြစ်စေခဲ့ပါတယ်။ ကျွန်တော်အပါအဝင် မန္တလေးဂီတ ပရိသတ်တို့ဟာ ယဉ်ကျေးပြီး အဆင့်အတန်းမြင့်တဲ့ မန္တလေးသား နိုင်ငံကြီးသား ပရိသတ်များဖြစ်ကြဖို့ ဂရုပြုကြရပါမယ်။

ပွဲအပြီးမှာ ကျွန်တော့်ရဲ့တူမတော် စောစန္ဒာဦး(1st Violin)ရဲ့ မိတ်ဆက်ပေး မှုကြောင့် Mrs. Odile Perceau နဲ့ အချိန်ရစခိုက် ဂီတစကားများ ပြောဖြစ်ခဲ့ကြ တယ်။ အဓိကအနေနဲ့က မြို့မငြိမ်းရဲ့ *မြနန္ဒာ*(မန်းတောင်ရိပ်ခို)သီချင်းကို သူတို့ တင်ဆက်မှုမှာ မြန်မာပရိသတ်အတွက် မြန်မာနိုင်ငံ၊ မန္တလေးကို ရောက်ရှိ အမှတ်တရ ပျော်ပျော်ရွှင်ရွှင် Orchestra တစ်ခုလုံး တီးခတ်ဖျော်ဖြေခဲ့ကြတယ်

နိုင်ငံတော်အကြီးအကဲများက အရေးထား၊
အလေးထား လမ်းညွှန်လို့ ဦးစီးနာယက
ပြန်ကြားရေးဝန်ကြီးရဲ့ သြဝါဒအကြံပြုမိန့်ခွန်းကတော့
ကျွန်တော်တို့တစ်သက်တာ မမေ့နိုင်လောက်အောင်ပါပဲ
*'ဘယ်လိုပဲဖြစ်ဖြစ်၊ ဆင်ဖင်နီ မဖြစ်တောင်
ဆီဝ်ဖင်နီလောက် ဖြစ်အောင်တော့
ကြိုးစားကြမယ်'* ဆိုတဲ့ မိန့်ခွန်းပါပဲ

www.burmeseclassic.com

ဆင်သူ ပရိသတ်ကိုလည်း ပါဝင်သီဆို စည်းချက်လိုက်ကြဖို့ ဖိတ်ခေါ်တယ်။ ကျွန်တော်နဲ့ Mrs. Odile Perceau ဂီတစကားပြော ဖြစ်တာလည်း ဒီအကြောင်းပါပဲ။ အကြောင်းသင့်လို့ ကျွန်တော်က ကျွန်တော့် Lap top computer မှာ အဆင်သင့်ပါတဲ့ *မြနန္ဒာ* (မန်းတောင် ရိပ်နို)သီချင်းကို ဖွင့်ပြဖြစ်ခဲ့တယ်။ သီချင်းဆုံးခါနီး Chorus မြနန္ဒာ ရေညှိညှိအထိ နားထောင်အပြီး တပ်ဆင်ထားတဲ့ Ear phone ကို ဖြုတ်ကာ 'ငါ ဒီသီချင်းကို အမေရိကန်တစ်ယောက်ဆီက ရတာ Your arrangement is much better 'လို့ ချီးမွမ်းခံရတယ် ဆိုတာထက် နိုင်ငံခြားသား ဂီတပညာရှင်ကြီးရဲ့ကဲ့ရဲ့မှုမရှိလောက်တဲ့ မျက်နှာပေးလေးအတွက် ဂီတပီတိ ဖြစ်မိပါတယ်။ ကျွန်တော့်ရဲ့ တုံ့ပြန်စကားအနေနဲ့ 'ဒါက ဖြစ်ကောင်းဖြစ်ရပါမယ်၊ ဘာကြောင့်လဲဆိုတော့ မြနန္ဒာဟာ မြန်မာသီချင်းဖြစ်တော့ သူတို့ထက် ကျွန်တော်တို့က National Character ကိုယ့်အမျိုးသားစရိုက်ကို ပိုသိပါတယ်လို့။ မန္တလေးမြို့ ရောက်နေတုန်း၊ မန္တလေးသားတစ်ယောက်အနေနဲ့ သူမရဲ့တောင်းဆိုမှုအရ ကျွန်တော် Arrange လုပ်ထားတဲ့ မြနန္ဒာ Music Score ကိုလည်း ကျွန်တော်ပြုစုထားတဲ့ မြန်မာ့မဟာဂီတကျမ်းစာအုပ်နှစ်အုပ်နဲ့အတူ အမှတ်တရလက်ဆောင် ပေးဖြစ်ခဲ့ပါတယ်။ ဒီမြနန္ဒာ Music Score ကိုလည်း မြို့မငြိမ်းမြန်မာသီချင်းများ **MYOMANYEIN MYANMAR CLASSICS** စာအုပ်မှာ ထည့်သွင်းပါရှိပါတယ်။

ရှေ့အဖို့လည်း နိုင်ငံတော်အဆင့်ဖြစ်လို့ ဒီထက်ဒီထက် ပိုကျစ်လျစ်၊ ပိုခိုင်မာ၊ တိုးတက်ပြီး မျိုးဆက်မျိုးဆက်တွေ နှစ်ချီရင်းနှီးလိုက်ရင် လမ်းမှန်ပေါ်လျှောက်နေပြီဖို့ မြို့မငြိမ်းတို့ ရွှေပြည်အေးတို့ဆိုတဲ့ ဂီတပညာရှင်ကြီးတွေရဲ့ ဆန္ဒ၊ အာသီသ Symphony တီးဝိုင်းကြီး ထည်ဝါစွာ ပေါ်ပေါက်လာရေး မျှော်လင့်ချက်ဟာ အသက်ဝင်လာပါပြီ။ တူရိယာပညာရှင် Players တွေလည်း အရေအတွက်မျှမက အရည်အချင်းပြည့်မီဖို့ပါ ကြိုးပမ်းနေကြပါပြီ။ ဆရာကောင်း၊ သမားကောင်းတွေနဲ့ စနစ်တကျမှန်၊ အချိန်မှန်မှန် ကြိုးပမ်းလေ့ကျင့်ကြမယ်ဆိုရင် ကောင်းသထက်ကောင်း၊ တိုးတက်သထက် တိုးတက်ပြည့်စုံလာမှာပါ။

ဒါပေမဲ့ အချုပ်ပြောလိုတာက သူတို့လို Symphony ကြီးတွေဖြစ်ဖို့ ခဲယဉ်းပါလိမ့်မယ်။ နိုင်ငံ၊ လူမျိုးစရိုက် ယဉ်ကျေးမှုသဘာဝ၊ ဂီတအနုပညာ၊ ဂီတပညာရှင်စတဲ့ အချက်အလက်တွေ အများကြီး ကိုက်ညီပြည့်စုံဖို့ လိုပါတယ်။ အရှေ့တိုင်းနိုင်ငံကြီးများဖြစ်တဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယား စတဲ့ နိုင်ငံတွေလို National Character အမျိုးသားရေးလက္ခဏာပါတဲ့ ဂီတဖန်တီးနိုင်တဲ့ Orchestra ကြီးတွေကို နမူနာယူသင့်ပြီး ကျွန်တော်တို့လည်း Myanmar Character မြန်မာ့အမျိုးသားရေးဟန်ပါတဲ့ ပုံစံနဲ့၊ ဂီတစနစ်အမှန်၊ ဂီတလေ့ကျင့်ကြိုးပမ်းမှုအမှန်၊ ဂီတအဆင့်အမှန်နဲ့ အဆင့်မီတဲ့ Myanmar National Orchestra မြန်မာ့နိုင်ငံတော် သံစုံတီးဝိုင်းကြီး ဖြစ်လာစေရန် ဆန္ဒပြုကြရမှာပါ။

■

ကိုရွှန်းမြိုင်(မြို့မ)


ဗုဒ္ဓံ ဓမ္မံ သံဃံ

လားရှိုးမြို့ နက္ခတ်သိဒ္ဓိရှင် **ဆရာတော် ဦးပဏ္ဍိတာဘိဝံသ** ၏ သမီးတပည့်

ဆန်းကျမ်းပြုဆရာ **ဆရာမ ဒေါ်နန်းခမ်းလန်**


မိတ်ဟောင်းကို စောင့်မျှော်မိတ်ခေါ်ရင်း မိတ်သစ်ကိုလည်းကြိုဆိုပါတယ်ရှင်။

အမှတ်(၆၈)၊ မဟာဗန္ဓုလလမ်း ၄၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
[ဒဂုံမောင်လှကျော်ရည်ဆိုင်ဘေးကပ်]
ဖုန်း – ၀၉ ၃၁၃၄၁၁၉၁/ ၀၉ ၄၀၀၄၆ ၂၉၉၆




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သီ×××
ကို လုံခြုံအောင်
သိမ်းမည်×××
ကောင်းဖို့လိုပါသည်၊
ပွားရင်
လိမ့်မည်၊
ကြားသာသနာနီးလို့
စိတ်ကြပါ
ည် ×××
ခါကျရင်
မိဘ ရှိသေကြရမည်၊

င်းတဲ့
ကတ်တရားတွေကို
ားကြဖို့ ကျွန်တော်
တ်သည်×××"
ည် ညနေစောင်းပြီ
နဲ့ ဒီအသံက
ရပြီ။
ောင်တို့အဖွဲ့က
တောက ပြန်လာပြီး
ကြီးကျောင်း



လှမ်းလှမ်း
ာ
ောင်ပင်ကြီး
ာက်ကနေ
င်းသားကြီး
င်မောင်ရင် ဆိုခဲ့တဲ့
ကြားသာသနာ
ချင်းကို အသံပြာနဲ့
ာ်ဆိုနေတာလေ။

www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်းမက နေ့တိုင်းလိုလို ကြားနေရတာ ဆိုတော့ ကျောင်းဝိုင်းထဲက ဘိုးစံမြ မပြောနဲ့၊ ကြားထဲက ကျူပ်တောင် စိတ်က အချဉ်ပေါက်လာပြီ။ ဘယ့်နှယ်ဗျာ ပြီးပြီး သားကိစ္စ ပြီးသွားပြီပဲ ဥစ္စာ။ သူကပဲ မီးတကျည်ကျည် ဖြစ်နေရတယ်လို့။ တကယ်ဆို ဘုန်းကြီးရဲ့အရိုက်ကို ခံရတာက ဘိုးစံမြပါ။ နာခြင်းနာ ဘိုးစံမြက နာရမှာလေ။ ဒီကောင်ဆိုတဲ့သီချင်းကလည်း ကြည့်ဦး…

'*ကောင်းသူကယ်တင်မည်××× မကောင်းသူကို ဖယ်ရှားပါတော့မည်××× ဘုရားတရားတော်နဲ့အညီ××× အလော်မာများ×××တော်ရာကိုရှား××× ဒေသနာတရား××× သေချာမမှား××× နေ့စဉ်ပွားမည်၊ သိကြားသာသနာ ရောက်ချိန်နီးပါပြီ*' တဲ့။

'တောက် ဒီသီချင်းနဲ့ သူနဲ့က ဘာဆိုင်လို့တုံး'

□

သိကြားသာသနာ
နီးလို့
ပုတီးစိပ်ကြပါ
အတည်
×××
အဲဒီအခါကျရင်
လူကြီးမိဘ
ရှိသေကြရမည်
မကောင်းတဲ့
ဒုစရိုက်
တရားတွေကို
ပယ်ရှားကြဖို့
ကျွန်တော်
နှိုးဆော်သည်
×××

တကယ်ဆို ဘမောင် မကောင်းဘူးဆိုတာ တစ်ရွာလုံးက သိနေကြတာပါ။ ဒါပေမဲ့ အဲဒီ တစ်ရွာလုံးကကို ဘမောင် မကောင်းဘူးလို့ ဘယ်သူကမှ မပြောကြတာ။ မပြောရဲကြလို့တော့ ဟုတ်မယ်မထင်ပါဘူး၊ မပြောချင်ကြလို့ နေမှာပါ။ ခွေးရူးနဲ့ ခွေးကောင်းပြိုင်ကိုက်ရင် ခွေးကောင်းပဲ နာမှာမဟုတ်လား။ ဒီလိုပြောတော့ ပြောတဲ့သူပါ ခွေးဖြစ်ဦးတော့မှာပါ။

ခွေးရိုက်ချင်ပေမဲ့ ခွေးရှင်မျက်နှာကို ကြည့်ရသေးတယ် မဟုတ်လား။ ပိုက်ဆံမျက်နှာက ရှိသေးတယ်လေ။ ကွယ်ရာမှာတော့ ပြောချင်ပြောကြမှာပေါ့။ ဘယ်သူသိတာလိုက်လို့။ ဟုတ်ဖူးလား။ ဘယ်သူသိတာလိုက်လို့လို့ ဆိုပေမဲ့ ဘမောင်ကသိတယ်။ ရွာက သူ့ကို ဘယ်လိုပြောနေကြတယ်၊ ဘယ်လိုသတ်မှတ်ကြတယ်ဆိုတာကို ဒီကောင်ကသိတယ်။ သိလည်း သေိပါပဲ။ ဒီကောင်က ဒါတွေကို ဂရုစိုက်နေတဲ့ကောင်မှ မဟုတ်ဘဲ။ ဂရုစိုက်ရကောင်းမှန်းကို မသိတာ။ မျက်နှာက အလွန်ပြောင်တဲ့ကောင်။ ခွေးလျက်ထားတဲ့ ထန်းလျက်ခဲတောင် သူ့လောက်ပြောင်မယ် မထင်ဘူး။

ဒီကြားထဲ သူ့ကို မြှောက်ထိုးပင့်ကော်လုပ်ပြီး ကပ်ပါးရပ်ပါး လုပ်စားနေကြတဲ့ကောင်တွေကရှိသေး။ ဘမောင်ဆိုတဲ့ကောင်ကလည်း အရူးဘုံမြှောက် ချေးခြောက်ကောက်စားဆိုတဲ့ အထဲက။ အင်း ဘမောင်က ချေးခြောက်ကောက်စားမယ့်ကောင်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဆီမွှေးကလေးသပ်ပြီး ချက်ကျွေးရင်တော့ စားချင်စားမှာပေါ့။ ဟုတ်တယ်။ ပြောပြန်ရင်လည်း အောင်မင်းလွန်တယ်လို့ပဲ ပြောကြဦးမှာပါ။

ဘမောင်က လူတွင်ကျယ် သိပ်လုပ်ချင်နေတဲ့ကောင်။ နေရာတကာ သူသိတယ်၊ သူတတ်တယ်နဲ့ ထောင်ထောင်၊ ထောင်ထောင်လုပ်နေတာ။ လူကသာ လူတွင်ကျယ်လုပ်ချင်တာ ပညာအရည်အချင်းကဖြင့် လေးတန်းတောင် မအောင်ဘူး။ စာကိုတောင် ဖြောင့်အောင်ရေးတတ်တာမှ မဟုတ်ဘဲ။ စာကိုသာ ဖြောင့်အောင် မရေးတတ်တာပါ၊ လက်မှတ်ကျတော့ ထိုးချင်လိုက်ရတာ လွန်ရော။ သူ လက်မှတ်ထိုးမှပဲ အလုပ်ကလုပ်ရတော့မှာလိုလို။ အလကားပါ။

လက်မှတ်ထိုးချင်တယ်ဆိုလို့ သူ့အလုပ်က ဘာလဲမေးဦး။ သူ့အလုပ်က ရွာမှာ ဘယ်နေရာ ကြက်ဝိုင်းရှိတယ်၊ ဘယ်နား ဖဲဝိုင်းရှိတယ်၊ ဘယ်အိမ်က အရက်ပုန်းချက်တာ၊ ဘယ်အိမ်ကဘာ၊ ဒါတွေကိုပဲ လိုက်ပြီး စုံစမ်းနေတဲ့ကောင်။ ဒါလည်း တားမြစ်ဖို့၊ ပိတ်ပင်ဖို့မဟုတ် ပါဘူး။ မိုက်ကြေးခွဲချင်တာ သက်သက်ရယ်။ လစ်ရင် လစ်သလို၊ ချောင်ရင်ချောင် သလို ခိုးချင်ဝှက်ချင်တာ ပိုသေး။ လစ်ရင်လစ်သ ဆိုပေမဲ့ မလစ်ရင်လည်း မျက်နှာပြောင်တိုက်ပြီး အချောင်နိုက်တဲ့ကောင်ပါ။ ဒါကိုက သူ့အဖို့ အလုပ်ကြီး အကိုင်ကြီးဖြစ်နေတာ။

ဘမောင်တို့ ပါရမီပြည့် ပုံကတော့ ကမ်းကုန်တယ် လူကသာ ဘာမှမဟုတ်တာ ဥပမိက လုပ်စားလို့ အင် တန်ကောင်းတဲ့ ဥပမိ။ ဈာ ထည်ကို ချေးပေါ်ပေါ်နဲ့ဝ ပြီး ဘောင်းဘီရှည်တွေ လောင်းကုတ်တွေများ ဝ လိုက်လို့ကတော့ လုပ်စား ရှေ့ဆိုတဲ့အထဲက။ တစ် တလေ စတစ်အကျီတွေ တိုက်ပုံအကျီတွေဝတ်ပြ ဘုရားလူကြီးလိုလို၊ ကျော ဒကာလိုလိုနဲ့ ရှေးဟော ဘုရားကြီးပဲ ပြုပြင်ဖို့ဆိုသ လို၊ လမ်းကြီးပဲခင်းဖို့ဆိုသ လို အလှူခံက ထွက်လို သေးတာ။

ရွာကလူတွေကလည် လူတွေပါပဲ။ သူတို့ကိုယ် တို့ ရိုးတယ် ရိုးတယ်နဲ့ တယ်ဆိုတာကိုများ အဟု ကြီး မှတ်နေသလား မ တတ်ပါဘူး။ ရိုးတယ်ဆို ကောင်းတာပေါ့။ ဒါ တကယ်တော့ အ,တ အလိမ်အညာက အလွန်ခံ ကြတာလေ။ တခြားလ လာပြီးမလိမ်ရင်တောင် ပေါင်ကိုယ် လိမ်နေရမှ



www.burmeseclassic.com

www.burmeseclassic.com

...ိုင်သာ ရှိတတ်ကြတာ။ ...သာ ခံချင်ကြတာပါ၊ ...တတ်တာကျ လွန် ... တစ်ယောက်ယောက် ... ဟောက်စားငေါက် ... လုပ်လိုက်လို့ကတော့ ဒူး ...အောင်ကို ကြောက် ...ကြတာ။ အမှန်တော့ ...လို ကြောက်အောင်လည်း ...င်က ဖြုံခြောက်ထား ...ပါ။

မိုက်ရတဲ့အထဲ သိုင်း ...တာက ပိုသေးဆိုသလို ... ပိုက်ဆံအားကိုးကရှိနေ ... သောင်းကျန်းချင်တိုင်း ...င်းကျန်းတော့တာပေါ့။ ...တာက မကောင်းတာ ...တဲ့ လူတွေကများတော့ ...င်းတာလုပ်တဲ့သူတွေကပါ ...ယောင်ပြီး ကြောက်တတ် ...ကြတာလေ။ ဒါကြောင့် ...ည်း ဘမောင်က ဘယ်သူ့ ... ရှမစိုက်တာပေါ့။

ရွာကလူတွေက ငွေရေး ...ကြေးရေးနဲ့ ပတ်သက်လာရင် ...အဖေကြီးနဲ့က မလွတ် ...င်းခဲ့ကြတော့ ဘမောင်ကို ...က်နှာသာပေးနေတာလည်း ...မှာပေါ့။ တကယ်တော့ ...မောင်က တစ်ဦးတည်း ...သာမြေးလို့ဆိုပေမဲ့ ဥတစ် ...ုံး တစ်ကောင်ကွက်ပါ။ ...စ်ကောင်တည်းပဲ ဒါပေမဲ့ ...ကွက်။ ခုဟာက အဲဒီကွက် ... ဆိုးနေတာ။

အစောပိုင်းတုန်း ...တော့ အဖေမရှိ၊ အမေမရှိ ...ပေါ့။ နောက်တော့ အဖေကြီး၊ အမေကြီးတွေအားကိုးနဲ့ ဆိုး ချင်တိုင်း ဆိုးခဲ့တာ။ ခုတော့ သူ့အဖေကြီး၊ အမေကြီးတွေ လည်း မရှိကြတော့ပါဘူး။ ဒီကောင့်ကို အိမ်ထောင်ချပေး ပြီး မြေးနှစ်ယောက်ရတဲ့ အချိန်မှာ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဆုံးပါးသွားကြတာ။ ဒီကောင်က သားတွေ၊ သမီး တွေရလာလို့ သိတတ်မလား မှတ်တယ်၊ ပိုတောင် ဆိုးလာ သေး။ သူ့ကို ဆုံးမပဲ့ပြင်ပေး မယ့်သူက တစ်ယောက်မှမှ မရှိတော့ဘဲကိုး။ သူ့မိန်းမ ကလည်း သူပြောတာပဲ ပြီးရ တာလေ။ တကယ်တမ်း ပြောရမယ်ဆိုရင် ဘမောင်က ဒီရွာသားလို့ဆိုပေမဲ့ သူ့အဖေ က ဒီရွာသားမဟုတ်ဘူး။

သူ့အဖေက ဖျိုး အနောက်ကြည်းတောဘက် ထနောင်းကုန်းရွာက။ ထနောင်းကုန်းရွာဆိုတာက ကျုပ်တို့ သပြေဝရွာနဲ့ဆို ဆယ်တိုင်၊ ဆယ့်ငါးတိုင် လောက်ဝေးတဲ့ရွာ။ ကားတစ် တန်၊ လှည်းတစ်တန်နဲ့ သွားရ တဲ့ရွာ။ သူတို့ရွာက ယာမြေ ဆိုတော့ လယ်စိုက်ချိန်၊ ဖျိုး ချိန်ဆို ဒီရွာကို လာပြီး ကောက်စိုက်ဖျိုးနုတ် လာလုပ် ကြတာလေ။ အဲဒါ တစ်နှစ် က သူ့အဖေက ဒီရွာကို ကောက်စိုက်လိုက်လာရင်းနဲ့ သူ့အမေ မယ်တင်နဲ့ ငြိခဲ့ကြ တာ။ သူ့အမေ မယ်တင်ရဲ့ မိဘတွေက ရွာမှာ ဩဇာရှိ တယ်လေ။ ပိုက်ဆံက ချမ်း သာတာကိုး။ ဘမောင်ရဲ့ အဖေကြီး၊ အမေကြီးတွေ ပေါ့။ အဲဒီ ဘမောင်ရဲ့ အဖေ ကြီး အမေကြီးတွေက သူတို့ သမီး မယ်တင်ကို ဘမောင် ရဲ့ အဖေနဲ့ သဘောတူတာ မဟုတ်ဘူး။ ဒါနဲ့ပဲ ဘမောင် ရဲ့ အဖေက မယ်တင်ကို ခိုး ပြေးတာ။

မယ်တင်ကို ခိုးပြေးတာ က အကြောင်းမဟုတ်ဘူး လေ။ မယ်တင်ကို ဆင်ထား တဲ့ လက်ဝတ်လက်စားတွေ က အကြောင်းဟုတ်တာ။ ဆင်ထားတဲ့ ပစ္စည်းတွေက နည်းတာမှ မဟုတ်ဘဲ။ ဆွဲ ကြိုးတွေ၊ လက်ကောက်တွေ အပြင် ဘယက်တစ်ကုံး တောင် အဆစ်ပါသွားသေး တာ။ ကျုပ်ကသာ အဲသလို ထင်နေတာပါ။ မယ်တင်ရဲ့ မိဘတွေကတော့ မှုတောင် မမှုဘူး။ ဆင်ပိန် ကျွဲလောက် ပဲ ရှိတာကိုး။ သူတို့သိတာက သူတို့သမီး မယ်တင် မိုက်လုံး ကြီးတာပဲ သိတာလေ။

မကြာပါဘူး မယ်တင် က ရွာကို ပြန်ရောက်လာတာ ပါပဲ။ ရိုးရိုးပြန်လာတာတော့ မဟုတ်ဘူး။ ဗိုက်တစ်လုံးနဲ့ ပြန်လာတာ။ သူ့ရဲ့ယောက်ျား က အလုပ်ကို လက်ကြော တင်းအောင် လုပ်ချင်တာ မဟုတ်ဘူးတဲ့။ စားလိုက်၊ သောက်လိုက်၊ ဖဲရိုက်လိုက်နဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စားပဲတဲ့ လေ။ အဖေတို့ အမေတို့ ဆင် ပေးလိုက်တဲ့ ပစ္စည်းတွေကို အလုပ်တစ်ခုလုပ်ဖို့ အရင်း အနှီးလိုတယ်ဆိုပြီး ယူသွား ပြီးကတည်းက ထွက်သွား လိုက်တာ ခုထိကို ပြန်ရောက် မလာတော့တာတဲ့။ သေ သလား၊ ရှင်သလားဆိုတာ တောင် မသိတော့ပါဘူးတဲ့ လေ။

အဲဒါ ဟိုမှာတစ် ယောက်တည်း ယောင်လည် လည်ဖြစ်ပြီး ဒုက္ခရောက်နေ လို့ အဖေတို့ အမေတို့ဆီ ပြန် လာတာပါလို့ မျက်ရည် ကလေးစမ်းစမ်းနဲ့ ပြောတော့ တာကိုး။ ဘယ်လောက်ပဲ စိတ်ဆိုးပါတယ်ပြောပြော မိဘဆိုတော့လည်း ကိုယ့် သမီး ဒုက္ခရောက်နေတာကို ဘယ်ကြည့်ရက်ကြပါ့မလဲ။ သူတို့သမီးကို ပြန်ပြီး လက်ခံ လိုက်ကြရတာပေါ့။ တောင်း ဆိုးပလုံးဆိုးကိုသာ ပစ်ရိုး ထုံးစံရှိတာ မဟုတ်လား။ သားဆိုး၊ သမီးဆိုးကိုတော့ ဘယ်ပစ်ရက်ကြပါ့မလဲ။ ဒါ နဲ့ပဲ မယ်တင်က ရွာကို ပြန် ရောက်လာခဲ့တာ။

မယ်တင်လည်း သက် ဆိုးမရှည်ပါဘူး။ ဘမောင်ကို မွေးပြီး တစ်နှစ်လောက်နေ တော့ ဆုံးပါးသွားတာပါပဲ။ အဲဒီမှာ မယ်တင်ရဲ့ အဖေနဲ့ အမေက သူတို့သမီး မရှိတော့ ဘူးဆိုတော့ သူတို့ရဲ့မြေး ဘမောင်ကို အတိုးချပြီး ချစ် ကြတာပေါ့။ မိတဆိုး သား လေးကိုး။ ဖတဆိုး သား လေးကိုး။ ချစ်တော့ အလို လိုက်၊ အလိုလိုက်တော့ ဘမောင်က ဆိုးချင်တိုင်း ဆိုး တော့တာလေ။ ပညာအရည် အချင်းကလည်း တောင်မ ရောက် မြောက်မရောက်။ ထားပါ ကိုယ့်အဖေကြီး၊ အမေကြီးတွေအပေါ် ဆိုးတာ ပဲ ဆိုးပေါ့။ ခုဟာက အဖေ ကြီး၊ အမေကြီးတွေရဲ့ အရှိန် နဲ့ ရွာအပေါ်ကို ဆိုးတာ။ နေရာတကာ ပိုက်ဆံနဲ့ဖိပြီး မိုက်ရိုင်းတာ။

ဟင်း…ဟင်း…ဒီလို ကောင်က ရွာမှာ လူတွင် ကျယ်လုပ်နေတာဆိုတော့ ရွာ နာတာပေါ့။ သူကများ လူ ကြားကောင်းအောင် အသံ ကောင်း ဟစ်နေသေးတယ် လေ။ သိကြားသာသနာ ရောက်ချိန်နီးပါပြီတဲ့။ ဟင်း


www.burmeseclassic.com

www.burmeseclassic.com

ဟင်း သိကြားမင်းကြီးရယ် သိကြားသာသနာ ရောက်တဲ့ အခါ ဝရဇိန်လက်နက်နဲ့ သင်းရဲ့မျက်ခွက်ကို ဒင်းခနဲနေအောင် မြန်မြန်သာ ခွင်းလိုက်စမ်းပါတော့လို့။ အဲသလိုသာ ဆုတောင်းလိုက်ချင်တော့တယ်။

တစ်ခုတော့ ရှိတာပေါ့လေ။ ဘိုးစံမြကလည်း ဒီကျောင်းကို ရောက်လာတာ တစ်ပတ်လောက်ပဲ ရှိသေးတာကိုး။ ကျောင်းရောက်တာမှ မကြာသေးဘူး။ ပြဿနာက ဖြစ်တာဆိုတော့ ဆရာတော်က ရိုက်တော့မပေါ့။ နောက်ပြီး ဘိုးစံမြက ဆရာတော်ကိုယ်တိုင် ခေါ်လာတဲ့လူ။ ဟိုတလောက ဆရာတော် မြို့ပေါ်ကိုကြွပြီး ပြန်လာတော့ ဘိုးစံမြက ဆရာတော်နဲ့အတူ ပါလာခဲ့တာ။ နာမည်က ဘိုးစံမြတဲ့လေ။ ဒီကျောင်းကို ခဏလိုက်လာတာတဲ့။ ဒါပေမဲ့ ဒီကျောင်းမှာ နေရင်းနဲ့ ပျော်သွားရင်တော့ သာသနာ့ဘောင်ကို ဝင်မှာလို့ ဆရာတော်ကိုယ်တိုင်က မိန့်ခဲ့တာပါ။

အသက်က ငါးဆယ်ကျော်လောက်ပဲ ရှိဦးမှာပါ။ ဒါပေမဲ့ ကတုံးဘိုကေမှာ ဆံပင်ဖြူတွေက ကွက်တိကွက်ကျား ပေါက်နေတာလေ။ ဖျင်ကြမ်းတိုက်ပုံအင်္ကျီကြီးကို ဝတ်ထားသေးတာဆိုတော့ ခြောက်ဆယ်ကျော်လောက် ရှိပြီလို့ ထင်ရတာပေါ့။ ပိုဆိုးတာက မျက်နှာပေါ်က အမာရွတ်ကြီးက သူ့ရုပ်ကို ပိုပြီး ရင့်ထော်နေတာပါ။ ဆရာတော်ကလည်း ဒီလူနဲ့ ဘယ်လိုက ဘယ်လိုတွေ့ပြီး ပါ

'ကောင်းသူ
ကယ်တင်မည်
xxx
မကောင်းသူကို
ဖယ်ရှား
ပါတော့မည်
xxx
ဘုရားတရားတော်
နဲ့အညီ
xxx
အလော်မာများ
xxx
တော်ရာကိုရှား
xxx
ဒေသနာတရား
xxx
သေချာမများxxx
နေ့စဉ်ပွားမည်
သိကြားသာသနာ
ရောက်ချိန်
နီးပါပြီ

လာတာမှန်းမှ မသိတာ။ ဆရာတော်ရဲ့ ဧည့်သည်ဆိုတော့လည်း ဘာပြောနေရဦးမှာတုံး။ လူကြီးက ရုပ်ကသာ ဆိုးတာပါ စိတ်ရင်းစိတ်ခါတ်က မဆိုးပါဘူး။ သူ့ဘာသာသူ တစ်ယောက်တည်း အေးအေးဆေးဆေးနေတာပါ။ နေတာကတော့ မီးတင်းကုပ်ထဲပေါ့။ ဒါပေမဲ့ ဘုရားဝင်းထဲသွားပြီး စိပ်ပုတီးစိပ်နေတာက များတာပါ။

အားရင် အားသလို ကျောင်းမှာ တံမြက်စည်းလှည်း၊ ရေခပ်၊ ကုဋီဆေးနဲ့ ကျောင်း ဝေယျာဝစ္စတွေကို သူပဲလုပ် ပေးနေတာ။ အချိန်တန် ဘုရားရှိခိုး၊ စိပ်ပုတီးစိပ်၊ မေတ္တာပို့ သူ့အလုပ်ကဒါပဲ။ သူ့ရဲ့ ဘုရားရှိခိုးသံ၊ မေတ္တာပို့သံတွေကိုတောင် ရွာထဲကနေ ကြားနေရတာလေ။ အဲဒီလို သူ့ဘာသာသူနေတဲ့ ဘိုးစံမြက ဖြစ်မယ့်ဖြစ်တော့ လှည်းသားငါးရာနဲ့ဆိုသလို ဘမောင်နဲ့မှ သွားပြီးဖြစ်တာကိုး။

❑

အဲဒီနေ့က ဦးသာခင်က ကျောင်းမှာ ဆွမ်းကပ်မယ်ဆိုတော့ လှဆောင်တို့အဖွဲ့က ဆွမ်းလာပြီး ချက်ကြတာလေ။ အဲဒီမှာ ဘမောင်က ပါလာတာ။ ဒီကောင်က ဘာမှ ချက်တတ်၊ ပြုတ်တတ်တာ မဟုတ်ပါဘူး။ သက်သက်မဲ့ ဆရာကြီးလုပ်ချင်တာနဲ့ လိုက်လာတာ။ လက်ကလေး နောက်ပစ်ပြီး ဟိုဟာကို ဟိုလိုလုပ်၊ ဒီဟာကို ဒီလိုလုပ်နဲ့ လျှောက်ပြီး ညွှန်ကြားနေတာ။ ကိုယ်တိုင် လုပ်လို့လည်းဆိုရော ဘာတစ်ခုမှ အဖြစ်ရှိအောင် လုပ်တတ်တာ မဟုတ်ဘူး။ အဲဒီမှာ ဘိုးစံမြနဲ့ တွေ့တော့တာ။ ဘိုးစံမြက ဆွမ်းချက်တော့ ဝင်ကူလုပ်ရင်း စားဖိုဆောင်ထဲကို ဝင်လာတာလေ။

'ဟ ဒီနားထားတဲ့ ငါးခြောက်တစ်ပြားက ဘယ်ရောက်သွားရတာလဲ'

ဘိုးစံမြက စားဖိုဆောင်ထဲက ငါးခြောက်တစ်ပြားလျှော့နေလို့ မေးလိုက်တာပါ။ ဒါကိုပဲ ဘမောင်ဆိုတဲ့ကောင်က…

'ဒီ စားဖိုဆောင်ထဲကို ခင်ဗျားကလွဲရင် ဘယ်သူမှ မဝင်ဘူး ဘိုးစံမြ'

'ဘယ်သူမှ မဝင်ဘဲနဲ့တော့ ဒီငါးခြောက်တစ်ပြားက မပျောက်နိုင်ပါဘူး'

'ဒါတော့ မပြောနိုင်ဘူးလေ။ ယူချင်တဲ့သူက ဒါမျိုးချောင်းနေတာနေမှာကိုး'

ဘာရယ် မဟုတ်ပါဘူး။ ထုံးစံအတိုင်း ဘမောင်က သက်သက်မဲ့ ကျယ်တာပါ။

'ဒါမျိုးချောင်းနေရအောင် ငါးခြောက်တစ်ပြားက ဘယ်လောက် တန်ဖိုးရှိလို့လဲကွ'

'တန်ဖိုးမရှိလည်း အကျင့်က ပျောက်ချင်မှ ပျောက်မှာလေ'

'ဘာပြောတယ်'

ဘိုးစံမြရဲ့ မျက်နှာတစ်ခုလုံးကို ရဲတက်သွားတာ လက်သီးတွေကိုတောင် ကျစ် နေအောင် ဆုပ်လိုက်သေးတာလေ။

'သူများ အလှူအတန်း လုပ်ထားတဲ့ပစ္စည်းကို စိတ် တောင် မပြစ်မှားဘူးကွ။ ငါ က ငါအပြင်သွားနေတုန်း ခွေးတွေဘာတွေများ ဝင် သွားသလားလို့ မေးတာ'

'ဘယ်ခွေးမှ မဝင်ဘူးဗျာ၊ လက်စလက်နရှိ သူပဲ နေမှာပါ'

'မင်းကွာ…မင်း… မင်း…တောက်'

ဘမောင်ရဲ့စကား အနှောင့်မလွတ်၊ အသွ မလွတ်ကြီးဆိုတော့ အသ တွေတောင် တဆတ်ဆ တုန်သွားတာ။ ဒါပေမဲ့ ဘိုး မြက ဖြစ်နေတဲ့ဒေါသကို ပြီး ဘာမှဆက်ပြောမနေ ဘဲ လှည့်ထွက်သွားဖို့ လိုက်တာပါ။

'ဟဲ ဟဲ ယ

www.burmeseclassic.com

ဆည်း ပြီးတာပါပဲဗျာ။ နောက်တော့ သတိထားရမှာပေါ့'

အဲဒီမှာ ဘိုးစံမြက ဆတ်ခနဲ ပြန်လှည့်လိုက်ပြီး…

'ဟေ့ကောင်၊ စံမြဆိုတဲ့ ကောင်က သူများလို ထဘီစုတ်ကိုခိုးတဲ့ အောက်တန်းကျတဲ့ သူခိုးမဟုတ်ဘူးကွ'

'ဘာဗျ'

ဘမောင် ရှူးရှူးရှဲရှဲဖြစ်သွားတာပေါ့။ အနာပေါ်ပဲ တုတ်ကျသွားတာလား၊ တုတ်ကပဲ အနာပေါ်ကျသွားတာလားတော့ မပြောတတ်ဘူးလေ။

'ဟင်း ဟင်း ဘုန်းကြီးကျောင်းကို ကပ်နေတဲ့သူခိုး၊ ကြမ်းပိုးလိုလူကများ လူပါးဝသို့၊ ဘမောင်အကြောင်း ပြရသေးတာပေါ့ကွာ။ ဟေ့ကောင်တွေ'

ဘမောင်ကမှ ဟေ့ကောင်တွေရှိသေးတယ်၊ သူ့လူတွေက ထင်းစတွေဆွဲပြီး ဘိုးစံမြကို ဝိုင်းထားလိုက်ကြတာလေ။

'ဩ ဟား ဟား လာလေ၊ လာကြ။ စံမြ ဘာကောင်ဆိုတာလဲ ပြရသေးတာပေါ့ကွာ'

ဘိုးစံမြက ပြောပြောဆိုဆိုနဲ့ ပုဆိုးကို တိုတိုပြင်ဝတ်လိုက်ပြီး လက်ပမ်းပေါက်ကို 'ဖြောင်း' 'ခနဲမြည်အောင်လည်း ခတ်လိုက်ရော၊ ဘမောင်ရဲ့ကောင်တွေ နည်းနည်းတော့ ရှိန်သွားတယ်။ အနီးအနားက လူတွေဝိုင်းလာကြပေမဲ့ ဘယ်သူမှ မဖျန်ရဲကြဘူး။ ဘိုးစံမြကို တအံ့တသြဖြစ်ပြီး ငေးကြည့်နေကြတာလေ။ နောက်ပြီး ဘမောင်ကို အမြင်ကတ်နေကြတာလည်း ပါမှာပေါ့။

ဘိုးစံမြက အသက်က ငါးဆယ်ကျော်ပြီဆိုပေမဲ့ သန်တုန်းမြန်တုန်း၊ ဖျတ်လတ်နေတုန်းပဲရှိသေးတာကိုး။ ဆူညံဆူညံ အသံတွေကြားလို့ ထင်ပါရဲ့ ဆရာတော်က ကျောင်းပေါ်ကနေ ရေးကြီးသုတ်ပျာနဲ့ ဆင်းချလာပြီး ဘိုးစံမြဆီကို တန်းသွားတော့တာ။ ဘိုးစံမြကို စိုက်ကြည့်လိုက်ပြီး…

'ဟဲ့ကောင် စံမြ'

'ဘုရား တပည့်တော် ဟို ဟို တပည့်တော်'

'မလိုချင်ဘူး စံမြ။ တိုင်ကို ဖက်ထားလိုက်စမ်း'

ဆရာတော်က ပြောပြောဆိုဆို တိုင်ဖက်ထားတဲ့ ဘိုးစံမြကို ကြိမ်လုံးနဲ့ ဆော်တော့တာလေ။ ဘေးကနေ ရပ်ကြည့်နေတဲ့သူတွေတောင် အလိုလိုနေရင်း ကျောတွေ ကော့ကုန်ကြတာ။ ဘမောင်ဆို ဒူးတွေကို တုန်လို့။ ဆရာတော်က 'ဟိုကောင် ဘမောင်လည်းလာခဲ့' လို့လည်းဆိုရော ဘမောင် ပြူးကြောင်ကြောင်ဖြစ်သွားပြီး…

'တ တ တပည့်တော်က၊ ဟို ဟို ငါးခြောက်ကို'

'တော်စမ်း ဘမောင် နင်က နင်ကိုယ်တိုင် သိတာလည်း မဟုတ်ဘဲနဲ့ သူများ ဒုက္ခရောက်အောင် သက်သက်မဲ့ ချောက်တွန်းချင်တာပေါ့လေ။ ဟုတ်လား'

ဆရာတော်ကလည်း အဲသလို မိန့်လိုက်ရော၊ ဘမောင်ဆိုတဲ့ကောင် ကြောက်လန့်တကြားကြီးနဲ့…

'ဟို ဟို တပည့်တော်ကို ဟိုကောင်တွေက ပြောလို့ပါဘုရား'

ဘမောင်က သူ့လူတွေဘက်လှည့်ပြီး လက်ညှိုးထိုးတော့တာလေ။ သူ့လူတွေဆို ဖက်တွေကို ပုကုန်ကြတော့တာပဲလေ။ ဒီလိုကောင်က ဒီလိုပဲ။ သူ့ကို နိုင်မယ့်သူပေါ်လာရင် သူမဟုတ်သလို ဟိုလူ့လွှဲချ၊ ဒီလူ့လွှဲချလုပ်တဲ့ကောင်။ ဒါပေမဲ့ ဆရာတော်က သူ့ကို မရိုက်ပါဘူး။

'ဒီမယ် ဘမောင်၊ ကိုယ့်အဖေအရွယ်လောက်ရှိတဲ့သူကို ဘယ်တော့မှ မခန့်လေးစား မလုပ်နဲ့။ ငရဲက နေမှာမဟုတ်ဘူး။ နားလည်လား'

'မှန် မှန်ပါ ဘုရား'

ဒါပါပဲ။ ဆရာတော်က ဘမောင် တုန်တုန်ယင်ယင်ဖြစ်နေတာကို ကြည့်ပြီး မရိုက်တော့တာနဲ့ တူပါရဲ့။ နောက်ပြီး ဘိုးစံမြကိုရိုက်ပြီး စိတ်မကောင်းဖြစ်သွားသလား မသိပါဘူး။ ဘာမှ ဆက်မိန့်မနေတော့ဘဲ ကျောင်းပေါ်ကို ပြန်ကြွသွားတော့တာလေ။ ဘိုးစံမြက ဆရာတော်ရဲ့ နောက်ကနေ ခပ်ကုပ်ကုပ်နဲ့ လိုက်သွားတာပါ။ အဲဒီလိုနဲ့ပဲ ပွဲကပြီးသွားတာ။ ဒါပေမဲ့ ဒါကိုပဲ ဘမောင်က မပြီးနိုင်ဘူး ဖြစ်နေတာ။ အရိုက်ခံရတာက ဘိုးစံမြ၊ နာတာက ဘမောင် ဖြစ်နေတာ။

ဆရာတော်ကလည်း ဘာဖြစ်လို့ ဘိုးစံမြကို ဒီလောက်ကြီးထိ ရိုက်ရတယ် မသိပါဘူး။ ကျုပ်တောင် ဘိုးစံမြကိုကြည့်ပြီး အလိုလို နေရင်း ကျောတွေကော့လာတာ။ ဘမောင်ဆို မပြောနဲ့တော့ပေါ့။ ကြောက်သေးတောင် ပါကုန်သလား မသိပါဘူး။ ဒူးတွေကို တုန်နေတာပဲ။ နံဘေးက ကြည့်နေတဲ့ သူတွေတောင် ဘမောင်ကို ကြည့်ပြီး ပြုံးစိစိတွေ ဖြစ်ကုန်ကြတာ။

အဲဒီနေ့က ဘမောင် ကြောက်လန့်နေတာကို ကြည့်ပြီး ဝိုင်းလှောင်ခံကြတာဆိုတော့ ဘမောင်က ရှက်သွားတာလည်း ပါမှာပေါ့။ ဒါကြောက်မို့ ရှက်ရမ်းရမ်းပြီး ဘိုးစံမြကြားအောင် သီကြားသာသနာသီချင်းကို အော်ဆိုနေတာနေမှာ။ ကျုပ်ကတော့ ဘမောင်တို့အဖွဲ့ထဲက ငါးခြောက်ကိုယူထားပြီး ဘိုးစံမြကို လွှဲချတာလို့ ထင်တာပဲလေ။ သူ့လူတွေ ထန်းရည်ဝိုင်းမှာ ပြောနေကြတာကို တစ်ဆင့်ကြားတာပါ။ ဒီကိစ္စက ဘမောင်ကိုယ်တိုင်တောင် သီချင်မှသိမှာ။ သူ့လူတွေကဖြင့် ဒါမျိုးလုပ်စားနေတာကြာပြီ။ ခုလည်း သူ့ကို ဘယ်လိုမြှောက်ပေးနေမှန်းမှ မသိတာ။ ညောင်ပင်ကြီးအောက်ကနေ ဘိုးစံမြကြားအောင် သီကြားသာသနာသီချင်းကို အော်ဆိုနေတာလေ။

*'ကောင်းသူကယ်တင်မည်×××မကောင်းသူကို ဖယ်ရှားပါတော့မည်×××ဘုရားတရားတော်နဲ့ အညီ××× အလော်မာများ×××တော်ရာကိုရှား××× ဒေသနာတရား×××သေချာမမှား×××နေ့စဉ်ပွားမည်၊ သီကြားသာသနာ ရောက်ချိန်နီးပါပြီ×××'*

'တောက် ဒီသီချင်းနဲ့ သူနဲ့က ဘာဆိုင်လို့တုံး'

❑

'ဘိုးစံမြရဲ့ မီးတင်း



www.burmeseclassic.com

www.burmeseclassic.com

ကုပ်ထဲက လက်ဝတ်လက်စားတွေတွေ့လို့'

နံနက်ဝေလီဝေလင်းကြီးမှာ ကြားလိုက်ရတဲ့ သတင်းက ချက်ချင်းဆိုသလို ပျံ့သွားတော့ ဘုန်းကြီးကျောင်းပေါ်မှာ လူတွေကို တရုန်းရုန်းနဲ့ပါပဲ။ ကျုပ်လည်း ကြားကြားချင်းတုန်းကတော့ ယုံတာမဟုတ်ဘူး။ ကျောင်းကို ရောက်သွားတော့မှ ကျုပ်လိုလူတွေ အများကြီးရှိနေတာကို တွေ့လိုက်ရတာ။ ဘိုးစံမြက ဆရာတော်ရဲ့ရှေ့မှာ ကျုံ့ကျုံ့ကလေးထိုင်လို့။ သူ့မျက်နှာမှာတော့ ညှိုမည်းဖူးရောင်နေတာပါ။ နှုတ်ခမ်းထောင့်မှာတောင် သွေးတွေက စို့နေသေးတာ။ ဘမောင်ကတော့ သူ့ကိုယ်သူ ဘာမှတ်နေလဲ မသိပါဘူး။ ရင်ကိုကော့ ခေါင်းကိုမော့ပြီး ဆောင့်ကြွားကြွားကြီး ထိုင်နေတာလေ။ ဆရာတော်က သူတို့နှစ်ယောက်ရဲ့ရှေ့က စားပွဲခုံပေါ်မှာတင်ထားတဲ့ လက်ကိုင်ပဝါလေးထဲက ပစ္စည်းကိုပဲ ကြည့်နေတာပါ။

လက်ဝတ်လက်စားတွေဆိုလို့ အများကြီးလားမှတ်တယ်။ ဒေါင်းဘယက်ကလေးတစ်ကုံးပါ။ လူတွေများ စကားက တယ်ကားတာပဲ။ ဒါကိုပဲ ဆရာတော်က သေသေချာချာ ကြည့်နေတာပါ။

'တပည့်တော် သူ့ကို မသင်္ကာနေတာ ကြာပြီဘုရား။ ဒီနေ့မနက် တပည့်တော်တို့အဖွဲ့ တောကိုရေတင်ဖို့ ထွက်အလာမှာ ကျောင်းနားရောက်တော့ မီးတင်းကုပ်ထဲက မီးရောင်မြင်လို့

> လူဆိုး
> ဓားပြကမှ
> အသိတရား
> ဝင်လာတဲ့အခါ
> နောင်တရချင်
> ရနိုင်သေးတယ်
> လူလိမ်
> လူကောက်
> တစ်ယောက်က
> နောင်တရ
> ပါပြီလို့
> ပြောတဲ့အခါ
> ယုံကြည်ဖို့ရာ
> ခက်ခဲတတ်တယ်

မသင်္ကာတာနဲ့ ဝင်လည်းကြည့်လိုက်ရော ဘိုးစံမြက ဒီပစ္စည်းလေးကို ကြည့်နေတာတွေ့လို့ တပည့်တော်တို့အဖွဲ့က ဝင်ပြီး ဖမ်းလိုက်တာပါ။ ဒီလို လက်ပူးလက်ကြပ်မိတာတောင် သူက ငြင်းဆန်နေတာနဲ့ နည်းနည်းတော့ ဆုံးမထားရတယ်ဘုရား'

ဘမောင်က ဂုဏ်ယူဝင့်ကြွားတဲ့လေသံကြီးနဲ့ ဆရာတော်ကို လျှောက်နေတာလေ။ ဘိုးစံမြရဲ့ မျက်နှာက ဆီးရွက်လောက်ပဲ ရှိတော့တာ။ နည်းနည်းတော့ ဆုံးမထားရတယ်တဲ့။ ဟင်း ဟင်း နည်းနည်းမှ တော်တော့တယ်။ သူ့လူတွေနဲ့ ဘယ်လောက်ထိ နှိပ်စက်ထားမှန်းမှ မသိတာ။

ဟုတ်တော့လည်း ဟုတ်တယ်။ ဘိုးစံမြလိုလူရဲ့ လက်ထဲမှာ ဒီလိုပစ္စည်းက ဘယ်လိုလုပ်ပြီး ရှိနေနိုင်မှာလဲ။ ဘိုးစံမြက ဒီလိုလူတဲ့လား။ ဟုတ်ကောဟုတ်လို့လား။ ရွာကလူတွေ အားလုံးကလည်း ဘိုးစံမြကိုပဲ သံသယမျက်လုံးတွေနဲ့ ကြည့်နေကြတာပါ။

ဘိုးစံမြအဖို့ ကျားရှေ့ရောက်တဲ့ ယုန်သူငယ်လိုဖြစ်နေတာလေ။ မျက်နှာကို ဘယ်လိုထားရမယ်ဆိုတာ မသိဘူးဖြစ်နေတာ။ မျက်ရည်တွေကတော့ ပါးပြင်ပေါ်ကို လိမ့်ဆင်းကျနေတာပါပဲ။ ပြီးတော့ တုန်တုန်ယင်ယင်ကြီးနဲ့…

'တပည့်တော်၊ တပည့်တော် ဒီပစ္စည်းဟာ ဒီပစ္စည်းဟာ…'

'တော်တော့စံမြ၊ ခုမှတော့ ဘာမှ လျှောက်မနေနဲ့တော့။ နင့်ကို ငါပြောထားတယ်မဟုတ်လား။ ပြဿနာ မဖြစ်ပါစေနဲ့လို့။ ခုတော့…'

ဆရာတော်လည်း ဝေခွဲရခက်နေမှာပါ။ နေရင်းထိုင်ရင်းက ရွာအမှု ဘုန်းကြီးလာပတ်တာ။ အခုကိစ္စက တစ်ရွာလုံးနဲ့ သက်ဆိုင်နေတာဆိုတော့ ဘုန်းကြီးလည်း ဝင်ပါသင့် ပါရတော့မှာပေါ့။ နောက်ပြီး ဘိုးစံမြက သူခေါ်လာတဲ့သူလေ။

'အဟမ်း'

ဆရာတော်က ချောင်းတစ်ချက် ဟန့်လိုက်တော့ လှုပ်လှုပ်ရွရွဖြစ်နေတဲ့ ကျောင်းပေါ်ကလူတွေ ငြိမ်ကျသွားတယ်။ ဆရာတော်က ဘာများ မိန့်မလဲဆိုပြီး နားစွင့်နေလိုက်ကြတာလေ။ ကျောင်းကြီးတစ်ကျောင်းလုံး အပ်ကျသံ ကြားရလောက်အောင်ကို တိတ်ဆိတ်သွားတာပါ။

'အင်း တကယ်တော့ ဘိုးစံမြဟာ…'

ဆရာတော်က ဘိုးစံမြကို လှမ်းကြည့်လိုက်တယ်။ ဆရာတော်ကြည့်တော့ ရွာကလူတွေကပါ ဘိုးစံမြကို လိုက်ကြည့်ကြတာပေါ့။ ဘိုးစံမြရဲ့ ခေါင်းက ပြန်မထောင်မလာတော့ပါဘူး။

'တကယ်တော့ ဘိုးစံမြဟာ သူခိုးကြီးတစ်ယောက်ပဲလေ'

'ဟယ်'

ကျောင်းပေါ်မှာရှိနေတဲ့ လူတွေအားလုံး အံ့အားတွေ သင့်သွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ ဘမောင်က ဖင်လေးတကြွကြွဖြစ်သွားပြီး ဘယ့်နှယ်ရှိစဆိုတဲ့ အကြည့်နဲ့ ကျုပ်ကိုလှမ်းပြီး ကြည့်တယ်လေ။ ကျုပ် ဘာပြောနိုင်တော့မှာလဲ။ ဖွတ်ထွက်မှ တောင်ပို့မှန်း သိရလောက်အောင်ကို ကျုပ်တို့ရွာကလူတွေက ညံ့ကြတာ။ အ ကြတာ။ ကျုပ်တို့ ညံ့လေ၊ ဘမောင်လိုကောင်က ခေါင်းထောင်လေ ဖြစ်နေတာ။

'ဟုတ်တယ်။ ဘုန်းကြီးမြို့ပေါ်ကို ကိစ္စတစ်ခုနဲ့ကြွရင်း ဘိုးစံမြကို တွေ့ခဲ့တာလေ။ အဲဒီတုန်းက သူက ထောင်ကလွတ်လာတာ မကြာသေးဘူး။ လူသတ်မှုနဲ့ ထောင်ကျပြီး လွတ်လာတာ'

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com

ကျုပ် ဘိုးစံမြကို တအံ့တသြကြီးနဲ့ ကြည့်မိလိုက်တာပါ။ ဘိုးစံမြဟာ ဒီလိုလူတဲ့သား။ လူသတ်မှုနဲ့ ထောင်ကျခဲ့ဖူးတယ်တဲ့လား။ ဟုတ်မှာပါ။ မျက်နှာပေါ်က အမာရွတ်ကြီးက ဒါကြောင့်မို့ ရခဲ့တာနေမှာပေါ့။

'တောက်'

ကျုပ်ရဲ့ တောက်ခေါက်သံက အပြင်ကိုတော့ ထွက်မလာပါဘူး။ ရင်ထဲကနေပဲ ခေါက်လိုက်မိတာပါ။

'ဘုန်းကြီးနဲ့တွေ့တော့ သူ အခု နောင်တရနေပါပြီတဲ့။ မကောင်းတဲ့ အလုပ်တွေကို ရပ်လွှတ်လိုက်ပါပြီတဲ့။ အဲဒါ ကျောင်းကိုလိုက်ခဲ့ပါရစေလို့ အငိုငို တရယ်ရယ်နဲ့ ခွင့်ပန်တော့တာလေ။ ဒါနဲ့ပဲ ဘုန်းကြီးလည်း သူ့ကို လိုက်ခဲ့ဖို့ ခွင့်ပြုခဲ့တာပါ။ ဒါပေမဲ့ သူ့ဆီက ကတိတစ်ခုတော့ တောင်းခဲ့တယ်။ အဲဒီကတိကတော့ ရွာကို ပြန်ရောက်တဲ့အခါ ဘယ်သူနဲ့မှ စကားမပြောရဘူး၊ ပြဿနာ တစ်စုံတစ်ရာဖြစ်တာနဲ့ ကျောင်းမှာရော၊ ရွာမှာပါ နေခွင့်မပြုဘူးဆိုတဲ့ ကတိကို တောင်းခဲ့တာပါ။ ဘာဖြစ်လို့ အဲဒီကတိကို တောင်းရတာလဲဆိုတော့...'

ဆရာတော်က ပြောနေရင်းနဲ့ ဘမောင်ကို လှမ်းကြည့်လိုက်တယ်။ ဘမောင်က ဆရာတော် ဘာများဆက်မိန့်မလဲဆိုပြီး ခေါင်းထောင်လာတယ်။ ဆရာတော်က ခေါင်းကို တညိတ်ညိတ်လုပ်နေပြီးမှ...

'အင်း လောကကြီးမှာ လူဆိုးစားပြထက် လူလိမ်လူကောက်က ပိုပြီး ကြောက်ဖို့ကောင်းတယ်လေ'

ဆရာတော်လည်း အဲသလို မိန့်လိုက်ရော ဘမောင်ရဲ့မျက်နှာကြီးက သိသိသာသာကို ပျက်သွားတော့တာပါပဲ။

'လူဆိုးဓားပြကမှ အသိတရားဝင်လာတဲ့အခါ နောင်တရချင် ရနိုင်သေးတယ်။ လူလိမ်လူကောက်တစ်ယောက်က နောင်တရပါပြီလို့ ပြောတဲ့အခါ ယုံကြည်ဖို့ရာ ခက်ခဲတတ်တယ်လေ။ ဘုန်းကြီးအနေနဲ့ ဒီကိစ္စတွေကို ပြောသင့် ပြောထိုက်တဲ့အချိန်မှာ ဖွင့်ပြောဖို့ ရည်ရွယ်ထားတာပါ။ အခြေအနေကို ကြည့်နေခဲ့တာလေ။ ခုလို သေချာပြီဆိုတော့လည်း ပြောရတော့မှာပေါ့။ ဒကာကြီး စံမြ...'

'ဘုရား'

'ဟိုတုန်းက ငါ့ကိုပြခဲ့တဲ့ ပစ္စည်းက ဘယ်မှာလဲ'

'ရှိ ရှိပါတယ် ဘုရား'

ဘိုးစံမြက သူ့ဖျင်ကြမ်းတိုက်ပုံအင်္ကျီ အတွင်းအိတ်ကပ်ထဲကို လက်နှိုက်လိုက်တယ်။ သူ့လက်ထဲမှာ ပါလာတာက မည်းညစ်ညစ်အထုပ်ကလေးပါ။ အဲဒီ အထုပ်ကလေးကို တုန်တုန်ယင်ယင်ကြီးနဲ့ ဖြေနေတယ်လေ။

'ဒီ ဒီ ဒီမှာပါ ဘုရာ့'

ဆရာတော်က ဘိုးစံမြပေးတဲ့ ပစ္စည်းကိုယူလိုက်ရင်း စားပွဲခုံပေါ်က ပစ္စည်းကိုပါ လှမ်းယူလိုက်တယ်။

'ဟောဒီမှာ ကြည့်လေ။ ဒီပစ္စည်းနှစ်ခုက သက်သေပဲ'

ဒေါင်းဘယက်ကလေးနှစ်ကုံးက လေထဲမှာ ပြိုးပြိုးပြက်ပြက်နဲ့ပဲလေ။ ကျောင်းပေါ်မှာ ရှိနေကြတဲ့ သူတွေအားလုံး ပါးစပ်တွေအဟောင်းသား ဖြစ်ကုန်ကြတာပါ။

'ဒီ ဘယက်တစ်ကုံးက ဘမောင်က ဘိုးစံမြ ခိုးပါတယ်ဆိုတဲ့ ဘယက်။ ဒီဘက်က ဘယက်ကတော့ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်လောက်က ဘိုးစံမြ တကယ်ခိုးသွားတဲ့ ဘယက်။ ဒါပေမဲ့ ဘိုးစံမြ အဲဒီတုန်းက ဘယက်တင် ခိုးတာမဟုတ်ဘူး။ လူကိုပါ ခိုးသွားခဲ့တာလေ'

ဟင် ဘိုးစံမြက လူကိုပါ ခိုးတယ်တဲ့။ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်လောက်ကတဲ့။ ကျောင်းပေါ်မှာ ရှိနေကြတဲ့သူတွေအကုန်လုံး လှုပ်လှုပ်ရွရွတွေ ဖြစ်ကုန်ကြတာပါ။

'ဟဲ့ ဘမောင်'

'ဘုရား'

'နင့်အသက် ဘယ်လောက်ရှိပြီလဲ'

'တပည့်တော်ရဲ့ အသက်က ဟို သုံးဆယ်ကျော်ပါပြီ ဘုရား'

'အေး ဒီဘယက်က ဘိုးစံမြ လက်ထဲရောက်နေတာ နင့်တစ်သက် ရှိသွားပြီလေ။ ဟောဒီဘယက်နဲ့ စားပွဲခုံပေါ်က ဘယက်က ဘာဖြစ်လို့ တစ်ပုံစံတည်း တစ်ရွယ်တည်း ဖြစ်နေရတာလဲဆိုတော့...'

ဆရာတော်က ဆက်မမိန့်သေးဘဲ ဘမောင်ကို ကြည့်လိုက်သေးတယ်။ ပြီးတော့မှ...

'ဘမောင်'

'ဘုရား'

'တကယ်တော့ ဘိုးစံမြဟာ မင်းရဲ့ အဖေပဲလေ။ စံမြအဲဒါ မင်းရဲ့သား'

'ဟာ'

'ဟာ'ဆိုတဲ့ အာမေဍိတ်သံကြီးက ကျောင်းကြီးတစ်ကျောင်းလုံးတောင် တုန်ခါသွားတယ် ထင်တာပါပဲ။ ဘိုးစံမြဟာ ဘမောင်ရဲ့ အဖေတဲ့။ ဒါ ဒါ ဒါဆို...

ကျုပ်ရင်တွေ တလှပ်လှပ်ကို ခုန်သွားတာပါ။ ဘမောင်ရဲ့ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားတယ်။ ဘိုးစံမြကို ငေးကြည့်နေတာလေ။ ဘိုးစံမြကလည်း ဘမောင်ကို ငေးပြီးကြည့်နေတာပါ။ နောက်ပြီး ဘိုးစံမြရဲ့ နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်လာတယ်။ ဘိုးစံမြ ဘာပြောမှာလဲ။ ဘမောင် ဘယ်လိုလုပ်ရမှာလဲ။ ဒီဘယက်က...

❑

ဟုတ်တယ်။ လောကကြီးမှာ ဘမောင်လို လူတွေက အများကြီးလေ။ ပြီးတော့ ဘိုးစံမြလိုလူတွေပေါ့။

နောက်ပြီး ကျုပ်တို့လိုနေရာတကာ သူများပြောသံကြားနဲ့ ရမ်းကြိုက်၊ ရမ်းကြောက်၊ ရမ်း အထင်ကြီး၊ ရမ်း အထင်သေး၊ ရမ်း ရမ်းပြီး။ အဲဒီလို ရမ်း ရမ်းနေကြတဲ့ လူတွေချည်းသာ ရှိနေကြမယ်ဆိုရင်...

ညှို့ဦးယံ၊ သန်းခေါင်းယံ၊ လင်းကြက်တွေ တွန်ရင်တောင် မိုးစင်စင်မှ လင်းနိုင်ပါ့မလားဆိုတာ...။ ဆရာတော်က ဟောတယ်လေ...

'လောကကြီးမှာ လူဆိုးဓားပြထက် လူလိမ်လူကောက်က ပိုပြီးကြောက်ဖို့ကောင်းတယ်'တဲ့။ ■

**ကျော်ညီလွင်**
**(ကျောက်ဆည်)**



www.burmeseclassic.com

www.burmeseclassic.com



၅၈၈ ရွှေအမြုတေ ချစ်စုံမဂ္ဂဇင်း ဇူလိုင် ၂၀၁၄

www.burmeseclassic.com

www.burmeseclassic.com



# တစ်ထွာတစ်မိုက်မှုသာ ရှိသော်လည်း...

**လျှံဆွဲကို၊ စီးပွားရေးတက္ကသိုလ်၊**

'ဟော့ မင်းမှာ ဦးနှောက်ရှောပါရဲ့လား။
ဘယ်လောက်ပြောပြော မမှတ်မိဘူးလား။
အမှိုက်တွေ အဲဒီမှာ
မပုံနဲ့လို့ ပြောထားတယ်လေ'
အင်း ဟုတ်ပါရဲ့။ ကျွန်တော်ကလည်း
ကျွန်တော်ပါပဲ။ မှတ်ထားလျက်နဲ့
မှားလုပ်မိပြန်ပြီ။ ကြီးကြပ်ရေးမှူးရဲ့
အဆူအဆဲခံရတာလည်း ဒီအလုပ်မှာ
ကျွန်တော့်လောက် ဘယ်သူမှ များမယ်
မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့
ကျွန်တော်က ဒီကလူတွေ ပြောသလို
အီးမကောင်းဘူးလေ။ အင်္ဂလိပ်
မကောင်းဘူးလေဗျာ။ အင်္ဂလိပ်
မကောင်းတာလဲ မပြောနဲ့လေ။ နိုင်ငံခြားမှာ
ပိုက်ဆံရတယ်ပြောလို့သာ ဖုတ်ဖက်ခါပြီး
ထွက်လာလိုက်တာ ဘာမှ ပြင်ဆင်ချိန်
မရလိုက်ဘူး။ ပွဲစား
အခွယ်ကောင်းတာလဲ ပါတာပေါ့လေ။
တော်ပါပြီဗျာ။ အခုမှတော့ ဘယ်သူ့မှလဲ
အပြစ် မတင်ချင်တော့ပါဘူး။ ကိုယ့်ဘဝနဲ့
ကိုယ်ပဲဆိုပါတော့။ ကိုယ့်ဆုံးဖြတ်ချက်နဲ့

မြန်မာအချင်းချင်း
တွေ့ရင်
ကျွန်တော့်မှာ
ခေါ်ချင်လိုက်တာ
အလုပ်ရဲ့
စည်းကမ်းအရ
စကားပြောခွင့်
မရဘူးလေ
သူတို့လည်း
သူတို့အလုပ်နဲ့
သူတို့ဆိုတော့
ကျွန်တော့်ကို
မြန်မာမှန်းတောင်
သိရဲ့လား မသိပါဘူး



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပဲလေ။ ရင်းထားရတဲ့ အရင်းကလည်း မနည်းဘူးလေ။ အဆူအဆဲ ခံရလို့ ပြန်မယ်ဟေ့ဆိုပြီး မာန်တက်လိုက်လို့ ပြန်လေဆိုပြီး အလုပ်ထုတ်ပစ်လိုက်ရင် ဒီကိုလာတုန်းက အရင်းအနှီးတွေ ဘယ်သူက စိုက်ဆပ်ပေးမလဲ။ ကိုယ့်မှာရှိတဲ့ ပိုက်ဆံနဲ့ မလောက်လို့ အတိုးနဲ့ ယူလာရတာကပဲ နည်းတာမှတ်လို့။ အိမ်ဆိုင်တစ်ဆိုင် ကောင်းကောင်း တည်လို့ရတယ်။ အခုတော့ ခံတော့လေ ကိုယ့်ဒုက္ခနဲ့ကိုယ်။

လူတိုင်း လွယ်လွယ်ကူကူနဲ့ ဆယ်တန်းအောင်ပြီး၊ ဘွဲ့ရနေတဲ့ခေတ်မှာတောင် ကျွန်တော်က ဆယ်တန်းထိ မတက်ခဲ့ရဘူး။ အလုပ် ထွက်လုပ်ခဲ့ရတယ်လေ။ အိမ်မှာက သားအကြီးဆုံးလည်းဖြစ်ပြန်၊ အဖေကလည်း မရှိတော့ပြန်၊ စီးပွားရေးကလည်း မပြေလည်ပြန်ဆိုတော့ ကျွန်တော့်ကိုပဲ အားကိုးနေရတာ။ ပြောရရင်တော့ ကျွန်တော့်ဇာတ်လမ်းကလည်း မထူးဆန်းတော့တဲ့ ဇာတ်လမ်းတွေထဲကလိုပါပဲ။ အိမ်မှာ ဦးဆောင်မယ့်သူမရှိတော့ အမေမုဆိုးမနဲ့ ကျန်တဲ့မောင်နှမတွေကို လုပ်ကျွေးနေရတဲ့ သားအကြီးဆုံးပါ။ ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ပြီး အငယ်တွေကို ဦးစားပေးလိုက်ရတာနဲ့ပဲ ကျောင်းဆက် မတက်ဖြစ်ဘဲ အိမ်အတွက် ဦးဆောင်ပြီး စီးပွားရှာခဲ့ရတယ်ဆိုပါတော့။

စီးပွားရှာတယ်ဆိုလို့ ကြီးကြီးကျယ်ကျယ် လုပ်ငန်းကြီးတွေ လုပ်တာ မဟုတ်ပါဘူး။ အသိမိတ်ဆွေတစ်ဦးက ကားထောင်ချင်တယ်ဆိုတာနဲ့ ကျွန်တော်က ကားစပယ်ယာ ဝင်လုပ်ဖြစ်တယ်ဆိုပါတော့။ မဖြစ်စလောက် ပညာရေးနဲ့ ကားစပယ်ယာပဲ ရမှာလေ။ အလုပ်လုပ်နေရင်းနဲ့ ဝင်ငွေနဲ့ ထွက်ငွေက မမျှတော့ဘူး။ အငယ်မနှစ်ယောက်ရဲ့ ကျောင်းစရိတ်ကလည်း ကြီးကြီးလာ၊ နှလုံးရောဂါသည် အမေ့ဆေးဖိုးကလည်း တစ်လထက်တစ်လ ပိုပိုတိုးလာတော့ ကားစပယ်ယာ အလုပ်မှာ ကြာရှည်လုပ်လို့ မဖြစ်တော့ဘူးဆိုပြီး စိတ်ညစ်နေတုန်း ကျွန်တော်စပယ်ယာလိုက်နေတဲ့ ကားမှာ ကုန်တင်နေကျ ခရီးသည်တစ်ဦးနဲ့ဆက်မိပြီး သူ့ရဲ့အဆက်အသွယ်နဲ့ နိုင်ငံခြားထွက်လာဖြစ်တယ်ပဲ ဆိုပါတော့။

‘ကျွန်တော်က အင်္ဂလိပ်စကားလည်းမရဘူး။ ကွန်ပျူတာလည်း ဟုတ်တိ ပတ်တိ မတတ်ဘူး။ ဘာအလုပ်လုပ်ရမှာလဲ’လို့ ပွဲစားကို မေးတော့ ပွဲစားက ကျွန်တော့်ကို သေချာကြည့်ပြီး ‘မင်းလုပ်နိုင်မှာပါ။ ဘာမှ မလိုဘူး။ Yes or No နှစ်လုံးပဲ လိုတယ်။ သူတို့ပြောတာ ရိပ်ဖမ်းသံဖမ်း နားလည်မယ်။ ခြေဟန်လက်ဟန်နဲ့ ပြန်ပြောတတ်ရင် ရပြီ’တဲ့လေ။ တကယ်လည်း ဟုတ်ပါတယ်။ ဒီရောက်မှပဲ သဘောပေါက်တော့တယ်။ တကယ့်ကို ခြေဟန်လက်ဟန်နဲ့ပဲ ပြောရတာပါပဲ။ ခြေဟန်လက်ဟန် သုံးလွန်းပြီး သူတို့ပြောတာ နားမလည်လို့ ခြေထောက်နဲ့ချည်း အခိုင်းခံရတော့တာပါပဲ။

ဒီအလုပ်ရဖို့တောင် ရင်းရတဲ့ အရင်းက မနည်းဘူး။ ရှိတာလေး ပေါင်နှံရောင်းချပြီးတာတောင် လိုသလောက် မပြည့်လို့ အတိုးနဲ့ တစ်ဝက်ယူလာရသေးတာ။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ လာသာလာရတာ စိတ်ကတော့ ခပ်ကြောက်ကြောက်ပဲ။

တစ်ခုခုဖြစ်ရင် ပြေးတိုင်ပင်စရာ အသိကလည်း မရှိဘူးလေ။ ဘာသာစကားကလည်း မပေါက်တော့ သူတို့ ဘာပြောလို့ ပြောမှန်းလည်း မသိဘူး။ ရောက်ခါစကများဆို ညတိုင်းကို ငိုချင်တော့တာပဲ။ ငိုနေလို့ မပြီးဘူးဆိုတာ သိလျက်နဲ့ပဲ ညတိုင်း ငိုနေမိတာပါပဲ။ ကြောက်တာလည်း ပါပါတယ်။ စိတ်ပူတာလည်းပါတယ်။ အကြွေးတွေ ပြန်မဆပ်နိုင်မှာ၊ ခိုင်းလို့ မကောင်းဘူးဆိုပြီး ကိုယ့်နိုင်ငံပြန်ပို့လိုက်မှာ ပူရတာကလည်း တစ်မျှောင့်။ အလုပ် မကျွမ်းကျင်လို့ ဘာများ အဆူခံရဦးမလဲ စိတ်ပူရတာလည်း အမော။ လာချင်ဦးလေဆိုပြီး ကိုယ့်ကိုယ်ကို အပြစ်တင်ရတာလည်း အကြိမ်ပေါင်းမနည်းဘူး။

ကျွန်တော့် အလုပ်ဆိုလို့ ပြောရဦးမယ်။ ဒီနိုင်ငံမှာ အကြီးဆုံးနဲ့ အဆင့်အမြင့်ဆုံး ဂေါက်ကွင်းရဲ့ စားသောက်ဆိုင်မှာ အထွေထွေ လုပ်သား လုပ်ရတာ။ ကျွန်တော်က အလုပ်ကြမ်း လုပ်နေကျ တော့ အလုပ်ကတော့ လုပ်နိုင် ပါတယ်။ ဒါပေမဲ့ ဘာသာ စကားမပေါက်တော့ အခြ တမ်းလိုလို အခက်တွေ့ တယ်။ အလုပ်သမား အချင်း ချင်းလည်း ကျွန်တော် ပိုပြီး အနှိမ်ခံရတယ်။ မြန် ဆိုလို့ ကျွန်တော် တစ်ယော တည်း။ ကျန်တာက ‘ဘ’ တွေ၊ ‘ယ’တွေ၊ ‘ဖ’ တွေ အိမ်ရှင် ‘စ’တွေပဲ။ ‘ဘ’ တာ ဘင်္ဂလားတွေကို တာ၊ ‘ယ’ဆိုတာ ယိုးဒ (ထိုင်း)တွေကို ခေါ် ‘ဖ’ဆိုတာ ဖိလစ်ပိုင်တွေ ခေါ်တာ၊ ‘စ’ ဆိုတာ စင် ပူတွေကို ခေါ်တာပါ။ ကျွန်တော်တို့ကိုယ် ကျွန် တို့ကျတော့ ‘ရွှေ’ ရွှေမြန်မာတွေပေါ့ဗျာ။

> သူဌေးတွေ
> စားတဲ့
> သောက်တဲ့ပုံစံကို
> တစ်ခါတလေ
> တံမြက်စည်း
> လှည်းရင်း
> ငေးကြည့်မိတယ်
> ပြီးတော့
> ကိုယ့်ကိုယ်ကို
> လည်း
> သိမ်ငယ်
> လိုက်တာဗျာ
> သူတို့
> စားသောက်နေတဲ့
> အနား
> သန့်ရှင်းရေးများ
> သွားလုပ်ရင်
> လူက
> အလိုလိုနေရင်း
> ဒူးတွေ
> တုန်နေသလိုပဲ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ခါတော့ အငြိမ်းပိုင်း အလုပ်လာလုပ်တဲ့ မြန်မာကျောင်းသားတွေ တွေ့ရတယ်။ မြန်မာအချင်း ချင်းတွေ့ရင် ကျွန်တော့်မှာ ဝမ်းသာချင်လိုက်တာ။ အလုပ်ရဲ့ စည်းကမ်းအရ စကားပြော ခွင့် မရဘူးလေ။ သူတို့လည်း သူတို့အလုပ်နဲ့ သူတို့ဆိုတော့ ကျွန်တော့်ကို မြန်မာမှန်း တောင် သိရဲ့လား မသိပါ ဘူး။ ကျွန်တော်က အလုပ်မှာ နေ၊ အလုပ်မှာပဲ စားခွင့်ရ တော့ စရိတ်စကတော့ သက် သာပါတယ်။ လစာတော့ နည်းတာပေါ့လေ။ အလုပ် ကလည်း ပိတ်ရက်က မရှိ သလောက်ပါပဲ။ အသိ မိတ် ဆွေလည်း မရှိတော့ ဘယ်မှ လည်း မသွားဖြစ်ပါဘူး။ ပိတ်ရက်ဆိုရင် သိမ်ငယ်စိတ် နဲ့ အခန်းထဲ ခွေအိပ်နေတာပဲ များတာပါပဲ။

'ခလွမ်း'

အာ ဒုက္ခပါပဲ။ အတွေး လွန်ပြီး ပန်းကန်တွေ ဆေး နေရင်းနဲ့ လက်ထဲက လွတ်ကျ သွားပါပြီ။

'မင်း အဲဒီ ပန်းကန်တွေ ရဲ့ တန်ဖိုး ဘယ်လောက်လဲ သိလား။ သေချာ ဂရုစိုက်ပြီး ဆေးပေါ့လေ၊ ဘာတွေ တွေးနေ တာလဲ။ လုပ်လိုက်ရင် အမြဲ တမ်း ကွဲတာချည်းပဲ'

အလုပ်သမား ကြီးကြပ် ရေးမှူးက အင်္ဂလိပ်စကားနဲ့ ပြောနေပေမဲ့ နည်းနည်းနား လည်တောင်ကျ ဖြစ်လာတော့ ကျွန်တော် နားလည်လာ တယ်။ သူက ကျွန်တော့်ကို အင်္ဂလိပ်စကား နားမလည် ဘူးဆိုပြီး ခြေထောက်နဲ့ ခိုင်း ခိုင်းလား၊ တကယ်ဒေါသ

> ကောင်မလေးက
> သူ့အိမ်မှာ
> အကြီးဆုံး
> ဆိုလားပဲ
> သူ့လစာက
> လတိုင်း
> အိမ်ပြန်
> ပို့လျက်နဲ့တောင်
> သူ့မိသားစုက
> များလွန်းတော့
> မလောက်ဘူး
> ဆိုလား
> အဲဒါ ဒီမှာ
> စလုံး
> တစ်ယောက်နဲ့
> ဟိုလိုလို
> ဒီလိုလို
> ငြိစွန်းတယ်
> ဆိုလား

ထွက်စရာပါပဲ။ ပိုက်ဆံ မရှိ တဲ့ ဘဝတွေများ၊ ဩော် လူလူချင်းတောင် ကံတွေက ကွာသကိုး။ ကျွန်တော် အလုပ်လုပ်တဲ့ ဝေါက်ကွင်းမှာ လူတစ်ဦးအတွက် တစ်နှစ်စာ ဝင်ကြေးအတွက် စင်ကာပူ ဒေါ်လာ တစ်သိန်းခွဲပေးရတာ ဆိုလားပဲ။ အတိအကျတော့ မသိဘူး။ 'ဘ'တစ်ယောက် ပြောပြတာ။ လာကစားတဲ့သူ တွေ၊ မန်ဘာဝင်တဲ့သူတွေက ကမ္ဘာ့ထိပ်တန်းသူဌေးတွေ ချည်းပဲတဲ့။

ဟုတ်မှာပါ။ စားတဲ့ အစားအသောက်တွေက လည်း ဈေးတွေက ကြီးပါ ဘိ။ ပြီးတော့ ဘာတွေမှန်း တောင် မသိဘူး။ ထူးထူး ဆန်းဆန်းတွေချည်းပဲမို့။ ပိုက်ဆံရှိတဲ့ သူဌေးတွေများ အဲဒီလောက် ပိုက်ဆံကို ဂရု တောင် မစိုက်ဘူး။ သူတို့ရဲ့ တစ်နှစ်စာအတွက် အသင်းကြေး စရိတ်ဟာ ကျွန်တော် ဒီတစ် သက် အိပ်မက်တောင် မမက် ရဲတဲ့ပမာဏ။ တကယ့် ကမ္ဘာ့ ထိပ်တန်းသူဌေးတွေ စားတဲ့ သောက်တဲ့ ပုံစံကို တစ်ခါ တလေ တံမြက်စည်းလှည်း ရင်း ငေးကြည့်မိတယ်။ ပြီး တော့ ကိုယ့်ကိုယ်ကိုလည်း သိမ်ငယ်လိုက်တာဗျာ။ သူတို့ စားသောက်နေတဲ့ အနား သန့်ရှင်းရေးများ သွားလုပ် ရင် လူက အလိုလိုနေရင်း ဒူးတွေ တုန်နေသလိုပဲ။

ဒီနေရာက သူတို့တွေရဲ့ စနေ၊ တနင်္ဂနွေမှာ အပန်းဖြေ ရင်း စီးပွားရေးကိစ္စတွေ ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြ တဲ့နေရာတဲ့လေ။ စနေ၊ တနင်္ဂ နွေဆိုရင်တော့ သေပြီ ဆရာ ရေပဲ။ လာတဲ့ဧည့်သည်က နည်းတာမှတ်လို့။ ကမ္ဘာမှာ ဆင်းရဲသားရှိတယ်ဆိုတာ တောင် သိပ်မယုံချင်သလိုပဲ။ ကျွန်တော်တောင် ရောယောင် ပြီး စိတ်ကြီးဝင်မိသလိုလို ဘာလိုလို။ ဝတ်ထားစား ထားလိုက်ကြတာလည်း တကယ့်ကို သားရည်ယို စရာပါပဲ။ တစ်ခါလာတာ များမယ် စကြဝဠာဟောင်းနဲ့ ကမ္ဘာ့ထိပ်တန်းစာရင်းဝင် သူဌေးလင်မယားတဲ့လေ။ ဝတ်ထားလိုက်တဲ့ စိန်တွေ ဆိုတာ ဖိတ်ဖိတ်ကို လက်လို့ ဗျာ။ ထိပ်တန်းထဲကမှ ထိပ်တန်းသူဌေးတွေလာရင် မန်နေဂျာတွေလည်း ဗျာဗျာ သလဲကိုဖြစ်လို့။ ကျွန်တော် တို့မှာလည်း အဆင့်ဆင့် အဆူအဆဲခံရတာ ဘာလုပ် လို့ ဘာကိုင်ရမှန်းတောင် မသိဘူး။ ပန်းကန်ပဲ ပြေး ဆေးရမလား၊ အိမ်သာပဲ သန့်ရှင်းရေး ပြေးလုပ်ရ မလား။

'ဟေ့ လူနာတင်ယာဉ် အမြန်ခေါ်ဟေ့'

မန်နေဂျာ စလုံးကောင် ရဲ့အသံက ဆူးစူးရှရှ ထွက် ပေါ်လာတယ်။ ပန်းကန်ဆေး နေရင်းနဲ့ ကြီးကြပ်ရေးမှူးက ကျွန်တော့်ကို လှမ်းခေါ်တာ နဲ့ ကျွန်တော်လည်း အမြန် ပြေးသွားရတာပေါ့။ ဖိလစ် ပိုင် စားပွဲထိုးကောင်မလေး မူးလဲလို့ပါ။ လူနာတင်ယာဉ် ဆီကို ကျွန်တော်တို့ အလုပ် သမားတွေ ဝိုင်းပွေ့တင်ကြ ပြီး ကြီးကြပ်ရေးမှူးတစ် ယောက်တော့ လိုက်သွားလေ ရဲ့။ ကျွန်တော်နဲ့ ပန်းကန် အတူတူဆေးတဲ့ အန်နီဆိုတဲ့ တရုတ်မကြီး တစ်ယောက် ရှိတယ်။ သူက သိပ်စပ်စု တာပဲဗျ။ ထစ်ခနဲဆို သူ အကုန်လုံးသိလိုက်ပြီ။ ကောင် မလေးက သွေးရိုးသားရိုး မူးလဲတာ မဟုတ်ဘူးတဲ့။ ဟို… ဟာ… ဗျာ… ပြောရ တာတော့ အားနာပါရဲ့။ ကိုယ်ဝန်ပျက်ပြီး သွေးလွန်ပြီး မူးလဲတာ ဖြစ်ဖို့များတယ် တဲ့။

ကောင်မလေးက သူ့ အိမ်မှာ အကြီးဆုံးဆိုလားပဲ။ သူ့လစာက လတိုင်း အိမ်ပြန် ပို့လျက်နဲ့တောင် သူ့မိသားစု က များလွန်းတော့ မလောက်

www.burmeseclassic.com

ဘူးဆိုလား။ အဲဒါ ဒီမှာ စလုံး တစ်ယောက်နဲ့ ဟိုလိုလို ဒီလိုလို ငြိစွန်းတယ်ဆိုလား။ အန်နီ ပြောတာပဲ။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကျွန်တော် လေ စိတ်ထဲ ဒိတ်ခနဲ ဖြစ်သွားတယ်။ အိမ်က ကျွန်တော့် ညီမလေးတစ်ယောက်က အလုပ်ဝင်နေပြီတဲ့။ မန်နေဂျာက သိပ်သဘောကျတာလို့ အမေက ဖုန်းထဲမှာ ပြောပြတုန်းကဆို ကျွန်တော် စိတ်ပူလိုက်တာ လက်တွေတောင် တဆတ်ဆတ်တုန်တယ်။ မဖြစ်ပါဘူး။ အမေကလည်း ရိုးပုံရိုးအနဲ့။ အမြန်ထွက်ခိုင်းမှပဲ။

'ကိုကြီး ပို့တဲ့လစာက ပွဲစားက သူ့ပိုက်ဆံနဲ့ နှိမ်ယူလိုက်တာ ဘာမှတောင် မကျန်တော့ဘူး။ ငွေရကြောင်း လက်ခံဖြတ်ပိုင်းလေးပဲ ကျန်တယ်'

'ဟူး ဟုတ်ပါ့။ ပွဲစားကို မပေးရင်လည်း အိမ်ဂရန်က ပွဲစားလက်ထဲမှာ။ အတိုးနဲ့ အရင်းပေါင်းပြီး အိမ်ပါ သိမ်းလိုက်မှ နောက်ပိုင်းမှာ ကျန်ခဲ့တဲ့ မိသားစုက ဘုံပျောက်ရင် အခက်။ စိတ်ပူတယ်ပြောပြီးအလုပ်က ထွက်ခိုင်းဖို့ဆိုတာလည်း ထိုင်စားနိုင်လောက်တဲ့ ငွေကလည်း မပို့နိုင်ပြန်။ မှားတယ်၊ မှားတယ်။ လာမိတာ အမှားကြီးမှားတာပဲ။ မိသားစုနဲ့ အနီးမှာ ရှိနေတုန်းကမှ ဘာပဲဖြစ်ဖြစ် ညနေဆို အမေ့မျက်နှာမြင်ရ၊ ညီမလေးတွေ မြင်ရနဲ့ စိတ်အေးမောပြေသေး။ လမကုန်ခင်ကြားနေရတဲ့ 'ကိုကြီး အမေ့ဆေးဖိုး မရှိတော့ဘူး'ဆိုတဲ့ စကားလုံးတွေက ကျွန်တော်

သူ့အမေ
ဆုံးသွားပြီတဲ့
သူ့ညီမလေးနဲ့
သူ့အမေပဲ
ရှိတာတဲ့
သူ့ညီမလေးဆီက
ဖုန်းလာတာတဲ့
သူ့အမေရဲ့
နောက်ဆုံးခရီးကို
သွားဖို့တောင်
သူ့မှာ
လမ်းစရိတ်
မရှိဘူးတဲ့လေ

ဒီနိုင်ငံ ထွက်လာဖို့ ပြင်းပြင်းထန်ထန် တွန်းအားပေးမှုပဲ ဆိုပါတော့။

'ငါ စာတွေလည်း မရသေးဘူး၊ စာမေးပွဲကလည်း နီးနေပြီ။ ပိုက်ဆံလည်း သုံးစရာ မရှိတော့ဘူး။ အိမ်က တောင်းရတာလည်း အားနာလှပြီ။ ဒီတစ်လလုံး အလုပ်လုပ်မှ ဖြစ်မှာ။ မန်နေဂျာကလည်း ငါ့ကို အလုပ်ချိန် ပိုမပေးဘူး'

ဗျာ၊ ဒီကောင်မလေးနှစ်ယောက်က မြန်မာမလေးတွေကိုး။ ကျွန်တော့်စိတ်ထင် တရုတ်မလေးတွေလို အသားဖြူဖြူ၊ ချောချောလေးတွေမို့ စလုံးမတွေလား၊ ဖိလစ်ပိုင်မလေးတွေလား ထင်နေတာ။ ကျောင်းသူလေးတွေ ထင်ပါရဲ့။ ဒီနိုင်ငံမှာ ကျောင်းတက်ပြီး အချိန်ပိုင်း လုပ်နေပုံပဲ။ ဟုတ်ပါရဲ့…။ ဒီနိုင်ငံက စရိတ်ကလည်း လွယ်တာမှတ်လို့။ ကျောင်းတက်နိုင်ပြီဆိုကတည်းက မြန်မာပြည်က အနည်းဆုံးတော့ လူလတ်တန်းစား အလွှာထဲကပါပဲ။ သူတို့တောင် ညည်းတယ်ဆိုမှတော့ ကျွန်တော်အဖို့ ဆိုဖွယ်ရာ မရှိတော့ဘူး။ မန်နေဂျာ စလုံးကောင်ကလည်း ဘူးချက်က ကမ်းကုန်ပဲ။ ကောင်မလေး ချောချောလှလှဆို သူ့ မျက်နှာက ရွှင်ပျလို့။ အလုပ်ချိန် ပိုမပေးဘူးဆိုတာ မန်နေဂျာကောင် တမင် ထွင်လုံး သုံးတာ။ ကောင်မလေးတွေက သူ့ကို မျက်နှာချိုသွေးပြီးပြောရင် သူက မင်းတို့မို့ပေးတာဆိုတဲ့ ပုံစံနဲ့ ဘူးမလို့။ မသိဘူး မှတ်နေလား မသိဘူး။ ကျွန်တော်တောင် သိမှတော့ ကောင်မလေးတွေလည်း သိမှာပါ။

'အီး…ဟင်း…ဟင်း'

ဘာများ ဖြစ်တာလဲဟ။ ဒီ'ဘ'ကောင်က တစ်မျောင့်။ အရေးထဲ သူ့အသံက တမြမြနဲ့မို့ အလုပ်သမားချင်း တူရင်တောင် ကျွန်တော် ကြည့်မရတာ အဲဒီကောင်ပဲ။ ဘာမှန်းကို မသိတဲ့ကောင်။ ညစ်ပတ်လိုက်တာလည်း လွန် ရော။ အနံ့က အမြဲနံနေတာ။ အင်္ကျီကလည်း တစ်ထည်ပဲ ဝတ်သလား မသိဘူး။ အမြဲပေကျံနေတာပဲ။ သူ့အိပ်ရာ

တော့ ဘာယ်လိုနေလဲ မသိဘူး။ ကျွန်တော်က ထိုင်းအလုပ်သမားတစ်ယောက်နဲ့ အတူတူနေရတာ။ သူနဲ့သာ အတူနေရရင်တော့ သူ့အနံ့ မခံနိုင်တာနဲ့ပဲ အသက်ထွက်မှာ သေချာတယ်။

ဟင်… ဒီတစ်ခါတော့ ဒီကောင် အဟုတ် ငိုနေတာကိုး။ တကယ် ငိုနေတာဆိုတော့လည်း ကျွန်တော်က မနေနိုင်ပြန်ဘူး။ မေးကြည့်လိုက်တော့ သူ့အမေ ဆုံးသွားပြီတဲ့။ သူ့ညီမလေးနဲ့ သူ့အမေပဲ ရှိတာတဲ့။ သူ့ညီမလေးဆီက ဖုန်းလာတာတဲ့။ သူ့အမေရဲ့ နောက်ဆုံးခရီးကို သွားဖို့တောင် သူ့မှာ လမ်းစရိတ် မရှိဘူးတဲ့လေ [illegible] မန်နေဂျာကို ပြောကြည့်[illegible] ရောလို့တော့ အကြံပေးလို[illegible] တာပဲ။ ကျွန်တော်လည်း [illegible] ပေးစရာ မရှိဘူး။ ကြည့်[illegible] တာနဲ့ တစ်ခါမှ စကားမ[illegible] ဖြစ်ဘူး။ အခုကြုံမှမေးကြ[illegible] တော့ သူ့အဖြစ်နဲ့ ကျွန်တော်[illegible] အဖြစ်ကလည်း ခပ်ဆင်ဆ[illegible] ရယ်ဆိုတော့ ကျွန်တော် လည်း စိတ်မကောင်းလို[illegible] တာ။ အမေ့ကိုလည်း စိတ်[illegible] မိသွားတယ်။ ဩော်… [illegible] တွေ…ဘဝတွေ…ဝမ်း[illegible] ထွာအတွက် လှုပ်ရှားရုန်း[illegible] နေကြရတာ ရင်မောစရာ[illegible] ချည်းပါပဲ။

'ဝုန်း'

လူတွေ ရုတ်ရုတ်[illegible] ဖြစ်ကုန်ကြတယ်။ [illegible] ဘက်မှာ ပန်းကန်ဆေး[illegible] နဲ့ ကျွန်တော် လှမ်းမြင်လို[illegible] တာ။ စားပွဲဝိုင်းတစ်ဝိုင်[illegible] သူဌေးတစ်ယောက် [illegible] ဒေါသတကြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com

ချလိုက်တဲ့အသံ။ ပြီး ပြီးရော အဲဒီသူဌေးဟာ နောက်ကို အရုပ်ကြိုး မှီချလိုက်ရင်း သက် အရှည်ကြီး မှုတ်ထုတ် ကာ သတိလက်လွတ် သွားတော့တယ်။ တစ် တည်းထိုင်နေတဲ့ သူဌေး အားလုံး လှုပ်လှုပ်ရွရွ ကုန်ကြတယ်။ ဒီတစ်ခါ အကြောင်းစုံ သိလိုက် ဘယ်သူဖြစ်မလဲ။ တရုတ် သမကြီး အန်နီပဲပေါ့။ တရုတ်လို နားလည် လေ။

သူပြောပြတာပါပဲ။ သူဌေးကြီး ပိုင်ဆိုင်တဲ့ တော့ရှယ်ယာတွေဆိုလား တရက် ထိုးကျသွားလို့ သူဌေးကြီး သတိမေ့မြော တ်ဖြစ်သွားတာတဲ့။ ပြီး တော့ အန်နီက ဆက်ပြောပြ တယ်။ သူဌေးကြီးက ဒီစတော့ရှယ်ယာတွေနဲ့ သွားဖြစ်နေတာတဲ့လေ။ လို ဈေးတွေ အဆမတန် ကျသွားတော့ သူဌေးကြီး စိတ်ထိခိုက်လွန်းပြီး လို ဖြစ်သွားတာတဲ့။ ကျွန်တော်က အန်နီကို ပြောမိ တယ်။ 'ဂေါက်ကွင်းတစ် ကွင်းမှာ တစ်နှစ်စာ အပန်း ဖို့တောင် ဒေါ်လာသိန်းနဲ့ ပြီး ဖြုန်းနိုင်သေးတာပဲ' လို့ ။ အဲဒီတော့ အန်နီက ပြန် ပြောတယ်ဗျ။ 'မင်းမသိပါ ဘူး။ သူဌေးလည်း သူ့အတွာ နဲ့ သူပေါ့…' တဲ့။

တစ်မနက်စာလုံး ပန်း ကန်ဆေးလိုက်၊ အိမ်သာဆေး လိုက်၊ တံမြက်စည်းလှည်း လိုက်နဲ့မို့ ပင်ပန်းပြီး ဗိုက်ဆာ လိုက်တာဗျာ။ အူထဲက တောင် တကြွတ်ကြွတ် မြည် နေပြီ။ ဒီနေ့ကျမှ အတူတူ ပန်းကန်ဆေးတဲ့ အလုပ် သမားတစ်ယောက်ကလည်း နေမကောင်းလို့ ခွင့်ယူလိုက် တော့ ကျွန်တော်တစ်ယောက် တည်း အီစလန့် ဝေနေတာ ပဲ။ မြန်မာနိုင်ငံမှာ နေတုန်း ကမှ သူဌေးက မြန်မာအချင်း ချင်းဆိုတော့ ဗိုက်ဆာရင် ပွင့်ပွင့်လင်းလင်း ပြောပြီး သွားစားလို့ ရသေးတယ်။

သူများနိုင်ငံဆိုတော့ ဗိုက်ဆာတာတောင် ရဲရဲတင်း တင်း မပြောရဲဘူး။ အချိန်ကျ မှ စားရတဲ့အဖြစ်။ ဟင်းကျန်၊ စားကျန်တွေ ခိုးစားလို့မိရင် လည်း ပျစ်ပျစ်နှစ်နှစ်ကို အဆဲခံရတာ။ ငတ်မရှက်ဆို တဲ့ စကားအတိုင်းပဲ ဗိုက်ဆာ လွန်းရင်တော့ ပန်းကန်ဆေး ရင်းနဲ့ပဲ အာလူးကြော်တွေ ပါးစပ်ထဲ ကောက်ထည့်ပစ် လိုက်တာပဲ။ သူဌေးတွေ အများစုက အာလူးကြော် တွေ မစားဘူးဗျ။ အပုံလိုက် ကျန်နေတော့ ကျွန်တော့်ဗိုက် ထဲ အကုန်ရောက်တာပဲ။ ဒီရောက်မှ လူလည်း တော် တော်ဝလာတယ်။ စရိတ် သက်သာအောင် အလကား ရတာချည်းပဲ သိမ်းကျုံးစား လို့ ထင်ပါရဲ့။ ကံက ဆိုးချင် တော့ ဒီနေ့မှ အာလူးကြော် တွေ သိပ်မကျန်ဘူး။ ဒါဆို ရင်တော့သိလိုက်ပါပြီ။ စနေ၊ တနင်္ဂနွေဆိုတော့ အချိန်ပိုင်း စားပွဲထိုးတဲ့သူတွေ အများသား ရယ်။ သူတို့တွေ ကျွန်တော့် ရှေ့က ဖြတ်ယူလိုက်ကြပြီ လေ။ သူတို့လည်း စားချင်လို့ နေမှာပေါ့။

'ကျီ… ကျီ… ကျီ'

ဆက်ရက်ကလေး တစ် ကောင် ကျွန်တော့်အနားကို ကပ်လာတယ်။ ပထမတော့ ကျွန်တော် မောင်းထုတ်သေး တယ်ဗျ။ မသွားဘူး။ လှန့် ထုတ်တာလည်း မသွားဘူး။ နောက်ထပ် အသံကြားတာနဲ့ ကျွန်တော် လှမ်းကြည့်လိုက် တော့ ရှေ့မှာ ဆက်ရက် အသေးလေး နှစ်ကောင်။ အပျံသင်စ အရွယ်လေးတွေ။ ကျွန်တော့်ဆီ လာတာက ဆက်ရက်အမေ ဖြစ်ပုံရ တယ်။ ကျွန်တော် ကြီးကြပ် ရေးမှူးကို လှမ်းကြည့်လိုက် တော့ သူ့အလုပ်နဲ့ သူရှုပ် နေတယ်။ ဒါနဲ့ ထမင်းစေ့ အကျန်လေးတွေ ပက်ကြဲပေး လိုက်တော့ ဆက်ရက်မက သုံးလေးစေ့ကို တစ်ပြိုင်နက် တည်းငုံပြီး ဆက်ရက်အသေး လေးတွေဆီ သယ်သွားပြီး ပြန်ကျွေးလိုက်တာ တွေ့လိုက် ရတယ်။

ဟုတ်ပါ့ဗျာ…။ ဒီနိုင်ငံ မှာ စည်းကမ်းသိပ်ကြီးလွန်း တော့ ကျွန်တော်တို့နိုင်ငံလို ဘယ်သူကမှ လမ်းဘေးက ပြောင်းဖူးစေ့တွေ၊ ထမင်းစေ့ တွေ ပက်ကြဲပြီး ကျွေးမယ့်သူ မရှိဘူး။ အဲဒီလို လုပ်ရင် လည်း ဒဏ်ရိုက်မှာလေ။ စား သောက်ဆိုင်ရဲ့ နောက်ဖေးမှာ တောင် စားပြီးသား စားကြွင်း စားကျန်တွေကို ပလတ်စတစ် အိတ်နဲ့ လုံခြုံအောင်ထုပ်ပြီး တစ်ခါတည်း တန်းပစ်တာ ကိုး။ ဆက်ရက်မိသားစုလေး သနားပါတယ်။ ဆာလွန်းလို့ ထင်ပါရဲ့။ ကျွန်တော် လက် လှုပ်တာကိုချည်း အဆက် မပြတ် ကြည့်နေတော့တယ်။ စားကြွင်းစားကျန်တွေ ကို မပစ်ရဘူးလို့ တင်းတင်း ကျပ်ကျပ် စည်းကမ်းထုတ် ထားလျက်နဲ့ပဲ ကျွန်တော့် လက်ထဲက ထမင်းစေ့တွေကို ဆက်ရက်ကလေးတွေဆီ အားရပါးရ ပက်ကြဲမိလိုက် တော့တယ်။ ဆက်ရက် ကလေးတွေမျာ အန္တရာယ် ကိုတောင် မကြောက်နိုင်တော့ ဘူး။ လွှန့်လွှန့်လူးပြီး အစာ ကောက်နေကြတယ်။ ကျွန်တော့်ဗိုက်က ဆာလောင် မွတ်သိပ်တဲ့ အသံကိုလည်း ကျွန်တော့်နားနဲ့တောင် တဖျပ် ဖျပ် ပြန်ကြားနေရပြီ။ ကျွန်တော့်ကို လှမ်းဆဲဖို့ ကြီး ကြပ်ရေးမှူးက ခပ်သွက် သွက် လျှောက်လာတာကို လည်း ဂရုမစိုက်အားတော့ ဘူး။ ကျွန်တော့်နှုတ်က လွှတ် ခနဲ ထွက်သွားတယ်။

'ဗိုက်ဆာလိုက်တာ အမေရယ်'

အမေနဲ့ ညီမလေးတွေ ကို သတိရပြီး ပါးပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက်ကျလာတဲ့ မျက်ရည်စတွေကို လည်း အချိန်မီ မထိန်းသိမ်းနိုင်တော့ ဘူး။ ကျွန်တော် မြန်မာလို ပြောလိုက်တော့ ဘေးနားမှာ ရပ်နေတဲ့ အန်နီက နားမလည် နိုင်တဲ့ပုံစံနဲ့ ကျွန်တော့်ကို ကြောင်ပြီး ကြည့်နေတယ်။ 'အခုမှ ကောက်ကာငင်ကာ ဒီကောင် ဘာထကြောင်လဲ' ဆိုတဲ့သဘောပေါ့လေ။ မရုက် နိုင်တော့ဘူး။ ကျွန်တော် ငိုနေ မိပြီ။ ကျွန်တော် ဗိုက်ဆာတာ ကို သူလည်း ဘာလုပ်ပေး နိုင်တာမှတ်လို့…။

■

**လှုံ့ရွှဲတို့၊**
**စီးပွားရေးတက္ကသိုလ်**

www.burmeseclassic.com

ဒီနှစ် ဆရာကန်တော့ပွဲသည်
ယမန်နှစ်ကထက်ပင်
ပိုမိုစည်ကား သိုက်မြိုက်သည်။
လာနေကျအချို့
ရောက်မလာသော်လည်း
ကျွန်တော်တို့ မသိမမီလိုက်သည့်
ကျွန်တော်တို့နောက်မျိုးဆက်
များစွာတို့ဖြင့် ဆရာကန်တော့ပွဲသည်
သစ်လွင်လန်းဆန်းစွာ
အားကောင်းမောင်းသန်
ဆက်လက်ရှင်သန်နေသည်။
တကယ်တော့ ဆရာကန်တော့ပွဲ
ဆိုတာ လောကမှော်ရုံတောအတွင်းမှာ
ကံကောင်းထောက်မစွာ
တည်ဆောက်ခဲ့မိသည့်
'အတိတ်ကမ္ဘာ'။
ထိုအတိတ်ကမ္ဘာမှာဝေးကွာနေသည့်
ကျောင်းနေဖော်များ




ပြန်ဆုံတွေ့နိုင်သည်။
ခွဲခွာခဲ့ရသည့် ဆရာများနှင့်လည်း
ပြန်ဆုံတွေ့နိုင်သည်။
ဆရာအချင်းချင်း ပြန်ဆုံနိုင်သည်။
ကျောင်းသားအချင်းချင်း
ပြန်ဆုံနိုင်သည်။ ထို့ပြင်
ဆရာနှင့် ကျောင်းသားများလည်း
ဟိုးလွန်ခဲ့သည့် နှစ်ပေါင်းများစွာက
ကဲ့သို့ပင် ဖက်လဲတကင်းနှင့်
နွေးထွေးစွာ တစ်ဖန်ပြန်လည်
ဆုံစည်းနိုင်ကြပါသည်။ ထိုအခါ

ရုပ်စုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၂၉၆၊ ဇူလိုင်၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အားလုံး ပျော်ကြ၊ ရွှင်ကြ၊ ဝမ်းသာကြ၊ ကြည်နူးကြရသည်။

အင်း…နှစ်တစ်နှစ်ကိုတော့ ဖြတ်သန်းနိုင်ခဲ့ကြပြန်ပြီ။

အင်အားများ မသိမသာ ယုတ်လျော့သွားခဲ့သော်လည်း၊ ရုပ်ခန္ဓာ အနည်းငယ် ပိုမိုအိုစာသွားခဲ့သော်လည်း နှစ်တစ်နှစ်ကို ကျွန်တော်တို့ အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ကြပြန်ပြီ။

သို့ရာတွင် ကျွန်တော်တို့ကဲ့သို့ နှစ်တစ်နှစ်ကို အောင်မြင်စွာ မဖြတ်သန်းနိုင်ခဲ့သူ အချို့လည်း ရှိပါသည်။ သူတို့အတွက် စိတ်မကောင်းဖြစ်ရသည်။ သူတို့သည် တစ်ချိန်တစ်ခါက ကျွန်တော်တို့နှင့် ဘဝချင်း နီးကပ်ထိစပ်ခဲ့ကြဖူးသူများဖြစ်နေ၍လည်း ရင်ထဲမှာနာကျင်ထိရှ ခံစားရသည်။

> ခါတိုင်းနှစ်များလိုပဲ
> သည်နှစ်မှာလည်း
> ကျွန်တော်တို့ရဲ့
> ကျောင်းနေဖော်
> ငယ်သူငယ်ချင်းအချို့
> ကွယ်လွန်
> တိမ်းပါးခဲ့ပါသည်
> သူတို့သည်
> နှစ်စဉ်ကျင်းပနေကျ
> ဤဆရာ
> ကန်တော့ပွဲများထံသို့
> နောင်ဘယ်သောအခါမှ
> လာနိုင်ကြတော့မည်
> မဟုတ်ပါ

မှန်ပါသည်။ ခါတိုင်းနှစ်များလိုပဲ သည်နှစ်မှာလည်း ကျွန်တော်တို့ရဲ့ ကျောင်းနေဖော် ငယ်သူငယ်ချင်းအချို့ ကွယ်လွန်တိမ်းပါးခဲ့ပါသည်။ သူတို့သည် နှစ်စဉ်ကျင်းပနေကျ ဤဆရာကန်တော့ပွဲများထံသို့ နောင်ဘယ်သော အခါမှ လာနိုင်ကြတော့မည် မဟုတ်ပါ။ အတိတ်ကမ္ဘာကို ထာဝရ ကျောခိုင်းထွက်ခွာသွားသူများ ဖြစ်ပါသည်။

ကိုယ့်ထက်အလျင် ကွယ်လွန်ခဲ့သည့် ကျောင်းနေဖက် ငယ်သူငယ်ချင်းများအကြောင်းကို တွေးမိသည့်အခါတိုင်းမှာ ဟိုးလွန်ခဲ့သည့် နှစ်ပေါင်းများစွာက ငယ်ဘဝကို သတိရသည်။ သူတို့နှင့်အတူ ကျောင်းတက်ခဲ့ရသည့်နေ့ရက်များကိုတမ်းတသည်။ ထိုစဉ်ကအတူတူ စီးခဲ့ကြသည့် 'အဆင်းရထား'ကိုလည်း အမှတ်ရသည်။

ဩော်…ကျွန်တော်တို့သည် ကိုယ့်ကိုယ်ကို သတိမထားမိသော်လည်း နှစ်စဉ်နှစ်တိုင်းပင်'အဆင်းရထား'ကို အမှုမဲ့ အမှတ်မဲ့ စီးမိနေကြသည်ပဲ။

❑

'ကလောစက်မှုသိပ္ပံ'မှာ ကျောင်းတက်ကြတော့ ကျောင်းသွားကျောင်းပြန်ခရီးအတွက် ရထားကိုသာ ကျွန်တော်တို့အားထားခဲ့ကြသည်။

ကျောင်းဖွင့်ချိန် ကျောင်းတက်ရန်သွားသည့်အခါ 'အတက်ရထား'ကို ပျော်ပျော်ကြီး စီးခဲ့ကြသည်။ ကျောင်းပိတ်၍ အိမ်ပြန်လျှင် 'အဆင်းရထား' ကို ပျော်ပျော်ကြီး စီးခဲ့ကြသည်။

'အတက်ရထား'၊ 'အဆင်းရထား' ဆိုသည်မှာ ကျွန်တော်တို့ဘာသာ ပေးထားသည့် အမည်များဖြစ်ပါသည်။ မြေပြန့်မှတောင်ပေါ်သို့ တက်ရသည့်ရထားကို 'အတက်ရထား'၊ တောင်ပေါ်မှ မြေပြန့်သို့ ဆင်းသည့်ရထားကို 'အဆင်းရထား'။

'ကလော' ဆိုသည်ကလည်း အများသိသည့်အတိုင်း တောင်ပိုင်း ရှမ်းပြည်နယ်၏ အဝင်တံခါးဝ မြို့လေး။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ လေးထောင်ကျော်မြင့်သည့် ကုန်းမြင့်တောင်တန်းများဆီမှ အလွန်အေးချမ်းသာယာ လှပသော အိပ်မက်မြို့လေး။ စာကဗျာ ရေးဖွဲ့လို့ မဆုံးအောင်၊ တေးပန်းချီ ရေးသီလို့ မကုန်အောင် ထင်ရှားကျော်ကြားလှသော ဂန္တဝင်မြို့လေး။

ထိုမြို့လေးမှာ 'ကလောစက်မှုသိပ္ပံ' ဆိုသည့် ကျောင်းတစ်ကျောင်း တစ်ရံရောအခါက ရှိဖူးခဲ့လေသည်။ ထိုကျောင်းဆီသို့ အင်ဂျင်နီယာပညာရပ်များ သင်ကြားဆည်းပူးရန်အလို့ငှာ မြန်မာပြည်တစ်နံတစ်လျားက ကျောင်းသူကျောင်းသားမြောက်မြားစွာတို့ ကျောင်းလာတက်ခဲ့ကြပါသည်။

ကျောင်းသူကျောင်းသားများ ဆိုတော့လည်း ကျောင်းသူကျောင်းသားများ၏ သဘာဝအတိုင်းပဲပေါ့။ ကျောင်းတက်ရန်လာလျှင် 'သူငယ်ချင်းများနှင့် ပြန်ဆုံရမှာမို့' ပျော်သည်။ ကျောင်းပိတ်၍ အိမ်ပြန်ရတော့လည်း 'မိဘမောင်နှမ ဆွေမျိုးသားချင်းများနှင့် ပြန်တွေ့ရမှာမို့' ပျော်သည်။

ဤနည်းဖြင့် ကျွန်တော်တို့သည် 'အတက်ရထား'များကိုလည်းကောင်း 'အဆင်းရထား'များကိုလည်းကောင်း ကြိမ်ဖန်များစွာ ပျော်ပျော်ရွှင်ရွှင် စီးခဲ့ကြပါသည်။

မှတ်မှတ်ရရ၊ နောက်ဆုံးတစ်ကြိမ်မှအပ ဖြစ်ပါသည်။

❑

'အတက်ရထား'ကို ပထမဆုံးအကြိမ် စီးရစဉ်ကမူ မပျော်တစ်ဝက် ပျော်တစ်ဝက်။

မောင်သစ်လွင်ဘဝဖြင့် ပထမနှစ် သင်တန်းတက်ရန် ကျောင်းသို့မဝံ့မရဲ လာခဲ့ရစဉ်က ဖြစ်သည်။

ဝေးမြေရပ်ခြားမှာ တစ်ယောက်တည်းမို့ အားငယ်သည်။ မိဘသားချင်းများနှင့် ခွဲခွာရသည့်အတွက် ဝမ်းနည်းသည်။ နယ်မြေသစ်မှာ အဆင်မပြေမှာ မလား ဆိုသည့်အတွေးဖြင့် ပူပင်သည်။ မပျော်တစ်ဝက်။

ကလောလိုမြို့မျိုးမှာ ကျောင်းအိပ်ကျောင်းစားနေရမည်မို့ ရွှင်မြူးသည်။ ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းပြာတို့ ငယ်စမ်းသည်။ အသံဝဲဝဲ၊ ပါးအို... ချစ်စရာကောင်းသည့် မောင်... များ

www.burmeseclassic.com

www.burmeseclassic.com

...တွင် မိန်းမူးသည်။ နောက်သုံးနှစ် ကြာလျှင် အင်ဂျင်နီယာ ဖြစ်မည့်အတွက် ကြည်နူးသည်။ အပျော်တစ်ဝက်။

ကျောင်းသို့ရောက်ပြီး ရက်အနည်း ...အတွင်းမှာပင် အားငယ်ခြင်း၊ ဝမ်း ...ခြင်း၊ ပူပင်ခြင်း စသည့်စိတ်သောက ...သည်လွယ်လင့်တကူ 'ကြက်ပျောက် ...ပျောက်' ပျောက်ရှ ကုန်သည်။ ထို ...ကများနေရာတွင် ရွှင်မြူးခြင်း၊ ...မူးခြင်း၊ မိန်းမူးခြင်း၊ ကြည်နူးခြင်း ...သည့် စိတ်ခံစားမှုများ အစားထိုး ဝင် ...ာက်နေရာယူသည်။ ကျောင်းသား ...ငယ်တစ်ယောက်၏ 'အပူပင်မဲ့သော ...ျော်ရွှင်ခြင်းများ' ဖြင့် အရာရာကို ...ောင့်တ၊ မကြောင့်ကြရဘဲ အထိုက် ...လျောက်လုံလောက် ပြည့်စုံသည့် ...ာရပ်ဝန်းမှာ အေးချမ်းသက်သာစွာ ...ာဆည်းပူးခွင့်ရခဲ့သည်။

ဟိုးလွန်ခဲ့သည့် နှစ်ပေါင်းများစွာ ... ဆွတ်ပျံ့လွမ်းမောဖွယ်ရာ ကျောင်း ...ဘဝ နေ့ရက်များ။

❑

နောင် 'အတက်ရထား' ကို စီးရ ...ာ့ မပျော်တစ်ဝက်၊ ပျော်တစ်ဝက် ...တ်တော့။ အပျော်ချည်းသက်သက်။

အတက်ရထားစီးရန် ရန်ကုန် ...တာကြီးသို့ ရောက်သည်နှင့် ကျောင်း ...ဆော်များကို ပြန်တွေ့သည်။ သူငယ် ...င်းများနှင့်ပြန်ဆုံသည်။ သူတို့နှင့်အတူ ...ပျော်တပါး၊ တဟီးဟီးတဟားဟား ...ပ်ကာ ရထားတက်စီးခဲ့ကြပါသည်။

ရထားထွက်စက ကျွန်တော်တို့ရဲ့ 'ကျောင်းသားသီးသန့်တွဲ' မှာ ထိုင်ခုံ ...လွတ်များစွာဖြင့် တော်တော်လေး ...ောင်ချိသည်။

သို့ရာတွင် လမ်းခရီးတစ်လျှောက် ... ဘူတာတိုင်းလိုလိုမှ ကျောင်းသူ ...ကျောင်းသားများ ထပ်တက်လာကြ ...သည်။ တစ်ဘူတာဆိုက်၍ ရထားပေါ် ...တက်ရန် စောင့်ဆိုင်းနေသည့် ကျောင်း ...သူကျောင်းသားများကို မြင်လျှင် တွဲပေါ် ... သူငယ်ချင်းများက ဝမ်းသာအားရ ...အော်ဟစ်နှုတ်ဆက်ကာ ရထားပေါ်သို့ ဆွဲတင်ကြသည်။ ထိုင်ခုံဆီ မရောက်မီ မှာပင် တစ်လတာ ခွဲခွာရသည်ကို နှစ် ပေါင်းများစွာ ကွဲကွာခဲ့ကြသူများပမာ စကားများစွာ သူ့ထက်ငါ အလုအယက် ရေပက်မဝင်အောင် ပြောနေကြသည်မှာ 'လက်ပံပင် ဆက်ရက်ကျ' သည့်ပမာ။

စကားပြောရလွန်း၍ မောလာ သောအခါ အိမ်ကထည့်ပေးလိုက်သည့် အစားအစာများကို အပြိုင်အဆိုင်ထုတ် ကာ အနီးအနားမှာ ရှိသည့် တွေ့သမျှ ကျောင်းသူကျောင်းသားများကို စေတနာ ထက်သန်စွာ အပြန်အလှန် ဝေငှကျွေး မွေးကြသည်။ စားရင်းပြော၊ ပြောရင်း ရယ်၊ ရယ်ရင်းသော။ မောလည်းမမော နိုင်၊ ပန်းလည်းမပန်းနိုင်။ ပျော်ပြီးရင်း ပျော်နေကြသည်။

ထုံးစံအတိုင်း ဂစ်တာသံ တလှိုင် လှိုင်၊ သီချင်းသံ တမြိုင်မြိုင်။

တဖြည်းဖြည်းနှင့် ကျွန်တော်တို့ ကျောင်းသားသီးသန့်တွဲမှာ 'ချောင်' ရာမှ 'ပြည့်'၊ 'ပြည့်' ရာမှ 'ကျပ်'၊ 'ကျပ်' ရာမှ 'ညှပ်'၊ 'ညှပ်' ရာမှ 'ထပ်' လာ သည်။ သို့သော် ကျွန်တော်တို့ စိတ် မပျက်ကြပါ။ စိတ်ပျက်ရကောင်းမှန်း လည်း သတိမရကြပါ။ ကျွန်တော်တို့ အားလုံးစိတ်ထဲမှာ ပျော်ရွှင်နေတာပဲသိ သည်။ စကားသံများ၊ ရယ်သံများ၊ ရွှန်း သံခွက်သံများ၊ ဂစ်တာသံများ၊ သီချင်း သံများ၊ လက်ခုပ်သံများဖြင့် 'ပွက်လော ရိုက်' နေသည်။

'သာစည်' ဘူတာ၌ ရထားဆိုက် သောအခါတွဲပေါ်သို့ ကျောင်းသူကျောင်း သား အများအပြား အုံနှင့် ကျင်းနှင့် တက်လာသည်။ ပိုကျပ်လာသည်။ ပို ဆူလာသည်။ ပိုပျော်လာသည်။ ခရီး ကလည်း ခရီးရှည်။ တစ်ညလုံးနှင့် တစ်နေကုန် ခုတ်မောင်းရသည့် ခရီး ရှည်။ ကျွန်တော်တို့ကလည်း တစ်ည လုံးနှင့် တစ်နေကုန် ပျော်နေလိုက်ကြ သည်။ နောက်တစ်နေ့ ကလောသို့ ရောက်သောအခါ အသံပြာသူက ပြာ၊ လည်ချောင်း နာသူက နာ။

'အတက်ရထား' ဟူသည် ဆုံစည်း ခြင်း၊ ပေါင်းစည်းခြင်းနှင့် ပျော်ရွှင်ခြင်း။

❑

'အဆင်းရထား' ကမူ 'အတက် ရထား' နှင့်မတူ။

တစ်ကျောင်းလုံးကို ရထားတွဲပေါ် သို့ ထိုးသိပ်တင်ပေးလိုက်သလို ဖြစ်နေ ၍ ရထားမထွက်မီမှာပင် ကျောင်းသား သီးသန့်တွဲမှာ လူများ၊ ပစ္စည်းများဖြင့် ကျပ်ညှပ်နေပါသည်။

ရထားကျပ်ခြင်းကြောင့် တော့ ကျွန်တော်တို့ စိုးစဉ်းမျှ စိတ်အနှောင့် အယှက် မဖြစ်ကြ။

ကျွန်တော်တို့အားလုံးသည် စာမေး ပွဲ ပြီးပြီမို့ ပျော်နေသည်။ ကျောင်းပိတ်ပြီ မို့ ပျော်နေသည်။ အိမ်ပြန်ရမည်မို့ပျော်နေ သည်။ ရထားကျပ်သည်မို့ပျော်နေသည်။ နေရင်းထိုင်ရင်းအလိုလိုပျော်နေသည်။

စကားသံများ၊ ရယ်သံများ၊ သီချင်းသံများ၊ ဂစ်တာသံများ စီစီညံ။

'သာစည်' ဘူတာမှာ ရထားဆိုက် တော့ကျောင်းသူကျောင်းသား အမြောက် အမြား ရထားပေါ်မှ ဆင်းကြသည်။ သူ တို့ထဲမှာ တချို့တစ်ဝက်သည် မန္တလေး ရထားကိုဆက်စီးကြမည်။ တချို့တလေ က မြင်းခြံရထားသို့ ပြောင်းစီးကြမည်။ တချို့တော့လည်း မိတ္ထီလာဘက်သို့ ကားဖြင့် ခရီးဆက်ကြမည်။

အခုတော့ ကျွန်တော်တို့ ကျောင်း သားသီးသန့်တွဲမှာ ကျပ်ညှပ်မနေတော့ ပါ။

ကျောင်းသူကျောင်းသားများက တော့ ခွဲခွာချိန်မှာလည်း တွေ့ဆုံချိန်တုန်း ကကဲ့သို့ပင် ကျယ်လောင်ဆူညံစွာ အော်ဟစ်နှုတ်ဆက်နေကြသည်။

'သွားပြီယောက်ဖရေ။ ကျောင်း ဖွင့်ရင် ပြန်တွေ့ကြမယ် ဟေ့'

'သွားတော့ ယောက်ဖရေ။ ကျောင်းပြီးမှပဲ မိဘတွေခေါ်ပြီး မင့်နမ ကို လာတောင်းမယ် ဟေ့'

ရထားက ဘူတာစဉ်တစ်လျှောက် ရပ်သည်။ ရပ်သည့်အခါတိုင်းလည်း တွဲပေါ်မှ ကျောင်းသူကျောင်းသားတချို့ ဆင်းကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆင်းသွားသူတို့ကို ရထားပေါ်တွင် ကျန်ရစ်သည့် သူငယ်ချင်းများက အော်ဟစ်နောက်ပြောင် နှုတ်ဆက်ကြ။ ရထားပေါ်မှာ ကျန်ရစ်သူများကို ဆင်းသွားသည့် သူငယ်ချင်းများက ပြန်လှန်ဟစ်အော် ပြောင်လှောင် နှုတ်ဆက်ကြ။

ဤနည်းဖြင့် ရထားတွဲသည် ခရီးဆုံးခါနီးလေ ထိုင်ခုံအလွတ်များ တိုးပွားလာပြီး ပိုမိုချောင်ချိလာလေ။

နောက်ဆုံးကြိမ်မတိုင်မီထိ ကျွန်တော်တို့သည် 'အဆင်းရထား'ကို ပျော်ရွှင်စွာ စီးခဲ့ကြပါသည်။

❑

နောက်ဆုံးနှစ်၊ နောက်ဆုံးစာမေးပွဲ ဖြေဆိုပြီးနောက် ကျောင်းနှင့်အပြီး အပိုင်ခွဲကာ အိမ်ပြန်ရန် 'အဆင်းရထား'ကို စီးရသောအခါ ကျွန်တော်တို့ မပျော်နိုင်တော့ပါ။

စာမေးပွဲပြီး၍လည်း မပျော်။ ကျောင်းတက်ရန် မလိုတော့၍လည်း မပျော်။

ရှုံ့ကြောက်ခဲ့သည့် ကျောင်းစာမေးပွဲများကို နောင်ဘယ်တော့မှ ဖြေဆိုရန် မလိုတော့ပြီမို့ ဝမ်းနည်းသည်။ ပျင်းရိငြီးငွေ့မိခဲ့သော စာသင်ခန်းများဆီသို့ နောင်ဘယ်တော့မှ ခြေဦးလှည့်ရန် မလိုတော့ပြီမို့ ဝမ်းနည်းသည်။

ကျောင်းမပြီးသေး၍ ကျောင်းသို့ ပြန်လာရဦးမှာမို့ ပျော်မြူးရှုည်နေသော ညီငယ်၊ ညီမငယ်များကြားတွင် ကျောင်းပြီးသွားပြီဖြစ်၍ ကျောင်းသို့ပြန်လာရန် မလိုတော့သည့် ကျွန်တော်တို့ အစ်ကိုကြီး၊ အစ်မကြီးများမှာ ကြေကွဲဝမ်းနည်းစွာ နှုတ်ဆိတ်ငြိမ်သက်နေသည်။ မကြာခဏလည်း ကျောင်းဘက်ဆီသို့ 'သမင်လည်ပြန်' လှည့်ကာ ငေးကာ ကြည့်နေတတ်ကြသည်။ ကြည့်မိတိုင်းလည်း ရင်မှာ နာကျင်ဆို့နင့်ကာ မျက်ရည်များ ရစ်ဝဲလာသည်။

ကျွန်တော်တို့အကြည့်သည် ကျွန်တော်တို့၏ ကျောင်းသားဘဝ၊ လူငယ်ဘဝ၊ တာဝန်ဖိစီးမှု မရှိသည့်ဘဝ၊ အပူပင်ကင်းသည့်ဘဝ၊ ဖြူစင်သည့်ဘဝ၊ ပျော်ရွှင်သည့်ဘဝ စသည့် မက်မောခုံမင်ဖွယ်ရာ ဘဝနေ့ရက်များကို နှမြောတသစိတ်ဖြင့် ရှိဝေနေမည် ထင်သည်။

ရထားဘီး စ,လိမ့်သည်နှင့် ထိုဘဝများသည် ကျောင်းနှင့်အတူ ကျန်ရစ်ခဲ့ကြရတော့မည်။

ရှေ့မှာ 'လောကမှော်ရုံတော'။

လှည့်စားတတ်သည့်၊ ရက်စက်တတ်သည့်၊ စဉ်းလဲတတ်သည့်၊ ယုတ်မာတတ်သည့်၊ အနိမ့်အမြင့် အတက်အကျများစွာဖြင့် မာယာပရိယာယ်ကြွယ်ဝသည့်၊ ဆူးပြွမ်းသော ချောက်ကမ်းပါးများစွာဖြင့် ခြေတစ်လှမ်းမှားလျှင်ပင် ဘဝပျက်စေနိုင်သည့် လောကမှော်ရုံတော။ ကျောင်းမြေကျောင်းရိပ်နှင့် မတူခြားနား ဆန့်ကျင်ကွဲပြားသည့် 'နယ်မြေသစ်'။

မကြာမီ ကျွန်တော်တို့ အကျွမ်းမဝင်သည့် ထိုလောကမှော်ရုံတောတည်းဟူသော နယ်မြေသစ်အတွင်းသို့ တိုးဝင်ဖြတ်သန်းကာ ရှင်သန်အောင် ရုန်းကန်နေထိုင်ကြရတော့မည်။

ကျွန်တော်တို့ တွေဝေတွန့်ဆုတ်နေကြသော်လည်း အချိန်တန်သောအခါ 'အဆင်းရထား'က ကျောင်းနှင့်ဝေးရာ 'လောကမှော်ရုံတော'အတွင်းသို့ ကျွန်တော်တို့ကို ခေါ်ဆောင်ခဲ့သည်သာ။

❑

'အဆင်းရထား'က ထုံးစံအတိုင်း ဘူတာစဉ် ဆိုက်ရပ်သည်။

တစ်ဘူတာဆိုက်၍ သူငယ်ချင်းတစ်ယောက် ဆင်းသွားတိုင်း ရင်ထဲမှာ 'ဟာ'၍ ကျန်ရစ်သည်။

ယခင်အခေါက်များကလို အော်ဟစ် နှုတ်ဆက်ခြင်း မပြုနိုင်။ 'ကျောင်းဖွင့်ရင် ပြန်တွေ့ကြမယ်…ဟေ့' လို့ မပြောနိုင်။ လောကမှော်ရုံတောအတွင်းမှာ ဘယ်အချိန်၊ ဘယ်နေရာကျမှ ပြန်တွေ့ရမည်ဆိုတာ ဘယ်သူမှ အပ်ကျမပ်ကျ မသိနိုင်။ မျက်နှာငယ်လေးများဖြင့်သာ သူငယ်ချင်းကို မချိတရိ လှမ်းကြည့်နေမိသည်။

ရထားပေါ်မှ ဆင်းသွားသည့် သူငယ်ချင်းကလည်း သေတ္တာလေးကို နံဘေးမှာချလျက် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်ကာ ကျွန်တော်တို့ကို ငေးငေးရီရီနှင့် ရပ်ကြည့်နေရှာသည်။ ရထားမထွက်မချင်း သူလည်းနေရာမရွေ့။ ရထားထွက်တော့ ဝမ်းနည်းကြေကွဲစွာ လက်ကလေးပြကာပြကာ ကျန်ရစ်ရှာသည်။ မျက်ရည်ကျသူ ကျ၊ သက်ပြင်းချ သူ ချ။

'အဆင်းရထား' ဟူသည် ခွဲခွာခြင်း၊ ဝေးလွင့်ခြင်း၊ ပြီးတော့ ကြေကွဲခြင်း။

ဤသို့ဖြင့် ကျွန်တော်တို့သည် တစ်ယောက်ပြီးတစ်ယောက် 'အဆင်းရထား'ပေါ်မှ ဆင်းခဲ့ကြပါသည်။

❑

ကျောင်းသားဘဝက စီးခဲ့ရသည့် 'အဆင်းရထား'ပေါ်မှ ဘယ်အချိန်တွင် ဘယ်ဘူတာမှာ ဘယ်သူဆင်းရမည် ဆိုတာ တင်ကြိုသိကြပါသည်။ [...]က်အလှည့်သင့်လျှင် လောကမှော်ရုံတော[...] မှာ ပြန်လည်ဆုံစည်းနိုင်မည်။

သို့သော် ယခု ကျွန်တော်[...] စီးနေကြသည့် 'အဆင်းရထား' [...] ဘယ်အချိန်တွင် ဘယ်ဘူတာမှာ ဘ[...] သူဆင်းရမည်ဆိုတာကို တင်ကြို[...] နိုင်ကြပါ။ ဆင်းပြီးပါက အတိတ်[...] ကို ထာဝရ ကျောခိုင်းထွက်ခွာသွား[...] မည်။

ဆင်းကြရမှာကလည်း သေ[...] သည်။

သည်နှစ်လား၊ နောက်နှစ်[...] နောင်နှစ်အနည်းငယ် ကြာမှလား[...]

သည်ဘူတာလား၊ နောက်ဘူ[...] လား၊ ဟိုအတော်ဝေးဝေးက [...] ရေးရေး ဘူတာလေးရောက်မှလား[...]

ပြီးတော့ သူလား၊ ကျွန်တော်[...] ဒါမှမဟုတ် တခြားတစ်ယော[...] ယောက်လား…။

'အဆင်းရထား'ကမူ တစ်[...] ပြီးတစ်ဘူတာ ဆိုက်ရပ်နေပါသ[...]

**ဆွနှီး၊စက်မှု[...]**



www.burmeseclassic.com

www.burmeseclassic.com



# ဆယ့်နှစ်ကြိုးတပ် နှစ်ဆယ့်လေးသံစဉ်

ဝေ(စီးပွားရေးတက္ကသိုလ်)၊ မင်းဝေဟင်၊ စံပယ်ဖြူနု၊ မြသွေးနီ၊ သတိုး၊ သက်ဦးမောင်၊
မေဖူး၊ အိမ့်ချမ်းမြေ့၊ ဇာီလင်းညို၊ ရွှေအိမ်စည်မေ၊ နတ်ရဲ(ရူပဗေဒ)၊ ရည်ဝေ(လင်းရောင်ခြည်)

ရ သ ဝတ္ထု တို များ စု စည်း မှု

...တစ်ပြည်လုံးဖြန့်ချိရေး -
...ခေတ်
...ဘ်(၁၇)၊ ဦးဝိဇ္ဇာလမ်း၊ (၇) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။
- ၀၁-၃၉၂၇၂၅၊ ၀၉ ၄၂၂ ၄၉၃၀၉၀

ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ကတော့
လုံးဝမယုံဘူးဆရာ၊ သူတို့တွေ
ဘယ်တုန်းကမှ ကောင်းခဲ့တာမှ
မဟုတ်တာ၊ အခုမှ ချက်ချင်းကြီး
ကောင်းသွားပါပြီဆိုတာ
မဖြစ်နိုင်ပါဘူး။ အစ်ကိုကတော့
သူတို့ကို အခွင့်အရေးပေးရမယ်တဲ့၊
စောင့်ကြည့်သင့်တယ်ပေါ့ဗျာ။
ကျွန်တော်ကတော့ ခံခဲ့ရတာလည်း
များတော့ နည်းနည်းမှ မယုံနိုင်ဘူး'
မောင်မော်က အခုလိုပြောတော့
အစ်ကိုဖြစ်သူ မောင်ပေါ်ကလည်း…
'ငါလည်း ယုံလို့မှ
မဟုတ်ဘဲကွာ၊ ယုံစရာ
အကြောင်းလည်း မရှိပါဘူး။ ဒါပေမဲ့
သူတို့ဘက်က၊ အထူးသဖြင့်

တာကယ်တော့
နုနုဘဝမှာ
အခုလို ဆင်းဆင်းရဲရဲ
ရုန်းကန်နေရတာဟာ
ကိုယ် သစ္စာမရှိခဲ့လို့
ဖြစ်ရတာပါ
နုနုအဖေဖြစ်တာက
အရိုးတီဘီလို့ ပြောတယ်
ကုလို့ရတဲ့ဟာလား
မရတဲ့ဟာလားတော့
ကိုယ်မသိဘူး

# ချစ်ကြွေးကူညီဆပ်လိုသည်

**မောင်လှိုင်မွန်၊ တော**



www.burmeseclassic.com

www.burmeseclassic.com

အဘိုးကြီးက ပျော့ပျောင်း နေတုန်း ကိုယ်က မရိုင်းချင် ဘူးကွာ ဒါပါပဲ'ဟု ဆိုသည်။

မောင်မော်နှင့် မောင်ပေါ်တို့ပြောသမျှကို ကျွန်တော် နားထောင်ပြီး ချက်ချင်း တော့ ဘာမျှဝင်မပြောဖြစ်ပါ။ တကယ်တော့ ကျွန်တော်က သူတို့လို အဲဒီအဘိုးကြီး၏ အလုပ်သမားလည်း မဟုတ်။ သို့သော် ကျွန်တော်လည်း ပြောမည်ဆို ပြောစရာများစွာ ရှိပါသည်။ ဘာတွေကို ဘယ် လောက်ပြောသင့်သလဲဆိုသည် ကို စဉ်းစားလိုက်တော့…။

❑

အဘိုးကြီးဟု သူတို့ ခေါ်နေကြသော ဦးပိုကာမှာ သူတို့အလုပ်လုပ်ရာ 'ဖိုးဝ' ကလေးအထည်ချုပ်လုပ်ငန်း ပိုင်ရှင်ဖြစ်ပြီး သူ့အစ်ကို ဦးဂျိုကာ ဦးစီးစဉ်ကတည်းက အလုပ်သမားများကို မဖြစ် စလောက်လုပ်ခနှင့် မတန်တ ဆခိုင်းရာမှာ နာမည်ကြီးဖြစ် သည်။ တကယ်တော့ သူတို့ အဖေ 'ဦးအရှု'က ဖဲဝါသနာ ပါသည်မို့ သားနှစ်ယောက် ကို ဂျိုကာနှင့်ပိုကာဟု မှည့်ရာ မှ အရပ်ကလည်း အလွယ် တကူ ယင်းနာမည်ကို ခေါ်နေ ကြတာဖြစ်ပြီး သူတို့မှာက ကျောင်းနာမည်များလည်း သီးခြားရှိကြသည်။ တကယ် တော့ သူတို့လုပ်ငန်းမှာ အထည်ချုပ်လုပ်ငန်းအဖြစ် ဆိုင်းဘုတ်တပ်ထားသော်လည်း ခြံကျယ်ကြီးထဲ တန်းလျား ဆောက်ပြီး သာမန်အပ်ချုပ် စက်များ၊ ခြေစက်များသုံးပြီး အကျီချုပ်သည့် လုပ်ငန်း အကြီးစားသာ ဖြစ်သည်။

ထူးခြားချက်က သူ့စက် ရုံမှာ ကျွမ်းကျင်လုပ်သားမျိုး ကို ခေါ်ခန့်လေ့မရှိဘဲ သူ့ စက်ရုံတွင် လုပ်ကိုင်နေသူ များထဲမှ သူယုံကြည်စိတ်ချရ သူတို့ ခေါ်ယူပေးသော ဆယ် ကျော်သက်ရွယ် မကျွမ်းကျင် သူများကို လုပ်ခဈေးပေါပေါ ဖြင့် ခန့်ကာ သူ့လုပ်ငန်းတွင် လေ့ကျင့်သင်ကြားပေးတတ် သည်။

> တကယ်တော့
> နုနုကို
> ကိုယ်
> ‹ တကယ်
> လက်ထပ်ဖို့
> ရည်ရွယ်ခဲ့တာပါ
> ထုံးစံအတိုင်း
> ကိုယ့်အမေရဲ့
> နှလုံးရောဂါနဲ့
> ခြောက်တော့
> ကိုယ်
> မလွန်ဆန်နိုင်ဘဲ
> သူတို့
> သဘောတူတဲ့သူ
> ယူခဲ့ရတာပါ

စေတနာနှင့် လုပ်ပေး မည်ဆိုလျှင် သူတို့လုပ်ပုံက မဆိုးလှသော်လည်း သူတို့က လုပ်ခကို မတန်တဆ နှိမ်ပေး ပြီး သူတို့စက်ရုံတွင် အနည်း ဆုံး ဆယ်နှစ်လုပ်ပေးဖို့ စာ ချုပ်ချုပ်လေ့ရှိသည်။ နယ်မှ တက်လာပြီး အလုပ်လက်မဲ့ ပင်လယ်ထဲနစ်မွန်းနေသည့် လူငယ်တို့အတွက် သူ့ လုပ်ငန်းမှာ ကောက်ရိုးတစ် မျှင် ဖြစ်နေတတ်သည်။

တကယ်တော့ ဦးဂျိုကာနှင့် ဦးပိုကာတို့နှစ်ယောက်၏ အဘိုးက တရုတ် လူမျိုးဖြစ်ပြီး မြန်မာသွေး သုံး မတ်သား ပါနေသော သူတို့ က တရုတ်ရုပ်ထက် တောင် ပေါ်သားရုပ်ပိုပေါက်နေသည်။ မဆလခေတ်ဦးပိုင်းတွင် သူတို့ လုပ်ငန်းမှာ မိသားစုလုပ်ငန်း ဖြစ်ပြီး လုပ်ငန်းသေးငယ်လှ ကာ ချောင်ထဲတွင် ဖွင့်လှစ် ထားသဖြင့် ပြည်သူပိုင် အသိမ်းမခံခဲ့ရ။ နောက်ပိုင်း မှာ မှောင်ခိုပေါ်ပလင်များ၊ တက်ထရွန်များဖြင့် ခပ်မှိန်မှိန် အသက်ဆက်ရင်း လုပ်ငန်းကို ချဲ့ထွင်လာခဲ့သည်။

ဦးဂျိုကာက အလွန်ပါး နပ်ပြီး လျှင်လှသူဖြစ်ရာ ကုန် သွယ်ရေးပျက်ပြီး သမဝါယမ တစ်ခေတ် ပြန်ထွန်းကားချိန် တွင် သူ့စက်ရုံမှာ လုပ်သား ပိုင် သမဝါယမလုပ်ငန်းဖြစ် လာခဲ့ပြီး သူက သမဥက္ကဋ္ဌ အဖြစ် နေရာယူခဲ့သည်။ ဒီကတစ်ဆင့် အလုပ်သမား အစည်းအရုံးခေတ် ရောက် တော့လည်း သူ ယုံကြည် သည့် လူယုံဝန်ထမ်းတစ်ဦး ကို ဥက္ကဋ္ဌလုပ်စေပြီး ကြိုးကိုင် ခြယ်လှယ်ခဲ့သည်။

သူ့အဖေလက်ထက်က ဆို ဦးဂျိုကာက အလုပ် သမားများကို 'မင်းတို့ ဗမာ တွေဟာ'ဟု သုံးနှုန်းလေ့ရှိရာ မှ ယင်းခေတ်ကာလကျတော့ 'တို့ ချီတက်ကြမယ့် မြန်မာ ဆိုရှယ်လစ်လောကကို…' ဟူသော မိန့်ခွန်းမျိုးတွေ ပြော လာခဲ့သည်။ အဖေ့လက် ထက်က ဘောင်းဘီပွပွဝတ် ခဲ့သောအနေအထားမှ ထို ခေတ်တွင် အလုပ်သမားများ အတွက် ဖင်ပြာကို ဘောင်းဘီ ချုပ်ဝတ်စေသလို သူကိုယ် တိုင်လည်း ဝတ်ခဲ့၏။

သို့သော် သူတို့သမဝါ ယမစက်ရုံမှာ အမြဲလို အ… ပေါ်ပြီး သမအသင်းဝင် အလုပ်သမားများမှာ မဖြစ်… လောက် လုပ်ခအပြင် ခံစား… ခွင့်မရခဲ့ပေ။ ဦးဂျိုကာတို့ မိသားစုသာ ပိုပိုချမ်းသာ… ခဲ့သည်။ ချမ်းသာဖို့ဆိုလျှင် ဦးဂျိုကာတို့က နည်းမျိုးစုံ… တတ်ပုံကိုလည်း ကျွန်တော် ငယ်ငယ်လေးကတည်းက ကိုယ် တွေ့ကြုံခဲ့ဖူးပြီး ဖြစ်သည်။

ထိုအဖြစ်ကို ကျွန်တော် ဘယ်တော့မှ မမေ့နိုင်။ ထို… က ကျွန်တော်တို့အိမ်မှာ ဦး… ကာတို့ စက်ရုံနှင့်ကပ်လျှ… အိမ်နီးချင်းများဖြစ်ခဲ့ကြသည်… ကျွန်တော့်အမေ တီဘီရော… ဖြစ်တော့ ဆေးကုရန် … က အိမ်မြေကွက်ကို ဦးဂျို… ထံတွင် ပေါင်ပြီး ဆေးကု… ရသည်။ အဖေချေးသော … နှစ်ထောင်အတွက် ဦးဂျို… က ငွေချေးစာချုပ်အပြင် … ရောင်းစာချုပ်တစ်ခုကိုပါ … စေခဲ့သည်။

ထိုစဉ်က သူတို့အ… သေးရာ ဦးဂျိုကာက '… ဆိုတော့ သူလုပ်ချင်… က လုပ်ပေးရတာပါကွာ…

www.burmeseclassic.com

www.burmeseclassic.com

…တို ချေးတဲ့ငွေ ငါက …တောင်ယူဖို့ စိတ်မကူး …၊ မင်းတို့ဒုက္ခဖြစ်တဲ့ … ကူညီချင်တာပါ'

ဟု ပြောသည်ကို …က အဟုတ်မှတ်ခဲ့သည်။ …ဥ်ကလည်း ငွေချေး …ချုပ်ချည်းဆိုလျှင် တရား …င်သဖြင့် ငွေချေးပေးသူ …တ်က နစ်နာနိုင်သော …ကြောင့် အိမ်အရောင်းအဝယ် …ချုပ်ချုပ်ပေးခဲ့ခြင်းဖြစ်သည်။ …ပေမဲ့ နောင်တော့ အမေ …ပြီးချိန်မှာ အိမ်ရောင်း …ချုပ်ကို တကယ့်အရောင်း …ဝယ်စာချုပ်လို တရားရုံး …င်ကာ ကျွန်တော်တို့အိမ်ကို …ပိုင်စီးရန် ကြိုးစားခဲ့သည်။ …ကိစ္စဖြင့် ဗျာများနေသော …ဖေက ထိုအခါမှ ငွေချေး …ချုပ် အိမ်မှာ ပျောက်နေ …ည်ကိုသိရသည်။ ငွေချေး …ချုပ်ကို စာချုပ်သည့်နေ့မှာ … အိမ်ရှေ့စားပွဲအံဆွဲထဲ …ည့်ထားခဲ့ပြီး တစ်ခါမှ …မိမ်းဖြစ်ခဲ့ဟု အဖေက ဆို …ည်။ ထိုစဉ်က သူတို့ညီ …ကိုက အိမ်ကို ဝင်ထွက်နေ … ငွေချေးစာချုပ်ကို ပြန်ယူ …ခြင်းဖြစ်မည်ဟု နောက် … ဥ်းစားမိကြရသည်။

နောက်ဆုံးတော့ အိမ် …ောင်းခြင်းမဟုတ်ဘဲ အိမ် …ေါင်ခြင်းသာဖြစ်ကြောင်း …က်သေမပြနိုင်သဖြင့် ကျွန် …ော်တို့ ဘိုးဘွားပိုင် အိမ်မြေ …ွက်မှာ ထိုခေတ်က တစ် …ောင်းခန့်တန်သည်ကို သုံး …ောင်ဖြင့် လက်လွှတ်ဆုံးရှုံး …ရသည်။ ကျွန်တော်တို့ …ည်း အိမ်ပိုင်ဘဝမှ အိမ်ငှား …သို့ လျှောကျကာ ယခု …ချိန်ထိ အိမ်ပြန်မဝယ်နိုင် တော့ပေ။ ပင်ပန်းတကြီး ရှန်းကန်ပြီး ဘဝရပ်တည်ခဲ့ရသော အဖေလည်း ဆုံးပါးသွားခဲ့ပြီ ဖြစ်သည်။

ထို့ပြင် ဦးဂျိုကာလက်ထက်ကတည်းက အသက်မပြည့်သော ကလေးများကို နယ်အသီးသီးမှ ရှာဖွေခေါ်လာပြီး အလုပ်သမားအဖြစ် ခိုင်းခြင်းဖြင့်လည်း စီးပွားရေးသောင်းကျန်းတတ်သေးသည်။ အချို့သူတို့ အဆိုအရ ခိုးလာသော ကလေးများပင်ရှိပြီး သူတို့ခြံထဲ ကျိတ်မွေးကာ အလုပ်ခိုင်းသည်ဟု ဆိုကြ၏။ ဦးဂျိုကာကတော့ မိဘမဲ့ကလေး တချို့ကို သူ ကျွေးမွေးပြုစုထားရကြောင်း ပြောလေ့ရှိရာ ခိုးလာသောကလေးများ ဖြစ်မည်ဟု အများက ထင်မြင်ချက် ပေးကြသည်။

ထို့နောက် တစ်ခေတ်ပြောင်းချိန် ရောက်ပြန်တော့ ဦးဂျိုကာစက်ရုံမှာ ကုမ္ပဏီဖြစ်သွားခဲ့သည်။ သို့သော် အလုပ်သမားများမှာ ဒုံရင်းမဝရေစာ စားရသောဘဝမှ မလွတ်မြောက်ကြဘဲ ဦးဂျိုကာတို့ ဆွေမျိုးများ၊ တပည့်သားမြေးများသာ ချမ်းသာခဲ့ကြသည်။ ယခုအခါ ကျွန်တော်တို့မိသားစုမြေမှာ သူတို့ ကုမ္ပဏီဝင်းထဲမှာ တစ်ဝင်းတည်းမြေ ဖြစ်သွားပြီး ကျွန်တော်တို့အိမ်ကွက် ဖြစ်ခဲ့ဖူးသည်ဆိုသည်ကို နောင်းလူတို့က မသိနိုင်တော့ပေ။

သို့သော် တစ်နေ့တွင် ရပ်ကွက်ထဲက သူတို့အလုပ်သမားအဖြစ် လုပ်ကိုင်နေသည့် မောင်ဖုန်းက ဦးဂျိုကာတို့ တိုက်သစ်ဆောက်ပြီး အိမ်ပြောင်းမှုပြောင်းရာတွင် ပစ္စည်းများသိမ်းကူရာမှ ကျွန်တော်တို့မိသားစု၏ ငွေချေးစာချုပ်ကို ပြန်တွေ့ပြီး ကျွန်တော့်ထံ ယူလာခဲ့သည်။ အကြောင်းစုံမသိသော မောင်ဖုန်းက…

'အစ်ကိုတို့ ငွေချေးထားတဲ့ စာချုပ်တွေ့လို့ ယူလာပေးတာ၊ ငွေကတော့ ဆပ်ပြီးပြီ ထင်ပါတယ်'ဟု ဆိုရာ ကျွန်တော်ကလည်း ဇာတ်ကြောင်းပြန် မလုန်ချင်သဖြင့် 'မင်းသိတဲ့အတိုင်းပဲ၊ သူတို့ငွေများ မဆပ်ဘဲနေလို့ရမလားကွာ'ဟု ပြောပြီး စာချုပ်ကို ယူထားခဲ့သည်။ နောက်မှ စိတ်ကူးတစ်ခုရသဖြင့် ယင်းစာချုပ်ကိုပြပြီး အိမ်မတရားအသိမ်းခံရသည့်ကိစ္စကို ပြန်တရားစွဲရန် ဖြစ်နိုင်၊ မဖြစ်နိုင်ကို ရပ်ကွက်ထဲမှ ရှေ့နေကြီး ဦးစိုးလှိုင်ထံ သွားတိုင်ပင်ခဲ့သည်။

'ကိုမင်းယုရေ ခင်ဗျားကိစ္စက မလွယ်တော့ဘူးဗျ၊ နှစ်တွေ သိပ်ကြာသွားတော့ ကာလစည်းကမ်းသတ်အရကို ဘာမှလုပ်လို့ မရတော့ဘူး။ ဆိုပါစို့ဗျာ၊ ငွေလိမ်တာမျိုးဆို သုံးနှစ်အတွင်းမှာ တရားစွဲမှ ဥပဒေက ခွင့်ပြုတာလေ။ အခုဟာက ဘာမှလုပ်လို့မရဘူး၊ အင်းလေ…ဒါပေမဲ့ မတရားသဖြင့် ကိစ္စကြီးဆိုတော့ တစ်ခုခုတော့ လုပ်ကြည့်ကြတာပေါ့ဗျာ'

နောက်ဆုံးတွင် ဦးစိုးလှိုင်က တွေးတွေးဆဆဖြင့် ပြောလိုက်ပါသည်။ ထိုနောက် မကြာလှမီ ဘယ်ကဘယ်လိုသတင်းပျံ့သွားသည်မသိ တီးတိုးတီးတိုး သဖန်းပိုးဖြင့် ရပ်ကွက်ထဲတွင် ကျွန်တော်တို့မိသားစုကို မတရားအနိုင်ကျင့်ပြီး မြေကွက်ရယူခဲ့ပုံကို လူတွေ စိတ်ဝင်တစား ပြောဆိုလာကြသည်။ ဒါက ဦးစိုးလှိုင်လက်ချက် ဟုတ်မဟုတ်တော့ ကျွန်တော်လည်းမသိ။ ဒါ့တင်မက မကြာမီ ကျွန်တော်တို့က အထောက်အထား ခိုင်လုံစွာဖြင့် တရားစွဲတော့မည့်အကြောင်း၊ ယခုအခါ ယခင်ခေတ်ကာလက မတရားသဖြင့် ခံခဲ့ရသည့်ကိစ္စများကိုလည်း အထက်အဖွဲ့အစည်းများအထိ တိုင်ခွင့်ရှိလာပြီဖြစ်ရာ တိုင်လိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့်…။

ထို့ပြင် ယင်းကိစ္စကို ကုမ္ပဏီနှင့် လူနာမည်များ မဖော်ပြဘဲ ထိုသို့ မတရားလုပ်ခဲ့ကြောင်း အင်တာနက်မှာ တင်ထားသည်ကို ဖတ်ရသည်ဟု ကျွန်တော် တစ်ဆင့်စကားကြားရပါသည်။ တချို့ရင်းနှီးသူများက တည့်တည့်မေးလာသဖြင့် ကျွန်တော်က ဖြစ်ခဲ့တာတော့ မှန်ကြောင်း၊ သို့သော် ကိုယ်တိုင်က နားမလည်သဖြင့် ရှေ့နေကြီး ဦးစိုးလှိုင်ကိုသာ ပုံအပ်ထားကြောင်း ပြောပြလိုက်သည်။

ဒီလိုကာလတွင် ဦးဂျိုကာက လမ်းမှာတွေ့လျှင်တောင် ကျွန်တော့်ကို မခေါ်တော့။ ကျွန်တော်ကလည်း စပြီးတော့ မခေါ်လို။ သူတို့ကလည်း မတရားလုပ်ခဲ့သေး။ ခုကျလည်း ဘောင်းပန်ရကောင်းမှန်းမသိ၊ တင်းချင်သေးဆိုလျှင် ရှိပစေလေ

www.burmeseclassic.com

ဟု ခပ်မာမာပဲ တွေးမိသည်။

သို့ပေမဲ့ ရုတ်တရက် အပြောင်းအလဲတစ်ခု ပေါ်လာသည်။ ဦးဂျိုကာ၏ မြေးကလေး ကိုယ်တိုင်မောင်းသောကားနှင့် ကွန်တိန်နာကားတစ်စီး တိုက်မိပြီး သူ့မြေးကလေး ပွဲချင်းပြီး သေဆုံးသွားကာ ဦးဂျိုကာမှာလည်း သေလုမြောပါးဖြင့် ဆေးရုံတင်ထားရသည်။ ဒီနောက်တော့ ဦးဂျိုကာတစ်ယောက် သတိပြန်မလည်နိုင်ဘဲ 'ကိုမာ' ရလျက် မသေရုံတစ်မည် ငွေဖြင့်စက်ပြီး စက်ဖြင့် အသက်ရှူနေသော စက်ရုပ်လိုလူအဖြစ် ဆေးရုံပေါ်မှာ ဆက်ရှိနေလေ၏။

ဖိုး၀ အထည်ချုပ်လုပ်ငန်းကြီးမှာလည်း ညီဖြစ်သူ ဦးပိုကာ၏ အုပ်ချုပ်မှုအောက် ရောက်သွားသည်။ တစ်နေ့တော့ ဦးပိုကာနှင့် ကျွန်တော် လမ်းမှာဆုံတော့ ကျွန်တော်လည်း မကောင်းတတ်သဖြင့် ဦးဂျိုကာ၏ ကျန်းမာရေးကို သတင်းမေးရသည်။ ဦးပိုကာက သူ့အစ်ကိုမှာ မျှော်လင့်ချက်မရှိလှသော်လည်း အသက်ရှိနေသေးသရွေ့ ကုပေးရမည်မှာ သူ့တာဝန်ပါ ပြောပြီး ကျွန်တော်နှင့် စကားပြောစရာရှိ၍ နောက်နေ့မနက် ခဏလာပါရစေဟု ဆိုသည်။

နောက်နေ့မနက်မှာတော့ ဦးပိုကာရောက်လာပြီး သူ့ထံမှ ထူးထူးဆန်းဆန်း စကားတစ်ခု ကြားရသည်။ ယင်းမှာ ကျွန်တော်တို့အိမ်ကိစ္စ၊ သူ့အဖေနှင့်အစ်ကိုများ မတရားလုပ်ခဲ့သည့်အတွက် စိတ်မကောင်းကြောင်း၊ ယင်းကိစ္စအတွက် ကျွန်တော်တို့က

ဆရာက
ထူးထူးဆန်းဆန်း
ပြောသေးတယ်
ဝမ်းမြောက်
ဝမ်းသာသာ
သုံးလိုက်ပါဗျာ
အစ်မတို့ကို
ကြွေးဆပ်စရာ
ရှိလို့
လှူတာလို့
ပြောတာပဲရို့
လုပ်သေးတာ
နှင်
သိတဲ့အတိုင်း
ငါတို့က
ဒီလောက်
ငွေအများကြီး
ဘယ်သူ့ကို
ချေးပေးဖူးမှာမို့
ကြွေးရှိရမှာလဲ

တိုင်မည်၊ တရားစွဲမည်ဆိုသော သတင်းများလည်း ကြားကြောင်း၊ သူ့အနေဖြင့် ယင်းကိစ္စကို ဥပဒေနားလည်သူများနှင့်တိုင်ပင်ကြည့်တော့ ပူစရာမလိုဟု ဆိုကြပေမဲ့ တကယ်တမ်း ရင်ဆိုင်ပြီး သူနိုင်မည်ဆိုလျှင်ပင် သူမတရား ထပ်လုပ်သလို မဖြစ်လိုကြောင်း စသဖြင့် ပြောပါသည်။ ထို့ပြင်...

'တကယ်တော့ ဦး စိတ်ထဲရှိတဲ့အတိုင်း ပြောရရင် မင်းတို့က နစ်နာခဲ့တာ။ အခု တရားတွေ ဘာတွေစွဲ၊ ရှေ့နေတွေဘာတွေ ငှားရရင် ထပ်ကုန်မှာမျိုးလည်း မဖြစ်စေချင်ဘူး။ ဒီလိုမဖြစ်စေချင်လို့ နစ်နာတာကို လျော်ပေးရမယ်ဆိုရင်လည်း မင်းတို့ နစ်နာခဲ့သလောက်လည်း လျော်လို့မဖြစ်နိုင်ဘူးဆိုတာ သိပါတယ်'

ယခုအခါ သိန်းငါးရာခန့် တန်နေပြီဖြစ်သော ကျွန်တော်တို့ မြေကွက်တန်ဖိုးကို ထားပါဦး၊ စိတ်ဆင်းရဲစွာ ကွယ်လွန်သွားရသော အဖေနှင့် တစ်သက်လုံး အိုးအိမ်မဲ့ ဆင်းရဲစွာ နေခဲ့ရသော ကျွန်တော်တို့မိသားစုကို သူဘယ်လိုလျော်မလဲ။ လျော်လို့မဖြစ်နိုင်တာ ဆိုသည်က အမှန်ပင်ဖြစ်ပါသည်။

'အဲဒီတော့ အလျော်လို့ သဘောမထားပါနဲ့၊ နစ်နာကြေးလို့လည်း မမြင်နဲ့၊ မင်းလက်ခံနိုင်မယ်ဆိုရင် နောက်တစ်နှစ်မပြည့်ခင်အတွင်းမှာ ကိုယ် မင်းကို သိန်းနှစ်ရာပေးပါမယ်၊ အခုလောလောဆယ်တော့ သည်းခံပြီးနေပေးပါ။ ကိုယ့်လုပ်ငန်းကလည်း ကျနေတယ်၊ အစ်ကိုကြီးအတွက် ကုန်ရတာကလည်း သိပ်များတယ်လေ၊ ဒါပေမဲ့ ကိုယ်က တချို့အတွင်းပစ္စည်းလေးတွေရယ်၊ ဝယ်ထားတဲ့ မြေကွက်တချို့ရယ် ရောင်းဖို့ စိတ်ကူးထားတယ်။ ကိုယ့်မှာ အစ်ကို့သားသမီး တူ၊ တူမတွေကိုလည်း နားချရဦးမယ်ဆိုတော့ အချိန် နည်းနည်းလိုတာပါ၊ အဲဒါလေး သည်းခံစောင့်ပေးပါ၊ ကိုယ်ပြောတာလည်း သဘောတူပေးပါလို့ တောင်းပန်ချင်တာပါ'

ဦးပိုကာက သူ့အစ်ကိုထက်စာလျှင် အပြောချိုသည်ဟု အစကတည်းက ကြားဖူးခဲ့ပြီးသားဖြစ်သည်။ ပြီးတော့ သူ့အစ်ကိုနှင့် မတူဘဲ ပါးစပ်ချိုပေမဲ့ သူက ကတိမတည်တတ်သူဟုလည်း ယူဆသူတွေရှိသည်။ သူ ကတိဖျက်ဖူးသည့်ကိစ္စကြီးတစ်ရပ် ရှိခဲ့ဖူးတာကိုလည်း ကျွန်တော်က မှတ်မိနေသည်။

ကျွန်တော်ငယ်ငယ်က အချစ်ဆုံး သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးသည်။ သူ့နာမည်က မင်းကို။ မင်းကိုနှင့် မင်းယု မင်းနှစ်မင်းအတွဲဟု ပြောစရာဖြစ်လောက်အောင် ကျွန်တော်တို့ ခင်ခဲ့ကြသည်။ မင်းကိုမှာ ကျွန်တော်တို့က မမနုဟုခေါ်သော အဒေါ်ချောချောလေးတစ်ယောက်ရှိသည်။ အဒေါ်က အသက်ငယ်နေသဖြင့် မင်းကိုက မမနုခေါ်သည်ကို ကျွန်တော်ကလည်း လိုက်ခေါ်ခဲ့တာ ဖြစ်သည်။ မမနုက ကျောင်းနေဖက် ကိုသိန်းငွေနှင့်သမီးရည်းစားဖြစ်ပြီး သူတို့အကြောင်း တစ်ရပ်ကွက်လုံးသိသည်။ ကျွန်တော်တို့ကလည်း သူတို့ကို လိုက်ဖက်သည့် စုံတွဲအဖြစ် သဘောတူကြသည်။

သို့သော် ကိုသိန်းငွေက မမနုကို သစ္စာဖောက်ကာ မိဘ သဘောတူသူနှင့် လက်ထပ်သွားခဲ့သည်။ မမနုမှာ အသည်းကွဲဒဏ်အပြင် အရှက်ကြီးရက်ကာ ကျွန်တော်တို့ ရပ်ကွက်ထဲမှ မိသားစုလိုက် ပြောင်းရွှေ့သွားခဲ့သည်။ ကျွန်တော်က မင်းကိုနှင့်

www.burmeseclassic.com

www.burmeseclassic.com

ကက်မပြတ်သော်လည်း တုမ်းတော့ ဝေးသွားခဲ့ ည်။ အဲဒီကတည်းက စ်ချေင်း စာနာစိတ်ဖြင့် သိန်းငွေကို ကျွန်တော် နန်းကြီး မုန်းခဲ့ဖူး၏။

ထို ကိုသိန်းငွေဆိုသူမှာ န်တော်တို့က ယင်း ကျောင်းနာမည်ကို အခေါ်များ သေမဲ့ ရပ်ကွက်ထဲက အိမ် ည်ဖြင့် အသိများကြသော ဘိုကာ'၊ ယခုတော့ စက်ရုံ င်ရှင်ကြီး ဦးပိုကာ ဖြစ်လေ ည်။(ဆေးရုံပေါ်တွင် ပက် တ်ဖြစ်နေသော ဦးဂျိုကာ ကျောင်းနာမည်က ဦး န်းရွှေဖြစ်၏။) ဒါကြောင့် န်တော်က ဦးပိုကာခေါ် သိန်းငွေသည် အပြောချို ကတိပျက်လွယ်သူဟု တ်ထဲစွဲမှတ်ထားတာဖြစ် ည်။

အခုလည်း ကျွန်တော့် အချိုသတ်တာ ဖြစ်ဖို့များ ည်။ သို့သော် ကျွန်တော် ည်း ငယ်ငယ်က စိတ်မျိုး တ်တော့သည်မို့ ရန်လို းမျိုးလည်း မပြောချင် တော့ပါ။

'အမှန်အတိုင်း ပြောရ င်တော့ အလျော်ရဖို့ထက် မှန်တရားကို အများသိ အောင် တတ်စွမ်းနိုင်သ ကက်လုပ်မယ်လို့ ဆုံးဖြတ် တာပါ။ ဒါပေမဲ့ ဦးပိုကာ လူကြီးတန်မဲ့ လာတောင်း တာကို ကျွန်တော်က ပိုင်းသင့်ဘူး ထင်ပါတယ်။ စ်နှစ်ဆိုတာကတော့ နည်း ည်းများလို့. ခြောက်လ ကက်ဆို ပိုကောင်းပါမယ်' သော ပြောလိုက်သည်။ သူ အားရဝမ်းသာ...

'အေးပါကွာ၊ မင်းအခု လို ကိုယ့်ကို ယုံကြည်ပေး တာကိုပဲ ကျေးဇူးတင်ပါပြီ။ ခြောက်လအတွင်း အတိုင်း အတာတစ်ခုထိ ဖြစ်အောင် ကြိုးစားပေးမယ်'ဟု ဆိုခဲ့သည်။

သည်အတောအတွင်း စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမား ဆန္ဒပြမှုများ ဖြစ်ခဲ့ရာ သူ့စက်ရုံတွင်လည်း လှုပ်လှုပ်ရွရွ ဖြစ်လာခဲ့၏။ သူ က သူ့အလုပ်သမားထဲမှ ထက်ထက်မြက်မြက်ရှိပြီး အများက ယုံကြည်သည့် ကို ပေါ်နှင့်ကိုမော်တို့နှစ်ဦးကို ခေါ်ပြီး ညှိနှိုင်းပြန်သည်ဟု ဆိုပါသည်။ သူ့စက်ရုံမှာ ပြည် တွင်းဈေးကွက်လည်းကျ၊ ပြည်ပအော်ဒါချုပ်ထည်များ လည်း သိပ်မရသဖြင့် အခက် အခဲရှိကြောင်း၊ သို့သော် စက် ရုံလည်နေသမျှ အလုပ်သမား ကိစ္စကို အများနည်းတူ တာဝန်ယူရမည်မို့ လစာကို နောက်ခြောက်လခန့်အတွင်း တိုးပေးပါမည်။ အခုလော လောဆယ် ရက်မှန်ကြေး၊ အချိန်ပိုလုပ်ခ စသည်တို့ တိုး ပေးရုံဖြင့် သည်းခံပါ၊ ဆန္ဒပြ တာတို့ဘာတို့လည်း မလုပ်ဖို့ အလုပ်သမားများကို မေတ္တာ ရပ်ခံပေးပါ စသဖြင့် ညှိနှိုင်း သည်ဟု ဆိုပါသည်။

ကိုပေါ်တို့ ညီအစ်ကို ကရော၊ အလုပ်သမားတွေက ပါ သူ့ကိုမယုံကြ။ ယုံချင်စရာ လည်း မရှိ။ ကျွန်တော့်ကို လာပြောစဉ်ကလည်း ယုံလို့ လက်ခံလိုက်တာ မဟုတ်။ မူလကတည်းက တရားစွဲဖို့ ရည်ရွယ်ရင်း မရှိသည်မို့သာ လက်ခံလိုက်တာမျိုးဖြစ်သည်။

သို့သော် ကျွန်တော့်ကိစ္စ မှာ ထူးခြားတာ တချို့တော့ တွေ့ရသည်။ ရှေ့နေဦးစိုးလှိုင် အပြောအရ ဦးပေါ်ကာ၏ ရှေ့ နေက တရားစွဲလည်း သူတို့ ဘဲ နိုင်မည်မို့ ပူစရာမရှိပါဟု ပြောသည်ကို ဦးပေါ်ကာ လက်မခံခဲ့ဆိုသည်မှာ အမှန် ဟု ဆိုသည်။ 'တရားရုံးက ကိုယ်မှန်တယ်လို့ ဆုံးဖြတ်ပေ မဲ့ ကိုယ်က ကိုယ်မှားတာ ကိုယ်သိနေတော့ ဘယ့်နှယ် လုပ်မလဲကွ'ဟု ပြောသည်ဟု ဆိုသည်။ ဒါကြောင့် တရား ရင်မဆိုင်ဘဲ ကျွန်တော့်ကို လာညှိခြင်းဖြစ်ကြောင်း သိရ တော့ နည်းနည်းတော့ ပိုစိတ် ဝင်စားစရာ ဖြစ်လာသည်။

ထိုအချိန်တွင် ကျွန်တော့် ကို ချိန်းထားသော ခြောက်လ ကလည်း နီးလာပြီဖြစ်သည်။ သို့သော် ခြောက်လမပြည့်မီ ပင် ဦးပေါ်ကာ အိမ်ကို ထပ် ရောက်လာခဲ့သည်။

'ကိုမင်းယုကို ဦးက စကားအရှည်သဖြင့်လည်း နိ ဒါန်းပျိုး ပြောမနေချင်ပါဘူး၊ တိုတိုပြောရရင် ထပ်တောင်း ပန်ဖို့ လာခဲ့ရတာပါပဲ'

အစကတည်းက မယုံခဲ့ တာပေမဲ့ ဒီလိုစကား ကြားရ တော့မှ စိတ်တိုသွားသည်။ သို့ပေမဲ့ ကျွန်တော် ဘာမှ မပြောနိုင်သေးခင် ဦးပိုကာ က...

'ကိုမင်းယု စိတ်ဆိုး သွားမယ်ဆိုတာ ကိုယ်သိပါ တယ်၊ ဒါပေမဲ့ ကိုယ်ပြောတာ ဆုံးအောင် နားထောင်ပါဦး၊ ကိုယ့်အစ်ကိုကြီးတွက် အကုန် အကျတွေများပြီး စက်ရုံဝင် ငွေလည်း ကျနေပေမဲ့ ကိုမင်း ယုကို ကတိပေးထားတဲ့ငွေထဲ က သိန်းတစ်ရာကို မဖြစ်မနေ ပေးဖို့ ပြင်ဆင်ထားခဲ့ပါတယ်'

'ဒါပေမဲ့ အခုတော့ ဦးပို ကာ ပါမလာဘူး မဟုတ် လား'

ကျွန်တော့်အသံက ဒေါ သဖြင့် သိသိသာသာ မာသွား သည်။

'ဟုတ်တယ်၊ ဒါပေမဲ့ ကိုယ်ပြောတာ ဆုံးအောင် နားထောင်ပါဦး၊ ကိုယ် ဒီ သိန်းတစ်ရာကို မူလအစီ အစဉ်အတိုင်း ပစ္စည်းတချို့ ရောင်းဖို့ကိစ္စ အဆင်မပြေ သေးဘဲကို ရှာထားတာပါ၊ ဒါပေမဲ့ မမျှော်လင့်တာ တစ်ခု ဖြစ်လာတာက နုနုအဖေကြီး အသည်းအသန် ဖြစ်နေတာကို ကိုယ်မနေ့ကမှသိတယ်၊ ဒီ တော့ ကိုယ်တစ်ညလုံး အိပ် မပျော်နိုင်ဘဲ စဉ်းစားပြီးမှ ဒီ ငွေကို သူတို့ကို ပေးလိုက်ဖို့ စဉ်းစားလိုက်တယ်'

နုနုဟု သူပြောမှ မမနု တို့အဖေ နေမကောင်းသည့် ကိစ္စကို ကျွန်တော် ပြန်သတိ ရ၏။ ကျွန်တော့်သူငယ်ချင်း ရဲ့ အဘိုးမို့ အရိုးတီဘီရောဂါ ဖြင့် နာတာရှည်ဖြစ်ပြီး အိပ်ရာ ထဲလဲ နေသည်ကို ကြားထား ခဲ့ပြီးသား ဖြစ်သည်။ သို့သော် စိတ်ထဲကတော့ ဒီလူကြီး ဘာတွေ လာလိမ်ဦးမလို့လဲ မသိဟု တွေးမိသည်။

'တကယ်တော့ နုနုဘဝ မှာ အခုလို ဆင်းဆင်းရဲရဲ ရုန်း ကန်နေရတာဟာ ကိုယ်သစ္စာ မရှိခဲ့လို့ ဖြစ်ရတာပါ၊ နုနု အဖေဖြစ်တာက အရိုးဘီတီ လို့ ပြောတယ်၊ ကုလို့ရတဲ့ဟာ

www.burmeseclassic.com

www.burmeseclassic.com

လား၊ မရတဲ့ဟာလားတော့ ကိုယ်မသိဘူး၊ ဒါပေမဲ့ မင်း အမေလည်း တီဘီနဲ့ဆုံးခဲ့တာ ပဲ။ ခေတ်ချင်းက မတူဘူး မဟုတ်လား။ အခုခေတ်မှာ အကုန်ခံပြီး အသေအချာကု ရင် မပျောက်စရာ မရှိဘူးလို့ ကိုယ်ကထင်တာပဲ၊ ငွေမရှိလို့ မကုနိုင်တာထင်လို့ ငါတော် တော် စိတ်မကောင်းဘူး၊ အမှန်တော့ ကိုယ်ပေးချင်တဲ့ ငွေကို ကိုမင်းယုကို ပေးဖို့ဟာ နဲ့ ပေးလိုက်တယ်ဆိုတာ သိပ် တော့ သဘာဝမကျဘူးပေါ့။ ဒါပေမဲ့ ကိုယ့်မှာ ရွေးစရာ မရှိလို့ပါ၊ ဒါနဲ့ ကိုမင်းယု စိတ်ဆိုးလို့ ဆဲဆဲဆိုဆို ငါငှံ့ခံ မယ်ဆိုပြီး အဲဒီသိန်းတစ်ရာ ကို သူတို့ ဆရာဝန် ဒေါက် တာ ဌေးမောင်ကတစ်ဆင့် အလှူသဘောနဲ့ ပေးလိုက် တယ်'

'ဦးပေါ်ကာ နာမည်နဲ့ ပေးလိုက်တာလား' ဒေါသထွက် ဖို့ပင် သတိမရဘဲ ကျွန်တော့် လေသံ ပြန်ပျော့သွားသည်။

'ဘယ်လိုလုပ် ကိုယ့် နာမည်နဲ့ ပေးရဲမှာလဲကွာ၊ ကိုယ့်ဆီကဆို မယူတဲ့အပြင် အနာဟောင်း သွားဆွသလို ဖြစ်နေမှာပေါ့၊ စေတနာရှင် တစ်ယောက်က အမည်မဖော် ဘဲ လှူတဲ့သဘောနဲ့ ဆေးကု စရိတ်ပေးခဲ့ရတာ၊ အေး ကို မင်းယု ကိုယ့်ကို စိတ်ဆိုးရင် ပြောချင်သလိုပြောပါ၊ အဲဒီ အကြောင်းလေးတော့ ဘယ် သူ့မှ မပြောပါနဲ့ကွာ၊ နုနုသိ ရင် အဲဒီငွေကို လက်ခံမှာ မဟုတ်လို့ပါ'

ဆွေးဆွေးမြည့်မြည့် ပြန်ပြောနေသော ဦးပေါ်ကာ က မယုံသင်္ကာမပြယ်သော ကျွန်တော့်မျက်နှာကို သတိ ထားမိပုံ မပေါ်ဘဲ…

'တကယ်တော့ နုနုကို ကိုယ် တကယ်လက်ထပ်ဖို့ ရည်ရွယ်ခဲ့တာပါ၊ ထုံးစံ အတိုင်း ကိုယ့်အမေရဲ့ နှလုံး ရောဂါနဲ့ ခြောက်တော့ ကိုယ် မလွန်ဆန်နိုင်ဘဲ သူတို့ သဘောတူတဲ့သူ ယူခဲ့ရတာ ပါကွာ။ ဒီအကြွေးက ဆပ်လို့ ကျေမှာ မဟုတ်ပေမဲ့ အခုလို အချိန်မျိုးမှာ ကိုယ်ဒီလို ဆုံး ဖြတ်မိတာကို နားလည်ပေး ပါ ကိုမင်းယုရယ်၊ မင်းကို ပေးမယ့်ဟာကို နောက် ခြောက်လအတွင်း မပျက် မကွက် ပေးပါမယ်ကွာ'

မူလကတည်းက ယုံ ကြည်မျှော်လင့်ထားသည့် ငွေ မဟုတ်သဖြင့် ကျွန်တော် အလွယ်တကူ ခေါင်းညိတ် ပေးလိုက်ပေမဲ့ ချက်ချင်းလို မမနုတို့အိမ်ကို သွားစုံစမ်းဖြစ် သည်။ မမနုက အကြောင်း စုံမသိရှာဘဲ စေတနာရှင် တစ်ဦး၏ အလှူငွေဖြင့် သူ့ အမေ ဆေးကုဖို့ အဆင်ပြေ သွားကြောင်း ဝမ်းသာအားရ ပြောပြခဲ့သည်။

'အမေက ရုတ်တရက် ကံဇာတာ တက်သွားတယ် ပြောရမယ် ငါ့မောင်ရဲ့၊ အစ်မ တို့မောင်နှမတွေနဲ့ တူဝရီး တစ်တွေ ဘာဆက်လုပ်ရမှန်း မသိဘဲ ခေါင်းချင်းရိုက်နေ တုန်း အဲဒီစေတနာရှင်ရဲ့ အလှူငွေဆိုတဲ့ဟာကို ရလိုက် တာ တကယ် အိပ်မက်မက် သလိုပါပဲဟယ်။ ဆရာကို ဘယ်သူကများ ဒီလောက် အများကြီး လှူတာလဲဆရာ၊ သူ့ဌေးလားလို့မေးတော့ အင်း ချမ်းတော့ ချမ်းသာပါတယ် တဲ့။ ဒါပေမဲ့ အထည်ကြီး ပျက်ဆို ပိုမှန်မယ်တဲ့။ ဘာ ကြောင့်ဆိုတော့ သူ့မှာလည်း အဲဒီလောက် ငွေပိုငွေလျှံ ရှိပုံ မပေါ်ဘူးတဲ့။ အတော် ထူး ဆန်းတယ်ဟဲ့။ ငါက ဆရာ ရယ် ထူးဆန်းလိုက်တာလို့ ပြောတော့ ဟုတ်တယ်တဲ့။ ဒါပေမဲ့ အလှူရှင် ဆန္ဒ အတိုင်း အသေးစိတ်တော့ သူ ပြောလို့မဖြစ်ဘူးတဲ့။ ပြီးတော့ ဆရာက ထူးထူးဆန်းဆန်း ပြောသေးတယ်။ ဝမ်းမြောက် ဝမ်းသာသာ သုံးလိုက်ပါဗျာ၊ အစ်မတို့ကို ကြွေးဆပ်စရာရှိ လို့ လှူတာလို့ ပြောတာပဲလို့ လုပ်သေးတာ။ နင်သိတဲ့ အတိုင်း ငါတို့က ဒီလောက် ငွေအများကြီး ဘယ်သူ့ကို ချေးပေးဖူးမှာမို့ ကြွေးရှိရမှာ လဲ၊ ဆရာက တို့ကိုသက် သက် နောက်နေတာ' ဟုပင် ပြောရှာသည်။

သြော်…မမနုခမျာ ဒီ ငွေထက်မက အဖိုးတန်သော သူ့နှလုံးသားကြွေး သူ့ချစ်သူ က ပြန်ဆပ်ခဲ့ခြင်း ဖြစ်သည် ကို မသိရှာ။ ဘာပဲဖြစ်ဖြစ် အကြောင်းစုံ သိလိုက်ရ၍ ဦးပေါ်ကာ လိမ်တာ မဟုတ် ကြောင်း သိရသည်။ အင်း… ဦးပေါ်ကာကတော့ နားလည် ရခက်သူတစ်ဦး ဖြစ်လာပြီဟု ဆိုရမည်။

တစ်ဖက်တွင်လည်း ကိုမော်နှင့်ကိုပေါ်တို့ကို ပြန် ခေါ်ပြီး လောလောဆယ် အလုပ်သမားများကို လက်ရှိ နေ့စားခမှ ငါးရာစီ တိုးပေး မည်ဖြစ်ပြီး နောင်သုံးလေးလ မှ အများဆုံး ခြောက်လ အတွင်း အလုပ်သမားများ ကျေနပ်လောက်သော နေ့ တွက်စရိတ် ရပါစေမည်ဟု ဆိုပြန်သည်တဲ့။ သူ့အစ်ကို ကျန်းမာရေးအပါအဝင် ထောက်ထားစရာတွေ ရှိ သည့်အပြင်…။

'တကယ်တော့ ကိုယ် တစ်ဦးတည်း သဘောဆိုရင် မင်းတို့ကို ဖြစ်သင့်တဲ့အတိုင်း လုပ်ပေးလိုက်မှာပါ။ ဒါပေမဲ့ ကိုယ်ဦးစီးတာ မကြာသေးတဲ့ ကာလမှာ အစ်ကိုကြီးရဲ့ သား သမီးတွေကို သူတို့အဖေ ပက် လက်ဖြစ်နေချိန် ငါက လုပ် ချင်ရာ လုပ်နေတယ်လို့ မထင်အောင်လည်း ပြော ဆိုနေရသေးတယ်။ ပြီးတော့ မင်းတို့ပေးနိုင်အောင်ဆို လုပ် ငန်းကို ပိုကောင်းအောင် ချဲ့ မယ်။ မင်းတို့သိတဲ့အတိုင်း စက်ပစ္စည်းတချို့ ပိုခေတ်မီ တာတွေနဲ့ လဲဖို့လည်းရှိ တယ်။ ဒါတွေအတွက် အရင်းအနှီးထပ်ထည့်ဖို့ လိုမှာမို့ မြေကွက်နဲ့ အတွင်း ပစ္စည်းတချို့ ရောင်းကြဖို့ သူတို့ကို နားချနေရတယ် သိတဲ့အတိုင်း သူတို့ကလည်း လူ့အမျိုးမျိုး စိတ်အထွေထွေ လေ။ ဒါပေမဲ့ အဆင်ပြေ တော့မယ့်ပုံ ပေါ်ပါတယ် ကိုယ့်ကို အချိန်နည်းနည်း ပေးပါ' ဟု ဆိုလာတော့-

မူလကစိတ်နူးညံ့ ကိုပေါ်က အလုပ်သမား ကျေနပ်အောင် ညှိပေး ကတိသာတည်ပါစေဟု လိုက်ခြင်းဖြစ်ရာ ကိုမော်က မကျေနပ် ကျွန်တော့်ဆီ အစ်ကိုပေါ်



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ပြီး ရင်လာဖွင့်နေတာဖြစ်၏။ ပထမတော့ ကျွန်တော်လည်း ဘာမှ ဝင်မပြောဖြစ်။ တကယ်တော့ ဘာပြောသင့်သည်ဆိုတာနှင့် ထိုသို့ ပြောလိုက်လျှင်လည်း မှန်မမှန်ကို ကိုယ့်ဘာသာ မသေချာသောကြောင့် ဖြစ်ပါသည်။ ဒါပေမဲ့ ကိုယ်က လူကြီးဆိုတော့ မှန်သည် ထင်သည့်ဘက်မှ ဝင်ပြောဖို့ တာဝန်ရှိသည်ဟုလည်း တွေးလိုက်သည်။

'အေးပါကွာ၊ ကိုမော်ပြောတာက သဘာဝကျပါတယ်။ တောင်ထိပ်ကြာဆေါက် အနောက်နေထွက်ဆိုတာလို ဒီလိုလူတွေက လူကြီးလူကောင်းလို စဉ်းစားလုပ်ကိုင်ပါမယ်ဆိုတာ ဘယ်ယုံရောရှိမလဲ။ ကိုယ်က မယုံတာကို သဘောတူတယ်၊ ကိုယ်ဆိုလည်း ယုံမှာမဟုတ်ဘူး။ မင်းတို့တွေက သူတို့အလုပ်သမားအဖြစ် တစ်သက်လုံး တန့်နဲ့ တွေးခံစားရမှာတွေရှိသလို ကိုယ်ဆိုလည်း နာစရာတွေ ရှိပါတယ်။ ဥပမာ ကိုယ့်အိမ်ကို သူတို့ မတရား လိမ်ယူခဲ့တာမျိုးလိုပေါ့'

'ဟာ ဟုတ်တယ်ဆရာ၊ အဲဒါ ရပ်ကွက်ထဲမှာတော့ ပြောနေကြတာ၊ သက်ကြီးရွယ်ကြီးတွေကလည်း ဆရာတို့မြေဆိုတာ ဟုတ်တယ်တဲ့၊ ဒါပေမဲ့ သူတို့ကို ရောင်းလိုက်တာလို့ပဲ သူတို့က သိထားကြတာတဲ့'

'အေးလေ၊ ကိုယ်တို့ကလည်း လက်ဆုပ်လက်ကိုင် ပြစရာမရှိတော့ ဘယ်သူမှ ရှင်းမပြရဲဘဲ အောင့်ခံရတာပေါ့၊ အမှန်တော့…'

ဒီလိုဖြင့် သူတို့နှစ်ယောက်ကို ကျွန်တော်တို့ မိသားစု မတရားခံခဲ့ရပြီး အိမ်တစ်လုံး ဆုံးသွားခဲ့ပုံကို ဇာတ်ကြောင်း ပြန်ပြဖြစ်ခဲ့သည်။ ကျွန်တော့် စကားဆုံးတော့ ကိုမော်က…

'အံ့သြစရာ ကောင်းလိုက်တာနော်ဆရာ၊ တစ်ရပ်ကွက်တည်းသားတွေကို လုပ်ရက်လိုက်တာ'ဟု ဆိုသည်။

'ပြီးတော့ အခုဆို လူတွေကလည်း ပြောကုန်ကြ၊ သိကုန်ကြပြီ။ ဆရာက တရားစွဲရင် သူတို့ အရှက်ထပ်ကွဲဦးမယ်၊ သူတို့ ဆရာ့ကို ဘာမှ လာမညှိဘူးလား'

ဒီတော့ တကယ်တရားစွဲလျှင် သူတို့ဘက်ကပဲ အလေးသာပုံနှင့် ဒါပေမဲ့ နောက်ဆုံးမှာ ထူးဆန်းစွာ ဦးပေါ်ကာက ကျွန်တော့်ကို ငွေပမာဏ သိန်းရာဂဏန်း ပေးပြီး ကျေအေးစေလိုသည့် သဘောရှိပုံကို ပြောပြလိုက်ပါသည်။

'ဒါပေမဲ့ အခုတော့ မဖြစ်သေးဘူးတဲ့၊ ပစ္စည်းတွေ ဘာတွေ ရောင်းရဦးမှာမို့ ခြောက်လလောက်တော့ အချိန်ပေးပါတဲ့'

ကျွန်တော်က မမနု ဇာတ်လမ်းကို ထည့်မပြောလိုသဖြင့် ပထမခြောက်လကတိ ဖျက်ခဲ့ပုံကို မပြောပြလိုက်ပါ။ သို့သော် ကိုမော်က…

'ဆရာက ဒီလူကြီးကို ယုံလို့လား၊ အချိုးသတ်နေတာဖြစ်မှာပါဆရာ၊ အတူတူပဲလေ။ ကျွန်တော်တို့ကိုလည်း ခြောက်လ အချိန်ပေးပါတဲ့။ ဒီအတောအတွင်း သူဘာလုပ်မလဲ၊ သူတို့က အမြဲညစ်လာတဲ့ လူတွေဆိုတော့ ကိုယ့်စိတ်နဲ့နှိုင်းပြီး ယုံစားရင် မှားမှာနော်ဆရာ။ ကျွန်တော်တော့ မယုံဘူး။ ကျွန်တော်တို့ကို အချိုးသတ်ထားပြီး ဒီခြောက်လအတွင်း သူတို့လုပ်ငန်းကို တခြားသူကို ရောင်းချင်ရောင်းမယ်၊ ဒါမှမဟုတ် ဒေဝါလီခံချင်ခံမယ်၊ ဒါမှမဟုတ် စက်ရုံကို လက်လွှဲရောင်းပြီး မိသားတစ်စုလုံး နိုင်ငံခြားထွက်ပြေးချင်ပြေးမယ်။ လုပ်လို့ရတာတွေက အများကြီးဆရာရဲ့။ ကျွန်တော်ကတော့ လုံးဝမယုံဘူး'

ကိုမော် အားပါးတရ ပြောတာတွေ အားလုံးက ဖြစ်နိုင်တာတွေချည်းမို့ ကျွန်တော် ပြိုင်ငြင်းစရာ အကြောင်းမရှိပါ။ သို့သော်..

'ဟုတ်ပါတယ် ကိုမော်၊ ဘယ်လိုတွေးတွေး ယုံချင်စရာ မရှိပါဘူး။ ဒါဆို ငါတို့ ဘာလုပ်ကြမလဲ။ မနက်ဖြန် ကိုယ်က တရားသွားစွဲရမှာလား၊ မင်းတို့က ဆန္ဒစပြတော့မှာလား၊ နောက်ခြောက်လမှာမှ မင်းပြောသလိုဖြစ်ရင်တောင် ကိုယ်ကသာ ဆုံးရှုံးမှာ၊ မင်းတို့က ပိုင်ရှင်သစ်ဆီမှာ အရေးဆိုရုံပါပဲ။ ဟုတ်တယ်မဟုတ်လား။ နောက်မကျပါဘူး။ ဒါဆို သူတို့ကို …သူတို့ကို ဆိုတာထက် သူ့ကိုပေါ့ကွာ အချိန်မပေးလိုက်သင့်ဘူးလား၊ ဒီလိုစဉ်းစားရအောင်။ အမှန်တော့ သူ့ကို ယုံကြည်နိုင်စရာ မရှိပေမဲ့ ယုံမယ်ဆိုလည်း ယုံနိုင်လောက်ပါတယ်လို့ ဆိုနိုင်တဲ့ အချက်တချို့ ဆရာ့ဆီမှာ ရှိတယ်။ ဒါပေမဲ့ လူတချို့ရဲ့ ဂုဏ်သိက္ခာကြောင့် ဆရာက မင်းတို့ကို အဲဒီအကြောင်း ပြောလို့ မဖြစ်ဘူး။ ဒီတော့ ဆရာက စဉ်းစားတယ်၊ ဆရာ့မှာ မင်းတို့ကို ပြောလို့မဖြစ်တာရှိသလို၊ သူ့မှာလည်း ဆရာတို့ကို ပြောရခက်တာတွေ ရှိနိုင်တယ်လေ၊ ဥပမာ သူ့မိသားစုချင်း ညှိနှိုင်းရာမှာ အဆင်မပြေတဲ့ဟာမျိုးပေါ့…'

'ဟုတ်တယ်ဆရာ၊ အဲဒါမျိုးတချို့ ကျွန်တော်တို့ သိထားတာတောင်ရှိတယ်၊ သူ့တူအကြီးက ကျွန်တော်တို့ကို မလိုက်လျောချင်ဘူး၊ မလုပ်နိုင်ရင်ထွက်၊ အဲဒီလို သဘောရှိတယ်။ ပြီးတော့ သူ့ကိုလည်း သူတို့အဖေ သေမလိုဖြစ်နေမှ လုပ်ငန်းကို မောင်ပိုင်စီးချင်တာလားလို့ မသင်္ကာတာလည်း ရှိပုံရတယ်။ ပြီးတော့ အဲဒီတူက အရင် ရွှေထီးဆောင်းခဲ့တဲ့ ကာလကို မီခဲ့တော့ မာနလေးတော့ ရှိတယ်လေဆရာ'

ဒီတစ်ခါ ဝင်ပြောသူက ကိုပေါ်ဖြစ်သည်။ ကိုပေါ်က ဆက်၍…

'တူအငယ်ကောင်က ခေတ်မီတယ်၊ အလုပ်သမားကို အကျိုးတူစီးပွားဖက်လို သဘောထားချင်တယ်၊ ပြီးတော့ သူတို့လုပ်ငန်းကို ဒီအတိုင်းမဖြစ်ဘူး၊ ခေတ်မီတိုးတက်အောင်လုပ်မှ ရှင်သန်နိုင်မယ်ဆိုတာ သူသိတယ်၊ အဲဒီတူတွေ အမြင်တော့တာကို သူက ကြိုးစားချောင်းချ ညှိနှိုင်းနေရပုံပေါ်တယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်ကိုပေါ်၊ ဒီနေရာမှာ ကိုမော်ဘက်က ဝင်ပြောရရင် ခင်ဗျားပြောသလို ညှိနှိုင်းတယ်ဆိုရင် သူဖြစ်ချင်သလို အားလုံးက လိုက်နာမယ်လို့ သေချာပေါက် ပြောနိုင်မလား။ မပြောနိုင်ဘူး၊ ဟုတ်တယ်မဟုတ်လား။ ဒီတော့ သူ့ကိုယုံရင်တောင် သူ့ပတ်ဝန်းကျင်ကို ယုံဖို့ခက်တယ်လေ'

'ဟုတ်တယ်ဆရာ၊ ဟုတ်တယ်'

ဒီတစ်ခါ ပျာပျာသလဲ ဝင်ထောက်ခံသူက ကိုမော်။ ဒီတော့မှ ကိုမော်အား ကျွန်တော်က ပြုံးကြည့်မိရင်း…

'ကိုမော်စဉ်းစားပုံကို ပေါ်လွင်သွားအောင် ဆရာဝင်ပြောပေးတာပါ၊ ကိုမော် မမှားဘူးဆိုတာ ကိုယ်လည်းသိတယ်ဆိုတာ ကိုမော် သဘောပေါက်စေချင်လို့ပါ။ ဟုတ်တယ် ကိုမော်မှန်ပါတယ်။ ဒါပေမဲ့ လောကကြီးမှာ ငါမှန်တယ်ဆိုပြီး အဲဒီအစွဲနဲ့ ဇွတ်မှိတ်လုပ်လို့လည်း မဖြစ်သေးဘူး ကိုမော်ရဲ့၊ ဒီကိစ္စမှာ ကိုမော်စဉ်းစားသလို လုပ်ကြည့်ကြရင် ဘာဖြစ်မလဲ၊ သူတို့နဲ့ ကိုမော်တို့ကြား ပဋိပက္ခ ပိုကြီးသွားမယ်၊ ဦးပေါ်ကာက ဒါကို မဖြစ်စေချင်လို့ ကြိုပြီး ခေါ်တွေ့လို့ တောင်းပန်ထားတာမဟုတ်လား၊ ဒါပေမဲ့ ဒါက သူလူလည်ကျတာပါ၊ မရိုးမသားလုပ်ဖို့ အချိန်ယူတာလို့ စွပ်စွဲနိုင်တာပါပဲ၊ ဒါလည်း ဖြစ်နိုင်တာပဲ။ ဒါပေမဲ့ ကိုမော်ရာ သူ့ကို မယုံပေမဲ့ ကိုယ့်ကို ယုံတယ်မဟုတ်လား၊ ဦးပေါ်ကာဟာ အားလုံးကောင်းအောင် စဉ်းစားလုပ်ချင်တဲ့ လူကြီးတစ်ယောက် ဖြစ်တယ်ဆိုတဲ့ အထောက်အထား ကိုယ့်ဆီမှာ ရှိတယ်၊ မင်းတို့ကို မပြောသာလို့ မပြောတာ ကိုယ့်ကို နားလည်ပေးပါ။ ဒါပေမဲ့ ဒီကောင်းကွက်က မင်းတို့အပေါ် ကိုယ့်ဩဇာရှိတာကို အသုံးချဖို့နဲ့ ကိုယ်နဲ့ ထိပ်တိုက်တွေ့မယ့်ကိစ္စကိုလည်း အချိန်ဆွဲဖို့လုပ်တာမျိုး မဖြစ်နိုင်ဘူးလားဆိုရင် ဖြစ်နိုင်ပါတယ်။ ဒီလိုဆိုရင်တော့ ဦးပေါ်ကာဟာ ကလိမ်ကကျစ်လုပ်ရာမှာ အတော့်ကို စေ့စပ်ပြီး ဉာဏ်ပြေးတဲ့ စုပါမင်းဖြစ်သွားပြီ၊ ဒါကြောင့် ကိုယ်ကတော့ ရိုးရိုးစဉ်းစားပြီး သူ့ကို ယုံကြည်စွာနဲ့ ခြောက်လလောက် အချိန်ပေးလိုက်ချင်တယ်။

ဒီခြောက်လအတွင်း သူ့မိသားစု သဘောတူညီချက်ကိုယူပြီး ရောင်းစရာရှိတာကို ရောင်းပြီးရင် ကိုယ့်ကိုပေးမယ် ကတိပေးထားတာလည်း သူပေးနိုင်မယ်။ လုပ်ငန်းချဲ့ဖို့၊ ခေတ်မီအောင် လုပ်ဖို့ ဆိုတာတွေအပြင် လိုအပ်ရင် နိုင်ငံခြားကုမ္ပဏီတစ်ခုခုနဲ့ ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံဖို့ဆို တာမျိုးတွေ သူလုပ်နိုင်မယ်။ အဲဒီအခါကျ လုပ်ငန်းဝင်ငွေတိုးပြီး မင်းတို့ကိုလည်း ပေးသင့်တဲ့ လုပ်ခနှုန်းအတိုင်း မပျက်မကွက် သူပေးနိုင်လိမ့်မယ်၊ ဒါက သူ့ကို ယုံကြည်ကြည့်လိုက်တဲ့ လမ်းကြောင်းပေါ့'

ကျွန်တော်က စကားဖြတ်ပြီး ကိုမော့်ကို အကဲခတ်ကြည့်တော့ စိတ်ဝင်တစားနားထောင်သည်ကို တွေ့ရ၍ စကားဆက်သည်။

'သူ့ကို မယုံဘူးဆိုရင်တော့ ကိုယ်ကစပြီး တရားစွဲဖို့ လုပ်ရတော့မယ်၊ နှစ်ဖက်ရှေ့နေတွေက သူ့ဘက်ကသာတယ်လို့ ပြောပေမဲ့ သူ့ကို ကိုယ်တရားရုံးတင်ပြီး အရှက်တော့ ခွဲနိုင်မယ်၊ ဒီအတွက် ကုန်ကျစရိတ်တွေတော့ ရှိလိမ့်မယ်၊ နောက်ဆုံး သူတို့အဆိုအရ ဥပဒေအရ သူကသာတယ်ဆိုရင် ကိုယ်က ငွေကုန်လူပန်းနဲ့ ကျန်ရစ်ပြီး သူကတော့ တရားနိုင်ပေမဲ့ အရှက်ကွဲ နာမည်ပျက်မယ်'

တို့နောက် သူ့ပခုံးကို ပုတ်ကာ…

'မင်းတို့ ကိစ္စမှာလည်း ဆန္ဒပြတာနဲ့ သူအရှက်ကွဲမယ်၊ အုတ်အော်သောင်းတင်းဖြစ်မယ်၊ လုပ်ငန်းလည်ပတ်မှု ရပ်သွားမယ်။ ဒါပေမဲ့ မင်းတို့ဘက်မှာလည်း နေ့တွက်လုပ်ခတွေ စ,မရတော့ဘူး၊ ရေကအစ ရိက္ခာကအစ ဆန္ဒပြဖို့ စီစဉ်ရတဲ့ စရိတ်တွေရှိမယ်၊ ရက်ကြာရင် မင်းတို့အတွက် ပိုအခက်တွေ့မယ်။ ဒါပေမဲ့ သူက သိပ်လွန်လွန်းနေပြီဆိုရင် ချရမှာပဲ၊ လျှော့ပေးလို့တော့ မဖြစ်ဘူး။ အခုအနေအထားကတော့ သူက အထိုက်အလျောက် လျှော့ထားတယ်၊ အနည်းဆုံး လေသံ လျှော့ထားတယ်ကွာ၊ အချိန် အကန့်အသတ်နဲ့လည်း တောင်းပန်ထားတယ်။ ဒီတော့ အဲဒီကာလ အတိုင်းအတာအတွင်း သူ့ကို ယုံကြည်ပေးသင့်တယ်လို့ ထင်တယ်'

'ကျွန်တော်ကတော့ သူ့ကို ယုံဖို့ဆိုတာ…'ကိုမော်က ငြင်းချက်ထုတ်ရန် စကားစခိုက် ကျွန်တော်ကဝင်ပြီး…

'ခဏလေးကိုမော်၊ ကိုမော်ပြောတာ မှန်ပါတယ်။ ယုံဖို့ခက်တယ်။ ဒါပေမဲ့ သူတို့ဘက်ကတော့ ဒီလိုအချိန်ဆွဲထားပြီး နောက်ဆုံး ဘာလုပ်လို့ရမယ်လို့ ကိုမော်တွေးထားလဲ၊ ကဲထားတော့။ ခဏနေက ကိုမော်ပြောတာရှိတယ်၊ စက်ရုံကို သူများရောင်းမယ်၊ နိုင်ငံခြား ထွက်ပြေးမယ် စသည်ဖြင့်ပေါ့။ ဒါပေမဲ့ ဒီခေတ်ထဲမှာ စက်ရုံကို လူမသိ၊ သူမသိ ရောင်းဖို့ဆိုတာ မလွယ်ဘူးနော်။ ပြီးတော့ နိုင်ငံခြားကို မိသားစုလိုက် တိတ်တိတ်ပြေးဖို့၊ ဟိုမှာ အခြေချဖို့ ဒါတွေက ပြောသလောက် မလွယ်ဘူးထင်တယ်။ အဲဒါထက်စာရင် ဒီမှာ အခြေမပျက်နေပြီး ရှိရင်းစွဲ လုပ်ငန်းကို တိုးတက်အောင်လုပ်တာက ပိုလွယ်မယ်ထင်တယ်။ အခြေဖျက်ပြီး ထွက်ပြေးမယ်ဆိုရင် မိသားတစ်စုလုံး သဘောတူကြဖို့ လွယ်မယ်လို့ကော ကိုမော်ထင်လို့လား။ ဒီတော့ သူတို့အတွက်ကလည်း ဆရာတို့ယုံကြည်တဲ့ လမ်းကြောင်းအတိုင်း လုပ်ဖို့က ပိုကောင်းတယ်။ ဒီတော့ ယုံကြည်ကြဖို့ဆိုတာ မမှားဘူးထင်တယ်'

ကိုမော်က ကျွန်တော် ပြောသည်ကို မကြည်မသာ နားထောင်ရင်း…

'သာမန်အားဖြင့် ဆရာပြောတာ မှန်ပါတယ်။ ဒါပေမဲ့ သူတို့တွေကို ကျွန်

www.burmeseclassic.com

တော်တို့ဦးနှောက်နဲ့ စဉ်းစားလို့ မသင့်ဘူးထင်တယ်၊ သူတို့တွေက ကျွန်တော်တို့ မစဉ်းစားတဲ့ ထောင့်က လုပ်ကြတာဆရာ။ ဥပမာ ဆရာတို့မြေကွက်ကိစ္စ၊ ဆရာဆို လုပ်ရက်မလား၊ ဒါပေမဲ့ သူတို့လုပ်တာလေ'

'ဟုတ်ပါတယ် ကိုမော်၊ ဒါပေမဲ့ အနေအထားက မတူဘူးဗျ၊ အဲဒီကာလက လူမသိသူမသိ လုပ်လို့လွယ်တယ်၊ အခုကာလက နံရံတိုင်းမှာ နားတွေမျက်စိတွေ ရှိတယ်ဆိုတဲ့ဟာမျိုး။ ပြီးတော့ ဦးပေါ်ကာစိတ်ထဲမှာ သူတင်ခဲ့တဲ့ ကြွေးတချို့ကို ဆပ်ချင်စိတ် ရှိနေတယ်လို့ ဆရာကထင်တယ်၊ ဒါက ဆရာတို့ သူ့ကို အခွင့်အရေး ပေးမှသာ သူဆပ်နိုင်မှာ မဟုတ်လား'

'ဆရာပြောသလို ဖြစ်ရင်တော့ ကောင်းပါတယ်၊ ဒါပေမဲ့ ဒီလူကြီးက ပိပိရိရိနဲ့ အချိန်ဆွဲနေတာ၊ တစ်နည်းအားဖြင့် ဟန်ဆောင် သဘောကောင်းပြနေတာ ဒီလိုကော မဖြစ်နိုင်ဘူးလား ဆရာ'

'ဖြစ်နိုင်တာပေါ့ ကိုမော်ရာ၊ ဒါကို ဆရာလည်း ခဏခဏ စဉ်းစားပါတယ်။ သူက သဘောကောင်းဟန်ဆောင်တယ်ဆိုလည်း ဆောင်ခွင့်ပေးလိုက်ပါ ကိုမော်ရာ'

'ဗျာ၊ ဘယ်လိုဆရာ'

'ဒီလိုကိုမော်ရ၊ လူမှုဆက်ဆံရေးပညာမှာ ဒေးလ်ကာနေဂျီကထင်တယ်၊ ပြောခဲ့တာရှိတယ်ဗျာ။ အဲဒါက သင်သဘောမကောင်းရင်လည်း သဘောကောင်းချင်ယောင်ဆောင်လိုက်ပါတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဟန်ဆောင်တယ်ဆိုတာက တူအောင်လုပ်ရတော့ တကယ်ကောင်းသွားတတ်တာကိုမော်ရဲ့၊ ဟန်ဆောင်ရင်းကို စိတ်ပါသွားတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ကောင်းပြတဲ့အခါ လူတွေရဲ့ တုံ့ပြန်ချက်က ပြောင်းသွားတယ်၊ အဲဒါကို ခံစားနားလည်သွားတော့ ကိုယ်တိုင်ကိုက တကယ်ကောင်းချင်စိတ် ဖြစ်သွားတယ်။ ဟန်ဆောင်တာ ပြီးသွားလို့ လူတွေက ကိုယ့်ကို အထင်ကြီးနေရာကနေ ပြန်အထင်သေးသွားမှာ၊ ချစ်နေရာကနေ မုန်းသွားမှာ သူမလိုချင်တော့ဘူး၊ အဲဒါက အမြင့်ကို ရောက်ပြီးမှ ပြန်ပြုတ်ကျရမယ့် အဖြစ်မျိုး ဖြစ်သွားတယ်၊ ဒီတော့ အမြင့်မှာ ဆက်နေဖို့က တကယ် ဆက်ပြီးသဘောကောင်းမှ ရမယ်လေ။ ဒီတော့ ဆိုးတဲ့လူက ဟန်ဆောင်သဘောကောင်းချင် တယ် ဆို ရင် တောင် အတိုင်းအတာ တစ်ခုအထိ သူ့ကို ယုံကြည်ပေးသင့်တယ် ကိုမော်ရဲ့'

'ဆရာပြောတဲ့ဟာ တစ်ခါမှ ကျွန်တော်မကြားဖူးဘူး ဆရာ၊ အတော်စိတ်ဝင်စားဖို့ ကောင်းပါတယ်'

ကျွန်တော့်စကားကို ထောက်ခံသူက ထုံးစံအတိုင်း ကိုပေါ်ဖြစ်ပြီး ကိုမော်ကတော့ ငြိမ်သက်နေသည်။

'အေးလေ၊ ကိုပေါ်တို့ ကိုမော်တို့က အများကို ကိုယ်စားပြုကြရတော့ ပိုတာဝန်ကြီးတာ ကိုယ်သဘောပေါက်ပါတယ်၊ အများကျေနပ်အောင် ရှင်းပြရမှာလည်း အခက်အခဲရှိလိမ့်မယ်၊ ဒါပေမဲ့ သူတောင်းထားတဲ့ အချိန်အတိုင်းအတာထဲမှာ ယုံကြည်ပေးဖို့ပဲ အလုပ်သမားအားလုံးကို တိုက်တွန်းပေးစေချင်တယ်။ အခုလည်း သူ လိုက်လျောနိုင်သလောက် လိုက်လျောထားသားပဲ၊ သူကတိမတည်ဘူး ဆိုတော့မှ အားလုံး ညီညီညွတ်ညွတ်နဲ့ ပြတ်ပြတ်သားသား အရေးဆိုကြတာပေါ့။ ဥပဒေဘောင်ထဲက လုပ်သင့်တာမှန်သမျှလုပ်ဖို့ ကိုယ်လည်း ကူညီမှာပါ'

ဒီတော့ ကိုမော်ကပါ ခပ်လေးလေး ခေါင်းညိတ်သည်။

'ကိုမော်ရေ၊ ဘဝမှာ ဆရာတို့တစ်တွေဟာ သံသယနဲ့ ယုံလွယ်ခြင်းဆိုတဲ့ ချောက်ကမ်းပါးနှစ်ခုကြားက လမ်းကျဉ်းလေးမှာ လျှောက်နေရတာ၊ တစ်ခါတလေ ကိုယ်တို့က ယုံလွယ်ခြင်း ချောက်ထဲမှာ ခဏခဏ ကျခဲ့ဖူးတော့ အဲဒီချောက်နဲ့ဝေးရာ လျှောက် ရင်း သံသယ ချောက်ထဲ နောက်ပြန်ကျတတ်တာကိုလည်း သတိထားရမယ်။ သံသယမဖြစ်မိအောင် ရှောင်ရာကနေ ယုံလွယ်ခြင်းချောက်ထဲ တွန်းချခံရတာမျိုးမဖြစ်အောင်လည်း သတိထားရမှာပေါ့။ သတိထားရမယ်ဆိုတဲ့အတိုင်း ဦးပေါ်ကာတို့ မိသားစုအပေါ် ယုံယုံကြည်ကြည် ဆက်ဆံပေးရင်း တကယ်ကို သတိထား စောင့်ကြည့်ရလိမ့်မယ်။ သူတို့မိသားစုချင်းဆက်ဆံရေး၊ သူတို့ချင်းကြားက အငြင်းအခုံ၊ ဒီသတင်းတွေကိုလည်း နားစွင့်ရမယ်။ သူတို့ထဲက ကောင်းအောင်လုပ်ချင်သူတွေကိုလည်း ကိုယ်တို့က နွေးနွေးထွေးထွေး အားပေးကူညီရလိမ့်မယ်၊ ဒီအတောအတွင်းမှာတော့ ထူးခြားမှုတစ်ခုခုရှိရင်လည်း ကိုယ့်ကို အသိပေးပါ၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့ပါဆရာ'

ကိုပေါ်နှင့်ကိုမော်တို့ ညီအစ်ကို နှုတ်ဆက်ပြန်သွားပြီးနောက် ကျွန်တော် တစ်ဦးတည်း စဉ်းစားခန်းဆက်ဝင်ပြီး ကျန်ရစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်ရော ဦးပေါ်ကာကို ယုံပါရဲ့လား။ ဒီလိုတွေးကြည့်တော့ ကျွန်တော်ကိုယ်တိုင်ကလည်း လမ်းမပေါ်မှာမဟုတ်ဘဲ ချောက်ကမ်းပါးစွန်းတစ်ဖက်စီမှာ ပြေးလွှားရပ်နေခဲ့ပုံကို ကိုယ့်ဘာသာ ပြန်မြင်မိပါသည်။

ထားပါတော့။ ဦးပေါ်ကာက ကတိတည်ခဲ့ပြီး ကျွန်တော်တို့ ငွေသိန်းနှစ်ရာပေးခဲ့လျှင် ကျွန်တော်ဘာသုံးရမှာပါလိမ့်။ မျှော်လင့်မထားသော ငွေမို့ ရုတ်တရက် ကိုယ့်ဘာသာ အဖြေမပေးနိုင်ဘဲရှိသည်။ နောက်တော့ ကျွန်တော် စိတ်ကူးတစ်ချက် လျှပ်ပြက်သလိုရလိုက်ရင်း ဦးပေါ်ကာထံ ဖုန်းဆက်လိုက်၏။

'ဦးအနေနဲ့ နောက်ခြောက်လအတွင်း သိန်းနှစ်ရာကို မဖြစ်မနေပေးမှာ သေချာလား ဦး၊ ဘယ်လိုမှ မအောင်မေ့ပါနဲ့၊ ကျွန်တော် လုပ်စရာလေးတစ်ခုရှိလို့ပဲ

www.burmeseclassic.com

www.burmeseclassic.com

'ဟာ ကိုမင်းယု၊ စိတ်ချ၊ ဦး ပေးမှာပါ၊ ပထမကတိပျက်တာကိုပဲ အားနာနေတာ၊ နောက်ခြောက်လမပြည့်ခင် သေချာပေါက်ပေးမယ်။ သိန်းတစ်ရာကို ပထမသုံးလအတွင်းပေးမယ်၊ နောက်သိန်းတစ်ရာကိုတော့ ခြောက်လမပြည့်ခင် ပေးပါမယ်'

'ဟုတ်ကဲ့ ဦး၊ ဒါဆိုရင် ကျွန်တော် တစ်ခုတောင်းဆိုပါရစေ'

'ပြောလေ'

'ပထမသုံးလမှာ ပေးမယ့် သိန်းတစ်ရာကို ကျွန်တော့်ကို ငွေသားပဲ ပေးပါ၊ ဒါပေမဲ့ ဒုတိယပေးမယ့် သိန်းတစ်ရာကို လာမယ့်ခြောက်လပြည့်မယ့်နေ့မှာ ထုတ်လို့ရမယ့် နေ့စွဲကြိုတပ်ထားတဲ့ ချက်လက်မှတ်တစ်စောင် ရေးပေးပါလား'

'ငါ့တူက ဦးကို မယုံဘူးထင်တယ်'

'ဒီလိုမဟုတ်ပါဘူး ဦး၊ တကယ်တော့ ဒီငွေက ကျွန်တော်တောင်းတဲ့ငွေ မဟုတ်ပါဘူး၊ ကျွန်တော်မတောင်းဘဲ ဦးပေးတဲ့ငွေပါ၊ ဒီတော့ မယုံစရာ မရှိပါဘူး၊ ယုံလို့ပဲ အခုလို ပြောနေရတာပါ၊ ဒီလို ဦး အဲဒီချက်လက်မှတ်ကို ဦးရဲ့ ဘဏ်စာရင်းတစ်ခုခုထဲက နောက်ခြောက်လကျမှ ထုတ်လို့ရအောင် နေ့စွဲကြိုတပ်ပြီး ပေးထားဖို့ပါ၊ ဒါပေမဲ့ ကျွန်တော့်နာမည်နဲ့ မဟုတ်ပါဘူး၊ ဒေါက်တာ ရွှေမောင်နာမည်နဲ့ ရေးပေးပါ၊ ဆရာ့ကို ကျွန်တော် အခု ပေးထားချင်လို့ပါ၊ ပထမ သူ့ရထားတဲ့ အလှူငွေရဲ့ နောက်ဆက်တွဲအနေနဲ့ပေါ့ ဦးရယ်'

'ငါ့တူပြောတာ ဦးသိပ်နားမလည်ဘူး'

'ဒီလိုပါ ဦး၊ မမနုတို့ကို စေတနာရှင်တစ်ဦးက ဆရာရွှေမောင်ဆီတစ်ဆင့် ငွေလှူထားတာရှိတယ်လေ၊ နောက်ခြောက်လကြာရင် အဲဒီအလှူရှင်ရဲ့ စာရင်းက ချက်လက်မှတ်နဲ့ နောက်ထပ် သိန်းတစ်ရာ ထပ်ရသွားအောင် ကျွန်တော် စီစဉ်ပေးလိုက်ချင်တာပါ'

တစ်ဖက်က ဖုန်းသံရုတ်တရက် တိတ်ဆိတ်သွားပါသည်။ ခဏကြာမှ…

'ကိုယ်သဘောပေါက်ပြီ ကိုမင်းယု၊ ကျေးဇူးတင်လိုက်တာ၊ အရမ်းကျေးဇူးတင်ပါတယ်၊ အဲဒီချက်လက်မှတ်ကို ဆရာဝန်နာမည်နဲ့ ရေးပြီး ကိုမင်းယုကို ပေးထားပါမယ်၊ ကိုမင်းယုကိုယ်တိုင်ပဲ ပေးလိုက်ပါ'

ကျွန်တော်ပြောတာကို ဦးပေါ်ကာ နားလည်သဘောပေါက်သွားပြီ။ သူပေးမည်ဆိုသော ငွေသိန်းနှစ်ရာအနက် ရေမျောစပါး အစားပြန်ရသလို သိန်းတစ်ရာပဲရရင် ကျွန်တော် ကျေနပ်နိုင်ပါပြီ။ ယင်းငွေနှင့် ကျွန်တော် စုဆောင်းထားသမျှလေးပေါင်းပြီး သိန်းတစ်ရာ့ငါးဆယ်ခန့်တန် လေးလွှာ၊ ငါးလွှာက တိုက်ခန်းတစ်ခန်း ဝယ်နိုင်ပါလိမ့်မည်။ နောက်ထပ်ပေးမည့် သိန်းတစ်ရာကိုတော့…။

❑

ဦးပေါ်လာသာ ကတိတည်မည်ဆိုလျှင် မမနုအနေဖြင့် သူသိမထားသော ချစ်သူထံမှ ချစ်အကြွေးဆပ် ဒုတိယအရစ် သိန်းတစ်ရာကို နောက်ခြောက်လအကြာမှာ 'စေတနာရှင်တစ်ဦးအမည်ဖြင့်' ထပ်မံရရှိနိုင်ပါလိမ့်မည်။ ■

■

မောင်လွင်မွန်(ကသာ


မုံရွာ
ဆရာမိုး
အမှတ်တံဆိပ်
အမောလုံ နှလုံးအားဆေး
စားဝင်အိပ်ပျော် မူးမောကင်းဝေး
မုံရွာ ဆရာမိုး အမောလုံ နှလုံးအားဆေး




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 0107

www.burmeseclassic.com

# ဝါသရုပ်ဆောင်သင်တန်းရဲ့ ကျောင်းသူလေး
# ရွှေမှုန်ရတီ

Days Interview မှ



ရွှေမှုန်ရဲ့ အနုပညာပျိုးခင်းအကြောင်း ပြောပါဦး။
အနုပညာပျိုးခင်းက ပြိုင်ရတာ မဟုတ်ပါဘူး၊ ဆရာဂျွန်လွင့်သင်တန်းမှာ သင်တန်းတက်နေ ... လာပြီးရွေးချယ်သွားတာပါ။ ဒါရိုက်တာဝိုင်း ... လာရွေးသွားတာပါ။ မော်ဒယ်လ်တွေအကျွန်း ... သင်တန်းမှာ လာကြည့်ပြီး ရွေးသွားတာပါ။

**ဘယ်လို talent တွေ ပြရသေးလဲ။**
ဘာမှ မလုပ်ပြရပါဘူး။ ဆရာဝိုင်းက စံကားဝါသရုပ်ဆောင် သင်တန်းမှာ ရွှေမှုန်တက်တုန်းက ကိုယ့်ဆရာလည်းဖြစ်နေတယ်။ သရုပ်ဆောင်သင်တန်းလည်း တက်ထားတယ်ဆိုတော့ ရွေးလိုက်တာပါ။

သင်တန်းကရော ဘယ်လိုတက်ဖြစ်တာလဲ။
ပထမက ဆယ်တန်းလောက်မှ တက်မယ်လို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ ခုနစ်တန်းလောက်က စတက်ဖြစ်ခဲ့တာ။ သင်တန်းတက်တာက သုံးလ၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်းထဲမှာက ငါးလ။ ရိုးလျှောက်တာလည်း ရှိသေးတယ်။

**တက်ကားရိုက်မယ်ဆိုတော့ သရုပ်ဆောင်သင်တန်းတက်ခဲ့တာနဲ့ ကွက်တိပဲပေါ့ဟုတ်လား။**
ဟုတ်ကဲ့ ရိုက်ကွင်းက ရွှေမှုန့်အတွက် စိမ်းမနေဘူး။ အနုပညာအခြေခံရှိထားတော့ လုပ်ရတာအဆင်ပြေတယ်။ သင်စရာလည်း မလိုဘူး။ သင်တန်းမှာကတည်းက ခေါင်းစခြေအဆုံး ဆရာတွေက သင်ပေးတာဆိုတော့ သင်စရာမလိုတော့ဘူး။ အနုပညာပျိုးခင်းထဲဝင်ပြီး ရိုက်ကွင်းတွေ လိုက်ကြည့်ဖြစ်တယ်။ အဲဒီအတွက် ရိုက်ကွင်းတွေကို ရွှေမှုန်ကြုံဖူးတော့ မစိမ်းတော့ဘူး။ ကြောက်လန့်နေတာလည်း မရှိဘူး။


နေ့ဦးအထူးပညာဒါန
ရုပ်ဆောင်(အခြေခံ)
သင်တန်းသို့
တက်ရောက်လိုသူများ
ဆက်သွယ်တက်ရောက်
နိုင်ပါပြီ။

ရွှေပုပ္ပါးဦးအုံးခိုင်(တာဝန်ခံ)
စံကားဝါသရုပ်ဆောင်သုတေသနသင်တန်း
အမှတ် ၂၊ မိုးကောင်းလမ်း၊ စံကားဝါအိမ်ရာ၊ စံကားဝါခန်းမ၊ ရန်ကင်း
ဖုန်း – ၅၄၁၀၀၂ (ရွေးချယ်လက်ခံပါမည်)
လိုက်လံသော စေတနာဖြင့် နွေးထွေးစွာ ကြိုဆိုလျက်။
(မည်သည့်ငွေကြေးတစ်စုံတစ်ရာမျှ ကောက်ခံမည်မဟုတ်ပါ)
Browser ထဲက facebook.com မှာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရောက်လာပါပြီ'

'သြော် အေး ထိုင်ဗျာ။ ခင်ဗျားကို မနက်ဆယ်နာရီ ရုံးခန်းအရောက်လာဖို့ မှာထားတာ။ ခု ဆယ့်တစ်နာရီခွဲပြီးနေပြီ ခင်ဗျား ဘာလုပ်နေတာလဲ'

'ဟုတ်၊ လာတော့လာပါတယ် ဆရာကြီး။ ဒီကျောင်းကို ရှာမတွေ့လို့ သူများတွေကို လိုက်မေးနေရတာနဲ့ နောက်…နောက်ကျသွားတာပါ'

ကိုင်း ကောင်းကြပါလေရော။ ကိုယ့်သားသမီးနေတဲ့ကျောင်းကိုတောင် လူပေါင်းစုံလင်ရပ်တစ်ခွင်လည်ပြီး စုံစမ်းရတဲ့အထိ မသိဆိုးရွားနိုင်တဲ့ အဝိဇ္ဇာလောင်းရိပ်အောက်က မိစ္ဆာတံဆိပ်နဲ့ မိဘတွေရှိနေကြပါသေးတဲ့လား။

'ဒါဆို ခင်ဗျားသား ပြည်လုံးအေးဟာ ဘယ်နှတန်းမှာ ပညာသင်နေတာလဲ'

'မ မသိပါဘူး ဆရာကြီးရယ်။ သုံးလေးတန်းတော့ ရောက်ပြီထင်တာပဲ'

'ခက်တာပဲ။ ငါးတန်းဗျ ငါးတန်း၊ ပဉ္စမတန်း ရောက်နေပြီ။ အခု ဒီဆရာမလေးရဲ့အခန်းမှာ'

'ဟုတ်'

'မနေ့က ခင်ဗျား သားကျူးလွန်ထားတဲ့အပြစ်ကိုရော သိလား'

'အွန်း၊ သူ့အမေပြောပြထားလို့ နည်းနည်း ကြားပါတယ်'

'ခင်ဗျား သားတော်မောင်နဲ့အဖွဲ့က အကြောင်းမဲ့အကြောင်းရှာပြီး တစ်ချောင်းနှစ်ချောင်းတွေနဲ့ အပြင်ထွက်

> စာသင်ခန်း
> တိုင်းက
> ပလက်စတစ်
> သောက်ရေပုံး
> ရောင်စုံတွေဟာ
> အတန်းပိုင်
> ဆရာမ
> အိမ်ပေါ်ထက်ဆီကို
> ချီတက်ပျံသန်း
> သွားလိုက်ကြပုံများ
> ရှုစားစေချင်
> လှတယ်
> နောက်တစ်နှစ်
> အတွက်တော့
> နောက်
> ကျောင်းသား
> တွေကပဲ
> ရေအကျိုး
> ဆယ်ပါးဆုကို
> ဆက်လက်
> ခံယူကြရုံပေါ့

တတ်လွန်းလို့ ဒီဆရာမလေးက စာသင်နေချိန်မှာ ခွင့်လာမတိုင်နဲ့လို့ စည်ကမ်းကိုတင်းကျပ်ထားတာ'

'ဟုတ်'

'ဒါကို ခင်ဗျားသားနဲ့အပေါင်းပါတွေက ကြွပ်ကြွပ်အိတ်ထဲ ရှူးထည့်ပေါက်ပြီး အမှိုက်ပုံးထဲပစ်ထားတယ်တဲ့။ အဲဒါ ကောင်းလား'

'ဟုတ်၊ ကောင်းသလိုလိုပါပဲ။ အဲ မကောင်းပါဘူး ဆရာကြီး'

'အခု စာသင်ခန်းတစ်ခုလုံး ရှူးစော် သေးစော်တွေနဲ့ နံထောင်းနေပြီ။ ဒီကိစ္စ ခင်ဗျား ဘယ်လိုလုပ်ပေးမှာလဲ။ ကျွန်တော် ဘယ်လိုစီရင်ချက် ချတာကို လိုချင်လဲ'

'ဟို…ဟို ဆရာကြီး ကြိုက်သလိုသာ အပြစ်ပေးပါ။ ဒီဆရာမလေးကိုလည်း ဟိုကောင့်အစား ကျုပ်ကပဲ ထိုင်ရှိခိုးပြီး တောင်းပန်ပါ့မယ်'

'အိုး၊ အဲလိုတော့ မလုပ်ပါနဲ့'

'ပေ'အဖြစ်နဲ့ ခါးသီးနင့်သက်ခံရခက်ခဲ့ပေမဲ့ 'တူ' အလှည့်တစ်ကွက်မှာ နံ့မပစ်ရက်နိုင်တာကိုက ကျွန်မရဲ့အရိုးခံ 'မာနဖြူ'ပဲဖြစ်ပါလိမ့်မယ်။ ဦးလေးလိုအရွယ်ယောကျ်ားရင့်မာကြီးတစ်ယောက်က ဒူးထောက်လက်အုပ်ချီနေမယ့်ပုံစံရှေ့မှာ ကျွန်မဘယ်လိုအိုက်တင်တွေနဲ့များ ဝံ့စားပြီး အကယ်ဒမီချိန်နေရဲမှာတဲ့လဲ။ ငရဲပြည်ကို အခမဲ့ဝန်ဆောင်မှုပေးဝေနေတဲ့ဗီဇာလက်မှတ် မဖြတ်ရဲပေါင်နော်။

'နေစမ်းပါဦး။ ပြည်လုံးအေးဆိုတဲ့ နာမည်ကို များဘယ်သူမှည့်ပေးထားတာတုံး။ လူပုံစံနဲ့ မလိုက်အောင် တင်တင်စီးစီးကြီး ဖြစ်မနေဘူးလား'

'သူ့ဘကြီးဘုန်းကြီးက ပေးထားတာပါ ဆရာကြီး။ ကျုပ်တို့ကတော့ ဖိုးကဲလို့ပဲ နှုတ်ကျိုးနေတာပါ'

'အေးဗျာ၊ ကျောင်းသားတစ်ယောက်ရဲ့ အနာဂတ်ဖွံ့ဖြိုးလာဖို့ဆိုတာ ကျွန်တော်တို့ဆရာတွေလက်ထဲမှာချည်းပစ်ပုံ ချမထားလိုက်ပါနဲ့။ ခင်ဗျားတို့ မိဘတွေဘက်ကလည်း ဆုံးဆုံးမမ ဝိုင်းလုပ်ပေးကြပါဦး။ ကျွန်တော်ပြောနေတာ ရှင်းရဲ့လား'

ဖခင်နေရာကို ဘာသိဘာသာတက်ထိုင်မိနေတဲ့ ပုဂ္ဂိုလ်ထူးကတော့ ဆရာကြီးပြောသမျှ အဓိပ္ပာယ်တွေကို နားလည်နိုင်မယ့်ပုံ မပေါ်ပါဘူး။ အဇာတသတ်လောင်းလျာက အဖသတ်မယ့်သားပါလို့ ပုဏ္ဏားတော်တွေဟောကြားခဲ့တာတောင် သတ်လိုရင်သတ်ပါစေတော့ ဆိုတဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့ ကရုဏာတော်ကို ငြိုငြင်စိတ်ဖြစ်မိတဲ့ ကျွန်မအတွက်တော့ အပါယ်ပျော့ပျော့ပဲ ထင်ပါရဲ့။

'အာစရိယဆိုတာ ယ…ကလေးတိုင်းကို ဗိုလ်ချ…အောင်ဆန်းလို အာဇာနည်…ချည်းပဲ ပွင့်လန်းစေချင်…ဂဠုန်ဦးစောပေါက်စမျိုး…တော့ ရေလောင်းပေါင်းသင်…မလုပ်ချင်တာ အမှန်ပါပဲ'

❑

ပြည် လုံ းအေးတ…မိသားစုရဲ့ ရပ်တည်ရေးသ…သကန်ဟာ ဝမ်းတစ်ထွာ…မမျှအောင် ချွေးသံတွေနဲ့…ဟ၊ ကန်ဟယ်ဖြစ်နေရတာ…ကျွန်မအစင်းသိမှိ စာနာမိ…တယ်။ ဒါကြောင့် ကျွ…ကျူရှင်မှာ စွမ်းနိုင်သမျှ…သင်ပေးချင်ပေမဲ့ ပြည်…အေးရဲ့ အတန်းစဥ်တိုင်း…ကျွန်မ မောင်းနှင်ခွင့် မ…ဘူး။ အဓိက အကြောင်း…ကတော့ သူ့အမေကြောင့်…

'ဆရာမလေး…ဆရာမကတော့ ကျွန်မ…



www.burmeseclassic.com

www.burmeseclassic.com

ကို ပိုက်ဆံတစ်ပြားမှ မယူဘဲ အလကားသင်ပေးတာ မှန်ပါတယ်။ ဒါပေမဲ့ အတန်းပိုင်ရဲ့ ကျူရှင်မှာမထားရင် လူရာမဝင်တော့တဲ့ခေတ်ကြီးမို့လား။ ဆရာမကိုတော့ အားနာပါတယ်။ ကျွန်မတို့မစားဘဲနဲ့ အတန်းပိုင်ဆီမှာပဲ အပ်ထားလိုက်ရတော့တာပေါ့။ ဒီလိုမှမထားရင် သားလေးကို အနိုင်ကျင့်ကြလိမ့်မယ်'

ပြည်လုံးအေး အမေရဲ့ အတွေးတွေ လုံးဝကြီးမားနေပါတယ်လို့ ကျွန်မကိုယ်တိုင် အာမ မခံနိုင်ရဲပါဘူး။ ခေတ်ဆိုတာ လူတွေကပဲ ဖန်တီးနေကြတာမို့ မူကြိုအဆင့်မှာတောင် ကျူရှင်နဲ့ဂိုက်နဲ့မှ တင့်တယ်နေကြပြီကိုး။ အထက်အဆင့်ဆင့်က ပြင်ပကျူရှင်မသင်ရပါဘူးလို့ ဘယ်လိုပဲ သန်လျက်အမိန့်နဲ့ ကြိမ်စကြာအော်ဒါတွေ ထုတ်ပြန်ထားနေပါစေဦး။ ကျွန်မတို့ဆရာမများဘက်ကတော့ မမှုရေးချမှုပါဘဲ။ သင်ရမှာပေါ့။ ကျူရှင်သင်မှ ဝင်ငွေဖြောင့်မှာဥစ္စာ။ အခုပဲ ကြည့်ဦး ပြည်လုံးအေးလို မိဘမျိုးတွေရဲ့ မီးသွေးဖုတ်၊ မျှစ်ချိုးနဲ့အခက်တစ်လမ်း အကြမ်းတစ်သွယ် ကျစ်ကျစ်လိပ်ထားတဲ့ပိုက်ဆံကို 'ပန်းပန်လျက်ပါ'သီချင်းဆိုပြီး ဒေါက်မြင့်ဖိနပ်ဝယ်စီးနေတဲ့ ဆရာမတွေလည်း မနည်းဘူးမို့လား။

ပါတိတ်ဝမ်းဆက် အတန်းတက်စေ၊ ခေါက်ဆွဲကြော် ဒံပေါက် အဆင့်တစ်ရောက်စေဆိုပြီး ဥဖြူမန်းမှုတ်နိုင်တဲ့ တန်ခိုးဣဒ္ဓိပါဒ်ကို အတန်းပိုင်ဆရာမတွေကပဲ ပြုပြင်စီရင်ခွင့်ရှိနေတာ ပညာ

**ဒေါ်ခင်းတိရစ္ဆာန်တွေ အမြီးဖြန့်နေချိန်မှာ ရှေ့က ကြည့်သူ ရင်သပ်ရှုမောသလောက် နောက်ပိုင်းက တွေ့ရတဲ့ လူကို မြင်ကွင်းအဖြေ မေးကြည့်စေလိုပါတယ်**

ရေးဝန်ကြီးတောင် အာဏာလွှဲပေးစရာမလိုဘူး။ စာသင်နှစ်ကုန်ဆုံးလို့ နွေရာသီကျောင်းရက်ရှည်ပိတ်မယ်ပြင်ကာရှိသေး။ စာသင်ခန်းတိုင်းက ပလတ်စတစ်သောက်ရေပုံးရောင်စုံတွေဟာ အတန်းပိုင်ဆရာမ အိမ်ပေါ်ထက်ဆီကို ချီတက်ပျံသန်းသွားလိုက်ကြပုံများ ရှုစားစေချင်လှတယ်။ နောက်တစ်နှစ်အတွက်တော့ နောက်ကျောင်းသားတွေကပဲ ရေအကျိုးဆယ်ပါးဆုကို ဆက်လက်ခံယူကြရုံပေါ့နော။

ကျောင်းသားတစ်ယောက် နှစ်ရာကျပ်နှုန်းပဲထား၊ ခြောက်ဆယ် ခုနစ်ဆယ် ဦးရေတွေနဲ့'မြှောက်'ရင် ဘယ်လောက်ရမယ်ဆိုတဲ့ ပုစ္ဆာ ကျွန်မ မတွက်တတ်ပါဘူး။ အဲဒီမေးခွန်းမျိုးနဲ့ပဲ နှစ်လတစ်ကြိမ်လောက် 'စား'ပြီး သောက်ရေခွက်ဖိုးတံမြက်စည်းဖိုးနဲ့ 'ပေါင်း'ရင် ဘယ်ရွေ့ဘယ်မျှရှိလာမလဲ။ ကျွန်မ တကယ်အဖြေမထုတ်နိုင်တာပါ။ 'နုတ်'ဖို့ သေချာတာကတော့ သိက္ခာပါပဲ။

ကိုယ့်ပေါင်ကိုယ်လှန်ထောင်းနိုင်ရန်ကောလို့ စွဲချက်တင်လာရင်လည်း ကျွန်မဘက်က အပြုံးတစ်ချက်မှ မပျက်စေရပါဘူး။ ဒေါင်းတိရစ္ဆာန်တွေ အမြီးဖြန့်နေချိန်မှာ ရှေ့ကကြည့်သူ ရင်သပ်ရှုမောသလောက် နောက်ပိုင်းက တွေ့ရတဲ့လူကို မြင်ကွင်းအဖြေ မေးကြည့်စေလိုပါတယ်။ ကလေးတွေကို သင်ရိုးဖတ်စာအုပ်ထဲက ပုံနှိပ်စာလုံးတွေ ပြန်ကူးခိုင်းထားပြီး ဇာပန်းထိုးမပျက် နှစ်လုံးဂဏန်းတွက်နေတဲ့ ဆရာမပညာရှိတွေကလည်း စာသင်ခန်းထဲမှာ ဣန္ဒြေကြီးမားလှစွာ လစာတိုးဂါထာရွတ်နေပြီကိုး။ သူ့ကျူရှင် ငါ့ကျူရှင်ကို အလုအယက် မဲဆွယ်နေတဲ့ ဆရာမတွေများ အမတ်လောင်းဖြစ်လာခဲ့ရင် တိုင်းပြုပြည်ပြုလွှတ်တော်အတွက်တော့ အားတက်စရာ ကောင်းလှပေါ့နော်လေ။

ခေါင်းနဲ့ပန်းလို ထားပါတော့။ ကျွန်မဘက်က အကောင်းပြောပြီး သူများတွေကို ဒေါင်းလျှောလုပ်နေတာ မဟုတ်ရပါဘူး။ ဆရာ့ဂုဏ် ပုဒ်ချိတ်ဆွဲထားတဲ့ ကျွန်မဆိုတာလည်း မိန်းမသားပါပဲ။ ချမ်းသာချင်တာပေါ့။ ပုထုဇဉ်ပါဆို။ ဒါပေမဲ့ ကျွန်မ မလုပ်ရက်ဘူး။ ပြည်လုံးအေးလိုရပ်တည်မှု ကစဥ့်ကလျားနိုင်တဲ့ ကလေးမျိုးတွေဆီက ကျူရှင်လခ လုံးဝမယူတာ ကျွန်မကိုယ်တိုင်ပဲ သိနိုင်တယ်။ နေ့ရွှေညရွှေနဲ့ မပေးဘဲ နေတတ်တဲ့မိဘတွေက ဘယ်နှရာခိုင်နှုန်း ရှိတယ်ဆိုတာလည်း ကိုယ်စောင့်နတ်ကပဲ မြင်ပါလိမ့်မယ်။ ကိုင်း ဘယ့်နှယ်ရှိလေစ။ ကျူရှင်လခ အကြွေးကျန်လို့ တစ်အိမ်တက်ဆင်း လိုက်တောင်းနေရအောင်ကလည်း ကျွန်မကို ဈေးထဲမှာ ငါးစိမ်းသွားရောင်းခိုင်းတော့မပေါ့။ ကျီးအုပ်တွေလို ဝိုင်းအာလိုက်မယ့်ဖြစ်ခြင်း'

'စားလောက်အောင်ပေးရင် ကျူရှင် မသင်ပါဘူး' လို့ တချို့တွေကလည်း အသံကျယ်နေပြန်သေးတယ်။ အဲဒီ စားလောက်အောင်ဆိုတဲ့ပမာဏ အချိုးက ဘယ်ရွေ့ဘယ်မျှကို ဆိုလိုချင်တာလဲ။ တစ်ကိုယ်တော်လူလွတ်တစ်ယောက်တည်းအတွက် ဖူလုံနိုင်မယ့် အတိုင်းအတာဟာ မိသားစုကြီးနဲ့ ဆရာမအဖို့ လောက်ငနိုင်တာမျိုး ဖြစ်ပါ့ဦးမလား။ အမှန်မတော့ ဘယ်နေရာ ဘယ်အလုပ်မဆို စေတနာကိုပဲ အရင်းခံဖို့ကောင်းတာပါ။ ဣတ္ထိယဘာဝရဲ့ အနိမ့်ဆုံးလိုင်းဝင်နေတဲ့ အတန်းအစားတောင် ကိုယ့်အလုပ်အပေါ် စေတနာထားတတ်မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

အကုသိုလ်တွေထဲက ကုသိုလ်တစ်စကို ရွေးဆယ်ယူလို့ ရကောင်းပါလိမ့်မယ်။ ခုလို ဂုဏ်တစ်ထပ်ကြီးနဲ့ မွန်မြတ်လှပါတယ်ဆိုတဲ့ ကျွန်မတို့ ကျောင်းဆရာမတွေအတွက်တော့ဆိုဖွယ်ရာ မရှိနိုင်ပါဘူး။ စေတနာ၊ မေတ္တာတို့ဆိုတာ လူတိုင်းနှုတ်ဖျားက လျှာပါးအောင် ဗုံးပေါလအောဖြုန်းတီးရှုတ်နေတဲ့ ဝေါဟာရစုတွေပါ။ အလေးအနက်ထားရှိဖို့ရာကိုပဲ လူတွေ မေ့ချင်ယောင်ဆောင်ရင်း လောကသစ္စာ ကျဉ်းခဲ့ရပြီကိုး။

မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ဟာ သိပ်ဆိုးရွားနေပါတယ်။ ပြင်သင့်ရုံမကဘဲ ပြင်မှကိုဖြစ်ပါမယ်ဆိုတဲ့အသံတွေကို ကျွန်မတို့ဆရာမတွေလည်း ကြားသိနေရတာပါပဲ။ တံစဉ်တသသ ဆရာမများရဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာ အပြင်'ဗိုက်နာ'တာပါထပ်တိုးလာတော့ ကိုယ်ကျိုးနည်းကုန်ကြပြီပေါ့။ နာတာရှည်ကြီးကို ဆေးမြီးတိုနဲ့ ကုမယ်ကြံရင် သိပ်ဟန်လှမယ် မထင်ပါဘူး။

ပိတောက်တစ်ကြိမ် ပွင့်ရင် အတန်းစဉ်လို့သာမြင့်တက်လာရတယ်။ ကိုယ်ရောက်နေတဲ့အတန်းနဲ့ ထိုက်တန်တဲ့အရည်အချင်းကို မရနိုင်ခဲ့တာက ဒီကနေ့ ကျောင်းသားအများစုပါပဲ။ မေးခွန်းကြိုချပေးထားပြီး ဖြေခွင့်ရတဲ့စနစ်ထဲမှာတောင် အဲဒီမေးခွန်းကို နားလည်အောင်မဖတ်နိုင်တဲ့ ကလေးတွေထဲမှာ ပြည်လုံးအေးလည်း ပါတယ်။ ပညာကို တတ်မြောက်အောင် သင်ယူနိုင်အားနည်းတဲ့ပါရမီ

> 'စားလောက်အောင်
> ပေးရင်
> ကျူရှင်
> မသင်ပါဘူး'
> လို့
> တချို့တွေကလည်း
> အသံကျယ်နေ
> ပြန်သေးတယ်
> အဲဒီ
> စားလောက်အောင်
> ဆိုတဲ့
> ပမာဏအချိုးက
> ဘယ်ရွေ့
> ဘယ်မျှကို
> ဆိုလိုချင်တာလဲ

အခံကို မပြောလိုပေမဲ့ ပြဿနာကို အယ်လ်အီးဒီမီးဖွင့်ပြီး ရှာလာတတ်တဲ့ ညဉ့်ဆိုးမျိုးကိုတော့ ကျွန်မ တအားမုန်းမိတာပဲ။

'ဆရာကြီး၊ ပြည်လုံးအေးကိစ္စကို ဘယ်လိုရှင်းကြမလဲ။ ကျွန်မအနေနဲ့သာဆိုရင် ကျောင်းထုတ်ပစ်လိုက်တာကပဲ အကောင်းဆုံးဖြစ်တော့မယ်ထင်တယ်'

'အာ၊ နေပါဦးလေ ဆရာမရယ်။ ကျောင်းထုတ်လိုက်တဲ့အဆင့်ထိရောက်ကုန်ရင် ဒီကလေးရဲ့ အနာဂတ်က ဘယ်လိုဖြစ်သွားလိမ့်မလဲ။ ကျွန်တော်တို့ အဆင်ပြေဆုံးနည်းနဲ့ပဲ စဉ်းစားကြရအောင်လားဗျာ'

'စဉ်းစားတာက ဟုတ်တယ်ဆရာကြီး။ တစ်ဖက်က ဟိုကျောင်းသားရဲ့မိဘတွေကို ကျွန်မက ဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရတော့မှာလဲ'

'တအားကြီး ပူမနေပါနဲ့ ကျွန်တော် ရှိပါသေးတယ်'

ပြည်လုံးအေးက အတန်းဖော်ရဲ့ပေါင်ကို ကွန်ပါချွန်နဲ့ ထိုးလိုက်သတဲ့။ ဒဏ်ရာအတိမ်အနက်ကို ဆေးပညာနဲ့ ဖို့ပစ်နိုင်တယ်ထားဦး။ ဒီလိုသွေးထွက်သံယိုအထိ ကျောင်းသားချင်းကျူးလွန်မိကြပြီဆိုတော့ ကျွန်မ စိတ်ညစ်လှပြီ၊ ကိုယ်အတန်းပိုင်ကိုင်နေရတဲ့အခန်းထဲမှာ ဖြစ်တာဆိုတော့ သေသာသေပစ်လိုက်ချင်တာပါပဲ။ အခုလည်း ကြည့်လိုက်လေ။ ပြည်လုံးအေးရဲ့အမေဆိုပါတဲ့ မိန်းမ။ ကျောင်းအုပ်ဆရာကြီးရဲ့ ရာဇသံနဲ့ဆင့်ခေါ်ထားတာကြောင့် ရုံးခန်းထဲမှာ မကျေတကျေထိုင်နေရပြန်ပြီ။

'ဖိုးကဲလေးက သူ့ကို စလို့ ပြန်လုပ်လိုက်တာနေမှာပါ။ သူ့ဟာသူဆိုရင် ဒီလောက် မဆိုးပါဘူး။ ကျွန်မ ဝမ်းနည်းပါတယ်'

'ကိုင်းဗျာ။ ဝမ်းနည်းရင်လည်း တူးကိုသာ များထားလိုက်။ ခင်ဗျားတို့က လုပ်ထားရတဲ့သူ၊ ဟိုက ခံရတဲ့ဘက်က မိဘတွေ ဘာပြောမလဲ။ သားသမီးချင်း ကိုယ်ချင်းစာကြည့်ဦး။ ခက်တယ်ဗျာ'

'ဆရာကြီးရယ်၊ ကျွန်မ[illegible] တို့က နှစ်ရက်လုပ်လို့ တစ်[illegible] ရက်နပ်မှန်တာ မဟုတ်ဘူး[illegible] ကလေးချင်းဖြစ်တဲ့ကိစ္စကို[illegible] ဒါလောက် ပုံကြီးချဲ့နေမယ်ဆို[illegible] ရင် ကျွန်မနဲ့ပဲ သတ်မယ်လို့[illegible] သာ ပြောပေးပါတော့'

'ဟာ ခင်ဗျားပြောသေ[illegible] ခက်လေပါလား တောက်'

မှားမှားမှန်မှန် ကိုယ့်[illegible] သားသမီးပြောသမျှ တင့်[illegible] တယ်၊ လုပ်သမျှ ဝင့်ထည်[illegible] ဆိုတဲ့မိဘတွေထဲမှာ ဒီမိန်း[illegible] ချန်ပီယံထင်ပါရဲ့။ ပြည်လုံး[illegible] အေး ဘာကြောင့် ဒီလောက်[illegible] သောင်းကျန်းနေရတယ်ဆို[illegible] တာ မာတာမိခင် ကြည့်[illegible] လိုက်ရုံနဲ့တင် ကျွန်မ ကောင်း[illegible] ကောင်းကြီး သဘောပေါက်[illegible] ခဲ့ရပါပြီ။ အချိန်တန်လို့သာ[illegible] လင်ယူသားမွေးလုပ်ပြီး မိခင်[illegible] မေတ္တာစိတ်ဆိုတာကြီးနဲ့ မွေး[illegible] သားအုပ်မလို မည်းမည်းမြင်[illegible] သမျှ ထိုးဟောင်ကိုက်ဆွဲ[illegible] ကြက်သားအုပ်မလို လို[illegible] ဆိတ်နဲ့ နိပ်လှပြီထင်နေမှာ[illegible] ပေါ့။ ဟိုဟာတွေက အဟိ[illegible] တိရစ္ဆာန်မို့ ထားပါဦး။ ကိုယ်[illegible] က လူသားအဖြစ်နဲ့ ကျွ[illegible] လည်နေတယ်ဆိုတာ သတိ[illegible] မမူနိုင်ကြတော့ဘူးလား[illegible]

သူငယ်တန်းကျောင်း[illegible] သားဘဝလောက်က စခဲ့[illegible] ပြည်လုံးအေးရဲ့'ဇ'ကို ကျွန်[illegible] သိခဲ့ပြီးသားပဲ။ အစ်ကိုအရွ[illegible] အိမ်နီးနားချင်းက ချစ်စနိုး[illegible] လိုက်တာကို မကျေမချမ်း[illegible] နဲ့ မီးဖိုချောင်ထဲက ဟင်း[illegible] ဓားမြှောင်ပြန်ပြေးယူပြီး [illegible] မယ်ပြင်တာတွေ၊ ရွယ်[illegible] ချင်း ကစားနေရာက [illegible] များရင် ဒီလိုပေါ်စနီး[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆေါက်စနအရွယ်လေးကတည်းက ဓားတချွမ်ချွမ် လုံတာသ အလုပ်တတ်တာတွေဟာ မိဘဆွေမှာ တာဝန်မရှိတော့ဘူး ဘဲလား။ ဒီလိုကလေးမျိုးတွေဆိုတာ ကျုံ့ပြီး အမေ့ဗိုက်ထဲပြန်ဝင်သွားမှာမှ မဟုတ်ဘဲ၊ နာရီလက်တံပြေး တိုင်းထွားကျိုင်းလာပြီး အပြိုင်းပြိုင်းနှံ့ပြီးလာဖို့ပဲရှိတာ။ အရွယ်ရောက်လာရင် ခန္ဓာသွင်ပြင်အသာ လေမှုတ်ထည့်လိုက်သလို ဖောင်းကားလာပေမဲ့ အပြုစိတ်မအောင်းနိုင်မှတော့ မြေဝသုန်ညောင်းရှံ့ပဲ ရှိလိမ့်မယ်။

ပန်းကလေးတိုင်းကို ဖွင့်လန်းစေချင်တဲ့ အာသီသဟာ ကျွန်မတို့ဆရာတွေရဲ့ နှလုံးသားမှာ ကိန်းဝပ်နေတယ်ဆိုပေမဲ့ ပဒိုင်းလိုမျိုးကိုတော့ ရေည်ရွယ်ရိုးအမှန်ပဲဆိုတာ မိဘတိုင်းသိအောင် ကြေညာလိုက်စမ်းချင်ပါတယ်။

❑

ဆွေးမြည့်ဝတ်ရုံ ခွာချပြီးတိုင်း ချည်ခင်သုံးရော ခြောက်ဆယ်ကျော်တို့နဲ့ ရက်ရွယ်ထားတဲ့ နှစ်သစ်ဝတ်စုံဆင်မြန်းရတာက ကမ္ဘာ့ဖြက္ခဒိန်ရဲ့မြိန်ရေရှက်ရေ သံသရာဝဋ်ကြွေးတွေပါပဲ။ လူမျိုးတိုင်းဆီရဲ့ တူညီတဲ့အတွေးတွေဟာ နှစ်ဟောင်းက ရန်းထွက်ပါမယ့်အရေးအရက်နဲ့ဖဲရယ်၊ ဆန့်ကျင်ဘက်လိုင်ရယ် မပါရင် နှစ်သစ်ကိုမရောက်နိုင်တော့ဘူးလို့ အယူစွဲထားကြတယ်ထင်ပါရဲ့။ မြန်မာနိုင်ငံနောက်ကျကျန်နေခဲ့ရတဲ့ အကြောင်းရင်းပေါင်းစုံထဲမှာ ဆယ့်နှစ်လရာသီပွဲတော်တွေဟာလည်း ရှေ့ဆုံးက ရုံးချိန်းထုတ်ရမယ့်တရားခံတွေပါဆိုရင် မမှားနိုင်လောက်ဘူး။

တတိယကမ္ဘာစစ်ဆိုတာ ရေနံကြောင့်မဖြစ်ရဘဲ ရေချိုရေသန့်ကြောင့်သာ ဆင်နွှဲရလိမ့်မယ်လို့ ပညာရှင်တွေ သုံးသပ်ဆွေးနွေးချက်ကို ဖတ်ထားမိဖူးသူမို့ မြန်မာတို့ရဲ့ အတာကျူးတဲ့လတန်ခူးဆိုတာကြီးကို အလိုလိုထိတ်လန့်နေမိတယ်။ မြန်မာသင်္ကြန်ပွဲတော်ကြီးထဲမှာ ပိတောက်ရွှေဝါတွေနဲ့အတူ ရေစိမ်ချိုးပစ်လိုက်ချင်တဲ့ ဆန္ဒစစ်စစ်နဲ့ ကျော်ဒန်မြစ်ကလေးရဲ့ ညည်းချင်းသဲ့သဲ့ကို ကြားယောင်မိနေသလားလို့။

‘ကိုင်း ဆရာမ အခုပြောမယ့်စကားကို အားလုံးသေချာနားထောင်ပါ။ မကြာခင်မှာ သင်္ကြန်ကျတော့မယ်။ ပျော်တာတော့ ပျော်ကြပေါ့နော်။ ကိုယ့်အန္တရာယ်ကိုလည်း ကြည့်ရှောင်ကြဦး။ မူးရမ်းပြီး စီးလာတဲ့ဆိုင်ကယ်တွေကို သတိကြီးကြီးထားပါ။ ယူနီဖောင်းနဲ့ဝန်ထမ်းတွေကို ရေမပက်ရဘူး။ ကိုယ်ဝန်ဆောင်သည်ကို ရေမပက်ရဘူး အားလုံးကြားလား’

‘ဆရာမ ကိုယ်ဝန်ဆောင်သည်ဆိုတာ ဗိုက်ကြီးပူနေတာကို ပြောတာလား’

‘ဟုတ်ပါသတဲ့၊ မှန်ပါသတဲ့တော်ရေ။ တော့်အမေဗိုက်ထဲမှာ တော်နေခဲ့ရသလိုပေါ့ ကိုရွှေပြည်လုံးအေးရယ်။ နောက်ထပ် ဘာများသိချင်ပါသေးတုံး’

‘ဗိုက်ကြီးသည်ကို ရေပက်တော့ ဘာများဖြစ်သွားမှာမို့လို့လဲ ဆရာမရာ’

‘မိုးခေါင်တယ်၊ မိုးခေါင်တတ်တယ်ဟဲ့ မိကျောင်းသားရဲ့’

‘မိုးခေါင်တယ်ဆိုတာ ကရော’

‘မိုးတွေမရွာတော့တာကို ပြောတာပေါ့ ရှင်းပြီလား။ ကဲ ရှည်တော်မူကြီး’

တော်ပါသေးရဲ့ ဗိုက်ကြီးက ဘာလို့ပူရတာလဲလို့များ ဆက်မေးလာရင် ကျွန်မ အဖြေခက်ရချည့်ရဲ့။ သင်ရိုးကုန်အောင် တက်သုတ်ရိုက်ပြေးလိုက်ရုံနဲ့ ဆရာဂုဏ်မြောက်ချင်သူတွေထဲမှာ ကျွန်မ မပါဝင်တာမို့ သိထားသမျှ ဖတ်ရသလောက် ဗဟုသုတမိုးစက်ပေါက်တွေ ဖျန်းပက်မိကာမှ ကိုယ့်အတတ်နဲ့ကိုယ် ပြန်စူးငြိတော့မလို့ ဘုရား ဘုရား။

‘ဒီလိုနဲ့ သပြေခက်လည်း မျက်ရည်စို့စို့၊ တူးပို့သံလည်း မငြိမ့်မညောင်း၊ ယောင်းလောင်းမပေါ်ရုံ နံ့ငယ်ပိုင်းနဲ့ သင်္ကြန်မယ်ရိုင်းတွေ ခေါ်ပြီး ရိုးရာကွယ်လုလု နှစ်သစ်အတူကြီးကတော့ သိကြားမင်း ဘာစီးဆင်းဆင်း ဝါဝင်းနေတဲ့ရွှေပိတောက်နဲ့အတူ အရောက်လာခဲ့တော့တာချည်းပါပဲ။

ပူအိုက်စိုအေး ရာသီတေးသံတွေ ဘယ်လိုဟန်နဲ့ပဲ ပြောင်းလဲနေပါစေ။ ပြောင်းလဲဖော်မရတာက ကျွန်မရဲ့ စာတတ်လိုက်ကျော်ပဲပေါ့။ သေချာတောင်းပန်တားမြစ်တာကိုမှ ကျကျနနကြီး ကျူးလွန်ပြဖို့ဆိုတာ ပြည်လုံးအေးအတွက်တော့ မျက်နှာသစ်သလောက် ခက်ခဲမယ်မထင်ဘူး။ တာဝန်ရှိတဲ့ရပ်ကွက်လူကြီး ရှင်းပြသွားတာကိုက အထင်းသားမြင်နိုင်ပြီးသားမို့လား။

‘အားတော့နာတယ် ဆရာမရေ။ ဆရာမတပည့်ကျော်က ကိုယ်ဝန်အရင့်အမာကြီးနဲ့ မိနီလာကိုမှ စက်စက်နစ်အောင် ရေတွေလောင်းပစ်တယ်တဲ့ဗျာ။ အဲဒါဟိုက မကျေနပ်ဘူးလေ။ ဖိုးကဲမိဘတွေကလည်း တောထဲသွားနေကြတော့ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိလို့ ဆရာမကိုခေါ်ပြီး အကူအညီတောင်းရတာပါ’

ကျွန်မ ပြည်လုံးအေးကို စူးစူးစိုက်စိုက်ကြည့်မိလိုက်တော့ ခါတိုင်းလို ကြွပ်ဆတ်ဆတ်ပုံမျိုးကို သူ့မျက်နှာပေါ်မှာ မတွေ့ရဘူး။ မျက်ရည်အဝိုင်းသားနဲ့ အားငယ်နေသလိုပဲ။

‘နင်လေ ငါ ဒီလောက်ပြောထားရက်နဲ့ ကိုယ်ဝန်ဆောင်သည်ကိုမှ ဘာလို့ရေသွားပက်လိုက်ရလာလဲ ပြည်လုံးအေးရယ်။ ဟင့်၊ ပြောစမ်းပါဦး၊ ပြောစမ်းပါဦး’

ကိုရွှေလူပေလေးက ကိုယ်ပိုင်စရိုက် မာရေကျောရေ မနိုင်လှတော့ဘဲ တွေဝေနေတာကို အံ့ဩမိတယ်။ တစ်စုံတစ်ရာကို စိုးရိမ်ဗျာပါဒနဲ့ သောကစွက်နေပြီလား မသိဘူး။ ဆို့နင့်ကွဲကြေမော့ကြည့်ပြီး စကားလုံးတချို့ကို ခပ်ယို့ယို့သွန်ချလိုက်တာ ကျွန်မဖြင့် ရင်အသည်းနှလုံးထဲ ဝုန်းဒိုင်းကြဲအောင် နင့်သွားတော့တာပဲ။

‘သားတို့အိမ်ကမှ မိုးမလုံတာ’ ■

ပန်းရေကျိုး[illegible]

www.burmeseclassic.com

# အမြန်လမ်းမကြီး…
# ရွှေအမြုတေစာပေဆုပေးပွဲ…
# ပဥ္စာန်း…
# ပရိတ်ကြီး (၁၁)သုတ်နှင့်
# ကျွန်မ…



မေ ၂၈ ရက် မတိုင်ခင် ကျွန်မလက်ထဲ ရွှေအမြုတေဆုပေးပွဲ ဖိတ်စာရောက်ရှိလာပါတယ်။ မေ ၂၈ ရက်ဟာ ရွှေအမြုတေရဲ့ ပွဲကိုင်ရှင် ဆရာ ဦးဝင်း ငြိမ်းရဲ့ မွေးနေ့လည်း ဖြစ်ပါတယ်။ သြော် နှစ်တစ်နှစ် တစ်နှစ် မြန်လိုက်တာ လို့ တွေးလိုက်မိပါရဲ့။ သက်တမ်းတစ်ခုမှာ ကိုယ့်စိတ်ကြိုက် ရပ်တန့်ထားနိုင်ရင် ကောင်းသား လို့ လောဘလား အတ္တလား မသိတဲ့ အတွေး တစ်ခု ဝင်မိပါတယ်။ ဆရာ့ကို ကိုယ့်စိတ်ကြိုက် အသက်မှာ ကန့်သတ်ပြီး ထားချင်လို့ပါ။

ဒီမတိုင်ခင် ခြေချော်လဲမှုကြောင့် ခြေထောက် ဒဏ်ရာ ရသွားတဲ့ ဆရာဟာ သူချစ်ခင်လေးစားတဲ့ ဆရာတော် အရှင်ဆန္ဒာဓိက၊ ဆရာတော် ရဝေနွယ် တို့အတိုင်း ကံတူအကျိုးပေး ဆက်နွယ်နေတာပါလား လို့ တွေးမိသေးတယ်။ အမှန်အတိုင်း ပြောရရင် ခု ဆုပေးပွဲက နဝမအကြိမ်မြောက်၊ ကျွန်မက တတိယ အကြိမ်ကနေ မနှစ်ကထိ ဆက်တိုက်တက်ခဲ့ပါတယ်။ ဖိတ်စာလေး ရောက်လာရင် ဒီပွဲအတွက် ကြည်နူး ပီတိကို အရင်ဆုံး ဖြစ်မိပါတယ်။ ဒီနှစ်မှာတော့ ကျွန်မစိတ်ထဲ မသွက်လက် လေးပင်ခြင်းတစ်ခုကို ခံစားနေရတယ်။ ကျွန်မစိတ်တွေ အရင်လောက် တက်ကြွမှု မရှိတာ ကိုယ်တိုင် သိလာသလို ပွဲရက်နီးချိန်မှ သွားမယ်ဆိုတာ ဆုံးဖြတ်ချက်ချ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ အရင်ကဆိုရင် ဒီလို မဟုတ်။

ကျွန်မ အဖြေက ကိုယ်တိုင်သိတယ်။ ပွဲကို စိတ်မဝင်စားခြင်း မဟုတ်။ ကျွန်မ စာရေးဆရာ ကြီး၊ လတ်၊ ငယ် မရွေး ဆုံရတဲ့ပွဲကို ကျွန်မ စိတ်ဝင်စားတယ်။ စကားတွေ ပြောရတယ်။ ဆရာ့ကိုလည်း နှစ်တိုင်း တွေ့ဆုံရတယ်။ ဒါဆို ဘာကြောင့်လဲ။ ကျွန်မ စိတ်မဝင်စားဖြစ်နေတာက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး။ ဒီ လမ်းမကြီးက အခုတလော ဒီခရီးစဉ်ကို သွားမယ့်သူများအတွက် ခြိမ်းခြောက်မှု ဖြစ်နေတာ အမှန်ပင်။ ဖြစ်ရပ်ဆန်း ယာဉ်တိုက်မှု၊ မီးလောင်မှု၊ သေဆုံးမှုတွေက ဆက်တိုက်လိုဖြစ်ပြီး ဂျာနယ်၊ Online တွေပေါ်မှာ ရုပ်ပုံတွေနဲ့တကွ ပလူပျံမှုက လူတိုင်းကို သွေးလန့်နေစေခဲ့ပြီ။ Save ဆိုတဲ့ လုံခြုံမှုကို ကိုယ်တိုင် မခံစားရလောက်အောင် လုံခြုံမှု ကင်းမဲ့နေသလို ခံစားမှုတွေက ခရီးသွားသူတွေရဲ့ ရင်ထဲ ကိန်းအောင်းလာခဲ့ပြီ။ ယခင် နိုင်ငံခြားကားထဲက ယာဉ်တိုက်မှု ဖြစ်ရပ်ဆန်းတွေက အခု အမြန်လမ်းမကြီးမှာ လာဖြစ်ပြနေသလိုပင်။

ဒီမတိုင်ခင် နမ့်စန်မြို့ ပေလေးထောင်ကျော် ချောက်နက်နက်တွေဘေးက တောင်နံရံဘေး ကပ်သွားခဲ့ရတဲ့ လမ်းခရီးမှာ ကြောက်စိတ် လုံးဝမရှိဘဲ စိတ်လက်သက်သာစွာ သွားလာနိုင်ခဲ့တယ်။ ဒီအမြန်လမ်းမကြီးမှာ ရှိတဲ့ မိုင်အရေအတွက်ထက် သေဆုံးသူဦးရေက တစ်ယောက်ပင် ပိုနေသေးတယ်တဲ့။ တချို့လည်း မီးရထားဘက် ဦးလှည့်သွားကြတယ်။ ဒါပေမဲ့လည်း ကားတွေများစွာ၊ ခရီးသည်တွေများစွာ မဖြစ်မနေ ကြောက်စိတ်ကို သိမ်းပိုက်ပြီး သွားနေကြရတာပါပဲ။

ဒီနေရာမှာတော့ Brandက စကားပြောလာပါပြီ။ နာမည်ရှိ စနစ်ကျ စည်းကမ်းရှိပြီး ဝန်ဆောင်မှုကောင်းတဲ့ ကားလိုင်းတွေကို ပိုက်ဆံပိုချင်ပိုပါစေ၊ ပိုပြီး ရွေးချယ်စီးကြပါတယ်။ ကားတွေရဲ့ ကြံ့ခိုင်မှု၊ လုံခြုံစိတ်ချရမှုကို ပိုပြီး တာဝန်

နာမည်ရှိ စနစ်ကျ
စည်းကမ်းရှိပြီး
ဝန်ဆောင်မှုကောင်းတဲ့
ကားလိုင်းတွေကို
ပိုက်ဆံပိုချင်ပိုပါစေ
ပိုပြီး ရွေးချယ်
စီးကြပါတယ်
ကားတွေရဲ့ ကြံ့ခိုင်မှု
လုံခြုံစိတ်ချရမှုကို
ပိုပြီး
တာဝန်ယူပေးနိုင်တဲ့
ကားလိုင်းအမည်တွေက
ခရီးသွားသူ
အချင်းချင်းကြားမှာ
ရေပန်းစားပါတယ်

ယူပေးနိုင်တဲ့ ကားလိုင်းအမည်တွေက ခရီးသွားသူ အချင်းချင်းကြားမှာ ရေပန်းစားပါတယ်။ အဓိကအားဖြင့် ယာဉ်မောင်းသူရဲ့ ကျွမ်းကျင်နိုင်နင်းမှုနဲ့ ဖြည်းဖြည်းမှန်မှန် မောင်းနှင်မှုအပေါ် ခရီးသည်တွေက ပိုစိတ်တိုင်းကျ ကျေနပ်ကြပါတယ်။ ကားပေါ်မှာပေးတဲ့ မုန့် မကောင်းရင်နေပါစေ၊ စောင်မကောင်းလည်းနေပါစေ၊ ဆိုဖာအဖုံးတွေ သိပ်မလန်းလည်းနေပါစေ၊ ယာဉ်မောင်းသူကောင်းနေဖို့က အဓိကပါလို့ ကျွန်မတို့ ခရီးသည်တွေရဲ့စိတ်ထဲ အမြဲရှိပါတယ်။

ယာဉ်တိုက်မှုဖြစ်ပြီး ကားလိုင်းကို ပိတ်လို့ အချို့လူတွေက အပြစ်ပြောချင်ကြတယ်။ ကားအမည်ကြောင့်လို့ နာမည်တပ်ကြတယ်။ အဲဒီရဲ့ နောက်ကွယ်မှာ အခြေခံကျတဲ့ အကြောင်းအရာတွေ

အများကြီးပါ။ ယာဉ်ခိုင်ခံ့မှု နည်းပါး နေတာ၊ လဲသင့်နေတဲ့ တာယာတွေ မလဲ ဘဲ မောင်းတာ၊ အဓိက ယာဉ်မောင်း ဆုံးဖြတ်ချက် လွဲချော်မှုရှိတာ၊ ယာဉ် မောင်းကိုယ်တိုင်က ယခင်ယာဉ်တိုက်မှု နဲ့ အားနည်းချက်ရှိနေတာ၊ ကိုယ်ခံအား နည်းနေတာ၊ အိပ်ရေးမဝတာ၊ ရာသီဥတု ပေါ်လိုက်ပြီး ပြောင်းလဲမှု မလုပ်နိုင်တာ အသိဉာဏ် ထိန်းချုပ်မှု အားနည်းတာ စသဖြင့် စသဖြင့် အားနည်းချက်ပေါင်း များစွာရှိသလို ဒီလမ်းဖောက် ပြီးစီးခဲ့ပြီ ဆိုတဲ့ ဒီလမ်းမကြီးရဲ့ အားနည်းချက် ပေါင်းများစွာကလည်း လူတိုင်းသိ လို ယာဉ်မောင်းသူတွေ ပိုလို့ပင် သိပါဦး မယ်။ ပိုလို့ ဂရုစိုက်ရမယ့် သူတွေက တော့ ယာဉ်လိုင်းဦးဆောင်သူ၊ ယာဉ် မောင်းအသီးသီးနဲ့ ခရီးသည်များသာ ဖြစ်သွားပြီဆိုရင် လမ်းဖောက်တဲ့ ကန် ရိုက်တာတွေ၊ အင်ဂျင်နီယာတွေ၊…တွေ …တွေက လာပြီး ကိုယ်စားမခံ သလိုလာလည်း ကယ်မှာ မဟုတ်ပါ

ကိုယ့်အသိဉာဏ်နဲ့သာ သွား ကြရမှာ ဖြစ်ပါတယ်။ အရာရာကို သ နဲ့ ကပ်နေရတာ၊ ဒီလမ်းမကြီးပေါ်မှာ ဖြစ်ပေလိမ့်မယ်။ ဆိုပါတော့ ဒီ ကျွန်မသွားမယ်ဆိုတဲ့စိတ်နဲ့ ဒုတိ အဆင့် ကိုယ့်စိတ်သက်သာရာ ရ နေ့ကားကို ရွေးချယ်ခဲ့ပါတယ်။ ပေါ်မှာ တော်တော်များများ သတိ ယနဲ့ နေပုံရတယ်။ နေ့ကားတောင်မှ စိ ချလက်ချ အိပ်နေတာတစ်ယောက် မတွေ့။ ရှေ့ထိုင်ခုံက တီဗွီလေးများ ဟိုဖွင့်၊ ဒီဖွင့်နဲ့ အပျင်းပြေ ကြည့်လာ တယ်။

ကျွန်မအတွက် နေ့ခင်းကား တော့ တကယ်ပဲ စိတ်သက်သာရာ ပါတယ်။ ဒါပေမဲ့လည်း အလုံးစုံ မဟုတ်။ ဖိမ်မကျဘူးလို့ဘဲ ပြောရ ပါဘဲ။ အာရုံတစ်ခုတည်းမှာ စိတ် နှစ်မရ။ မိုးရွာလာလို့ ကားနဲ့ဘီးသံ သံတို့ ရောနှော ကြားနေရတာ အာရုံနှောက်နေသလိုပဲ။ အရင်က အေးဆေးနေတဲ့ စိတ်တွေ၊ စိ

www.burmeseclassic.com

...နိုင်တဲ့ စိတ်တွေမရှိတော့။ ဒီစိတ် ...ကို ကျွန်မ မကြိုက်။ ကျွန်မတင် ...တဲ့ ဒီစိတ်က လူတိုင်းမှာ လိုက်ပါ ...ပြီနေတယ်ဆိုတာ မျက်နှာတွေ ...ကြည့်လိုက်တာနဲ့ သိသာနိုင်နေပြီ။

ကားမောင်းသွားရင်း နေးသွား ...ဖြစ်ဖြစ်၊ အသံတစ်ခုခု ကြားလိုက် ...ဖြစ်ဖြစ်၊ အနံ့တစ်ခုကို ရတာပဲဖြစ် ... အမှတ်တမဲ့ ဘယ်သူမှ မနေ။ ...င်းလေးတွေ ထောင်လာကြတယ်။ ...ဲ ဘာဖြစ်လဲနဲ့ ကိုယ်ခန္ဓာဆန့်တန်း ...ကြတယ်။ နိမိတ်မရှိတဲ့စကား ...ပြောမခံ အစမခံ။

ရှေ့က သွားနေတဲ့ လမ်းမကြီးကို ...ကျွန်မနဲ့ တစ်ခုံကျော်က ဘုန်းကြီးက ...ကြည့်လို့ စိတ်ထဲက ဘုရားစာပဲ ...နေသလား၊ မေတ္တာပဲ ပို့နေသလား ...နိုင်။ တည်ငြိမ်တဲ့ မျက်ဝန်းကတော့ ...စိုက်စိုက် ကြည့်လို့။ ကျွန်မရှေ့က ...မျိုးသားတစ်ယောက်ကလည်း မိုးရွာ ...တော့ စိတ်ချလက်ချ ခေါင်းမလှဲ ...း။ ထိုင်တာတောင် မတ်မတ်လေးနဲ့။ ...လည်း ရှေ့က လမ်းမကြီးကို ကြည့် ...။

ဘေးနားက သားအမိက ကလေး ...က အိပ်မောကျစွာအိပ်လို့။ ကောင်း ...က်တာ(မနာလိုလိုက်တာ ကလေး ...ရယ်)။အမျိုးသမီးက ကလေးလေး ... လက်တစ်ဖက်နဲ့ ဖက်ထားပြီး သူ့ ...ပ်ကလည်း တစ်စုံတစ်ရာ ရေရွတ် ...။ ထို့အတူ ကျွန်မလည်း ရေရွတ်လို့ ...ပဲ။ အရင်က ကားထွက်စမှာ ကိုယ် ...်ချင်တဲ့ဂါထာ၊ ဘုရားစာတွေ ရွတ် ...က်ရင်ပြီးပြီ။ ပြီးရင် စာအုပ်ဖတ်၊ အိပ် ...င်အိပ်၊ တီဗွီကြည့်ချင်ကြည့်ပေါ့။ ခု ...တော့ ကျွန်မ မပြတ်တမ်း ရွတ်နေမိ ...တယ်။

မျက်လုံးက ကြာတော့ အိပ်ချင် ...ပြီ။ ဒါကြောင့် တီဗွီထဲက မေ့ကို ...ပြီး မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ ...ဟောန်းတရားတော်၊ ဓာရဏပရိတ်၊ ...ရိတ်ကြီး ၁၁ သုတ်တို့ကို နားကျပ်နဲ့ ...ထောင် နာရင်း စိတ်သက်သာမှု ပြေ

လာစေပြီး ကျွန်မ အတော်အတန် အိပ်ပျော်သွားခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြတ်စွာဘုရား ဂုဏ်တော်တွေဟာ အေးချမ်းတဲ့စိတ်ကို ဖြစ်စေတာ၊ လုံခြုံမှုစိတ်ကိုဖြစ်စေတာ အမှန်ပါ။

ဒီလိုနဲ့ ဆရာ့ဆီကို ကျွန်မ ရောက်ခဲ့ပါတယ်။ ရွှေအမြုတေပွဲမှာ ဆုရရှိသူတွေတင်မက ကျွန်မ စိတ်ဝင်စားတဲ့ အရာ နောက်တစ်ခုက ဆရာ မြင့်မောင်ကျော် ဒီဇိုင်းလုပ်ပေးတဲ့ စင်မြင့်နောက်ခံပါ။ ပထမဦးဆုံး စိတ်ဝင်စားမှုနဲ့ ကြည့်မိတဲ့အရာပါ။ နှစ်စဉ် မျက်မှောက်ခေတ်ကာလနဲ့ စာပေကို ရောနှောသရုပ်ဖော်လေ့ရှိတဲ့ Installation ကို စိတ်ဝင်စားမိတယ်။ ကျွန်မကိုယ်တိုင် ဆုရတဲ့နှစ်က ပေ၊ ပုရပိုက်တွေနဲ့ ဒီဇိုင်း၊ ဒါကိုတော့ ကျွန်မ မမေးမိ။ ကျွန်မစိတ်ထဲ စွဲမိနေတဲ့ စင်မြင့်ဒီဇိုင်းကတော့ ကျောက်တောင်ကမ်းပါးယံများရဲ့ မညီမညာမှု၊ ကြမ်းတမ်းမှု၊ ကျောက်သားအထပ်ထပ်နဲ့ ဖော်ပြထားတဲ့ ဒီဇိုင်းပါပဲ။ ကျွန်မတို့ကိုယ်တိုင် စင်ပေါ်မှာ ဓာတ်ပုံရိုက်ကြတော့ တကယ့် ကျောက်နံရံကြီးနား ရပ်ရသလို ခံစားရစေပါတယ်။ အဲဒီ ကျောက်သားနံရံတွေကို ဘယ်လိုစိတ်ကူးနဲ့ ဖန်တီးဖြစ်တယ်ဆိုတာကို ဖတ်ရတော့ အမြန်လမ်းမကြီးနဲ့ ဆက်စပ်နေပြန်တယ်။

အမြန်လမ်းမကြီး ဖောက်တဲ့နှစ်မှာ ရွှေအမြုတေဆုပေးပွဲရဲ့ နောက်ခံသမိုင်းဟာလည်း စာပေလွတ်လပ်ခွင့်ရအောင် လုပ်ဆောင်နေရတာဟာ ကျောက်တောင်ကြီးတစ်ခုကို လမ်းဖောက်နေသလို ဖောက်ခဲ့ရတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ခေတ်ကာလနဲ့ ကိုက်ညီတဲ့ ကျောက်တောင်ကြီးကို သရုပ်ဖော်ခဲ့တာ ဖြစ်ပါလို့ သိရပါတယ်။

မနှစ်ကဆိုရင် စာပေလွတ်လပ်ခွင့် ဒီမိုကရေစီနိုင်ငံအဖြစ် ချိန်းပြီး တိုက်ပွဲဝင်ခဲ့တဲ့ စာမျက်နှာတွေကို ချိတ်ဆွဲလွှင့်မျောနေတဲ့ Installation တွေနဲ့ ပရိသတ်ကို စိတ်ဝင်စားအောင် အခမ်းနား စစချင်းမှာ သရုပ်ဖော်ပြခဲ့တယ်။ အတွေးတွေနဲ့အတူ

ကျေနပ်စရာကောင်းတဲ့ ဆရာ မြင့်မောင်ကျော်ရဲ့ ဖန်တီးမှု အားကောင်းတာကို တွေ့ရပါတယ်။

ဒီနှစ်အတွက် ၂၈ ရက် မနက်မှာ ဆရာ မြင့်မောင်ကျော်နဲ့ တွေ့ပေမဲ့ မမေးဖြစ်ခဲ့။ တစ်ခုခုတော့ ထူးခြားနေဦးမယ်ဆိုတာ ကျွန်မ သိတယ်။ မနက်ကတည်းက Hotel က ပေးတဲ့ အချိန်နာရီအတွင်း အလျင်အမြန် လုပ်ရမှာလို့ ဆရာ မြင့်မောင်ကျော်က ပြောသွားခဲ့တယ်။

ခန်းမထဲရောက်တော့ ကျွန်မစိတ်ထဲ ပထမဦးဆုံး ဝင်ရောက်လာတာက ကြိုးနဲ့ချည်ချထားတဲ့ ဖောင်းလိမ္မော်ရောင်လေးတွေ ခန်းမပတ်လည်မှာ ရှိသလို စင်မြင့်ပေါ်မှာလည်း ချိတ်ထားလို့ ဖြူနက်ကျား ဖောင်းအကြီးကြီး ရုပ်ပုံထဲမှာ ရွှေအမြုတေ၊ နဝမအကြိမ်မြောက် ရွှေအမြုတေ စာပေဆုပေးပွဲလို့ ရေးထားတယ်။ နောက်ခံ အရိပ်တွေက မပီမပြင် ပေါ်နေတဲ့ စာလုံးတွေ။ ဒါကတော့ ရှင်းတယ်၊ စာပေပွဲဆိုတော့ စာလုံးတွေပါမယ်။ ဖောင်းတွေကို စိတ်ထဲမရှင်းသေး။ ဘယ်လိုအဓိပ္ပာယ်လဲ တွေးမရသေးပေမဲ့ တိုက်ရေယာဉ် ၁၀၃ ကိုပဲ အတွေးထဲက ပြေးပြီး ဝင်လာမိတယ်။ သင်္ဘောပေါ်မှာ မပါမဖြစ် ပါရတာ လူ့အသက်ကယ်ဖို့ ဖောင်းတွေမဟုတ်လား။ မရှိမဖြစ် လိုအပ်တယ်ဆိုတာ အခြားနေရာမှာတော့ သိပ်မသိနိုင်ပေမဲ့ ရေပြင်မှာ ဒုက္ခရောက်နေသူအဖို့ ကူကယ်ရာမဲ့ လက်မဲ့ကူးနေရသူအဖို့ ဖောင်းလေးတစ်ကွင်းဟာ ရွှေအိုးကြီးတစ်လုံးထက် တန်ဖိုးရှိတာပါပဲ။

ဆရာ မြင့်မောင်ကျော်က ရသစာပေ မနစ်မြုပ်ဖို့အတွက် ဒီဖောင်းလေးတွေနဲ့ ကယ်တင်မယ်ဆိုတဲ့ သဘောလားလို့ ကျွန်မ တွေးမိတယ်။ ဆရာနဲ့တွေ့ရင် ကျွန်မ မေးမယ်လို့ စိတ်ကူးတယ်။ ၂၉ ရက်နေ့ ဆုရသူတွေစုပြီး ညှော်ခံတဲ့ ညစာစားပွဲမှာ ဆရာနဲ့ တွေ့လို့ မေးခဲ့ပါတယ်။

ဆရာက ပြောပြပါတယ်။ ဆိုထို...

www.burmeseclassic.com

တာက မော်တော်တစ်စီးပေါ် လေတွေ ကြမ်းလာတယ်၊ မိုးတွေ ကြီးလာမယ်ဆိုရင် အနားမှာ ရှိနေတဲ့ မော်တော်ပေါ်မှာ ရှိတဲ့ ဖောကွင်းတစ်ခုကို မျက်စောင်းထိုး ကြည့်လိုက်မယ်ဆိုရင် ကိုယ့်ကိုယ်ကို လုံခြုံသလို ခံစားရတဲ့အတိုင်းပဲ။ အဲဒီလိုပဲ စာပေဆုပေးပွဲတွေဟာဆိုရင် စာပေနဲ့ ယဉ်ကျေးမှု မြင့်တင်တဲ့သဘောနဲ့ လူမျိုးတစ်မျိုးကို လုံခြုံမှုကိုပေးတဲ့ နိမိတ်ပုံလို့ ခံစားရတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေဟာ လုံခြုံမှုနဲ့ ပတ်သက်ပြီး ကိုယ့်ကိုယ်ကို လုံခြုံမှုအတွက် ရင်ခုန်ခံစားနေရတယ်။ ဒါကြောင့် လုံခြုံမှုကို ပြတဲ့ နိမိတ်ပုံ ဖောကွင်းတွေ ဖန်တီးခဲ့တာလို့ ဆရာ ပြောပြပါတယ်။

ကျွန်မ အဓိပ္ပာယ်ဖော်သလိုဆိုလည်း မမှားနိုင်လောက်ဘူးထင်ပါရဲ့။ ဆရာ ဦးဝင်းငြိမ်းက ရသစာပေတွေ ရေးသားနေတဲ့ ကလောင်ရှင်တွေကို ဆက်ရေးစေချင်တယ်။ ကလောင်ဖြစ်ခဲ့ပြီး၊ ဒီထက်ပိုတာက ရွှေကလောင်ရှင်တွေဖြစ်ခဲ့ပြီး စာတွေဆက်မရေးခြင်းကို အားမလို အားမရဖြစ်မှု ရှိမှာပါ။ ဒါကြောင့် ဆရာက သူ့ကိုချစ်တယ်ဆိုရင် ပါးစပ်ကပဲ ပြောမနေဘဲ ဆရာ လုပ်စေချင်တဲ့ စာရေးခြင်းအလုပ်နဲ့ သက်သေပြစေချင်တာပါ။ ဒါကလည်း ဆရာတစ်ဦးရဲ့ မှန်လွန်းတဲ့ စိတ်ထားပါပဲ။ ဘယ်သူမဆို အလုပ်နဲ့ သက်သေပြခြင်းကို ပိုပြီး ကြိုဆိုမှာပါ။

တစ်နှစ်ထက် တစ်နှစ် မွေးဖွားပေးပြီး တစ်နှစ်ထက်တစ်နှစ် များပြားလာတဲ့ ဆုရကလောင်ရှင်တွေရဲ့ လက်စွမ်းကို ဆရာတို့က အမြဲစောင့်ကြည့်နေကြတာပါ။ လူငယ်ကို အားပေး၊ လူငယ်ကို နေရာပေးနေတဲ့ နေရာဒေသကြီးက ပင်လယ်ပြင်လို ကျယ်ဝန်းလှပါတယ်။ ဒီပင်လယ်ပြင်ကြီးထဲမှာ ကူးခပ်လာလိုက်ကြတဲ့ ကလောင်ရှင်တွေလည်း အများကြီးပါ။ တချို့လည်း ခြေကုန်လက်ပန်းကျ၊ တချို့လည်း ဇွဲရှိရှိနဲ့ ဇွဲဆုရ၊ တချို့လည်း ဆက်လက်ကူးခပ်လာကြ။

ကားမောင်းသွားရင်း
နေ့သွားတာဖြစ်ဖြစ်
အသံတစ်ခုခု
ကြားလိုက်
ရတာဖြစ်ဖြစ်၊
အနံ့တစ်ခုကို
ရတာပဲဖြစ်ဖြစ်
အမှတ်တမဲ့
ဘယ်သူမှ မနေ
ခေါင်းလေးတွေ
ထောင်လာကြတယ်
ဘာလဲ
ဘာဖြစ်လဲနဲ့
ကိုယ်ခန္ဓာဆန့်တန်း
လာကြတယ်

ဆရာက သင်္ဘောကြီးတစ်စင်းပေါ်ကနေ ဖောကွင်းတွေကို ပစ်ချပေးနေပါတယ်။ ကိုယ့်အတွက် လုံခြုံမှုနဲ့ ပင်ပန်းသက်သာပြီး ပျော်ရွှင်စေမယ့် ဖောကွင်းလေးက အင်အားရှိသူ၊ ဇွဲရှိသူ အရည်အချင်းရှိသူရဲ့ လက်ထဲမှာပဲ မိမိရရ ဆုပ်ကိုင်နိုင်မှာပါ။ ဆရာက သူ မမောပန်းသရွေ့ ဖောကွင်းလေးတွေကို ဘက်မလိုက်ဘဲ ဆက်ချပေးနေဦးမှာပါ။ ဆရာ ချပေးလိုက်တဲ့ဖောကွင်းကို ဆုပ်ကိုင်ကူးခပ်ပြီး သင်္ဘောကြီးနဲ့ ဆရာ့နား ရောက်လာသူများကို ကျားရော၊ မ,ရော ဆရာက လက်ကမ်းပြီး အပြုံးနဲ့ ကြိုဆိုပါလိမ့်မယ်။

ဖောကွင်းဆီမရောက်နိုင်ဘဲ ပင်လယ်ပြင်မှာ ခြေကုန်လက်ပန်းကျသူများကိုတော့ ဆရာက စိတ်မကောင်းခြင်းနဲ့ ကြည့်နေပါလိမ့်မယ်။ ဖောကွင်းဆီမရောက်သေးပေမဲ့ အားကုန်ကူးခပ်လာသူများကိုတော့ ဆရာက မြန်မြန်ကူးခပ်နိုင်ဖို့ အားပေးကြိုဆိုပါလိမ့်မယ်။

ကျွန်မလည်း ဒီလိုပဲ ကူးခပ်ခဲ့ရပါတယ်။ စာပေပင်လယ်ပြင်ကြီးက သိပ်ကို ကျယ်ဝန်းလွန်းလို့ ဝေးလွန်းတယ်လို့ ထင်ခဲ့တဲ့နေရာဟာ ခုတော့ ကျွန်မအတွက် အနီးဆုံးနေရာတစ်ခု ဖြစ်လို့နေပါပြီ။ အဝေးကြီးမှာ ရောက်နေတဲ့ လူထက်စာရင်တော့ အနီးဆုံးမှာရောက်လာတဲ့ သူတိုင်းကိုတော့ ဆရာက လက်ကမ်းကြိုဆိုဖို့ အသင့်ရှိပါတယ်။ အဝေးဆုံးကနေ အနီးဆုံးရောက်အောင် ကူးခပ်နိုင်ဖို့ကတော့ ကိုယ့်တာဝန်ပါပဲ။ ဆရာက သူပိုင်သင်္ဘောကြီးပေါ်မှာ တင်ဆောင်ခဲ့တဲ့သူတွေ မနည်းတော့ပါဘူး။

ဆရာဟာ ကျန်းမာပြီး တာဝန်တွေ ထမ်းဆောင်ရင်း အကောင်းဆုံး စာပေ မာလိန်မှူးအဖြစ် ရှိနေဦးမှာပါ။ ဖော ကွင်းလေးတစ်ခုဟာ လုံခြုံမှုတစ်ခုကို ပေးနိုင်တယ်ဆိုရင်…

ကျွန်မစိတ်တွေ အပြန်လမ်းပေါ်က အမြန်လမ်းမကြီးပေါ် ရောက်လို့နေပါ တယ်။ အမြန်လမ်းမကြီးပေါ်က မ… မခြုံဖြစ်နေတဲ့ ကျွန်မတို့တွေရဲ့ စိတ်တွေ ကို ဘာနဲ့ လုံခြုံမှု အကောင်းဆုံးပေးနိုင် မလဲ…(ဆရာ မြင့်မောင်ကျော် ကူ စဉ်း စားပေးပါဦး)…

အမြန်လမ်းမပေါ်က ကျွန်မတို့ ခရီးသည်တွေရဲ့စိတ်တွေကို….

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

*ဆရာ ဦးဝင်းငြိမ်း*
*မွေးနေ့လွန်မြောက် ကျန်းမာပါစေ*

**ချောအိမာန်(ရွှေဘော)**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေအမြုတေ

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၆၊ ဇူလိုင်၊ ၂၀၁၄

[illegible]

၁။ မြစ်ကြီးနားမှ [illegible]

[illegible]

[illegible] ဖြစ်ပေါ်လာပါဘူး။

၂။ အသက်မျှကြွယ်ဝွင့်များ

ထင်းရှိခ်မြို့

[illegible] ကြီးစားပါဦး။

၃။ သစ္စာဦးမော

မောင်ချစ်ကြည်

၂၀၁၃ ဩဂုတ်လက [illegible] ဖြစ်ပါတယ်။ [illegible] ကြိုးစားပေးပါဦး။

၄။ ဖိုးဘုံသိုး

[illegible]

[illegible]

၅။ [illegible]

[illegible]

[illegible]

၆။ [illegible]

[illegible]

[illegible]

၇။ [illegible]

၈။ [illegible]

၉။ [illegible]

[illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၆၊ ဇူလိုင်၊ ၂၀၁၄

[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဒီလအတွက် မဂ္ဂဇင်းများမှာ ပါဝင်လာတဲ့ ဆရာ သော်ဇင်(လှိုင်ဘော်)ရဲ့ ဝတ္ထု သုံးပုဒ်စလုံးက ကျွန်တော်တို့နှစ်သက်တဲ့ အကြိုက်တွေဖြစ်နေပါတယ်။ တစ်ပေါက်တည်း သုံးပုဒ်စလုံး ရှိတည်း မရွေးနိုင်တာကြောင့် သုံးပုဒ်ထဲက တစ်ပုဒ်ဖြစ်တဲ့ 'အသိုးနှင့် ရွှေရောင်အလှူ' ကို ဒီလမှာ ဖော်ပြပေးလိုက်ပြီး နောက်လမှာ 'လွှဲချင်ရင်ဆိုးသလ' တို့ ဖော်ပြပေးပါမယ်။ 'ချောလှမ်းတွေ အိမ်မှာ ရှိပါ'ကိုတော့ နှိုင်းရွေးထွာများထဲမှာ သင့်တော်ရာလမှာ ဖော်ပြပေးပါမယ်။

ဆရာ လင်းယုန်သက်ရဲ့ 'ကျွန်တော် မှန်တိုင်းထဲက ငှက်ငယ်နှင့် တောင်းတောင်တစ်ခု' က ကျွန်တော် တော်တော်ကြိုက်တာပြီ ဖတ်ရတဲ့ဝတ္ထုတစ်ပုဒ်ပါ။ လက်ရေးမသေသေ စစ်စိစိစိ ရေးထားပြီး စာမျက်နှာ ၇ မျက်နှာ ရှိပါတယ်။ အယ်ဒီတာအရေးရလက ချက်ချင်းထပ်ရတဲ့သူတွေပါ။ ဖတ်ချင်စရာဖြစ်အောင် ကြိုးစားရေးသားပေးချင်ပါတယ်။ ဖြစ်နိုင်ရင်တော့ လှန်ထွာလောက်သာ အကောင်းဆုံးပါပဲ။ ဆရာ ဝတ္ထုကတော့ ရှည်တဲ့အပြင် မိတ်ကြိုက်လေးတွေ တာကြောင့် ချန်ခဲ့ပါတယ်။

ဆရာ လင်းနိုင်ရဲ့ 'မျက်နှာတစ်ချောင်းတယ်'က သည်းထိတ်ရင်ဖို ခံစားရတဲ့ အတွေ့အကြုံနေပါသောတယ်။ ဒီဝတ္ထုမျိုးကို ကျွန်တော် ကြိုက်ပါတယ်။ ဒီထက် အကောင်းဆောင်ပါတယ်။

နောက်ထပ် ရွေးချယ်ဖော်ပြဖြစ်တဲ့ ဝတ္ထုများကတော့ ဆရာမ ကုံကော်ရုဒ်ခွင်ရဲ့ 'ငါ့ဟိုဂုဏ်ရောင်'၊ ဆရာ လှငြိမ်းအေး(ပြည်)ရဲ့ 'ခုရောက်စင်သော အင်တာနက်'နဲ့ ဆရာ ညီညီစော် ပြည်ညွှန့်ပြင်ဆင်ရေးသားပေးပို့ထားတဲ့ 'ချစ်သင့်ပြင်းလရောင်'တို့ ဖြစ်ပါတယ်။ ■

ဝင်းငြိမ်း

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက်ရေးသားခြင်းမျိုး၊ ဘောမျဉ်းမသားဘဲ စာ ပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက် များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့်စာမူများကို နောင်တွင် ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည်မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူ ပေးပို့လိုသူများ သိရှိနိုင်စေရန် ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် မကိုက်ညီသည့် စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။
၂။ ဘောမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့်အပိတ် ထည့်ပေးပါ။
၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။
၄။ လက်ရေးစာမူဆိုလျှင် A4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A4 စာမျက်နှာ တွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။
၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။
၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။
၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။
၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။

■ အယ်ဒီတာ
ရွှေအမြုတေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


www.burmeseclassic.com

အမှတ် ၂၉၆၊ ဇူလိုင်၊ ၂၀၁၄

ရောဝတီမြစ်ဘက်ကနေ
ဖြတ်တိုက်လာသည့်လေတွေက
သူမ ထွန်းထားသည့်
ဖယောင်းတိုင်လေးတွေကို
ငြိမ်းတော့မည့်သယောင် ပြုနေသည်။
ထွန်းထားသည့် ဖယောင်းတိုင်လေးတွေက
ယိုင်ထိုးနေသည့် ဒူးတုပ်အိမ်လေး၏
ဝရန်တာပေါ်မှာ အတတ်နိုင်ဆုံးတော့
ထောင်မတ်နေသည်။ မြစ်ဆိပ်ဘက်က
တဒိုင်းဒိုင်းဖောက်နေသည့်
ဗြောက်ဖောက်သံတွေကတော့
တစ်ညလုံး ငြိမ်ပုံမလား တောင်မသိ။
'မအိပ်သေးဘူးလား စိန်စိန်၊
မိုးချုပ်နေပြီဟ' ညိုညစ်ညစ်၊
မွဲတေတေခြင်ထောင်ထဲကနေ
အဘိုးကြီး လှမ်းအော်တော့ ဝရန်တာက
ဖယောင်းတိုင်တွေကို အိမ်တံခါးမှီထိုင်ရင်း
စောင့်ကြည့်နေသည့် ဒေါ်စိန်တင့်တစ်ယောက်
ထောင်းခနဲ ဒေါသထွက်မိသည်။
'ဖယောင်းတိုင်တွေ ထွန်းထားတာ

# မျှော်လင့်ခြင်းလရောင်

**ညီညီဇော်**



www.burmeseclassic.com

တော်မမြင်ဘူးလား။ အိပ်စမ်းပါ ကိုယ့်ဟာကို၊ တကယ်တဲ ကျုပ်များ ကလေးကျလို့'

ဟုတ်တယ်။ အဲလိုပြောလိုက်မှ ရတာ။ ကောင်းကောင်းကို မအိပ်သေးဘူး။ ခဏခဏ ထထပြီး အိပ်ဖို့ချည်း ပြောနေတာ။ ပြန်အော်လိုက်တော့ အဘိုးကြီး ငြိမ်ကျသွားသည်။ အဘိုးကြီး သက်ပြင်းရှည်လေးတစ်ခုတော့ ရှိုက်လိုက်ပုံပေါ်သည်။ ရှူးခနဲ အသံကြားလိုက်ရသည်။

'တီ တီ . . . တီ . . . တီ . . .' ဟော ဆိုင်ကယ်သံကြားပြီ။ လာကြပြီထင်ရဲ့။ အမယ်လေးတော် မျှော်လိုက်ရတာ။ ခုမှ လာကြတယ် တကတဲ။ ဒီအမေ၊ ဒီအဖေတွေ မျှော်နေမယ်ဆိုတာ မသိကြဘူးလား မသိပေါင်တော်။ အိမ်ပေါ်ရောက်မှ ဘယ်သူဖြစ်နေနေ နဖူးလေးတော့ ဖွဖွလေး ခေါက်ထည့်ပစ်ဦးမည်။

ဆိုင်ကယ်လေးက မှောင်မှောင်မည်းမည်း သူတို့ရပ်ကွက်ထဲက လမ်းကြားကျဉ်းကျဉ်းလေးထဲ ဖျစ်ညှစ်ဝင်လာသည်။ ဒေါ်စိန်တင့် ဝရန်တာကနေ ဒူးထောက်ပြီး ထကြည့်လိုက်မိသည်။ အိမ်ရှေ့ရောက်ချလာသည့် ဆိုင်ကယ်ပေါ်ကို လှမ်းကြည့်တော့ ဒေါ်စိန်တင့်ထင်ထားတာနှင့် တက်တက်စင်အောင်လွဲသွားလေသည်။

'အယ် . . ကြီးစိန် . . မအိပ်သေးဘူးလား၊ မိုးချုပ်နေပြီ'

စကားသံကို ကြားလိုက်ရမှ ဒေါ်စိန်တင့် မျှော်နေသူ

ဒေါ်စိန်တင့်
ဌာပနာထုပ်
လုပ်နေသည့်အချိန်
အငယ်မက
ဖအေ့နားကပ်ကာ
ချွဲပြီး
ပုံပြောပြခိုင်းသည်
သူတို့အဖေမှာ
ဘယ်လောက်
ပင်ပန်းပင်ပန်း
ပုံပြင်တွေ
မနားတမ်း
ပြောပြရသည်

မဟုတ်မှန်း သိလိုက်ရသည်။ ဘေးအိမ်က ဒေါ်ကြင်မြသမီး ရီရီနွယ်လေး ဖြစ်နေသည်။ သူ့ယောကျ်ားမောင်းသည့် ဆိုင်ကယ်နောက်မှာ ကြော့ကြော့လေးထိုင်ကာ လိုက်လာသည်။ ဆိုင်ကယ်ရှေ့ခြင်းထဲမှာရော သူ့လက်ထဲမှာပါ မုန့်ပုံးတွေ အဝတ်အစားအိတ်တွေ ပြည့်ကျပ်လို့။

'အေး ဖယောင်းတိုင်မီးပူဇော်ထားလို့ စောင့်နေတာလေ ရီရီရဲ့။ ဘာလာလုပ်ကြတာတုံး။ ညကြီးမိုးချုပ်'

'သီတင်းကျွတ်ပြီလေ ကြီးစိန်ရဲ့ အမေတို့ အဖေတို့ကို လာကန်တော့တာ။ ယောကျ်ားက လပြည့်နေ့ကြီးတောင် မနားရလို့ သူပြန်တဲ့ချိန်ထိ စောင့်နေရလို့ နောက်ကျနေတာ၊ ကဲ သွားဦးမယ် ကြီးစိန်ရေ'

ဟူး . . . ဒီတစ်ခါ သက်ပြင်းရှည်ချမိတာတော့ ဒေါ်ကြင်စိန်ဖြစ်သည်။ တစ်နေကုန် မျှော်နေလိုက်ရတာ။ ခုချိန်ထိကို တစ်ယောက်မျှ ပေါက်မလာသေးဘူး။ ဆိုင်ကယ်သံကြားတိုင်း လာပြီလား ထွက်ထွက်ကြည့်ရတာ အခါတစ်ရာပင် မကတော့ပေ။ ဒေါ်ကြင်စိန် မျှော်နေတာက အိမ်ထောင်တွေ အသီးသီးကျသွားလို့ အိမ်ခွဲနေနေကြပြီဖြစ်သည့် သားသမီးသုံးယောက်ကိုပင် ဖြစ်သည်။ အောင်ပင်လယ်မှာနေသည့် သားကြီးမိသားစုရယ်၊ မန္တလေးတောင်ခြေ ဘုန်းတော်တိုးရပ်ကွက်မှာနေနေသည့် သားလတ် အောင်ကိုဦးတို့လင်မယားရယ်။ မြို့ထဲ ၄၃ လမ်း ကျောက်ဝိုင်းနားနေသည့် သမီးငယ်တို့ မိသားစုရယ်ကို မျှော်နေတာဖြစ်သည်။ ဒေါ်စိန်တင့် သက်ပြင်းရှည်တစ်ခုချရင်း အိမ်နောက်ဖေး မီးဖိုချောင်ထဲ ခေတ္တဝင်လိုက်သည်။ ပြာတွေဖွေးနေတဲ့ မီးဖိုပေါ်က ပိန်ရာချိုင့်ရာတွေနှင့် ဒန်အိုးလေးကို ဖွင့်ကြည့်လိုက်မိသည်။ ဒန်အိုးထဲမှာ ဌာပနာထုပ်လေးတွေ တန်းစီလို့။ လက်ကလေးနှင့် အသာလေး စမ်းကြည့်တော့ ဌာပနာထုပ်လေးတွေက ခပ်နွေးနွေးပင် ရှိနေသေးသည်။

'တော်ပါသေးရဲ့။ အေးစက်ကြီးဖြစ်မသွားလို့'

ဒေါ်စိန်တင့်သားသမီးသုံးယောက်လုံးက ဒေါ်စိန်တင့်လုပ်ပေးသည့် ဌာပနာထုပ်ကို အလွန်ပင် ကြိုက်နှစ်သက်ကြသူများ ဖြစ်သည်၊ ဆောင်းတွင်းကာလ ညအချိန်များဆိုလျှင် သူတို့အဖေကိုမောင်းကြီး ကုန်ထမ်းခ လေး မြိုးမြိုးမြက်မြက် ရလာတာနှင့် ကြဲပြီဆို ဒေါ်စိန်တင့်က ကလေးတွေဖို့ မုန့်ပဲသရေ စာလေးတွေ လုပ်ကျွေးတတ်သည်။ ကိုင်းတန်းဈေးက ထန်းပင်မြစ်တွေ သွားဝယ်ကာ မီးလေးလှုံရင်း ထန်းပင်မြစ်ဖုတ်ပြီး ဆီနှင့်ဆားနှင့် လူးကာ ကျွေးတတ်သည်၊ ဒါပေသိ ကလေးတွေ အကြိုက်ဆုံးကတော့ ဌာပနာ ထုပ်ပင် ဖြစ်သည်။ ဒေါ်စိန်တင့် ဌာပနာထုပ်လုပ်နေသည့်အချိန် အငယ်မက ဖအေ့နားကပ်ကာ ချွဲပြီး ပုံပြောပြခိုင်းသည်။ သူ တို့အဖေမှာ ဘယ်လောက် ပ ပန်းပင်ပန်း ပုံပြင်တွေ မနား တမ်း ပြောပြရသည်။ ပုံပြ တွေ ထပ်လာရင်တော့ သူ ကအော်တော့သည်။ အလ ကောင်ကတော့ ဖအေ့ အတော်လေးချစ်သည်။ မိ ဘေးမှာ ဂုန်နီအိတ်ခင်းပြ ဖအေ့ကို အိပ်ခိုင်းသည်။ ပြ တော့ စိတ်ရှည် လက်ရှ တက်နင်းပေးသူ ဖြစ်သည အကြီးဆုံး သားကြီးကတေ ဒေါ်စိန်တင့်နားကပ်ကာ မု လုပ်ဖို့မီးမွှေးပေးသည်။ ထ လျက်ကူထောင်းပေးသည အုန်းသီးခြစ်ပေးသည်။ အဲ ချိန်ခါမျိုးများ ပျော် ကောင်းလိုက်ပါဘိ။

သို့သော် သည်



www.burmeseclassic.com

www.burmeseclassic.com

အပျော်တွေက ရေရှည်မခံခဲ့ပါ။ အကြီးဆုံးသားလေး ကိုးတန်းတက်မည့်နှစ်မှာ ဦးကျားကြီးဝင်း မီးလောင်တော့ ဒေါ်စိန်တင့်တို့ လင်မယားနှစ်ယောက်လုံး အလုပ်လုပ်နေသည့် ပုံနှိပ်တိုက်ပါ မီးထဲပါသွားသည်။ လူငါးဆယ်ကျော် မှီခိုလုပ်ကိုင်နေရသည့် အလုပ်တိုက် ပြာပုံဘဝ ရောက်ခဲ့ရသည်။ ပိုင်ရှင်တွေ အနေနှင့် ဆုံးရှုံးသွားသည့် ပစ္စည်းဥစ္စာတွေက မနည်းမနောမို့ လုပ်ငန်းပြန်စဖို့ဝေးစွ၊ မူလနေခဲ့သည့် မန္တလေးမြို့ထဲမှာပင် အခြေပြန်မချနိုင်ကြတော့။ မိမိတို့ မူလနေရာလေးကို ရင်နာနာနှင့် ရောင်းချကာ အိပ်မက်တောင် မမက်ဖူးတဲ့ မြို့စွန်က လယ်ကွင်းတွေဘက် ခြေချဖို့ ထွက်ခွာသွားရပါတော့သည်။

ရေမြင့်တုန်း ကြာတင့်ခဲ့သလို ရေနိမ့်တော့လည်း ကြာပါ နွမ်းခဲ့ရလေပြီ။ ပုံနှိပ်စက်မှာ စက်မောင်းခဲ့ရသည့် ဦးမောင်းကြီးတစ်ယောက် မြစ်ဆိပ်မှာပင် ကုန်ဝင်ထမ်းရတော့သည်။ ဒေါ်စိန်တင့်ကလည်း မနေသာ။ ရပ်တကာ လှည့်ကာ ဂျုံယို၊ နို့ထမင်းလည်ရောင်းရတော့သည်။ သို့သော် ပုံနှိပ်စက် လုပ်တုန်းကလို မချောင်လည်တော့။ ပုံနှိပ်စက်မှာတုန်းက ပိုင်ရှင်တွေနှင့် ရပ်ဆွေရပ်မျိုးလိုလည်းဖြစ်နေ၊ ကိုယ်တွေကလည်း ပုံနှိပ်စက်လုပ်ငန်းအပြင် အိမ်၏ ဗာဟီရမှန်သမျှ လုပ်ပေးတတ်ပြန်တာကြောင့် ပိုင်ရှင်တွေက ဒေါ်စိန်တင့်တို့ လင်မယားကို မိသားစုလိုကို သဘောထားခဲ့သည်။

> အလတ်ကောင်
> ကတော့
> ဖအေ့ကို
> အတော်လေး
> ချစ်သည်
> မီးပုံဘေးမှာ
> ဂုန်နီအိတ်ခင်းပြီး
> ဖအေ့ကို
> အိပ်ခိုင်းသည်
> ပြီးတော့
> စိတ်ရှည်
> လက်ရှည်
> တက်နင်းပေးသူ
> ဖြစ်သည်

ထမင်းဟင်းကအစ ပူစရာမလို။ အလုပ်မှာတင်စား။ ညနေပြန်တော့လည်း ကလေးတွေအတွက် ဟင်းလေးထမင်းလေး ထည့်ပေးတတ်သေးတော့ တော်တော်လေးကို အဆင်ပြေသည်။ ဒီကြားထဲ ကလေးတွေအတွက် လိုအပ်တာတွေလည်း ထောက်ပံ့တတ်ပါသေးသည်။ ခုတော့ ဒေါ်စိန်တင့်တို့ အားကိုးရာ ရွှေတောင်ကြီး ပြိုလဲခဲ့ပြီမို့ ဒေါ်စိန်တင့်တို့ ဘဝတွေ အလဲလဲ အပြိုပြို စဖြစ်ပါလေပြီ။ လင်ကောမယားပါ အလုပ်တွေ အားကုန်မောင်းကာ လုပ်ခဲ့ကြပေမဲ့ ကလေးသုံးယောက် စရိတ်တွေကြောင့် မာန်မတင်းနိုင်ကြတော့။ ဒါကြောင့် ဒေါ်စိန်တင့် မစဉ်းစားဖူးသည့် အလုပ်တစ်ခု ပထမဆုံးအနေဖြင့် လုပ်လိုက်ရပါတော့သည်။ ၉ တန်းတက်ရတော့မည့် သားကြီးကို ကျောင်း ဆက်မထားတော့တာပင် ဖြစ်သည်။

သားကြီးကို ကျောင်းဆက် မထားနိုင်တော့ဘူး ပြောသည့်နေ့ကို သတိရမိသေးသည်။ အဲဒီနေ့က နယုန်လဆန်းထဲက တစ်ရက်ရက်တော့ အသေအချာသိသည်။ တစ်နေကုန် မိုးတွေက ရွာနေသည်။ သားကြီးက နွေကျောင်းပိတ်တိုင်း မြစ်ဆိပ်မှာ သဲသွားသွားထမ်းသည်။ မြစ်သဲလာဝယ်သည့် ကားတွေပေါ် တင်ပေးရတာဖြစ်သည်။ ရတာလေးတွေ အမေ့ကိုအပ်ရှာသည်။ ပြီးတော့ ပြုံးစစနှင့် ပြောတတ်သေးသည်။

'အမေ သုံးစရာရှိတာ သုံးနော် သိလား။ ပိုတာလေးပဲ စုပေးနော် မေ'

ဒေါ်စိန်တင့် မျက်ရည်ထွက်အောင် ရယ်လိုက်ရတာများ။ ပိုတာ စုခိုင်းတာကလည်း အကြောင်းရှိသည်။ သားကြီးကို ဘယ်တော့မဆို ကျောင်းဖွင့်ပြီး တစ်ပတ်နှစ်ပတ်လောက်နေမှ ကျောင်းအပ်နိုင်တာချည်း။ အသုံးစရိတ်တွေက လုံးလည်ချာလည် လိုက်နေတာမို့ ကျောင်းအပ်ဖို့ဝေးစွ ကျောင်းဝတ်စုံနှင့် လိုအပ်သည့် စာရေးကိရိယာတောင် ဝယ်မပေးနိုင်။ နှစ်တိုင်း ဒီလိုဖြစ်နေကျဆိုတော့ အတန်းကြီး တက်ရတော့မည့်ချိန် တစ်ခုခုလွဲချော်မှာ စိုးရိမ်ပုံရသည်။ မိဘတွေတားသည့်ကြားက မြစ်ဆိပ်မှာ သဲသွားထမ်းသည်။ အဲဒီနေ့က မိုးရွာကြီးထဲ ပြန်လာတော့ သားကြီးတစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲနေကာ ခိုက်ခိုက်တုန်နေသည်။ မအေချက်ပြုတ်နေသည့် မီးဖိုချောင်ထဲ ဝင်လာသည်။

'ငါ့သားရယ်။ မိုး ဒီလောက်ရွာနေတာ စောစောပြန်လာရောပေါ့'

သားကြီးက ခေါင်းကို ပုဆိုးစုတ်နှင့်သုတ်ရင်း မီးခင်နား ကပ်လာထိုင်သည်။

'ဘာမှဖြစ်ပါဘူး အမေရ။ ဒါနဲ့အမေ သားကို ဘယ်တော့ ကျောင်းအပ်ပေးမှာလဲ အမေ။ ဖွင့်တာ တစ်ပတ်ပြည့်တော့မယ်အမေရ၊ သား စာနောက်ကျမှာစိုးတယ်'

သားကြီး စကားပြောရင်း ဒေါ်စိန်တင့်လက်ထဲက ဓားနှင့် ကြက်သွန်ကိုယူကာ ဝင်လှီးပေးသည်။ ဒေါ်စိန်တင့် အသံတိတ်သွားသည်။ မိုးတွေက တဝေါဝေါ ရွာလာလိုက်တာ ဒေါ်စိန်တင့်တို့ သားအမိမျက်နှာကို မိုးရေစက်တွေ လာရိုက်ခတ်သည်။ ဒေါ်စိန်တင့် လက်ဖမိုးဖြင့် မျက်နှာကိုသုတ်လိုက်မိသည်။

'မိုးတွေ ပက်တယ် အမေရဲ့။ အိမ်ပေါ်မှာ ချက်ရအောင် မီးဖိုသယ်သွားရအောင်လား'

သားကြီးက ပြောရင်း ဒေါ်စိန်တင့်မျက်နှာကို မော့အကြည့်၊ မိုးရေစက်တွေနှင့် အပြိုင် တလိမ့်လိမ့် ... လာသည့် ဒေါ်စိန်တင့် မျက် ... ရည်တွေ မြင်သွား ...



www.burmeseclassic.com

www.burmeseclassic.com

'ဟာ အမေ ဘာဖြစ်တာလဲ အမေရယ်၊ ကျောင်းအပ်ဖို့ပြောလို့လား။ ရပါတယ်အမေရယ်၊ ဖြည်းဖြည်းမှအပ်မယ်၊ စိတ်မကောင်းမဖြစ်ပါနဲ့'

သားက ဒေါ်စိန်တင့်ပခုံးဖက်ကာ ဖျောင်းဖျသည်။

'ပြောရမှာ စိတ်မကောင်းဘူး ငါ့သားရယ်။ ငါ့သားကို အမေတို့ ကျောင်းဆက်မထားနိုင်တော့ဘူး'

မိုးကြိုးတစ်ချက် ဝုန်းခနဲဆို ပစ်ချသွားသည်။ သားကြီးတစ်ယောက် ကြက်သွန်နီဥလေးကိုင်ကာ ဘာဆက်လုပ်ရမှန်းမသိတော့။ ခေါင်းငိုက်စိုက်ကျကာ အိမ်ရှေ့ မိုးရွာကြီးထဲ ထွက်သွားသည်။ ဒေါ်စိန်တင့် လိုက်မခေါ်မိ။ သွားပါစေ။ ပူလောင်သွားမည့် သား၏ရင်တွေ မိုးရေတွေကြောင့် အေးပါစေ သားရယ်။

သားကြီးက ရည်မှန်းချက်ကြီးသူမို့ ကျောင်းထွက်လိုက်ရတော့ မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ မိဘနှစ်ပါးစလုံးကို စကားပင် မပြောနိုင်တော့။ နောက်ဆုံးတော့ ပညာတတ်ကြီး ဖြစ်ချင်သည့် သားကြီး မြစ်ဆိပ်မှာ ကုန်တွေထမ်းရင်း လူ့ဘဝထဲက ပညာတွေပဲ သင်ယူလိုက်ရပါတော့သည်။ သားလတ်နှင့် သမီးငယ်လည်း ဘာထူးတုံး။ သားလတ်က ကုန်ထမ်းနေရသည့် ဖအေကို မကြည့်ရက်ဘူးဆိုပြီး ရှစ်တန်းနှင့် ကျောင်းထွက်ကာ ကုန်ဝင်ထမ်းပါတော့သည်။ သမီးငယ်တစ်ယောက်ကတော့ ကံကောင်းသည်ဟု ဆိုရမည်။

အကြီးဆုံး
သားကြီး
ကတော့
ဒေါ်စိန်တင့်နား
ကပ်ကာ
မုန့်လုပ်ဖို့
မီးမွှေးပေးသည်
ထန်းလျက်
ကူထောင်း
ပေးသည်
အုန်းသီး
ခြစ်ပေးသည်
အဲလို
ချိန်ခါမျိုးများ
ပျော်စရာ
ကောင်းလိုက်ပါဘိ

အစ်ကိုတွေ၏ လုပ်အားခတွေနှင့် ဆယ်တန်းလေးတော့ အောင်သွားခဲ့သည်။ မွန်လေးမြို့ထဲက ဦးဝှမ်တက်တို့ စတိုးဆိုင်မှာ အလုပ်ကလေးဝင်လုပ်ရင်း စာပေးစာယူတက်ကာ သမီးငယ်တစ်ယောက် ဘွဲ့တစ်ခုရအောင် ယူနိုင်ခဲ့သည်။

သားသမီးသုံးယောက်လုံး သူတို့လုပ်ခလေးတွေတော့ မိဘဆီ အပ်ရှာပါသည်။ သို့သော် မိဘတွေက ပံ့ပိုးပေးနိုင်သူတွေ မဖြစ်ခဲ့တော့၊ အဲဒါလေးအပေါ် စိတ်ခုခဲ့ကြပုံပေါ်သည်။ ကိုယ့်ဘဝကိုယ် ရုန်းကန်ခဲ့ရသည်ဆိုသည့် မာနလေးတွေ ကိုယ်စီ ရှိနေခဲ့ကြသည်။ အဆိုးဆုံးက သမီးအငယ်။ သူနှင့်ကျောက်ပွဲစားလုပ်သည့် ကောင်လေး ယူတော့မည်ဆိုတော့ မိဘထုံးစံအတိုင်း မေးမိကြသည်။ ကောင်လေးက နောက်ကြောင်းရှင်းရဲ့လား။ မိဘတွေကကော ဘာလုပ်တုံး။ ဘယ်နယ်ကလဲ စတာတွေဖြစ်သည်။ အဲဒီ မေးခွန်းတွေအတွက် သမီးငယ်က စကားတစ်လုံးတည်းနှင့် ဖြေသွားသည်။ ဆက်မေးစရာမလိုတော့အောင်ပင်ဖြစ်သည်။

'အရွယ်မတိုင်ခင်ကတည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်လာတာပဲ အမေရယ်။ အမေတို့ ဘာမှပူမနေပါနဲ့။ ဘာမှလည်း ရှင်းမပြချင်တော့ဘူး' တဲ့။

ဦးမောင်းကြီးကတော့ တက်တခေါက်ခေါက်။ သူတို့ဘဝတွေကို ပြည့်စုံအောင် လုပ်မပေးနိုင်တာနှင့် မိဘမဟုတ်တော့ဘူးတဲ့လား။ ဒေါ်စိန်တင့်ကတော့ စိတ်ထဲခံစားရပေသိ ဘာမှပြန်ပြောမနေတော့။ သြော် သူပြောတာလည်း မှန်သားပေပဲဟုသာ ဖြေလိုက်ရတော့သည်။

အချိန်တန် အရွယ်ရောက် အတောင်အလက်စုံလာပြီး အိမ်ထောင်တွေ အသီးသီးကျကာ မိဘအိမ်ကို လက်ပြ နှုတ်ဆက်သွားခဲ့ကြသည်။ တန်ဆောင်မုန်းလရပ်ကွက်ဘုရားပွဲလိုအခါမျိုး၊ သင်္ကြန်နဲ့ ခုလို သီတင်းကျွတ်အခါမျိုးဆိုရင် မောင်နှမတစ်တွေ ရောက်ရောက်လာတတ်ကြသည်။ သို့သော် ပုံမှန်တော့မဟုတ်။ ကိုယ်စီကိုယ်စီ ရုန်းကန်နေရသည့် ဘဝတွေကြား မိဘအိမ်ကို သူတို့လေးတွေ အလာကျဲသွားကြတာတော့ အမှန်ပင်ဖြစ်သည်။ ဒီညလည်း သီတင်းကျွတ်လပြည့်ညမို့ သူတို့လေးတွေများ လာမလားထင်ပြီး ဒေါ်စိန်တင့် မျှော်နေခြင်းဖြစ်သည်။ အိမ်းထဲက ဥပနာထုပ်တွေကတော့ အေးစက်စ ပြုလာ လေပြီ။

ဝါးကြမ်းခင်းသံ ကျွတ် ကျွတ် ကျွတ်ကျွတ် ကြား တော့ ဒေါ်စိန်တင့် နောက် လှည့်ကြည့်မိသည်။ ဟော အဘိုးကြီး ထလာပြန်ပြီ။ ဘာ လျှာရှည်ဦးမည်မသိ။

'စိန်စိန် နင်ဘာဖြစ် တာလဲ။ သန်းခေါင်ကျော် တော့မယ်။ နင့်သားသမီးတွေ မလာလောက်ဘူး။ အိပ် တော့။ ကျန်းမာရေး ထိခိုက် လိမ့်မယ်။ မနက်လည်း စော ထွက်ရဦးမယ့်ဟာကို'

ဦးမောင်းကြီးက ပြော ပြောဆိုဆို ဝရန်တာကို မှီထိုင် နေသည့် ဒေါ်စိန်တင့်နား ကပ်လာထိုင်သည်။ လ ကျန် ဖယောင်းတိုင်လေး ၏ အလင်းရောင်က ဒေါ်စိန် တင့်မျက်နှာပေါ် တလှုပ်လှုပ် နှင့် ကျရောက်နေသည်။ ဒေါ် စိန်တင့်ပါးပေါ်ကို ရုတ်တရက် ကြည့်လိုက်မိသည့် ဦးမောင်း ကြီး ရင်ဘတ်ထဲ စစ် နာကျင်လာမိသည်။

'စိန်စိန်ရယ်… နင် လည်း ပင်ပန်းလိုက်တာ ဘာကိစ္စ ငိုနေရပြန်တာ ကလေးတွေလည်း သူ့အ သူ ရှိမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စိန်တင့်မျက်နှာကို လက်ဖမိုးဖြင့် တစ်ချက်သုတ်ကာ ထလိုက်ပြီး အိမ်ဘုရားစင်လေးဆီ ထလျှောက်သွားသည်။

'တော့်မလဲ ကျုပ်နဲ့ ပေါင်းလာတာ နှစ်ငါးဆယ်ပြည့်တော့မယ်။ ခုထက်ထိ ကျုပ်အကြောင်ကို မသိသေးဘူး'ဟု ပြောရင်း ဘုရားစင်ပေါ်က ဆင်းတုတော်၏ နောက်ထဲကနေ ပစ်တိုင်းထောင် မြေစုဘူးလေးတစ်လုံး ထုတ်လာသည်။

'မနှစ်က သီတင်းကျွတ်လပြည့်နေ့ သားတွေ မြေးတွေလာတာ ရှင်မှတ်မိလား'

'မှတ်မိတာပေါ့။ မင်းတောင် သူတို့ရောက်လာလို့ မွေးစကြာတောင် လိုက်မရှုတ်နိုင်ဘူးလေ'

ဒေါ်စိန်တင့် စုဘူးလေးကိုယူကာ ဦးမောင်းကြီးနား ပြန်ထိုင်လိုက်သည်။

'သူတို့လေးတွေက တတ်နိုင်တာလေးတွေနဲ့ လာကန်တော့တော့ ကျုပ်လည်း မုန့်ဖိုး ပြန်ပေးချင်တာပေါ့။ ဒါပေမဲ့ မုန့်ဖိုးတစ်ပြားမှ ပြန်မပေးနိုင်ခဲ့တာ တော်လည်းအသိပဲ။ ဒါကြောင့် ကျုပ်အဲဒီကတည်းက စုလာခဲ့တာကြာပြီ။ ဒီညလာရင် ဒီစုဘူးလေးဖောက်ပြီး မောင်နှမတစ်တွေ ခွဲပေးမလားလို့'ဟု ပြောရင်း စုဘူးလေးကို အသာချလိုက်သည်။ ပြီးတော့ အိမ်တံခါးကြားက တူကိုယူပြီး စုဘူးလေးကို ဒေါ်စိန်တင့် ခွဲချလိုက်သည်။ စုဘူးလေးထဲကနေ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန် အသစ်တွေကော၊ အဟောင်းတွေကော၊ ခေါက်လျှက်လေးတွေ ထွက်လာသည်။ ငါးရာတန်ကတော့ အကြီးဆုံး ဖြစ်သည်။

'လေးငါးသောင်းတော့ ရှိမှာပါတော်၊ တစ်ယောက် တစ်သောင်းခွဲလောက်တော့ ပေးနိုင်မှာပါ'

ဦးမောင်းကြီး သက်ပြင်းအရှည်ကြီး ချလိုက်မိပြန်သည်။ မနေ့က ဈေးချိုတော်ကနေ ရတနာပုံဈေးဆီ ဆိုက်ကားနှင့် ပစ္စည်းတွေလိုက်ပို့တော့ အငယ်မကိုတွေ့လိုက်ရသည်။ ပလာဇာပေါ် ဈေးလာဝယ်တာ ဖြစ်ပုံရသည်။ အငယ်မကတော့ သူ့ကို မြင်ပုံမပေါ်။ အငယ်မယောကျ်ားဘက်က ဆွေမျိုးတွေနှင့် လာပုံရသည်။ လိုက်ထရပ်ကားလေးပေါ်မှာ လူတွေကအပြည့်။ ဦးမောင်းကြီး ရှောင်မည်လုပ်တော့မှ သမီးဖြစ်သူက မြင်သွားသည်။

'အယ် အဖေ။ နေပူတာအဖေရယ်၊ နားနားနေနေလည်း လုပ်ပါဦး။ လာပါဦး အရိပ်ထဲ'

ဒိုင်းမွန်းပလာဇာ ဘေးက တောင်ထန်းပင်တွေ နားသားအဖနှစ်ယောက် ဝင်ရပ်လိုက်သည်။

'သမီးတို့ ဒီညပဲ ပြင်ဦးလွင် တက်ကြမလို့။ ကိုသက်မိဘတွေလည်း ပါတယ်လေ။ အဲဒါ ဥပုသ်ထွက်မှ ပြန်ရောက်မှာ။ အစက လပြည့်နေ့ အဖေတို့ဆီ လာမလို့'

'ရပါတယ် ငါ့သမီးရဲ့။ အားတဲ့နေ့ လာပေါ့။ ကိုယ့်မိဘအိမ်ပဲ။ ဒါနဲ့ ညည်းအစ်ကိုတွေနဲ့ကော တွေ့သေးလား'

သူ့အစ်ကို မေးတော့ အငယ်မ မျက်နှာတစ်ချက်ပျက်သွားသည်။

'ဟို အဲဒါပဲ ပြောမလို့ အဖေရဲ့။ ကိုကြီးကတော့ သူ့ယောကျ္ာမကြီး အထူးကုဆေးရုံမှာ တက်ကုနေရလို့ ညဘက် စောင့်ပေးရမယ် ထင်တယ်တဲ့။ အမေတို့ဆီ ရောက် ဖြစ်ပါ့မလားတောင် မသိဘူး ပြောတယ်။ ကိုလတ်တို့ မိသားစုကတော့ သူတို့အလုပ်ထဲက လူတွေနဲ့ ပုဂံဘုရားဖူးပါသွားတာ။ ပြန်လာမှ အဖေတို့ဆီ လာခဲ့မယ်တဲ့'

နေက ဦးမောင်းကြီး ခေါင်းပေါ်တည့်တည့်ရောက်လာသည်။ မျက်နှာပေါ်က ချွေးသီးချွေးပေါက်တွေ ဦးမောင်းကြီး သုတ်ပစ်လိုက်သည်။ ကားပေါ်က အငယ်မ ယောကျ်ားအမျိုးတွေ တစ်ဦးနှင့်တစ်ဦး စနောက်နေသည့် အသံတွေက ဦးမောင်းကြီး နားစည်ကို တဖပ်ဖပ်လာ ရိုက်ခတ်သည်။

'ကဲကဲ သွားတော့လေ ငါ့သမီး ဟိုမှာစောင့်နေကြတယ်'

'ဟုတ်အဖေ သမီးသွားမယ်။ အမေ့ကိုလည်း သမီးမေးလိုက်တယ်လို့ ပြောလိုက်ပါဦး'

သမီးက ပြောပြောဆိုဆို ကားခေါင်းခန်းထဲ ပြေးတက်သွားသည်။ ဦးမောင်းကြီး ခေါင်းထဲမိုက်ခနဲ ဖြစ်သွားမိသည်။ မနက်က အလုပ်မသွားခင် မိန်းမမှာလိုက်သည့် စကားသံ နားထဲကြားယောင်လာသည်။

'ရတနာပုံ ဈေးဘက်ရောက်မယ်ဆို ကောက်ညှင်းဆန်တစ်ပြည်လောက် ဝယ်ခဲ့စမ်းပါ။ တစ်ခါတည်း ထန်းလျက်နဲ့ အုန်းသီးပါ ရှာဝယ်ခဲ့တော့။ မနက်ဖြန် တော့်သားသမီးတွေ သီတင်းကျွတ်လပြည့်ဆိုတော့ လာလောက်တယ်။ သူတို့ကြိုက်တဲ့ ဌာပနာထုပ်လေး လုပ်ကျွေးချင်လို့'

ချွေးခံအိတ်ထဲကနေ တစ်ထောင်တန် သုံးရွက် ထုတ်ပေးတဲ့ ဒေါ်စိန်တင့် မျက်နှာ သကာပုံးကြီးပေါ် မှောက်လျက်ကျထားသလို ပြုံးချိုလို့။

ဝရန်တာပေါ်က ဖယောင်းတိုင်လေးတွေက မီးငြိမ်းသွားလေပြီ။ ဝရန်တာက စုဘူးအကွဲအစတွေကို အိမ်နောက်ဖေးက အိမ်သာနား ဦးမောင်းကြီး သွားပစ်ပေးလိုက်သည်။ ဒေါ်စိန်တင့် စုဘူးထဲက ခေါက်ထားသည့် ပိုက်ဆံလေးတွေ ရေကြည့်တော့ ရစုပေါင်း ခြောက်သောင်းကျော်တောင် ရသည်။ ပိုက်ဆံတွေကိုင်ရင်း ဒေါ်စိန်တင့် ဘာကို သဘောကျပြီး ပြုံးသည်မသိ တစ်ချက်လေးတော့ ပြုံးသွားသည်။ တီတီတီ…တီတီ ယော ကြားရပြန်ပြီ ဆိုင်ကယ်သံ။ ဒေါ်စိန်တင့် မျက်နှာလေး မီးရှူးမီးပန်းဖောက်လိုက်သလို ဝင်းလက်သွားသည်။ ဇရာဝတီမြစ်ရေက တော့ မြစ်ပြင်ပေါ်မှာ ကျနေသည့် လရောင်ကြောင့် ငွေရောင်တဖျပ်ဖျပ်လက်တော စီးဆင်းနေဆဲ။ ■

ညီညီစိုး

www.burmeseclassic.com



# ပန်းလိုလှစေချင်

ဂျဲကောင်

မိုးတဖွဲဖွဲရွာနေသော သက်သောင့်သက်သာ ညနေခင်းတစ်ခုသည် နောင်တွင် အမှတ်ရတိုင်း နာကျင်မိရသော အဖြစ်အပျက်တစ်ခု၏ အဖွင့်နိဒါန်းဖြစ်ကြောင်း သူမ အသိအမှတ်ပြုခဲ့ရပါ၏။ ထိုညနေသည် အတန်းလစ်ချင်စိတ်ပေါက်လောက်အောင် မိုး မရွာခဲ့လျှင် သူမ စာသင်ခန်း၏နောက်ဆုံးခုံတွင် ခပ်ငြိမ်ငြိမ် ရှိနေခဲ့လိမ့်မည်။ ရှေ့က ကျောင်းသူတစ်ဦးနှင့် အကွယ်အကာယူ၍ ကျောင်းစာအုပ်တွင် ကဗျာရေးကောင်း ရေးနေမိမည်။ ပုံဆွဲကောင်း ဆွဲနေမိမည်။ သူမအတွက် ဘာ သောအခါမှ ရင်းနှီးကျွမ်းဝင်လိမ့်မည် မဟုတ်ပါသော Programming ဆိုသည့် ဘာသာရပ်အား နားထောင်လျှင်လည်း နားမလည်မည့်အတူတူ အေးအေးဆေးဆေး တွေး

www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၂၉၆၊ ဇူလိုင်၊ ၂၀၁၄

ခဲ့မိမည်။ အင်မတန်ပျင်းရိဖွယ်ကောင်းသော စာသင်ခန်းသည် အနည်းဆုံးတော့ "မျိုး"ဆိုသော မိန်းကလေးတစ်ဦး၏ စကားသံများနှင့် ဝေးကွာစေနိုင်ပါလိမ့်မည်။

ပြောင်းလဲ၍မရတော့သော ထိုမိုးညနေတွင် လက်တွေ့အချိန်၊ ကျူတိုရီယယ်အချိန် ရမှတ်များအား ထုံးစံအတိုင်း နည်းနည်းလေးမှ တွန့်တိုခြင်းမရှိဘဲ အဆောင်သို့ ပြန်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည်။ မိန်းကလေးဦးရေ နှစ်ဆယ်ကျော်ရှိသည့်အဆောင်တွင် သူမ နှစ်သက်သော စာအုပ်များကို အေးလူစွာ ဖတ်နိုင်ဖို့က သူတို့တွေ ကျောင်းတက်မှန်နေမှဖြစ်မည်။ ထိုအချက်သည်ပင် သူမကို နွေဝက်နှင့် ကျောင်းပျက်ရက် များစေခဲ့သော အဓိကအချက်ဖြစ်သည်။

ဤ မြို့ပြင်တက္ကသိုလ်သည် ဘယ်လိုများ သန္နိဋ္ဌာန်ချထားသလဲ မပြောတတ်။ ရန်ကုန်တက္ကသိုလ်ကဲ့သို့ ကံ့ကော်၊ ရေတမာ၊ စံကားတစ်ပင်မျှ မစိုက်။ ခရေပင်တန်း၊ မဲဇလီတန်း၊ တစ်ပင်တလေရှိသော စိန်ပန်းများနှင့် ညို့မှိုင်းမှိုင်း ထင်းရှူးတန်းများသာ ပေါ၏။ ကျောင်းနှင့်နီးသော ရိပ်မွန်အိမ်ရာထဲက အဆောင်မှာပဲ သူမ ပထမနှစ်ကတည်းက နေဖြစ်ခဲ့ပါသည်။ ကျောင်းထဲမှ ရိပ်မွန်သို့ ခပ်မှန်မှန် လျှောက်လျှင် မိနစ်နှစ်ဆယ်လောက်ကြာသည်။

သူမတို့စာသင်ဆောင်က စထွက်လျှင် ရုံးရှေ့မှတ်တိုင်၊ ကျောင်းသားရေးရာတို့ဘွဲ့နှင်းသဘင်တို့နှင့် နီးသည်။ နောက်တစ်မှတ်တိုင်က အဝိုင်း၊ လမ်းဆုံလိုဖြစ်နေသော နေရာတွင် ကလပ်နှင့် ပတ္တမြားကို တင်ထားဟန် ထုလုပ်ထားခြင်း ဖြစ်သည်။ ရေပန်းများ တဖွားဖွားကျနေသည်။ ကင်မရာမန်းများ စခန်းချရာနေရာ ဖြစ်သည်။ အဲဒီက ဆက်လျှောက်လိုက်လျှင်တော့ ကျောင်းမုခ်ဝသို့ ရောက်သည်။ မုခ်ဝနှင့် မျက်နှာချင်းဆိုင်တွင်တော့

> အစိမ်းရောင်သည်
> မျက်စိ
> အေးစေသည်
> မြင်နေကျ
> ဆက်ရက်ကလေး
> နှစ်ကောင်ရော
> ရှိနေမည်လား
> ဆက်ရက်
> နှစ်ကောင်
> တွဲလျက်
> တွေ့ရလျှင်
> အချစ်ရေး
> ကံကောင်း
> တတ်သည်တဲ့

ကျောင်းသူ၊ ကျောင်းသားများ အများဆုံးနေထိုင်ကြသည့် တက္ကသိုလ်ရိပ်မွန်ဆိုသောအိမ်ရာသို့ ရောက်ပြီဖြစ်သည်။

❑

မတွေ့ပါစေနဲ့လို့ ဆုတောင်းထားသော်လည်း အောက်ထပ်မှာ သိုးမွေးထိုးနေသော အဆောင်ပိုင်ရှင် အန်တီနှင့်တန်းတိုးပါ၏။

'ခက်ဝေ ပြန်လာတာ စောလှချည့်လား။ စာသင်ချိန် မရှိတော့လို့လား'

နှာခေါင်းရိုးပေါ်လျှော ကျနေသော ပါဝါမျက်မှန်ကိုင်း၏ အထက်မှ စူးရှရှ မျက်ဝန်းအစုံနှင့် ခပ်တွန့်တွန့် မျက်ခုံးတို့ပေါင်းစပ်၍ အလိုမကျသလို မေးခွန်းတို့အား သူမ အခုချိန်ထိ အရေမထူနိုင်သေးပါ။ ကျောင်းကတီချယ်များထက် အန်တီကို ပိုရွံ့ရပါသည်။

'ဟုတ်၊ အန်တီ။ ဒီနေ့ အတန်းပြီးတာ စောလို့'

အန်တီ ယုံယုံ မယုံယုံ မျက်နှာခပ်လွှဲလွှဲထားကာ ဖြေလိုက်သည်။ အန်တီက မိုးလင်းလျှင် အချိန်မှန် ကျောင်းသွား၍ ကျူရှင်နောက်ကျလို့ဟု အကြောင်းပြကာ အဆောင်ပိတ်ချိန်ကျမှ ပြန်ဝင်လာတတ်သော သူများကိုသာ ကျောင်းတက်မှန်သည်ဟု ချီးမွမ်းတတ်သူဖြစ်သည်။ စာသင်ခန်းထဲ သိပ်ဝင်လေ့မရှိကြသော အဖြစ်တို့ကို အန်တီ မသိ။

စာအုပ်တစ်အုပ်ကို ရင်ဘတ်ပေါ်တင်ကာ ခုတင်ပေါ်တွင် အနားယူနေရင်း ပြတင်းတံခါးသံဆန်ခါများကို ဖြတ်၍ မြင်နေရသော ဒန့်သလွန်ပင်စိမ်းစိမ်းကို သူမ ငေးနေမိပါသည်။ အစိမ်းရောင်သည် မျက်စိအေးစေသည်။ မြင်နေကျ ဆက်ရက်ကလေးနှစ်ကောင်ရော ရှိနေမည်လား။ ဆက်ရက်နှစ်ကောင်တွဲလျက် တွေ့ရလျှင် အချစ်ရေး ကံကောင်းတတ်သည်တဲ့။ လည်ပင်းကလေးလှုပ်၍ ချစ်စဖွယ်မြည်သော အသံ၊ အာခေါင်ကိုခြစ်၍ စူးစူးနစ်နစ်မြည်သောအသံ၊ ညီးညီးညံညံအသံများ ကြား၍ သူမ လန့်နိုးလာတော့မှ မှေးခနဲ အိပ်ပျော်သွားမှန်း သိရသည်။ ဆက်ရက်လေးတွေ အော်လှချည့်လား၊ လှမ်းကြည့်လိုက်တော့ အရင်လို နှစ်ကောင်မဟုတ် သုံးကောင်။ သူမ စိတ်ဝင်စားသွားသည်။ ဘယ်လိုဖြစ်တာလဲ။ သူတို့ သူငယ်ချင်းများခေါ်လာတာလား။ ဆက်ရက်ဆိုတာ နှစ်ကောင်တွဲပဲ နေတာပါ။ သုံးကောင်တွဲလျက်တော့ တစ်ခါမှ မတွေ့ဖူးဘူး။ ထို တတိယမြောက် ဆက်ရက်အပေါ် သူမ အတွေးတို့ တစ်ခဏချင်း ရှုပ်ယှက်ခတ်သွားသည်။ အတွေးက ဘယ်လောက်ထိ ရောက်သွားသလဲဆို ထိုတတိယသည် ဆက်ရက်ကလေးနှစ်ကောင်၏ ချစ်ခြင်းကို ဖြိုခွဲမည့် ဗီလိန်များ လားလို့တောင် တွေးလိုက်သေးသည်။

ပြတင်းတံခါးနား အသေအချာကပ်၍ ကြည့်တော့မှ ထိုတတိယကလေးက အရွယ်ငယ်ငယ် အတောင်ကလေးကတိုတို ခေါင်းမွေးလေးက အနက်ရောင် သိပ်မဖြစ်သေး။ ဒန့်သလွန်ကိုင်းများအပေါ် မကျွမ်းကျင်သေးသော ကြိုး တန်းလျှောက်သမားလို ယိုင်ဒီယိုင် ယိုင်သွားသော ကိုယ်ကလေးကို တောင်ပံလေး တဖျပ်ဖျပ်ခတ်၍ ထိန်း ကာ ကုပ်ချောင်းချောင်း ကလေးနှင့် အာခေါင်ရဲရဲ ကလေးဖြဲကာ တစာစာ အ တောင်းနေတာကို တွေ့ တော့သည်။ ဪ လက် သတ်တော့ သူတို့က ကိုး။ ငါ့နှယ်...။ သူ ကိုယ့်ကိုယ်ကို ရယ်ချင်



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။

'ဘာတွေ လုပ်နေတုံး ခက်ဝေ'

လှည့်ကြည့်လိုက်တော့ မကြာသေးခင်ကမှ သူမတို့အဆောင်သို့ ပြောင်းလာသော 'မျိုး'၊ အခန်းတံခါးလိုက်ကာကို တံခါးပေါင်မှာ လက်နှင့်ဖိကပ်ထားရင်း ခပ်ပြုံးပြုံးမျက်နှာထားနှင့် သူမကို လှမ်းမေးသည်။ မျိုးကို ကြည့်ရတာ ခဏကလေး ရပ်တာကိုတောင် မှိုမှိုကလေး နေချင်ပုံမျိုး ယိုင်တိုင်တိုင်။

'ဩော်၊ လာလေ မျိုး။ ဘာရယ်မဟုတ်ဘူး၊ ဆက်ရက်ကလေးတွေ သဘောကျလို့ ကြည့်နေတာ။ ထူးဆန်းတယ် မျိုးရဲ့၊ ငါလည်း ငှက်သားအမိတွေတော့ မြင်ဖူးပါတယ်။ စာကလေး အစာခွံ့တာ ကျီးကန်းတွေ အစာခွံ့တာ။ ဒါပေမဲ့ အဲဒါတွေက အမေရယ်၊ ကလေးရယ် နှစ်ကောင်တည်းရယ်။ ခုက အဖေပါ ပါတယ် မျိုးရ'

မျိုး ထိုင်ဖို့ သူမ ခုတင်ပေါ်က စာအုပ်တွေ၊ စောင်တွေ ကမန်းကတန်း ရှင်းပေးရင်း သူမ ဆက်ရက်ငှက်ကာ ချဲ့နေမိသည်။ မျိုးက ဒါမျိုးတွေ စိတ်ကောဝင်စားရဲ့လားမသိ။ စကားပြောတာရပ်ရင်း အကဲခတ်လိုက်တော့ မျိုးက ပြတင်းတံခါးဆီကို ငေးနေတာတော့ တွေ့သည်။

'အဲ၊ မျိုး ကြည့်... ကြည့် တွေ့လား သူတို့ ကလေးလေးကို သန်းရှာပေးနေတယ်တော့။ မွှားလေးတွေနေမှာပေါ့။ ငှက်ကလေးတွေကိုယ်မှာ အဲ့လိုပဲ ပိုးကောင်မွှားကောင်လေးတွေ ရှိတယ်လေ မျိုးရဲ့'

ဆက်ရက်ပေါက်စလေးကို အလယ်မှာထားကာ နှစ်ကောင်သား ခေါင်းချင်းဆိုင်လို့ သန်းရှာပေးနေကြသော ဆက်ရက်စုံတွဲအား သူမ ကြည့်ရင်း အသံထွက်ရယ်မိသည်။ ကြည့်စမ်း... ဘယ်လောက်ကြည်နူးစရာကောင်းလဲ။ ဒါကြောင့် တစ်သက်လုံး စိတ်ချမ်းသာချင်ရင် သစ်ပင်စိုက်လို့ပြောတာပဲ၊ ခုပဲ ကြည့်ပါလား။ ဒီအပင်လေးပေါ်လာနားတဲ့ ကျေးငှက်လေးတွေ ကြည့်ရင်း ပျော်ရွှင်နေရပြီ။

အဲ...မျိုး။ ဘာကိစ္စကြောင့်များ လာတာပါလိမ့်။ ငါလည်း ကိုယ် ပြောချင်တာပဲ ကိုယ်ပြောနေတော့တာပဲ။ မျိုးဆိုသော မိန်းကလေးက စကားလည်း များများပြောလေ့မရှိ။ သူတစ်ယောက်တည်းနေတာ များသည်။ မျိုး အဆောင်ပြောင်းလာသည့်နေ့က ခက်ဝေလည်း ထုံးစံအတိုင်း ကျောင်းလစ်ပြီး အဆောင်မှာရှိနေသောကြောင့် ပစ္စည်းပစ္စယ ကူပေးရွှေ့ပေးနှင့်ဆိုတော့ မျိုးက နည်းနည်းခင်သွားပုံပေါ်သည်။

ရေချိုးခန်းထဲက ရေပိုက်ခေါင်း မပိတ်သွားတာ မျိုး၊ ရေနွေးအိုးတည်ပြီး ခလုတ်မပိတ်သွားတာမျိုး၊ အစရှိသော မေ့ပုံမေ့နည်းလေးတွေက ထပ်တလဲလဲဖြစ်လေ့ရှိသော မျိုး၏ မူပိုင် မေ့ခွင့်ဖြစ်သည်။ ကျောင်းသွားဖို့ လမ်းပေါ်ရောက်ခါမှ တစ်ခါလောက် အနည်းဆုံး အဆောင်ထဲပြန်ဝင်လိုက်ရမှ မျိုးက ကျေနပ်ပုံပေါ်သည်။ ပိုက်ဆံအိတ်မေ့ခဲ့လို့၊ အခန်းသော့မေ့ခဲ့လို့၊ ထီးမေ့လို့။ ဖြူစင်သောမျက်နှာပေါ်တွင် မျက်ခုံးနက်နက်၊ မျက်တောင်ရှည်ရှည်နှင့် မျက်ဝန်းကလှပရမည်ဆိုသော်လည်း မျိုးမျက်ဝန်းတွေက မကြည်လင်၊ အပေါ်က အရည်တစ်မျိုးမျိုးဖုံးထားသလို၊ မျက်ရည်တွေဝေ့နေတဲ့လူများလို ဖြစ်နေ၏။ မျိုး မျက်နှာကလည်း ပါးဖောင်းနေလျှင် ပိုလှမည်။ မျိုးက တစ်ချိန်တုန်းကတော့ ပြည့်ပြည့်ဖြိုးဖြိုးလေးဖြစ်လိမ့်မည်။ မသိမသာလေး တွဲကျနေသော လက်မောင်းသားများကို ကြည့်ကာ ခန့်မှန်းမိခြင်းဖြစ်သည်။ တချို့သော စပ်စပ်စုစု မိန်းကလေးများက မျိုး ကြည့်ရတာ စိတ်နဲ့ကိုယ်နဲ့ ကပ်သည့်ပုံမပေါ်၊ လူကြည့်တော့လည်း ယိုင်တိုယိုင်တိုင်နဲ့ ရောဂါတစ်ခုခုများရှိနေလား မေးကြသတဲ့။ မျိုးကလည်း ဘာမှမရှိပါလို့ ဖြေသတဲ့။ ခက်ဝေ ကြားရသောသတင်းများဖြစ်သည်။ သူမကတော့ ကိုယ့်ဘာသာကိုယ် အကဲခတ်ရုံကလွဲလို့ ဘာမှ မမေးဖြစ်။

'ခက်ဝေကို တစ်ခုလောက် မေးချင်တယ်'

'အင်း မေးလေ မျိုး'

'အဖေတွေဟာ ကိုယ့်သားသမီးကို ပြတ်နိုင်လားဟင် ခက်ဝေ'

ကေနတော့ မျိုး ဖခင်က သမီးဖြစ်သူကို ပြင်းပြင်းထန်ထန် မာန်လိုက်ပြီနှင့် တူသည်။ ရည်းစားသနာကိစ္စကြောင့်များလား။

'ဘယ်ပြတ်မှာလဲ မျိုးရယ် စိတ်ဆိုးတုန်းခဏပြောတဲ့ စကားတွေပါ။ ဘာလဲ မျိုး ဖေဖေက ဆူလို့လား'

'ဒီမယ် မျိုးရဲ့ လူကြီးတွေက ဒီလိုပဲ ဒေါသထွက်ရင်တော့ ပြောကြတာပါပဲ။ ဒါပေမဲ့ ငါ့တစ်သက်တော့ တကယ်ပြတ်တဲ့ မိဘရယ်လို့ မြင်ဖူးပါဘူး မျိုးရယ်။ သတင်းစာထဲ အမွေပြတ်ကြော်ငြာထည့်လည်း သားသမီးဒုက္ခရောက်ရင်တော့ မိဘကဘယ်ပြတ်နိုင်ပါ့မလဲ'

မျိုးက ခေါင်းငုံ့ရင်း သက်ပြင်းတစ်ချက်ရှိုက်သည်။

'အခုပဲ ကြည့်လေ မျိုးရဲ့ လူမပြောနဲ့ တိရစ္ဆာန်လေးတွေတောင် ကြည့်ပါလား။ သူတို့ ကလေးကို ဘယ်လောက်ချစ်ကြသလဲ၊ ဘယ်လောက် တယုတယရှိကြလဲ။ ခုနက ဆက်ရက်ကလေးတွေ မျိုးလည်း တွေ့လိုက်သားပဲ။ တို့တွေ ကလေးဘဝတုန်းကလည်း မိဘတွေက ဒီလိုပဲ ယုယကြတာပဲလေ မျိုး။ အရွယ်ရောက်လာတော့လည်း မာန်ဟဲ့မဲဟဲ့တော့ ရှိတာပေါ့ မျိုးရယ်။ တို့အကြောင်းတွေကလည်း ကလေးတုန်းကလို ဒါစားဆိုစား၊ ဒါလုပ်ဆို လုပ်၊ ဒါမျိုးမဟုတ်တော့ဘူးလေ။ ခပ်ထောင်ထောင်ဖြစ်လာပြီကိုး မျိုးရဲ့'

သူမ ရယ်မောကာ နှစ်သိမ့်တော့ မျိုးက နှုတ်ခမ်းလေးလှုပ်သည်ဆိုရုံပြုံးသည်။ နှုတ်ခမ်းပါးပါးနှစ်လွှာကို အားယူကာ ဖွင့်ဟလိုက်ပြီးမှ စကားရယ်လို့ ထွက်မလာဘဲ သက်ပြင်းတစ်ချက်သာ လေးလေးပင်ပင်ချပြန်သည်။ ခက်ဝေသည် နှစ်သိမ့်[illegible]

www.burmeseclassic.com

လည်း သိပ်ကောင်းကောင်း မပြောတတ်ပါ။ ဟိုတစ်ဖက်က ဘာပြောလိုက်မှန်းမသိပါဘဲ ရမ်းသန်း နှစ်သိမ့်နေရတာဆိုတော့ ဘာဆက်ပြောရမည် မသိတော့။

'ခက်ဝေ ဘယ်သူ့ကိုမှ မပြောလိုက်ပါနဲ့ ခက်ဝေရယ်။ ငါ ကိုယ်ဝန်ရှိနေပြီ နှစ်လ'

'ဘာ…'

မိုးကြိုးပစ်လိုက်သလို ဆိုသည့်စကား အခုမှပဲ လက်တွေ့သိရသည်။ ဆယ်တန်း မအောင်ခင်၊ တက္ကသိုလ် မရောက်ခင်၊ ကျောင်းမပြီးခင် နိုးရာလိုက်ပြေးသွားကြသော သူငယ်ချင်းများတွေ့ဖူးပါသည်။ ဒါက မထူးဆန်း၊ သူတို့ရည်းစားတွေနဲ့ တွဲနေတာ တွေ့သားပဲ။ ဘာမှ ဆန်းကြယ်သော ကိစ္စမဟုတ်ခဲ့။ အခု ယိုင်တိုင်တိုင် ကောင်မလေး၊ လှုပ်စိစိကောင်မလေး၊ ဘယ်သူကမှ လာတွေ့ခြင်း မရှိသော၊ ဘယ်သူနဲ့မှ တွဲသွားခြင်းမရှိသော ဖြူဖျော့ဖျော့ ကောင်မလေးက…။ မျိုး၏ ခန္ဓာကိုယ်အလယ်ပိုင်း ရှိရာသို့ သူမ အလန့်တကြား ကြည့်လိုက်မိသည်။

'သူက ငါ့ထက် လေးနှစ်လောက်တော့ ကြီးတယ်။ မန္တလေးမှာနေတယ်။ ချစ်သူဖြစ်ကြတာတော့ သုံးနှစ်လောက် ရှိပြီ'

'ဒါဖြင့် လက်ထပ်ပေါ့ မျိုး။ အိမ်က ဘာပြောလို့လဲ'

'အိမ်က မသိပါဘူး ခက်ဝေရဲ့။ လက်ထပ်လို့က မဖြစ်ဘူး။ သူက အိမ်ထောင်ရှိတယ်'

ဒီတစ်ခါ အာမေဍိတ်က လည်ချောင်းထဲတွင် ပျောက်သွားသည်။ ဘုရားရေ မျိုးဆိုသော အေးစက်စက် ကောင်မလေးထံမှ ဘာစကားတွေ ထပ်ကြားရဦးမည်လဲ။

'ငါတို့က လက်မထပ်တာ တစ်ခုပဲ ရှိတယ် ခက်ဝေရဲ့။ ငါနဲ့ကြိုက်စကတော့ လူပျိုပါ။ နောက်တော့ သူ့အိမ်က ပေးစားတဲ့သူနဲ့ ယူလိုက်ရတယ်တဲ့။ အဲဒီမိန်းမကို သူက မချစ်ဘူးတဲ့'

ဩော်…ရှင့်ကိုတော့ သူက ချစ်သပေါ့။ သရော်တော်တော်မေးခွန်းအား မျိုချထားလိုက်သည်။

'နောက်ပိုင်းလည်း ငါ့ကို ရန်ကုန်မှာ လာလာတွေ့တယ်။ အရင်ကတော့ သူက ဆေးတိုက်တယ် ခက်ဝေရဲ့။ အခုက ဘာဖြစ်သွားလဲ မသိပါဘူး ခက်ဝေရယ်။ ကိုယ်ဝန်ရသွားတာကို ငါ့ကို အပြစ်တင်တယ်။ ငါ ပေါ့လျော့လို့တဲ့။ လက်မထပ်လို့ မဖြစ်အောင် သူ့ကို အပိုင်ချည်တာလားတဲ့။ သူ ဘာမှတာဝန် မယူနိုင်ဘူးတဲ့။ ခက်ဝေရယ် ငါ ဘယ်လိုလုပ်သိမှာလဲ'

ဘယ်လိုလုပ်သိမှာလဲ ဆိုသော စကားကြားတော့ သူမ ရင်ထဲတွင် နင့်သွားမိသည်။ ဤ မလည်မဝယ်၊ ငိုင်တိုင်တိုင် ငေးတေးတေး မိန်းကလေး၏ မသိဆိုသော စကားကို သူမ နားလည်သည်။ မသိလို့သာ ဒီအထိဖြစ်သွားတာပေါ့။ နည်းနည်းလေးသာ သိရင် ဒီလို မဖြစ်။

ဆေးတိုက်သတဲ့လား၊ ကိုယ့်ထက်လေးနှစ်လောက် ငယ်ရွယ်သော မိန်းကလေး တစ်ယောက်ကို၊ ကိုယ့်ချစ်သူလို့ သတ်မှတ်ထားသော မိန်းကလေးတစ်ယောက်ကို ဘယ်အချိန်တွင် ဘယ်လို ဘေးထွက်ဆိုးကျိုးမျိုး ရှိမယ်မှန်း မသိတဲ့ ဆေးဝါးကို သူ့တဒင်္ဂသာယာမှုအတွက် စားစေသတဲ့လား၊ ဘယ်တော့မှ လက်ထပ်မည် မဟုတ်သော မိန်းကလေး တစ်ယောက်ကို အိမ်က မိန်းမအပြင် သူက အရန်သင့် သုံးစွဲဦးမတဲ့လား။ ဒါကိုပင် ဒီတစ်ယောက်က သူ့ကို ချစ်သည်ဟု ဘယ်လိုဦးနှောက်နှင့် တွေးတောပါသနည်း။ သူမ ရင်ထဲတွင် ဘယ်သူ့အပေါ်မှန်း မသိသော ဒေါသက တလိပ်လိပ် ထလာသည်။

'ငါ့ကို ဖျက်ချခိုင်းတယ် ခက်ဝေ၊ ဒီနေ့လည်း ဖျက်မလို့သွားတာ။ ဟိုရောက်မှ မလုပ်ချင်တာနဲ့ ပြန်လာခဲ့တာ'

ဩော် လက်စသတ်တော့ ဖအေတွေဟာ သားသမီးကို ပြတ်နိုင်သလားဆိုတာ သူ့အဖေကို ပြောတာမှ မဟုတ်တာ။ သူ့ဗိုက်ထဲက ကလေးရဲ့အဖေကိုပြောတာပဲ။ ရှုန်းရှုန်းဝေအောင် နှစ်သိမ့်ပေးလိုက်သော သူမ၏စကားတွေက အငွေ့တွေလို ပျံသွားသည်။ ဒန့်သလွန်ပင်ပေါ်က ဆက်ရက်မိသားစုကိုပဲ မမြင်မိအောင် နေနေရသည်။ ငါတို့လူ့လောကမှာ ဒါမျိုးတွေရှိတယ် ဆက်ရက်ကလေး၊ ဒါကို အင်မတန် နိမ့်ကျသော လူမှုရေးဖောက်ပြန်မှုလို့ ခေါ်တယ်။ ကိုယ့်ရင်သွေးကို ကိုယ်ကိုယ်တိုင်သတ်ဖြတ်ခြင်းဆိုတာ ငါတို့ရဲ့ယဉ်ကျေးသော လူသားတွေမှာ အဖြစ်များတဲ့ ကိစ္စပေါ့။

'ငါ ဘာလုပ်ရမလဲဟင် ခက်ဝေ၊ ငါမွေးတော့ မွေးချင်တယ်'

သူမကို မေးတော့ ဘာမှမပြောတတ်၊ နှစ်လဆိုသော အရွယ်သည် ဘယ်အရွယ်အစားလောက် ရှိမလဲ။ သူမ အသေအချာ မသိ၊ ဒါပေမဲ့ ရှင်သန်ဖို့အတွက် အ[illegible] ပျိုးလာသော အရာတစ်ခုဖြစ်သည်။ ထို့ထက်ပို၍ မိမိ၏ ရင်သွေးကလေးဖြစ်လာမည့် အရာ၊ သူမ ကလေးတွေကို တိရစ္ဆာန်လေးတွေလောက် မချစ်တတ်ပါ။ ဒါက ချစ်[illegible] ခြင်းနဲ့မဆိုင်၊ ချစ်မြတ်နိုးလို့ ဖျက်ချခြင်း မပြုနိုင်ဆိုတာ မျိုး မဟုတ်။ မလုပ်သင့်တာ ကို မလုပ်တာမျိုး ဖြစ်ရမည်။ မလုပ်သင့်တာ တစ်ခုကို မှား ယွင်းခဲ့ပြီးပြီ။ နောက်ထပ် မလုပ်သင့်တာတစ်ခုကို [illegible] ထပ်လုပ်ဦးမည်လား။

ဒါဖြင့် မွေးသည် ဆို[illegible] စို့ရဲ့။ အရွယ်ရောက်လာသော ကလေး၏ မေးခွန်းများ[illegible] ဘယ်လို ဖြေကြားမလဲ။ အကြိမ်ကြိမ် အထပ်ထပ် မှား ယွင်းမှုထဲ နစ်နေသော မိန်း[illegible] တစ်ယောက်၏ အရိပ်သည်[illegible] ကလေးအပေါ် မည်မျှ လွှမ်း[illegible] မိုးနေမလဲ။ 'ကျွန်တော့်[illegible] ဒါမှမဟုတ် ကျွန်မကို ဒီ[illegible] မျိုး မျက်နှာမဖော်ရဲတဲ့[illegible] အောက်တန်းကျနေတဲ့အ[illegible] အပျက်ထဲမှာ လူဖြစ်ဖို့ [illegible] ကြောင့်များ အမေ ခေါ်[illegible] တာလဲ' ထိုသို့သော မေးခွန်း[illegible] မျိုးကို မျိုး ဘယ်လိုဖြေ[illegible]

သူတို့နှစ်ယောက်[illegible] က အချစ်ဆိုတာ[illegible] သူမ [illegible]

www.burmeseclassic.com

ကြည့်မိသည်။ ရမ္မက်ကိစ္စကြောင့်သာ သူတို့တွေ့ကြသည်။ ရမ္မက်အတွက်သာ မျိုးကို အသုံးချသည်။ ထိုအမျိုးကောင်းသားက ကလေးဖျက်ချမှ ငါတို့အခုလို ဆက်တွေ့လို့ရမည်လို့ပြောသေးသည်တဲ့။ ဒီလောက်အကျည်းတန်နေသော ဆက်ဆံရေးတစ်ခုကြားမှာ အချစ်ဆိုတာ ရှိနေပါရဲ့လား။ ထိုယောကျ်ားသည် သူ့ဇနီးဖြစ်သူနှင့် မျိုးတို့နှစ်ဦးစလုံးအား စော်ကားနေခြင်းဖြစ်၏။ မနေ့တစ်နေ့ကမှ အလှအပပြင်ပြီး အပြင်ထွက်သွားသော မျိုးကို တွေ့ခဲ့ဖူးသည့်အတွက် ထိုလူ့အပေါ် နာကြည်းခြင်း၊ စက်ဆုပ်ခြင်း တစ်စုံတစ်ရာ မရှိကြောင်း သူမ သိလိုက်သည်။ မျိုးအား နှိပ်စက်နေသည်မှာ ဖျက်ချရမလား၊ မဖျက်ရဘူးလား ဆိုသော ပြဿနာပင်ဖြစ်သည်။ အပြစ်တင်ခံရလို့ ဝမ်းနည်းနေခြင်းသာ ဖြစ်သည်။ ပြောရက်လေခြင်း၊ ရက်စက်လေခြင်းရယ်လို့ နာကြည်းနေခြင်းမျိုး မဟုတ်။

'ငါ ဘာမှမပြောတတ်ဘူး မျိုး။ ငါ ဒီလိုမျိုးဖြစ်လည်း သူများဆီက အတွေးအခေါ်ကို မမေးဘူး။ ဒါတွေဟာ ကာယကံရှင်ကိုယ်တိုင်ပဲ စဉ်းစားပြီး ကာယကံရှင်ကိုယ်တိုင်ပဲ ခံယူရတဲ့အကျိုးအပြစ်တွေပဲ၊ မစဉ်းစားတတ်ဘူးဆိုရင်တော့ ဆွေမျိုးထဲက တစ်ယောက်ယောက်ကို ပြောပြကြည့်ပါ။ ဥပမာ အစ်မဖြစ်ဖြစ်၊ အဒေါ်ပဲဖြစ်ဖြစ်ပေါ့။ သူတို့ ဘာစီစဉ်ပေးနိုင်မလဲဆိုတာပေါ့'

အမေကိုတော့ ပြောရဲမည် မထင်သဖြင့် မတိုက်တွန်းတော့။ မိသားစုထဲက တစ်ယောက်ယောက်ကို ပြောလည်း သွယ်ဝိုက်သောနည်းနှင့် မိခင်ဖြစ်သူတော့ သိရမှာပေါ့။ အစကတည်းက မှားနေသော၊ ယခုလည်း မှားနေသော၊ နောင်လည်း မှားနေဦးမည်ဖြစ်သော မိန်းကလေးအား သူမ ဘာမှမစဉ်းစားပေးတတ်ပါ။

ဘယ်သူ့ကိုမှ မပြောပါနှင့်ဆိုသည့်အကြောင်း အထပ်ထပ်အခါခါ မှာပိတ်လို့ မျိုးသူ့အခန်းသို့ ပြန်သွားသည်။ ဖွင့်ထားသည့် ဝတ္ထုလည်း ဖတ်ချင်စိတ်မရှိတော့။ ထမင်းလည်း မစားချင်၊ မျက်စိထဲတွင် ပြုံးပျော်နေသောစုံတွဲများကို မြင်ယောင်ကြည့်သည်။ သူတို့ရော ဒီလိုပဲလား။ သူတို့ကြားက မမြင်နိုင်သော ဆက်ဆံရေးဟာလည်း ဒီလိုပဲလား။ မပေါ့လျော့နဲ့၊ ဖျက်ချလိုက်၊ လက်ထပ်လို့မှ မဖြစ်သေးဘဲ၊ လက်ထပ်လို့မှ မဖြစ်နိုင်ဘဲ၊ မင်းပေါ့လျော့လို့ဖြစ်တဲ့ ကိစ္စ။ ဘုရားရေ မြင်ယောင်မိသမျှ နှစ်ယောက်တွဲ ပုံရိပ်တိုင်းက သူမကို အရင်လို ကြည်နူးမပေးနိုင်တော့။ မယုံသင်္ကာမှုအား ခံစားရသည်၊ ခါးသက်သက်ဖြစ်လာသည်။

အိပ်ရာပေါ်ပစ်လှဲရင်း ဒီတစ်ခါ သက်ပြင်းချရသူက ခက်ဝေဖြစ်သည်။ မရည်ရွယ်ဘဲ ပြတင်းတံခါးကို ကြည့်မိတော့ ဆက်ရက်ကလေးတို့ မရှိတော့၊ မှောင်စလည်း ဖျိုးလာပြီဆိုတော့ အိပ်တန်းတက်ပြီပေါ့။

❑

နှစ်ရက် သုံးရက်လောက် မျိုးနှင့် စကားမပြောဖြစ်ပါ။ မျိုး လာပြောလည်း နားထောင်ရုံပဲ သတိမှတ်ထားသည်။ ဘယ်လိုပဲဆုံးဖြတ်ဆုံးဖြတ် ဘာမှပျော်ရွှင်ဖွယ်မရှိသောကိစ္စတစ်ခုမို့ မေးမြန်းဖို့လည်း စိတ်မပါ။ လေးရက်မြောက်နေ့လောက်ဖြစ်မည်ထင်သည်။ ဝရန်တာတွင် အဝတ်ထုတ်လှန်းတော့ မျိုးနှင့် တွေ့သည်။ အင်္ကျီဖြူလွလွ၊ အဖြူများသော တစ်ပတ်နွမ်းလုံချည်နှင့် နဂိုကဖြူဖျော့ဖျော့ မျိုးက ဝိညာဉ်တစ်ကောင်နှင့် တူနေသည်။ လှပသော မျက်လုံးမျက်ဖန်ကို ခပ်နက်နက်မျက်တွင်းများက မလိုတမာနှင့် ဖျက်ဆီးကြသည်။ မျက်ဝန်းများကတော့ ရီဝေဝေ၊ ထုံးစံအတိုင်း အရည်ကြည်များဝေ့လျက်။ မျက်နှာတစ်ခြမ်းလောက်ကို အမြဲအုပ်နေတတ်သော ဆံနွယ်နက်နက်တို့ကို ခေါင်း ငုံ့၍ အသာဖယ်ရင်း သူမကို ခပ်ယဲ့ယဲ့ ပြုံးပြသည်။

'ဘယ်လိုလဲ မျိုး'

သူမ ခပ်ဆဆမေးတော့ မျိုး မျက်နှာလွှဲသည်။

'ဆေးထိုးလိုက်တယ် ခက်ဝေ၊ ဖျက်လိုက်တယ်ပေါ့'

ခက်ဝေ နားမလည်မှာစိုး၍ထင့် ပထမစကားကို ဒုတိယစကားဖြင့် ပြန်ရှင်းပြသည်။ မျက်စိရှေ့တွင် ယိုင်နဲ့နဲ့ရပ်နေသော အမျိုးသမီး၏ ခပ်ဖွဖွ စကားသံက ခက်ဝေနားထဲ ဆူးခက်တစ်ခက်လို ဝင်ရောက်သွားသည်။

ရက်စက်လိုက်တာ၊ ပြတ်သားလိုက်တာ 'ဖျက်ချမှ ဆက်တွေ့လို့ရမယ်' ဆိုသော စကား၏ စေစားမှုကြောင့်လား၊ ကလေး၏ အကျည်းတန်လှသော နောင်ရေးအတွက်ကြောင့်လား၊ ဘာမှ မပြောနိုင်တော့သဖြင့် မချိပြုံးတစ်ခုသာ ပြုံးပြခဲ့ပြီး ခက်ဝေ အခန်းထဲ ပြန်ရောက်လာခဲ့သည်။

❑

*နှစ်ယောက်သားမှာ ကွယ်×××သိနားလည်ရက် ပါနဲ့×××ဟန်ဆောင်နေကြရတဲ့ အဖြစ်သနစ်ရယ်××× တကယ်တော့×××ပင်ပန်းလှပါတယ်ကွယ်×××ဒါက လည်း တစ်ဦးကို တစ်ဦး ကရယ် ကြည်ကြည်နူးနူး ဖန်းလိုလှနေစေချင်တဲ့ ဆန္ဒနဲ့ ကွယ်။ ယုယ ညှာတာ အစစ ထောက်ထား×××*

အန်တီဖွင့်ထားသော သီချင်းသံခပ်တိုးတိုးက သူမ၏ နောက်ကျိနေသော စိတ်နှလုံးကို မရွံ့မရဲလေး လာရောက်ထိတွေ့သည်။ ခက်ဝေ ငြိမ်ငြိမ်လေးနားထောင်နေသည်။ သီချင်းလေးက ကောင်းလိုက်တာ။ တစ်ဦးကို တစ်ဦးက ညှာတာသတဲ့၊ ယုယသတဲ့၊ တစ်ယောက်ကိုတစ်ယောက် ထိနိုက်မှာ စိုးရိမ်ကြပြီး ကြည်နူးရွှင်ပျစွာနဲ့ ပန်းပွင့်လေးလို လန်းဆန်းလှပနေစေချင်တယ်တဲ့။

'ပန်းလိုလှ[illegible] သတဲ့လားကွယ်'

ခက်ဝေ [illegible]
သာ [illegible]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ကိုဂိုက်ကြီးက
ကျွန်တော့်ဆိုင်ကို
တနင်္ဂနွေတစ်ပတ်မှာ
တစ်ခေါက်ပဲလာတာ။
ကျွန်တော့်
ကွမ်းယာဆိုင်ကလေးက
ညနေဈေးကလေးရဲ့
အနားမှာရှိတာ။
တနင်္ဂနွေ ညနေဆိုရင်
သူ့ မိန်းမကို
ဈေးလိုက်ပို့တဲ့
ကိုဂိုက်ကြီးက သူ့မိန်းမ
ဈေးဝယ်တာကို ကျွန်တော့်
ကွမ်းယာဆိုင်ကနေ
ထိုင်ပြီးစောင့်လေ့
ရှိတယ်။
ကိုဂိုက်ကြီးကို စပြီး
မြင်ဖူး တွေ့ဖူး
ခါစကဆိုရင် 'ဒီလူ
ကိုယ့်ကိုယ်ကို
စတိုင်ကျအောင်
ဂိုက်ကျအောင်တော့
အတော်နေတတ်

ထိုင်တတ်တဲ့လူပဲ' လို့
ကျွန်တော့်စိတ်ထဲ
ကိုယ့်ဟာကိုယ်
အောက်မေ့မိတယ်။
ကြည့်လေ။
လွန်ခဲ့တဲ့ နှစ်နှစ်လောက်
ကိုဂိုက်ကြီးကို ကျွန်တော်
စတွေ့ဖူးမြင်ဖူးစကတော့
ခါးမှာ ဟန်းဖုန်းမပါဘူး။
ဒါပေမဲ့
ဂိုင်းတောင့်တောင့်
ဂိုက်ကောင်းကောင်း
ကိုဂိုက်ကြီးက
စပို့ရှပ်အင်္ကျီနဲ့ပဲဖြစ်ဖြစ်၊
ရှပ်လက်တိုအကွက်
ထောက်ကျဲကျဲနဲ့ပဲဖြစ်ဖြစ်
ပုဆိုးဝတ်ထားတဲ့အခါမှာ
ပိုက်ဆံထည့်တဲ့
ခါးပတ်အိတ်ကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဖောင်းလို့ တင်းလို့။ ပြီးတော့ စီးတာကလည်း အဲဒီတုန်းက ကြပ်ကြပ်ခေတ်စားတဲ့ Ken Bo ရှပ်ဆိုးကြီးကို စီးတာ။ ကိုဂိုက်ကြီးက ကျွန်တော့် ဆိုင်ရှေ့ ထန်းလက်ကုလားထိုင်မှာ သူ့မိန်းမ ဈေးဝယ်တာကို အခန့်သားထိုင်စောင့်တာ။ ခါးပတ်အိတ်ထဲက ရှဘီစီးကရက်ဘူးကို ထုတ်ပြီး အသင့်ပါတဲ့ ဂက်စ်မီးခြစ်နဲ့ ရှဘီတစ်လိပ်ကို ဟန်ပါပါ မီးညှိသောက်တယ်။ အဲဒီကတည်းက သူ့ကို ကြည့်ကောင်းကောင်းနဲ့ ကျွန်တော့် စိတ်ထဲမှာ ကိုယ့်ဟာကို 'ကိုဂိုက်ကြီး' လို့ အမည်ပေးထားလိုက်တာ။

နောက်တော့ နှစ်သိန်းတန် ဖုန်းတွေပေါ်လာတော့ ကိုဂိုက်ကြီးရဲ့ ခါးပေါ် ဖုန်းတစ်လုံး ရောက်လာတယ်။

'အေး ဟုတ်တယ်လေ၊ မင်းကို ငါ ပြောထားတာပဲ၊ မနက်ဖြန် တနင်္လာ ပြန်ဆင်းရင် ဒီတစ်ပတ် အပြတ်လုပ်ရမှာ၊ မင်းကောင်တွေ တစ်ယောက်မှ ခွင့်မယူစေနဲ့ ကြားလား ငါပြောတာ၊ ဟယ်လို ကြားလား အေး'

ဟန်ပါပါ ကိုဂိုက်ကြီး တစ်ယောက် မတ်တတ်ရပ်ခါးထောက်ပြီး ဟန်းဖုန်းပြောနေတော့ ကျွန်တော့်အမြင်မှာ ပိုပြီးတော့ ကြည့်ကောင်းလာသလိုပဲ။ ကျွန်တော့် မျက်စိထဲမှာ ညိုတုံးတုံးတောရုပ် မပျောက်တာကလွဲလို့ ဗီဒီယိုထဲက အောင်ခိုင်ကြီးရဲ့ ဂိုက်စရိုက်ဟန်ပန်ကို မြင်ယောင်မိသေးတော့။ သြော် မေ့နေလိုက်တာ၊ တစ်ခါစကားစပ်မိလို့ ကျွန်တော်က မြင်းခြံ

> လေးလေးတူကာ
> ဆရာကြီး
> သခင်အမျိုးစစ်စစ်
> ကျွန်အဖြစ်
> မခံနိုင်ဘူးတဲ့
> ဘကြီးနွားတော့
> အငှား
> မကျောင်းတော့
> ဘူးတဲ့
> ကိုယ့်နွား
> ကိုယ်ကျောင်း
> ကိုယ့်လယ်
> ကိုယ်ပဲ
> စိုက်တော့
> မယ်တဲ့

နယ်ကဆိုတော့ ကိုဂိုက်ကြီးက ကျွန်တော်လည်း လယ်သစ်ကျောက်ပြုတ် အနားကပဲတဲ့။ အဲဒီမှာ ကိုဂိုက်ကြီးနဲ့ ကျွန်တော်တို့ တစ်နယ်တည်းသားတွေဆိုတော့ စကားပြောလို့ဆိုလို့ ပိုကောင်းသွားသလိုပဲ။

ကိုဂိုက်ကြီး ကျွန်တော့်ဆိုင်မှာ နားတဲ့ တစ်နှစ်ကျော်နှစ်နှစ်လောက်အတွင်း အစက ကိုဂိုက်ကြီးရဲ့မိန်းမလည်ပင်းမှာ ကြိုးသေးသေးမျှင်မျှင်လေးကနေ တဖြည်းဖြည်းကြီးကြီးလာတယ်။ ကိုဂိုက်ကြီးရဲ့ လက်မှာလည်း လက်စွပ်ကြီးတစ်ကွင်း ပြူးလာတယ်။ နောက်တော့ ကိုဂိုက်ကြီး မိန်းမရဲ့ လက်မှာ ပွတ်လုံးလက်ကောက်တွေ၊ လက်ချောင်းတွေမှာ မောင်နှံခုနစ်ဖော် ရှစ်ဖော်လက်စွပ်ကွင်း အရစ်ရစ် အထပ်ထပ်တွေ။

ကျွန်တော်က မနေနိုင်တဲ့ တစ်နေ့ မေးမိတယ်။ ကိုဂိုက်ကြီးဘယ်မှာ လုပ်တာလဲလို့။

တရုတ်ကုမ္ပဏီတစ်ခုမှာ လုပ်တာတဲ့၊ လုပ်ငန်းခွင်လုပ်သားအင်ချပ်တဲ့။

❑

'နှမ ကောင်းစားတော့ မောင်မြင်းစီးရတယ်တဲ့၊ အဲဒီလူက တူမကောင်းစားလို့ ဦးလေးမြင်းစီးရတာဗျ'

တစ်ရက် သူ့မိန်းမ ဈေးဝယ်ပြီးလို့ ကျွန်တော့်ဆိုင်ကနေ ကိုဂိုက်ကြီးတို့ လင်မယားဆိုင်ကယ်နဲ့ ထွက်သွားတော့ ကျန်ခဲ့တဲ့ လူနှစ်ယောက်က ကြည့်ပြီး ပြောတယ်။

'အစက အဲဒီကုမ္ပဏီမှာ သူက အလုပ်သမားလေ၊ တရုတ်ဘောစိက သူ့အတွက် အနီးကပ် ခိုင်းဖို့ စေဖို့ မိန်းကလေးငယ်ငယ်နှောင်းနှောင်း ဘွဲ့ရပညာတတ်တစ်ယောက် လောက် လိုတယ်ဆိုတော့ ရွာမှာနေတဲ့ သူ့တူမကို ခေါ်ပေးလိုက်တာ သူ့တူမကလည်း ဘွဲ့ရလေ၊ နှစ်ဦးနှစ်ဖက်စလုံး နားလည်မှုနဲ့ ဒီယုန်မြင်လို့ ဒီချုံထွင်တယ်ပဲ ပြောကြပါစို့၊ ခုတော့ တူမကလည်း သူ့နာမည်နဲ့ ပိုင်ဆိုင်မှုရ စက်ရုံတွေ၊ လုပ်ငန်းခွင်တွေနဲ့ တရုတ်ဘောစိက သတ်သတ်မှတ်မှတ်လုပ်ပေးတာလေ။ သူကလည်း အတန်းပညာမပါဘက ကျောင်းထွက်ဆိုပေမဲ့ တူမကောင်းစားတော့ ဦးလေးကလည်း မြင်းစီးရတော့တာပေါ့'

ကိုဂိုက်ကြီးနဲ့ တစ်ရပ်ကွက်တည်းသားချင်း အတွင်းကျကျ သိနေတဲ့ လူနှစ်ယောက်က ကျွန်တော့်ဆိုင်မှာ ပြောပြနေတယ်။

ဒီတော့မှ 'သြော်… ငါ နားစွန်နားဖျား ကြားဖူးတဲ့ အရောင်းအဝယ် အလဲအထပ်ပုံပြင်တွေဟာ တကယ်အဟုတ် ဖြစ်နေတာပါလား' လို့ အောက်မေ့မိလိုက်တယ်။

အဲဒီနေ့က ကွမ်းယာရောင်းရင်း မိုးစုပ်စုပ်ချုပ်သွားတဲ့တိုင် ကိုဂိုက်ကြီးက စလိုက်တဲ့ တွေးစရာ အတွေးတွေက ကျွန်တော့်မှာ အတော မသတ်မဆုံးနိုင်တော့ဘူး။

ပွင့်လင်းလူ့အဖွဲ့အစည်းတဲ့၊ ဂလိုဘယ်လိုက်ဖေးရှင်းတဲ့။ တိုးတက်တဲ့ခေတ်ကြီးမှာ အရာရာတစ်နေရာတည်းမှာ ကျောက်ချသလို ပိတ်ထားလို့ မရဘူးတဲ့။ အစစ လေးဖက်မြင် ရှစ်ဖက်သံကြား ဖွင့်ထားနိုင်မှတဲ့။

ဟုတ်ပြီ၊ အရှိန်အဟုန်ပြင်းပြင်း အိုင်တီခေတ်ကြီးထဲ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ ဆက်စပ်ယှက်နွယ်မှုတွေ မြန်ဆန်လွန်းနေတဲ့ ကာလ၊ အုတ်အရောရော ကျောက်အရောရောဆိုတာနဲ့ ဆွမ်းဆန်နဲ့ ကြွက်ချေးတော့ ခွဲခြားတတ်ဖို့ လိုလိမ့်မယ်။

ကျွန်တော့် တစ်ထ[illegible] တစ်မိုက် ဦးနှောက်က[illegible] အဲလိုပဲ ဆက်တွေးမိတယ်



www.burmeseclassic.com

www.burmeseclassic.com

*'တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ တို့ပြည် တို့မြေ ××× များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ တို့ပြည် တို့မြေ××× ပြည်ထောင်စုအမွေ အမြဲတည်တဲ့စေ အစိုးရနိုင်ပြုမလေ ထိန်းသိမ်းစို့လေ×××'*

ကျွန်တော့် ရင်ဘတ်အင်္ကျီအိတ်ကပ်ထဲက ကမ္ဘာမကြေ သီချင်းသံနဲ့ ဖုန်းမြည်လာလို့ ထုတ်ယူပြီး နားထောင်လိုက်တယ်။

'ဟဲလို'

'ဟုတ်ကဲ့ သမီး ကြူကြူမာပါ လေးလေး'

'သြော် အေးအေး သမီးဆို အခု ဘယ်ကပြောနေတာလဲ'

ကြူကြူမာဆို တာ ကျွန်တော့်ရွာသူကလေးမလေး တက္ကသိုလ်မှာ အေးတက်နေတာလို့ ကျွန်တော်သိထားတာ၊ ရွာမှာနေတဲ့ ကျွန်တော့်အစ်မကမွေးတဲ့ ကျွန်တော့်ရဲ့ တူတော်မောင်နဲ့ ကျောင်းနေဖက်တွေ။ တူတော်မောင်ကတော့ ရွာမှာနေပြီး အဝေးသင်လေးပဲ တက်နေတာလေ။

'သမီး မန္တလေးမှာပဲလေ၊ ဘွဲ့တော့ မတက်ရသေးဘူး။ ကျောင်းပြီးလို့ အလုပ်ဝင်လုပ်နေတာ။ အဲဒါ အခု သမီးတို့ ကုမ္ပဏီ ဘောစ်က သမီးတို့ ရုံးဝန်ထမ်းတွေကို အရည်အချင်းကိုလိုက်ပြီး သူ စိတ်ကြိုက် တွေ့တဲ့သူတွေ ဖုန်းချပေးတာ သမီးလည်းရတယ်၊ အဲဒါ လေးလေးကို လှမ်းဆက်တာ နံပါတ်လည်း ပေးရင်းပေါ့'

'ဟား တယ်ဟုတ်ပါလား၊ ရွာမှာနေတဲ့ လေးလေး

ဟာ
တယ်ဟုတ်ပါလား
မင်းတို့
တောမှာတောင်
ထောင့်ငါးရာ
ဖုန်းတွေ
ဘာတွေ
အပိုင်ရလို့ပါလား
ဒါနဲ့ ငါ့တူ
မင်း
ကျောင်းကကော

တူ ညည်းသူငယ်ချင်းကိုလည်း ဆွဲခေါ်တွဲခေါ်လိုက်ပါဦးအေ၊ ဟိုမှာ သူ့ခမျာ နွားကျောင်းနေရတာ'

'အောင်မယ်လေးလေး လေးလေးတူက ဆရာကြီး၊ သခင်အမျိုးစစ်စစ် ကျွန်အဖြစ် မခံနိုင်ဘူးတဲ့၊ ဘကြီးနွားတော့ အငှားမကျောင်းတော့ဘူးတဲ့၊ ကိုယ့်နွားကိုယ်ကျောင်း ကိုယ့်လယ်ကိုယ်ပဲ စိုက်တော့မယ်တဲ့၊ မြို့လည်းမတက်ဘူး။ နိုင်ငံခြားလည်း ထွက်ဖို့ စိတ်မကူးဘူးတဲ့'

ကြူကြူမာ ဖုန်းချသွားတော့ သူမ ပြောသွားတဲ့ သူမရဲ့ နံပါတ် နှစ်သိန်းဖုန်းလေးဆယ်စနဲ့ ကြူကြူမာလုပ်တဲ့ ကုမ္ပဏီရဲ့ နာမည်က ကျွန်တော့် နားထဲစွဲကျန်နေခဲ့တယ်။ ကျွန်တော့် မျက်စိထဲ ကိုဂိုက်ကြီးကို အမှတ်တရ ပြေးမြင်မိရင်း…

'အား လား လား ကိုဂိုက်ကြီးတို့ ကုမ္ပဏီပါပဲလား'

ကိုဂိုက်ကြီး၊ ပြီးတော့ ဘောစ်ကတော် ကိုဂိုက်ကြီးရဲ့တူမ။

ကျွန်တော့်ခေါင်းတွေ ချာချာလည်မတတ် မူးဝေသွားတယ်။

❑

တစ်ရက်၊ တနင်္ဂနွေ။

ကိုဂိုက်ကြီး ကျွန်တော့် ဆိုင်ရှေ့မှာ စိတ်လို မာန်တက် ဒေါသတွေနဲ့ ဖုန်းစကားပြောနေတယ်။ အဲဒီတော့မှ ကျွန်တော် သတိထားမိလိုက်တယ်။ ကိုဂိုက်ကြီးရဲ့ ခါးမှာ ဖုန်းတစ်လုံး၊ လက်ထဲမှာလည်း စကားပြောနေတာ တစ်လုံး၊ ခါးမှာ ဖုန်းအိတ်နှစ်လုံး ချိတ်ထားတယ်။

'နေစမ်းပါဦး၊ မင်းအကောင်တွေက မနက်ဖြန် တနင်္လာမှာ တစ်ဖွဲ့လုံး မဆင်းနိုင်ဘူးပေါ့၊ ဘာကွ အခွင့်အရေး တောင်းဆိုမယ်၊ ဆန္ဒထုတ်ဖော်မယ်ပေါ့။ 'တောက်' အခုလည်း လုပ်အားခကို တန်ရာတန်ကြေး အပြည့်အဝ ပေးထားတာပဲ၊ ဒီမှာ မင်းကောင်တွေကို ပြောပြလိုက်၊ ခေတ်ပေါ်လစီတွေ လိုက်ပြီး စိတ်ကူးယဉ် ထင်ရာလျှောက်လုပ်ကြရင် မှားမယ်လို့၊ ဘောစ်က အကုန်မှောက်ပစ်လို့ရတယ်'

ကိုဂိုက်ကြီး ရှူးရှူးရှဲရှဲ ဒေါသတွေ အတော်ဖြစ်နေတယ်။

'တောက်– သူတောင်းစား ထမင်းဝ ဇရပ်ပေါ်တက်၊ အဲ ဘာပြောမလဲ မျက်နှာသာပေး ရှေ့ရေးယန်းကန်တက်တဲ့ အကောင်တွေ'

ကိုဂိုက်ကြီး သူ့စကားသူ ဘယ်ရောက်မှန်းမသိ၊ လျှောက်ပြောနေတာ ကျွန်တော်နားထောင်ရင်း စိတ်ထဲက ပြုံးမိတယ်။

ကိုဂိုက်ကြီး စိတ်ပြောင်းသွားပါစေတော့လို့ ကျွန်တော်က–

'ဖုန်းနှစ်လုံး ခါးချိတ်ထားတာ အာစရိ ဘယ်လိုသုံးတာလဲ'

'အင်…အဲ၊ ဂျီမရတော့ စီပေါ့ဗျာ။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေကို နံပါတ် နှစ်ခု ပေးထားလိုက်တယ်။ ကိုယ်ကခေါ်တော့လည်း ဒီတစ်လုံးမရ နောက်တစ်လုံးပေါ့'

ကိုဂိုက်ကြီးရဲ့ ဖုန်းဒဿန ကျွန်တော်တောင် သဘောကျတတာ။

အဲဒီတုန်း ကျွန်တော့် အင်္ကျီအိတ်ကပ်ထဲက ဖုန်းသံမြည်လာတယ်။

'ဟဲလို ပြောပါ'

ကျွန်တော့် အိတ်ကပ်ထဲက ဖုန်းကို ထုတ်နားထောင်ရင်း ပြန်ထူးလိုက်တယ်။ ဖုန်းထဲမှာ ကျွန်တော့်တူတော်မောင်ရဲ့အသံ၊ [illegible] အစ်မက မွေးတဲ့ [illegible] တူ၊ ရွာမှာနေတယ် [illegible] တန်းအောင်တော့ [illegible] ငန်းကို ဗိုင်း [illegible] သင်လေး [illegible]



www.burmeseclassic.com

www.burmeseclassic.com

တန်းတက်ပြီး ဖြေနေတာ။ အခု ဘယ်ကပြောနေတာလဲ မေးတော့ ကျွန်တော် ထောင့်ငါးရာဖုန်း ရထားတာတဲ့။ အဲဒါနဲ့ ကျွန်တော် ဖျတ်ခနဲ စိတ်ကူးတစ်မျိုး ပေါက်လာတယ်။ ကျွန်တော့်ဘေးက ကုလားထိုင်မှာ ကိုဂိုက်ကြီး ထိုင်နေတာလေ။

'ဟာ တယ်ဟုတ်ပါလား၊ မင်းတို့ တောမှာတောင် ထောင့်ငါးရာဖုန်းတွေ ဘာတွေ အပိုင်ရလို့ပါလား။ ဒါနဲ့ ငါ့တူ မင်း ကျောင်းကကော'

ကိုဂိုက်ကြီးက ကျွန်တော့်ဘေးကပ်လျက်ကနေ စိတ်ဝင်တစားနားစွင့်နေတယ်။ ကျွန်တော်ကလည်း သူကြားစေချင်လို့ ဖုန်းစပီကာကို ဖွင့်ထားတာလေ။

'ကျွန်တော် ကျောင်းပြီးပြီ လေးလေး၊ ဘွဲ့တောင် ယူပြီးပြီ၊ အဝေးရောက်ပဲ ယူလိုက်တယ်'

'အဲဒါဆို မင်း မြို့တက် အလုပ် မလုပ်ဘူးလား၊ ဒါမှမဟုတ် နိုင်ငံခြားပဲဖြစ်ဖြစ်ပေါ့ကွာ'

'ဘာလုပ်မှာလဲ လေးလေးရာ၊ ဘွဲ့ရတွေ ဒီလောက်ပုံနေတာ။ ဘွဲ့ရ ကုန်ထမ်းပဲဖြစ်မှာပေါ့။ မုခဆိုးချွေး သူဌေးလက်ကိုင်တုတ်တွေရဲ့ အနိုင်းပဲ ခံရမှာ၊ ပထွေးကို အဖေခေါ်ရမယ့်အလုပ် မြို့တက်တက်၊ နိုင်ငံခြားထွက်ထွက် ဘကြီးနွားတော့ အငှားမကျောင်းတော့ဘူး လေးလေးရေ၊ ကိုယ့်နွားကိုပဲ ကျောင်းတော့မယ်၊ အခု ကျွန်တော် နွားကျောင်းရင်း နွားစာကျက်ထဲကနေ လေးလေးကို ဖုန်းပြောနေတာ'

ဘွဲ့ရတွေ
ဒီလောက်ပုံနေတာ
ဘွဲ့ရကုန်ထမ်းပဲ
ဖြစ်မှာပေါ့
မုခဆိုးချွေး
သူဌေးလက်ကိုင်
တုတ်တွေရဲ့
အနိုင်းပဲ ခံရမှာ
ပထွေးကို
အဖေခေါ်ရမယ့်
အလုပ်
မြို့တက်တက်
နိုင်ငံခြား
ထွက်ထွက်
ဘကြီးနွားတော့
အငှား
မကျောင်းတော့ဘူး
လေးလေးရေ

ကျွန်တော် ကိုဂိုက်ကြီးရဲ့ မျက်နှာကို ဖုန်းပြောရင်း တစ်ချက် ငဲ့ကြည့်လိုက်မိတယ်။ အဲဒီတုန်း ကိုဂိုက်ကြီးရဲ့မိန်းမ ဈေးဝယ်ပြီး ပြန်ရောက်လာလို့ မိန်းမနဲ့ ဈေးခြင်းတောင်းကို ဆိုင်ကယ်ပေါ်တင်ပြီး ကိုဂိုက်ကြီးတစ်ယောက် ဆိုင်ကယ်ကြီး တဖြည်းဖြည်းလီဗာဆွဲပြီး မောင်းထွက်သွားတယ်။

အဲဒီညက ကျွန်တော် တော်တော်နဲ့ အိပ်လို့ မပျော်ဘူး။ စာဖတ်၊ စာရေးလို့လည်း မရဘူး။ အိပ်ရာထဲရောက်တဲ့အထိ ကိုဂိုက်ကြီးက စလိုက်တဲ့ အတွေးတွေ စဉ်းစားစရာတွေက မပြတ်တော့ဘူး။ အထူးသဖြင့် ကိုဂိုက်ကြီး ဘောစိရဲ့ကုမ္ပဏီမှာလုပ်နေတဲ့ ဘွဲ့ရပညာတတ် ကျွန်တော့်ရွာသူမလေး ကြူကြူမာ၊ ပြီးတော့ အဝေးသင်ကလေးနဲ့ ကျောင်းပြီးထားတဲ့ ရွာက ကျွန်တော့်တူလေး။

ကျွန်တော့် အိမ်ကလေး ပတ်ဝန်းကျင် မနီးမဝေး စက်ရုံတွေက နာရီသံချောင်းသံတွေကို တစ်နာရီပြီး တစ်နာရီ စောင့်နားထောင်နေရသလို ကြိုးကြား ကြားနေရတယ်။ အိပ်ရာပေါ် ပက်လက်လှန်လျက်က ပညာတတ်ကလေးတွေ ဖြစ်ပါလျက် ထိုက်တန်တဲ့ ဘဝအာမခံချက် မရှိရှာမရရှာကြတဲ့ ကျွန်တော့်တူလေးနဲ့ ကြူကြူမာတို့ရဲ့ မျက်နှာတွေကိုပဲ မြင်ယောင်နေမိတယ်။ ကျွန်တော့်မျက်လုံးတွေ မှေးစင်းလာတဲ့အထိ မြင်ယောင်နေမိတယ်။

*'တရားမျှတ လွတ်လပ်ခြင်းတဲ့မသွေ တို့ပြည် တို့မြေ၊ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ တို့ပြည် တို့မြေ၊ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ×××'*

ဖုန်းသံဝင်လာလို့ ကျွန်တော်အိတ်ကပ်ထဲက ထုတ်ပြီး ကိုင်ကြည့်လိုက်တော့ ကြူကြူမာ့ဖုန်း။

'လေးလေး သမီး ရွာပြန်ရောက်နေတယ်။ အဲဒါ လေးလေးကို လှမ်းပြောတာ'

'ဩော် - ဟုတ်လား သမီး၊ အလုပ်ကရော ခွင့်နဲ့လား'

'ခွင့်မဟုတ်ဘူး လေးလေး၊ အပြီးပြန်ရောက်နေတာ'

'ဟေ ဒါဆို ကုမ္ပဏီအလုပ်က ထွက်လိုက်တာပေါ့'

'ထွက်လိုက်တာမဟုတ်ဘူး လေးလေး၊ ကုမ္ပဏီလုပ်ငန်းကြီးတစ်ခုလုံးက ပိတ်သွားပြီ'

ကြူကြူမာ့စကားကြားရတော့ ဖုန်းပြောရင်း ကျွန်တော် အပြေးအလွှား စဉ်းစားမိတယ်။ ညနေကပဲ ကျွန်တော်တို့ တူဝရီး ဖုန်းပြောတော့ ကိုဂိုက်ကြီးတောင် ရှိနေသေးတာပဲ။ ကိုဂိုက်ကြီးရဲ့ဟန်ပန်စတိုင်လ်တွေ အရင်လို ဂိုက်ဆိုက်ကြီးမြဲအတိုင်းတိုင်းပါပဲ။

နောက်တော့ ဖုန်းထဲမှာ ကြူကြူမာပြောပြတယ်။ နယ်စပ်ဒေသတစ်ခုမှာ ဖမ်းမိတဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်ရေးလုပ်ငန်းအကြီးအကျယ်ဂိုဏ်းတစ်ဂိုဏ်းမှာ သူမတို့ရဲ့အလုပ်ရှင် ဘောစိလည်း ငြိစွန်းပတ်သက်ခဲ့တဲ့အကြောင်း၊ ခုတော့ သူမတို့ ဘောစိလည်း နိုင်ငံခြားကို ရှောင်တိမ်းသွားကြောင်း၊ ကျန်ခဲ့တဲ့ ပိုင်ဆိုင်မှုလုပ်ငန်းခွင်တွေကို အစိုးရက ချိတ်ပိတ်တော့ သူမတို့ ဝန်ထမ်းတွေလည်း လုပ်ငန်းခွင်က ထွက်ခွာပေးခဲ့ရတဲ့အကြောင်း စုံစုံစေ့စေ့ ကျွန်တော်သိလိုက်ရတယ်။

ပိုပြီး အံ့သြဖို့ ကောင်းတာက အစိုးရရဲ့ ချိတ်ပိတ်ခံရတဲ့ ကြူကြူမာတို့ ဘောစိပိုင်ဆိုင်မှုတွေထဲမှာ ကျွန်တော့်အိမ်နဲ့ မနီးမဝေးက စက်ရုံခြံ



www.burmeseclassic.com

www.burmeseclassic.com

ဝင်းကြီးလည်းပါတယ်။ ဒီတော့မှ…

'အာ…ဒီစက်ရုံခြံဝင်းကြီး ချိတ်ပိတ်ခံရတာ ငါလည်း ကြားပြီး သိပြီးသားပဲ'

ကျွန်တော်စိတ်ထဲ အောက်မေ့မိလိုက်တယ်။

'အခု သမီးတို့ နှစ်ယောက်စလုံး ဘုန်းဘုန်းအရှင်ပညာဇောတရဲ့ ဘုန်းတော်ကြီး အလွတ်ပညာသင်ကျောင်းမှာ ကုသိုလ်လည်းရ ဝမ်းလည်းဝ ကလေးတွေကို စာသင်ပေးနေတယ်။ ဆရာတော် ဘုန်းဘုန်းကလည်း သမီးတို့ကိုထောက်ပံ့ပါတယ်'

ဆရာတော် အရှင်ပညာဇောတဆိုတာ ကျွန်တော်တို့ရွာရဲ့လူမှုရေး၊ ဘာသာရေး၊ ပညာရေးကို တတ်စွမ်းနိုင်သရွေ့ အားစိုက်လုပ်ဆောင်နေတဲ့ သက်တော်လေးဆယ်ခန့်အရွယ် တောရကျောင်းဆရာတော်တစ်ပါးပါ။

ကျွန်တော် အချိန်ဆွဲမနေတော့ဘဲ တစ်ရက် ရွာကိုရောက်သွားတယ်။ ဆရာတော် အရှင်ပညာဇောတရဲ့ အလွတ်ပညာသင် မူလတန်းကျောင်းကလေးမှာ ဖြူစိမ်းယူနီဖောင်းဝတ်စုံကလေးတွေနဲ့ ကျေးရွာလူထုရဲ့ သားပျို သမီးပျိုကလေးတွေ စည်းကမ်းတကျ သေဝပ်စွာနဲ့ စာသင်ကြလို့။ စာအုပ်၊ ဘောလ်ပင်၊ ခဲတံကအစ ကုသိုလ်ရှင်များနဲ့ ဆရာတော်က တာဝန်ယူလို့ နောင်တစ်ခေတ်အတွက် လူငယ်တွေရဲ့ အခန်းကဏ္ဍကို လှပလေအောင် တစ်ပိုင်တစ်နိုင် လုပ်ဆောင်နေတာ မျက်မြင်တွေ့လိုက်ရတယ်။

ကျောင်းဆင်းချိန် ကျောင်းသား၊ ကျောင်းသူလေးတွေ စည်းကမ်းသေဝပ်စွာနဲ့ ကျောင်းဆင်းသွားကြတော့ နောက်ဆုံးမှာ ဖြူစိမ်းယူနီဖောင်းဝတ်စုံနဲ့ လူငယ်ကျောင်းဆရာလေးတစ်ယောက်နဲ့ ဆရာမလေးတစ်ယောက် ကျွန်တော်ရှိရာဆီ လျှောက်လာနေတယ်။ အနားရောက်လို့ ကြည့်လိုက်တော့ ကျွန်တော့်တူလေးနဲ့ ကြူကြူမာ ဖြစ်နေတယ်။

'သမီးတို့ သားတို့ကို လေးလေးက ဒီလိုပဲ ဖြစ်စေချင်တာ၊ ဒါမှ ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်ကို ချစ်တာ'

'ဟုတ်ကဲ့ပါ လေးလေး'

တူတော်မောင်က ဖြေတယ်။

ကြူကြူမာက ဆက်ပြီးတော့ သွားစွယ်လေးတွေပေါ်အောင်ပြုံးရင်း…

'လေးလေး သမီးတို့လည်း လာမယ့် သီတင်းကျွတ်ရင် လက်ထပ်ကြတော့မယ်။ ဆရာတော်ကလည်း မိန့်တယ်။ ဒကာလေး ဒကာမလေးတို့ ပညာတတ် ဇနီးမောင်နှံလေးနှစ်ယောက်နဲ့ ဆရာတော်နဲ့ လက်တွဲပြီး နောင်လာနောက်သား လူငယ်လေးတွေအတွက် ပညာဒါနပေးဝေးကြမယ်၊ ရပ်တည်မှုအတွက် ဘာမှ မပူနဲ့တဲ့'

အဲဒီနောက် ကြူကြူမာတို့နှစ်ယောက် ကျွန်တော့်ဆိုင်ကယ်နဲ့ ယှဉ်ပြီးထောက်ထားတဲ့ ဘေးနားက သူတို့ဆိုင်ကယ်ပေါ်ကို တူတော်မောင်က ရှေ့က၊ ကြူကြူမာက နောက်မှာ တင်ပါးလွှဲလေး ထိုင်ပြီး ဝူးခနဲ မောင်းထွက်သွားကြတယ်။

ကျွန်တော် ရုတ်တရက် ဘွားခနဲ သတိပြန်ဝင်လာတယ်။ ခေါင်းရင်းဘက် ဖွင့်ထားတဲ့ ပြတင်းပေါက်အတိုင်း လရောင်က ကျွန်တော့်ခြင်ထောင်အတွင်းထိ ဖွေးဖွေးထိန်ထိန် ကျရောက်နေတယ်။ ကျွန်တော့်အိမ်ရှေ့ လမ်းမအတိုင်း မောင်းသွားတဲ့ ဆိုင်ကယ်တစ်စီးရဲ့ အင်ဂျင်စက်သံကို ကြားနေရတယ်။ ခဏနေတော့ ခပ်လှမ်းလှမ်း စက်ရုံတစ်ရုံက ညတစ်နာရီထိုးတဲ့ သံချောင်းခေါက်သံတစ်ချက် ကြားရတယ်။

'သြော်… ငါ ကလေးတွေကို စိတ်စွဲပြီး အိပ်မက်မက်တာပဲ'

သက်ပြင်းရှည်တစ်ချက်ကို ခွဲခွဲငင်ငင် ချလိုက်မိတယ်။ မျက်စိထဲမှာလည်း ကျွန်တော့်အိမ်နဲ့ မနီးမဝေးမှာရှိတဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်သုံးနှစ်လောက်က မူးယစ်ဆေးဝါး ရောင်းဝယ်မှုတစ်ခုနဲ့ ငြိစွန်းပြီး နိုင်ငံခြားကို ရောင်တိမ်းသွားတဲ့ ပိုင်ရှင်ဘောစိတစ်ယောက်ရဲ့ ချိတ်ပိတ်ခံထားရတဲ့ စက်ရုံဝင်းကြီးကို မြင်ယောင်မိတယ်။

ပြီးတော့ စားကျက်ထဲမှာ နွားကျောင်းနေတဲ့ ကျွန်တော့်တူကလေး၊ ပြီးတော့ ကြူကြူမာ။ သူတို့ပုံရိပ်တွေက ကျွန်တော့်မျက်စိထဲမှာ…။

ကျွန်တော် နောက်ထပ် သက်ပြင်းရှည်ပေါင်းများစွာကို ထပ်ကာ ထပ်ကာ ချနေမိတယ်။

■

လှငြိမ်းအေး၊ဆီမီးခုံ၊

ဆရာ၊
ဆရာမများ ခင်ဗျာ
ရွှေအမြုတေသို့
စာမူများ ပေးပို့
ချီးမြှင့်ကြခြင်းကို
ကျေးဇူးတင်
ဝမ်းမြောက်ရပါတယ်။
ပေးပို့လာတဲ့ စာမူနဲ့
ဖော်ပြနိုင်တဲ့ စာမျက်နှာ
မမျှတတာကြောင့်
ကျွန်တော့်ဆီမှာ
စာမူတစ်ပုဒ်ပါဖို့
အချိန်တော်တော်ကြာကြာ
စောင့်ရပါတယ်။
ဆရာတို့အနေနဲ့
မစောင့်နိုင်လို့
အခြားမဂ္ဂဇင်းကို
ပို့တယ်ဆိုရင်
ကျေးဇူးပြုပြီး
ရွှေအမြုတေမဂ္ဂဇင်းသို့
ဆက်သွယ်ကာ
ပေးပို့ထားတဲ့စာမူ
စာရင်းမှ
ပယ်ဖျက်ပေးဖို့
အကြောင်းကြားစေလို
ပါတယ်။ ဒီလို
မဆက်သွယ်ခဲ့တဲ့အတွက်
မတ်လထုတ် မဟေသီ
မဂ္ဂဇင်းမှာ ဖော်ပြပြီး
ဖြစ်တဲ့ ဆရာ
အရှုတ္တရဲ့စာမူက
ရွှေအမြုတေမှာ ထပ်ပြီး
ဖော်ပြမိပါတယ်။
တကယ်တော့
အခြားတိုက်ကိုပို့ရင်
မူလပို့ထားတဲ့ တိုက်ကို
အကြောင်းကြားရမယ်
ဆိုတာ စည်းကမ်း
တစ်ရပ်အနေနဲ့
ရှိပါတယ်။ ဒီစည်း[illegible]
ကိုတော့ [illegible]
လိုက်နာကြ[illegible]
ရမ်[illegible]
■
ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၂၃၆၊ ဇူလိုင်၊ ၂၀၁၄

အဘိုးသည်
နွားစားကျက်ကွင်းပြင်
တစ်လျှောက်
မျှော်ရီငေးနေသည်။
အဘိုး ငေးနေသည်မှာ
မည်မျှကြာပြီ မသိ။
အဘိုး၏မြင်ကွင်းရှေ့ရှိ
အဘိုးပိုင်နွားများပင်
တစ်ကောင်စ
နှစ်ကောင်စနှင့်
စားကျက်ကွင်းနှင့်ဝေးရာသို့
ထွက်သွားနေသည်။
ခါတိုင်းလို အဘိုးသည်
သူ့နွားများ နောက်
တကောက်ကောက်
လိုက်ပြီး ငေါက်ငမ်း
မနေတော့ပေ။
အရိပ်ကောင်းသော
မန်ကျည်းပင်ကြီး
အောက်တွင် ထိုင်ရင်း
ပအိုဝ်းလွယ်အိတ်လေး
ထဲက ပတ္တမြား
ဆေးပေါ့လိပ်ကိုသာ
တွင်တွင်ကြီး ဖွာသည်။
အနားတွင်မူ နဂိုက
ဖြူဆွတ်နေလိမ့်မည်ဟု
ထင်ရသော ရေသန့်ဘူး
ညိုညစ်ညစ်ထဲက
အရည်တွေကိုလည်း
တစ်ငုံပြီးတစ်ငုံသာ
သောက်နေသည်။ မကြာမီ
ထိုရေသန့်ဘူးထဲက
အရည်တွေကုန်တော့မည်။
အဘိုးသည် ခုမှ
သက်ရှိလူတစ်ယောက်နှယ်
လှုပ်လှုပ်ရှားရှားလာသည်။
အနောက်ဘက် မိုးကုပ်
စက်ဝိုင်းအတွင်း နေလုံးသည်
တိုးဝင်ပျောက်ကွယ်တော့
မည်ဆိုသည့် အသိကြောင့်
ခုမှ နွားများကို ပြန်ကောက်
ရန် အဘိုးစဉ်းစားသလား။
လေးဖင့်နေသော လှုပ်ရှားမှု
များနှင့် အဘိုးသည်စားကျက်
ကွင်းကိုကျော်ဖြတ်လျက် သူ့
နွားများကိုရှာသည်။ သို့နှင့်
ရှာအဝင် မြေနီနီလမ်းသို့
အဘိုးပြန်လည် ခြေဦးတည်
သည့်အခါ နေသည် ပျောက်
ကွယ်သွားလေသည်။

❑

၁။

ငွေဒင်္ဂါးပြားများကို

# အဘိုးနှင့် ငွေရောင်အဖျတ္တ

**သော်ရင်း၊ မြိုင်ကော်၊**

ရေတွက်နေစဉ် အိမ်အောက်
ထပ်က ခြေသံကြားသဖြင့်
ကတ္တီပါအိတ်ရှည်လေးကို
လစ်ခနဲ ပြန်ချည်ကာ ကျွန်း
သေတ္တာထဲသို့ မြန်မြန်လေး
ပြန် ထည့် လိုက် သည် ။
ဖယောင်းတိုင်မီးရောင်သည်
အမှောင်ထုအားကြီးသော
လမိုက်ညတွင် ထင်တိုင်း
မပေါက်။ အဘိုးက ဒူးနှစ်
ဖက်ကိုကိုင်ပြီး ကုန်းထတော့
ခြေသံသည် အိမ်တံခါးမကြီး
ရှေ့တွင်ရပ်သည်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'ဘယ်သူလဲ'

ခြေသံရှင်သည် အသံမပေး။ ထိတ်ခနဲဖြစ်သွားသောအဘိုး၏ စိတ်သည် ဓားရှည်ကို လှမ်းဆွဲကိုင်လိုက်သည်။ ဖယောင်းတိုင်မီးကို ဟုတ်ခနဲ မှုတ်ငြိမ်းလိုက်ပြီး ခြေသံဖွဖွဖြင့် တံခါးမကြီးနား တိုးကပ်သွားသည်။ ယခုအချိန်အထိ ခြေသံရှင်သည် အသံမပေးသေး။ မှောင်မည်းတိတ်ဆိတ်နေသော အဘိုး၏ အိမ်တွင် သူစိမ်းလူတစ်ယောက် ရောက်နေသည်။ ထို့အတူ အဘိုးလည်း မည်သူ မည်ဝါ နည်းဆိုခြင်းထက် အန္တရာယ်လော၊ သူခိုးဓားပြလေလော နှင့် တံခါးဆီသို့ ဖြည်းဖြည်းချင်းရွေ့လျားလျက် ရှိသည်။ အဘိုးတံခါးရှေ့သို့ ရောက်ပြီ။ သည်တွင် အနံ့တစ်မျိုးသည် အဘိုးနှာခေါင်းဝသို့ ရောက်ရှိလာသည်။ ချွေးနံ့။ ဟုတ်သည် ထိုချွေးနံ့ကို အဘိုး မှတ်မိသည်။ သို့ဆိုလျှင် တံခါးရှေ့ တွင် အသံမပေးဘဲ ရပ်နေသူသည်…။

လျှင်မြန်စွာဖြင့် တံခါးချက်ကို ဆွဲချလိုက်တော့ အမှောင်ထဲတွင် ထီးထီးကြီး ရပ်နေသောလူတစ်ယောက်။ အရပ်အမောင်းကောင်းကောင်းနှင့် အဘိုးကပင် မော့ကြည့်လိုက်ရပြီ။

'ဘဦး…ဘဦးလား'

အဘိုး၏ အသံများ လှိုက်တုန်နေသည်။ ပြန်လာပြီပေါ့။ အဘိုးက တံခါးဖွင့်ပြီးသည်နှင့် အိတ်ကပ်ထဲက ဂတ်စ်မီးခြစ်လေးကို ထုတ်ခြစ်လိုက်ပြီး စောစောက ဖယောင်းတိုင်ရှိရာကို ပြန်လာသည်။ ပြီး မီးညှိလိုက်သည်။

> အဖေတဲ့
> အဘိုးရင်ထဲ
> တစ်မျိုးကြီး
> ဖြစ်သွားသည်
> ထိုကဲ့သို့သော
> ခေါ်သံသည်
> ဝေးသွားခဲ့ပြီ
> မဟုတ်လား
> ရာသီကို
> လက်ချိုး
> ရေတွက်မလား
> နာရီကို
> ရေတွက်မလား
> အဘိုး
> မမှတ်မိတော့

အလင်းသည် ခဏချင်းပင် ထိန်လာသည်။ အဘိုးက နောက်ဘက်သို့ လှည့်မကြည့်။

တစ်လှမ်းချင်းဝင်လာသော ခြေလှမ်းများသည် တစ်ချိန်တုန်းကလို အသံလုံနေပြန်သည်။ ထို့အတူ အဘိုးနှင့် ထိုလူသည်လည်း မည်သည့်စကားမျှ မပြောပါဘဲ အသံတွေ တိတ်ဆိတ်နေခဲ့သည်။

အဘိုးလက်တွေက မလှမ်းမကမ်းမှာရှိနေသော ရေသန့်ဘူးပေါင်းတစ်လုံးကို လှမ်းဆွဲပြီး-

'ရော့ ခေါင်း။ အမြည်းတော့မရှိဘူး'

သံပြတ်ဖြင့် လိုရင်းတိုရှင်းစကားကို အဘိုးပြောတော့ ထိုလူ မော့ကြည့်သည်။ မည်သည့်စကားမျှ မပြော။ ခေါင်ဘူးကို မော့သည်။ ပြီးတော့ ပါးစပ်ကို လက်ဖမိုးနှင့် ဘယ်ပြန်ညာပြန်သုတ်သည်။ ပြီး သက်ပြင်းရှည်ကိုချသည်။ အဘိုးက ဆေးပေါ့လိပ်တစ်လိပ် ကမ်းပေးသဖြင့် ထိုလူ လှမ်းယူကာ ဖယောင်းတိုင်မီးနှင့် မီးညှိသည်။ တစ်ချက်ရှိုက်ပြီး မီးခိုးငွေ့တွေကို မှုတ်ထုတ်လိုက်တော့ ခေါင်မိုးကိုလွန်ပြီး ကြယ်များကို မြင်လိုက်ရ၏။ နောက် ဟိုကြည့်ဒီကြည့်ပြန်တော့ အဘိုး၏ အိမ်ခေါင်မိုးသည် ကြယ်များနှင့် လှနေသည်လား ထိုလူဝေခွဲရခက်နေပါလိမ့်မည်။ သို့သော် မှောင်မြဲမှောင်နေသော လမိုက်ညကတော့ တိတ်ဆိတ်မြဲ။

❑

၂။

နံနက်ခင်း စောစောတွင်ပင် နွားများ တဘူဘူတဘော်ဘော်နှင့် အော်ဟစ်နေချေပြီ။ ကြက်တွန်သံဖြင့် မလင်းသော နံနက်ခင်းများတွင် နွားအော်သံဖြင့် အဘိုးနိုးတတ်နေခဲ့ပြီ။ အိပ်ရာထ မျက်နှာသစ်ပြီး မီးမွှေး၊ ရေနွေးအိုးတည်လိုက်သည်။ မီးခိုးတလူလူသည် ထရံပေါက်များမှတစ်ဆင့် အူထသွားသည်။ ခုတော့ အဘိုးကိုယ်တိုင် ရေနွေးအိုးတည်နေရချေပြီ။ ဒီလိုဆိုတော့ အဘွားကြီးကို သတိရသည်။ အဘွားကြီးက အဘိုးမထခင် ရေနွေးအိုးတည်၊ ထမင်းချက်ပြီးမှ အဘိုးကို နှိုးတတ်သည်။ ပြီးတော့ ငရုတ်သီးထောင်းလေး၊ ဘူးရွက်ကြော်လေးနှင့် ထမင်းပွဲပြင်ဆင်ပေးသည်။ ပြီးသည်နှင့် အဘိုးက ခေါင်ဘူးကလေးဆွဲပြီး နွားတစ်သိုက်နှင့် စားကျက်ရှိရာ ထွက်ခွာနေကျ။ ခု အဘွားကြီး မရှိ။

'အဖေ'

အဖေတဲ့။ အဘိုးရင်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။ ထိုကဲ့သို့သော ခေါ်သံသည် ဝေးသွားခဲ့ပြီ မဟုတ်လား။ ရာသီကို လက်ချိုးရေတွက်မလား၊ နာရီကို ရေတွက်မလား အဘိုး မမှတ်မိတော့။

'ဘာပြောစရာရှိလို့လဲ ဘဦး'

အဘိုး နောက်သို့ လှည့်မကြည့်ပေ။ စကားသံများ ယခင်အတိုင်းပဲ မာဆတ်ဆတ်ဖြစ်နေပါလိမ့်မည်။ မာလက်စနှင့် ဆက်၍ မာနိုင်အောင် အဘိုးကြိုးစားသည်။

'အဖေတစ်ယောက်တည်းနေတာလား'

အဘိုး ခုမှ နောက်လှည့်ပြုံးသည်။ ဘယ်နှယောက်မြင်နေလို့လဲ ဘဦးဟု မမေး။ အဘိုး အိမ်လေးထဲက အခင်းအကျင်း အပြင်အဆင်က ခုမနက်မှာ လင်းရှင်းစွာ မြင်နေခဲ့ပြီး မဟုတ်လားဟုလည်း မမေး။ ဖြေစရာမလိုလောက်အောင် အဘိုး၏ အဖြစ်ကို အဘိုးအိမ်က ပြောပြနေခဲ့ပြီးသား။ သို့သော်လည်း ဘဦး မေးလာတော့ ဖြေရမည်ပေါ့။

'မွေးကတည်းက တစ်ယောက်တည်းဆိုတာ [illegible] နေတတ်ကြတာ ငါ့[illegible]အင်



www.burmeseclassic.com

www.burmeseclassic.com

ပဲကွ။ ခုတော့ ငါသိသွားပြီ'

ပြတ်သည်။ အဘိုး ယူစရာရှိသည်များကို လွယ်အိတ်ထဲ ကောက်ထည့်လိုက်သည်။ အဓိက ခေါင်ဘူးနှင့် ဆေးပေါ့လိပ် ပါဖို့လိုသည်။ အိမ်ပေါ်ကဆင်းပြီး နွားခြံကို ဖွင့်ပေးလိုက်တော့ နွားများက သူတို့တွေ ဘယ်ကိုသွားရမည်ဆိုသည်ကို သိ၍လားဘူဘော်နှင့် တိုးဝှေ့ထွက်ကုန်ကြသည်။ အိမ်ကလေးပေါ်မှာ ကျန်ရစ်ခဲ့သော ဘဦးဆိုသူကိုမူ အဘိုးသည် နှုတ်ပင်ဆက်မလာခဲ့။ နံနက်စာဆိုတာကိုလည်း ပြင်ဆင်မပေးခဲ့။ လက်ခြေပါနေသော လူတစ်ယောက်ဖြစ်သည်မို့ တစ်ဝမ်းတစ်ခါးအတွက်တော့ ခြံထဲဆင်း ဟိုအရွက် ဒီအညွန့် ခူးရုံနှင့် ဗိုက်ဖြည့်တတ်ပါလိမ့်မည်။ သည်သို့မှမလုပ်လျှင် ငတ်ရုံသည်သာရှိသည်ကိုလည်း သိမည်ထင်၏။ ရွာထိပ်အရောက် အကြော်ဆိုင်မှာ ကောက်ညှင်းပေါင်းနှင့် အကြော်ဝယ်လိုက်သည်။ ပြီးတော့ လွယ်အိတ်ထဲအထည့် ကတ္တီပါအိတ်ရှုံ့လေးကို စမ်းရသေးသည်။

မနေ့ညကအပြီးအထိ ငွေဒင်္ဂါးတွေကို မရေတွက်ခဲ့ရ။ ဘဦး အိမ်သို့ ပြန်ရောက်လာသည့် အကြောင်းက မည်သည့်အကြောင်းလဲ မသိရသော်လည်း အဘွားကြီး ရင်မတုန်အောင် အဘိုးထုပ်ပိုးလာခဲ့ရပြီ မဟုတ်လား။

❑

၃။

မိုးသဲသဲမဲမဲရွာသော တစ်ရက်တွင် အဘိုး ရွာအဝင်နောက်ကျသည်။ နွားများပျောက်နေသဖြင့် ရှာရင်းဖွေရင်းပင် မိုးမိခဲ့ရသည်။ ဒီကနေ့ မိုးသည် မိုးရေပိုပါသဖြင့် အဘိုး တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုလျက်ရှိသည်။ အဘိုးအိမ်ကို ပြန်ရောက်ချိန်တွင် လုံးဝ မှောင်သွားချိန်ဖြစ်သွားသည်။ မိုးသည် မတိတ်သေး။ အိမ်အပေါ်ထပ်သို့ တက်လာချိန်တွင် စိတ်ပျက်ဖွယ်မြင်ကွင်းက အဘိုးကို ဆီးကြိုသည်။ ဖယောင်းတိုင်ရှာပြီး မီးအရင်ထွန်းသည်။ မိုးရွာလျှင် ထိုသို့ဖြစ်မည်ကို သိသည်။ မိုးယိုသဖြင့် ရွှဲရွှဲစိုနေသော ကြမ်းပြင်သည် ခုမိုးကြောင့် တစ်ပြေးညီစိုစွတ်ကုန်ပြီ။ အဘိုးစိတ်ထဲ မသက်သာသဖြင့် ဖျတ်ခနဲ စောစောက မိုးစိုသည့်ကြမ်းပြင်ကို ပြန်ကြည့်သည်။

ပစ္စည်းများ ရှင်းလင်းနေသည်။ မိုးယိုသည့် အခန်းထောင့်တစ်နေရာတွင် တိုလီမိုလီပစ္စည်းများ စုပုံထားသည်ကို တွေ့ရသည်။ ထိုပစ္စည်းပုံနားသို့ တိုးကပ်ပြီး အဘိုး ကြည့်သည်။ ထိတ်ခနဲဖြစ်သွားသောစိတ်သည် ကျွန်းသေတ္တာကိုရှာသည်။ ပစ္စည်းတွေကို တစ်ခုပြီးတစ်ခု လှန်လောရှာဖွေသည့်တိုင် ကျွန်းသေတ္တာကို မတွေ့ရ။

'ဘဦး ဘဦးများ'

အဘိုး အိမ်ပေါ်ကနေ ကတုန်ကယင်နှင့် ဆင်းသည်။

ဘဦးပြန်လာကတည်းက တစ်စုံတစ်ခုအတွက်ဆိုတာ အဘိုးသိနေသည်။ ဘဦး အိမ်ကထွက်သွားချိန် အဘိုးနှင့်အဘွားကို တစ်ချက်မှ လှည့်မကြည့်ခဲ့။ ဘဦး၏ မွေးစားမိဘများလက်ထဲတွင် ပြည့်စုံစွာနေရသည့်တိုင် တစ်ခါတစ်ခါ လူကြုံဖြင့် ငွေအစ ပစ္စည်းအဆုံး မှာတတ်သည်။ ရင်မှဖြစ်တည်သော သားတစ်ယောက်အတွက် ပညာသင်စရိတ် မတတ်နိုင်သည့်တိုင် ဘဦးမှာသည့် အမှာပစ္စည်းတွေကိုတော့ အဘွားက မရရအောင်ရှာဖွေပေးရှာသည်။ မွေးစားမိဘကိုလည်း အကျိုးမပေးရှာသော ဘဦးက မိဘရင်းဖြစ်သော အဘိုးနှင့် အဘွားကိုလည်း ဒုက္ခတွေပေး၍ အားရမှ အဆက်အသွယ်ဖြတ်ချသွားသည်။ ဘယ်သောင်ဘယ်ကမ်း ဆိုက်မှန်း မွေးစားမိဘများ မသိရှာ။

မျိုးစေ့မမှန် ပင်မသန်ဟု တွေ့တိုင်းပြောပြသော မွေးစားမိဘများကို အားနာ၍ ဘဦးဘယ်ရောက်သွားသလဲ အဘိုး မမေး။ ပညာကောင်းကောင်းသင်ရစေ၊ ဘဝကောင်းကောင်းနေရစေဆိုသည့် ရည်ရွယ်ချက်တွေ ပျောက်ကုန်သည်။ အဘွားသည် ထိုစိတ်နှင့်၊ အဘိုးသည် ထိုစိတ်နှင့်။

အမေ၊ အဖေရယ်ဟု တိတိပပခေါ်ပြောခြင်း မခံခဲ့ရ။ မကြားလိုက်ရ။ ခု ဘဦး အိမ်ပြန်လာသည့်အချိန်တွင် အဘွားသည် ဘဦး၏ ချွေးနံ့ကိုပင် မရှူရတော့။ အဘိုးသည်ပင် ထိုချွေးနံ့ကို ရှူမိပြီး သံယောဇဉ်လက်ကျန်နှင့် လက်ခံထားခဲ့သည်။ ခုတော့ ပူလောင်ရချေပြီ။

အဘိုးခြေလှမ်းတွေ မိုးရွာထဲတွင် လေးတိလေးကန်။ ရွာလယ်က ခေါင်ဆိုင်မှာ ဘဦးရှိမည် အထင်နှင့် လာခဲ့သည်။ ခေါင်ဆိုင်သည် စကားလုံးများနှင့် အရှိန်ရနေပြီ။

'အဘိုးကြီး တန်ဖိုးထားတာ နှစ်ခုပဲရှိမှာကွ သန်းအောင်ရ။ သူ့နွားတွေ တစ်ကောင်မှ မလျှော့တာကို ကြည့်။ အိမ်ခေါင်မိုးက ဟောင်းလောင်း၊ ထရံက အပေါက်အပြဲနဲ့။ နွားတစ်ကောင်လောက်ရောင်းလိုက်ဒါမှမဟုတ် နှစ်ကောင်လောက် ရောင်းလိုက်ကွာ ဘာဖြစ်မှာတုံး ကဲ။ နောက်တစ်ခုရှိသေးတယ်။ အဘိုးကြီး ညည ထုတ်ထုတ်ရေတွက်နေတဲ့ ငွေဒင်္ဂါးပြားတွေ'

'ဘဦး'

အဘိုး၏အသံသည် တိုးပါသည်။ တစ်ဆိုင်လုံး အဘိုးကိုကြည့်ပြီး ဘဦးရှိရာခုံသို့ ကြောင်တောင်တောင်နှင့် ကြည့်ကြသည်။ သို့သော် ဘဦး ကြားသည်။ ခပ်တည်တည်လှည့်ကြည့်လာပြီး-

'ဘာလဲ အဖေ'

'ငါ့ ကျွန်းသေတ္တာ ဘယ်မလဲ'

ဘဦးက ပခုံးတွန့်လျက် မျက်စပစ်ပြသည်။

'ဟိုမှာလေ ရောင်းပစ်လိုက်ပြီ။ အရက်သောက်ချင်လို့'

'ဘာကွ အဲဒီအထဲမှာ ဘာပါလာသလဲ မင်းသိတယ်မလား။ ခုပေး ငါ့ပစ္စည်း။ ဟော့ကောင် ပြောနေတာကြားလား၊ ကြားလားလို့ ငါမေးနေတယ်'

ဘဦးက အဘိုးကို ကြောင်ပြီးကြည့် သည်။ အဘိုး အသားတွေ ဘဆတ်ဆတ်တုန်နေသည်။ မိုးရေ

www.burmeseclassic.com

ကြောင့်လား၊ ဒေါသကြောင့်လားဆိုသည်ကို အဘိုးကိုယ်တိုင် မဝေခွဲတတ်။

'ဘာမှ မရှိပါဘူး၊ အဖေ့သေတ္တာက အခွံကြီးဟာ။ အရေးထဲ အဖေက တစ်မျိုး'

'မင်း မင်း ငါ့ငွေဒင်္ဂါးပြားတွေ ငါ့ငွေဒင်္ဂါးပြားတွေ...'

'ဟာ အဘိုး ဘာတွေ ပြောနေတာလဲ'

'ဟုတ်ပ အဘိုး ဘာဖြစ်လာတာလဲ၊ ဘယ်က ဘဦးလဲ'

'ဘဦးသေသွားတာ ကြာပြီပဲကွ'

'အေးလေ အဘိုးက ဒီလိုမိုးရွာတဲ့နေ့တွေဆို စိတ်က ဖောက်တတ်တယ်။ သနားပါတယ်။ အဘိုးမိန်းမလည်း ဆုံးသွားတာဆိုတော့ တစ်ယောက်တည်းနေရင်း အထီးကျန်နေတာကြာလာတော့ ထင်မိထင်ရာတွေ တွေးမိတယ် ထင်ပါရဲ့ကွာ'

ထိုအသံကိုပဲ အဘိုးကြားလိုက်ရသည်။ အရိပ်တွေ ပြေးလွှားနေသည်ကို မြင်သည်။ အသံများ ကြားတစ်ချက် မကြားတစ်ချက်။ ဝိုးတဝါးနှင့် အဘိုးမကြားရတော့။ မိုးသည်လည်း တိတ်သွားသည်။ ထိုည အဘိုး၏နွားများ တဘူဘူ အော်လွှန်းသည်ဟု ရွာကတော့ပြောသည်။

❑

၄။

အဘိုးကို ခါတိုင်း နွားစားကျက်ကွင်းမှာပဲ အမြဲလိုလို တွေ့နေရတတ်ပါသည်။ ခါတိုင်းနှင့် ထူးခြားလာသည်ကတော့ အဘိုး ထပ်ခါတလဲလဲ ပြောလာတတ်သော စကားတွေပဲ ဖြစ်သည်။ နေလုံးသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းအတွင်း ဝင်ရောက်ပျောက်ကွယ်တော့မည်။ အဘိုးက သူ့နွားများကို တဟဲ့ဟဲ့နှင့် အော်ငေါက်မောင်းလာရင်း ရွာဘက်ကို တဖြည်းဖြည်း ရောက်လာပြီ။ အဘိုးက သူ့နွားများကို ပြောဆိုလာသော စကားများကို ရွာအဝင်ထိတိုင် ပြောဆဲ။

ထိုစကားသည်-

'ဒီလိုရှိတယ် အဲဒီတုန်းက ကျုပ် မိန်းမ တင်တောင်းခဲ့တဲ့ ငွေဒင်္ဂါး အချပ် ၇၀ ကို နှမြောတာ။ ခုတော့ အဘွားကြီးက အဲဒီတုန်းကလို မဟုတ်တော့ဘူး။ အဲလို မှန်းသိရင် နွားမတွေချည်း ဝယ်ခဲ့မယ်ဆိုရင် ခုချိန်မှာ သားဆိုးသမီးဆိုးဒဏ်လည်း ကျုပ်ဘယ်ခံရမလဲ၊ ဟုတ်ဘူးလား'

■

**သော်ဇင်၊လှိုင်ကော်၊**

## ၂၀၁၄ ခုနှစ် မေ ၈ ရက်နေ့မှ
## ၂၀၁၄ ခုနှစ် ဇွန် ၆ ရက်နေ့အထိ

(၁) မိုးသက်ငွေ *အတွဲ့အလှည့်* ၊ရန်ကုန်၊ (၂) မိုးသက်ငွေ *အဲဒိုး* ၊ရန်ကုန်၊ (၃) မိုးသက်ငွေ *ချစ်ခြင်းဖွဲ့နှောင်း* ၊ရန်ကုန်၊ (၄) လင်းရိပ်ဖြူ *သင်္ခါရကို အသက်ဆက်ခြင်း* ၊မန္တလေး၊ (၅) လင်းရိပ်ဖြူ *ရွာသည့်မိုးတို့ ရင်ထဲမှာ* ၊မန္တလေး၊ (၆) ရည်ဝေ(လင်းရောင်ခြည်) *ရင်ခုန်မှုများ* ၊ရန်ကုန်၊ (၇) ငွေလ *အသူရကာယ်မြို့တော်* ၊E-mail, (၈) ဆည်းဆာသစ် *ချေးတည့် လျှင်တော့* ၊မကွေး၊ (၉) လင်းသစ္စာဦး *ရင်ထဲမှာ မြဲနေတဲ့မှန်တိုင်း* ၊သရက်၊ (၁၀) ကျင်ကိုချန် *သုံးကျောင်းပြောင်းသော အရှင်သုံးလင်ပြောင်းသောမိန်းမ* ၊ရန်ကုန်၊ (၁၁) ကျင်ကိုချန် *ငြမ်း* ၊ရန်ကုန်၊ (၁၂) နေမင်းဟိန်း ၊အငွေ့ပျံသွားသော သင်္ကေရာစ်များ ၊ရန်ကုန်၊ (၁၃) ပိုပို အောင်(ဝန်းသို) *အပြစ်ရှိသူ* ၊ မြစ်ကြီးနား၊ (၁၄) ထွန်းကျော်လူ *ရေကြီးလျှင် နစ်မြုပ်ပျက် စီးနိုင်ကြောင်း* ၊ရန်ကုန်၊ (၁၅) သင်းနုဖွန့် *လှိုင်း* ၊ပဲခူး၊ (၁၆) သင်းနုဖွန့် *လူ လှူ လှူး* ၊ပဲခူး၊ (၁၇) အောင်နန်းမွေး(သရက္ခ) *ကျွန်တော်နှင့် စာငှက်ကလေးများ* ၊စစ်ကိုင်း၊ (၁၈) အောင်နန်းမွေး (သရက္ခ) *စေ့ညှိရာအဖြေ* ၊စစ်ကိုင်း၊ (၁၉) သော်ဇင်(လှိုင်ကော်) *ငှား၍ဝတ်ခြင်း မဝတ်ခြင်း ကိုယ်တိုင်သိခြင်း မသိခြင်း* ၊E-mail, (၂၀) ပန်းမြတ်မာလာ *ငှားနဲ့ ၁၀၂ (သို့မဟုတ်)မိရိုးဖလာဗုဒ္ဓဘာသာနဲ့ တကယ့်ဗုဒ္ဓဘာသာ* ၊Email, (၂၁) ပန်းမြတ်မာလာ *စပ်စုနည်း* ၊E-mail, (၂၂) ပန်းမြတ်မာလာ *အကူမပါ လွတ်လပ်စွာ* ၊E-mail, (၂၃) သုတမောင် *ပြိုလဲသွားသော အမိုးမဲ့အိမ်ငယ်လေး* ၊ရန်ကုန်၊ (၂၄) ဒဏ္ဍာရီ *အချစ်၏ အခြားတစ်ဘက်တွင်* ၊-၊ (၂၅) မင်းထင်ကျော်(နှစ်ရှည်ပင်) *ရယ်သံများ၏အဆုံးသတ်* ၊မွန်၊ (၂၆) အောင်သိန်းဦး *အမေရယ် သပြေလဲ ပန်းပါဘဲ* ၊ကရင်၊ (၂၇) ခိုင်လေညင်း(အောင်ပန်း) *အရောင်မဲ့တာဝန်* ၊ရန်ကုန်၊ (၂၈) ကောင်းစေသူ *ချစ်သောအညာမြေ အသီသက်သေ* ၊မုံရွာ၊ (၂၉) ကောင်းစေသူ *မီးခိုးငွေ့တွေ တဝေဝေ* ၊မုံရွာ၊ (၃၀) ကောင်းစေသူ *ဘုရားဖူးခွင့်* ၊မုံရွာ၊ (၃၁) အလင်္ကာလင်းလက်(ထေ၁မ) *ရင်ဖွင့်စာ* ၊စစ်ကိုင်း၊ (၃၂) ငြိမ်းမောင် (ပုဏ္ဏားကျွန်း) *အဆိပ်သင့်အနာဂတ်* ၊ရခိုင်၊ (၃၃) မျိုးမျိုး(ဂါထာ) *မမြင်ရတော့ မှုးမြစ်ထင်* ၊စစ်ကိုင်း၊ (၃၄) မျိုးမျိုး(ဂါထာ) *နားလည် ခြင်းများစွာ* ၊စစ်ကိုင်း၊ (၃၅) မိုးခကျော်သွင် *မနှစ်မွှန်းစေချင်* ၊ပျော်ဘွယ်၊ (၃၆) မင်းတင်သိန်း(ပွင့်လျက်) *'ယား'ရွာတွင် တောခုတ်ရခြင်း* ၊စစ်ကိုင်း၊ (၃၇) မင်းတင်သိန်း(ပွင့်လျက်) *အမေ...။ သမီးကျောင်းသွားတော့မယ်* ၊စစ်ကိုင်း၊ (၃၈) နေကောင်းကင်နီ *ကျွန်တော်နှင့် အိမ်မြှောင်* ၊ရန်ကုန်၊ (၃၉) စိမ်းလဲ့ညို *ရှိတ်စပီးယားကို ပြောပေးပါ* ၊E-mail, (၄၀) သူလေး *ကံကြမ္မာရဲ့ အလှည့်အပြောင်း* ၊ရန်ကုန်၊ (၄၁) မေ (လားရှိုး) *သင်းကွဲငှက်၏ တောင်ပံခတ်သံ* ၊လားရှိုး၊ (၄၂) သင်းနုဖွန့် *ကျွန်တော့်နောင်တ* ၊ပဲခူး၊ (၄၃) ရဲစွမ်းနေ *နှင်းဝေတဲ့မြို့* ၊ပျော်ဘွယ်၊ (၄၄) မီးငှက်(မန္တလေး) *ကျွန်တော်သိသော ရဲမွန်တောင်* ၊မန္တလေး၊ (၄၅) မောင်ခိုင်စု *အပြီးသတ်အချော မကိုင်လိုက်ရတဲ့ အကြမ်းထည်ဝတ္ထု* ၊မကွေး၊ (၄၆) မြကေနိုင် (ကျောက်တန်း) *သတိပဋ္ဌာန်ဖိုင်း အမှန်မတင် မဝင်ရ* ၊ရန်ကုန်၊

■

*အားမြတ်မြတ်ချို ပြုစုသည်။*

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ခင်ခင်ထူး

# တောမင်းသမီး

အမှတ် ၂၉၆၊ ဇူလိုင်၊ ၂၀၁၄

ရှစ်စုံမဂ္ဂဇင်း

အ ခန်း ဆက် ဝ တ္ထု ရှည်

*(ယခင်လမှအဆက်...)*

၃၁။

*'လာဘ်လာဘ်စုတ်လား×××*
*အဟုတ်ခြား ကုပ်သား ဟူး*
*ဟူး××× စဉ်တိုက်အပြီး*
*ထင်လိုက်တိုင်း*
*နီးနေကျ×××*
*လင်သိုက်ကြီးတူးမဟဲ့×××*
*ပိုင်းချင်တဲ့*
*သင့်အဆင်း×××*
*လင်ငတ်မ နင့်ခန္ဓာ*
*မြေသုသာန်သချိုင်းတွင်×××*
*ဓါးဝိုင်း၍*
*သေကံပါအောင်*
*လေလံစာကပ်ကြရော့×××*
*လင်ရှူးမ နင့်အကြောင်း*
*ကောင်းကောင်းကြီး*
*လင်နဲ့တွေ့ရအောင် ကိုးဂါမံ*
*စံပြကတော့ရယ်က×××*
*ဒိုးမွှေ့လို့ ပို့စမ်း×××'*

လင်သားဖြစ်သူ ကိုသဏ္ဌမရှိတော့ ကတည်းက ဥညြသံအေး ပင်ပန်းလှပါ၏။ ဓာတ်ပစ္စည်းတွေ အဖေသီလဆီကငှား၊ လိုတာကို ရေနံချောင်း၊ ချောက် ဓာတ်သမားတွေဆီက ဝယ်ဖြည့်၊ ငွေလိုတော့ ဦးချမ်းသာဆီက အတိုးအညှန့်နှင့်

ယူခဲ့ထောင်ခဲ့ရသည့် ဓာတ်ကြီး။ ဓာတ်ရုပ်လုံးကြီး ပေါ်ပါပြီဆိုတော့မှ ရန်းဖက်က ပြုတ်ခဲ့ရသည်။ ကိုသဏ္ဌ မရှိတော့ခြင်းသည် ဥညြသံအေး အတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်ခဲ့ရသည်။ ဥညြသံအေး အဖို့ရာတော့ ဖြစ်သမျှ ရင်ဆိုင်ခံရင်း ရှုပါရုံသက် အေးပုံဓာတ်ကို မဖုံ့မစောင်းအောင် ထိန်းခဲ့ရသည်။ သည်လိုနှင့် မုဆိုးမဦးဆောင်သော ဓာတ်အဖွဲ့ကြီး နှစ်နှစ်ဟိုဘက် ထိုထိုကြီး လွန်ခဲ့သည်။ ဥညြသံအေးအရွယ်အလို တွက်ပြန် တော့ သုံးဆယ်က သုံးနှစ်စွန်းခဲ့ပြီ။ သုံးဆယ့်သုံးနှစ်ဆိုသော အရွယ်သည် ဘဝ၏ အလှဆုံး အချိန်များပေလား။ ကိုယ်တိုင်ကတော့ လင်သေမုဆိုးမဖြစ်ရလို့မှ သုံးနှစ် သုံးဝါ မပြည့်ခင်မှာပင် လင်အလှည့်ပေးမိမှာ စိုးသည်။ လင်သိုက်ကြီး တူးမိမှာစိုးသည်။ လေလံစာကပ်မိမှာစိုးသည်။ သည်အချိန် ရောက်ကာမှတော့ ဖရုံတစ်ညာ ဘူးတစ်ညာ မဖြစ်ချင် တော့။ သို့ပေသိ ဥညြသံအေး နားလည်ပါသည်။ ဓါတ် ကရ တသိန်းခွယ်သည် ... တွယ်ဆွဲတတ်သည့် ...

www.burmeseclassic.com

ဖုန်းတွေ များလာတာကိုလည်း သိပါ၏။ ရွှေမေတ္တာတစ်ဆင့် ကမ်းချင်လို့ အကျင့်ခန်းဖောက်ချင်သူတွေကိုလည်း ရှောင်ရပါ၏။

'တံငါနဲ့ညားမှတော့ တံငါမယားပေါ့အေ၊ မုဆိုးနဲ့ညားမှတော့ မုဆိုးမယားပေါ့အေ ဆန်းမှတ်လို့။ အရွယ်ရှိသခိုက် တစ်ပင်ထူစေချင်သယ်၊ ညည်းရုပ် ညည်းရည်နဲ့ ညည်းတစ်ချက်ပါအေ။ မင်းသားသိန်းညွန့်တို့ မင်းသားကျော်ရွှေတို့က ဆိုရင် ညည်းအကြောင်း မေးလွန်းလို့ ငေါက်နေရသယ်'

မင်းသမီးကြီးတွေထဲက စကားသွင်းတာတွေလည်း ရှိသည်။ ဘယ်က မင်းသား သိန်းညွန့်မှန်းလည်းမသိ၊ ဘယ်က မင်းသားကျော်ရွှေမှန်းလည်းမသိ။ ဒါမျိုးပြောလာလျှင်တော့ ဥသြသံအေး မခံချင်။ ကျုပ်က မင်းသားယူပါ့မလား၊ ယူမယ့်ယူ ဇာတ်ထောင်ကို ယူတော့မပေါ့လို့ ပြန်ပြောတတ်မြဲ။ သည်တော့လည်း စကားတွေက ကားကြပြန်သည်။ ဥသြသံအေး တစ်ပင်ထူတော့မှာတဲ့၊ ဇာတ်ထောင်ကို မှန်းသတဲ့ဖြစ်ရသည်။ တကယ်တော့ ဥသြသံအေးအဖို့ရာ သည်စိတ်တွေ မသွင်းအား။ ထောင်မိသည့်ဇာတ်ကို မလဲမပြိုအောင် ရွက်ထားရတာ ပင်ပန်းလှပြီ။ သူ့ဘဝသူ ပြန်ငဲ့ကြည့်တော့ သူကိုယ်တိုင်က မင်းသမီးဖြစ်ချင်ခဲ့သူ။ လင်သားရှိစဉ်က မယ်ဩကို နားစေချင်တယ် ပြောခဲ့တာကိုပင် စကားတင်စီးမခံခဲ့။ လင်ကိုသာ ပစ်ချင်ပစ်မည်။ မင်းသမီးဘဝကို ပစ်စရာအကြောင်းမရှိ။ တံငါကိုယူမိလို့ ပိုက်ထိုးသင်ရတာကို ကျေနပ်သည်။ မုဆိုးကို ယူမိလို့ သားထိုးသင်ရတာကိုကျေနပ်သည်။ ဇာတ်မင်းသမီးဖြစ်ချင်လို့ ဖြစ်လာကာမှတော့ ဇာတ်ဝန်ထမ်းရတာကို ကျေနပ်

BURMESE CLASSIC

အိုခြင်းကို မအိုပါရစီနဲ့၊ နာခြင်းကို မနာပါရစီနဲ့
သေခြင်းကို မသေပါရစီနဲ့၊ ကုန်ခန်းခြင်းကို မကုန်မခန်းပါရစီနဲ့
ပျက်ခြင်းကို မပျက်ပါရစီနဲ့၊ ယိုယွင်းခြင်းကို မယိုယွင်းပါရစီနဲ့
ဆုတောင်းချင်လို့ မရနိုင်ဘူးတဲ့ ဒကာမကြီး
လူနတ်ပြဟ္မာ သတ္တဝါ ဘယ်သူမှ တောင့်တလို့ဖြစ်တာ
မဟုတ်ဘူး။ ဒါကို နှလုံးသွင်းရမှာပေါ့

သည်။ သို့ပေသိ တစ်ခါတစ်ခါ သူကိုယ်တိုင်က ဇာတ်ဖြုတ်ပြီး အမေ့လို အကြော်ရောင်းရရင် ကောင်းမလား တွေးမိတာတွေလည်း ရှိလာခဲ့သည်။

ဇာတ်နားရသည့်ရက်လို၊ ဇာတ်ကူးရသည့်ရက်လို မဆိုရမကရသည့် ရက်အားတွေမှာတော့ ကိုသက္ကကို ပိုသတိရသည်။ ချင်းတွင်းမြစ်နှင့် ဥရုချောင်းဆုံရာ ရေဆိုင်မှာ စက်လှေမှောက်ကတည်းက လင့်အလောင်းကိုပင် မမြင်ခဲ့ရ။ ကိုသက္ကအုံးသည့် ခေါင်းအုံးကို ရေနစ်တဲ့နေရာ ပစ်ချရသတဲ့ဆိုလို့ ကိုယ်တိုင်ပစ်ချခဲ့ပေသိ လူအလောင်းမပြောနှင့် ငါးသေပင်

ပေါ်မလာခဲ့။ ဆုံးမည့်နေ့က ဟုမ္မလင်းကို မီးစက်ပြင်ချေဦးမယ်ဆိုပြီး ရေဆိပ်ကို ကျောပေးထွက်သွားကတည်းက ပြန်လှည့်မလာသူဆိုတော့ ပိုလို့ပင် စိတ်ထိခိုက်ရပါ၏။ ဘယ်ဆီက မှပေါ်မလာတော့ ချောင်းကမ်းပါးထိပ်မှာပဲ ဘုန်းကြီးသုံးပါးပင့်ပြီး အမျှအတန်းဝေခဲ့ရသည်။ လောကထဲ တစ်မိုတ်တစ်လျှပ်စာ ရောက်လာပြီး တစ်ခဏနှင့် ပျောက်သွားသလိုရှိခဲ့ရသည်။ ဥရုချောင်းကမ်းပါးခြေမှာ ဘုန်းကြီးသုံးပါးနှင့် အမျှအတန်းဝေသည့်မနက်က ဂျီးတိုးငိုရှာသည်။ ကြေကြေကွဲကွဲ ငိုခြင်းဖြစ်၏။

'ဥသြမရယ်၊ ငါ့ပါးစပ်က လမိုင်းစီးလွန်းပါသယ်။ တို့ရွာခြေပြန်ကပ်ကြတော့ ညည်းအမေ အရီးဗိုင်းတောင့်ကို ဇာတ်ထဲက,တဲ့ ဇာတ်ထုပ်တွေ အော်ပရာပြဇာတ်တွေအကြောင်း ပြောပြောပြမိသယ်။ ငိုချင်းတွေ အပြောတွေ ငါရသလောက် ငိုပြပြောပြလုပ်ခဲ့သယ်။ တစ်ခါသား ငါဘာပြောမိတုံးဆိုတော့ အရီးရယ် မယ်ဩကတဲ့ ရွာသူကြီး မမင်းစီဇာတ်များ ကောင်းလိုက်သာ၊ မမင်းစီက သူကြီးသမီး။ သူ့လင်က လှည်းမှူးကိုကြာပိုး။ တစ်ရက် ကုန်ရောင်းရာကအပြန် ကိုကြာပိုးဖျတ်ခနဲဆုံးရှာတော့ မမင်းစီက လင့်အလောင်း ပိုက်ပြီးငိုတော့သာ။ မမင်းစီက ကျုပ်လင်မသေပါဘူး။ ဘယ့်နှယ်တော် မအိုမနာလိုက်ရဘဲ သေရသယ်လို့ ဟုတ်နိုင်ပါရိုးလား မမင်းစီ လူးလိမ့်ငိုသာလေ ဂျီးတိုးက သည်ဇာတ်ထုပ် ပြောပြရင်း အရီးရယ် ပွဲထဲမှာ လင်ကိုကြာပိုးသေလို့ မမင်းစီငိုသာများ အပြင်မှာ ဆရာကိုသက္ကသေလို့ မယ်ဩငိုတဲ့အတိုင်း ကျုပ်ဖြင့် ရင်ထဲမကောင်းလိုက်သာလို့ ပြောတော့ အရီးဗိုင်းတောင့်က ညည်းအေ မပြော ကောင်းမဆိုကောင်းအေတဲ့ ဖွဟဲ့၊ လွဲပါစီ ဖယ်ပါစီတဲ့၊ တော့ ဖွဟဲ့၊ လွဲပါစီ ဖယ် ဆိုတဲ့ အရီးလည်း ဆုံးရှာ ညည်းလင်လည်း ဆုံးရှာ ရင်ထဲမချိပေါင်အေ။ မမင်း ကမှ လင့်အလောင်းပိုက်ပြီး သေး၊ ညည်းမှာတော့ သေ လင်တောင် မမြင်လိုက်ရ အဖြစ်ပါကော။ ဆရာကိုသက္ကခမျာ မအိုမနာခင်က ပျက် ပါပကော။ ပွဲထဲမှာ ညည်းဆိုသာတောင် အရီးကို ဆိုပြမိ အေ။*အခါခါ ရုပ်မသာ ပဝါနဲ့ရမ်းပါလို့ ဘာဝနာဆိုသာ* *တစ်ခါမှမစွမ်းပါကလား××× စကာမျှဌာန်းရယ်တဲ့မကျ* *အလိုတော်,မသာကို နမ်းပါလို့ ကျွန်မငို* ဆိုသာလေ... တော့ နမ်းစရာ မသာတောင်မရှိတဲ့အဖြစ် စိတ်ဆင်းရဲလို သာအေ'

ဂျီးတိုးက ဖွဲ့ကာနွဲ့ကာ ငိုပေသိ ဥသြသံအေးကိုယ် တော့ မငိုမိ။ ဘဝတွေဟာ သည်လိုပါပဲလေ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

…အပူကို သိမ်းရတာများပါ၏။ အထူးသဖြင့် သမီးကလေး …မှာ မငိုချင်တာလည်း ပါပါ၏။ သိန္နေဝမြင်းဆိုမှတော့ …ရွေးသာပြီ။ ဝမ်းမနည်းတာတော့မဟုတ်။ ရိုးမြေကျ …အက်ဖို့ ရည်ရွယ်ထားကာမှ နတ်နေကိုင်းပါ ကျိုးခဲ့ရတာ … ဝမ်းမနည်းဘဲ ရှိပါ့မလား။ ဉာဏ်သံအေးအဖို့ရာ ရင်တွင်း …အောင်းနေသည့် အပူတွေက လှိုက်လှိုက်ဆူနေတာဘာသာ …ပါရဲ့။ *'မချမ်းသာယှဉ်းမာလာနေသွေးသို့ ကြေမြည့်ခြောက် …… ကျွံချုံးကာဆူ အုံ့ပုန်းပူ ရှာမသိတယ် မီးညီခမ်း'* …တာမျိုးပင်။ ဇာတ်ခုံပေါ်မှာတော့ မောင်တော်ပေါ်မလာလို့ …ပင်တိုင်မင်းသမီးကလေးအဖြစ် သဏ္ဌာန်လုပ် သရုပ်တူ …အောင် ငိုခဲ့ရသည်။ *'သက်မပျော်××× မျက်နှာတော်ဝါဝါဝင်း …လ××× မှိုင်ရင်းသာမယ်မြင်တော့ နေမရွှင်ဘူး××× လှကေ …မယ့်စိတ်တွေ ဖူးပါလို့ရှိင်၍××× သည်းဆိုင်မှာ တုန်သာတုန် …တော့××× လစက်ခုံ ယုန်တံဆိပ်ကယ်နှင့်××× ကျမျက်ရည် …လို့ဖိတ်တယ်ရှင်××× ကွယ်,လွမ်းစိတ်နှင့်ရှူး'* တဲ့။ အခု …တော့ တစ်ဘဝစာ ခြားရသည့်အဖြစ်ဆိုတော့ လွမ်းစိတ်နှင့် …ရှူး၊ လွမ်းစိတ်နှင့်ပင် သေလောက်ပါရဲ့။ ဥရုချောင်းလေ …ဖြူးဖြူး၊ ဘုန်းကြီးသုံးပါး ကန်တော့ပွဲသုံးပွဲနှင့် ကိုသဏ္ဌကို …ညီရုံးပြီး အမျှဝေသည့်နေ့ကတော့ ဉာဏ်သံအေး မြစ်ရေအတိုး …မှာ တာပေါင်ကြီး ကျိုးသလို ငိုလိုက်ရပါ၏။

'အိုခြင်းကို မအိုပါရစီနဲ့နာခြင်းကို မနာပါရစီနဲ့၊ သေခြင်း …ကို မသေပါရစီနဲ့၊ ကုန်ခန်းခြင်းကို မကုန်မခန်းပါရစီနဲ့၊ …ကွာခြင်းကို မပျက်ပါရစီနဲ့၊ ယိုယွင်းခြင်းကို မယိုယွင်းပါရစီနဲ့ ဆုတောင်းချင်လို့ မရနိုင်ဘူးတဲ့ ဒကာမကြီး။ လူနတ်ဗြဟ္မာ သတ္တဝါ ဘယ်သူမှ တောင့်တလို့ဖြစ်တာမဟုတ်ဘူး။ ဒါကို နှလုံးသွင်းရမှာပေါ့။ အိုတော့ ဘာဖြစ်လဲ ဆင်းရဲတယ်၊ နာတော့ ဆင်းရဲတယ်၊ သေတော့ ဆင်းရဲတယ်၊ ကုန်ခန်းတော့ ဆင်းရဲတယ်၊ ပျက်စီးတော့ ဆင်းရဲတယ်၊ ယိုယွင်းတော့ ဆင်းရဲ တယ်၊ မလွတ်ဘူး၊ ဆင်းရဲခြင်းက ခန္ဓာမှာ ဇာတိဖြစ်ပြီဆိုက တည်းက ကပ်လျက်ပါနေတာ။ ပိုးကောင်မွှားကောင်များ ထုပ်ပေါ် လက်ပေါ်ကျလို့ တောက်ထုတ်ပစ်ကြတာ ရှိတယ် မဟုတ်လား။ သည်အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေကို တော့ ဝေးရှောဆိုပြီး တောက်ထုတ်ပစ်လို့ ရတာမဟုတ်ဘူး။ သည်ဆင်းရဲတွေကို ဖယ်ချင်လို့ဖြစ်တာမဟုတ်ဘူး။ ထူးမြတ် သော နိဗ္ဗာနဓာတ်ကြီးမှတစ်ပါး လွတ်နိုင်တဲ့နေရာ မရှိဘူး မှတ်ပါ, ဆင်ချင်ပါ။ မရဏာနုဿတိ ဘာဝနာကုသိုလ်စိတ် ကိုသာ ပွားများပါ'

ဆရာတော် တရားပြသော်မှ မဖြေသာခဲ့။ ထိုညက ဇာတ် မကရပေသိ နောက်တစ်ညမှာ ကပြကြရသည်။ ဇာတ်သူဇာတ် သားတွေခမျာလည်း ဝမ်းတစ်ထွာကိစ္စမို့ ကကြရပေသိ စိတ် မကောင်းကြ။ မျက်နှာမကောင်းကြ။ ဇာတ်အစဉ်ထဲမှာ စိတ် မရှိကြဘဲ အရုပ်ကြီးတွေလှုပ်သလို လှုပ်နေကြတာပဲရှိကြပါ၏။ ဥရုချောင်းတစ်လျှောက် ရွာကြီးတွေက သတင်းကြားနှင့် အား ပေးကြသူတွေ များလွန်းလှသည်။ စက်လှေမှောက်တဲ့အထဲ လင်ပါသွားသတဲ့။ မယားမင်းသမီးက ဘယ်လိုကမှာလဲ။ မယားမင်းသမီး ဘယ်လိုဆိုမှာလဲ။ ဒါကို စိတ်ဝင်စားကြတာ လည်း ပါပါလိမ့်မည်။ တို့ဆီရောက်လာတဲ့ ဇာတ်တစ်ဖွဲ့ အတိ ဒုက္ခရောက်နေကြတာ တို့တတ်အားသရွေ့ အားပေးရမှာပေါ့ ဆိုတာလည်း ပါပါလိမ့်မည်။ ဉာဏ်သံအေးပင် ကြီးမားသော ပရိဒေဝမီးကို ဘေးခဏဖယ်ပြီး သူ့ဆန်စားမှတော့ ရဲရမှာပေါ့ ဆိုသည့်စိတ် သွင်းရပါ၏။ အပူခန်းနည်းသည့် နောက်ပိုင်း ဇာတ်ကို ရွေးချယ်ကခဲ့ရသည်။ ဇာတ်ခုံပေါ်မှာကရင်း ဆရာ ကိုသဏ္ဌပြောဖူးသည့် စကားတွေ ကြားယောင်နေမိတာလည်း ရှိပါ၏။

'မယ်ဩရယ်၊ ဇာတ်ကတယ် ဇာတ်ကတယ်နဲ့ တစ်ညက ရင် တစ်ညစာ ပိုက်ဆံရကရော မအောက်မေ့နဲ့။ ဇာတ်တစ်ပွဲ ကြည့်လို့အပြန်မှာ ပွဲကြည့်ကို တစ်ခုခုပါအောင် ပေးလိုက်ရ တယ်။ ဇာတ်ပွဲကရတဲ့အသိဟာ တိုင်းပြည်အုပ်ချုပ်ရေးမှာ တောင် သွားပြီး ထင်ဟပ်စေရတယ်။ တစ်ခါက အဂတိများတဲ့ တိုင်းပြည်မှာ တိုင်းသူပြည်သားတွေ ဆင်းရဲလွန်းလို့ နစ်နာကြ လွန်းလို့ ဇာတ်စင်ပေါ်ကနေ ဇာတ်သမားက ပညာပေးတာ တွေ ရှိခဲ့ဖူးတယ်။ လူတစ်ယောက်က ဆန့်ဝယ်တဲ့အခန်းမှာ တစ်မူးဖိုး တစ်မတ်ဖိုးမဝယ်နိုင်လို့ သုံးပဲဖိုးဝယ်သတဲ့၊ ဆန် သည်က သုံးပဲဖိုး မရောင်းတတ်တော့ ပြည်တောင်းကိုစောင်း ပြီး သင့်သလောက် မှန်းချိန်ပေးတာပေါ့လေ။ ဝယ်တဲ့သူက မူးမဟုတ်မတ်မဟုတ်တော့လည်း ပြည်စောင်းရတာပေါ့လေ လို့ ညည်းတယ်။ တိုင်းပြည်အုပ်ချုပ်နေကြတဲ့ မှူးမတ်များ မဟုတ်လို့ တိုင်းပြည်စောင်းရတယ်လို့ ပြောချင်တာ။ ရှင်ဘုရင် က ပွဲကြည့်နေရင်းက ဇာတ်ဆရာကို ဆုတော်လာဘ်တော် ပေးသတဲ့။ ဒါကြောင့် ဇာတ်ကတာကို အသိပညာပါတွဲပါတဲ့ သုခုမလို့ မှတ်ယူရမယ်။ လူ့ဘဝထဲမှာ ဖြစ်ပျက်နေတာတွေကို ဇာတ်ခုံပေါ်တင်နိုင်ရမယ်'

ကိုသဏ္ဌမရှိတော့သည့် နောက်ပိုင်းမှာ ငွေရေးကြေးရေး ကအစ ပွဲတည်ပွဲငှားကိစ္စတွေအားလုံး လူယုံတစ်ယောက် မွေးကာ စာရင်းကိုင်ငွေကိုင် ထားရတော့သည်။ လူယုံက ကိုကြာဖေဆိုသူဖြစ်၍ ကိုသဏ္ဌနှင့်အတူ လုပ်ဖော်ကိုင်ဖက် တစ်ယောက်ဖြစ်၏။ သည်ကိစ္စတွေမှာ ဉာဏ်သံအေး မပါတာ များသည်။ စာရင်းဇယား ငွေပေးငွေယူကိစ္စတွေကို နားမလည် တာပါသလို စိတ်မဝင်စားတာလည်း ပါပါ၏။ ကိုသဏ္ဌရှိစဉ် က ဆရာတပည့်နှစ်ယောက် ငွေကိစ္စတွေ တိုင်ပင်နေကျ။ ပေးစရာရှိတာပေး၊ ယူစရာရှိတာယူ။ ကိုသဏ္ဌက လင်မယား ချင်း စကားပြောဖြစ်တော့မှ ဘယ်ရွေ့ဘယ်မျှဆိုတာ ပြောတတ် သည်။ အဖေသီလတို့ကို ပေးစရာရှိတာကိုလည်း ပေးနေရတာ တွေရှိသည်။ ဦးချမ်းသာဆီက ယူထားသမျှ အတိုးသင့်တာ ဖယ်ထားရတာတွေလည်းရှိသည်။ အဖေသီလတို့ကိုတော့ ကိုကြာဖေကပဲ သွားပေးလေ့ရှိသည်။ ဦးချမ်းသာ…



www.burmeseclassic.com

www.burmeseclassic.com

လတွက်တိုးတွေ အခါသင့်သလို သွားပေးတိုင်း မရှိတာများ သည်။ ဦးချမ်းသာ၏ လူယုံတော် ဦးဘကလေးကလည်း လက်မခံ။ ကိုချမ်းသာကိုတွေ့တော့မှ စာရင်းနှင့်တကွ ပေးကြ ပါဗျာလို့သာ ပြောတတ်သည်။ ဦးချမ်းသာနှင့် တွေ့ပြန်တော့ ငွေထုပ်ကိုပင် လှည့်မကြည့်။

'ကျုပ်က မင်းသမီးကို ပြောပြီးသားပါဗျာ၊ မင်းသမီး မျက်နှာနဲ့ ပေးထားတဲ့ငွေပဲဟာ မင်းသမီးမျက်နှာဆိုတာက သူ့အနုပညာကို အားပေးချင်တာကိုပြောတာ။ ကျုပ်ငွေမလို သေးဘူးရယ်၊ လိုတော့ ကျုပ်ပြောမှာပေါ့။ အခုတော့ ပြန်သာ ယူသွား။ ခင်ဗျားတို့ ဇွတ်ကယ်ဇွတ်ကယ် လာပေးတိုင်းလည်း ကျုပ်က ယူမထားချင်ဘူး။ ကျုပ်လိုချင်တော့ ကြို့ပြောမယ်။ အဲသည်တော့မှ အတိုးအရင်းငွေကို လုံးခနဲပေး ဟုတ်ပြီလား'

သည်လိုနှင့် တစ်ခေါက်ကနှစ်ခေါက် ပေးတာလည်း မယူလေတော့ နောင်ခါနောင်ဈေး ထားရတော့သည်။ ဇာတ် ထောင် ဦးချမ်းသာက အတိုးမယူတာတော့မဟုတ်။ အတိုး မယူလိုက်ခြင်းသာဖြစ်၍ သူ့ငွေနှင့် သူ့အတိုးဖယ်ထားရပါ၏။ ဥဩသံအေးအဖို့ရာ သည်လိုသည်အကြောင်း သိတာကလွဲလို့ ငွေကိုင်ကိုကြာဖေ့လက်ထဲ ငွေဘယ်လောက် ရှိလို့ရှိမှန်းပင် မသိ။ ဇာတ်ပစ္စည်း၊ ဇာတ်အဝတ်အစား ဝယ်ချင်တော့မှ ကိုကြာဖေ့ဆီက ထုတ်ယူတာပဲရှိသည်။ ကိုသက္ကရှိစဉ်က ငွေ ကြေးကိစ္စကို တပည့်နှင့် လွှတ်ထားတာမျိုးတော့မဟုတ်။ အမြဲ တမ်း စစ်ဆေးနေသလားဆိုတော့လည်းမဟုတ်။ ငွေဝင်ငွေ ထွက်ကို အကြမ်းဖျင်းသဘောတော့ သိပုံရသည်။

'အဆင်ပြေပါတယ် မယ်ဩရယ်။ ငွေကလေးကြေး ကလေး စုမိဆောင်းမိပါပြီ။ ဒေါ်သန်းရီတို့ကို ပေးရတာက လည်း ပေးပျော်ပါတယ်။ တစ်ဖက်က လူကြီးတွေကို စောင့် ရှောက်သလိုလည်းဖြစ်ရ၊ ကိုယ်လည်းသူ့ပစ္စည်းနဲ့ ကိုယ့်ဇာတ် လုပ်နေတာဆိုတော့ မနစ်နာပါဘူး။ တစ်ချက်ပဲ ကိုချမ်းသာက ဘယ်လိုသဘောရယ်တော့မသိဘူး အတိုးမယူသေးတာဘဲ။ သူ့ငွေတော့ အပွန်းမခံပါဘူး။ ငွေရင်းဆပ်ချင်သော်လည်း နေပါဦး၊ ယူတာပေါ့နဲ့ ပြီးနေတော့ခက်သားပဲ။ မင်းသမီး မျက်နှာနဲ့ ပေးတာဆိုတာပါသေး'

'မရှိးမသား ပြောတာတော့ မဟုတ်လောက်ပါဘူး။ကျုပ်

ဇာတ်ကတယ် ဇာတ်ကတယ်နဲ့
တစ်ညကရင် တစ်ညစာ ပိုက်ဆံရကရော မအောက်မေ့နဲ့
ဇာတ်တစ်ပွဲ ကြည့်လို့အပြန်မှာ ပွဲကြည့်ကို တစ်ခုခုပါအောင်
ပေးလိုက်ရတယ်။ ဇာတ်ပွဲကရတဲ့အသိဟာ
တိုင်းပြည်အုပ်ချုပ်ရေးမှာတောင် သွားပြီး ထင်ဟပ်စေရတယ်

ငွေသွားချေးတုန်းကလည်း သည်လိုပြောသာပဲဟာ။ လူက မာထန်ထန် ကန္တကလျ ဆိုသာမျိုးပါကော အစ်ကိုရယ် ဘယ့် နှယ့်ဟာတုံး၊ ပိုက်ဆံတော့ တော်တော်ချမ်းသာပုံရသယ်။ မင်းသမီးတွေကိုလည်း ခြေတော်တင်တတ်သယ်လို့လည်း ကြားဖူးသယ်'

ဦးချမ်းသာအကြောင်း များများကြီး မသိလေတော့ များများကြီး မပြောသာ။ ဦးချမ်းသာကလည်း ဥဩသံအေး ဇာတ်ကို တစ်ခါလား နှစ်ခါလား လာဖူးတာကလွဲလို့ အရောက်ကျဲသည်။ တစ်ခါလာတော့ ရွှေလက်စွပ်ပြူးပြူးကြီး နှင့်။ တစ်ခါလာတော့ ပတ္တမြားလက်စွပ် ဖီးဖီးကြီးနှင့်။ အ မှာလည်း လက်မလောက် ရွှေကြယ်သီးကြိုးနှင့်။ လက်မှာပတ် ထားသော လက်ပတ်နာရီကလည်း ခေတ်ကာလနာရီ ထင် ရဲ့။ ရွှေရောင်တပြောင်ပြောင်။ ခေတ်က ဥဩသံအေးငယ် ဘဝကလို မဟုတ်တော့။ ဇာတ်တွေများလာသည်။ ချောင်း၊ ချောက်၊ ပခုက္ကူ၊ ရေစကြို၊ ကျောက်ပန်းတောင်း မန္တလေး၊ မုံရွာ၊ ရွှေဘိုလို မြို့ကြီးတွေမှာ ဇာတ်တွေထောင် ကြပြီ။ အောက်ပြည် အောက်ရွာမှာလည်း ဇာတ်တွေ မှိုကျင်း လာခဲ့သည်။

ဇာတ်အပြင်အဆင်၊ ဇာတ်အသွားအလာတွေကလည်း ခေတ်ကာလနှင့်အညီ ပြောင်းလဲကုန်ကြပြီ။ သဘင်ရည်ဝ မင်း သား၊ မင်းသမီးကြီးတွေကို ဇာတ်ခေါင်းစည်းတည်ပြီး ထောင် ကြတာရှိသလို၊ ခေတ်ကာလမင်းသားမင်းသမီးကလေးတွေ ဇန်းတင်ပြီး ဖွဲ့စည်းလာကြတာတွေ များလာသည်။ ဇာတ် ပေါ်မှာတင် ပန်းချီဆက်တင်အမျိုးမျိုးနှင့် ပရိတ်သတ်ကို စားလာခဲ့ကြပြီ။

ကိုသက္က ရှိစဉ်ကတော့ ပြောဖူးပါ၏။ အိမ် အခန်းရှိတာ ဥဩရဲ့၊ ဇရပ် အခန်းမှမပါတာတဲ့။ အိမ် ကျင့်၊ ဇရပ်လို မဖြစ်စေနဲ့ ဘာပဲဖြစ်ဖြစ် ပွဲငှားကြသူ က ကိုယ့်ဇာတ်ကို ခေါ် ကောက်တာမျိုးတော့ နည်း လာပြီ။ ဇာတ်တွေများ ဝေစုခွဲပေးရသလို ရှိလာခဲ့သည်။ ရှုပါရုံသက်အေးပုံ ဇာတ် တော့ နာမည်အရှိန် ကြီးလွန်းလှသည် မဆိုသာပေသိ နာ ကျတာမျိုးတော့မရှိ။ တစ်နှစ်ပတ်လည် နှစ်စဉ်ကခွင့်ရ ရပ်ရွာတွေကတော့ ဘုရားပွဲကျောင်းပွဲတွေမှာ ရက်ချိတ် ငှားကြတုန်း။ ပွဲငှားရောက်မလာပေသိ သည်လိုရပ်ရွာတွေ သူ့ရက်နှင့်သူ့အခါ ငှားဖို့ သေချာပါ၏။ အထူးသဖြင့် အ ကျေးလက်တောရွာတွေက ဥဩသံအေးကို အကြိုက်များ သည်။ ဘုန်းကြီးပျံပွဲလို ပွဲမျိုးဆိုလျှင်တော့ အညာဒေသ ရပ်ဘယ်ရွာကမဆို ဥဩသံအေးကို လက်လွှတ်လို့မဖြစ်

www.burmeseclassic.com

ခင်းတစ်လုတ် ဇာတ်ကရင်း စားနေရတာကတော့ ဘဝ ကျိုးပေး ညံ့တာလား၊ ကောင်းတာလား မပြောတတ်ပြီ။ နှစ်ကောင်တပ် ရှန်းရမည့်ထွန်ကို ဉာဏ်သံအေးတစ်ယောက် ည်း ရှန်းနေရတာကတော့ ပင်ပန်းလှပါ၏။ တစ်ခါတစ်ခါ ယ်ငယ်က ဆိုခဲ့ကခဲ့ရသည့် တောမင်းသမီးကလေး ချို တက်မင်းသမီးကလေးဘဝကိုပင် လွမ်းမိရပါ၏။

*'ကျွန်မသဘောကလေးတော့ အေးအေးဆေးဆေး ပြော ချင်××× လင်မယူ အပျိုကြီးလုပ်မယ့် ရွက်အုပ်သီးကလေး ဘင်တင်××× မေတ္တာနှာဝါလှေယာဉ်××× ရေစလာ ဝဲသြယ ××× လားလားမှ မကူးဝံ့သူပါသခင်××× သုံးစလောင်းကုန်မှ ပြောင်းမှန်းသိတဲ့အသွင်××× ကျွန်မကိုချစ်ခင် မေတ္တာဖက် ချင်××× အမေ့နားပေါက်အောင် ရွှေစကားတောက် လှည့်ပါ ရှင်××× အလိုး××× မောင်မောင်ဆန်းရဲ့××× အို့ကြောင်တောင် တန်းသကွယ့်××× ကျွန်မလှတာ မမြင်ဘူးလားဟင်××× မေတ္တာကြည်ဖြူ အကြောင်းတူမျှလျှင်တော့××× အံမုံးချုန်ပိ သော့ခတ်ပိတ်လို့ မရနိုင်ပေါင်ရှင်××× အတိုးဝေမျှ ရိုးမြေ ××× ပေါင်းရုံပ ပျို့ဒါလင်'*

❑

၁၃၄၅-ခုနှစ်၊ နယုန်လထဲမှာဖြစ်၏။

ထိုနေ့က ဇာတ်နားသည်။ နောက်သုံးလေးရက်ရှိမှ ပျော်ဘွယ်မြို့နယ်ထဲက ရွာတစ်ရွာဘက်ဆီ ပွဲကူးရမည်။ လောလော ဆယ်တော့ ပျဉ်းမနားနယ်ထဲက ကျီတောင်ကန်မှာ တည်းနေကြရပါ၏။ ပျော်ဘွယ်ကိုကူးပြီး ကမည့်ရွာကိုရောက်တော့ မိုးချုပ်ပြီ။ ဇာတ်ပစ္စည်းတွေ ချနေသခိုက်မှာပင် အမေသန်းရီ ပေါက်ချလာခဲ့သည်။ သည်ရွာမှာ ကမယ်ဆိုတာ အမေသန်းရီ ဘယ်လိုများ သိပါလိမ့်။ အမေသန်းရီ ရောက်လာတော့လည်း ဝမ်းသာရသည်။ ငိုလည်းငိုရသည်။ အမေသန်းရီခမျာလည်း ငိုရှာပါ၏။ သည်သုံးလေးနှစ်အတွင်းမှာ အမေသန်းရီ အိုလှပါပကော။ အမေသန်းရီတောင် အိုမှတော့ အဖေသီလလည်း ရင့်ရှာရော့မည်။ အမေသန်းရီ ဘာကိစ္စလာပါလိမ့်။ ငွေများ လိုရော့လား။ ဘယ်တုန်းကမှ ငွေအတွက်ရယ်လို့ လိုက်လာဖူးတာမဟုတ်တော့ ထူးတော့ထူးဆန်းသား။

'ညည်းအဖေကြီးလည်း မကျန်းမာရှာဘူး။ အမေလည်း ယှဲယှဲပါပဲအေ၊ မနှစ်ကတည်းက ချချာလိုက်သာ မပြောပါနဲ့တော့။ ခရီးရောက်မဆိုက် စိတ်မကောင်းစရာ ပြောရဦးမယ်။ အိမ်မှာနေတဲ့ ညည်းအမေကြီး မယ်ပိတုန်းက ဘယ့်နှယ်မှမနေဘဲပေါင်းမိုးသည် မပုတ်ကလေးတော့ ဆုံးရှာပြီ။ ရွာတစ်ရွာမှာ လှည်းကြီးမတ်တတ်နဲ့ လှည်းပေါ်သေနေသာ တွေ့သယ် တွေ့သယ်နဲ့ သတင်းရတော့ မပုတ်ကလေး ဖြစ်နေပါရော့လား။ ခမျာမင်းသမီးဘဝနဲ့ အရှိန်ကလေးရကာမှ လှည်းပေါင်းမိုးခံဈေးသည်ဖြစ်ရ၊ နေပူထဲတလှုပ်လှုပ် သွားနေရသာဆိုတော့ အပူဒဏ်ပိရှာ ထင်ပါရဲ့အေ။ မသေခင် တစ်လကျော်က လှည်းကြီးနဲ့ ရောက်လာသေးသယ်။ ခေါင်းတွေမူးသယ်၊ အကြောတွေတက်သယ်လို့တော့ ပြောသား။ အမေတောင် သွေးဆေးတစ်ပုလင်း ပေးလိုက်သေးသယ်။ သူ့လှည်းနောက်လိုက်နေကျသားက မိန်းမယူပြန်သတဲ့။ ဘဝများ မကောင်းပါဘူးအေ။ မောင်သက္ကဆုံးသာကော ဘယ်လောက်ကြာပြီလဲ'

'နှစ်နှစ်ကျော်ပါပြီ အမေရယ်။ အမေမပုတ်ကလေး ဆုံးရှာပြီလား။ တစ်ဘဝတစ်ဇာတ် ငြိမ်းရှာပြီပေါ့အမေ။ကျုပ်တို့ ဘဝတွေကော ဘာထူးမှာတုံး။ မိုးမကောင်းတော့လည်း တစ်စလောင်း မိုးကောင်းတော့လည်း တစ်စလောင်း။ အရှင်မျက်သော် ဆွေခုနစ်ဆက်ပျက်ရသယ်ဆိုတဲ့ စကားရှိသားပဲ။ ဘဝကမျက်တော့ ကျုပ်တို့မလည်း ပျက်ရသာပါပဲ။ကျုပ်လည်း ကိုသက္ကမရှိကတည်းက မိန်းမတန်မဲ့ ထမ်းပိုးတစ်ဖက်မပါဘဲ ရှန်းရတဲ့လှည်းလိုပဲ။ ခရီးပဲမရောက်နိုင်ဘူး။ အမေကော လိုက်လာတဲ့ကိစ္စ'

'မပြောချင်ပေသိ မပြောမသိဆိုတော့ ပြောရတော့မှာပဲ။ အမေတို့ဇာတ်ပစ္စည်းတွေ ငါ့သမီးတို့ကို ပေးထားသာရှိမှတ်လား၊ နှစ်ကာလကြာပြီဆိုတော့ ဟောင်းသာတော့ ဟောင်းပါပြီ။ နို့ပေသိ ဇာတ်ထောင်တစ်ယောက်က ဝယ်ချင်သယ် ပြောလာတော့ အမေရောင်းချင်သယ်။ ရကောင်းရရာဈေးပေါ့အေ။ သည်နှစ်ပွဲနားရင် အမေတို့ပစ္စည်းတွေ ပြန်ယူချင်သာပါ။ ညည်းတို့လည်း အမေတို့ကို ပေးနေသာပါပဲ။ နို့ပေသိ လုံးခနဲ ငွေရအောင် ရောင်းလိုက်ချင်သယ်။ အားတော့နာပါရဲ့အေ။ တို့မလည်း လုံးကြီးခဲရငွေရယ်လို့ မရှိတော့ ရောင်းလိုက်ရင် ပိုကောင်းမလားလို့ပဲ'

ဉာဏ်သံအေး သဘောပေါက်ပြီ။ စဉ်းစားကြည့်တော့လည်း လေးငါးနှစ်ပေးထားသည့်ဇာတ်ပစ္စည်းတွေ။ တကယ်ဆိုရင် သည်လောက်နှစ်တွေကြာမှတော့ ဉာဏ်သံအေးတို့ကိုယ်တိုင်က ငွေပေးဝယ်ချင်ဝယ်၊ ဒါမှမဟုတ် ပြန်အပ်သင့်ပြီ။ ကိုယ်ပိုင်ဇာတ်ပစ္စည်းတွေ ရှိသင့်ပြီ။ ရှိတာလေးနှင့် မျှောနေမိတော့ အစားမထိုးခဲ့တာကြာပြီ။ အခုတော့ မူလပိုင်ရှင်က ပြန်လိုချင်တယ် ပြောလာတော့လည်း ပေးရုံသာ။ ဒါတွေဖြုတ်ပေးလိုက်ပါပြီတဲ့။ ဘယ်လို ပြန်ဖြည့်ရပါ့။ အရေးကြီးတာက ဆိုင်းစုံတစ်ဝိုင်းလုံးကလည်း အဖေသီလတို့ပစ္စည်းများဖြစ်သည်။ အဖေသီလပိုင်သည့် ဆိုင်းဝိုင်းကြီးကို အရင်ကတည်းက ဝယ်ချင်သူများသည်။ ပန်းပြားတွေက ကောင်းလွန်းလို့ ဝယ်ချင်ကြတာလို့လည်း ကြားဖူးပါ၏။ ကနုတ်ခက်တွေထဲမှာ ဇာတ်တော်ကြီးဆယ်ဘွဲ့က တစ်ရပ်စီ ထည့်သွင်းထားသည့် ပန်းပုရုပ်တွေ ပါတယ်ဆိုလား။ ဉာဏ်သံအေးက ဒါကိုမက်တာတော့မဟုတ်။ ဆိုင်းဝိုင်းတစ်ဝိုင်း ပြန်ယူသွားလို့ နောက်တစ်ဝိုင်း ချက်ချင်းရောက်လာဖို့ဆိုတာ မလွယ်မှန်းသိလို့ဖြစ်သည်။

'အမေရယ်၊ အမေတို့ ဝတ္တရားမပျက်ခဲ့သာအနှံ့ပါ ကျုပ်တို့ကို ယုံယုံကြည်ကြည် ပေးထားသာပဲ ကြာလှပေါ့။ ကျုပ်တို့မှာလည်း ချက်ချင်းကြီး ထလုပ်ဖို့ရာ ခက်သားပဲ။

www.burmeseclassic.com

ပါတော့ ခုခေတ်ကာလဈေးနဲ့ဝယ်ရရင် မသက်သာလောက်ဘူး။ ဓာတ်ပစ္စည်းဆိုသာကလည်း လုံးခဲ ပြန်ထည့်ဖို့ ခက်ပါရဲ့'

'အမေတို့ကလည်း အားနာပါသယ်အေ။တန်ခူးကဆုန်ကတည်းက လာဖို့ပါ။ ညည်းတို့ငှဲနေသာနဲ့ မရောက်ဖြစ်သာ။ အခုညည်းတို့ သည်ရွာမှာရှိသယ်ဆိုသာ သည်ရွာက မိန်းမတစ်ယောက်က ဘယ်နေ့ဘယ်ရက် သူတို့ရွာမှာ ရှုပါရုံသက်အေးပုံ ဓာတ်ကမယ်ပြောသွားလို့သိသာ။ မနက် အမေပြန်မယ်'

'စိတ်ချလို့သာပြန်ပါအမေ၊ ဓာတ်နားတဲ့ဝါတွင်းရက်တွေ ထဲကျရင် ကျုပ်တို့ဓာတ်က ငွေကိုင်ကိုကြာဖေနဲ့တိုင်ပင်ပြီး ကြည့်လုပ်ရမှာပေါ့'

အမေသန်းရီရှေ့မှာပင် ကိုကြာဖေကိုခေါ်မေးတော့ ဖြစ်လောက်ပါရဲ့လို့သာ ဖြေသည်။ အခုကတည်းက ဓာတ်ပစ္စည်းတွေထဲက လိုအပ်တာတွေ ရှာဖို့ဝယ်ဖို့ ဒါမှမဟုတ် တစ်ပတ်ရစ်တွေရှာနှင့်ဖို့ ပြောထားရသည်။ အမေသန်းရီ ပြန်ခါနီးတော့ ရှိသည့်အထဲက လှလှပပကန်တော့လိုက်သည်။ အမေသန်းရီကလည်း စိတ်မကောင်းသည့်ကြားက ဆုတွေပေးရှာပါ၏။ မပြန်ခင် မေးဖြစ်သည်။

'နေပါဦး၊ အမေ့ဓာတ်ပစ္စည်းတွေ ဘယ်သူကဝယ်သာတုံး၊ မှန်သာပြောရရင် အမေ့ဓာတ်ပစ္စည်းတွေက လတ်လတ်လောလော မဟုတ်တော့ပါဘူး။ အမေတို့ တချို့ပစ္စည်းတွေဆိုရင် ကျုပ်တို့တောင် သုံးမဖြစ်လို့ သိမ်းထားရသယ်။ အသစ်ပြန်ထည့်ထားရသယ်။ ဒါကို ဝယ်ချင်သယ်ဆိုတော့'

'တစ်ယောက်ပါအေ၊ ဓာတ်ထောင်ချင်လို့ပါတဲ့။ခါတော်မီ မောင်သီလဓာတ်ကပစ္စည်းဆိုတော့ နာမည်နိမိတ်ကောင်းသာရော၊ တောနယ်ဘက်မှာ ထောင်မယ့်ဓာတ်ဆိုတော့ ပစ္စည်းကောင်း မလိုသာရောကြောင့် ဝယ်ချင်သာပြောသယ်။ တန်ရာတန်ကြေး ဈေးတောင်းပါ၊ မင်းသားကြီးကို ကန်တော့သယ်အောက်မေ့ပါသယ်တဲ့။ အမေထင်သာတော့ ဆိုင်းဝိုင်းကြီးအစိက လိုချင်ကြပုံပေါ်သယ်။ ဆိုင်းဝိုင်းကြီးပါမှ တစ်အုံလုံးဝယ်မယ်ဆိုလို့ ရောင်းရမှာ'

ဥသြသံအေး စိတ်တွေထွေရပြီ။ တစ်မျိုးတော့လည်းကောင်းတာပါပဲ။ ပစ္စည်းဟောင်းတွေ မရှိမှတော့ ပစ္စည်းသစ်

ဥသြသံအေးက မင်းသမီးကြီး လှဲနေသည့်
သင်ဖျူးဖျာဘေးသွားကာ ဦးသုံးကြိမ်ချတော့လည်းမလှုပ်
တစ်အောင့်နေတော့မှ ဆတ်ခနဲ စကားဆိုပါ၏
လှလိုက်တဲ့မိန်းမအေ၊ ညည်းကဘယ်သူတဲ့
ညည်းလား ငါနဲ့ပြိုင်ကျူးမှာ၊ ညည်းရှုံးမှာပေါ့အေ့
ညည်းက ဘာမ, မို့လို့တုံး။ ပိုးစုန်းကြူးက လက်ပြိုင်

တွေ ဝယ်ဖြစ်တာပေါ့။ ဘယ်လောက်များ ကျမှာပါလိမ့်။ တစ်ပတ်ရစ်တွေရရင်တော့ ကောင်းသား။ အသစ်ဝယ်ရင်တော့ မန္တလေးမှာ စုံတယ်လို့ကြားဖူးတယ်။ ကျောက်ပန်းတောင်းဘက်မှာလည်း ဓာတ်တွေရှိတော့ တစ်မည်ချင်းစုရင် ရနိုင်ကောင်းပါရဲ့။ ကျောက်ပန်းတောင်းမှာ ခင်မင်လက်စ မိတ်ဆွေတွေရှိသည်။ မင်းသမီးကြီး အမေအေးစိန်ရှိသည်။ လူပြက်ကိုဖျောက်အိုးရှိသည်။ တစ်ရက်တော့ ကျောက်ပန်းတောင်း ကိုသွားမည်။ အမေသန်းရီ ပြန်ကတည်းက ဥသြသံအေးအ ရာ ခေါင်းတွေအုံခဲနေခဲ့သည်။ စိတ်တွေ လေးလံလွန်းလှသည့် ကြားက ငိုချင်းတစ်ပုဒ် ရင်ထဲရောက်လာခဲ့သည်။

*'ခင်းမပျော် မြင်းတော်ကပျောက်ဆုံး××× ဘေပဲဆော် နေပြည်တော် ဘယ်လိုစိုင်းရပါ့××× ကိုသဏ္ဍာရေ, ပန်းပဲကိုရှုံး'*

စည်ကြီးသံအမီ နေပြည်တော်ဆီ စိုင်းချင်သော်မှ မြင်းတော်ပျောက်ရသည့်အဖြစ်။ သည်လိုဆိုပြန်တော့ ကိုသဏ္ဍာကို သတိရမိသည်။ သတိရမိပြန်တော့ အိပ်မက်မက်မိသည်လည်း ရှိပါ၏။ အိပ်မက်က စင်းလှသည်။ ချောင်းရေတွေ တသွင်သွင်စီးဆင်းနေသည်။ ချောင်းကချောင်းကျယ်။ ရေတွေကစိမ်းလို့ ချောင်းကမ်းပါးထိပ်မှာ ကိုသဏ္ဍာရပ်နေသည်။ ဝတ်နေကျလည်ကတုံးအဖြူ ပုဆိုးကွက်စိပ်ကလေးနှင့်ဖြစ်၏။ ကျနေကျ ကိုသဏ္ဍာမျက်နှာပေါ်မှာ နန္ဒင်းရည်ဆမ်းထားသလို ဝါဝင်းနေပါ၏။ ချောင်းရေစပ်မှာ လှေကလေးတစ်စင်း။ တစ်ဖက်ကမ်းဆီက အဝတ်ထုပ်ကလေးရွက်ထားသော မိန်းမသားတစ်ယောက်က ကမ်းပါးထိပ်က ကိုသဏ္ဍာကိုလှမ်းခေါ်သည်။

'ကူးတို့ဆရာရေ သည်ဘက်ကမ်းကိုကူးခဲ့ပါဦး၊ အဲသည်ဘက်ကမ်းမှာ ကျုပ် ပွဲကစရာရှိလို့ပါ၊ အို, ကူးတို့ဆရာရဲ့ ကြားရဲ့လားတော်'

မိန်းမသားက မင်းသမီးထင်ပါရဲ့။ သည်ဘက်ကမ်းမှာ ပွဲကစရာရှိလို့တဲ့။ ခေါ်သံက ကျယ်လောင်လှသည်။ ချောင်းရေပြင်ကိုဖြတ်ပြီး ချောင်းနောက်ဘက်ရွာဆီကပင် ကြားနိုင်လောက်သည်။ ကူးတို့ဆရာကတော့မလှုပ်။ တစ်ဖက်နှင့်တစ်ဖက် ဝေးလွန်းလေတော့ တစ်ဖက်ကမ်းက မိန်းမသားအဖို့ရာ ကူးတို့ဆရာကို မကြားလို့ထင်ပါရဲ့ တွေးမိလို့လားမသိ၊ တိုး၍အော်လေတော့သည်။ တစ်ဖက်ကမ်းက ကူးတို့သမား ကိုသဏ္ဍာကလည်း ခေါ်သံအော်သံကို မကြားလို့ဘဲလား။ ချောင်းစပ်ကိုမဆင်းဘဲ အဝေးကို ငေးနေခဲ့သည်။

'ကူးတို့ဆရာရေ, လှေကလေးဖြတ်ပြီး ကျုပ်ကို လာကြို လှည့်ပါလားတော်၊ မိုးကြီးချုပ်တော့မှာမို့ပါ၊ ကျုပ်ကိုသနားပါ

www.burmeseclassic.com

ဘူး'

သည်တော့မှ ချောင်းကမ်းပါးပေါ်က ကူးတို့ဆရာကြီးသတ္တု လှုပ်လာသည်။ တစ်ဖက်ကမ်းဆီကို ပြန်အော်သည်။ အော်သံက လှိုင်းတွေလို ဆင့်ကာဆင့်ကာ ပြေးလွှားနေသည်။

'မိုးချုပ်ပြီကောဗျာ၊ ကမ်းစပ်မှာချည်ထားတဲ့လှေက လှေဖွဲ့ရည်။ ပြီးတော့ ကျုပ်က ကူးတို့သမားမဟုတ်ဘူး။လှေလည်း မလှော်တတ်ဘူး။ ဆင်းဝံ့ရင် ချောင်းရေထဲကူးခဲ့ပါလားဗျား ရေက တိမ်လောက်ပါတယ်'

တစ်ဖက်ကမ်းက ပြန်အော်သည်။

'တော် ယောကျ်ားမဟုတ်ဘူးလား၊ လှေကွဲကို လွှစာကလေးနဲ့ထေးပြီး ကူးခဲ့ရင်ဖြစ်သားနဲ့။ အနောက်ကမ်းရွာကို ညအချိန်မီ ကျုပ်ရောက်မှဖြစ်မှာမို့ပါ၊ လှော်ခဲ့ပါတော်'

'ကျုပ် မလုပ်ဝံ့ဘူး'

'တော်က ယောကျ်ားလုပ်ပြီး လှေမလှော်ဝံ့မှတော့ ကျုပ်က မိန်းမသားတန်မဲ့ ချောင်းရေထဲ ဖြတ်ကူးရုံပေါ့'

တစ်ဖက်ကမ်းကမိန်းမသားက အထုပ်ကလေး ခေါင်းပေါ်ရွက်ပြီး ချောင်းရေထဲစ,ဆင်းသည်။ ရေက အေးလိုက်တော်လိုက်ပုံများ။ ချောင်းရေက သန်လွန်းလှသည်။ ချောင်းကမ်းပါးခြေကပ်စီးသည့် ရေစီးအားကပင် ဝါးလုံးထိုး။ မိန်းမသားခမျာ အထုပ်ကို ခေါင်းပေါ်တင်ပြီး လက်တစ်ဖက်ကကိုင်၊ လက်တစ်ဖက်က ထဘီကိုအစဆွဲပြီး ရေထဲဆင်းနေခြင်းဖြစ်၏။ ဒူးကပေါင်၊ ပေါင်ကခါး၊ ခါးကရင်၊ ရင်စို့က လည်ပင်းရောက်လာတော့ ချောင်းလယ်ရေစီးအားပြင်းပြင်းနှင့် တွေ့ရပြီ။ တစ်ကိုယ်လုံး တုန်ခါနေခဲ့ပြီ။ ချောင်းကြမ်းပြင်မှာ ခြေကုပ်မမြဲချင်တော့ပြီ။ ရေက ဘယ်လောက်နက်သလဲမသိဘဲ မခံချင်စိတ်နှင့် ဆင်းလာခဲ့တာ မှားပြီလား။ မှားကာမှမှားရော။ သည်လိုကူးမှ တစ်ဖက်ကမ်းရောက်မည်။ ညနေခင်းအလင်းက နည်းလွန်းလှပါ၏။ ချောင်းရေပင် ညိုမည်းစပြုပြီ။ ရေစီးသံကိုပင် ကြားနေရသည်။ ရေကတိုးလို့သာ နက်လာပါပကော။ သည်ပုံအတိုင်းဆိုရင် တစ်ကိုယ်လုံး မြုပ်ဖို့သာရှိသည်။ ရေစီးက ဆောင့်လိုက်သဖြင့် ပါးစပ်အဟာမှာ ရေတွေဝင်လာခဲ့ပြီ။ လဲပြိုလုပြိုခင်ဆဲဆဲမှာ လက်ကို တစ်ယောက်က လှမ်းဆွဲတာ သိလိုက်ရသည်။

'လှေကိုမေးလိုက်ခဲ့၊ လှေကလှေကွဲ၊ ရေတွေဝင်လှုပြီ၊ နှစ်ယောက်မနိုင်ဘူးဗျ'

လှေဘဲတောင်နှုတ်ခမ်းကို ကြောက်လန့်တကြား လှမ်းဆွဲလိုက်တော့ လှေကလည်ပြီး စောင်းသွားခဲ့ပါ၏။

'အမေရေ'

'အမေရေ'

'ဟဲ့, မယ်ညြ မယ်ညြ ဘာတွေအော်နေသာတုံး၊ အိပ်မက်မက်သာလား၊ ထ, ထ ရေတစ်ပေါက် သောက်လိုက်ဖြစ်ရလေအေ'

ဉညြသံအေး လူးလဲထလိုက်သည်။ ဖာတ်ခုံအောက်မှာလူတွေအိပ်နေကြတာကို မြင်ရတော့မှ အသိကလေး ပြန်ကပ်သည်။ ရေတစ်ခွက်မှဲမှဲ သောက်ပြီးမှ ရင်ကလေး ငြိမ်သည်။ အိပ်မက်ကို သတိရနေမိသည်။ လှေကွဲကလေးတစ်စင်းနှင့်လာကယ်တာ ဘယ်သူလဲ။ လှေအစောင်းမှာ မြင်လိုက်ရသူက သေချာပါတယ်လေ ကိုသက္ကပါ။ သည်တော့မှ ဉညြသံအေး မျက်ရည်တွေ သွန်ကျလာခဲ့ပါ၏။

❑

ကျူပင်ရိုး။

ရွာနာမည်က ကျူပင်ရိုးဆိုပေသိ ရွာကတော့ ကျူပင်ရိုးလို သေးသေးမျှင်မျှင်မဟုတ်ပါ။ ချမ်းသာလိုက်တဲ့ရွာကြီး။ သောင်သာလိုက်တဲ့ရွာကြီး။ ရွာခြေကို လှည်းဝင်လာကတည်းက ရွာကြီးမှိုင်းမှိုင်းကို မြင်နေရသည်။ တကယ်တော့ သည်ခရီးကို မလိုက်ချင်လို့ အတန်တန်ငြင်းခဲ့သည်။ အကြောင်းကိစ္စက ကျူပင်ရိုးကျောင်း ဆရာတော်ဘုရားကြီး၏ အန္တိမဈာပနတော်၊ လုပ်ရမည့်အလုပ်က ဇယင်ကျူး။ ဉညြသံအေးအဖို့ရာဇယင်ကျူးဆိုတာ သိပ်ကြီးခက်ခဲလှသော သဘောမရှိ။ သို့ပေသိ ကိုသက္ကဆုံးပါးပြီးနောက်ပိုင်း ဇယင်ကျူးပွဲတွေကို လက်မခံခဲ့တာများပြီ။ ဆိုရ၊ ငိုရ၊ ခွေးရ၊ အပူတိုက်ရ၊ ငိုချင်းချရဆိုတော့ သွားလေသူလင်သားကို သတိရလွန်းလို့ဖြစ်ပါ၏။ ဇယင်ကျူးဆိုသည်နှင့် မလိုက်ပါရစီနဲ့ အတန်တန်ငြင်းခဲ့ရသည့်ပွဲတွေများလှပြီ။ ကျူပင်ရိုးရွာ ဆရာတော်ဘုရားကြီး၏ ဈာပနသဘင်ကြီးကတော့ ဉညြသံအေးတို့ပွဲကနေသည့် မုံပင်တောနှင့် မဝေးလှတာကတစ်ကြောင်း၊ ရွာလူကြီးတွေကိုယ်တိုင်က အတန်တန် ဖိတ်ကြားကြသည်ကတစ်ကြောင်း၊ ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ သိက္ခာဂုဏ်၊ ပညာဂုဏ်ကို ပူဇော်ချင်တာကတစ်ကြောင်းကြောင့် လိုက်လည်းလိုက်ချင်လှပါ၏။

'ကျုပ် ဇယင်ကျူးပွဲတွေ မလိုက်သာကြာပါပြီ၊ ဇယင်ကျူးသာနဲ့ပတ်သက်လို့ နာမည်ထင်ရှားပြီးသား မင်းသမီးကြီးတွေများပါသယ်။ သည်းခံတော်မူကြပါ။ ညဘက်မှာ ဇာတ်ကဖို့က တစ်ဖက်ရှိလေတော့ အကူးအသန်း ကသီမှာလည်းစိုးပါသယ်။ ဇာတ်ကလည်း ကျုပ်ရှိမှဖြစ်မှာလေ'

'နေ့ခင်းဘက်တင်ပါ၊ မုံပင်တောကို ဇာတ်အမီ ကျုပ်တို့ပြန်ပို့ပါ့မယ်။ ဈာပနပွဲကြီးက တည်းကျောင်းမဏ္ဍပ် ဆယ်ကျောင်းတောင် ပါပါသယ်။ နာမည်ကြီး မင်းသမီးချည်းငှားထားသာပါ။ တည်းကျောင်းဆယ်ကျောင်း မင်းသမီးဆယ်လက်ခွင်ပြည့်လည်း ငှားထားပါသယ်။ ဒါပေသိ မုံပင်တောမှာ ဒကာမကြီးဉညြသံအေး ဇာတ်ပွဲက,နေသယ်ကြားလို့ဦးဇင်းတို့ လိုက်လာခဲ့ကြသာပဲ။ ပျံလွန်တော်မူသွားတဲ့ ဆရာတော်ကြီး ကျေးဇူးဂုဏ်ကို ထောက်ထားပြီး တစ်နေ့ခင်းတော့ လိုက်ကပေးပါဒကာမကြီး၊ရွာကလည်း မျှော်နေကြပါသယ်။ မင်းသမီးကြေးလည်း ပြောသာပြောပါ။ အရေးကြီးသာက ဒကာမကြီးလက်ခံဖို့ပါ'


www.burmeseclassic.com

www.burmeseclassic.com

ရှာပနကော်မီတီလူကြီးမင်းများနှင့် ဦးပဥ္စင်းများကပါ အတန်တန်ပြောသည့်ကြားက ငြင်းရခြင်းပင်။ လူကြီးတစ်ယောက်က မင်းသမီးမလိုက်ရင် ခေါ်ထားတဲ့မင်းသမီးကြီးကိုပဲ ခွင်ပြည့်ကျူးခိုင်းရတော့မှာပေါ့ဗျာ ဆိုတော့မှ ဘယ်သူများလဲ မေးကြည့်သည်။ မင်းသမီးကြီး ရွှေဆံထိုး ဆိုပါ၏။ အလို့, ရွှေဆံထိုးတဲ့လား။ တွေ့ချင်ခဲ့သည့်မင်းသမီးကြီး။ အရက်ကလေးတမြမြ ထွေနေအောင် သောက်တတ်သည် ဆိုသော မင်းသမီးကြီး။ ဥသြသံအေး ရွာမှာရှိစဉ်က ကိုသဏ္ဌာ၏ မိခင်ကြီးနာရေးအဖို့ရာ ကုန်ကျငွေစိုက်ထားခဲ့သည့် သီလရှင်ကြီး ဒေါ်ဥတ္တရက စိုက်ထားငွေ ပြန်တောင်းနိုင်းသည့်အခါ သီလရှင်တစ်ပါးကို လွှတ်လိုက်သည်။ ထိုသီလရှင်ကလည်း မင်းသမီးကြီး ဒေါ်ရွှေဆံထိုးအကြောင်းတွေ ပြောပြသွားတာ မှတ်မိနေသည်။ လက်ခြောက်ဖက်နတ်နှစ်ပါး စောင့်ရှောက်ခြင်းခံရသူဆိုသည့် မင်းသမီးကြီး။ သည်စကားကြောင့်ပင် လိုက်ဖို့ ဖြစ်ရသည်။

'ကောင်းပါပြီတော်၊ ကျုပ်ကိုသာ လာခေါ်ပါ ပြန်ပို့ပါ၊ သုခုမကြေးကတော့ မပြောပါရစီနဲ့…သဒ္ဓါသရွေ့ တန်သရွေ့သာပေးပါ။ မေးပါရစီဦး၊ ကျုပ်နဲ့ မင်းသမီးကြီးနဲ့က အပြိုင်ကျူးရမှာလား'

'မဟုတ်ပါဘူးဗျာ၊ တစ်ယောက်က မွန်းတည့်ဆယ့်နှစ်နာရီက မွန်းတိမ်းနှစ်ချက်အထိ။ တစ်ယောက်က မွန်းတိမ်းနှစ်ချက်က ညနေလေးနာရီအထိကျူးရုံပါ။ မင်းသမီးက အရင်ပွဲဇော်ပေါ့'

'ဖြစ်ပါသယ်'

သည်လိုနှင့် ကျူပင်ရိုးရွာကိုရောက်ခဲ့ရသည်။ အရှာရှာက လာရောက်ပွဲဇော်ကြသည့် ပရိသတ်တွေက သောင်းနှင့်ချီကာရှိကြရေမည်။ လှည်းတွေဆိုတာတော့ အစီးတစ်ထောင်လား, နှစ်ထောင်လား။ ဥသြသံအေး တည်းခိုရသည့် အိမ်ကြီးက ရေးကျွန်းအိမ်ကြီးဖြစ်၍ အပေါ်ထပ်မှာ နေရာချပေးသည်။ မုံပင်တောမှာ ဓာတ်ကနေရတော့ နောက်ပိုင်းမဝင်တော့ဘဲ ညကြီး နှစ်ချက်တီးလောက်ကတည်းက လှည်းတစ်စီးနှင့် ထလာခဲ့ရသည်။ ကျူပင်ရိုးရောက်တော့ မနက်ခင်း ခုနစ်နာရီထိုးပြီ။ တစ်နာရီလောက်နားပြီးမှ ယောင်ကျူးအတွက် ပြင်ရဆင်ရမည်။ ဆိုင်းနှင့်ညှိရမည်။ နောက်ထောက်တစ်ယောက်ရှာရမည်။ ဥသြသံအေး ရောက်လာသည်အထိ မင်းသမီးကြီးကို မမြင်ရသေး။ သည်အိမ်ကြီးမှာ တည်းမှာပဲလား။ အိမ်ရှင်ကို မေးကြည့်သည်။

'မင်းသမီးကြီး ရောက်နှင့်ပြီဗျ။ သူက တစ်ကိုယ်ရေတစ်ကာယဆိုတော့ မနေ့ကတည်းကရောက်သာ။ အခုတော့ ဘယ်များသွားနေသလဲ မပြောတတ်ဘူး။ သည်မှာတည်းမှာပါ'

'မင်းသမီးကြီး ပစ္စည်းတွေမတွေ့ပါလား'

'ဆာလာအိတ်တစ်လုံး ပါလာသာတွေ့သာပဲဗျာ။ ဘယ့်နယ်က,မယ် မပြောတတ်ပါဘူး'

မနက်ကိုးနာရီသာသာမှာတော့ မင်းသမီးကြီးအမေ ရွှေဆံထိုး အိတ်ဖြူကြီးတစ်လုံးနှင့် ရောက်လာခဲ့သည်။ အခန်းထဲရောက်လာတော့ အလှပြင်ပြီးနေသည့် ဥသြသံအေးကို တစ်ချက်ငဲ့ကြည့်သည်။ သူ့အတွက် ပြင်ပေးသည့် သင်ဖျူးခေါ်ခဏလှဲသည်။ ယောင်ကျူးချိန်နီးလို့ ဥသြသံအေး မင်းသမီးအဝတ်အစားဝတ်ပြီး မတ်တတ်ရပ်တော့လည်း မကြည့်။ မျက်လုံးတွေမှိတ်ထားပါ၏။ ဥသြသံအေးက မင်းသမီးကြီးလှဲနေသည့် သင်ဖျူးဖျာဘေးသွားကာ ဦးသုံးကြိမ်ချတော့လည်းမလှုပ်။ တစ်အောင့်နေတော့မှ ဆတ်ခနဲ စကားဆိုပါ၏။

'လှလိုက်တဲ့မိန်းမအေ၊ ညည်းကဘယ်သူတဲ့။ ညည်းလား ငါနဲ့ပြိုင်ကျူးမှာ၊ ညည်းရှုံးမှာပေါ့အေ။ ညည်းက ဘာ မို့လို့တုံး၊ ပိုးစုန်းကြူးက လက်ကိုပြိုင်'

'ကျုပ်က ဥသြသံအေးပါအမေ၊ အမေနဲ့ခင်တဲ့ ကိုသဏ္ဌာရဲ့ မိန်းမပါ။ ကိုသဏ္ဌာတော့ ဆုံးရှာပါပြီ။ သုံးနှစ်ရွှန်းပြီ ပြောပါတော့၊ အမေ့အကြောင်းတွေ ကိုသဏ္ဌာပြောပြလို့ သိရပါသယ်။ ကျုပ်က ပြိုင်သာမဟုတ်ရပါဘူး။ အမေ့ပညာလိုချင်လို့ လိုက်လာသာပါ'

'သြော်, ညည်းက မောင်သဏ္ဌာမယားလား။ မိန်းမချောပါကောအေ့။ မောင်သဏ္ဌာဆုံးသာကြားသယ် ညည်းယောက္ခမ သီလရှင်ဆုံးတုန်းက သီလရှင်ကြီးစိုက်ထားတဲ့ ပိုက်ဆံဆိုသာကော မှတ်မှတ်ရရ ဆပ်လိုက်ကြကဲ့လား'

'သီလရှင်တစ်ပါးလာယူလို့ ဆပ်လိုက်ပြီးပါပြီအမေ။ အမေ ကျုပ်လည်း မဏ္ဍပ်ကို သွားချေဦးမယ်။ အမေကျူးတော့လည်း အနားမှာကြည့်ရင်း ပညာယူပါရစီ'

'သွား, သွား၊ ငါအဝတ်လဲပြီး လာခဲ့မယ်။ ညည်း ဘာတွေ သောက်တလွဲ လုပ်နေသလဲဆိုသာ လာကြည့်ဦးမယ်'

ဥသြသံအေး ပြုံးမိရသည်။ အရက်များသောက်ထားလေသလား။ သူ့ဝသီနဲ့တူပါရဲ့။ အပြိုင်အဆိုင် ကျူးကြတာမဟုတ်ပေ။ သိ တစ်ဖက်အပြိုင် မင်းသမီးကို ဦးချိုးထားနှင့်တာများလားသူ့ယောင်ကျူးပညာကိုပဲ ပြိုင်ဘက်ကင်းထင်လို့ မာနထောင်လွှားလွန်းတာလား။ အတွေ့အကြုံရင့်ကြသည့် မင်းသမီးကြီးတွေမှာ သည်လိုပညာမာနရှိကြတာကို သိထားတော့လည်း စိတ်မခုသာပါ။ လေးပင် လေးခန်းမဏ္ဍပ်ကြီး တစ်ပြန့်တည်း ဆက်ထိုးထားသည့် အမိုးအောက်မှာ ပရိသတ်တွေများလွန်းလှပါ၏။ ဥသြသံအေးက မင်းသမီးထဘီကို လက်နှစ်ဖက်နှင့်မပြီး မဏ္ဍပ်ကြီးထဲဝင်လာတော့ ပရိတ်သတ်တွေက ဟားခနဲ ဟင်ခနဲ အော်ကြတော့သည်။ ဝင်းစက်နေအောင်လှသော မင်းသမီးကလေးနှင့် မင်းသမီးအိုကြီးတစ်လက် ခွဲကြမည့် ပွဲကြီး တွေ့ရချေသေးပေါ့၊ ကြားရချေသေးပေါ့၊ ငိုရချေသေးပေါ့။

ဥသြသံအေးက ဆိုင်းဆရာကြီးနှင့်ညှိသည်။နောက်

www.burmeseclassic.com

ဆောက်လုပ်မည့် လှူပြက်ကိုပါတူနှင့် ညှိသည်။ ပြီးတော့ နှစ်ဦးစလုံးကို ထိုင်ကန်တော့သည်။ ဥညြသံအေး ပရိသတ်ဘက် လှည့်လိုက်တော့ ပရိသတ်ဆီက တဝေါဝေါသံတွေ ထိတ်ခဲ့ပြီ။ လိပ်ပြာအတောင်ခတ်လျှင်ပင် ကြားနိုင်လောက်ရဲ့။ ဆယ့်နှစ်နာရီ မထိုးသေးတော့ ဥညြသံအေး စဉ်းစားချိန်ရပါ၏။ အပူနှင့်ထမည်။ အဆူနှင့်ထမည်။ အသံပြရင်း ပရိသတ်လိပ်ပြာကို ချုပ်နှင့်မည်။ ရုပ်ရည်နှင့် လှည့်ကာသွဲ့ကာ ဖမ်းစားမည်။ ပြီးမှ ယောင်ကျူးခွင်ကို အအေးနှင့်ဝင်မည်။ ထိုအချိန်မှာပင် ပရိသတ်တစ်လှည့် ပွက်လာပြန်သည်။ မင်းသမီးကြီး ရွှေဆံထိုး ဝင်လာလို့ဖြစ်၏။ မင်းသမီးကြီး ဝတ်ထားသည့် အဝတ်အစားက ဟောင်းလွန်းလှပြီ။ တစ်ခါက ချောမောခဲ့ပုံရသည့် မျက်နှာပေါ်မှာ လိမ်းထားသည့် မျက်နှာချေက မညီမညာ။ ဆိုင်းဝိုင်းဘေးက ထန်းကုလားထိုင်ပေါ် သွားထိုင်တော့လည်း ပရိသတ်က တလှုပ်လှုပ်။

ထိုစဉ်မှာပင် ကြေးမောင်းသံကြားရပြီ။ ဥညြသံအေး ယောင်ကျူးရမည့် အချက်ပေးသံ။ ကျူးချိန်က တစ်ယောက် နှစ်နာရီဆိုတော့ ခါတိုင်းလို အလောင်းတော်စောင့် လှူပြက်၏ ပရိကံတွေ၊ နောက်လိုက် အဖော်လှူပြက်ဟာသတွေ အချိန်မပေးတော့ဘဲ စထွက်ကတည်းက တစ်ယောက်တည်း ကျူးတော့သည်။ တောလားတစ်ပုဒ်ဆိုချင်တော့ ဆရာတော်ဘုရားအဖို့ရာ တောထဲတောင်ထဲ နတ်ဆေးဂမုန်းရှာရပုံထည့်သည်။ တစ်တီတူးလို ငှက်စုန်းသံကြားရတော့ နိမိတ်မကောင်းကြောင်း စာတွေရွတ်သည်။ ဆရာတော်ဘုရားကြီးဆီ စိတ်ရောက်တာကို အကြောင်းခံပြီး တရားဓမ္မနှင့်ယှဉ်သော စကားတွေပြောသည်။ နိဗ္ဗာန်ဘေးထပ်တွေဆိုသည်။ ကျောင်းတော်ကြီးအရောက် သွားပြန်တော့ ဗုံထောက်သံနှင့်ကူးသည်။ ကျောင်းဝမှာ သင်္ကန်းလှန်းထားတာတွေ့တော့ သားတော်ရာဟုလာ အမွေတောင်းခန်းနှင့်ချိတ်သည်။

*'ဆရာတော်သခင်လေ၊ ပဏ္ဍာဆင်ကာဦးတင်လို့သခဲ့ပါရဲ့×××မဖူးမမြင်ရခင် ရုပ်ခန္ဓာကြွေရှာပါပေ့×××ဆရာတော်ရဲ့ သုသာန်မြေအတွင်း××× ဝေးရတော့မှာပါကော ဘုရား××× ဝေးရမှာ တွေးဆကာ ကယ်ယူကြပါဦး...ငယ်သူမှာကံက ရှိင်းရတယ်တော်×××ဆရာတော်ဘုရား၊ ဆရာတော်ဘုရား×××အံမယ်လေး၊ တပည့်တော်တို့မှာတော့ သီလသိက္ခာ ပညာ ပြည့်စုံတော်မူတဲ့×××နိုင်းဆစရာရှား×××အား ဟား'*

ငိုချင်းဝင်လိုက် 'ခုတ်စာ' ခေါ်ကြသည့် သံနေသံထားနှင့် ရွတ်ရသော သိင်္ဂါသံအသွားကလေးဝင်လိုက်၊ မန်လည်ဆရာတော်ဘုရားကြီး၏ ဘုန်းကြီးပျံငိုချင်းထဲက တစ်ပိုဒ်ရွတ်လိုက်နှင့်ဆိုတော့ အသံတွေစုံလှပြီ။ အပိုးဆိုရာက ငါးပေါက်ကိုပစ်သည်။ ခြောက်ပေါက်ကိုပစ်သည်။ ဆိုင်းဆရာကြီးက သမ္ဘာရင့်လို့သာ တော်တော့သည်။

*'လှူဘုံကို ကုန်ကုန်မှာပါတဲ့××× ဘုန်းသာကိ နတ်တစ်နွယ်××× ဘယ့်တွက်ကယ် ဘယ်ဟာကြောင့်××× နတ်ရွာကို ခုခါ မြန်းပါလို့××× နတ်နန်းကို စံမယ်ကြွတယ်ဘုရာ×××ဘုန်းမြန့်လှတယ်××× လူ့ရွာမှာ သာသနာ့မှုကိုလ×××သုမေ့မှာ ရွှေစာနှင့်ပြုပါလို့ ဘုန်း ယခုစံပယ်××× မှန်းတယ်လို့ ဖူးရှောင်ကာလွဲ××× ခွင်မတော်သလေလေ့××× မသင့်ငယ် အို၊ မလျော်ပ××× ရွှေကိုယ်တော် ဝတ်ပြောင်းငွဲကို××× စိန်ခေါင်းတော်မှန်နဂါးရုံထက်××× ဟန်တစ်ဖုံ ယာယီသုံးပါလို့××× နတ်ပြည်ကို ကြွချီဦးမတဲ့××× လှူပြည်ကို ရုံညီမှန်းသတဲ့လား××× အံမယ်လေး၊ ဘယ့်နှယ်ကြောင့်လဲတဲ့မှ××× ကိုယ်တော်ဘုရာ၊ လှူပြည်ကိုမှန်း××× အုံး ဟုံး'*

*'ဟုတ်ပါရဲ့လေ××× ထေရ်ရှင်ဘုန်းမော် နတ်နန်းပျော် ရွှေကိုယ်တော်မှာတော့ လူ့တိုင်းခွင် မုန်းချင်ရောပေါ့လေ××× လူ့ဘုံဆိုသာကလည်း မုန်းချင်မုန်းရာမုန်းစရာပေကိုးရှင့်××× လူ့ပြည်ငြီးလို့ ခွာချင်တော့ခွာလောက်ပါရဲ့××× ကြောက်ချင်တော့ ကြောက်လောက်ပါရဲ့××× မီးဆယ့်တစ်တန် ငြိမ်းရာမှန်တဲ့××× နိဗ္ဗာန်ဆုံထွင့် ဝိဝင့်ကို လှမ်းဆွတ်ပိုင် ရနိုင်သူကိုးဘုရာ... အရှင်ဘုရားမှာတော့ စင်ဖြူငယ်သီလဝိသုဒ္ဓိကို မုချမျက်မြင်ဘုန်းမိုးဆင်လို့ နတ်ခွင်မိုးယံ နတ်စောင်းတန်းနဲ့ နတ်နန်းငယ်စံ ရွှေရုပ်ကျွန့်ခန္ဓာဟောင်းကိုလ...စိန်ခေါင်းတော် အရှုကျနဲ့ စံမတူ ဟန်မူခင်းပါလို့ နန္ဒမူဖန်ဝူတွင်းမှာဘုရားကျင်းပအမြဲတဲ့မှ...အလိုရှင်၊ သွင်းကြတဲ့ပွဲ အဲ ဟဲ'*

ပွဲခင်းထဲက ပရိသတ်အဖို့ရာမှာတော့ ဥညြသံအေး၏ အဆိုအငိုနောက်ကို တကောက်ကောက်လိုက်ကြရပြီ။ အသံတွေက နစ်ဝင်သွားလိုက်၊ တုန့်ခါသွားလိုက်၊ တိုးလိုက် ကျယ်လိုက်။ ဥညြသံအေးနတ်မိန်းမ ဖမ်းစားခြင်းခံကြရသလို ဆွေးသူကဆွေး ငိုသူကငိုဖြစ်ကြရပြီ။ ဥညြသံအေးအလှည့် နှစ်နာရီစာက ပရိသတ်အဖို့ရာ အားမရချင့်စဖွယ်ဖြစ်ရပါ၏။ အလှည့်ပြီး ကြေးမောင်းသံကြားတော့မှ ဥညြသံအေးက သဗ္ဗေသခ်ါရာ အနိစ္စာ အစရှိသော ဂါထာကျူးရင်း မမြဲသောသဘောကို ဆင်ခြင်ပြသည်။ ဆရာတော့်အလောင်းတော်ကို ရည်မှန်း၍ ဦးသုံးကြိမ်ချသည်။ ပြီးမှ မျက်ရည်သုတ်ရင်း ထလိုက်တော့ ပရိသတ်ဆီက ဟီးခနဲမြည်သံကြီး ကြားရပါ၏။

အမေရွှေဆံထိုးက သည်တော့မှ ထန်းကုလားထိုင်က ထလေ၏။ ဟောင်းမြင်းလှပြီဖြစ်သော မင်းသမီးဝတ်ကြီးနှင့် စင်ပေါ်တက်လာတော့ ပရိသတ်က တစ်ဖန်လှုပ်ပြန်ပါ၏။ မင်းသမီးကြီးခမျာ ရောက်ကတည်းက ဆိုင်းနှင့်ညှိတာလည်း မရှိ၊ နောက်ပါနောက်ထောက်လည်း မခေါ်။ ကြေးမောင်းထိုးသည်နှင့် စင်ပေါ်တက်လာကာ အတီးမပါစေဘဲ လယ်တီဆရာတော်ဘုရားကြီး၏ 'မိုက်မလင်းနိုင်ဘု မြိုက်ခင်းညာဆီမှာ' ကိုရွတ်သည်။ အို၊ ကောင်းလိုက်တဲ့အသံ။ ကျက်သရေရှိလိုက်တဲ့အသံ။ ဆိုင်းသံမပါ ဗုံသံမပါ မဆိုခင် မငိုခင် မပြောခင်က ပရိသတ်ကို အသံဖြင့်အုပ်လိုက်နိုင်ပြီ။ ဥညြသံအေးပင် ကြက်သီးဖျဉ်းဖျဉ်း ထရပါ၏။

*'ဘုံမြင့်စံရယ်လေ××× ဝုဏ်ဖွင့်သံ ကဗျာဝေးရှောင့်*

www.burmeseclassic.com

*×××မြဖယင် ရတနာပုခက်မှာလ×××လာစက်ပါဦး ဟုံး အုံး××× နှန်းအမြင့်ဆီမှ××× မှန်းလင့်ကာ ရွှေငှာန့်သို့××× ဒေဝါယံ ရောက်ရာနန်းဆီက×××နွဲ့ချိုကာ ပွဲဆီမြန်းပါဘုရာ့ ×××ဒကာတွေ ပဏ္ဏာရွှေခြွေလို့ တမ်းလိုက်တယ်ရှင်××× ကျွမ်းလာခွေနန်း'*

တတ်ထားသလောက် သွန်ချတာမျိုးမဟုတ်ဘဲ သွန်ချသလောက် ကောင်းနေခြင်းဖြစ်သည်။ ရှေးကကျင်းပကြသော ဘုန်းကြီးပျံသဘာဝ၊ အဆင်အပြင်၊ ထုံးတမ်းဓလေ့၊ အဆိုအငိုတွေကိုပါ ရှင်းပြသွားသည်။ တစ်ခါတစ်ရံ ပစ်လိုက်သည့် အသံမိတ်တွေက ဆန်းသည်။ ပါဠိပါဒ်သားတွေက နိုင်လှသည်။ ဆိုတော့လည်း ကောင်းပါ၏။ ငိုတော့လည်း လွှမ်းလောက်ဖွယ်။ စရွေးစွပ်မဟုတ်။ စကားကျသည့်အပေါ် နင်းသွားတာကလည်း ပညာကြီးလို့သာပင်။ ဉသြသံအေး ခါတိုင်းတွေ့နေကျ မင်းသမီးတွေလို ဘုန်းကြီးတူမ၊ ဘုန်းကြီးဒကာမ နေရာမျိုး ဇာတ်ကွက်ချနေတာမဟုတ်ဘဲ တစ်ပင်တိုင် ဧယင်ကျူးသွားပုံကို လက်ဖျားခါရသည်။ ဘုန်းကြီးပျံပွဲ ဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းကို စိတ်ဝင်စားစရာ ကောင်းလောက်အောင် ဒွေးချိုး၊ လေးချိုး၊ သဖြန်တွေနှင့် ခင်းကျင်းပြသွားခဲ့သည်။ သည်ကြားထဲ 'တန်ဆာချွတ်' ပြသွားတာကလည်း အတတ်ပညာကြီးကြောင်း သိသာပါ၏။ ဉသြသံအေးပင်လျှင် တန်ဆာချွတ်ခေါ်သည့် ရှုးခြင်းကို မပိုင်နိုင်သေး။ အမေရွှေဆံထိုးက ဆရာတော်ဘုရားကြီးကို နောက်ဆုံး ရှိခိုးကန်တော့ခြင်း ဂါထာကို အသံအောင်အောင်ဖြင့် ရွတ်ဆိုကန်တော့လိုက်တော့ ပရိသတ်ပင်မက ဉသြသံအေးပင် မျက်ရည်ကျမိရတော့သည်။ အနုပညာဆိုတာ ဒါပါပဲလားလို့လည်း အောက်မေ့မိရပါ၏။

*'အယံ ဝန္ဒာ××× ဝမ်းနည်းပန်းနည်း စခန်းခွဲလို့××× လွမ်းပွဲမျှိုသိပ် အရိုတိတ်၍××× ကြိတ်ကာအနိုင် မှိုင်တငေးငေး တရေးရေးဖြင့်××× တွေးကာ တွေးကာ××× ဒီတစ်ခါ ကန်တော့လိုက်ရခြင်းသည်××× ပစ္ဆိမဝန္ဒနာ ကြွရှောဘုရားနော် မြတ်ဘုန်းမော်ရဲ့××× ခြေဘ်, နှလုံးအဆိုင် မပြုံးနိုင် ××× နောက်ဆုံးတိုင် ပဏာသ၍××× ရှိခိုးကန်တော့လိုက်ရခြင်းပါ ဘုရား'*

ပွဲပြီးတော့ မင်းသမီးနှစ်လက်စလုံးကို ရှာကကျော့နပ်လိုက်ကြပုံများ။

'ဟိုဘက်မဏ္ဍပ်တွေမှာ ကျူးကြတဲ့မင်းသမီးတွေ ခါးကျိုးကြပြီပေါ့။ သည်မင်းသမီးနှစ်လက်မှ အသားပါသာကောအေး။ ဉသြသံအေးကလည်း ငယ်ဂုဏ်နဲ့ ပညာဝ၊ ရွှေဆံထိုးကလည်း ကြီးဂုဏ်နဲ့ ပညာပြည့်၊ ကောင်းချက်ကတော့ နှစ်လက်စလုံး ရက်စက်လွန်းပါသယ်အေ တောက်'

ညနေလေးနာရီ ငါးနာရီလောက် တည်းအိမ်ကိုပြန်ရောက်ကြတော့ အမေရွှေဆံထိုးက ငယ်ငယ်ရွယ်ရွယ်နဲ့ ညည်းလိုကျူးနိုင်တဲ့မင်းသမီး မတွေ့ခဲ့ဖူးပေါင်အေတဲ့။ ဉသြသံအေးဆိုတဲ့ အတိုင်း အေးပြီးချိုတဲ့အသံပါကော၊ တကယ်ဉသြပါအေတဲ့။ ဉသြသံအေးက အမေ့အသံကိုမမီပါဘူး၊ အမေ့အသံက ကရုဝိက်သံပါဆိုတော့ ရှားရှားပါးပါးပြုံးလေ၏။ ဉသြသံအေး မုံပင်တောက ပွဲခွင်ကို ပြန်ရတော့မှာဆိုတော့ ရေချိုးဖို့ပြင်ရပြီ။ ပြီးလျှင် ထမင်း ကသုတ်ကရက်စားရမည်။ ခရီးက လှမ်းသားမဟုတ်လား။ ဒါပေသိ ဉသြသံအေး လိုက်လာရကျိုးနပ်ပါ၏။ သူ တွေ့ချင်ခဲ့သည့် အမေရွှေဆံထိုးကို တွေ့ရပြီ။ ပညာလည်းဆည်းပူးခွင့်ရလိုက်ပြီ။ ဉသြသံအေးက ရင်ရှားထားရင်းက အထုပ်ပြင်သည်။ ပြီးပြီဆိုတော့မှ တဘက်တစ်ထည်မြဲပြီး လှေကားကဆင်းသည်။ ရေချိုးပြီး တက်လာတော့မှ တဘက်ရေစိုကို ပြတင်းပေါင်ပေါ်လှန်းသည်။ ကျောပေးထားသည့် ရင်ရှားနှင့် ဉသြသံအေးကို ကြည့်ရင်းက လှလိုက်တဲ့ ကိုယ်လုံးကိုယ်ပေါက်အေ၊ မုဆိုးမရေ, ညည်း သတိနဲ့သာနေတော့ဆိုလို့ ပြုံးမိရပါ၏။ ထမင်းစားတော့ အမေရွှေဆံထိုးက မစားပါ။ ငါးပိကောင်အသုက်ထောင်းကို အရက်ကလေးဖက်ရင်း မြည်းနေတာပဲရှိသည်။ ထမင်းစားပြီးတော့ လှည်းရောက်ပြီ။ အိမ်ရှင်ကို နှုတ်ဆက်သည်။ ဝိုင်းနေကြသော ပရိသတ်ကို နှုတ်ဆက်သည်။ ထိုနေ့က ဧယင်ကျူးခရသော ငွေကိုရှေ့မှာပုံပြီး အမေရွှေဆံထိုးကို ကန်တော့သည်။

'အမေ့ဆီက ပညာတွေယူပါရစေအမေ'

အမေရွှေဆံထိုးက ရီဝေဝေကြည့်ရင်းက မေးသည်။

'ညည်းက သဘင်မျိုးရိုးရှိထင်ပါရဲ့'

'မရှိဘူးအမေရဲ့၊ ကျူပ်က အဝွန်းရယ်'

'ဘယ်ဇာတိတုံး'

'တောကပါ အမေရယ်၊ ထနောင်းပင်လှကပါ'

'စန္ဒကူးများ တောမှာပေါက်သာပါအေ၊ ပြန်တော့ ပြန်တော့ နေဦး, ညည်းက ညဦးနက်မှရောက်မှာ ဒါဆောင်သွား'

ဆာလာအိတ်ကြီးထဲ လက်နှိုက်ပြီး ပစ္စည်းတစ်ခုခုကိုရှာသည်။ ထွက်လာတော့ ဓားအိမ်ကလေးစွပ်ထားသည့် ဓားမြှောင်တစ်ချောင်းဖြစ်၏။ ဓားအိမ်ပေါ်မှာ ကြေးရောင်ထနေသည့် စာကလေးပင်ပါသေးသည်။

'လောကနတ်' တဲ့။

'လောကနတ်ဆိုသာ ငြိမ်းချမ်းရေးနတ်အေ့၊ ငါက ဓားမြှောင်ပေါ်မှာထိုးထားသာ မင်းသမီးတွေ ဒုက္ခရောက်တော့ ငြိမ်းချမ်းရေးနတ်က မကယ်ဘူး၊ ဓားမြှောင်ကကယ်သာ ကြုံတော့လည်း ပြန်ပေးပေါ့အေ။ ကိုင်း,သွား'

လှည်းထွက်ခဲ့ပြီ။ အမေရွှေဆံထိုးက အိမ်အပေါ်ထပ်ပြတင်းက ထွက်ကြည့်နေတာ ရိပ်ခနဲမြင်လိုက်ရသည်။ ပြီးတော့ ပျောက်သွားခဲ့သည်။ တစ်ညလုံးလိုလို သွားရမည့်ခရီး၊ နောက်ပိုင်းဇာတ်တော့ မိကောင်းပါရဲ့။

*(ဆက်လက်ဖော်ပြပါမည်)*

■

ခင်ခင်ထူး

www.burmeseclassic.com